
ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



# အခြေခံဗုဒ္ဓ အဘိဓမ္မာ

( ဒုတိယတွဲ )

# ပုံနှိပ်မှတ်တမ်း


- စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၀၁၀၅၀၂
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၄၄၀၅၀၃
- ပထမအကြိမ် - ၂၀၀၅ ခုနှစ်၊ မတ်လ
- အုပ်ရေ - ၁၀၀၀
- တန်ဖိုး - ၁၅၀၀ ကျပ်
- ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"<br>၁၁၄၊ ၃၄-လမ်း (အလယ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>☎ : ၂၈၆၈၁၆
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်<br>ကျုံမငေးပုံနှိပ်တိုက် ( မြဲ - ၀၇၃၄၂<br>အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ ☎ : ၂၅၃၆၆၁
- မျက်နှာဖုံးဒီဇိုင်း - မခိုင် (ကောင်းမွန်)
- ထုတ်ဝေသူ - ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>အမှတ် ၁၁၁၊ ၃ ထပ်(ယာ)၊<br>၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်


**အရှင်ခေမိန္ဒ**


သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ


(၈၁)

# အခြေခံပုဒ္ဓအဘိဓမ္မာ

( ဒုတိယတွဲ )




စာပေအမှတ် ( ၂၀ )


[ ပထမအကြိမ် ]

သာသနာ ၂၅၄၈ ကောဇာ ၁၃၆၆

ခရစ် ၂၀၀၅

## "အရှင်ဓေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း ပထမတွဲ
၃။ ပါဠိဝါကျရေးနည်း ဒုတိယတွဲ
၄။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ပထမတွဲ
၅။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ဒုတိယတွဲ
၆။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၇။ ယမကသင်ကြားနည်း ပထမတွဲ
၈။ ယမက သင်ကြားနည်း ဒုတိယတွဲ
၉။ ရူပသိဒ္ဓိသင်ကြားနည်း ပထမတွဲ
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း ဒုတိယတွဲ
၁၁။ ပထမငယ်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၂။ ဘဝလမ်းညွှန်စာပေ
၁၃။ ဘဝအလင်းရောင်စာပေ
၁၄။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၅။ ပဋ္ဌာန်းသင်ကြားနည်း
၁၆။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၇။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၁၈။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၁၉။ လူ၏အသိနှစ်မျိုး
၂၀။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)

**ဆရာတော် ''အရှင်ဓေမိန္ဒ'' ၏ ကျမ်းစာအုပ်များကို**
**ပုံနှိပ်ထုတ်ဝေရေးနှင့်ဖြန့်ချိရေးတာဝန်များကို ကုသိုလ်ဖြစ်ကူညီဆောင်ရွက်ပေးသူများ**

⊙ **ဦးချမ်းမောင်**
အမှတ် – ၉၃၊
စံပယ်ခြံ (၁) လမ်း၊ ၁၁–ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၁၃၄၆၂

⊙ **ဦးသန်းနိုင်**
အမှတ် – ၁၁၈ (စီ)၊
ရေတာရှည်လမ်းဟောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၄၅၃၉၅၊ ၅၄၅၃၉၆

# မိတ်ဆက်စကား

အခြေခံဗုဒ္ဓအဘိဓမ္မာပထမတွဲ၌ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်း ပိုင်းတို့ကို ပြခဲ့၏။ စိတ်ပိုင်းကို လေ့လာခြင်းဖြင့် စိတ်ကို မျက်စိဖြင့်မမြင်နိုင် သော်လည်း စိတ်အမှန်တကယ်ရှိနေသည်ကိုလည်းကောင်း၊ စိတ်သည် အာရုံကို သိခြင်း အာရုံကိုယူခြင်းသဘောလက္ခဏာအားဖြင့် စိတ်တစ်မျိုးသာ ရှိနိုင်ပုံကို လည်းကောင်း သိရှိနိုင်၏။

# စေတသိက်ပိုင်း

စေတသိက်ပိုင်းကို လေ့လာခြင်းဖြင့် စေတသိက်သရုပ်ကိုလည်းကောင်း၊ စိတ်သည်မူလကတစ်မျိုးသာရှိသော်လည်း စိတ်ကိုမှီ၍ စိတ်ကိုခြယ်လှယ်သော စေတသိက်ကိုအခြေခံလျက် စိတ်အမျိုးမျိုးကွဲပြားလာပုံကိုလည်းကောင်း၊ မည်သည့်စေတသိက်သည် မည်သည့်စိတ်ကိုမှီ၍ စိတ်နှင့်အတူ ယှဉ်တွဲဖြစ်သည် ဟု စိတ်နှင့်ယှဉ်တွဲဖြစ်ပုံကိုလည်းကောင်း၊ စေတသိက်ကို အခြေခံလျက် စိတ်ယုတ် စိတ်မြတ် ကွဲပြားလာခြင်းကြောင့် မိမိစိတ်အစဉ်၌ စေတသိက်ဆိုး များ မဖြစ်ပေါ်ရအောင် အသိဉာဏ်ဖြင့် ဆင်ခြင်ကာ သတိထားရှောင်ကြဉ် တတ်လျှင် စိတ်ဓါတ်ယဉ်ကျေးလာပြီး စိတ်ကောင်းစိတ်မြတ် ဖြစ်လာနိုင်သည် ဟု စိတ်ဓါတ်ထိန်းသိမ်းပြုပြင်နည်းကိုလည်းကောင်း၊ စိတ်တစ်မျိုးဖြစ်ပေါ်လာ သောအခါ စိတ်သာမကဘဲ သဘောတူ ဓါတ်တူ စေတသိက်အများအပြား စုပေါင်းလျက် စိတ်နှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်ပုံကိုလည်းကောင်း သိရှိနိုင်၏။

# ပကိဏ်းပိုင်း

ပကိဏ်းပိုင်းကို လေ့လာခြင်းဖြင့် အာရုံခံစားရာ၌ စိတ်ဖြစ်ပုံကိုလည်း သိရ၏။ ရေသောက်မြစ်ကောင်းလေ သစ်ပင်စည်ပင်ပြန့်ပွားလျက် ခိုင်မာလေ ဖြစ်သကဲ့သို့ ၃၁ ဘုံ၌ သတ္တဝါများကို စည်ပင်ခိုင်မာစေတတ်သဖြင့် ရေသောက် မြစ်နှင့်တူသော လောဘစသော တရားခြောက်မျိုးကိုလည်းသိရ၏။ စိတ်တရား များသည် လူ့ခန္ဓာကိုယ်တွင် မိမိနေရာ၌နေလျက် မိမိ၏လုပ်ငန်း ကိစ္စများကို ပြုလုပ်နေကြပုံကိုလည်း သိရ၏။ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ပါသော မျက်စိ၊

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဘဝင်စိတ်ဟူသော ဆက်သွယ်ရေး စခန်းများ၌ အာရုံများဆက်သွယ်လျက် စိတ်စေတသိက်တရားများ ဖြစ်ပေါ် နေပုံကို လည်းသိရ၏။ စိတ် စေတသိက်များ၏ ပျော်မွေ့ရာ ပတ်ဝန်းကျင်အာရုံ ခြောက်မျိုးနှင့် သတ္တဝါများ၏ခန္ဓာကိုယ်၌ရှိနေသော ဆက်သွယ်ရေးစခန်းများ၌ ပတ်ဝန်းကျင်အာရုံများ ဆက်သွယ်လာသောအခါ ဆက်သွယ်လာသော အာရုံအား လျော်စွာ စိတ်စေတသိက်များဖြစ်ပေါ်ပုံကိုလည်း သိရ၏။ စိတ် စေတသိက်တရားများသည် နာမ်တရားများဖြစ်၍ ရုပ်ကိုမှီလျက်သာ ဖြစ်ပေါ်လေ့ရှိကြ၏။ ယင်းစိတ်၊ စေတသိက်များမှီရာ ဝတ္ထုရုပ်နှင့် ယင်းဝတ္ထုရုပ်တို့ကိုမှီလျက် စိတ်စေတသိက်များဖြစ်ပေါ်ပုံကိုလည်း သိရ၏။

# ဝီထိပိုင်း

အခြေခံအဘိဓမ္မာ ဒုတိယတွဲ၌ ဝီထိပိုင်း၊ ဝီထိမုတ် (ဘုံ) ပိုင်း၊ ရုပ်ပိုင်းတို့ကို ပြထား၏။ ဝီထိပိုင်းကို လေ့လာလျှင် စိတ်အသက်နှင့် ရုပ်အသက်ကိုလည်း တိကျစွာသိရမည်ဖြစ်၏။ လူ့ခန္ဓာကိုယ်၌ရှိနေသော မျက်စိ၊ နား စသော ဆက်သွယ်ရေးစခန်းများ၌ ပတ်ဝန်းကျင်အာရုံများ ဆက်သွယ်လျက် စိတ်များ ရှေ့နောက်စဉ်ကာ ဖြစ်ပျက်နေပုံကိုလည်း သိရမည်ဖြစ်၏။ အထူးအားဖြင့် လူအများ မသိနိုင်သော လူ၏ဘဝင်စိတ်မှာ အာရုံတရားများ ဆက်သွယ်လျက် စိတ်များ ရှေ့နောက်စဉ်ကာ ဖြစ်ပျက်နေပုံကိုလည်း သိရမည်ဖြစ်၏။

''လူ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဆက်သွယ်ရေး စခန်းများ၌ ပတ်ဝန်းကျင်အာရုံများ ဆက်သွယ်လာခြင်းသည် ရှေးက မိမိ ပြုလုပ်ခဲ့သော ကံအားလျော်စွာ အဆိုးအကောင်း အာရုံများ ဆက်သွယ်ထင်လာခြင်းဖြစ်သည်။ အကုသိုလ်ကံဝင်ရောက် အကျိုးပေးချိန်၌ မိမိအလိုမရှိအပ်သော အနိဋ္ဌာရုံများ ထင်လာဆက်သွယ်လာပြီး မြင်သိစိတ် (စက္ခုဝိညာဏ်စိတ် ) စသော အကျိုးဝိပါက်စိတ်များသည် အကုသိုလ်ကံ၏အကျိုးဝိပါက်များ ဖြစ်ကြသည်။

ကုသိုလ်ကံ ဝင်ရောက်အကျိုးပေးချိန်၌ မိမိလိုလားနှစ်သက်သော ဣဋ္ဌာရုံများ ထင်လာဆက်သွယ်လာပြီး မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်) စသော အကျိုးဝိပါက်စိတ်များသည် ကုသိုလ်ကံ၏ အကျိုးဝိပါက်စိတ်များ ဖြစ်ကြသည်။

အကုသိုလ်ကံအကျိုးပေး၍ မကောင်းသောအာရုံနှင့်တွေ့ကြုံရသော်လည်း တွေ့ကြုံရသော အာရုံအပေါ်၌ မှန်မှန်ကန်ကန် ဆင်ခြင်ပွားများနိုင်သော အသိဉာဏ်ရှိနေသူသည် ယင်းအသိဉာဏ်ဖြင့် ဆင်ခြင်ပွားများလျက် မှန်မှန်ကန်ကန် နှလုံးသွင်းမှု ယောနိသောမနသိကာရရှိလျှင် အကုသိုလ်ဇောစိတ်များ မစောဘဲ ကုသိုလ်ဇောစိတ်များသာ စောနိုင်ဖြစ်နိုင်သည်။ ထို့ကြောင့် လူမှာ အသိဉာဏ်ရှိနေဖို့လိုသည်'' ဟူသော အသိတရား ဝင်လာနိုင်၏။ ဥပမာ - လူတစ်ယောက် တုတ်ဆွဲ၊ ဓါးဆွဲလျက် မိမိအိမ်ရှေ့မှာ ရန်စနေသည်ကို တွေ့ရသောအခါ သူ၏ရန်စမှုကြောင့် ငါစိတ်ဆိုး၍ တုံ့ပြန်လျှင် နှစ်ဦးလုံး အကျိုးမရှိဘဲ ပျက်စီးကြရမည်ဖြစ်သည်။ ငါက သည်းခံလျှင် ရန်အေးသွားမည်ဟု ဆင်ခြင်လျက် သည်းခံလိုက်ပါက အကုသိုလ်ဇောစိတ်များ မဖြစ်တော့ဘဲ ကုသိုလ်ဇောစိတ်များသာဖြစ်လာနိုင်သည်။ အကုသိုလ်ဇောစိတ်များ မဖြစ်ခြင်းကြောင့် သူတစ်ပါးရန်စမှုကို အကြောင်းပြု၍ နောက်ဆက်တွဲအနေဖြင့် မကောင်းကျိုးများ ဖြစ်မလာနိုင်တော့'' ဟု ဝီထိပိုင်းကို လေ့လာလျှင် ဤသို့ စသည်ဖြင့် ဘဝအတွက် တန်ဖိုးရှိလှသော အသိဉာဏ်များကို ရရှိလာမည်ဖြစ်၏။

ဤသို့အကြောင်းအကျိုး ဆက်သွယ်လျက် စိတ်များ ရှေ့နောက်စဉ်ကာ ဖြစ်ပေါ်နေပုံကို တွေ့မြင်ရသောအခါ လောကကို ဖန်ဆင်းရှင်က ဖန်ဆင်းသည် ဟူသော အယူအဆကို လက်မခံဘဲ အကြောင်းအကျိုးဖြစ်စဉ်ကိုသာ လက်ခံလာပေမည်။ ထို့ပြင် ငါကြည့်သည်၊ ငါမြင်သည်၊ ငါခံစားသည်၊ သူပြောသည်၊ သူကြည့်သည်၊ သူရန်စသည် စသည်ဖြင့် သံသရာတစ်လျှောက်လုံး၌ စွဲလန်းလာခဲ့သော ငါကောင် သူကောင်အမြင်များ ပပျောက်သွားကာ နာမ်ရုပ်အစဉ်ကိုသာ မှန်ကန်စွာ သိမြင်လာမည်ဖြစ်၏။ ဝီထိပိုင်းကို လေ့လာရပါက ဤသို့ စသော မှန်ကန်သော အသိဉာဏ်ကို ရရှိလာမည်ဖြစ်၏။

# ဝိထိမုတ်ပိုင်း

ဝီထိမုတ်ပိုင်းကို လေ့လာပါက စိတ်သည် အယုတ်အမြတ် ကွဲပြားနေခြင်းကြောင့် စိတ်၏တည်ရာ ဘုံဌာနများသည်လည်း အနိမ့်အမြင့် အယုတ်အမြတ် ကွဲပြားနေပြီး သတ္တဝါများ ဆင်းရဲ ချမ်းသာ ကွဲပြားနေကြပုံကို တွေ့မြင်လာမည်ဖြစ်၏။

လူတို့သည် ယုတ်ညံ့သောစိတ်ကို အခြေခံပြီး ယုတ်ညံ့သော အလုပ် (ကံ) ကို ပြုလုပ်ကြ၏။ မြင့်မြတ်သောစိတ်ကို အခြေခံလျက် မြင့်မြတ်သော အလုပ် (ကံ) ကို ပြုလုပ်ကြ၏။ ယုတ်ညံ့သောအလုပ် (ကံ) က ယုတ်ညံ့သော အကျိုးတရားကို ဖြစ်ပေါ်စေပြီး မြင့်မြတ်သော အလုပ် (ကံ) က မြင့်မြတ်သော အကျိုးတရားကို ဖြစ်ပေါ်စေပုံကို သိမြင်ရခြင်းကြောင့် ယုတ်ညံ့သော စိတ်ထား ယုတ်ညံ့သော အလုပ်ကို မပြုလုပ်မိအောင် ရှောင်ကြဉ်ပြီး မြင့်မြတ်သောစိတ်၊ မြင့်မြတ်သောအလုပ်ကို ရွေးချယ်ပြုလုပ်လာမည်သာဖြစ်၏။

ထို့ပြင် လူသားများသည် လူကောင်၊ တိရစ္ဆာန်ကောင်အမြင်ကိုသာ မြင်နေရပြီး အဆက်မပြတ်ဖြစ်ပေါ်နေသော နာမ်ရုပ်အစဉ်ကို မမြင်ခြင်းကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးမျိုး ဆက်စပ်နေပုံကို လက်မခံနိုင်ကြပေ။ ထို့ကြောင့် ပစ္စုပ္ပန်ဘဝ ကြီးပွားတိုးတက်ရေးကိုသာ အာရုံစိုက်လေ့ရှိကြ၏။ အနာဂတ်ဘဝ၌ မိမိဘဝ ကြီးပွားချမ်းသာရေးကိုကား အာရုံမစိုက်ကြပေ။ ဝီထိမုတ်ပိုင်းကို လေ့လာရသောအခါ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး တစ်စပ်တည်းဆက်စပ်လျက် သတ္တဝါတစ်ဦး၏ နာမ်၊ ရုပ်ဖြစ်စဉ် (သံသရာ) ကို သံသယကင်းရှင်းစွာ တွေ့မြင်လာရမည်ဖြစ်၏။ ထိုသို့ တွေ့မြင်ရသောအခါ သတ္တဝါများ ယခုပစ္စုပ္ပန်၌ ရရှိထားသော ဘဝသည် အတိတ်က မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားကြောင့် ရရှိထားသော အကျိုးဘဝသာ ဖြစ်သည်။ နောင်အနာဂတ် ဘဝကောင်းစားရေးအတွက်လည်း ယခု ပစ္စုပ္ပန်ဘဝက ကြိုတင်ကြိုးစားထားရမည်ဟု အမြင်မှန်များဖြစ်ပေါ်လာမည်ဖြစ်၏။ ထိုသို့ နာမ်ရုပ်ဖြစ်စဉ်ကို မြင်တွေ့ရသောအခါ လူ့ခန္ဓာကိုယ်၌ အတ္တကောင် ရှိသည်။ လူ့ခန္ဓာကိုယ် ပျက်စီးသော်လည်း အတ္တကောင် မပျက်စီးဘဲ ခန္ဓာကိုယ်

အဟောင်းမှထွက်လျက် ခန္ဓာကိုယ်အသစ်သို့ ပြောင်းရွှေ့ကာ လူသည် သံသရာ လည်နေသည်ဟူသော အတ္တကောင်ပြဿနာကို စွန့်လွှတ်နိုင်လာမည်ဖြစ်၏။

## ရုပ်ပိုင်း

ရုပ်ပိုင်းကို လေ့လာရသောအခါ ရုပ်သရုပ်နှင့် အမျိုးအစားကို မှန်ကန်စွာ သိမြင်လာမည်သာဖြစ်၏။ ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်တို့ကိုလည်း ကွဲကွဲပြားပြား သိရှိလာမည်ဖြစ်၏။ ထိုသို့ ကွဲပြားစွာ သိရှိရသောအခါ သစ်ပင်၌ အသက်ရှိသည်ဟူသော အယူအဆကို စွန့်လွှတ်လာနိုင်လိမ့်မည်။

ရုပ်များဖြစ်ပေါ်သောအခါ တစ်ပါးတည်းမဖြစ်ဘဲ အများနှင့် စုပေါင်းဖွဲ့စည်းလျက် ကလာပ်စည်းအမည်ဖြင့် ဖြစ်ပေါ်ပုံကိုလည်း သိလာရမည်ဖြစ်၏။ ထို့ပြင် သက်ရှိသတ္တဝါများဖြစ်လာရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းပြီး အဆင့်ဆင့် ပြောင်းလဲကြီးထွားလာပုံနှင့် သစ်ပင်တောတောင် စသော သက်မဲ့သဘာဝတရားများ ဖွဲ့စည်းဖြစ်ပေါ်ပုံတို့ကိုလည်း ရှင်းလင်းပြတ်သားစွာ သိမြင်လာရမည်ဖြစ်၏။ နောက်ဆုံးတွင် လောက၌ နာမ်ရုပ်ဖြစ်စဉ် ရပ်စဲပြီး လောကုတ္တရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပုံကိုပါ နားလည်သဘောပေါက်လာမည်ဖြစ်၏။

## လူ၏မူလပကတိစိတ်ဓာတ်

လူသားတို့သည် မိမိကိုယ်တိုင် လေ့လာလျက် လက်တွေ့မျက်တွေ့အရာများကိုသာ လက်ခံယုံကြည်မည်ဟု ပြောလေ့ရှိကြ၏။ ထိုသို့ ပြောဆိုနေကြသော်လည်း ထိုလူသားများ မျှော်လင့်သည့်အတိုင်း သဘာဝတရားများကို သိရှိနိုင်ကြမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လူ့အသက်သည် တိုတောင်းလှသောကြောင့်ပင်ဖြစ်၏။ လူသည် သဘာဝတရားများကို ရှာဖွေလေ့လာရင်း လူ့ဘဝကို စွန့်ခွာသွားရမည်သာဖြစ်၏။ တိုတောင်းလှသော လူ့သက်တမ်းအတွင်း၌ လွန်စွာကျယ်ပြန့် နက်နဲလှသော သဘာဝတရားများကို မသိနိုင်ပေ။ ထို့ကြောင့် အထက်ပါလူသားများ၏ အယူအဆသည် လက်တွေ့အကောင်အထည်ဖော်မရနိုင်သော စိတ်ကူးယဉ်ကြံဆပြောဆိုခြင်းမျှသာဖြစ်၏။

# ( ၈ )

ဤနေရာ၌ လူသည် လူ့ဘဝ၏ ပကတိအခြေအနေကို မှန်မှန်ကန်ကန် ကြည့်ရှုနိုင်ဖို့လိုမည်ထင်၏။ ကျွန်ုပ်တို့နေထိုင်ရာ ဘုံဒေသသည် ကာမဘုံဖြစ်၏။ ကျွန်ုပ်တို့သည် ကာမသတ္တဝါများဖြစ်ကြ၏။ လောကနိယာမအတိုင်း ကာမဘုံ၌ ကာမသတ္တဝါများ ပျော်ရွှင်နေရန် အာရုံငါးပါးရှိနေကြ၏။ လူသားမျိုးဆက်သစ်များ ဆက်လက်ပြန့်ပွားနိုင်ရေးအတွက် ယောကျ်ားမိန်းမ ကွဲပြားနေကာ အိမ်ထောင်ပြုကြခြင်းဖြစ်၏။ အိမ်ထောင်ရေးတာဝန်ကား ကြီးကျယ်များပြားလှ၏။ ထိုကြီးကျယ်များပြားလှသော အိမ်ထောင်ရေးတာဝန်ကို ယူနိုင်ဖို့အတွက် ကာမဂုဏ်စိတ်ဓါတ်အင်အားကောင်းနေဖို့လို၏။ ကာမဂုဏ်စိတ်အားပျော့နေလျှင် အိမ်ထောင်ရေးတာဝန်ကို အဘယ်မှာ ထမ်းဆောင်နိုင်ပါအံ့နည်း။

ရန်ကုန်မြို့၊ သမ္မတသက်န်းတိုက်သို့ ခဏရောက်နေစဉ် စားပွဲခုံပေါ်၌ တင်ထားသော အတွဲ (၈)၊ အမှတ် ၁၄၅ (၁၆-၂၂၊ ၁၊ ၂၀၀၄) နေ့ထုတ် မြန်မာတိုင်း(မ်) သတင်းနှင့် စီးပွားရေးဂျာနယ်ကို ကောက်ဖတ်ကြည့်ရာ ခင်ငြိမ်းအေးသန်းဆိုသူက အိမ်ထောင်ဖက်ကိစ္စနှင့်ပတ်သက်၍ အမျိုးသမီးသုံးဦးကို မေးမြန်းထားသည်ကိုဖတ်ရ၏။ မိန်းကလေးသုံးဦးတွင် နှစ်ဦးက အသက် ''အသက် ၃၀ ပြည့်ရင် အိမ်ထောင်ပြုမယ်'' ဟုပြောပြီး ကျန်တစ်ဦးက ''အသက် ၂၈ နှစ်မှာ အိမ်ထောင်ပြုဖို့သင့်တော်တဲ့အရွယ်ပါ'' ဟု ပြောသွားသည်ကို ဖတ်ရ၏။

သူတို့သုံးဦးထဲတွင် ကျွန်မ အသက် ၃၀ ပြည့်ရင် ဗုဒ္ဓသာသနာတော်နဲ့ တွေ့တုန်း သီလရှင်ဝတ်ပြီး မြင့်မြတ်တဲ့ သူတော်စင်အကျင့်များကို ကျင့်သုံးအားထုတ်မယ်'' ဟု မည်သူမျှပြောတာကို မတွေ့ရပေ။ ထိုသို့မပြောနိုင်ခြင်းသည် အခြားအကြောင်းကြောင့်မဟုတ်ပေ။ အိမ်ထောင်ရေးတာဝန်ကို ထမ်းဆောင်နိုင်လောက်အောင် မိန်းကလေးများ၏သန္တာန်၌ ကာမဂုဏ်စိတ်ဓါတ် အင်အားကောင်းနေခြင်းကြောင့်ပင်ဖြစ်၏။ အိမ်ထောင်ရေးတာဝန်မှာ ယောကျ်ားထက် မိန်းမက တာဝန်ပို၏။ အိမ်ထောင်ရေးတာဝန်ကို ကြောက်လန့်နေလျှင် အိမ်ထောင်ပြုသူ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ အိမ်ထောင်ရေးတာဝန်ကို မကြောက်ရအောင် ကာမဂုဏ်စိတ်ဓါတ်အင်အားကောင်းနေခြင်းပင်ဖြစ်၏။

အင်အားကောင်းနေခြင်းကြောင့်လည်း ကာမဘုံ၌ လူလာဖြစ်ခြင်းဖြစ်၏။

လောက၌ အရာရာမှာ အစစ်အတု ရောပြွမ်းနေ၏။ ဘာသာရေးနှင့် လူ၏ယုံကြည်မှုများ၌လည်း အစစ်အတု ရောပြွမ်းနေသည်သာဖြစ်၏။ လောက၌ ထိုသို့ အရာရာမှာ အစစ်အတု ကွဲပြားနေသော်လည်း လူ၏ပင်ကို ပကတိ စိတ်ဓါတ်သည် ကာမဂုဏ်စိတ်ဓါတ်ဖြစ်ခြင်းကြောင့် လူသားများသည် ကာမဂုဏ် ခံစားနိုင်ရေး၊ မိသားစုစားဝတ်နေရေး ပျော်ရွှင်ရေးအတွက်သာ ကြောင့်ကြ စိုက်နေကြရ၏။ ယုံကြည်မှုနှင့် ကိုးကွယ်မှုအပိုင်းများ၌ အစစ်အတု ခွဲခြားနိုင် အောင် လေ့လာနေဖို့ အချိန်မပေးနိုင်ကြပေ။ ထို့ကြောင့် မည်သည့်အရာ၌မဆို အတုများကသာ အရာရာ၌ နေရာယူလျက် လွှမ်းမိုးထားနိုင်ကြ၏။ လူ၏ ဤမူလ ပကတိစိတ်ဓါတ်အခြေအနေကို လူသားတိုင်း ကြိုတင်သိရှိထားဖို့လို၏။

## အမှန်တရားကိုရှာဖွေလိုသူ

ထိုသို့ သဘောပေါက်ပါလျှင် အရာရာကို မိမိကိုယ်တိုင် လေ့လာပြီးမှ လက်တွေ့ မျက်တွေ့ အရာများကိုသာ လက်ခံယုံကြည်မည်ဟူသော လူငယ် များ၏ ယူဆချက်သည် လက်တွေ့ဘဝနှင့် ကင်းကွာသော စိတ်ကူးယဉ်မှုသာ ဖြစ်ကြောင်း သဘောပေါက်သင့်ကြ၏။ အမှားအမှန်ကို မသိခြင်းကြောင့် ဘဝ ချမ်းသာကို ရှာဖွေရင်း မကောင်းမှု ဒုစရိုက်တစ်ခုခုကို ပြုလုပ်မိပါက လူ့ဘဝ ပျက်စီးလျက် အပါယ်လေးဘုံတွင် တစ်ဘုံဘုံသို့ ရောက်သွားလျှင် ပို၍ပင် အလှမ်းကွာသွားနိုင်၏။

ဗုဒ္ဓဟောပြောတော်မူ သော တရားတော်များသည် အလောင်းတော် ဘဝဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် မိမိကိုယ်တော် တိုင် ရှာဖွေတွေ့ရှိတော်မူသော တရားတော်များဖြစ်၏။ ယင်းတရားတော်များ ကို ပိဋကတ်ကျမ်းစာအုပ်များဖြင့် မှတ်တမ်းတင်လျက် သင်္ဂါယနာခြောက်ကြိမ် တင်ကာ ရဟန်းတော်များ ထိန်းသိမ်းစောင့်ရှောက်ထား၏။ ယင်းပိဋကတ် ကျမ်းစာများကို လေ့လာလျှင် မိမိကိုယ်တိုင် ကြိုးစားရှာဖွေလေ့လာ၍ ရရှိသော ဘဝအတွေ့အကြုံထက် အဆပေါင်းများစွာ သာလွန်သော အသိဉာဏ်

ဗဟုသုတများကို ရရှိနိုင်၏။ မိမိအနေဖြင့် စာတွေ့ဖြစ်သော်လည်း ဗုဒ္ဓ၏ ကိုယ်တွေ့တရားတော်များဖြစ်၍ မိမိအတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးဖြစ်ထွန်းနိုင်၏။ ထို့ကြောင့် လူငယ်များသည် စိတ်ကူးယဉ်ဆန်သော မိမိဘဝအတွေ့အကြုံရသည်အထိ စောင့်ဆိုင်းမနေဘဲ ဗုဒ္ဓတရားတော်ကို လေ့လာသင့်ကြ၏။ အထူးအားဖြင့် ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ လေ့လာသင့်ကြ၏။ ဗုဒ္ဓအဘိဓမ္မာကပေးသော အသိဉာဏ်မျိုးကို ဘယ်စာပေကမျှ မပေးနိုင်ပေ။

ဗုဒ္ဓသာသနာတော်ကို လေ့လာလိုလျှင် ဗုဒ္ဓသာသနာတော်၏ အခြေခံတရားများနှင့်ပြည့်စုံနေဖို့လည်း လို၏။ ထိတွေ့ရင်းနှီးနေဖို့လို၏။ ဗုဒ္ဓသာသနာတော်ကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် တည်ဆောက်ထား၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာကို နားလည်သဘောပေါက် ရန် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူမှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံဖို့လို၏။ ပတ်ဝန်းကျင်အာရုံငါးပါးနှင့် ရှုးနေသူများမှာ စိတ်ပျံ့လွင့်နေသဖြင့် ဗုဒ္ဓအဘိဓမ္မာကို လွယ်ကူစွာ သဘောမပေါက်နိုင်ပေ။ သဘောမပေါက်၍ စိတ်မပျက်ဘဲ အကြိမ်ကြိမ် ဖတ်ပါ၊ လေ့လာပါ။ ပုထုဇဉ်၏ မူလပကတိ စိတ်ဓါတ်အတိုင်း ကာမဂုဏ်ငါးပါးနှင့် ရှုးနေသူများ၏ အပြောအဆိုကို နားယောင်လျက် ဗုဒ္ဓအဘိဓမ္မာကို မလေ့လာဘဲမနေမိအောင် အထူးသတိပြုရမည်ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရများနှင့် သဘောတရားအယူအဆသည် သိမ်မွေ့ နက်နဲလှ၏။ ယင်းဝေါဟာရများနှင့် အယူအဆ အတွေးအခေါ်ကို အခြား မည်သည့်ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်း၌မျှ ရှာဖွေမတွေ့ရှိနိုင်ပေ။ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရနှင့် အတွေးအခေါ်သည် အခြား မည်သည့် လူ့အဖွဲ့အစည်း၌မျှ ရှာဖွေမတွေ့နိုင်သောကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်ချိန်ရောက်လာသောအခါ အဘိဓမ္မာက စတင်ကွယ်လိမ့်မည်ဟု အခိုင်အမာ မိန့်ဆိုချက်များရှိနေ၏။ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာဝေါဟာရနှင့် အယူအဆ အတွေးအခေါ်များ အခြားလူ့အဖွဲ့အစည်းများ၌လည်း ရှိနေလျှင် ဗုဒ္ဓအဘိဓမ္မာ ကွယ်ပျောက်စရာအကြောင်းမရှိပေ။ အဆိုပါ အဆိုအမိန့်သည် ဗုဒ္ဓအဘိဓမ္မာ

၏ သိမ်မွေ့နက်နဲပုံ၊ အခြားအယူအဆ အတွေးအခေါ်နှင့် မတူ ထူးခြားပုံကို ဖော်ညွှန်းနေခြင်းပင်ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူသည် ဤအချက်ကို အထူးသတိထားလျက် လေ့လာရမည်ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူသည် စိတ်ဓာတ်တည်ငြိမ်ရမည်၊ ခိုင်မြဲသော ဇွဲ လုံ့လ ရှိရမည်၊ မူလစွဲလမ်းယုံကြည်မှုအားလုံးကို စွန့်ပယ်ကာ အမှန်တရားကို ရှာဖွေလိုသူဖြစ်ရမည်၊ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရနှင့် အယူအဆ အတွေးအခေါ်များ လူသားများနှင့် စိမ်းနေသဖြင့် စာရေးသူလည်း အထူးပင် သတိထားရေးခဲ့ရ၏။ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋီကာကျော်၊ အဋ္ဌသာလိနီအဋ္ဌကထာများအပြင် မုံရွာမြို့ လယ်တီဆရာတော်ဘုရား၏ ပရမတ္ထသံခိပ်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ပရမတ္ထသံခိပ်ဋီကာတို့နှင့် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ စသော ကျမ်းစာများကို မှီငြမ်းလျက် ရေးသားခဲ့၏။ ဤကျမ်းစာ၌ ပါရှိသော ဆောင်ပုဒ် များသည် ထိုဆရာတော်များ၏ ဆောင်ပုဒ်များသာဖြစ်ကြ၏။ အခြေခံဗုဒ္ဓအဘိဓမ္မာကျမ်းစာကို ရဟန်းသာမဏေများအတွက် ရည်ရွယ်၍ ရေးသားခဲ့ခြင်းမဟုတ်ပေ။ မြန်မာ့လူငယ်များ ဗုဒ္ဓအဘိဓမ္မာ၏အရသာကို ခံစားကြည့်စေလိုသော စေတနာဖြင့် လူငယ်များအတွက် ရည်ရွယ်၍ ရေးသားခဲ့ခြင်းသာဖြစ်၏။ ထို့ကြောင့် နားလည်ရန် ခက်ခဲလှသော ဝီထိစိတ်ဖြစ်ပုံ၊ ဘဝင်စိတ်၊ ဘဝဖြစ်ပေါ်ပုံတို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းရေးသားခဲ့၏။

အရှင်ခေမိန္ဒ
ပစ္ဆိမာရုံကျောင်းတိုက်၊ ပုသိမ်မြို့
၁၃၆၆–ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၃)ရက်
(၁၄. ၇. ၂၀၀၄)

# ဖိတ်ခေါ်ပါသည် . . .

ချစ်သား ချစ်သမီးတို့ ... ဤလောကီလူအပေါင်းသည် မသိမှု အဝိဇ္ဇာ အမှောင်ထုလွှမ်းမိုးခံနေရခြင်းကြောင့် မျက်ကန်းများဖြစ်နေကြ၏။ ဤလောကီလူသားများထဲတွင် အနည်းငယ်သော လူသားသည်သာ သဘာဝနာမ်ရုပ်တရားများကို မှန်ကန်ထူးခြားစွာ ကြည့်ရှုနိုင်၏။ ငှက်မုဆိုးထောင်ထားသောပိုက်ကွန်မှ လွတ်မြောက်လာသောငှက်သည် အနည်းငယ်သာရှိသကဲ့သို့ အနည်းငယ်သော လူသားသည်သာ လူ့ဘုံ နတ်ဘုံနှင့် နိဗ္ဗာန်သို့ရောက်နိုင်၏။ (ဗုဒ္ဓ)

ခေတ်လူငယ်အချို့ ပညာမသင်၊ အလုပ်မလုပ်ဘဲ မိန်းမပွေကြ၏။ အရက်၊ မူးယစ်ဆေးများစွဲနေကြ၏။ ရှာရိုးလျှောက် လောင်းကစားမှုမျိုးစုံ ပြုလုပ်နေကြ၏။ မိန်းမပွေရန်၊ အရက်သောက်ရန်၊ လောင်းကစားရန် ငွေမရှိသောအခါ အမေ့ဆီမှာ ဆူဆူပူပူ လုပ်ပြီး ငွေတောင်းကြ၏။ ငွေတောင်းမရ၍ အိမ်မှာ ဆူဆူပူပူဖြစ်လာခြင်းကြောင့် အဖေဝင်ပြောလာသောအခါ ခေတ်လူငယ်အချို့ ရိုင်းပျစွာ တုံ့ပြန်လာကြ၏။

လူငယ်စိတ်ကို ပတ်ဝန်းကျင်အာရုံများ ဆွဲယူလွှမ်းမိုးထားခြင်းကြောင့် အဖေကို အဖေမှန်းမသိ၍ ရိုင်းပျစွာ တုံ့ပြန်ကြခြင်းဖြစ်၏။ လူ့ခန္ဓာကိုယ်သည် အမှန်တရားကို မသိမှုအဝိဇ္ဇာ၊ သဘာဝတရားအပေါ်၌ အမြင်မှားမှုဒိဋ္ဌိ၊ အာရုံငါးပါးကိုလိုလားမှု ကာမတဏှာ၊ လိုလားသည့်အတိုင်း ဖြစ်မလာသောအခါ စိတ်ဆိုးမှုဒေါသ စသော အဓမ္မတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော်လည်း ယင်းအဓမ္မ တရားမဆိုးများကို အဓမ္မတရားဆိုးများအဖြစ် မရှုမြင်နိုင်ဘဲ ကာမတဏှာ၏ လှုံ့ဆော်မှုကြောင့် အာရုံ လိုက်စားနေရသည်ကိုပင် "လူ့သဘာဝ၊ လူ့အခွင့်အရေး" ဟု အထင်မှားနေကြ၏။ ထိုသို့ အထင်မှားနေခြင်းကြောင့် မိဘများကို ဆန့်ကျင်ကာ အာရုံလိုက်စားနိုင်ရေး အတွက် လွတ်လပ်ခွင့်ကို တောင်းဆိုနေကြခြင်းဖြစ်၏။ ဒါလည်း လူသားစင်စစ်က တိရစ္ဆာန်ဘဝကို အားကျလာခြင်းပင်ဖြစ်၏။

လူသည် ကာမသတ္တဝါဖြစ်၍ တိုးတက်လာသော သိပ္ပံပစ္စည်းများကို ကာမဂုဏ်ခံစားနိုင်ရေးအတွက်သာ အသုံးချနေကြခြင်းကြောင့် အာရုံခံစားမှုကို လူ့အခွင့်အရေးအဖြစ် အထင်မှားနေသူများ၏ ရိုင်းစိုင်းသောအပြုအမူများ ကမ္ဘာ့နိုင်ငံ အားလုံးသို့ ကူးစက်ပြန့်ပွားလာနေသည်ကိုတွေ့ရ၏။

ကမ္ဘာမှာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝက်မွှတ်ခေါင်းပါးမှုဘေး၊ စစ်ဘေးများကြောင့် သေဆုံးရသူများထက် အေအိုင်ဒီအက်စ် ရောဂါကြောင့် သေဆုံးရသူ အရေအတွက် ပိုများနေသည်ဟု ကမ္ဘာ့သတင်းများကဆိုကြ၏။ ယနေ့ကမ္ဘာမှာ အကြမ်းဖက်သတ်ဖြတ်မှုများ တိုးပွားလာနေခြင်း၊ အမျိုးသမီးများ အဝတ်ကို မလုံမခြုံ ဝတ်ပြလာကြခြင်း၊ အရွယ်မရောက်သေးသောမိန်းကလေးများ ပြည့်တန်ဆာအဖြစ် ရောင်းစားခံရခြင်း၊ အမျိုးသမီးများ အကြမ်းဖက်ခံရသဖြင့် လုံခြုံမှုကင်းမဲ့လာခြင်း၊ မူးယစ်ဆေး၊ စိတ်ကြွဆေး ထုတ်လုပ် စီးပွားရှာဖွေခြင်း၊ အေအိုင်ဒီအက်စ်ရောဂါဖြင့် လူအများအပြားသေဆုံးနေရခြင်း စသော ဖြစ်ရပ်ဆိုးများက ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ကျင့်သုံးနေသော ခေတ်စနစ်များသည် လူ့ဘဝလုံခြုံအောင် မကာကွယ်နိုင်ကြောင်း သက်သေပြနေခြင်းပင်ဖြစ်၏။ မျက်မှောက်ခေတ်ကို တိုးတက်နေသောခေတ်ဟုဆိုကြသော်လည်း တိုးတက်နေခြင်းမဟုတ်၊ ပျက်စီးနေခြင်းသာဖြစ်ကြောင်း ယင်းဖြစ်ရပ်ဆိုးများက သက်သေထူပြနေ၏။

လူသည် ကာမသတ္တဝါဖြစ်၍ ဗုဒ္ဓတရားတော်ကို မလေ့လာရသူများ တဏှာစွန်အပြုအမူကို အားကျနေခြင်းကို အပြစ်မဆိုသာသော်လည်း ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားနေသော မြန်မာနိုင်ငံမှာ ယင်းဖြစ်ရပ်ဆိုးများမဖြစ်သင့်၊ ယင်းဖြစ်ရပ်ဆိုးများသည် ဗုဒ္ဓသာသနာတော်နှင့် မြန်မာလူမျိုး၏ဂုဏ်သိက္ခာကို ထိခိုက်ညစ်နွမ်းစေ၏။ လူကြီးမိဘများက လောက၌ ကြီးပွားစေလိုသောဆန္ဒဖြင့် ငယ်စဉ်ကပင် မိမိတို့သားသမီးများအား ခေတ်ပညာကိုသာ သင်စေပြီး၊ ဗုဒ္ဓအဆုံးအမတရားတော်များကို မသင်စေခဲ့ခြင်းကြောင့် အတုမယူသင့်သည်ကို အတုယူကြသဖြင့် လူငယ်အချို့ ရိုင်းစိုင်းလာနေကြပြီဖြစ်၏။ အရှက်အကြောက်ကင်းမဲ့ပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ မိမိထင်သလို ပြုမူပြောဆိုနေထိုင်သော လူမျိုးကို ယဉ်ကျေးသောလူမျိုးအဖြစ် လက်ခံနိုင်ကြပါမည်လော။

ကမ္ဘာ့လူသားများသည် ဗုဒ္ဓတားမြစ်တော်မူခဲ့သော ပျက်စီးကြောင်းတရားအားလုံးကို ပြုလုပ်နေကြသည်ကိုတွေ့ရ၏။ ဤသို့ ဆိုးသွမ်းပျက်စီးနေသော လူ့အဖွဲ့အစည်းထဲမှာ ဘဝနစ်မြုပ်မပျက်စီးရအောင် မိမိတို့ရင်သွေးများအား ငယ်စဉ်ကပင် ဗုဒ္ဓတရားတော်ဆိုင်ရာ အသိဉာဏ်ကို ထည့်ပေးထားရမည်ဖြစ်၏။ ဗုဒ္ဓတရားတော်ဆိုင်ရာ အသိဉာဏ်ကို ထည့်ပေးနိုင်ရေးအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့် အဘိဓမ္မာ

အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)

သင်တန်းတို့ကို ဖွင့်လှစ်ရခြင်းဖြစ်၏။ ဤသင်တန်းများသို့ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်ရှိ လူငယ်တို့ကိုပါ တက်ရောက်စေဖို့ တိုက်တွန်းပေးစေလိုပါသည်။ ခေတ်ပညာတတ် လူငယ်များ၊ ကျောင်းဆရာ ဆရာမများ ဗုဒ္ဓအဘိဓမ္မာကို လေ့လာကြည့်ဖို့ ဖိတ်ခေါ်ပါသည်။ အခြေခံဗုဒ္ဓဘာသာယဥ်ကျေးမှုသင်တန်းစာအုပ်ကို ဓမ္မဒါနအဖြစ် လှူဒါန်းပါမည်။

## ☸ အဓိဋ္ဌာန်ချက် ☸

၁။ မသိမှု အဝိဇ္ဇာ အမှောင်ထု လွှမ်းမိုးခံရပြီး ရာဂရူး ဒေါသရူး မောဟရူးနေသူတို့၏ စိတ်အစဉ်၌ ဗုဒ္ဓတရားတော် အလင်းရောင်များ ဖြစ်ထွန်းစေရမည်။

၂။ ကယ်တင်ရှင် ဖန်ဆင်းရှင်စသော သူတစ်ပါးကို အားကိုးနေသူအဖြစ်မှ လွတ်မြောက်စေပြီး မိမိကိုသာ အားကိုးလျက် မိမိ၏စွမ်းအားဖြင့် သံသရာခရီးကို လျှောက်လှမ်းနိုင်သူဖြစ်စေရမည်။

၃။ မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်မှ မိမိအသိဉာဏ်ဖြင့် ပိုင်းခြားဝေဖန်၍ ကိုးကွယ်ရာအစစ်ကို ရွေးချယ်ကိုးကွယ်တတ်သူ ဖြစ်စေရမည်။

၄။ ဆင်းရဲကို ချမ်းသာအဖြစ် အထင်မှားနေသူအဖြစ်မှ လွတ်မြောက်စေပြီး ချမ်းသာစစ်ကို ရွေးချယ်တတ်သူ ဖြစ်စေရမည်။

၅။ ဗုဒ္ဓတားမြစ်တော်မူသော ပျက်စီးကြောင်းတရားများ မြန်မာ့မြေမှ ပပျောက်စေရမည်။

**ဘဒ္ဒန္တခေမိန္ဒ**
ပစ္ဆိမာရုံကျောင်းတိုက်၊ ပုသိမ်မြို့။

သင်တန်းဖွင့်မည့်နေရာ ----------------------

ဖွင့်ရက် ----------------------

အခြေခံဗုဒ္ဓအဘိဓမ္မာ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အပိုင်း ( ၄ ) | |
| | **ဝီထိပိုင်း** | |
| | အခန်း (၁) | |
| ၁။ | အခြေခံသိစရာများ | ၁ – ၄ |
| ၂။ | ခဏာငယ်သုံးချက် | ၅ |
| ၃။ | စိတ်သက်/ရုပ်သက် | ၆ |
| ၄။ | ဝီထိနှစ်မျိုး | ၇ |
| ၅။ | ပဉ္စဒွါရ၌အာရုံငါးပါးထင်လာပုံ | ၈ |
| ၆။ | စက္ခုဝိညာဏ်ဖြစ်ကြောင်းတရားလေးပါး | ၉ |
| ၇။ | နိယာမတရားငါးမျိုး | ၁၀ |
| ၈။ | စက္ခုဒွါရဝီထိစိတ်များ/ဘဝင်စိတ် | ၁၂ |
| ၉။ | ဝီထိချပုံအစီအစဉ် | ၂၀ |
| ၁၀။ | စက္ခုဒွါရဝီထိဆိုင်ရာဝေါဟာရများရှင်းလင်းချက် | ၂၁ |
| ၁၁။ | ဝီထိပုံစံ၌ပါသော အတိုကောက်သင်္ကေတများ | ၂၃ |
| | အခန်း (၂) | |
| | ပဉ္စဒွါရဝီထိ | |
| ၁၂။ | စက္ခုဒွါရိကအတိမဟန္တာရုံဝီထိဖြစ်ပုံဆိုရိုး | ၂၄ |
| ၁၃။ | သရက်သီးဥပမာ ဝီထိစိတ်အစဉ်ဖြစ်ပုံ | ၂၅ |
| ၁၄။ | ဝီထိစိတ်ဖြစ်ပုံကိုရှင်းလင်းချက် | ၂၇ |
| ၁၅။ | စိတ်သက်ရုပ်သက်ရှင်းပြချက် | ၃၂ |
| ၁၆။ | စက္ခုဒွါရ၌ဝီထိစိတ်အမျိုးအစား (၇) ပါး | ၃၅ |

# ဒုတိယတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | အာရုံဖြင့်ဝေဖန်ပုံ | ၃၆ |
| ၁၈။ | သောတဒွါရဝီထိစသည်တို့အတွက်ဆိုရိုး | ၃၈ |
| ၁၉။ | မဟန္တာရုံဝီထိ | ၃၉ |
| ၂၀။ | ပရိတ္တာရုံဝီထိ | ၄၀ |
| ၂၁။ | အတိပရိတ္တာရုံဝီထိ | ၄၂ |
| ၂၂။ | ပဉ္စဒွါရိကဝီထိ (၇၅) | ၄၄ |
| ၂၃။ | ပဉ္စဒွါရ၌ဝီထိစိတ်အမျိုးအစား (၇) ပါး | ၄၅ |
| ၂၄။ | လေ့ကျင့်ခန်းမေးခွန်း | ၄၇ |
| | **အခန်း (၃)** | |
| ၂၅။ | တဒါရမ္မဏနိယမ | ၄၉ |
| ၂၆။ | ဝိပါက်အမှန်ဇောအပြန် | ၅၁ |
| ၂၇။ | ဇောနောင်ဖြစ်သင့်သောတဒါရုံကိုသတ်မှတ်ခြင်း | ၅၃ |
| ၂၈။ | တဒါရုံကျနိုင်သောအင်္ဂါ (၃) ပါး | ၅၆ |
| | **အခန်း (၄)** | |
| ၂၉။ | ဇဝနနိယမ | ၅၇ |
| | **အခန်း (၅)** | |
| ၃၀။ | မနောဒွါရဝီထိများ | ၆၂ |
| ၃၁။ | မနောဒွါရ၌အာရုံများထင်လာပုံ | ၆၃ |
| ၃၂။ | အတီတဘဝင်ချသင့် မချသင့် | ၆၆ |
| ၃၃။ | မနောဒွါရဝီထိ (၂) မျိုး | ၆၈ |
| ၃၄။ | ကာမဇောမနောဒွါရဝီထိအကျယ် | ၇၀ |

အခြေခံပုဒ္ဓအဘိဓမ္မာ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း (၆) | |
| ၃၅။ | တဒနုဝတ္တိကာမနောဒွါရဝီထိ | ၈၀ |
| ၃၆။ | ဝိညတ္တိဂ္ဂဟဏဝီထိ | ၈၉ |
| | အခန်း (၇) | |
| ၃၇။ | အပ္ပနာဇောဝါရ | ၉၃ |
| ၃၈။ | အပ္ပနာဇောကိုသတ်မှတ်ခြင်း | ၉၅ |
| ၃၉။ | အပ္ပနာဇောများစောပုံ | ၉၆ |
| ၄၀။ | အပ္ပနာဇောဝီထိများ | ၁၀၄ |
| ၄၁။ | စိတ်ချင်းဆက်သွယ်ပုံ | ၁၃၂ |
| | အခန်း (၈) | |
| ၄၂။ | ပုဂ္ဂလဘေဒ | ၁၃၄ |
| ၄၃။ | ထိုထိုပုဂ္ဂိုလ်သန္တာန်၌မဖြစ်နိုင်သောဝီထိစိတ်များ | ၁၃၇ |
| ၄၄။ | လောကုတ္တရာစိတ်ကို အရိယာပုဂ္ဂိုလ်များဖြင့်ဝေဖန်ပုံ | ၁၄၀ |
| | အခန်း (၉) | |
| ၄၅။ | ဘူမိဝိဘာဂ | ၁၄၂ |
| ၄၆။ | ရူပဘုံ၌ဖြစ်သောဝီထိစိတ် (၆၄) ပါး | ၁၄၃ |
| ၄၇။ | အရူပဘုံ၌ဖြစ်သောဝီထိစိတ် (၄၂) ပါး | ၁၄၄ |
| | **အခန်း (၁၀)** **ပုဂ္ဂိုလ်စိတ်ရ** | |
| ၄၈။ | ကာမဘုံသားပုဂ္ဂိုလ်စိတ်ရ | ၁၄၇ |

ဒုတိယတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ရူပဘုံသားပုဂ္ဂိုလ်စိတ်ရ | ၁၅၃ |
| ၅၀။ | အရူပဘုံသားပုဂ္ဂိုလ်စိတ်ရ | ၁၅၆ |
| ၅၁။ | လေ့ကျင့်ခန်းမေးခွန်း | ၁၆၅ |
| | **အပိုင်း ( ၅ )** | |
| | **ဝီထိမုတ်ပိုင်း** | |
| ၅၂။ | စတုက္ကလေးမျိုး | ၁၆၇ |
| | **အခန်း (၁)** | |
| ၅၃။ | ဘူမိစတုက္က | ၁၆၈ |
| ၅၄။ | ဘဝက္ခာခြားပုံ | ၁၇၅ |
| ၅၅။ | နတ်များကာမဂုဏ်ခံစားပုံ | ၁၇၆ |
| ၅၆။ | ပါရမီဖြည့်ရန်မလွယ် | ၁၇၇ |
| ၅၇။ | ကာမ (၁၁) ဘုံ | ၁၇၇ |
| ၅၈။ | ရူပါဝစရဘုံ | ၁၇၈ |
| ၅၉။ | အရူပါဝစရ (၄) ဘုံ | ၁၇၉ |
| ၆၀။ | ဘုံနှင့်ပုဂ္ဂိုလ်ကိုတွဲပြပုံ | ၁၈၀ |
| | **အခန်း (၂)** | |
| ၆၁။ | ပဋိသန္ဓိစတုက္က | ၁၈၃ |
| ၆၂။ | လူစဉ်မမီ လူရာမဝင်သူများ | ၁၈၄ |
| ၆၃။ | နတ်သက်ရှာဖွေနည်း | ၁၈၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၄။ | ရူပဗြဟ္မာများအသက်တမ်း | ၁၉၀ |
| ၆၅။ | အရူပဗြဟ္မာများအသက်တမ်း | ၁၉၁ |
| ၆၆။ | တစ်ဘဝ၌တူမြဲတရား (၃) ပါး | ၁၉၂ |
| | **အခန်း (၃)** | |
| ၆၇။ | ကမ္မစတုက္က | ၁၉၃ |
| ၆၈။ | ကိစ္စနှင့်စပ်သော ကံလေးမျိုး | ၁၉၄ |
| ၆၉။ | အကျိုးပေးလှည့်အစဉ်အားဖြင့်ကံလေးမျိုး | ၁၉၆ |
| ၇၀။ | အကျိုးပေးရာကာလနှင့်စပ်သောကံလေးမျိုး | ၁၉၈ |
| ၇၁။ | အကျိုးပေးရာဌာနနှင့်စပ်သော ကံလေးမျိုး | ၁၉၉ |
| ၇၂။ | ကမ္မဒွါရနှင့်စပ်၍ အကုသိုလ်ကံသုံးမျိုး | ၂၀၀ |
| ၇၃။ | ကံဖြစ်ကြောင်းတရားသုံးပါး | ၂၀၂ |
| ၇၄။ | ကမ္မဒွါရနှင့်စပ်၍ ကာမာဝစရကုသိုလ်ကံသုံးပါး | ၂၀၃ |
| ၇၅။ | ဒါန သီလ ဘာဝနာကုသိုလ်သုံးမျိုး | ၂၀၅ |
| ၇၆။ | ပုညကြိယာဝတ္ထုဆယ်ပါး | ၂၀၆ |
| ၇၇။ | ရူပါဝစရကုသိုလ်ကံငါးပါး | ၂၀၇ |
| ၇၈။ | အရူပါဝစရကုသိုလ်ကံလေးပါး | ၂၀၈ |
| ၇၉။ | အကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန | ၂၀၈ |
| ၈၀။ | ကာမကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန | ၂၀၉ |
| ၈၁။ | ကာမာဝစရကုသိုလ်ကံအပြား | ၂၀၉ |
| ၈၂။ | တိဟိတ်ကုသိုလ်နှစ်မျိုး | ၂၁၀ |
| ၈၃။ | ဒွိဟိတ်ကုသိုလ်နှစ်မျိုး | ၂၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | ကာမကုသိုလ်ကံလေးမျိုးအကျိုးပေးပုံ | ၂၁၂ |
| ၈၅။ | ရူပါဝစရကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန | ၂၁၄ |
| ၈၆။ | အရူပါဝစရကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန | ၂၁၉ |
| ၈၇။ | လေ့ကျင့်ခန်းမေးခွန်း | ၂၂၀ |
| | အခန်း (၄) | |
| ၈၈။ | မာရဏုပ္ပတ္တိစတုက္က | ၂၂၂ |
| ၈၉။ | သေခြင်းလေးမျိုး | ၂၂၃ |
| ၉၀။ | သေခါနီး၌အာရုံများထင်လာပုံ | ၂၂၃ |
| ၉၁။ | သေခါနီးစိတ်အစဉ်ဖြစ်နေပုံ | ၂၂၆ |
| ၉၂။ | မရဏာသန္နဝီထိ | ၂၂၇ |
| ၉၃။ | မရဏာသန္နဝီထိအပြား | ၂၂၈ |
| ၉၄။ | ပဋိသန္ဓေစိတ်ဖြစ်ပုံ | ၂၂၉ |
| ၉၅။ | ယာယီဘဝမရှိ | ၂၂၉ |
| ၉၆။ | ပဋိသန္ဓေစိတ်သည် သင်္ခါရကြောင့်ဖြစ် | ၂၃၀ |
| ၉၇။ | ဘဝဖြစ်ပေါ်ပုံ | ၂၃၁ |
| ၉၈။ | မိဘသွေးကလူဖြစ်လာခြင်းမဟုတ် | ၂၃၉ |
| ၉၉။ | ကာမပဋိသန္ဓေစိတ်၏အာရုံ | ၂၄၁ |
| ၁၀၀။ | ကာမပဋိသန္ဓေစိတ်၏အာရုံကို ကာလဒွါရဖြင့်ဝေဖန်ပုံ | ၂၄၂ |
| ၁၀၁။ | ကာမပဋိသန္ဓေအာရုံ၏တရားကိုယ် | ၂၄၃ |
| ၁၀၂။ | စုတိစိတ်နောင်ပဋိသန္ဓေစိတ်ဖြစ်ပုံ | ၂၄၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | ပြဟ္မာပြည်မှာတဝင်းဝင်းဝက်စားကျင်းမှာတချွတ်ချွတ် | ၂၄၇ |
| ၁၀၄။ | လှေကျင့်ခန်းမေးခွန်း | ၂၄၉ |
| | **အခန်း (၅)** | |
| ၁၀၅။ | မရဏာသန္ဓိဝီထိ | ၂၅၀ |
| ၁၀၆။ | အဓမ္မတရားဆိုးများဖြင့်ဖွဲ့စည်းဖြစ်ပေါ်နေ | ၂၆၁ |
| ၁၀၇။ | ပရိနိဗ္ဗာနဝီထိ | ၂၇၂ |
| | **အပိုင်း ( ၆ )** | |
| | **ရုပ်ပိုင်း** | |
| ၁၀၈။ | သင်္ဂဟငါးမျိုးမာတိကာ | ၂၇၆ |
| | **အခန်း (၁)** | |
| | ရူပသမုဒ္ဒေသ | |
| ၁၀၉။ | မဟာဘုတ်လေးပါး | ၂၇၇ |
| ၁၁၀။ | ရုပ်ဒြပ်ဖွဲ့စည်းပုံ | ၂၈၀ |
| ၁၁၁။ | ဥပါဒါရုပ် (၂၄) ပါး | ၂၈၂ |
| ၁၁၂။ | ပသာဒရုပ် (၅) ပါး | ၂၈၂ |
| ၁၁၃။ | ဂေါစရရုပ် (၇) ပါး | ၂၈၆ |
| ၁၁၄။ | ဘာဝရုပ် (၂) ပါး | ၂၉၀ |
| ၁၁၅။ | ဟဒယဝတ္ထုရုပ် | ၂၉၃ |
| ၁၁၆။ | ဇီဝိတရုပ် | ၂၉၅ |
| ၁၁၇။ | အာဟာရရုပ် | ၂၉၆ |

ဒုတိယတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၈။ | နိပ္ဖန္နရုပ် (၁၈) ပါး | ၂၉၇ |
| ၁၁၉။ | ပရိစ္ဆေဒရုပ် | ၂၉၈ |
| ၁၂၀။ | ဝိညတ်ရုပ် (၂) ပါး | ၂၉၉ |
| ၁၂၁။ | ဝိကာရရုပ် (၅) ပါး | ၃၀၀ |
| ၁၂၂။ | လက္ခဏရုပ် (၄) ပါး | ၃၀၂ |
| ၁၂၃။ | အနိပ္ဖန္နရုပ် (၁၀) ပါး | ၃၀၄ |
| ၁၂၄။ | ရုပ် (၂၈) ပါး ရေတွက်ပုံ | ၃၀၅ |
| ၁၂၅။ | လေ့ကျင့်ခန်း | ၃၀၆ |
| | **အခန်း (၂)** | |
| ၁၂၆။ | **ရူပဝိဘာဂ** | ၃၀၇ |
| ၁၂၇။ | အဇ္ဈတ္တိကရုပ်စသည်ခွဲပြပုံ | ၃၀၈ |
| ၁၂၈။ | လေ့ကျင့်ခန်း | ၃၁၆ |
| | **အခန်း (၃)** | |
| ၁၂၉။ | **ရူပသမုဋ္ဌာန** | ၃၁၇ |
| ၁၃၀။ | ရုပ်ဖြစ်ကြောင်းတရားလေးပါး | ၃၁၈ |
| ၁၃၁။ | ရုပ်ကိုဖြစ်စေနိုင်သောကံတရား | ၃၁၉ |
| ၁၃၂။ | ရုပ်ကိုဖြစ်စေနိုင်သောစိတ် | ၃၂၀ |
| ၁၃၃။ | ရုပ်ကိုမဖြစ်စေနိုင်သောစိတ် | ၃၂၃ |
| ၁၃၄။ | ဥတုကရုပ်ကိုဖြစ်စေပုံ | ၃၂၄ |
| ၁၃၅။ | အာဟာရကရုပ်ကိုဖြစ်စေပုံ | ၃၂၅ |
| ၁၃၆။ | ကမ္မဇရုပ်စသည်ခွဲပြပုံ | ၃၂၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃၇။ | ကမ္မဇရုပ် (၁၈) ပါး | ၃၂၉ |
| ၁၃၈။ | စိတ္တဇရုပ် (၁၅) ပါး | ၃၂၉ |
| ၁၃၉။ | ဥတုဇရုပ် (၁၃) ပါး | ၃၃၀ |
| ၁၄၀။ | အာဟာရဇရုပ် (၁၂) ပါး | ၃၃၀ |
| ၁၄၁။ | လေ့ကျင့်ခန်း | ၃၃၁ |
| | **အခန်း (၄)** | |
| ၁၄၂။ | **ရူပကလာပ** | ၃၃၂ |
| ၁၄၃။ | ကလာပ်စည်းအင်္ဂါသုံးပါး | ၃၃၄ |
| ၁၄၄။ | ရုပ်ကလာပ် (၂၁) စည်း | ၃၃၆ |
| ၁၄၅။ | ကမ္မဇကလာပ် (၉) စည်း | ၃၃၇ |
| ၁၄၆။ | စိတ္တဇကလာပ် (၆) စည်း | ၃၃၈ |
| ၁၄၇။ | စိတ္တဇကလာပ် (၆) စည်းခွဲပြပုံ | ၃၃၉ |
| ၁၄၈။ | ဥတုဇကလာပ် (၄) စည်း | ၃၄၀ |
| ၁၄၉။ | အာဟာရဇကလာပ် (၂) စည်း | ၃၄၁ |
| ၁၅၀။ | ကလာပ်ဖွဲ့ရာ၌မပါဝင်သောရုပ် | ၃၄၂ |
| ၁၅၁။ | အဇ္ဈတ္တဗဟိဒ္ဓခွဲပုံ | ၃၄၂ |
| ၁၅၂။ | လေ့ကျင့်ခန်း | ၃၄၅ |
| | **အခန်း (၅)** | |
| ၁၅၃။ | **ရူပပဝတ္တိက္ကမ** | ၃၄၆ |
| ၁၅၄။ | သတ္တဝါသုံးမျိုး | ၃၄၇ |
| ၁၅၅။ | ပဋိသန္ဓေအခါမရနိုင်သောရုပ်များ | ၃၄၉ |

ဒုတိယတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၆။ | သံသေဒဇသြပပါတိကာသတ္တဝါများသန္တာန်၌ အများဆုံးရနိုင်သောကလာပ်များ | ၃၄၉ |
| ၁၅၇။ | ဂဗ္ဘသေယျကသတ္တဝါ၏သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သောကလာပ်များ | ၃၅၁ |
| ၁၅၈။ | သန္ဓေတည်ရန်အင်္ဂါသုံးပါး | ၃၅၂ |
| ၁၅၉။ | လူ့ခန္ဓာကိုယ်ဖွဲ့စည်းဖြစ်ပေါ်လာခြင်း | ၃၅၃ |
| ၁၆၀။ | ရုပ်လေးမျိုးတို့ဖြစ်ပေါ်ပုံ | ၃၅၇ |
| ၁၆၁။ | ကာမဘုံ၌ ပဝတ္တိအခါရသောရုပ် | ၃၅၈ |
| ၁၆၂။ | ရုပ်လေးပါးတို့ချုပ်စဉ် | ၃၅၉ |
| ၁၆၃။ | ရူပဘုံ၌ပဋိသန္ဓေအခါရနိုင်သောရုပ်ကလာပ် | ၃၆၁ |
| ၁၆၄။ | ရူပဘုံ၌ပဝတ္တိအခါရနိုင်သောရုပ်ကလာပ် | ၃၆၂ |
| ၁၆၅။ | အသညသတ်ဘုံ၌ပဋိသန္ဓေအခါရနိုင်သောကလာပ် | ၃၆၃ |
| ၁၆၆။ | အသညသတ်ဘုံ၌ပဝတ္တိအခါရနိုင်သောကလာပ် | ၃၆၃ |
| | **အခန်း (၆)** | |
| ၁၆၇။ | နိဗ္ဗာန် | ၃၆၄ |
| ၁၆၈။ | လေ့ကျင့်ခန်း | ၃၆၈ |

# အခြေခံဗုဒ္ဓအဘိဓမ္မာ

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အပိုင်း (၄)

# ဝီထိပိုင်း

## အခန်း (၁)

### အခြေခံသိစရာများ

**ဝီထိ။** ဝီထိသဒ္ဒါသည် အစဉ်အတိုင်း အနက်ကိုဟော၏။ ထို့ကြောင့် သတ္တဝါများသွားရာလမ်းခရီးအစဉ်ကဲ့သို့ မျက်စိအကြည်ဓါတ် စသော ထိုထို ဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းစသော စိတ်များရှေ့နောက်စဉ် လျက်ဖြစ်ပေါ်နေခြင်းကို ဝီထိခေါ်၏။

ထိုပဉ္စဒွါရာဝဇ္ဇန်း၊ ၂ကျွုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းစသော စိတ်များ ရှေ့နောက်စဉ်ကာ ဖြစ်ပေါ်နေပုံကိုပြသော အပိုင်းကို ဝီထိပိုင်းခေါ်၏။

### ပဝတ္တိသင်္ဂဟ

စိတ်စေတသိက်များဖြစ်ပုံကို ပေါင်းစုပြခြင်းကို ပဝတ္တိသင်္ဂဟခေါ်၏။ ထိုစိတ် စေတသိက်များဖြစ်ပုံသည် ပဋိသန္ဓေအခါဖြစ်ပုံ၊ ပဝတ္တိအခါဖြစ်ပုံဟု နှစ်မျိုးရှိ၏။

## ပဋိသန္ဓေအခါ

ဗုဒ္ဓအဘိဓမ္မာနည်းအရ ပဋိသန္ဓေစိတ် (စေတသိက်၊ ကမ္မဇရုပ်တို့) ၏ စတင်ဖြစ်ပေါ်ချိန် ဥပါဒ်ခဏကိုသာ ပဋိသန္ဓေအခါခေါ်၏။

## ပဝတ္တိအခါ

ပဋိသန္ဓေစိတ် (စေတသိက်, ကမ္မဇရုပ်တို့) ၏ ပျက်စီးခြင်းသို့ ရှေးရှု လျက် တည်တံ့နေချိန် ဌီခဏမှစ၍ အမိဝမ်းထဲ၌ အောင်းနေချိန်ကို ပဝတ္တိ ခေါ်၏။

## ဝီထိပဝတ္တိသင်္ဂဟ

ပဝတ္တိအခါသတ္တဝါများ၏သန္တာန်မှာ မျက်စိအကြည်ဓါတ် စသော ထိုထို ဒွါရ၌ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း စသော စိတ်များ ရှေ့နောက် စဉ်ကာ ဖြစ်ပေါ်နေပုံကို ပြသောကြောင့် ဝီထိပိုင်းကို ဝီထိပဝတ္တိသင်္ဂဟခေါ်၏။

## ဝီထိမုတ္တပဝတ္တိသင်္ဂဟ

ပဋိသန္ဓေ (ဘဝင်၊ စုတိ) အခါ၌ စိတ်တစ်မျိုးတည်းသာဖြစ်သော ကြောင့်လည်းကောင်း၊ မျက်စိအကြည်ဓါတ် စသော ဒွါရများ၌ မဖြစ်သော ကြောင့်လည်းကောင်း ပဋိသန္ဓေ (ဘဝင်၊ စုတိ) အခါ၌ စိတ်ဖြစ်ပုံကို ဝီထိမုတ္တ ခေါ်၏။ ယင်းဝီထိမုတ်စိတ်များ ဖြစ်ပုံကို ပြသောကြောင့် ဝီထိမုတ်ပိုင်းကို ဝီထိမုတ္တသင်္ဂဟခေါ်၏။

### ဆက္က ၆ မျိုး

| | | | |
|---|---|---|---|
| ၁။ ဝတ္ထု | ၆ ပါး | ၄။ ဝိညာဏ် | ၆ ပါး |
| ၂။ ဒွါရ | ၆ ပါး | ၅။ ဝီထိ | ၆ ပါး |
| ၃။ အာရုံ | ၆ ပါး | ၆။ ဝိသယပ္ပဝတ္တိ | ၆ ပါး |

**မှတ်ချက်**။ ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ဝတ္ထု ၆ ပါးတို့ကို ပကိဏ်းပိုင်း၌ ပြခဲ့ပြီးဖြစ်၍ အကျယ်ထပ်မပြတော့ပါ။

## ဝိညာဏ် ၆ ပါး

၁။ စက္ခုဝိညာဏ်
၂။ သောတဝိညာဏ်
၃။ ဃာနဝိညာဏ်
၄။ ဇိဝှါဝိညာဏ်
၅။ ကာယဝိညာဏ်
၆။ မနောဝိညာဏ်

**မှတ်ချက်။** စက္ခုဝိညာဏ် စသည်တို့မှာ စိတ်ပိုင်း၌ပြခဲ့သော ဒွေပဉ္စဝိညာဏ် ၁၀ ပင် ဖြစ်၏။ ဒွေပဉ္စဝိညာဏ် ၁၀ မှ ကြွင်းသောစိတ် (၇၉) ပါး ကို မနောဝိညာဏ်ခေါ်၏။

## ဝီထိ ၆ ပါး

ဝီထိအမည်ကို ပေးသောအခါ ဒွါရနှင့်စပ်၍လည်း ''စက္ခုဒွါရဝီထိ'' စသည်ဖြင့် အမည်ပေးနိုင်၏။

ဝိညာဏ်နှင့်စပ်၍ည်း ''စက္ခုဝိညာဏဝီထိ'' စသည်ဖြင့် အမည်ပေး နိုင်၏။

## ဒွါရနှင့်စပ်သော ဝီထိ ၆ မျိုး

၁။ စက္ခုဒွါရဝီထိ
၂။ သောတဒွါရဝီထိ
၃။ ဃာနဒွါရဝီထိ
၄။ ဇိဝှါဒွါရဝီထိ
၅။ ကာယဒွါရဝီထိ
၆။ မနောဒွါရဝီထိ

## ဝိညာဏ်နှင့်စပ်သော ဝီထိ ၆ မျိုး

၁။ စက္ခုဝိညာဏဝီထိ
၂။ သောတဝိညာဏဝီထိ
၃။ ဃာနဝိညာဏဝီထိ
၄။ ဇိဝှါဝိညာဏဝီထိ
၅။ ကာယဝိညာဏဝီထိ
၆။ မနောဝိညာဏဝီထိ

## ဝိသယပ္ပဝတ္တိ ၆ ပါး

အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းကိုလည်းကောင်း၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းကိုလည်းကောင်း ဝိသယပ္ပဝတ္တိခေါ်၏။

ထိုဝိသယပ္ပဝတ္တိသည် အောက်ပါအတိုင်း ၆ ပါး ပြား၏။

**ပဉ္စဒွါရ၌** ၁။ အတိမဟန္တာရုံ
၂။ မဟန္တာရုံ
၃။ ပရိတ္တာရုံ
၄။ အတိပရိတ္တာရုံဟု လေးမျိုးပြား၏။

**မနောဒွါရ၌** ၁။ ဝိဘူတာရုံ
၂။ အဝိဘူတာရုံဟု နှစ်မျိုးပြား၏။ ပေါင်း ၆ မျိုးပြား၏။

**ဆောင်**။ တိမဟန်နှင့်၊ မဟန်, ပရိတ်၊ တိပရိတ်၊ ဖြာစိတ်ပဉ္စဒွါ။

## ဝီထိမုတ်စိတ်၏ ဝိသယပဝတ္တိ ၃ မျိုး

ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟု ဆိုအပ်သော ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုးသာရှိ၏။

## ဝိသယပ္ပဝတ္တိ ၆ ပါးအဓိပ္ပာယ်

၁။ အာရုံထင်လာသောခဏမှစ၍ ချုပ်သောခဏတိုင်အောင် ရေတွက်လျှင် အလွန်များသော စိတ္တက္ခဏရှိသောအာရုံကို **အတိမဟန္တာရုံ** ခေါ်၏။

၂။ အာရုံထင်လာသောခဏမှစ၍ ချုပ်သောခဏတိုင်အောင် ရေတွက်လျှင် များသော စိတ္တက္ခဏရှိသောအာရုံကို **မဟန္တာရုံ** ခေါ်၏။

၃။ အာရုံထင်လာသောခဏမှစ၍ ချုပ်သောခဏတိုင်အောင် ရေတွက်လျှင် နည်းသော စိတ္တက္ခဏရှိသောအာရုံကို **ပရိတ္တာရုံ** ခေါ်၏။

၄။ အာရုံထင်လာသောခဏမှစ၍ ချုပ်သောခဏတိုင်အောင် ရေတွက်လျှင် အလွန်နည်းသော စိတ္တက္ခဏရှိသောအာရုံကို **အတိပရိတ္တာရုံ** ခေါ်၏။

၅။ ထင်ထင်ရှားရှား ထင်လာသောအာရုံကို **ဝိဘူတာရုံ** ခေါ်၏။

၆။ မထင်မရှား ထင်လာသောအာရုံကို **အဝိဘူတာရုံ** ခေါ်၏။

## ခဏငယ်သုံးချက်

ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ သုံးချက်ကို ခဏငယ်သုံးချက်ခေါ်၏။

**ဥပါဒ်** – ဥပါဒ်ဟူသော စကားလုံးသည် ဥပ္ပါဒဟူသောပါဠိမှ သက်ဆင်းလာခဲ့သော ပါဠိသက် ဝေါဟာရဖြစ်၏။ စတင်ဖြစ်ပေါ်လာခြင်းကို ဥပါဒ်ခေါ်၏။

**ဥပါဒ်ခဏ** – စတင်ဖြစ်ပေါ်ချိန်ကို ဥပါဒ်ခဏခေါ်၏။ လိုအပ်သောအကြောင်းတရားများ ပြည့်စုံခြင်းကြောင့် ပရမတ္ထတရားများ စတင်ဖြစ်ပေါ်ရာ ကာလသည် ဥပါဒ်ခဏမည်၏။

**ဌီ** – ဌီဟူသောစကားလုံးသည် ဌိတိဟူသောပါဠိမှ သက်ဆင်းလာခဲ့သော ပါဠိသက်ဝေါဟာရဖြစ်၏။ ဖြစ်ပေါ်ပြီးနောက် ပျက်စီးခြင်းသို့ ရှေးရှုတည်ရှိနေသည်ကို ဌီဟုခေါ်၏။

**ဌီခဏ** – ပရမတ္ထတရားများဖြစ်ပေါ်လာပြီးနောက် ပျက်စီးခြင်းသို့ ရှေးရှုလျက် တည်ရှိနေသော အခိုက်အတန့်ကို ဌီခဏခေါ်၏။

**ဘင်** – ဘင်ဟူသောစကားလုံးသည် ဘင်္ဂဟူသော ပါဠိမှ သက်ဆင်းလာခဲ့သော ပါဠိသက် ဝေါဟာရဖြစ်၏။ ပျက်စီးချိန် (ပျက်စီးရာကာလ) ကို ဘင်ဟုခေါ်၏။

**ဘင်ခဏ** – ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားများ ပျက်စီးချုပ်ပျောက်ရာကာလကို ဘင်ခဏခေါ်၏။ စိတ်တစ်ခုတစ်ခုမှာ ဤသို့ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ဟု အခိုက်အတန့် သုံးခုရှိ၏။ ယင်းအခိုက်အတန့် သုံးခုကို ခဏငယ်သုံးခုခေါ်၏။

**ဆောင်။** ဖြစ်, တည်, ချုပ်, လတ်၊ ဤသုံးရပ်၊ ဥပါဒ်, ဌီ, ဘင်ယူ။

### ခဏငယ်၊ ခဏကြီး

အတိုဆုံးသော အချိန်ကာလလေးကို ''ခဏငယ်'' ဟုခေါ်၏။ ထိုခဏငယ်သုံးချက်အပေါင်းကို စိတ္တက္ခဏတစ်ချက်ခေါ်၏။ ယင်းစိတ္တက္ခဏ တစ်ချက်

ကို ခဏကြီးဟုလည်းခေါ်၏။ ထို့ကြောင့် စိတ်တစ်ခု၏အောက်၌ (｡ ｡ ｡) ဟု ''အစက်ကလေး'' သုံးစက်ပြထားခြင်းဖြစ်၏။ ပထမအစက်သည် ဥပါဒ်ခဏကိုပြ၏၊ အလယ်ကအစက်သည် ဌီခဏကိုပြ၏၊ အဆုံးအစက်သည် ဘင်ခဏကိုပြ၏။

**ဆောင်။** ခဏငယ်သုံးချက်၊ အပေါင်းနက်၊ စိတ္တက္ခဏယူ။

## စိတ်သက်

စိတ်တစ်ခုသည် စိတ္တက္ခဏတစ်ချက် (ခဏငယ်သုံးချက်) ခန့် အသက်ရှည်၏။

## ရုပ်၏အသက်

ဝိညတ်ဒွေး၊ လက္ခဏရုပ်လေးပါးမှကြွင်းသော ရုပ်တရားများသည် စိတ္တက္ခဏ ၁၇ ချက် အသက်ရှည်ကြ၏။ ခဏငယ်အားဖြင့် ၅၁ ချက် အသက်ရှည်ကြ၏။ ထို့ကြောင့် ရုပ်၏အသက်သည် စိတ်၏အသက် ၁၇ ချက်နှင့် ညီမျှ၏။

**ဆောင်။** ဆယ့်ခုနစ်ချက်၊ ထိုစိတ်သက်၊ ရုပ်သက်တစ်ခုယူ။

## ဝိညတ်ဒွေး၊ လက္ခဏရုပ်များ၏အသက်

ဝိညတ်ဒွေးသည် စိတ္တက္ခဏတစ်ချက် (ခဏငယ်သုံးချက်) ခန့် အသက်ရှည်၏။

လက္ခဏရုပ် ၄ ပါးတွင် ဥပစယနှင့် သန္တတိသည် စိတ်၏ ဥပါဒ်ခဏဟူသော ခဏငယ်တစ်ချက်ခန့် အသက်ရှည်ကြ၏။

အနိစ္စတာသည် စိတ်၏ ဘင်ခဏဟူသော ခဏငယ်တစ်ချက်ခန့် အသက်ရှည်၏။

ဇရတာသည် ခဏငယ် ၄၉ ချက်ခန့် အသက်ရှည်၏။

## ရုပ်၏ ဥပါဒ်၊ ဌီ၊ ဘင်

ရုပ်တရား၌လည်း ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟု ခဏငယ်သုံးချက်စီ ရှိ၏။

ရုပ်၏ ဥပါဒ်ခဏသည် စိတ်၏ ဥပါဒ်ခဏနှင့် ကာလချင်းညီမျှ၏။ ရုပ်၏ဘင်ခဏသည် စိတ်၏ ဘင်ခဏနှင့် ကာလချင်းညီမျှ၏။ ရုပ်၏ ဌီခဏသည် စိတ္တက္ခဏ ၁၆ ချက်နှင့် ခဏငယ်တစ်ချက်ခန့် ကြာ၏။ ခဏငယ်အားဖြင့် ရေတွက်လျှင် ရုပ်၏ဌီခဏသည် ခဏငယ်အားဖြင့် ၄၉ ချက်ခန့်ကြာ၏။

## ဝီထိနှစ်မျိုး

စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရဟူသော ဒွါရငါးမျိုးကို ပဉ္စဒွါရခေါ်၏။ ဘဝင်စိတ်ကို မနောဒွါရခေါ်၏။ ထို့ကြောင့် ဝီထိသည် ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိဟူ၍ အကျဉ်းချုပ်အားဖြင့် နှစ်မျိုးပြား၏။

ဆောင်။ ခြောက်ဒွါရဝယ်၊ စိတ်စဉ်ခြယ်၊ ခြောက်သွယ်ဝီထိထုတ်။

## ပဉ္စဒွါရဝီထိ ၅ မျိုး

| | |
|---|---|
| ၁။ စက္ခုဒွါရဝီထိ | ၁။ စက္ခုဝိညာဏဝီထိ |
| ၂။ သောတဒွါရဝီထိ | ၂။ သောတဝိညာဏဝီထိ |
| ၃။ ဃာနဒွါရဝီထိ | ၃။ ဃာနဝိညာဏဝီထိ |
| ၄။ ဇိဝှါဒွါရဝီထိ | ၄။ ဇိဝှါဝိညာဏဝီထိ |
| ၅။ ကာယဒွါရဝီထိ | ၅။ ကာယဝိညာဏဝီထိ |

## ပဉ္စဒွါရဝီထိ

စက္ခု စသောငါးဒွါရ၌ ရူပါရုံစသော အာရုံငါးပါး ထင်လာမှုကို အခြေခံ၍ ဖြစ်ပေါ်လာသောစိတ်အစဉ်ကို ပဉ္စဒွါရဝီထိခေါ်၏။

**စက္ခုဒွါရဝီထိ** – မျက်စိအကြည်ဓါတ်ဟူသော စက္ခုဒွါရ၌ ရူပါရုံထင်လာမှုကို အခြေခံ၍ သတ္တဝါများသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်အစဉ်ကို စက္ခုဒွါရဝီထိခေါ်၏။

**သောတဒွါရဝီထိ** – နားအကြည်ဓါတ်ဟူသော သောတဒွါရ၌ သဒ္ဒါရုံထင်လာမှုကို အခြေခံ၍ သတ္တဝါများသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်အစဉ်ကို သောတဒွါရဝီထိခေါ်၏။

**ဃာနဒွါရဝီထိ** – နှာခေါင်းအကြည်ဓါတ်ဟူသော ဃာနဒွါရ၌ ဂန္ဓာရုံထင်လာမှုကိုအခြေခံ၍ သတ္တဝါများသန္တာန်များ၌ ဖြစ်ပေါ်လာ သောစိတ်အစဉ်ကို ဃာနဒွါရဝီထိခေါ်၏။

**ဇိဝှါဒွါရဝီထိ** – လျှာအကြည်ဓါတ်ဟူသော ဇိဝှါဒွါရ၌ ရသာရုံထင်လာမှုကို အခြေခံ၍ သတ္တဝါများသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဇိဝှါဒွါရဝီထိခေါ်၏။

**ကာယဒွါရဝီထိ** – ကိုယ်အကြည်ဓါတ်ဟူသော ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာရုံထင်လာမှုကိုအခြေခံ၍ သတ္တဝါများသန္တာန်၌ ဖြစ်ပေါ်လာသောစိတ်အစဉ်ကို ကာယဒွါရဝီထိခေါ်၏။

**မှတ်ချက်**။ မျက်စိနှင့်စပ်၍ဖြစ်သော ဝီထိဟုလည်း မြန်မာဘာသာဖြင့် ခေါ်နိုင်၏။

## ပဥ္စဒွါရ၌ အာရုံငါးပါးထင်လာပုံ

| | | |
|---|---|---|
| ၁။ | ရူပါရုံသည် | စက္ခုဒွါရ၌ထင်လာ၏။ |
| ၂။ | သဒ္ဒါရုံသည် | သောတဒွါရ၌ထင်လာ၏။ |
| ၃။ | ဂန္ဓာရုံသည် | ဃာနဒွါရ၌ထင်လာ၏။ |
| ၄။ | ရသာရုံသည် | ဇိဝှါဒွါရ၌ ထင်လာ၏။ |
| ၅။ | ဖောဋ္ဌဗ္ဗာရုံသည် | ကာယဒွါရ၌ ထင်လာ၏။ |

အာရုံငါးပါးသည် ပဉ္စဒွါရ၌ ထင်လာသောအခါ ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်သေးပါ။ ရုပ်တရားသည် ဋ္ဌီခဏ၌သာ အားရှိ၏။ ထို့ကြောင့် အား အကောင်းဆုံး ရူပါရုံသည် အကြည်လင်ဆုံး စက္ခုပသာဒ၌ ထင်လာသောအခါ အနည်းဆုံး စိတ္တက္ခဏတစ်ချက်ခန့်လွန်ပြီးနောက် ဋ္ဌီခဏသို့ရောက်မှသာ ထင်လာနိုင်၏။ ဤစကားအရ အတိမဟန္တာရုံဝီထိ၌ အတီတဘဝင်ကို တစ်ကြိမ်သာ ချရမည်ဟုမှတ်ပါ။

စက္ခုဝိညာဏ်ဖြစ်ကြောင်း တရားလေးမျိုးတွင် တစ်ပါးပါးက ညံ့ဖျင်း ချွတ်ယွင်းနေလျှင် စိတ္တက္ခဏ နှစ်ချက်ခန့်မှစ၍ (၁၅) ချက်တိုင်အောင် လွန် ပြီးနောက် ဋ္ဌီခဏသို့ရောက်ပြီးမှသာ ရူပါရုံသည် စက္ခုပသာဒ၌ ထင်လာနိုင်၏။ ဤစကားအရ အတီတဘဝင်ကို (၁၅) ကြိမ်အထိ ချနိုင်သည်ဟုမှတ်ပါ။

## စက္ခုဝိညာဏ်ဖြစ်ကြောင်းတရား ၄ ပါး

၁။ မျက်စိအကြည်ဓါတ်ဟူသော စက္ခုပသာဒ ကောင်းမွန်နေခြင်း၊
၂။ အဆင်းရူပါရုံရှိခြင်း၊
၃။ အာလောကဟူသော အလင်းရောင်ရှိခြင်း၊
၄။ နှလုံးသွင်းမှု မနသိကာရရှိခြင်း။

**ဆောင်**။ စက္ခု၊ လောက ရူပထင်ပြီ၊ မနသီ၊ လေးလီစက္ခုဖို့။

## သောတဝိညာဏ်ဖြစ်ကြောင်းတရားလေးပါး

၁။ နားအကြည်ဓါတ်ဟူသော သောတပသာဒကောင်းမွန်နေခြင်း၊
၂။ အသံ သဒ္ဒါရုံရှိခြင်း၊
၃။ အပေါက်အကြား လင်းဟင်းဟူသော အာကာသရှိခြင်း၊
၄။ နှလုံးသွင်းမှု မနသိကာရရှိခြင်း။

**ဆောင်**။ သောတာကာသ၊ သဒ္ဒထင်ပြီ၊ မနသီ၊ လေးလီသောတဖို့။

## ဃာနဝိညာဏ်ဖြစ်ကြောင်းတရား ၄ ပါး

၁။ နှာခေါင်းအကြည်ဓါတ်ဟူသော ဃာနပသာဒ ကောင်းမွန်နေခြင်း၊
၂။ အနံ့ ဂန္ဓာရုံရှိခြင်း၊
၃။ လေဟူသော ဝါယောဓါတ်ရှိခြင်း၊
၄။ နှလုံးသွင်းမှု မနသိကာရရှိခြင်း။

**ဆောင်**။ ဃာန၊ ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီဃာနဖို့။

## ဇိဝှါဝိညာဏ်ဖြစ်ကြောင်းတရား ၄ ပါး

၁။ လျှာအကြည်ဓါတ်ဟူသော ဇိဝှာပသာဒကောင်းမွန်နေခြင်း၊
၂။ အစာအာဟာရဟူသော ရသာရုံရှိခြင်း၊
၃။ လျှာရည်ဟူသော အာပေါဓါတ်ရှိခြင်း၊
၄။ နှလုံးသွင်းမှု မနသိကာရရှိခြင်း။

**ဆောင်**။ ဇိဝှါ၊ အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီဇိဝှါဖို့။

## ကာယဝိညာဏ်ဖြစ်ကြောင်းတရား ၄ ပါး

၁။ ကိုယ်အကြည်ဓါတ်ဟူသော ကာယပသာဒကောင်းမွန်နေခြင်း၊
၂။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံရှိခြင်း၊
၃။ ခက်မာမှု ပထဝီဓါတ်ရှိခြင်း၊
၄။ နှလုံးသွင်းမှု မနသိကာရ ရှိခြင်း။

**ဆောင်**။ ကာယ၊ ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို့။

## နိယာမတရား ၅ မျိုး

လောကထုံးစံအတိုင်း အမြဲဖြစ်နေခြင်းကို နိယာမခေါ်၏။ လောက၌ ဖြစ်ပေါ်နေကြသော သက်ရှိသက်မဲ့ နာမ်ရုပ်သဘာဝတရားများသည် အကြောင်း အကျိုး ဆက်သွယ်ကာ ဖြစ်ပေါ်နေကြသော နိယာမတရားများသာဖြစ်ကြ၏။ တန်ခိုးရှင် ဖန်ဆင်းရှင်က ဖန်ဆင်းထားသော အရာများမဟုတ်ကြ။

သဘာဝတရားများသည် လိုအပ်သောအကြောင်းတရားများ ပြည့်စုံသောအခါ စိတ္တနိယာမ၊ ဥတုနိယာမ၊ ဗီဇနိယာမ၊ ကမ္မနိယာမ၊ ဓမ္မနိယာမ ဟူသော နိယာမတရားငါးမျိုးဖြင့် အမြဲဖြစ်ပေါ်နေကြ၏။ လိုအပ်သောအကြောင်းတရားများ ပြည့်စုံလျှင် မဖြစ်ရအောင် တားဆီးနိုင်သူမရှိပေ။

၁။ သတ္တဝါများသန္တာန်၌ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် စသည်ဖြင့် ရှေ့နောက်စဉ်ကာ စိတ်များ အမြဲဖြစ်ပေါ်နေခြင်းသည် စိတ္တနိယာမ မည်၏။

၂။ အချိန်ကာလအားလျော်စွာ လောက၌ ကမ္ဘာပျက်ခြင်း၊ ကမ္ဘာသစ်တည်ခြင်း၊ မိုးဥတု၊ ဆောင်းဥတု၊ နွေဥတုအားဖြင့် ဥတုသုံးပါးဖြစ်ပေါ်နေခြင်း၊ ယင်းဥတုအားလျော်စွာ သစ်ပင်၊ ပန်းပင်များ ရွက်ဟောင်းကြွေခြင်း၊ ရွက်သစ်ပြောင်းလဲခြင်း၊ တစ်ပြိုင်နက် သီးကြပွင့်ကြခြင်း စသည်တို့သည် ဥတု၏အစွမ်းဖြင့် ဖြစ်ပေါ်နေခြင်းကြောင့် ဥတုနိယာမ မည်၏။

၃။ မျိုးစေ့အားလျော်စွာ အပင်၊ အသီးများ ဖြစ်ထွန်းခြင်းသည် ဗီဇနိယာမ မည်၏။

၃။ မကောင်းသော အကုသိုလ်ကံတရားက မကောင်းကျိုးများကို ဖြစ်ပေါ်စေခြင်း၊ ကောင်းသော ကုသိုလ်ကံတရားက ကောင်းကျိုးတရားကို ဖြစ်ပေါ်စေခြင်းသည် ကမ္မနိယာမ မည်၏။

၅။ ဘုရားအလာင်းတော်များ ပဋိသန္ဓေနေသောအခါ မွေးဖွားတော်မူသောအခါ စသည်တို့၌ ကမ္ဘာမြေကြီး တုန်လှုပ်ရခြင်းသည် ဓမ္မနိယာမ မည်၏။

## မယုံကြည်နိုင်စရာများ

စာရေးသူသည် ကမ္ဘာအေး၌ နိုင်ငံတော်သံဃဝိနိစ္ဆယကိစ္စကို ဆောင်ရွက်နေစဉ် ၂၈ ႏ ၁ ႏ ၂၀၀၄ နေ့ကစပြီး ရန်ကုန် ဗိုလ်တဒါနဆေးရုံသို့သွား

ပြီး ကျန်းမာရေးကို စစ်ဆေးခဲ့၏။ ဆေးရုံမှာ လူနာအမျိုးမျိုးကို တွေ့ရသော အခါ စာရေးသူ၏စိတ်ထဲ၌ အတွေးအမျိုးမျိုးဖြစ်ပေါ်ခဲ့၏။ ဤကမ္ဘာကြီးနှင့်တကွ သစ်ပင်တောတောင် သက်ရှိသက်မဲ့အားလုံးကို တန်ခိုးရှင်က ဖန်ဆင်းထား သည်ဟု လူအများယုံကြည်လက်ခံနေကြ၏။ သက်ရှိသက်မဲ့အားလုံးကို ဖန်ဆင်း နိုင်ပါလျက် ဖန်ဆင်းရှင်သည် သူ၏ သားသမီးများကို ဖန်ဆင်းစဉ်က မစားနိုင်၊ မအိပ်နိုင်၊ လမ်းမလျှောက်နိုင်လောက်အောင် ရောဂါဝေဒနာကို အပြင်းအထန် ခံစားနေရသောဘဝမျိုးကို အဘယ်ကြောင့် ဖန်ဆင်းပေးထားရပါသနည်း။

သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာသူဖြစ်ပါလျက် ရောဂါ ဝေဒနာရှင် ဒုက္ခိတပုဂ္ဂိုလ်များ၊ အကျိုးအကန်းများ၊ စားစရာမရှိ၊ ဝတ်စရာမရှိ ဘဲ လမ်းဘေး၌ တောင်းစားနေရသူများကို အဘယ်ကြောင့် ဖန်ဆင်းထားရပါ သနည်း စသည်ဖြင့် စဉ်းစားတွေးခေါ်ကြည့်သောအခါ ဖန်ဆင်းရှင်အပေါ်၌ မယုံကြည်နိုင်စရာများကိုသာ စဉ်းစားတွေ့ရှိရ၏။

ဗုဒ္ဓအလိုတော်အားဖြင့် လူမှာ အနာရောဂါဖြစ်ပွားခြင်း၊ ကျန်းမာခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသည်တို့သည် လူ၏စိတ်ဓာတ်၊ လူ၏ကံတရားနှင့် သက်ဆိုင်၏။ အခြားပြင်ပပုဂ္ဂိုလ်များနှင့် မသက်ဆိုင်ပေ။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလျှင် လူနှင့်ဆက်စပ်သော အခြေခံအကြောင်းတရားများကို နားလည် လာမည်ဖြစ်၏။

## စက္ခုဒွါရဝီထိစိတ်များ

### ဘဝင်စိတ်

ဘဝင်စိတ်သည် လူဖြစ်ရန် အမိဝမ်း၌ နာမ်ရုပ်တရား စတင်ဖွဲ့စည်း စဉ်ကပင် ပါဝင်ခဲ့သောစိတ်ဖြစ်၏။ အမိဝမ်း၌ မိဘသွေးကိုမှီ၍

(၁) အကျိုးဝိပါက်စိတ်၊ (ပဋိသန္ဓေ၊ ဘဝင်, စုတိ)

(၂) ထိုစိတ်နှင့်အတူ ယှဉ်တွဲဖြစ်သော စေတသိက်များ၊

(၃) ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူ၍ ကလာပ်စည်း သုံးမျိုး။

ဤသဘာဝနာမ်ရုပ်တရားသုံးမျိုး စတင်ဖွဲ့စည်းသည်ကို ကလလ ရေကြည်ခေါ်၏။ ထိုတရားသုံးမျိုးသည် အကြောင်းမဲ့သက်သက် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ လွန်ခဲ့သော အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံတရားက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ထိုသို့ ဘဝသစ်၌ နာမ်သစ်၊ ရုပ်သစ်များ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်၏။ အတိတ်ကံကြောင့် ဖြစ်ပေါ်ခဲ့ရသော အမှတ် (၁) အကျိုးဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်ခေါ်၏။ ဘဝဟောင်းအပြတ်တွင် ဘဝသစ်တစ်ခုကို ပြန်လည်ဆက်စပ်ပေးခြင်းကြောင့် ယင်းအကျိုးဝိပါက်စိတ်ကို ''ပဋိသန္ဓေစိတ်'' ဟုခေါ်ရခြင်းဖြစ်၏။ ထိုစိတ်သည် ''ပဋိသန္ဓေစိတ်'' အမည်ဖြင့် တစ်ကြိမ်သာဖြစ်ပြီးနောက် ချုပ်ပျက်သွား၏။

ပဋိသန္ဓေစိတ် ချုပ်သွားပြီးနောက် အထက်ကဖော်ပြခဲ့သော အကျိုးဝိပါက်စိတ်သည် ''ဘဝင်စိတ်'' အမည်ဖြင့် လူအသက်ရှင်နေစဉ်အတွင်း၌ ဆက်လက်ဖြစ်ပေါ်နေ၏။ ပဋိသန္ဓေစိတ် ပျက်သွားပြီးနောက် စိတ်ဆက်မဖြစ်လျှင် ဘဝမဖြစ်နိုင်သဖြင့် ဘဝဖြစ်ပေါ်ရေးအတွက် အရေးပါသောကြောင့် ''ဘဝင်စိတ်'' ဟု ခေါ်ရခြင်းဖြစ်၏။ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်သည် အတိတ်ကံကြောင့် ဖြစ်ပေါ်ခဲ့သော အကျိုးဝိပါက်စိတ်တစ်မျိုးတည်းသာဖြစ်၏။ ဆောင်ရွက်ရသောတာဝန်အရ အမည်ကွဲပြားနေရခြင်းသာဖြစ်၏။ ဘဝင်စိတ် ဆက်လက်ဖြစ်နေသမျှ လူသည် အသက်ရှင်နေမည်သာဖြစ်၏။ ယင်းဘဝင်စိတ်ကို ဖြစ်ပေါ်စေခဲ့သော ကံတရားက သက်တမ်းကုန်၍ ချုပ်သွားပါမှ ဘဝင်စိတ်ဖြစ်စဉ်ရပ်စဲကာ လူသေသွားရ၏။ ဘဝင်စိတ် ပျက်စီးသွားသည်ကို စုတိ (သေစိတ်) ခေါ်၏။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်သည် အကျိုးဝိပါက်စိတ်တစ်မျိုးတည်းသာဖြစ်၏။ လုပ်ငန်းတာဝန်အရ အမည်သုံးမျိုး ကွဲပြားနေရခြင်းသာဖြစ်၏။

အမှတ်စဉ် (၁) ပါ ဝိပါက်စိတ်နှင့် အမှတ်စဉ် (၂) ပါ စေတသိက်တရားများသည် အမှတ်စဉ် (၃) တွင် ပါရှိသော ဝတ္ထုဒသက ကလာပ်စည်းကိုမှီလျက် ဖြစ်နေ၏။ လူ၏နှလုံးသွေးကိုမှီလျက် ဟဒယဝတ္ထုရုပ်ခေါ်သော ဝတ္ထုဒသက ကလာပ်စည်းများစွာဖြစ်ပေါ်နေ၏။ အမိဝမ်း၌ နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းစဉ်ကပင် ဝိပါက်နှင့် စေတသိက်ဟူသော နာမ်တရားသည် ယင်းဝတ္ထုဒသက ကလာပ်စည်းကိုမှီ၍ဖြစ်နေ၏။ ယင်းဝိပါက်စိတ်သည် ထိုဝတ္ထုဒသက ကလာပ်စည်းကိုမှီလျက် ပဋိသန္ဓေစိတ်အမည်ဖြင့် တစ်ကြိမ်ဖြစ်၍ ပျက်သွားပြီးနောက် ဘဝင်စိတ်အမည်ဖြင့် မြစ်ရေပမာ အဆက်မပြတ်ဖြစ်နေ၏။ လူအိပ်ပျော်နေစဉ်၌လည်း ဘဝင်စိတ်ချည်းသာဖြစ်နေ၏။

## ဆက်သွယ်ရေးစခန်း

ဘဝင်စိတ်ကို ဗုဒ္ဓအဘိဓမ္မာ၌ မနောဒွါရခေါ်၏။ တံခါးကို ပါဠိဘာသာဖြင့် ဒွါရခေါ်၏။ ဘဝင်စိတ်ကို မန (မနော) ခေါ်၏။ တံခါးသည် လူသားများ ဝင်ထွက်ရာဖြစ်သကဲ့သို့ ဘဝင်စိတ်သည်လည်း မနောဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်များဖြစ်ရာ ဖြစ်သောကြောင့် မနောဒွါရခေါ်၏။ မှန်၏။ အာရုံခြောက်ပါးတွင် ဓမ္မာရုံသည် မနောဒွါရခေါ်သော ဘဝင်စိတ်၌ ထင်လာ ဆက်သွယ်လာကြ၏။ ထိုထင်လာသောအာရုံကို အာရုံပြုလျက် လူ၏စိတ်အစဉ်၌ မနောဒွါရာဝဇ္ဇန်း စသော မနောဒွါရဝီထိစိတ်များ ဖြစ်ပေါ်ရသောကြောင့် ဘဝင်စိတ်ကို မနောဒွါရဟု ခေါ်ရခြင်းဖြစ်၏။ ထို့ကြောင့် ဘဝင်စိတ်ကို ဓမ္မာရုံတရားများ ဆက်သွယ်ရာ ဆက်သွယ်ရေးစခန်းအဖြစ် နားလည်ထားရမည်။ ဘဝင်စိတ်သည် အခံဓာတ်ဖြစ်၍ အာရုံတရားသည် အတိုက်ဓာတ်ဖြစ်၏။

ဘဝင်စိတ်သည် မြစ်ရေပမာ အဆက်မပြတ်ဖြစ်နေခြင်းကြောင့် လူ၏သန္တာန်၌ အမြဲရှိနေသောစိတ်ဖြစ်၏။ အမြဲရှိနေသည်ဆိုသော်လည်း မပျက်မစီးဘဲ အမြဲရှိနေခြင်းမဟုတ်ပေ။ စိတ်၏ဖြစ်ပျက်နိယာမအတိုင်း အဟောင်းပျက်၍ အသစ်အသစ် အမြဲပြောင်းလဲနေခြင်းသာဖြစ်၏။ လူ၏သန္တာန်၌ စိတ်တရား

အပြဲ အဆက်မပြတ်ဖြစ်နေရာ၌ ဘဝင်စိတ်နှင့် ဝီထိစိတ်နှစ်မျိုးသာဖြစ်နေကြ၏။ ဝီထိစိတ် မဖြစ်သောအခါ ဘဝင်စိတ်များ ဆက်ကာဆက်ကာဖြစ်နေကြ၏။ ဝီထိစိတ်များ ဖြစ်ပေါ်လာသောအခါ ဘဝင်စိတ်များ ချုပ်ပျက်သွားကြ၏။ ထိုသို့ ဝီထိစိတ်များ မဖြစ်ပေါ်မီ ဘဝင်စိတ်များဖြစ်ပေါ်နေခြင်းကြောင့် ဝီထိပုံတွင် ဝီထိစိတ်ရှေ့က ဘဝင်စိတ်ကိုပြထားရခြင်းဖြစ်၏။ ဝီထိစိတ် ချုပ်ပျက်သွားပြီး နောက် ဘဝင်စိတ် ဖြစ်ပေါ်လာခြင်းကြောင့် ဝီထိစိတ်များအဆုံး၌ ဘဝင်စိတ်များကို ပြထားရခြင်းဖြစ်၏။

လွန်ခဲ့သော နာမ်ရုပ်စသော အတိတ်အာရုံတရားများ ဘဝင်စိတ်မှာ ဆက်သွယ်လာခြင်းကြောင့် ယင်းဆက်သွယ်လာသောအာရုံနှင့် ဆက်စပ်၍ လူသား၏စိတ်အစဉ်၌ ဝီထိစိတ်အစဉ်တစ်မျိုး ဖြစ်ပေါ်၏။ ဘဝင်စိတ်သည် အာရုံကို ဆက်သွယ်ပေးရုံသာ ပေးနိုင်၏။ ဆက်သွယ်လာသောအာရုံကို သိသောစိတ်၊ အာရုံ၏ အရသာကို ခံစားနိုင်သောစိတ်မဟုတ်ပေ။ ဘဝင်စိတ်သည် ယခုအခါ ဆက်သွယ်ရေးကိစ္စ၌ သုံးစွဲနေကြသော တယ်လီဖုန်းနှင့်တူ၏။

တယ်လီဖုန်းနံပါတ်ကို နှိပ်လိုက်သောအခါ ဖုန်းမှာ အသံပေါ်လာခြင်းကြောင့် အနားမှာရှိသူက ဖုန်းကို ကောက်ကိုင်ကာ ''ဘယ်သူပါလဲ၊ ဘာကိစ္စပါလဲ'' စသည်ဖြင့် မေးမြန်းပြောဆို၏။ ဖုန်းကိုကိုင်လိုက်သောအခါ ဖုန်းခေါ်သံ ပျောက်သွား၏။ ဖုန်းသည် ဆက်သွယ်လာသူကို သူကိုယ်တိုင် မမေးမြန်းနိုင်ဘဲ အနားကလူကို ခေါ်ပေးရုံသာ ခေါ်ပေးနိုင်၏။

ထိုနည်းအတူ ဘဝင်စိ ်သည် အာရုံတရားများ ဆက်သွယ်လာသောအခါ ထိုအာရုံကို သိနိုင် ခံစားနိုင်သောစိတ် မဟုတ်ပေ။ ဝီထိစိတ်အစဉ် ဖြစ်ပေါ်လာအောင် အာရုံကို ဆက်သွယ်ပေးရုံသာ ပေးနိုင်၏။ ဆက်သွယ်ပေးပြီးနောက် ဝီထိစိတ်ဖြစ်ပေါ်လာသောအခါ ဘဝင်စိတ်အစဉ် ချုပ်ပျောက်သွား၏။ ဖုန်းကို ကိုင်လိုက်သောအခါ ဖုန်းခေါ်သံ ပျောက်သွားသကဲ့သို့ဖြစ်၏။

## ဘဝင်စိတ်၏အာရုံတရား

ဖုန်းသည် ရုပ်ဝတ္ထုဖြစ်၍ အာရုံကို မယူတတ်ပေ။ ဘဝင်စိတ်သည် အာရုံကို ယူတတ်၏။ ဘဝင်စိတ်သည် အခြားမဲ့ လွန်ခဲ့ပြီးသောဘဝဟောင်း၌ သေခါနီးအချိန်မှာ ဖြစ်ပေါ်လာခဲ့သော မရဏာသန္နဇောစိတ်က ယူပေးအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုနေ၏။ မှန်၏၊ လူသားများ သေခါနီးအချိန်၌ ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံ သုံးပါးတွင် တစ်မျိုးမျိုး ထင်လာ၏။

**ကံအာရုံ။** လူသည် အသက်ရှင်နေစဉ် လက်ခြေ စသော ကိုယ်အင်္ဂါဖြင့် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်အမျိုးမျိုးကို ပြုလုပ်၏။ ယင်းအလုပ်ကို ကာယကံခေါ်၏။ နှုတ်ဖြင့် ကောင်းသောစကား၊ မကောင်းသော စကား အမျိုးမျိုးကို ပြောဆို၏။ ထိုသို့ ပြောဆိုမှုကို ဝစီကံခေါ်၏။ စိတ်ဖြင့် ကောင်းသောအကြံ၊ မကောင်းသောအကြံအမျိုးမျိုးကို ကြံစည်နေ၏။ ထိုသို့ ကြံစည်နေမှုကို မနောကံခေါ်၏။

ထိုသို့အလုပ်သုံးမျိုးကို နေ့စဉ်ပြုလုပ်နေရာ၌ ယင်းအလုပ်သုံးမျိုးကို ဖြစ်ပေါ်စေသော ယင်းအလုပ်သုံးမျိုးဖြစ်ပေါ်လာအောင် လှုံ့ဆော်မှု၊ စေ့ဆော်မှု စေတနာတရားသည် လူ၏စိတ်အစဉ်၌ ဖြစ်ပေါ်ခဲ့၏။ ယင်းစေတနာကို ကံခေါ်၏။

ယင်းစေတနာသည် ဖြစ်ပျက်နိယာမအတိုင်း ဖြစ်ပြီး ပျက်သွားသော်လည်း စေတနာ၏သတ္တိသည် နာမ်ရုပ်ခန္ဓာအစဉ်၌ ကြွင်းကျန်နေခဲ့၏။ ယင်းစေတနာ၏သတ္တိကို ကမ္မသတ္တိခေါ်၏။ ယင်းသို့ ကျန်းမာ၍ အသက်ရှင်နေစဉ်က နေ့စဉ်ပြုလုပ်ထားခဲ့သော ကံတရားအများထဲမှ နောက်ဘဝ၌ ပဋိသန္ဓေ (ဘဝသစ်) ကို ဖြစ်ပေါ်စေမည့် အင်အားကောင်းသော ကံတရားတစ်မျိုးမျိုးသည် သေခါနီးအချိန် လူ၏စိတ်အစဉ်မှာ အာရုံသစ်အဖြစ်ဖြင့် ထင်ထင်ရှားရှား ပေါ်လာ၏။ ထိုထင်လာသောအာရုံကို ကံအာရုံထင်လာသည်ဟုခေါ်၏။

ဥပမာ – အသက်ရှင်နေစဉ်က ရေတွင်းရေကန်တူး၍ လှူဒါန်းခဲ့လျှင် ယင်းကုသိုလ်ကံက ဘဝသစ်၌ လူအဖြစ်ကို အကျိုးပေးမည်ဆိုပါက ထိုရေ

တွင်း ရေကန်တူး၍ လှူဒါန်းခဲ့သော ကုသိုလ်ကံသည် ထိုရေတွင်းရေကန် အလှူရှင်များသေခါနီး၌ ထိုအလှူရှင်တို့၏စိတ်ထဲမှာ အာရုံသစ်အဖြစ်ဖြင့် ပြန်လည်ပေါ်လာ ထင်လာတတ်၏။ ထိုသို့ ထင်လာသည်ကို ကံအာရုံ ထင်လာသည်ခေါ်၏။

**ကမ္မနိမိတ်**။ ကံကို ပြုလုပ်စဉ်က တွေ့ကြုံခဲ့သော အာရုံဟူသမျှကို ကမ္မနိမိတ်အာရုံခေါ်၏။ ဥပမာ – ရေတွင်းရေကန်တူးပြီး ရေစက်ချပွဲ ပြုလုပ်လျက် လှူဒါန်းရာ၌ ရေတွင်းရေကန်ကိုလည်းကောင်း၊ အလှူပွဲ၌ လှူသော ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ကမ္မနိမိတ်အာရုံခေါ်၏။

ဘဝသစ်၌ လူအဖြစ်ကို ဖြစ်ပေါ်စေမည့် ရေတွင်းရေကန် လှူဒါန်းသော ကုသိုလ်ကံသည် မိမိက ဘဝသစ်ကို ဖြစ်ပေါ်စေမည်ဟု ရေတွင်းရေကန်အလှူရှင်၏စိတ်ထဲမှာ သိသာထင်ရှားလာအောင် ရေတွင်းရေကန်အလှူပွဲ ကျင်းပစဉ်က တွေ့ကြုံခဲ့ရသော ရေတွင်းရေကန်များနှင့် အလှူပွဲကျင်းပခဲ့ပုံဟူသော ကမ္မနိမိတ်အာရုံများသည် အလှူရှင်များ သေခါနီး၌ အလှူရှင်များ၏ စိတ်ထဲမှာ အာရုံသစ်အဖြစ်ဖြင့် ပေါ်လာထင်လာ၏။ ထိုသို့ ထင်လာသည်ကို ကမ္မနိမိတ်အာရုံ ထင်လာသည်ခေါ်၏။

**ဂတိနိမိတ်အာရုံ**။ လားရောက်ရမည့်ဘဝသစ်နှင့် ယင်းဘဝသစ်၌ တွေ့ကြုံခံစားရမည့်အာရုံများကို ဂတိနိမိတ်အာရုံခေါ်၏။ ရေတွင်းရေကန် လှူဒါန်းသော ကုသိုလ်ကံက ဘဝသစ်၌ လူအဖြစ်ကို အကျိုးပေးမည်ဖြစ်၍ မိမိဖြစ်ရမည့်မိခင်၏သားအိမ်တွင်းရှိ ဝမ်းဗိုက်ရေကို အလှူရှင်များ သေခါနီးအချိန်၌ သိမြင်လာရ၏။ ထိုသို့ထင်လာသောအာရုံကို ဂတိနိမိတ်အာရုံထင်လာသည်ဟုခေါ်၏။ ရေတွင်းရေကန်လှူသော ကုသိုလ်ကံသည် အလှူရှင်များသေခါနီးအချိန်၌ အလှူရှင်များ၏စိတ်ထဲမှာ သိသာထင်ရှားလာအောင် ဤသို့ မီးမောင်းထိုးပြသွားခြင်းဖြစ်၏။ အသက်ရှင်နေစဉ်က ပြုလုပ်ခဲ့

သော အာရုံများ သေခါနီးအချိန်၌ လူ၏စိတ်ထဲမှာ ထင်လာသောအခါ ထိုထင်လာသောအာရုံကို အာရုံပြု၍ လူ့သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်အစဉ်ကို ပါဠိဘာသာဖြင့် မရဏာသန္နဇောခေါ်၏။ မြန်မာဘာသာဖြင့် သေခါနီးအချိန်၌ ဖြစ်နေသော ဇောစိတ်ခေါ်၏။

ရှေ့ပိုင်းကပြခဲ့သော အမိဝမ်း၌ ကလလရေကြည်အဖြစ် ဖွဲ့စည်းသော တရားသုံးမျိုးတွင် အမှတ်စဉ် (၁) လာ အကျိုးဝိပါက်စိတ်သည် ပဋိသန္ဓေစိတ်အမည်ဖြင့် တစ်ကြိမ်ဖြစ်ပြီးနောက် ပျက်သွား၏။ ထိုနောက် ဘဝင်အမည်ဖြင့် လူအသက်ရှင်နေစဉ်အတွင်း အဆက်မပြတ်ဖြစ်နေသည်ဟု ပြောခဲ့၏။ ထိုပဋိသန္ဓေစိတ်သည် ဘဝဟောင်းက သေခါနီးအချိန်၌ စိတ်ထဲမှာ ထင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။ ဘဝင်စိတ်သည်လည်း ထိုပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်သည် လုပ်ငန်းတာဝန်အရ အမည်ကွဲပြားနေသော်လည်း အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားကြောင့် ဖြစ်ပေါ်ခဲ့သောအကျိုးဝိပါက်စိတ်တစ်မျိုးတည်းသာဖြစ်၏။

အမှတ်စဉ် (၃) တွင် ပါဝင်သော ကာယဒသက ကလာပ်စည်း အကြည်ဓါတ်သည် အစိုဓါတ်ရှိရာ ရုပ်ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့တည်နေ၏။ ထို့ကြောင့် လူသည် အသက်ရှင်နေစဉ် ခန္ဓာကိုယ် မည်သည့်အစိတ်အပိုင်းကို မဆို ထိမိကိုင်မိလျှင် ထိမှန်းကိုင်မှန်းကို သိ၏။ ကံကြောင့်ဖြစ်နေသော ကာယဒသက ကလာပ်စည်းသည် ကံကုန်၍ လူသေသွားသောအခါ ပျက်စီးချုပ်ငြိမ်းသွားခြင်းကြောင့် ထိသော်လည်း ထိမှန်း ကိုင်မှန်းကို မသိတော့ပေ။ သစ်ပင်သည် အပူအအေးဟူသော ဥတုကြောင့်ဖြစ်သော ရုပ်တရားဖြစ်၍ သစ်ပင်၌ ကံကြောင့်ဖြစ်သော အကျိုးဝိပါက်စိတ်နှင့် ကာယဒသကကလာပ်စည်း မပါဝင်ခြင်းကြောင့် သစ်ပင်ကို ထိမိကိုင်မိသော်လည်း သစ်ပင်သည် ထိမှန်းကိုင်မှန်းကို မသိနိုင်ပေ။

ဘာဝဒသက ကလာပ်စည်းသည် လူ၏ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့တည်နေ၏။ ယောက်ျား၊ မိန်းမ ခွဲခြားရန် ကလလရေကြည်အဖြစ် စတင်ဖွဲ့စည်းစဉ်ကပင် ဘာဝဒသက ကလာပ်စည်း ပါဝင်ခဲ့ခြင်းဖြစ်၏။ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါသည် ဘာဝရုပ်မဟုတ်ပေ။ ရုပ်ခန္ဓာကိုယ်တစ်ခုလုံး၌ ယောက်ျား၊ မိန်းမ ကွဲပြားစေသောရုပ်သည်သာ ဘာဝရုပ်ဖြစ်၏။

**အမှာ။** ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အကြောင်းကို ဤနေရာ၌ ရှင်းမပြသင့်သော်လည်း ဘဝင်စိတ်အကြောင်းကို နားလည်စေလိုသဖြင့် ရှင်းပြခဲ့ရခြင်း ဖြစ်ပါသည်။ ဝီထိစိတ်အစဉ်နှင့် အဓိပ္ပာယ်ကို နောက်၌ သီးခြားပြထားခြင်းကြောင့် ဤနေရာ၌ ထူးခြားချက်အချို့ကိုသာရေးပါမည်။

**ဘဝင်နှစ်ကြိမ်လှုပ်။** အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလာသော ယောက်ျားသည် ရပ်လိုသော်လည်း ချက်ချင်းမရပ်နိုင်ဘဲ ခြေတစ်လှမ်းနှစ်လှမ်းလွန်ပြီးမှ ရပ်နိုင်သကဲ့သို့ ထို့အတူ ဘဝင်အစဉ်သည်လည်း ချက်ချင်းမပြတ်သေးဘဲ နှစ်ကြိမ်ဖြစ်ပြီးမှ ပြတ်၏။

**စက္ခုဝိညာဏ်စိတ်။** ရူပါရုံကိုမြင်သည်ဟု ဆိုရာ၌ စက္ခုပသာဒရုပ်သည် သိမြင်တတ်သောစိတ်စေတနာမရှိသဖြင့် ကန်းနေသည့်အတွက် ရူပါရုံကို တွေ့မြင်ခြင်းငှာ မစွမ်းနိုင်ပေ။ ထို့ကြောင့် စက္ခုပသာဒရုပ်က ရူပါရုံကိုမမြင်ဘဲ စက္ခုဝိညာဏ်စိတ်ကသာ မြင်နိုင်၏။

**ဇောခုနစ်ကြိမ်။** ကာမဇောသည် (၂၉) ပါးရှိ၏။ ထိုတွင် ဇောခုနစ်ကြိမ်စောရာ၌ မိမိဆိုင်ရာ အကြောင်းအားလျော်စွာ စောကြ၏။ ထင်လာသောအာရုံအပေါ်၌ မှန်မှန်ကန်ကန် နှလုံးသွင်းမှု ယောနိသောမနသိကာရအကြောင်းရှိလျှင် များသောအားဖြင့် ကုသိုလ်ဇော ခုနစ်ကြိမ်စော၏။

ထင်လာသောအာရုံအပေါ်၌ မမှန်မကန် နှလုံးသွင်းမှု အယောနိသောမနသိကာရအကြောင်းရှိလျှင် များသောအားဖြင့် အကုသိုလ်ဇော ခုနစ်ကြိမ်စော၏။

ထင်လာသောအာရုံကို ရဟန္တာပုဂ္ဂိုလ်ကမြင်လျှင် များသောအားဖြင့် ကြိယာဇော ခုနစ်ကြိမ်စော၏။

ကာမဇောသည် ပကတိရိုးရာအခါ ခြောက်ကြိမ်လည်း အနည်းငယ် စောသေး၏။ တွေဝေမိန်းမောရာအခါနှင့် သေခါနီးအချိန်များ၌ ငါးကြိမ်သာ စော၏။ ဤသို့ အမြဲ ခုနစ်ကြိမ်မစောသောကြောင့် ''များသောအားဖြင့် စောသည် (ယေဘုယျေန)'' ဟု ဆိုရခြင်းဖြစ်၏။

## ဝီထိချုပ်ပုံအစီအစဉ်

၁။ သတ္တဝါများ၏သန္တာန်၌ ဝီထိစိတ်မဖြစ်မီ ဘဝင်စိတ်ဖြစ်နေခြင်းကြောင့် ရှေးဦးစွာ ဘဝင်စိတ်ကို ချရမည်။

၂။ ရူပါရုံစသော အာရုံတရားများ စက္ခုဒွါရစသော သက်ဆိုင်ရာဒွါရ၌ ထင်လာသောအခါ အနည်းဆုံး စိတ္တက္ခဏာတစ်ချက်ခန့်ကာလကို ကျော်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် အသက်အရှည်ဆုံး အတိမဟန္တာရုံဝီထိ၌ အတီတဘဝင်ကို တစ်ကြိမ်ချရမည်။

၃။ ရူပါရုံစသော အာရုံတရားများ ထင်လာမှုကြောင့် ဘဝင်နှစ်ကြိမ်လှုပ်၏။ ထို့ကြောင့် ဘဝင်နှစ်ကြိမ်ချရမည်။ ထိုတွင် ပထမဘဝင်ကို ဘဝင်္ဂစလန အမည်ဖြင့်ချ၍ ဒုတိယဘဝင်ကို ဘဝင်္ဂုပစ္ဆေဒအမည်ဖြင့် ချရမည်။

၄။ ထို့နောက် ထင်လာသောအာရုံအသစ်ကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်ကို ချရမည်။

၅။ ထို့နောက် –

(က) စက္ခုဒွါရဝီထိဖြစ်က စက္ခုဝိညာဏ်စိတ်ကို ချရမည်။

(ခ) သောတဒွါရဝီထိဖြစ်က သောတဝိညာဏ်စိတ်ကို ချရမည်။

(ဂ) ဃာနဒွါရဝီထိဖြစ်က ဃာနဝိညာဏ်စိတ်ကို ချရမည်။

(ဃ) ဇိဝှါဒွါရဝီထိဖြစ်က ဇိဝှါဝိညာဏ်ကို ချရမည်။

(င) ကာယဒွါရဝီထိဖြစ်က ကာယဝိညာဏ်စိတ်ကို ချရမည်။

၆။ ထို့နောက် သမ္ပဋိစ္ဆိုန်းစိတ်ကို ချရမည်။

၇။ ထို့နောက် သန္တီရဏစိတ်ကိုချရမည်။

၈။ ထို့နောက် ဝုဋ္ဌောစိတ်ကို ချရမည်။

၉။ ထို့နောက် ဇောစိတ်ကို ခုနစ်ကြိမ်ချရမည်။

၁၀။ ထို့နောက် တဒါရုံစိတ်ကို နှစ်ကြိမ်ချရမည်။

၁၁။ ဝီထိစိတ်ချုပ်ပြီးနောက် ဘဝင်ကျသောကြောင့် အဆုံး၌ ဘဝင်စိတ်ကို ချရမည်။

## စက္ခုဒွါရဝီထိဆိုင်ရာ
## ဝေါဟာရများရှင်းလင်းချက်

၁။ **အတီတဘဝင်** – ရူပါရုံ စသော အာရုံငါးပါး ပဉ္စဒွါရ၌ မထင်မီ ရှေ့အဖို့၌ ဘဝင်စိတ်များ ကြိုတင်ဖြစ်နေရာ ယင်း အာရုံတရားများ ပဉ္စဒွါရ၌ အကြောင်းအားလျော်စွာ ထင်လာတတ်၏။ ထိုသို့ ထင်လာရာ၌ အနည်းဆုံး စိတ္တက္ခဏတစ်ချက်ခန့်ကာလကို လွန်ပြီးမှ ထင် လာနိုင်၏။ ထိုလွန်ခဲ့သော ဘဝင်စိတ်ကို ''အတီတဘဝင်'' ခေါ်၏။

၂။ **ဘဝင်္ဂစလန** – ရူပါရုံ စသော အာရုံတရားများ ထင်လာမှုကြောင့် ဘဝင်နှစ်ကြိမ်လှုပ်၏။ ထိုတွင် ဘဝင်အစဉ်ကို လှုပ် စေသကဲ့သို့ဖြစ်သောကြောင့် ပထမဘဝင်စိတ်ကို ''ဘဝင်္ဂစလန'' ခေါ်၏။

၃။ **ဘဝင်္ဂုပစ္ဆေဒ** – ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ် ပြတ်စဲခြင်း ကြောင့် ဒုတိယဘဝင်စိတ်ကို ''ဘဝင်္ဂုပစ္ဆေဒ'' ဟု ခေါ်၏။

၄။ **ပဉ္စဒွါရာဝဇ္ဇန်း** – ထင်လာသောအာရုံအသစ်ကို ဆင်ခြင်သောစိတ် ကို ''ပဉ္စဒွါရာဝဇ္ဇန်းစိတ်'' ဟုခေါ်၏။

၅။ **စက္ခုဝိညာဏ်** – စက္ခုဒွါရ၌ထင်သော ရူပါရုံကို မြင်တတ်သောစိတ် ကို ''စက္ခုဝိညာဏ်စိတ်'' ဟုခေါ်၏။

၆။ **သမ္ပဋိစ္ဆိုန်းစိတ်** – ထင်လာသောအာရုံကိုခံယူသောစိတ်ကို ''သမ္ပဋိစ္ဆိုန်း စိတ်'' ဟုခေါ်၏။

၇။ **သန္တီရဏစိတ်** – ထင်လာသောအာရုံကို စုံစမ်းသောစိတ်ကို ''သန္တီ ရဏစိတ်'' ဟုခေါ်၏။

၈။ **ဝုဋ္ဌောစိတ်** – စက္ခုဒွါရ၌ထင်လာသော ရူပါရုံကို ''ရူပါရုံပါပဲ'' ဟု ဆုံးဖြတ်သောစိတ်ကို ''ဝုဋ္ဌောစိတ်'' ဟုခေါ်၏။

၉။ **ဇောစိတ်** – ထင်လာသောအာရုံ၏ အရသာကို ခံစားသောစိတ် ကို ''ဇောစိတ်'' ဟုခေါ်၏။

**မှတ်ချက်။** အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်လာသောစိတ်ကို ''ဇောစိတ်'' ဟု ခေါ်သည်ဟုလည်း မှတ်ပါ။

၁၀။ **တဒါရုံစိတ်** – ဇောနောက်သို့လိုက်၍ ဇော၏အာရုံကိုသာ အာရုံ ပြုသောစိတ်ကို တဒါရုံစိတ်ခေါ်၏။

**ဘဝင်လှုပ်။** ဘဝင်စိတ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုနေစဉ် ထင်လာသောအာရုံသစ်ကြောင့် ယူနေဆဲအာရုံကို စွဲမြဲစွာလည်းမယူနိုင်၊ လွှတ်လည်းမလွှတ်နိုင်ဘဲ ပင်ကို သဘောမှ ဖောက်ပြား၍ နှစ်ကြိမ်တိုင်တိုင် တုန်လှုပ်ချောက်ခြားမှုကို ''ဘဝင် လှုပ်သည်'' ဟုခေါ်၏။

**ဘဝင်ကျခြင်း။** ဝီထိစိတ်ဖြစ်နေခြင်းသည် စိတ်အစဉ်တက်ကြွနေသကဲ့ သို့ဖြစ်၏။ ဘဝင်စိတ်အစဉ် ဖြစ်နေစဉ်မှာကား စိတ်အစဉ် ငြိမ်

သက်လျက် သက်ဝင်နိမ့်ကျနေသကဲ့သို့ဖြစ်၏။ ထို့ကြောင့် ဝီထိစိတ်များမဖြစ်ဘဲ ဘဝင်စိတ်များဖြစ်ပေါ်လာခြင်းကို ''ဘဝင်ကျသည်'' ဟုခေါ်၏။

## ဝီထိပုံစံ၌ပါသော အတိုကောက်သင်္ကေတများ

| | | | | | |
|---|---|---|---|---|---|
| တီ | = | အတီတဘဝင် | ရုံ | = | တဒါရုံ |
| ॰॰॰ | = | ဥပါဒ်၊ ဌီ၊ ဘင် | မ | = | မနောဒွါရာဝဇ္ဇန်း |
| ဘ | = | ဘဝင် | အာ | = | အာဂန္တုကဘဝင် |
| န | = | ဘဝင်္ဂစလန | ပ | = | ပရိကံ |
| ဒ | = | ဘဝင်္ဂုပစ္ဆေဒ | ဥ | = | ဥပစာ |
| ပ | = | ပဉ္စဒွါရာဝဇ္ဇန်း | နု | = | အနုလုံ |
| စ | = | စက္ခုဝိညာဏ် | ဂေါ | = | ဂေါတြဘု |
| သော | = | သောတဝိညာဏ် | ဝေါ | = | ဝေါဒါန် |
| ဃာ | = | ဃာနဝိညာဏ် | ဈ | = | ဈာန် |
| ဇိ | = | ဇိဝှါဝိညာဏ် | ဘိ | = | အဘိညာဉ် |
| ကာ | = | ကာယဝိညာဏ် | မ | = | မဂ် |
| ပဉ် | = | ပဉ္စဝိညာဏ် | ဖ | = | ဖိုလ် |
| သံ | = | သမ္ပဋိစ္ဆန်း | နိ | = | နိရောဓသမာပတ် |
| ဏ | = | သန္တီရဏ | စု | = | စုတိ |
| ဝု | = | ဝုဋ္ဌော | ပဋိ | = | ပဋိသန္ဓေ |
| ဇ | = | ဇော | | | |

* * * * *

# အခန်း (၂)
## ပဉ္စဒွါရဝီထိ

### စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ပုံ ဆိုရိုး
### (ကျက်ရန်)

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးလျှင် ရူပါရုံစက္ခုပသာဒတို့ တစ်ဆယ့်ခုနှစ်ချက်ရပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ချုပ်ကြ၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။ ဤဝီထိသည် တဒါရမ္မဏဝါရ၊ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိမည်၏။

**မှတ်ချက်** ။ ရူပါရုံသည် စိတ္တက္ခဏတစ်ချက် အလွန်၌ထင်လာခြင်းကြောင့် တင်လာသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ (၁၆)ချက် အသက်ရှည်၏။ ဤသို့အလွန်ရှည်သော စိတ္တက္ခဏရှိသောကြောင့် ဤဝီထိ(အာရုံ)ကို အတိမဟန္တာရုံဝီထိခေါ်၏။ အဆုံးဖြစ်သော တဒါရုံဖြင့် သတ်မှတ်အပ်သော ဝီထိဖြစ်သောကြောင့်တဒါရမ္မဏဝါရခေါ်၏။

### စက္ခုဒွါရိက အတိမဟန္တာရုံဝီထိပုံ

ဘ "တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ
… … … … … … … … … … … … … … … … … …

**အမှာ** ။ အခြား ဝီထိပုံစံတိုင်း၌ ဝီထိ၏ရှေ့နောက်ကပါရှိသော ဘဝင်စိတ်များနှင့် ဥပါဒ်၊ ဌီ၊ ဘင် အမှတ်အသားဖြစ်သော (∘∘∘ ) ဟူသော အမှတ်သင်္ကေတများကို ထည့်သွင်းမပြတော့ပါ။

## သရက်သီးပမာ ဝီထိစိတ်အစဉ်ဖြစ်ပုံ

### ဖတ်ရန်

ယောကျ်ားတစ်ယောက်သည် သရက်သီးရှိနေသော သရက်ပင်၏ အောက်တွင် ဦးခေါင်းခြုံပြီး အိပ်ပျော်နေရာ သူ၏အနီးသို့ သရက်သီးတစ်လုံး ကြွေကျသံကြောင့် လန့်နိုးလာ၏။ နိုးလာပြီးနောက် ဦးခေါင်းပေါ်မှ အဝတ်ကို ဖယ်ရှားလျက် မျက်စိကိုဖွင့်ကြည့်သောအခါ သရက်သီးကိုတွေ့သဖြင့် လှမ်း ကောက်၏။

ကောက်ယူပြီးနောက် သရက်သီးကိုလက်ဖြင့် ဖျစ် (နှိပ်)ကြည့်ကာ နမ်းရှုကြည့်ပြန်၏။ နမ်းရှုကြည့်၍ မှည့်နေမှန်းကိုသိရသောအခါ ကိုက်စားပြီး မျိုချလိုက်၏။ ထို့နောက် ထိုသရက်ပင်အောက်၌ပင် တစ်ဖန်ပြန်အိပ်၏။

ထိုနည်းအတူ သတ္တဝါများသန္တာန်၌ ရှေ့ဦးစွာ ဝီထိစိတ်မဖြစ်မီ ဘဝင်စိတ်များဖြစ်နေစဉ် ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသောအခါ အတီတဘဝင်တစ်ချက်အလွန်တွင်ထင်လာပြီးနောက် အတီတဘဝင်ချုပ်ပျောက်၏။

ထို့နောက်ဘဝင်နှစ်ကြိမ်ဖြစ်ပြီး ချုပ်ပျောက်၏။ ဘဝင်နှစ်ကြိမ်ချုပ်ပြီး နောက် စက္ခုဒွါရ၌ထင်လာသော ရူပါရုံကို ဆင်ခြင်သောပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီး ချုပ်ပြန်၏။ ထို့နောက်ထင်လာသော ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ် စိတ်ဖြစ်ပြီးနောက်ချုပ်ပြန်၏။ ထို့နောက် ရူပါရုံကို ခံယူသော သမ္ပဋိစ္ဆန်းစိတ်ဖြစ် ပြီးချုပ်ပြန်၏။

သမ္ပဋိစ္ဆန်း စိတ်ချုပ်ပြီးနောက် ထင်လာသော ရူပါရုံကို စုံစမ်းသော သန္တီရဏစိတ်ဖြစ်ပြီးချုပ်ပြန်၏။ ထို့နောက်ထင်လာသော ရူပါရုံကို ''ရူပါရုံပါပဲ'' ဟု အာရုံကိုဆုံးဖြတ်သော ဝုဋ္ဌောစိတ်ဖြစ်ပြီးချုပ်၏။ ဝုဋ္ဌောစိတ်ချုပ်ပြီးနောက် ကာမဇောတစ်ခု ယုတ်သုံးဆယ်တွင် တစ်မျိုးမျိုးသောဇောသည် ခုနစ်ကြိမ်ဖြစ် ပြီး ချုပ်ပြန်၏။ ထို့နောက် တဒါရုံနှစ်ကြိမ်ဖြစ်ပြီးချုပ်၏။ ဒုတိယတဒါရုံချုပ်ပြီး နောက် ဝီထိစိတ်အစဉ်ကုန်ခြင်းကြောင့် ဘဝင်စိတ်အစဉ်ဖြစ်ပြန်၏။

## ဥပမာ ဥပမေယျတွဲစပ်ပြပုံ

၁။ သတ္တဝါများ သန္တာန်၌ ဝီထိစိတ်မဖြစ်မီ ရှေးဦးစွာ ဘဝင်စိတ်များဖြစ်နေခြင်းသည် သရက်ပင်အောက်၌ ယောကျ်ားအိပ်နေခြင်းနှင့်တူ၏။

၂။ အာရုံ၏ပသာဒ၌ ထိခိုက်လာခြင်းသည် အနီးသို့ သရက်သီးကြွေကျပုံနှင့်တူ၏။

၃။ ဘဝင်အစဉ်ကိုဖြတ်၍ ထင်လာသောအာရုံကို ဆင်ခြင်သောအာဝဇ္ဇန်းစိတ်ဖြစ်ပေါ်လာခြင်းသည် သရက်သီးကြွေကျခြင်းကြောင့် လန့်နိုးလာခြင်းနှင့်တူ၏။

၄။ ရူပါရုံကိုမြင်တတ်သော စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာခြင်းသည် ဦးခေါင်း၌ခြုံထားသော အဝတ်ကိုဖယ်ရှားပြီး မျက်စိကိုဖွင့်၍ကြည့်ခြင်းနှင့်တူ၏။

၅။ ထင်သောအာရုံကို လက်ခံသောသမ္ပဋိစ္ဆိုန်းစိတ်ဖြစ်ခြင်းသည် သရက်သီးကိုလှမ်း၍ ကောက်ယူခြင်းနှင့်တူ၏။

၆။ လက်ခံပြီးသောအာရုံကို ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံမှန်းသိအောင် စုံစမ်းသောသန္တီရဏစိတ်ဖြစ်ပေါ်လာခြင်းသည် သရက်သီးကို မှည့်မမှည့်သိအောင် ဖျစ် (နှိပ်စမ်း) ကြည့်ခြင်းနှင့်တူ၏။

၇။ ဣဋ္ဌာရုံပဲ သို့မဟုတ် အနိဋ္ဌာရုံပဲဟုအာရုံကို ဆုံးဖြတ်ချက်ချသောဝုဋ္ဌောစိတ်ဖြစ်ပေါ်လာခြင်းသည် နမ်းရှုကြည့်ကာ သရက်သီးအမှည့်ဟုသိရခြင်းနှင့်တူ၏။

၈။ အာရုံ၏အရသာကို ခံစားသောဇောစိတ်ခုနစ်ကြိမ်ဖြစ်ပေါ်လာခြင်းသည် သရက်သီးအမှည့်ကို ကိုက်စားခြင်းနှင့်တူ၏။

၉။ ဇောနောက်သို့လိုက်ကာ ဇော၏အာရုံကိုယူသော တဒါရုံစိတ်ဖြစ်ခြင်းသည် သရက်သီးအမှည့်ကို ကိုက်စားပြီးနောက် မျိုချလိုက်သည်နှင့်တူ၏။

၁၀။ တဒါရုံ နောင်ဘဝင်စိတ်များ တစ်ဖန်ဖြစ်ပေါ်လာခြင်းသည် သရက်ပင် ကောက်၌ ယောက်ျားပြန်အိပ်ခြင်းနှင့်တူ၏။

## ဝီထိစိတ်ဖြစ်ပုံကို ရှင်းလင်းချက်

လူသည် ပညတ်နယ်ထဲ၌ မွေးဖွားကြီးပြင်းလာပြီး ပညတ်နယ်ထဲက ရရှိလာသော ပညတ်အသိများကိုအမှန်ဟု စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသော သတ္တဝါဖြစ်၏။ ထို့ကြောင့်လူသည် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ပရမတ်အသိနှင့်စိမ်းနေသော သတ္တဝါဖြစ်ကြောင်းထင်ရှား၏။ လူသည် ထိုသို့ယောက်ျားကောင်၊ မိန်းမကောင် တိရစ္ဆာန်ကောင်စသည်ဖြင့် ပညတ်အမြင်လွှမ်းမိုးခံနေရသဖြင့် စိတ်၊ စေတသိတ် ရုပ်ဟူသော ပရမတ်တရားအကြောင်းကို ပြောပြသောအခါ ယင်းစိတ် စေတသိက် ပရမတ်တရားကို မျက်စိဖြင့် မမြင်ရခြင်းကြောင့် နားလည်သဘော ပေါက်နိုင်ခြင်းမရှိပေ။ သို့ပါ၍ လူသားများ ဝီထိ (စိတ်ဖြစ်စဉ်)ကို နားလည်နိုင်အောင် မျက်စိဖြင့်မြင်တွေ့နေရသော သရက်သီးဖြစ်စဉ်ဖြင့် ယှဉ်ပြလျက် ရှင်းပြကြခြင်းဖြစ်၏။ ထို့ကြောင့် ဝီထိ (စိတ်ဖြစ်စဉ်) ကို သဘောပေါက်အောင် မိမိ၏မူလအစွဲများကို ဖယ်ထားလျက် ကြည်လင်သော အသိစိတ်ဖြင့် ဤရှင်းလင်းချက်ကို ဖတ်ရှုဖို့အကြံပြုပါသည်။

လူတစ်ယောက်သည် နွေရာသီ သရက်သီးမှည့်ချိန်တွင် သရက်သီး အမှည့်ရှိနေပြီး အရိပ်အာဝါသကောင်းသော သရက်ပင်အောက်၌ ဦးခေါင်းခြုံကာ အိပ်ပျော်နေသည်ဆိုပါစို့။ ထိုသို့ အိပ်ပျော်နေစဉ် လူ၏သန္တာန်၌ ဘဝင်စိတ်များသာ အဆက်မပြတ်ဖြစ်နေ၏။ ထိုဘဝင်စိတ်သည် မည်သည့်အရာကိုမျှ မသိပေ။ ထိုသို့ မသိသော်လည်း ဘဝင်စိတ်သည် ဘဝဟောင်းက သေခါနီး အချိန်၌ စိတ်ထဲမှာထင်နေခဲ့သော ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုလျက် ဆက်ဖြစ်နေ၏။ လက်ဖျစ်တစ်ချက်တီးချိန်၌ စိတ်ပေါင်း ကုဋေတစ်သိန်းခန့်မျှ ဖြစ်ပျက်သည်ဟု အဆိုရှိ၏။ ထိုစိတ်၏ လျင်မြန်နှုန်းအတိုင်း အိပ်ပျော်နေစဉ် ဘဝင်စိတ်များသည် တစ်စိတ်ပြီးတစ်စိတ်

အစဉ်မပြတ်ဖြစ်နေ၏။

ထိုသို့ ဘဝင်စိတ် အဆက်မပြတ်ဖြစ်နေစဉ် အိပ်ပျော်နေသူအနီးသို့ သရက်သီးကြွေကျလာသကဲ့သို့ မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ၌ ရူပါရုံထင်လာ၏။ ထိုသို့ ထင်လာခြင်းကြောင့် ဘဝင်နှစ်ကြိမ် လှုပ်လျက် ဘဝင်စိတ်အစဉ်ကိုဖြတ်ပစ်သော ဘဝင်္ဂုပစ္ဆေဒစိတ်ဖြစ်ပြီးနောက် ဘဝင်စိတ်အစဉ်ပြတ်ကာ ထိုထင်လာသော အဆင်းအာရုံကို ''ဘာပါလိမ့်'' ဟု ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာ၏။ ထိုသို့ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာခြင်းသည် အိပ်နေရာမှ နိုးလာသကဲ့သို့ ဘဝင်စိတ်အစဉ်မှ ဝီထိ (နိုးကြား) စိတ်အစဉ်သို့ ကူးပြောင်းလာခြင်းပင်ဖြစ်၏။

ဤနေရာ၌ စက္ခုဝိညာဏ်စိတ်ဖြစ်ကြောင်း တရားလေးပါးကို ထည့်သွင်းစဉ်းစားဖို့ လိုလာ၏။ ရူပါရုံက မျက်စိအကြည်ဓါတ်၌ ထင်လာသောအခါ မြင်သိစိတ် ဖြစ်နိုင်ဖို့အတွက် လူမှာ မျက်စိအကြည်ဓါတ် ကောင်းနေရမည်၊ အလင်းရောင်လည်း ရှိနေရမည်၊ အဆင်းရူပါရုံ ရှိနေရမည်၊ နှလုံးသွင်းရှိရမည်ဟူ၍ အကြောင်းလေးပါးနှင့် ပြည့်စုံရမည်။ ထိုသို့ အကြောင်းလေးပါးနှင့် ပြည့်စုံပါမှ မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်) ဖြစ်နိုင်သည်ဟု ပိဋကတ်ကျမ်းစာ၌ အဆိုရှိ၏။ မျက်စိအကြည်ဓါတ် ကောင်းမွန်နေသကဲ့သို့ အလင်းရောင်လည်း ရှိနေဖို့လို၏။ ရူပါရုံ ထင်လာသော်လည်း အလင်းရောင်မရှိလျှင် မြင်သိစိတ် မဖြစ်နိုင်ပေ။ မျက်စိအကြည်ဓါတ်လည်းရှိနေ၏၊ အလင်းရောင်လည်း ရှိနေ၏၊ အဆင်းရူပါရုံလည်း ရှိနေ၏။ ထိုသို့ ရှိနေရုံဖြင့် မြင်သိစိတ် မဖြစ်နိုင်သေး။ နှလုံးသွင်းမှုရှိဖို့လည်းလို၏။ မိမိအနားမှာရောက်နေသော်လည်း မိမိက နှလုံးသွင်းမှုမရှိလျှင် မည်သူမည်ဝါဟု မသိနိုင်ပေ။ ယခု သင်တန်းသား သင်တန်းသူများ အဘိဓမ္မာသင်တန်းတက်ဖို့ အိမ်ကထွက်လာခဲ့စဉ်က လမ်းမှာ လူအများအပြား တွေ့ခဲ့ပေလိမ့်မည်။ ဤသို့ တွေ့ခဲ့သော်လည်း လမ်းမှာတွေ့ခဲ့သူများကို ယခုပြောပြပါဆိုလျှင် မိမိနှလုံးသွင်းသူ အာရုံစိုက်ခဲ့သူ သတိထားခဲ့သူများလောက်ကို

ပြောပြနိုင်လိမ့်မည်။ နှလုံးမသွင်းခဲ့သူ၊ အာရုံမစိုက်မိသူအများကို ပြောပြနိုင်မည် မဟုတ်ပေ။ ယင်းသို့ အကြောင်းလေးပါးနှင့် ပြည့်စုံမှ မြင်သိစိတ် ဖြစ်နိုင်၏။ ဗုဒ္ဓအဘိဓမ္မာ သည် ဤသို့ သေချာလှ၏၊ တိကျခိုင်မာလှ၏။ ဝီထိစိတ်အစဉ်ကို ပြန်ဆက်ကြစို့။

အိပ်ပျော်နေရာမှ နိုးလာပြီး ခေါင်းမြီးခြုံကိုဖွင့်လျက် သရက်သီးအဆင်းကို ဆင်ခြင်ကြည့်ရှုသောအခါ သရက်သီးအဆင်းကို မြင်သကဲ့သို့ ဘဝင်အစဉ် ပြတ်ပြီးနောက် ထင်လာသော ရူပါရုံကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးလျှင် ရူပါရုံကိုမြင်သော စက္ခုဝိညာဏ်စိတ်ဖြစ်၏။ **''ရူပါ ရမ္မဏံ စက္ခုဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော''** လူ၏ အပြင်၌ရှိနေသော ရူပါရုံက လူ၏သန္တာန်၌ စက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ဖက် စေတသိက်တရားများ ဖြစ်ပေါ်လာအောင် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေး၏ဟု ပဋ္ဌာန်းဒေသနာတော်၌ ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။ အပြင်လောကနှင့် လူ၏ခန္ဓာကိုယ် ဆက်စပ်နေပုံကို မိန့်ကြားတော်မူခြင်းဖြစ်၏။ အထက်က ပြောခဲ့သည့်အတိုင်း အကြောင်းလေးပါးပြည့်စုံခြင်းကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်လာအောင် ဘယ်ဘုရား၊ ဘယ်ဖန်ဆင်းရှင်ကမှ မဖန်ဆင်းနိုင်ပေ။ အကြောင်းလေးပါး ပြည့်စုံနေလျှင် မဖြစ်ပါနှင့်ဟု ဘယ်သူတား၍လည်း မရနိုင်ပေ။ ဤသို့ဖြစ်နေခြင်းသည် စိတ္တနိယာမတရားဖြစ်၏။

လူသည် သရက်သီးကိုတွေ့မြင်ပြီးနောက် ယင်းသရက်သီးကို ကောက်ယူသကဲ့သို့ ထင်လာသော ရူပါရုံကို စက္ခုဝိညာဏ်စိတ်ကမြင်ပြီးနောက် ယင်းရူပါရုံကို လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်၏။ သရက်သီးကို ကောက်ယူပြီးနောက် သရက်သီး မှည့်မမှည့်သိအောင် ဖျစ် (နှိပ်စမ်း) ကြည့်သကဲ့သို့ ထင်လာသောအာရုံကို လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်ပြီးနောက် ယင်းအာရုံကို ဣဋ္ဌာရုံလော၊ အနိဋ္ဌာရုံလောဟု စုံစမ်းလေ့လာသော သန္တီရဏစိတ်ဖြစ်၏။

ဥပမာ – ကျောင်းတိုက်၌နေရန် ကိုရင်တစ်ပါးရောက်လာသောအခါ

ကိုရင်ကို ကျောင်း၌ ခဏသာလက်ခံထားပြီး အမှန်တကယ် စာသင်မည့်ကိုရင် ဟုတ်မဟုတ် ဆက်လက်လေ့လာ အကဲခတ်သကဲ့သို့ပင်ဖြစ်၏။ သရက်သီးကို ဖျစ်ကြည့် နမ်းကြည့် ပြီးနောက် အမှည့်ပါပဲဟု ဆုံးဖြတ်သကဲ့သို့ ထင်လာသော ရူပါရုံကို ဣဋ္ဌာရုံပဲ၊ အနိဋ္ဌာရုံပဲဟု ဆုံးဖြတ်သော ဝုဋ္ဌောစိတ်ဆက်ဖြစ်လာ၏။ ကိုရင်ကို လေ့လာအကဲခတ်ပြီး စာကြိုးစားလိုသော ကိုရင်ပါပဲဟု ဆုံးဖြတ်သကဲ့သို့ဖြစ်၏။

သရက်သီးအမှည့်ကို ကိုက်စားနေသကဲ့သို့ ထင်လာသော ရူပါရုံ၏ အရသာကို ခံစားသောဇောစိတ် ခုနစ်ကြိမ်ဖြစ်လာ၏။ ဇောခုနစ်ကြိမ်ဖြစ်ရာ၌ နှလုံးသွင်းအားလျော်စွာ အကုသိုလ်ဇော၊ ကုသိုလ်ဇောများဖြစ်၏။ ဥပမာ– ထင်လာသော ရူပါရုံသည် မိန်းကလေး၏ရူပါရုံဖြစ်လျှင် ဤမိန်းကလေးသည် ချောသည်၊ လှပတင့်တယ်သည် စသည်ဖြင့် နှလုံးသွင်းလျှင် လောဘမူ အကုသိုလ်ဇောစော၏။ ''မိန်းမဟူသည် ပညတ်သာဖြစ်သည်။ မိန်းမ မဟုတ်ဘဲ နာမ်ရုပ်တရားသာဖြစ်သည်။ နာမ်ရုပ်သည် မမြဲခြင်း အနိစ္စသဘောရှိသည်။ ဒုက္ခသဘောရှိသည်။ အနတ္တသဘောရှိသည်'' စသည်ဖြင့် နှလုံးသွင်းပါက မဟာ ကုသိုလ်ဇောစော၏။ ရဟန္တာအရှင်မြတ်မြင်ပါက ကြိယာဇောစော၏။

သရက်သီးအမှည့်ကိုဝါးလျက် မျိုချလိုက်သကဲ့သို့ ဇော၏အာရုံကိုယူကာ တဒါရုံစိတ်နှစ်ကြိမ်ဖြစ်၏။ သရက်သီးကိုစားပြီးနောက် တစ်ဖန်သရက်ပင်အောက် ၌ ပြန်အိပ်သကဲ့သို့ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးလျှင် ရူပါရုံနှင့် မျက်စိအကြည်ဓါတ်တို့ တစ်ဆယ့်ခုနှစ်ချက် ရုပ်သက်ပြည့်ခြင်းကြောင့် ဒုတိယတဒါရုံ၏ ဘင်ခဏ၌ ချုပ်ကြ၏။ ထို့နောက် ဘဝင်စိတ်များဆက်ကာ ဆက်ကာဖြစ်ပြန်၏။

အာရုံတစ်ခုထင်လာတိုင်း ဤနည်းအတိုင်း စိတ်များ ရှေ့နောက်စဉ် လျက် လူ၏သန္တာန်၌အမြဲဖြစ်ပေါ်နေ၏။ ဤသို့ အကြောင်းအကျိုးအဖြစ် ဆက်စပ်လျက် စိတ်အစဉ်ဖြစ်နေခြင်းသည် ဘယ်ဘုရား၊ ဘယ်ဖန်ဆင်းရှင်ကမှ ဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်နေခြင်းမဟုတ်၊ စိတ္တနိယာမအားဖြင့်သာဖြစ်ပေါ်

နေခြင်းဖြစ်၏။ ရှေးရှေးစိတ်က အကြောင်းတရား၊ နောက်နောက်စိတ်များက အကျိုးတရားဖြစ်၏။ ထိုသို့ရှေ့နောက်စဉ်ကာ အကြောင်းအကျိုးအဖြစ် ကျေးဇူးပြုနေပုံကို ဗုဒ္ဓက ပဋ္ဌာန်း ဒေသနာတော်၌ အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။ **''ပုရိမာ ပုရိမာအဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရ ပစ္စယေနပစ္စယော''** = ရှေးရှေး အဗျာကတ တရားများက နောက်နောက် အဗျာကတ တရားများအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ ဟု ပဋ္ဌာန်းဒေသနာတော်၌ ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။ ဝိထိပုံကို ပြန်ကြည့်ပါ၊ အတိတ ဘဝင်ကအကြောင်းတရားဖြစ်ပြီး ဘဝင်္ဂစလနက အကျိုးတရားဖြစ်၏၊ အတိတ ဘဝင်ကအနန္တရပစ္စည်းဖြင့် ဘဝင်္ဂစလနအား ကျေးဇူးပြုခြင်းကြောင့် ဘဝင်္ဂစလနသည် အကျိုးတရားအဖြစ်ဖြင့် ဖြစ်ပေါ်လာရခြင်းဖြစ်၏။

တစ်ဖန်ဘဝင်္ဂစလနသည် အကြောင်းတရားဖြစ်လာပြီး ဘဝင်္ဂုပစ္ဆေဒသည် အကျိုးတရားဖြစ်လာ၏။ ဘဝင်္ဂစလနက အနန္တရ ပစ္စယသတ္တိဖြင့် ဘဝင်္ဂုပစ္ဆေဒအား ကျေးဇူးပြုခြင်းကြောင့် ဘဝင်္ဂုပစ္ဆေဒသည် အကျိုးတရားအဖြစ်ဖြင့် ဖြစ်ပေါ်လာရခြင်းဖြစ်၏။ တစ်ဖန် ဘဝင်္ဂုပစ္ဆေဒသည် အကြောင်းတရားဖြစ်လာပြီး ပဉ္စဒွါရာဝဇ္ဇန်းသည် အကျိုးတရားဖြစ်လာ၏။ ဘဝင်္ဂုပစ္ဆေဒက အနန္တရပစ္စယသတ္တိဖြင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်အား ကျေးဇူးပြုခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အကျိုးတရားဖြစ်လာ၏။

လောကဥပမာအားဖြင့် ဦးနီဆိုသူမှာ မောင်ဖြူဟု သားတစ်ယောက် မွေးဖွားထား၏။ ဦးနီကိုအကြောင် ပြု၍ မောင်ဖြူမွေးဖွားလာခြင်းကြောင့် လောက၌ ဦးနီကိုအဖေဟုခေါ်ကြ၏။ မောင်ဖြူကိုသားဟုခေါ်ကြ၏။ မောင်ဖြူသည် အရွယ်ရောက်လာသောအခါ အိမ်ထောင်ပြုပြီး မောင်မဲကို မွေးဖွား၏။ မောင်ဖြူကို အကြောင်းပြု၍ မောင်မကိုမွေးဖွားခြင်းကြောင့် မောင်ဖြူကိုအဖေဟုခေါ်ကြပြီး မောင်မဲကိုသားဟုခေါ်ခြင်းဖြစ်၏။ ဤသဘောတရားအတိုင်း ရှေးရှေးတရားသည် နောက်နောက်တစ်ရားအား ကျေးဇူးပြုခြင်းကြောင်း ရှေးရှေးတရားသည် အကြောင်းတရားဖြစ်ပြီး နောက်နောက်တရားသည် အကျိုးတရားဖြစ်၏။ ဤသို့

ရှေးရှေးတရားက နောက်နောက်တရားအား ကျေးဇူးပြုသောပစ္စည်းကို အနန္တရ ပစ္စည်းခေါ်၏။ ဤသို့စသည်ဖြင့် ဝီထိစိတ်ကုန်အောင် အကြောင်းအကျိုးခွဲခြား သိပါလေ။

## စိတ်သက်ရုပ်သက်ရှင်းပြချက်

ဝီထိပုံကိုပြန်ကြည့်ပါ၊ ဝီထိပုံ၌ စိတ်တစ်ခု၏အောက်၌ ... ဟူသော သင်္ကေတဖြင့် အစက်ကလေးသုံးခုကိုပြထားသည်ကို တွေ့ရလိမ့်မည်၊ ဥပမာ ( တီ ) ဟူသော ပုံစံမှာ ပထမအစက်ဖြင့် အတီတဘဝင်စိတ်၏စတင်ဖြစ်ပေါ် ချိန် ဥပါဒ်ခဏကိုပြ၏။ အလယ်ကအစက်ဖြင့် အတီတဘဝင်စိတ်ဖြစ်ပေါ်လာ ပြီး နောက်မပျက်မီ ခဏတည်တံ့နေခြင်း ဌီခဏကိုပြ၏။ နောက်ဆုံးအစက်ဖြင့် အတီတဘဝင်စိတ်ပျက်သွားသော ဘင်ခဏကိုပြ၏။ ထိုသုံးချက်အပေါင်းကို ခဏငယ်သုံးချက်ခေါ်၏။ အတီတဘဝင်ဟူသော စိတ်တစ်ခုကို စိတ္တက္ခဏ တစ်ချက်ခေါ်၏။ ထို့ကြောင့်အတီတဘဝင်စိတ်သည် ခဏငယ်အားဖြင့် စိတ္တက္ခဏသုံးချက် အသက်ရှည်၏။ ခဏကြီး (စိတ္တက္ခဏ)အားဖြင့် တစ်ချက်သာ အသက်ရှည်၏။

ဤသို့စသည်ဖြင့် အတီတဘဝင်မှစ၍ ဒုတိယတဒါရုံအထိရေတွက်လျှင် စိတ္တက္ခဏ (၁၇) တစ်ဆယ့်ခုနစ်ချက်ရှိနေသည်ကို တွေ့ရလိမ့်မည်။ ထိုစိတ္တက္ခဏ (၁၇) ချက်သည် ရုပ်တရားတစ်ခု၏အသက်ဖြစ်၏။ ထိုသို့ရုပ်၏အသက်ကို စိတ္တလက္ခဏာ (၁၇) ချက်ဖြင့် သတ်မှတ်ရခြင်းကြောင့် မျက်စိအကြည်ဓါတ်၌ တင်လာသော ရူပါရုံသည် အတီတဘဝင်မှစ၍ ဒုတိယ တဒါရုံ၏ဘင်ခဏသို့ ရောက်လျှင် စိတ္တက္ခဏ (၁၇) ချက်ပြည့်ခြင်းကြောင့် ချုပ်သွား၏။ ဤသို့လျှင် ထင်လာသော ရူပါရုံ၏အသက်သည် စိတ္တက္ခဏ (၁၇) ချက်အသက်ရှည်သော ကြောင့် စိတ္တက္ခဏတစ်ချက်တွင် ခဏငယ်သုံးချက်စီရှိသဖြင့် စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက်ကိုတည် သုံးဖြင့်မြှောက်လျှင် ( ၁၇ × ၃ = ၅၁ ) ငါးဆယ့်တစ် ချက်ဖြစ်၏။ ထိုငါးဆယ့်တစ်ချက်သည် ခဏငယ်အားဖြင့် ရူပါရုံ၏အသက်ဖြစ်၏။

ထို့ကြောင့် ရုပ်တရား သည် စိတ္တက္ခဏ (ခဏကြီး)အားဖြင့် (၁၇) ချက်အသက် ရှည်ပြီး ခဏငယ်အားဖြင့် (၅၁) ချက် အသက်ရှည်သည်ဟု မှတ်ရမည်။

ရုပ်၏ဥပါဒ်ခဏနှင့် စိတ်၏ဥပါဒ်ခဏသည် အချိန်ကာလချင်းတူကြ၏။ ရုပ်၏ဘင်ခဏနှင့် စိတ်၏ဘင်ခဏသည်လည်း အချိန်ကာလချင်းတူကြ၏။ ထို့ကြောင့် အတီတဘဝင်၏ဥပါဒ်ခဏသည် အတီတဘဝင်စိတ်၏ ဥပါဒ် (စတင်ဖြစ်) ချိန်ဖြစ်သကဲ့သို့ ရူပါရုံ၏ဥပါဒ် (စတင်ဖြစ်) ချိန်လည်းဖြစ်၏။ ဒုတိယတဒါရုံ၏ဘင်ခဏသည် ဒုတိယတဒါရုံ၏ ပျက်ချိန်ဖြစ်သကဲ့သို့ ရူပါရုံ၏ ဘင်ခဏ (ပျက်ချိန်) လည်းဖြစ်၏။ ထို့ကြောင့် ခဏငယ် (၅၁) တွင် အတီတဘဝင်၏ ဥပါဒ်ခဏနှင့် ဒုတိယတဒါရုံ၏ဘင်ခဏကိုနုတ်လျှင် (၄၉) ချက်ကျန်၏။ ထိုခဏငယ် (၄၉) ချက်သည် ရူပါရုံ မပျက်မစီးဘဲ တည်တံ့နေသောဌီခဏဖြစ်၏။ ထို (၄၉)ချက် မှာ အတီတဘဝင်၏ ဌီခဏမှစ၍ ဒုတိယတဒါရုံ၏ ဌီခဏအတွင်းဖြစ်၏။ စိတ်၏ဌီခဏ (တည်တံ့ချိန်) သည် ခဏငယ်တစ်ချက်သာရှိပြီး ရုပ်၏ဌီခဏ (တည်တံ့ ချိန်) သည် ခဏငယ် (၄၉) ချက်ရှိသောကြောင့် လူ၏သန္တာန်၌ စိတ်သည် အပျက်လျင်မြန်ပြီး အသက်တိုလှ၏။ ရုပ်သည်အပျက်နှေးကွေးနေပြီး အသက်ပိုရှည်၏။

ရူပါရုံက စက္ခုပသာဒ၌ထင်လာပြီးနောက် ဒုတိယတဒါရုံ၏ ဘင်ခဏသို့ရောက်သောအခါ စိတ္တက္ခဏ (၁၇) ချက်ပြည့်ခြင်းကြောင့် ထင်လာသောရူပါရုံသည်လည်းကောင်း၊ ရူပါရုံထိခိုက်ထင်လာခဲ့သော စက္ခုပသာဒ (မျက်စိအကြည်ဓါတ်) ရုပ်သည်လည်းကောင်း ချုပ်ပျောက်သွားကြ၏။ ဤနည်းဖြင့် လူ၏သန္တာန်၌ရှိနေသော စက္ခုပသာဒ (မျက်စိအကြည်ဓါတ်) ရုပ်သည် အဟောင်းပျက် အသစ်ဖြစ်ခြင်းဖြင့် ခန္ဓာကိုယ်၌အမြဲပြောင်းလဲနေ၏။

အခြားနားအကြည်ဓါတ်၊ နှာခေါင်းအကြည်ဓါတ်၊ လျှာအကြည်ဓါတ်၊ ခန္ဓာကိုယ်အကြည်ဓါတ်များ၌လည်း သက်ဆိုင်ရာအာရုံတရားများ ထိခိုက်ထင်လာပြီးနောက် စိတ္တက္ခဏ (၁၇) ချက်ပြည့်သောအခါ ပျက်သွားကြ၏။

ဤနည်းဖြင့် လူ၏ခန္ဓာကိုယ်၌ ပတ်ဝန်းကျင်အာရုံတရားများ ဆက်သွယ်လျက် နာမ်ရုပ်တရားများ အဟောင်းပျက် အသစ်ဖြစ်လျက် မြစ်ရေပမာ အဆက်မပြတ် အမြဲပြောင်းလဲနေကြ၏။

စာရေးသူသည် ငယ်စဉ်က ဗုဒ္ဓကသခ်ါရဓာရားများ အမြဲပြောင်းလဲ ပျက်စီးနေကြသည်ဟု ဟောကြားတော်မူ၏။ သို့သော်လူ၏မျက်စိ၊ နားစသော အကြည်ဓါတ်များ အမိဝမ်းမှမွေးဖွားစဉ်ကပင်ပါရှိလာပြီး မပျက်စီးဘဲ အမြဲရှိနေသည်၊ လူသေမှပျက်စီးသွားကြသည်ဟု ယူဆခဲ့၏။ ဗုဒ္ဓအဘိဓမ္မာ ကျွမ်းကျင်လာပြီးမှသာ အဆိုပါရုပ်တရားများ ထာဝစဉ်ဖြစ်ပျက်ပြောင်းလဲနေသည်ဟု သဘောပေါက်လာခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဖြစ်ရခြင်းအတွက် မိမိဘဝကို လွန်စွာကျေနပ် မိ၏။ မိမိ၏ရဟန်းဘဝ၊ ဗုဒ္ဓဘာသာဘဝကို မည်သည့်အရာနှင့်မျှ မလဲနိုင်ပေ။ ဗုဒ္ဓတရားတော်၌ လူ၏ခန္ဓာကိုယ်ကို **''ဓမ္မသန္တတိ''** = ထာဝစဉ် ပြောင်းလဲနေသော ပရမတ်တရားများဖြစ်ပျက်အစဉ်ဟုခေါ်၏။ **''ဓမ္မပုဉ္ဇ''** = ပရမတ်တရားများကို စုပုံထားသော ''ပရမတ်တရား အစုအပုံ'' ဟုလည်း ခေါ်၏။ စပါးစေ့များစွာကို စုပုံထားသောအရာကို စပါးပုံခေါ်သကဲ့သို့ပင်ဖြစ်၏။ ထိုသို့အကြောင်း အကျိုးဆက်သွယ်လျက် စိတ်တရားများရှေ့နောက်စဉ်ကာ ဖြစ်ပျက်နေခြင်းကို ဗုဒ္ဓအဘိဓမ္မာ၌ **စိတ္တနိယာမ** ခေါ်၏။ ဤသို့စိတ်များ ရှေ့နောက်စဉ်ကာ ဖြစ်နေ ခြင်းသည် လောက၌ စိတ်၏ဖြစ်မြဲထုံးစံဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

မသိမှုအဝိဇ္ဇာ အမှောင်ထုလွှမ်းမိုးခံနေရခြင်းကြောင့် ကမ္ဘာ့လူသားများ သည် ဤပရမတ်တရားများ၏ ဖြစ်စဉ်ကို မသိမြင်နိုင်ကြပေ။ ထိုသို့မသိမြင်ခြင်း ကြောင့် လူကိုဖန်ဆင်းရှင်က ဖန်ဆင်းထားသည်၊ ဖန်ဆင်းရှင်ကို ကိုးကွယ်လျှင် မိမိလွန်ကျူးသောပြစ်မှုများကို ဖန်ဆင်းရှင်ကခံလိမ့်မည်ဟု ယုံကြည်ပြီး ခန္ဓာကိုယ်၌ဖြစ်နေသော နာမ်ရုပ်အစဉ်ကို ငါဟုအထင်မှားကာ အသက်ရှင်နေစဉ် ဒုစရိုက်မျိုးစုံကို ပျော်ရွှင်စွာပြုလုပ်နေကြ၏။ သနားစရာကောင်းလှ၏။ ဤဖန် ဆင်းရှင်ဝါဒသည် လူ့လောက၌ ဒုစရိုက်မျိုးစုံဖြစ်ပွားလာရေးအတွက် လမ်းဖွင့် ပေးသော ဝါဒသာဖြစ်၏။

စက္ခုဒွါရ၌ဝီထိစိတ်အမျိုးအစား ( ၇ ) ပါး

၁။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်
၂။ စက္ခုဝိညာဏ်စိတ်
၃။ သမ္ပဋိစ္ဆိုန်းစိတ်
၄။ သန္တီရဏစိတ်
၅။ ဝုဋ္ဌောစိတ်
၆။ ဇောစိတ်
၇။ တဒါရုံစိတ်

စက္ခုဒွါရ၌ဝီထိစိတ်အကြိမ် (၁၄) ပါး

| | | | |
|---|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ | ကြိမ် |
| ၂။ | စက္ခုဝိညာဏ်စိတ် | ၁ | ကြိမ် |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၁ | ကြိမ် |
| ၄။ | သန္တီရဏစိတ် | ၁ | ကြိမ် |
| ၅။ | ဝုဋ္ဌောစိတ် | ၁ | ကြိမ် |
| ၆။ | ဇောစိတ် | ၇ | ကြိမ် |
| ၇။ | တဒါရုံစိတ် | ၂ | ကြိမ် |
| | ပေါင်း | ၁၄ | ကြိမ် |

အကျယ်သရုပ်အားဖြင့် ဝီထိစိတ် (၄၆) ပါး

| | | | |
|---|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ | ပါး |
| ၂။ | စက္ခုဝိညာဏ်စိတ် | ၂ | ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ | ပါး |

| | | | |
|---|---|---|---|
| ၄။ | သန္တီရဏစိတ် | ၃ | ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁ | ပါး |
| ၆။ | ကာမဇောစိတ် | ၂၉ | ပါး |
| ၇။ | တဒါရုံမဟာဝိပါတ်စိတ် | ၈ | ပါး |
| | **ပေါင်း** | **၄၆** | **ပါး** |

**မှတ်ချက်** ။ ဤစက္ခုဒွါရဝီထိ၌ဖြစ်သော စိတ်–၄၆ ပါးသည် ပကိဏ်းပိုင်း ဒွါရသင်္ဂဟ၌ပြခဲ့သော စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆ ပါးပင် ဖြစ်၏။

**အာရုံဖြင့်ဝေဖန်ပုံ**

စက္ခုဒွါရဝီထိတွင် ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်ဂတိနိမိတ်သုံးပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၏။

စက္ခုဒွါရိကဝီထိစိတ် ၄၆ ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

**ဝတ္ထုဖြင့်ဝေဖန်ပုံ**

၁။ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ စက္ခုဝိညာဏ်မှ ကြွင်းသောစိတ်တို့သည် မိမိရှေ့၌ဖြစ်သောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။

အတီတဘဝင်စသော စိတ်များ သည် မိမိရှေ့ကဖြစ်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အောက်ပါအတိုင်းမှီကြပါသည်။

၁။ အတီတဘဝင်သည် မိမိရှေ့ကဘဝင်စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုကိုမှီ၏။

၂။ ဘဝင်္ဂစလနသည် အတီတဘဝင်နှင့်အတူ ဥပါဒ်သောဟဒယ်ဝတ္ထုကို မှီ၏။

၃။ ဘဝင်္ဂုပစ္ဆေဒသည် ဘဝင်္ဂစလနနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၄။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်္ဂုပစ္ဆေဒနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို မှီ၍။

၅။ သမ္ပဋိစ္ဆိုန်းစိတ်သည် စက္ခုဝိညာဏ်စိတ်နှင့်အတူ ဥပါဒ်သောဟဒယ ဝတ္ထုကိုမှီ၍။

၆။ သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုန်းစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ကို မှီ၍။

၇။ ဝုဋ္ဌောစိတ်သည် သန္တီရဏစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၈။ ပထမဇောသည် ဝုဋ္ဌောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၉။ ဒုတိယဇောသည် ပထမဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၀။ တတိယဇောသည် ဒုတိယဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၁။ စတုတ္ထဇောသည် တတိယဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၂။ ပဉ္စမဇောသည် စတုတ္ထဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၃။ ဆဋ္ဌမဇောသည် ပဉ္စမဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၄။ သတ္တမဇောသည် ဆဋ္ဌမဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၅။ ပထမတဒါရုံသည် သတ္တမဇောနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍။

၁၆။ ဒုတိယတဒါရုံသည် ပထမတဒါရုံစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု ကိုမှီ၍။

**အမှာ ။** သောတဒွါရိကဝီထိစိတ်စသည်တို့ကိုလည်း စက္ခုဒွါရဝီထိကို နည်းမှီ၍ အာရုံဝတ္ထုတို့ဖြင့် ဝေဖန်လေ။ ပကိဏ်းပိုင်းအာရမ္မဏ ဝတ္ထုသင်္ဂဟတို့ကိုကြည့်၍ ဝေဖန်ရမည်။

**စက္ခုဒွါရိကအတိ မဟန္တာရုံဝီထိပြီး၏။**

* * * * *

## သောတဒွါရဝီထိစသည်တို့အတွက်ဆိုရိုး

သောတဒွါရဝီထိစသည်တို့ကို ချသောအခါ စက္ခုဝိညာဏ်နေရာ၌ သောတဝိညာဏ်စသည်တို့ကို အစားထိုးလဲလှယ်ရုံသာထူး၏။ ဝီထိဆိုရိုးကိုလည်း အောက်ပါအတိုင်း အနည်းငယ်ပြင်ဆိုရမည်။

## သောတဒွါရဝီထိဆိုရိုး

သဒ္ဒါရုံနှင့် သောတပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် သောတပသာဒ၌ သဒ္ဒါရုံထင်ခြင်းသို့ရောက်သဖြင့် (ပ) သဒ္ဒါရုံနှင့် သောတပသာဒတို့ ၁၇ ချက်ရပ် သက်စေ့ရကား (ပ) သောတဒွါရိကအတိမဟန္တာရုံဝီထိမည်၏။

## ဃာနဒွါရဝီထိဆိုရိုး

ဂန္ဓာရုံနှင့် ဃာနပသာတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် ဃာနပသာဒ၌ ဂန္ဓာရုံတင်ခြင်းသို့ရောက်သဖြင့် (ပ) ဂန္ဓာရုံ ဃာနပသာတို့ ၁၇ ချက် ရပ်သက်စေ့ရကား (ပ) ဃာနဒွါရိကအတိမဟန္တာရုံ ဝီထိမည်၏။

## ဇိဝှာဒွါရဝီထိဆိုရိုး

ရသာရုံနှင့် ဇိဝှါပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် ဇိဝှါပသာဒ၌ ရသာရုံထင်ခြင်းသို့ ရောက်သဖြင့် (ပ) ရသာရုံဇိဝှါပသာဒတို့ ၁၇ ချက် ရပ်သက်စေ့ရကား (ပ) ဇိဝှါဒွါရိက အတိမဟန္တာရုံ ဝီထိမည်၏။

## ကာယဒွါရဝီထိဆိုရိုး

ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်ကွင် ကာယပသာဒ၌ ဖောဋ္ဌဗ္ဗာရုံထင်ခြင်းသို့ရောက်သဖြင့် (ပ) ဖောဋ္ဌဗ္ဗာရုံ ကာယပသာဒတို့ ၁၇ ချက် ရပ်သက်စေ့ရကား (ပ) ကာယဒွါရိက

အတိမဟန္တာရုံဝီထိမည်၏။

## အတိမဟန္တာရုံဝီထိ။

* * * * *

## မဟန္တာရုံဝီထိ

စိတ္တက္ခဏ နှစ်ချက်သုံးချက်လွန်ပြီးမှ စက္ခုပသာဒ၌ ထင်လာခြင်းကြောင့် တဒါရုံနှစ်ကြိမ်ဖြစ်သည့်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်သောအာရုံသည် မဟန္တာရုံမည်၏။

စက္ခုဝိညာဏ်စိတ်ဖြစ်ကြောင်း တရားလေးပါးတွင် စက္ခုပသာဒဖြစ်စေ၊ ရူပါရုံဖြစ်စေ၊ အလင်းရောင်ဖြစ်စေ အကြောင်းတစ်ခုခုသည် အတိမဟန္တာရုံလောက် အားမကောင်းသောကြောင့် စိတ္တက္ခဏနှစ်ချက်၊ သုံးချက်လွန်ပြီးမှ ထင်လာနိုင်သည်ဟုမှတ်။ ထိုအကြောင်းတရားသုံးပါးတို့ အင်အားကောင်းလျှင် စိတ္တက္ခဏနှစ်ချက်လွန်၍ အာရုံထင်လာ၏။ ထိုမျှလောက် အားမရှိလျှင် စိတ္တက္ခဏသုံးချက်လွန်ပြီးမှ အာရုံထင်လာနိုင်၏။

## မဟန္တာရုံဝီထိနှစ်မျိုး

ဤမဟန္တာရုံဝီထိ၌ စိတ္တက္ခဏနှစ်ချက်၊ သုံးချက်လွန်ပြီးမှ အာရုံထင်လာနိုင်ခြင်းကြောင့် မဟန္တာရုံဝီထိသည်

၁။ အတီတဘဝင် နှစ်ကြိမ်လွန်သော ပထမ မဟန္တာရုံဝီထိ၊

၂။ အတီတဘဝင် သုံးကြိမ်လွန်သော ဒုတိယ မဟန္တာရုံဝီထိ၊

ဤသို့ နှစ်ဝီထိပြား၏။

အတီတဘဝင်နှစ်ကြိမ်လွန်သော ပထမ မဟန္တာရုံဝီထိအဆုံး၌ ဘဝင်တစ်ကြိမ်ချပေးရမည်။ ဤမဟန္တာရုံဝီထိကို အဆုံးဖြစ်သောဇောဖြင့် သတ်မှတ်အပ်သောကြောင့် ဇဝနဝါရခေါ်၏။

## စက္ခုဒွါရိကပထမ မဟန္တာရုံဝီထိဖြစ်ပုံဆိုရိုး ကျက်ရန်

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်နှစ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်စလန, ဘဝင်ပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော ဇောခုနစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်တစ်ကြိမ်အကျတွင် ရူပါရုံ၊ စက္ခုပသာဒတို့ ၁၇ ချက်ရုပ်သက်စေ့ရကား ပထမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်ဖြစ်သင့်သမျှဖြစ်၏။

## စက္ခုဒွါရိကမဟန္တာရုံ ၂ ဝီထိပုံ

၁။ တီတီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ တီတီတီ နဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ

**မှတ်ချက်။** ဝီထိစိတ်အမျိုးအစားခွဲပုံ စသည်သည် အတိမဟန္တာရုံဝီထိနှင့်တူ၏။ တဒါရုံနှစ်ကြိမ် မပါရုံသာထူး၏၊ အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပုံကိုလည်း အတိမဟန္တာရုံအတိုင်းပင်ဖြစ်၏။

## ပရိတ္တာရုံဝီထိ

စက္ခုပသာဒအားနည်းခြင်း၊ ရူပါရုံသေးငယ်မှုန်မွှားခြင်း၊ အလင်းရောင်အားနည်းခြင်းဟူသော အကြောင်းတရား သုံးပါးသော်လည်းကောင်း၊ နှစ်ပါးသော်လည်းကောင်း ပြည့်စုံနေသောကြောင့် ဇောခုနစ်ကြိမ်ဖြစ်သည်တိုင်အောင်ပင် မတည်နိုင်ဘဲ အနည်းဆုံး အတီတဘဝင် လေးကြိမ်လွန်ပြီးမှ ထင်လာသော အာရုံသည် နည်းသော စိတ္တက္ခဏရှိသောကြောင့် ပရိတ္တာရုံမည်၏။

ဤပရိတ္တာရုံဝီထိ၌ ဇောမဖြစ်ခြင်းကြောင့် ဝုဋ္ဌောစိတ်နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ရ၏။ ပရိတ္တာရုံဝီထိ၌ အနည်းဆုံး ဝုဋ္ဌောစိတ်နှစ်ကြိမ်ဖြစ်ရဦးမည်ဖြစ်၍ အတီတဘဝင် ၉ ချက်ထက်ပို၍လည်း မဖြစ်သင့်ပါ။ ထို့ကြောင့် ပရိတ္တာရုံဝီထိ

၅ အတီတဘဝင်လေးချက်မှ ၉ ချက်အထိသာဖြစ်သင့်၍ ပရိတ္တာရုံဝီထိ ၆ ဝီထိရှိနိုင်၏။

## ပရိတ္တာရုံဝီထိ ၆ မျိုး

၁။ အတီတဘဝင် ၄ ကြိမ်လွန်သော ပထမပရိတ္တာရုံဝီထိ၊
၂။ အတီတဘဝင် ၅ ကြိမ်လွန်သော ဒုတိယပရိတ္တာရုံဝီထိ၊
၃။ အတီတဘဝင် ၆ ကြိမ်လွန်သော တတိယပရိတ္တာရုံဝီထိ၊
၄။ အတီတဘဝင် ၇ ကြိမ်လွန်သော စတုတ္ထပရိတ္တာရုံဝီထိ၊
၅။ အတီတဘဝင် ၈ ကြိမ်လွန်သော ပဉ္စမပရိတ္တာရုံဝီထိ၊
၆။ အတီတဘဝင် ၉ ကြိမ်လွန်သော ဆဋ္ဌမပရိတ္တာရုံဝီထိ။

## စက္ခုဒွါရိက ပထမပရိတ္တာရုံဝီထိဆိုရိုး
## ကျက်ရန်

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဉပါဒ်ကြသည်မှစ၍ အတီတဘဝင် လေးကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော သုံးကြိမ်ဖြစ်ပြီး၍ ဘဝင်လေးကြိမ်ကျပြီးနောက် ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇ ချက်ရုပ်သက်စေ့ရကား စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ချုပ်ကြ၏။

## စက္ခုဒွါရိကပရိတ္တာရုံ ၆ ဝီထိပုံ

၁။ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ ဘ
၂။ တီတီတီတီတီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ ဘ
၃။ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ ဘ
၄။ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု ဘ
၅။ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု ဝု
၆။ တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ ဏ ဝု ဝု

**မှတ်ချက်**။ ဤဝီထိ၌ ရူပါရုံသည် အနည်းဆုံး စိတ္တက္ခဏ လေးချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် ထင်လာသည်မှစ၍ ရေတွက်လျှင် အများဆုံး စိတ္တက္ခဏ ၁၃ ချက်၊ အနည်းဆုံး ၈ ချက်မျှသာ အသက်ရှည်၏။ ဤသို့ နည်းသော စိတ္တက္ခဏရှိသောကြောင့် ပရိတ္တာရုံဝီထိခေါ်၏။

အဆုံးဖြစ်သော ဝုဋ္ဌောစိတ်ဖြင့် သတ်မှတ်အပ်သောကြောင့် ဤဝီထိကို ဝေါဋ္ဌဗ္ဗနဝါရခေါ်၏။

**ဆောင်**။ ပရိတ္တာထုံး၊ ဝုဋ္ဌောဆုံး၊ နှစ်,သုံးအကြိမ်သာ။

**မှတ်ချက်**။ ဝီထိစိတ်အမျိုးအစားခွဲခြားပုံ စသည်သည် အတိမဟန္တာရုံဝီထိနှင့် တူ၏။ သို့သော် ဤဝီထိ၌ ဇောစိတ်နှင့် တဒါရုံစိတ် မပါဝင်သဖြင့် ဝီထိစိတ်ငါးမျိုးသာရှိသည်ကို သတိပြုရမည်။

## အတိပရိတ္တာရုံဝီထိ

စက္ခုပသာဒအလွန်အားနည်းခြင်း၊ ရူပါရုံလွန်စွာသေးငယ်မှုန်မွှားခြင်း၊ အလင်းရောင် လွန်စွာအားနည်းခြင်းဟူသော အကြောင်းများကြောင့် ဝုဋ္ဌောစိတ် နှစ်ကြိမ်ဖြစ်သည်တိုင်အောင်ပင် တည်နေခြင်းငှာ မစွမ်းနိုင်ဘဲ အနည်းဆုံး အတီတဘဝင် ဆယ်ကြိမ်လွန်ပြီးမှ ထင်လာသောအာရုံသည် အလွန်နည်းသော စိတ္တက္ခဏရှိသောကြောင့် အတိပရိတ္တာရုံမည်၏။

ဤအတိပရိတ္တာမုံဝီထိ၌ ဝီထိစိတ် လုံးဝမဖြစ်တော့ဘဲ ဘဝင်နှစ်ကြိမ် လှုပ်ရုံသာလှုပ်၏။ ထို့ကြောင့် အတီတဘဝင် (၁၅) ကြိမ်အထိ ချနိုင်၏။ အတီတဘဝင် (၁၀) ကြိမ်မှ (၁၅) ကြိမ်အထိ ချနိုင်သောကြောင့် အတိပရိတ္တာရုံဝီထိသည် ၆ မျိုးပြား၏။

## အတိပရိတ္တာရုံဝီထိ ၆ မျိုး

၁။ အတီတဘဝင် ၁၀–ကြိမ်လွန်သော ပထမအတိပရိတ္တာရုံဝီထိ၊

၂။ အတီတဘဝင် ၁၁–ကြိမ်လွန်သော ဒုတိယအတိပရိတ္တာရုံဝီထိ၊

၃။ အတီတဘဝင် ၁၂–ကြိမ်လွန်သော တတိယအတိပရိတ္တာရုံဝီထိ၊
၄။ အတီတဘဝင် ၁၃–ကြိမ်လွန်သော စတုတ္ထအတိပရိတ္တာရုံဝီထိ၊
၅။ အတီတဘဝင် ၁၄–ကြိမ်လွန်သော ပဉ္စမအတိပရိတ္တာရုံဝီထိ၊
၆။ အတီတဘဝင် ၁၅–ကြိမ်လွန်သော ဆဋ္ဌမအတိပရိတ္တာရုံဝီထိ။

## စက္ခုဒွါရိကပထမအတိပရိတ္တာရုံဝီထိဆိုရိုး

ရူပါရုံနှင့် စက္ခုပသာဒတို့ ရေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ဆယ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလနနှစ်ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ်မဖြစ်ဘဲ ဘဝင်ဆက်၍ဖြစ်ပြီးလျှင် ဘဝင်ငါးကြိမ်ကျပြီးသောအခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇ ချက် ရုပ်သက်စေ့ရကား ဘဝင်္ဂစလန နောင်ပဉ္စမဘဝင်၏ ဘင်နှင့်ပြိုင်၍ချုပ်ကြ၏။

## စက္ခုဒွါရိကအတိပရိတ္တာရုံ ၆ ဝီထိပုံ

၁။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ ဘ
၂။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ ဘ
၃။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ ဘ
၄။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ ဘ
၅။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ဘ
၆။ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န

**မှတ်ချက်**။ ဤဝီထိ၌ ရူပါရုံသည် အနည်းဆုံး စိတ္တက္ခဏ ၁၀ ချက် အများဆုံး ၁၅ ချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် ထင်လာသည်မှစ၍ ရေတွက်လျှင် အများဆုံး စိတ္တက္ခဏ ၇ ချက်၊ အနည်းဆုံး စိတ္တက္ခဏနှစ်ချက်မျှသာ အသက်ရှည်၏။ ဤသို့ အလွန်နည်းသော စိတ္တက္ခဏရှိသောကြောင့် အတိပရိတ္တာရုံဝီထိခေါ်၏။

ဝီထိစိတ် လုံးဝမဖြစ်သောကြောင့် ဤဝီထိကို မောဃဝါရခေါ်၏။

## စက္ခုဒွါရဝီထိ ၁၅

| | | | |
|---|---|---|---|
| ၁။ | အတိမဟန္တာရုံဝီထိ | ၁ | – ဝီထိ |
| ၂။ | မဟန္တာရုံဝီထိ | ၂ | – ဝီထိ |
| ၃။ | ပရိတ္တာရုံဝီထိ | ၆ | – ဝီထိ |
| ၄။ | အတိပရိတ္တာရုံဝီထိ | ၆ | – ဝီထိ |
| | **ပေါင်းစက္ခုဒွါရဝီထိ** | ၁၅ | – ဝီထိ |

## စက္ခုဒွါရိကဝီထိပြီး၏။

* * * * *

## ပဉ္စဒွါရိကဝီထိ ၇၅

သောတဒွါရဝီထိ စသည်တို့သည်လည်း စက္ခုဒွါရဝီထိကဲ့သို့ ၁၅ မျိုးစီပြားကြ၏။ ထို့ကြောင့် ပဉ္စဒွါရဝီထိသည် အောက်ပါအတိုင်း ၇၅ ဝီထိပြား၏။

| | | |
|---|---|---|
| ၁။ | စက္ခုဒွါရဝီထိ | ၁၅ |
| ၂။ | သောတဒွါရဝီထိ | ၁၅ |
| ၃။ | ဃာနဒွါရဝီထိ | ၁၅ |
| ၄။ | ဇိဝှာဒွါရဝီထိ | ၁၅ |
| ၅။ | ကာယဒွါရဝီထိ | ၁၅ |
| | **ပေါင်း ပဉ္စဒွါရဝီထိ** | ၇၅ |

**ဆောင်။** အတိမဟန်၊ တစ်ချက်လွန်၊ မဟန်နှစ်,သုံးသာ။
လေးကအစ၊ ကိုးတိုင်မျှ၊ လွန်ကပရိတ္တာ။
တစ်ဆယ်အာဒိ၊ ဆယ့်ငါးထိ၊ လွန်–တိပရိတ္တာ။

**မှတ်ချက်**။ နားရှုပ်မည်စိုးသဖြင့် ဇဝနဝါရ အတိမဟန္တာရုံနှစ်ဝီထိကို မပြခဲ့တော့ပေ။ လူသားများအနေဖြင့် ဖော်ပြခဲ့သော ဝီထိများကို လေ့လာရရုံဖြင့် ကျေနပ်လောက်ပါပြီ။ အာဂန္တုက ဘဝင်ကျသောဝီထိကို တဒါရမ္မဏနိယမ၌ပြထား၏။

## ပဥ္စဒွါရ၌ ဝီထိစိတ်အမျိုးအစား ၇ ပါး

၁။ ပဥ္စဒွါရာဝဇ္ဇန်းစိတ်၊

၂။ ပဥ္စဝိညာဏ်စိတ်၊

၃။ သမ္ပဋိစ္ဆိုန်းစိတ်၊

၄။ သန္တီရဏစိတ်၊

၅။ ဝုဋ္ဌောစိတ်၊

၆။ ဇောစိတ်၊

၇။ တဒါရုံစိတ်။

## ဝီထိစိတ်အကြိမ်အားဖြင့် ၁၄ ပါး

| | | | |
|---|---|---|---|
| ၁။ | ပဥ္စဒွါရာဝဇ္ဇန်းစိတ် | ၁ | – ကြိမ် |
| ၂။ | ပဥ္စဝိညာဏ်စိတ် | ၁ | – ကြိမ် |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၁ | – ကြိမ် |
| ၄။ | သန္တီရဏစိတ် | ၁ | – ကြိမ် |
| ၅။ | ဝုဋ္ဌောစိတ် | ၁ | – ကြိမ် |
| ၆။ | ဇောစိတ် | ၇ | – ကြိမ် |
| ၇။ | တဒါရုံစိတ် | ၂ | – ကြိမ် |
| | **ပေါင်း** | ၁၄ | – ကြိမ် |

## အကျယ်သရုပ်အားဖြင့်ဝီထိစိတ် ၅၄ ပါး

| | | | |
|---|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ | – ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ်စိတ် | ၁၀ | – ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ | – ပါး |
| ၄။ | သန္တီရဏစိတ် | ၃ | – ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁ | – ပါး |
| ၆။ | ကာမဇောစိတ် | ၂၉ | – ပါး |
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈ | – ပါး |
| | **ပေါင်းကာမစိတ်** | **၅၄** | **– ပါး** |

**မှတ်ချက်။** မဟန္တာရုံနှစ်ဝီထိ၌ တဒါရုံစိတ်မဖြစ်သောကြောင့် တဒါရုံစိတ်ကို ချန်၍ ကြွင်းသောစိတ် ၆ မျိုးကိုသာ ကောက်ရမည်။ ပရိတ္တာရုံ ဝီထိ၌ ဇောစိတ်နှင့် တဒါရုံစိတ်များ မဖြစ်သောကြောင့် ထိုဇောစိတ်နှင့် တဒါရုံ စိတ်ကို ချန်ထား၍ ကြွင်းသောစိတ်ငါးမျိုးကိုသာ ကောက်ရမည်။ သို့သော် ပရိတ္တာရုံဝီထိ၌ စိတ်အကြိမ်ကိုကောက်ရာ၌ ဝုဋ္ဌောစိတ်ကို သုံးကြိမ်၊ အနည်း ဆုံး နှစ်ကြိမ်ကောက်ရမည်။ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် လုံးဝမဖြစ်၊ ဘဝင်စိတ်သာဖြစ်၏။

## ပဉ္စဒွါရ၌သာဖြစ်သောစိတ်

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀ – ပါး |
| ၂။ | မနောဓါတ် | ၃ – ပါး |
| | **ပေါင်း** | **၁၃ – ပါး** |

**မှတ်ချက်။** အာရုံခြောက်ပါးထင်လာ ဆက်သွယ်လာရာ ဒွါရခြောက်ပါးရှိ၏။ ဒွေပဉ္စဝိညာဏ် ၁၀ နှင့် မနောဓါတ်သုံးပါးသည် ဘဝင်စိတ်ခေါ် သော မနောဒွါရ၌ လုံးဝမဖြစ်ပေ။ မျက်စိအကြည်ဓါတ် (စက္ခုဒွါရ)၊ နား

အကြည့်ဓါတ် (သောတဒွါရ)၊ နှာခေါင်းအကြည့်ဓါတ် (ဃာနဒွါရ)၊ လျှာအကြည့်ဓါတ် (ဇိဝှါဒွါရ)၊ ကိုယ်အကြည့်ဓါတ် (ကာယဒွါရ) ဟူသော ငါးဒွါရ၌သာဖြစ်သည်ဟု မှတ်ပါ။

## အမိဝမ်းတွင်းအောင်းနေစဉ် ဝီထိများ

အမိဝမ်းတွင်း၌ ကိန်းအောင်းနေသော ကလေးငယ်၏သန္တာန်၌ သောတဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိများသာဖြစ်နိုင်၏။ အမိဝမ်း၌ အလင်းရောင်မရှိသောကြောင့် စက္ခုဒွါရဝီထိမဖြစ်နိုင်၊ အမိဝမ်းတွင်း၌ ရှိနေသော ကလေးသန္တာန်၌ ထွက်သက်ဝင်သက်မရှိသောကြောင့် ဃာနဒွါရဝီထိ မဖြစ်နိုင်။

## ပဉ္စဒွါရ၌ ဝိသယပ္ပဝတ္တိ ၄ မျိုးနှင့် ဝါရ ၄ မျိုးတွဲပြပုံ

| ဝိသယပ္ပဝတ္တိ | | ဝါရ |
|---|---|---|
| ၁။ | အတိမဟန္တာရုံ | တဒါရမ္မဏဝါရ |
| ၂။ | မဟန္တာရုံ | ဇဝနဝါရ |
| ၃။ | ပရိတ္တာရုံ | ဝေါဋ္ဌဗ္ဗနဝါရ |
| ၄။ | အတိပရိတ္တာရုံ | မောဃဝါရ။ |

**ဆောင်**။ တဒါနှင့်ဇော၊ ဝုဋ္ဌော–မောဃ၊ လေးဝါရ၊ ယှဉ်ကြစဉ်တိုင်းသာ။

## ''၆ ပုဂ္ဂိုလ်ခန်းမေးခွန်း''

၁။ ဥပါဒ်၊ ဥပါဒ်ခဏ၊ ဌီ၊ ဌီခဏ၊ ဘင်၊ ဘင်ခဏဟူသော အဘိဓမ္မာဝေါဟာရတို့ကို ဖွင့်ပြခဲ့ပါ။

၂။ စိတ်၏အသက်တမ်း၊ ရုပ်၏အသက်တမ်းတို့ကိုရေး၍ ဇရတာရုပ်၏ အသက်တမ်းကိုလည်း ရေးခဲ့ပါ။

၃။ ရုပ်၏ဌီခဏသည် ခဏငယ်အားဖြင့် မည်မျှရှိပါသနည်း၊ ဖြေဆို၍ ကာယ ဝိညာဏ်စိတ်ဖြစ်ကြောင်းတရားတို့ကို ဖော်ပြခဲ့ပါ။

၄။ နိယာမတရားငါးမျိုး၏ အဓိပ္ပာယ်ကိုရေးခဲ့ပါ။

၅။ အဘယ်တရားတို့ကို ကလလရေကြည်ခေါ်ပါသနည်း ဖြေဆို၍ အတိတ် ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားကြောင့် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်တစ်မျိုးတည်းဖြစ်ပါလျက် ပဋိသန္ဓေ စိတ်၊ ဘဝင်စိတ်ဟု အမည်နှစ်မျိုးဖြင့် ခေါ်ရပုံကို ရှင်းပြခဲ့ပါ။

၆။ ဘဝင်စိတ်ကို မနောဒွါရခေါ်ရခြင်းအကြောင်းကို ရှင်းပြခဲ့ပါ။

၇။ ဘဝင်စိတ်၏ တယ်လီဖုန်းနှင့်တူပုံကို ရှင်းပြခဲ့ပါ။

၈။ ဘဝင်စိတ်၏ အာရုံကိုဖော်ပြခဲ့ပါ။

၉။ စိတ်၊ စေတသိက်ဟူသော နာမ်တရားသည် ရုပ်တရားကိုမှီ၍ ဖြစ်လေ့ ရှိရာ လူဖြစ်ရန် ကလလရေကြည်အဖြစ် စတင်ဖွဲ့စည်းစဉ်က ပါဝင်ခဲ့ သော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် အဘယ်ရုပ်တရားကိုမှီ၍ ဖြစ်ခဲ့ကြပါသနည်း။

၁၀။ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဆိုရိုးကိုရေး၍၊ စိတ်တစ်ခုက အကျိုး တရား၊ အကြောင်းအရာနှစ်မျိုးဖြစ်နိုင်ပုံကို အများလက်ခံနိုင်အောင် ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

၁၁။ စိတ်၏ ဥပါဒ်ခဏ၊ ဘင်ခဏတို့သည် ရုပ်၏ ဥပါဒ်ခဏ၊ ဘင်ခဏတို့ နှင့် အချိန်ကာလခြားနားမှု ရှိမရှိ ဆုံးဖြတ်ခဲ့ပါ။

၁၂။ စက္ခုဒွါရဝီထိစိတ်တို့ကို အမျိုးအစား၊ အကြိမ်၊ သရုပ်အားဖြင့် ခွဲခြား၍ ဖော်ပြခဲ့ပါ။

၁၃။ စက္ခုဒွါရိက၊ ဝီထိစိတ်၊ သောတဒွါရိကဝီထိစိတ်တို့ကို အာရုံဖြင့် ဝေဖန်ပြ၍ သတ္တမဇော၏မှီရာဝတ္ထုကိုလည်း ဖော်ပြခဲ့ပါ။

၁၄။ မဟဒ္ဂတာရုံဝီထိ၌ အာရုံတရားများသည် အဘယ်ကြောင့် အတီတဘဝင် အဘယ်နှစ်ကြိမ်လွန်ပြီးမှ ထင်လာနိုင်ပါသနည်း။

၁၅။ အတိပရိတ္တာရုံဝီထိအပြားကိုရေး၍ ပဉ္စဒွါရ၌သာဖြစ်သောစိတ်တို့ကို ရေးခဲ့ပါ။

**ပဉ္စဒွါရဝီထိပြီး၏။**

* * * * *

## အခန်း (၃)

## တဒါရမ္မဏနိယမ

ဝီထိချရာ၌ မည်သည့်ဇောနောင်၊ မည်သည့်တဒါရုံစိတ်များ ဖြစ်သည်ဟု တဒါရုံကို ပိုင်းခြားသတ်မှတ်ပြရာအခန်းကို ''တဒါရမ္မဏနိယမ'' ခေါ်၏။

ဤအခန်း၌ တဒါရုံကိုသာမက ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ စိတ်တို့ကိုလည်း သတ်မှတ်ပြ၏။ သို့သော် ပဓာနနည်းအားဖြင့် တဒါရမ္မဏ နိယမဟု ခေါ်ရခြင်းဖြစ်၏။

### အာရုံသုံးမျိုး

အာရုံသည် အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၊ အတိဣဋ္ဌာရုံဟု သုံးမျိုးကွဲပြား ၏။

**အနိဋ္ဌာရုံ။** လူလတ်တန်းစားများ အလိုမရှိအပ်သောအာရုံကို အနိဋ္ဌာရုံ ခေါ်၏။ ကျင်ကြီး၊ ကျင်ငယ်၊ အသေကောင်ပုပ် စသော မကောင်း သောအဆင်း၊ မကောင်းသောအသံ၊ မကောင်းသောအနံ့၊ မကောင်းသော အရသာ၊ မကောင်းသောအတွေ့အထိများသည် အနိဋ္ဌာရုံများဖြစ်ကြ၏။

ယင်းအနိဋ္ဌာရုံများကို အချို့သောသတ္တဝါများ လိုလားနှစ်သက်ကြ သော်လည်း ယင်းအာရုံများသည် စင်စစ် အလိုမရှိထိုက်သော အာရုံများဖြစ် ကြ၏။

**ဣဋ္ဌမဇ္ဈတ္တာရုံ**။ လူလတ်တန်းစား ပုဂ္ဂိုလ်များသာမန်အလိုရှိအပ်သော အာရုံမျိုးကို ဣဋ္ဌမဇ္ဈတ္တာရုံခေါ်၏။ သာမန် လှပသော အဆင်း၊ သာမန် သာယာဖွယ်ကောင်းသောအသံ၊ သာမန်ကောင်းသောအနံ့၊ သာမန်ကောင်းသောအရသာ၊ သာမန်ကောင်းသော အတွေ့အထိ အာရုံများသည် ''ဣဋ္ဌမဇ္ဈတ္တာရုံ'' မည်၏။

**အတိဣဋ္ဌာရုံ**။ လူလတ်တန်းစား ပုဂ္ဂိုလ်များ အလွန်အလိုရှိအပ်သော အာရုံမျိုးကို အတိဣဋ္ဌာရုံခေါ်၏။ ဘုရားရှင် စသော အာရုံများနှင့် အလွန်လှပသော အဆင်း၊ အလွန်ကောင်းသော အသံ၊ အလွန်ကောင်းသောအနံ့၊ အလွန်ကောင်းသောအရသာ၊ အလွန်ကောင်းသောအတွေ့အထိ အာရုံများသည် အတိဣဋ္ဌာရုံမည်၏။

## အာရုံအားလျော်စွာ ဝိပါက်စိတ်များဖြစ်ပေါ်ပုံ

၁။ အတိတ်ဘဝများက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော အကုသိုလ်ကံတစ်မျိုးမျိုးသည် အကျိုးပေးခွင့်ရရှိသဖြင့် ပဝတ္တိအခါ အကျိုးပေးခြင်းကြောင့် လူတို့သည် မိမိအလိုမရှိအပ်သော မကောင်းသော အနိဋ္ဌာရုံများနှင့် တွေ့ကြုံကြရ၏။ ထိုသို့ အနိဋ္ဌာရုံများနှင့် တွေ့ရသောအခါ လူသားသန္တာန်၌ ဖြစ်ပေါ်လာကြသော ဝီထိစိတ်အစဉ်တွင် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံဝိပါက်စိတ်များသည် အကုသလဝိပါက်စိတ်များသာဖြစ်ကြ၏။

၂။ အတိတ်ဘဝများက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံတစ်မျိုးမျိုးသည် အကျိုးပေးခွင့်ရသဖြင့် ပဝတ္တိအခါ အကျိုးပေးခြင်းကြောင့် လူတို့သည် မိမိအလိုရှိအပ်သော ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံကြရ၏။ ထိုသို့ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံရသောအခါ လူသားသန္တာန်၌ ဖြစ်ပေါ်လာကြသော ဝီထိစိတ်အစဉ်တွင် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံဝိပါက်စိတ်များသည် အဟိတ်ကုသလဝိပါက်စိတ်နှင့်

မဟာဝိပါက်စိတ်များသာဖြစ်ကြ၏။

၃။ အတိတ်ဘဝများက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံတစ်မျိုးမျိုးသည် အကျိုးပေးခွင့်ရသဖြင့် ပဝတ္တိအခါအကျိုးပေးခြင်းကြောင့် လူတို့သည် မိမိအလွန်အလိုရှိအပ်သော ဘုရားရှင်နှင့် သံဃာတော်ကို ဖူးမြင်ရခြင်း၊ တရားနာရခြင်း အစရှိသော အတိဣဋ္ဌာရုံများနှင့် တွေ့ကြုံကြရ၏။ ထိုသို့ အတိဣဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ လူသားသန္တာန်၌ ဖြစ်ပေါ်ကြသော ဝီထိစိတ်အစဉ်တွင် သန္တီရဏနှင့် တဒါရုံဝိပါက်စိတ်များသည် သောမနဿသဟဂုတ်စိတ်များသာဖြစ်ကြ၏။ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းစိတ်များတွင် သောမနဿသဟဂုတ်စိတ်မရှိခြင်းကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံအတိုင်းပင် အဟိတ်ကုသလဝိပါက်စိတ်များဖြစ်ကြ၏။

## ဝိပါက်အမှန်ဇောအပြန်

ဝိပါက်စိတ်တို့၌ အာရုံအားလျော်စွာ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာယှဉ်မှု မြဲသည် မှန်ကန်သည်ကို ဝိပါက်အမှန်ခေါ်၏။

ကုသိုလ်၊ အကုသိုလ်ဇော်များ အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မမြဲသည်၊ မမှန်ကန်သည်ကို ဇောအပြန်ခေါ်၏။

ချဲ့ပါဦးမည်၊ မစင်အသေကောင်ပုပ်စသော အနိဋ္ဌာရုံများနှင့် တွေ့ကြုံရခြင်းသည် အတိတ်ဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် တွေ့ကြုံရခြင်းသာဖြစ်၏။ ထိုသို့ သဘာဝအနိဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ အကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းသန္တီရဏ၊ တဒါရုံစိတ်များ ဖြစ်ကြ၏။

သဘာဝဣဋ္ဌာရုံနှင့် အတိဣဋ္ဌာရုံတို့ကို တွေ့ကြုံခံစားရခြင်းသည် အတိတ်ဘဝက ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် တွေ့ကြုံခံစားရခြင်းပင်ဖြစ်၏။ ထိုတွင် သဘာဝဣဋ္ဌာရုံနှင့် တွေ့ကြုံရသောအခါ ကုသလဝိပါက်

ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

သဘာဝအတိဣဋ္ဌာရုံနှင့် တွေ့ကြုံရသော ကုသလဝိပါက် ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သောမနဿသဟဂုတ် သန္တီရဏ၊ သောမနဿသဟဂုတ် တဒါရုံ စိတ်များ ဖြစ်ကြ၏။ ဤသို့ ဝိပါက်စိတ်များ၌ အာရုံအားလျော်စွာ ဝေဒနာ ယှဉ်ပုံမြဲသည်၊ မှန်ကန်သည်ကို ဝိပါက်အမှန်ခေါ်၏။

အတိဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်ဇော၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်ဇော၊ အနိဋ္ဌာရုံ၌ ဒေါသဇောများ ဇောသင့်သော်လည်း ကုသိုလ်၊ အကုသိုလ်ဇောများသည် ဝိပလ္လာသ မကင်းသော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ခြင်းကြောင့် တစ်ခါတစ်ရံ ဘုရားစသော အတိဣဋ္ဌာရုံ နှင့်တွေ့သောအခါ တိတ္ထိ (ဘာသာခြား) များသန္တာန်၌ ဒေါသဇောဇော၏။

သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်များသန္တာန်၌ ဥပေက္ခာသဟဂုတ်ဇော ဇော၏။ မစင်၊ အသေကောင်ပုပ် စသော အနိဋ္ဌာရုံနှင့်တွေ့သောအခါ ခွေး၊ ကျီး စသော သတ္တဝါများသန္တာန်၌ သောမနဿသဟဂုတ်ဇောများ ဇောကြ၏။ ဤသို့ ကုသိုလ်၊ အကုသိုလ်ဇောများသည် အာရုံအားလျော်စွာ အခါခပ်သိမ်း ဝေဒနာယှဉ်ပုံမမြဲသည်၊ မမှန်ကန်သည်ကို ဇောအပြန်ဟုခေါ်ကြ၏။

## ဝိပါက်လည်းအမှန် ဇောလည်းအမှန်

ရဟန္တာပုဂ္ဂိုလ်များသန္တာန်၌ စိတ်ဖောက်ပြန်မှု (စိတ္တဝိပလ္လာသ) မရှိခြင်းကြောင့် အတိဣဋ္ဌာရုံနှင့် တွေ့ကြုံရသောအခါ သောမနဿသဟဂုတ် ကြိယာဇောဇော၍ ထိုသောမနဿသဟဂုတ်ကြိယာဇောအဆုံး၌ သောမနဿ သဟဂုတ်တဒါရုံစိတ်ဖြစ်၏။

ဣဋ္ဌမဇ္ဈတ္တာရုံ၊ အနိဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ ဥပေက္ခာ သဟဂုတ်ကြိယာဇောဇော၍၊ ထိုဥပေက္ခာသဟဂုတ်ကြိယာဇောအဆုံး၌ ဥပေက္ခာသဟဂုတ် တဒါရုံစိတ်များဖြစ်ကြ၏။ ဤသို့ ဇောရော ဝိပါက်ပါ

အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံမြသည်၊ မှန်ကန်သည်ကို ဝိပါက်လည်းအမှန်၊ ဇောလည်းအပြန်ဟုခေါ်၏။

## ဇောနောင်ဖြစ်သင့်သောတဒါရုံကိုသတ်မှတ်ခြင်း

၁။ ဝီထိချသောအခါ သောမနဿသဟဂုတ်ကြိယာဇော နောင် သောမနဿသဟဂုတ်တဒါရုံကိုသာ ချရမည်။ (၅)

၂။ ဥပေက္ခာသဟဂုတ်ကြိယာဇောနောင် ဥပေက္ခာသဟဂုတ်တဒါရုံကို ချရမည်။ (၆)

၃။ ဒေါမနဿသဟဂုတ်ဇော နောင် ဥပေက္ခာသဟဂုတ်တဒါရုံကို ချရမည်။ တဒါရုံမဖြစ်ဘဲ ဘဝင်ကိုချမည်ဆိုလျှင်လည်း ဥပေက္ခာသဟဂုတ် ဘဝင်စိတ်ကိုသာ ချရမည်။ (၆)

ဤသတ်မှတ်ချက်အရ ဇောနောင်တဒါရုံစိတ်များ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

## မဟာကြိယာသောမနဿသဟဂုတ်ဇော ၄ ပါး၊ ဟသိတုပ္ပါဒ် ဇော ၁ ပါး၊ ပေါင်း ၅ ပါး နောင်ဖြစ်သောတဒါရုံစိတ် ၅ ပါး

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်သန္တီရဏတဒါရုံစိတ် | ၁ – ပါး |
| ၂။ | မဟာဝိပါက်သောမနဿသဟဂုတ်တဒါရုံစိတ် | ၄ – ပါး |
| | ပေါင်း | ၅ – ပါး |

## မဟာကြိယာဥပေက္ခာသဟဂုတ်ဇော ၄ ပါး နောင်ဖြစ်သောတဒါရုံစိတ်

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ်သန္တီရဏတဒါရုံစိတ် | ၂ – ပါး |
| ၂။ | မဟာဝိပါက်ဥပေက္ခာသဟဂုတ်တဒါရုံစိတ် | ၄ – ပါး |
| | ပေါင်း | ၆ – ပါး |

ဒေါမနဿသဟဂုတ်ဇော နောင်ဖြစ်သောတဒါရုံစိတ်များ

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံစိတ် | ၂ – ပါး |
| ၂။ | မဟာဝိပါက်ဥပေက္ခာသဟဂုတ်တဒါရုံစိတ် | ၄ – ပါး |
| | ပေါင်း | ၆ – ပါး |

လောဘမူစိတ် ၈ ပါး၊ မောဟမူစိတ် ၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ပေါင်း ၁၈ ပါးသော ဇောနောင်ဖြစ်သောတဒါရုံ

| | | |
|---|---|---|
| ၁။ | သန္တီရဏစိတ် | ၃ – ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| | ပေါင်း | ၁၁ – ပါး |

ဆောင်။ ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊
ဒေါသာခြောက်နောက်၊ တဒါခြောက်တည်း၊
ကြိသောနောက်ငါး၊ ကွင်းငြားဆယ့်ရှစ်၊
ဇောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံပေါင်းတည်း။

## အာဂန္တုကဘဝင်ဝီထိ

တစ်ဘဝအတွက် သတ္တဝါတစ်ဦး၏သန္တာန်၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များသည် တစ်မျိုးတည်းသာဖြစ်ရ၏။ ဒေါသဇော၏အဆုံး၌ တဒါရုံစိတ်နှင့် ဘဝင်စိတ်များသည် ဥပေက္ခာသဟဂုတ်စိတ်များသာဖြစ်လျှင် သောမနဿပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေလာခဲ့သူ၏သန္တာန်၌ ဒေါသဇော အဆုံးမှာ တဒါရုံဖြစ်ခွင့်မရနိုင်ပေ။ ထိုသို့ တဒါရုံဖြစ်ခွင့်မရလျှင် ဘဝင်ကျရ ပေလိမ့်မည်။

ထိုဘဝင်စိတ်သည် ဒေါသဇောအဆုံး၌ ဥပေက္ခာဘဝင်ဖြစ်ရမည် ဟူသော သတ်မှတ်ချက်အရ ဥပေက္ခာဘဝင်ဖြစ်လျှင် မူလသောမနဿ ပဋိသန္ဓေစိတ်နှင့် ဆန့်ကျင်နေပြန်၏။ သောမနဿဘဝင်ဖြစ်ပြန်လျှင်လည်း

ဒေါသဇောနှင့် ဆန့်ကျင်နေပြန်၏။ ဤသို့ တဒါရုံလည်းမဖြစ်နိုင်၊ ဘဝင်လည်း မကျနိုင်ဘဲ အခက်ကြုံနေရသောအခါ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည် အာဂန္တုကဘဝင်ကိစ္စတပ်၍ဖြစ်ရ၏။ ထိုအာဂန္တုကဘဝင်ကိစ္စတပ်၍ ဖြစ်ရသော ဝီထိကို ''အာဂန္တုဘဝင်ဝီထိ'' ဟုခေါ်၏။

ဤဝီထိ၌ ထိုအာဂန္တုကဘဝင်ကိစ္စတပ်၍ဖြစ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ဖြစ်သည်ဟု မှတ်ပါ။

## အာဂန္တုကဘဝင်ကျသော စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ပုံဆိုရိုး ကျက်ရန်

သောမနဿသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သော တိဟိတ်စသော ပုဂ္ဂိုလ်၏သန္တာန်၌ ဘုရားအဆင်းတော်စသော အတိဣဋ္ဌအတိမဟန္တာရုံထင်လာ သည်ရှိသော် ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် တစ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက် သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဒေါသဇော ၇ ကြိမ်ဖြစ်ပြီးနောက် အာဂန္တုကဘဝင်တစ်ကြိမ် ဖြစ်၏။

ထို့နောက် မူလဘဝင်တစ်ကြိမ်ကျပြီးသောအခါ ရူပါရုံနှင့် စက္ခုပသာဒ တို့ ၁၇ ချက် ရုပ်သက်စေ့ကား ပထမမူလဘဝင်၏ ဘင်နှင့်ပြိုင်၍ချုပ်ကြ၏။

## အာဂန္တုကဘဝင်ကျသော စက္ခုဒွါရိကအတိမဟန္တာရုံဝီထိပုံ

တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ အာဘ

**မှတ်ချက်**။ အတိမဟန္တာရုံဝီထိသည် တဒါရုံအဆုံးရှိသော တဒါရမ္မဏဝါရ၊ ဇောအဆုံးရှိသော ဇဝနဝါရဟု နှစ်မျိုးပြား၏။ ဇဝနဝါရ အတိမဟန္တာ ရုံဝီထိသည် အာဂန္တုကဘဝင်ကျသော ဝီထိ၊ အာဂန္တုကဘဝင်မကျသော ဝီထိ ဟု နှစ်မျိုးပြားပြန်၏။ ထိုနှစ်မျိုးကိုထည့်လျှင် အတိမဟန္တာရုံသုံးဝီထိ၊ မဟန္တာရုံ

ဝီထိလေးဝီထိဖြစ်လာ၏။ ပဉ္စဒွါရဝီထိကို ရေတွက်စဉ်က အဆိုပါနှစ်ဝီထိကို ထည့်သွင်း၍ မရေတွက်ခဲ့ပါ။ ထည့်သွင်းရေတွက်လျှင် စက္ခုဒွါရဝီထိ ၁၉ ဝီထိ စသည်ဖြင့် ဖြစ်လာလိမ့်မည်။ ဤဝီထိနှစ်မျိုးကို ထည့်သွင်းရေတွက်လျှင် အဘိဓမ္မာကို လေ့လာစပုဂ္ဂိုလ်များအဖို့ ဝီထိစိတ်အစဉ်ကို ချသောအခါ ပုံသေ သတ်မှတ်၍ မရနိုင်သဖြင့် ရှုပ်ထွေးလာဖွယ်ရာရှိ၏။ ထို့ကြောင့် မပြခဲ့ခြင်းဖြစ်၏။

အာဂန္တုကဘဝင်မကျသော ဇဝနဝါရအတိမဟန္တာရုံဝီထိသည် ကမဘုံ သား သတ္တဝါများသန္တာန်၌လည်း ဖြစ်နိုင်၏။ ရူပဘုံ၌ တဒါရုံစိတ်မဖြစ်သော ကြောင့် ရူပပြဟ္မာများသန္တာန်၌လည်း ဖြစ်နိုင်၏။ ထို့ကြောင့် ထိုဝီထိကို ကေန် ရနိုင်သည်ဟု မှတ်ပါ။ အာဂန္တုကဘဝင်ကျသော မနောဒွါရဝီထိကို မနောဒွါရဝီထိ ကို သင်ပြရာ အခန်းကျမှပြပါမည်။

## တဒါရုံကျနိုင်သောအင်္ဂါသုံးပါး

၁။ ကာမဇောဖြစ်ခြင်း၊
၂။ ကာမဘုံသားသတ္တဝါဖြစ်ခြင်း၊
၃။ ဝိဘူတာရုံ၊ အတိမဟန္တာရုံဖြစ်သော ကာမတရားဖြစ်ခြင်း

ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် တဒါရုံကျနိုင်၏။

## တဒါရုံစိတ်ကို ကာမပုဂ္ဂိုလ်နှင့်ဝေဖန်ပုံ

## ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌ဖြစ်သောတဒါရုံစိတ်

၁။ အဟိတ်တဒါရုံစိတ် (သန္တီရဏစိတ်) ၃ ပါး၊

## သုဂတိအဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သောတဒါရုံစိတ်

| | | |
|---|---|---|
| ၁။ | အဟိတ်တဒါရုံ (သန္တီရဏစိတ်) | ၃ – ပါး |
| ၂။ | ဒွိဟိတ်တဒါရုံ (မဟာဝိပါက် ဉာဏဝိပ္ပယုတ်) | ၄ – ပါး |
| | ပေါင်း | ၇ – ပါး |

### တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်တို့၏ သန္တာန်၌ဖြစ်သော တဒါရုံစိတ်များ

| | | |
|---|---|---|
| ၁။ | သန္တီရဏစိတ် | ၃ – ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| | ပေါင်း | ၁၁ – ပါး |

တဒါရမ္မဏနိယမပြီး၏။

* * * * *

## အခန်း (၄)
## ဇဝနနိယမ

ဝီထိချသောအခါ မည်သည့်ဝီထိ၌ မည်သည့်ဇောတို့ကို အကြိမ်ပေါင်း မည်မျှချရမည်ဟု ဇောတို့ကို သတ်မှတ်ပြရာ စကားရပ်ကို ဇဝနနိယမခေါ်၏။

### ကာမာဝစရဇောများစောပုံ

၁။ ကာမာဝစရဇောသည် ပကတိရိုးရာအခါ ခုနစ်ကြိမ်သော်လည်းစော၏၊ ခြောက်ကြိမ်သော်လည်းစော၏။

၂။ သေခါနီးအချိန်၊ ထိခိုက်ဒဏ်ရာရမှု၊ ရေနစ်မွန်းမှုကြောင့် တွေဝေ မိန်းမော သေငယ်ဇောဖြင့် မေ့မျောနေချိန်တို့၌ ကာမာဝစရဇော ငါးကြိမ် စော၏။

၃။ ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကိုပြရာကာလ စသည်တို့၌ လျှင်မြန်စွာဖြစ်ရာအခါ ပစ္စဝေက္ခဏာဇောစိတ်များ လေးကြိမ်သော်လည်းကောင်း၊ ငါးကြိမ်သော်လည်းစော၏။

## ရှင်းလင်းချက်

ဤဇဝနနိယမ၏ သတ်မှတ်ချက်အရ ပဋ္ဌာဒွါရဝီထိကို သင်ပြစဉ်က ပကတိရိုးရာအခါ ကာမာဝစရဇောကို ခုနစ်ကြိမ်ချခဲ့၏။ ပြန်ကြည့်ပါ။

သေခါနီးအချိန်၌ဖြစ်ပေါ်နေသော စိတ်အစဉ်ကို ပါဠိဘာသာဖြင့် မရဏာသန္နဝီထိခေါ်၏၊ ယင်းမရဏာသန္နဝီထိ၌ ကာမဇောကို ငါးကြိမ်သာ ချရမည်။ မရဏာသန္နဝီထိကို ဝီထိမုတ်ပိုင်း၌ ပြပါမည်။

ဘုရားရှင်၏ တန်ခိုးပြာဋိဟာဟူသော အထက်ပါစကားရပ်တွင် ဘုရားရှင်ဟူသော စကားသည် ညွှန်ပြချက် နိဒဿနစကားရပ်သာဖြစ်၏။ ထို့ကြောင့် လျှင်မြန်စွာ တန်ခိုးပြာဋိဟာကိုပြသောအခါ ဘုရားရှင်ဖြစ်စေ၊ သာဝကများဖြစ်စေ ပစ္စဝေက္ခဏာဇောစိတ်များ လေးကြိမ်၊ ငါးကြိမ်စောကြ၏ ဟု မှတ်ပါ။

### အပ္ပနာဇောများစောပုံ

**မဟဂ္ဂုတ်ဇော**။ ဈာန်ရရှိရေးအတွက် အစဦးဆုံးကမ္မဋ္ဌာန်းတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်ကို ပါဠိဘာသာဖြင့် အာဒိကမ္မိကပုဂ္ဂိုလ်ခေါ်၏။ ထိုအာဒိကမ္မိကပုဂ္ဂိုလ်မှာ ရှေးဦးစွာ ရအပ်သော အပ္ပနာ၌ **မဟဂ္ဂုတ်ဇော** သည် တစ်ကြိမ်သာစော၏။ ထို့ကြောင့် အာဒိကမ္မိကဈာနဝီထိ၌ မဟဂ္ဂုတ်ဇောကို တစ်ကြိမ်သာချရမည်။

**အဘိညာဉ်ဇော**။ ရူပါဝစရကုသိုလ်ကြိယာ ပဉ္စမဈာန်စိတ်၌ ယှဉ်သော အလွန်ထူးခြားစွာသိတတ်သော ဉာဏ်ပညာသည် အဘိညာဉ်မည်၏။ ယင်းဉာဏ်နှင့် ယှဉ်တွဲဖြစ်သောကြောင့် ရူပါဝစရကုသိုလ် ကြိယာ ပဉ္စမဈာန်ဇောကိုလည်း အဘိညာဉ်ဟုခေါ်၏။

ထိုအဘိညာဉ်ဇောများသည် ပထမ စတင်ရရှိခါစ၌ဖြစ်စေ၊ နောင်အခါ၌ဖြစ်စေ အခါခပ်သိမ်း တစ်ကြိမ်သာစော၏။ ထို့ကြောင့် အဘိညာဉ်ဇောကို ဝီထိချသောအခါ တစ်ကြိမ်သာချရမည်။

**နိရောဓသမာပတ်**။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ အခိုက်အတန့်မျှ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာရောက်နေခြင်းကို နိရောဓသမာပတ်ဝင်စားသည်ဟုခေါ်၏။

ထိုနိရောဓသမာပတ်ကို အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်ကြ၏။ ထိုနိရောဓသမာပတ်ဝင်စားခါနီး၌ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များသန္တာန်မှာ နေဝသညာ နာသညာယတနဈာန်ဇော နှစ်ကြိမ်စော၏။ ထို့ကြောင့် နိရောဓသမာပတ္တိဝီထိ၌ အနာဂါမ်ပုဂ္ဂိုလ်သန္တာန်မှာ နေဝသညာ နာသညာယတနကုသိုလ်ဇောကို နှစ်ကြိမ်ချရမည်။

ရဟန္တာသန္တာန်မှာ နေဝသညာနာသညာယတနကြိယာဈာန်ဇောကို နှစ်ကြိမ်ချရမည်။

**ဈာနသမာပတ်**။ ဈာန်သို့ ကောင်းစွာရောက်နေခြင်း၊ ဈာန်ဇောချည်း ထပ်ကာထပ်ကာ အကြိမ်များစွာဖြစ်နေခြင်းကို ဈာန်ဝင်စားသည် (ဈာနသမာပတ်) ဟုခေါ်၏။ ထိုသို့ ဈာန်ဝင်စားနေစဉ်အတွင်း၌ ဈာန်ဇောများ အကြိမ်များစွာဖြစ်နိုင်၏။ အကြိမ်ပေါင်း မည်မျှဖြစ်နိုင်သည်ဟု တိတိကျကျ သတ်မှတ်၍မရနိုင်ပေ။ ဘဝင်ကျနေစဉ် ဘဝင်အကြိမ်ပေါင်း မည်မျှ ဖြစ်နိုင်သည်ဟု သတ်မှတ်၍မရနိုင်သကဲ့သို့ပင်ဖြစ်၏။ ထို့ကြောင့် ဈာနသမာပတ္တိဝီထိဈာန်ကို အကြိမ်များစွာချရမည်။ မဟဂ္ဂုတ်ဇောနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကျဉ်းမှတ်ထားပါ။

## မဟဂ္ဂုတ်ဇော

၁။ အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေ့ဦးစွာရအပ်သော အပ္ပနာ၌ မဟဂ္ဂုတ်ဇောသည် တစ်ကြိမ်သာစော၏။

၂။ အဘိညာဉ်ဇောများသည် အခါခပ်သိမ်း တစ်ကြိမ်သာစော၏။

၃။ နိရောဓသမာပတ်ဝင်စားခါနီးအခါ၌ စတုတ္ထာရုပ္ပဇောဟု ဆိုအပ်သော နေဝသညာ နာသညာယတနဇောသည် နှစ်ကြိမ်စော၏။

၄။ စျာနသမာပတ္တိဝီထိ (စျာန်ဝင်စားရာ) ၌ စျာန်ဇောသည် ဘဝင်အလျဉ် ကဲ့သို့ အကြိမ်များစွာစော၏။

## မဂ်ဇော, ဖိုလ်ဇောများ

### နိရောဓသမာပတ်မှထရာအခါ

နိရောဓသမာပတ်ဝင်စားနေစဉ် သမာပတ်အတွင်း၌ ချုပ်ငြိမ်းနေသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ပြန်လည်ဖြစ်ပေါ်လာသည်ကို နိရောဓ သမာပတ်မှထသည်ဟုခေါ်၏။

ထိုသို့ နိရောဓသမာပတ်မှထရာအခါ၌ အနာဂါမိဖိုလ်ဇော အရဟတ္တ ဖိုလ်ဇောများ တစ်ကြိမ်စောကြ၏။ ထို့နောက် ဘဝင်ကျ၏၊ ထိုသို့ ဖိုလ်ဇော များ စောရာ၌ အနာဂါမ်ပုဂ္ဂိုလ်သန္တာန်၌ အနာဂါမိဖိုလ်ဇော တစ်ကြိမ်စော၏။ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ အရဟတ္တဖိုလ်ဇော တစ်ကြိမ်စော၏။

**ဖလသမာပတ်**။ ဖိုလ်သို့ ကောင်းစွာရောက်နေခြင်း၊ ဖိုလ်ဇောချည်းထပ်ကာ ထပ်ကာ အကြိမ်များစွာဖြစ်နေခြင်းကို ဖိုလ်ဝင်စားသည် (ဖလသမာပတ်ဝင်စားသည်) ဟုခေါ်၏။

ထိုသို့ ဖိုလ်ဝင်စားနေစဉ်အတွင်း၌ ဖိုလ်ဇောများ အကြိမ်များစွာဖြစ် နိုင်၏။ အကြိမ်ပေါင်း မည်မျှဖြစ်နိုင်သည်ဟု တိတိကျကျ သတ်မှတ်၍မရနိုင် ပေ။ ဘဝင်ကျနေစဉ် ဘဝင်အကြိမ်ပေါင်း မည်မျှဖြစ်နိုင်သည်ဟု သတမှတ်၍ မရနိုင်သကဲ့သို့ပင်ဖြစ်၏။ ထို့ကြောင့် ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောကို အကြိမ် များစွာချရမည်။

### မဂ်ဇော, ဖိုလ်ဇောများစောပုံ

၁။ မဂ္ဂဝီထိ၌ မဂ်ဇောသည် တစ်ကြိမ်သာစော၏။

၂။ မဂ္ဂဝီထိ၌ ဖိုလ်ဇောသည် မန္ဒပညာပုဂ္ဂိုလ်သန္တာန်မှာ နှစ်ကြိမ်စော၏။ တိက္ခပညပုဂ္ဂိုလ်သန္တာန်မှာ သုံးကြိမ်စော၏။

၃။ နိရောဓသမာပတ်မှ ထသောအခါ၌ အနာဂါမ်ပုဂ္ဂိုလ်သန္တာန်မှာ အနာဂါမိဖိုလ်ဇော တစ်ကြိမ်စော၏။

၄။ ဖလသမာပတ္တိဝီထိ (ဖိုလ်ဝင်စားရာ) ၌ ဘဝင်အလျဉ်ကဲ့သို့ ဖိုလ်ဇော အကြိမ်များစွာစော၏။

## ဇဝနနိယမအတွက် အကျဉ်းချုပ်မှတ်ရန်
## အခါခပ်သိမ်း ၁ ကြိမ်သာစောသောဇော

၁။ မဂ်ဇော၊ ၂။ အဘိညာဉ်ဇော။

## ၁ ကြိမ်စောသောဇောများ

၁။ အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေ့ဦးစွာရအပ်သော အပ္ပနာ၌ မဟဂ္ဂုတ်ဇော၊

၂။ အဘိညာဉ်ဇော၊

၃။ မဂ်ဇော၊

၄။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇော။

## ၂ ကြိမ်စောသောဇော

၁။ မန္ဒပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ဖိုလ်ဇော၊

၂။ နိရောဓသမာပတ်ဝင်စားခါနီး၌ စတုတ္ထာရုပ္ပဇော။

## ၃ ကြိမ်စောသောဇော

တိက္ခပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ဖိုလ်ဇော။

## ၄ ကြိမ်၊ ၅ ကြိမ်စောသောဇော

၁။ ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာကာလ စသည်တို့၌ လျှင်မြန်စွာဖြစ်ရာအခါမှာ ပစ္စဝေက္ခဏာဇော ၄ ကြိမ်၊ ၅ ကြိမ်စော၏။

၂။ သေခါနီးကာလ စသည်တို့၌ ကာမာဝစရဇော ၅ ကြိမ်စော၏။

**၆ ကြိမ်၊ ၇ ကြိမ်စောသောဇော**

ပကတိရိုးရာအခါ၌ ကာမာသစရဇောများ ၆ ကြိမ်၊ ၇ ကြိမ်စောကြ၏။

**အကြိမ်များစွာစောသောဇော**

၁။ ဈာနသမာပတ္တိဝီထိ (ဈာန်ဝင်စားရာ) ၌ ဈာန်ဇော၊

၂။ ဖလသမာပတ္တိဝီထိ (ဖိုလ်ဝင်စားရာ) ၌ ဖိုလ်ဇော။

**ဇဝနနိယမပြီး၏။**

* * * * *

## အခန်း (၅)

## မနောဒွါရဝီထိများ

ဘဝင်စိတ်ကို မနောဒွါရခေါ်၏။ ထိုမနောဒွါရ၌ ဓမ္မာရုံများ ထင်လာနိုင်၏။ ထိုသို့ မနောဒွါရ၌ ထင်လာသောအာရုံကို အခြေခံ၍ လူသား၏သန္တာန်၌ ဖြစ်ပေါ်လာသောစိတ်အစဉ်ကို မနောဒွါရဝီထိခေါ်၏။

**မနောဒွါရ၌ထင်လာနိုင်သောအာရုံများ**

၁။ လွန်ခဲ့သော အတိတ်ကာလ၌ ဖြစ်သော နာမ်ရုပ်တရားများ၊

၂။ မဖြစ်သေးသော အနာဂတ်ကာလ၌ဖြစ်သော နာမ်ရုပ်တရားများ၊

၃။ ဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ဖြစ်သော (ပဉ္စဒွါရ၌ထင်လာသော ရူပါရုံ စသော အာရုံငါးပါး၊ အပါအဝင်) နာမ်ရုပ်တရားများ၊

၄။ ကာလသုံးပါးမှလွတ်နေသော ပညတ်တရားနှင့် နိဗ္ဗာန်အာရုံများ။

ဤအာရုံများ မနောဒွါရ၌ ထင်လာနိုင်၏။ မနောဒွါရ၌ မထင်နိုင်သော

အာရုံဟူ၍ မရှိပေ။ စိတ်အစွမ်းသတ္တိ ထက်မြက်သလောက် မနောဒွါရ၌ အာရုံအမျိုးမျိုးထင်လာနိုင်၏။

## မနောဒွါရ၌ အာရုံများထင်လာပုံ

ဘဝင်စိတ်ခေါ်သော မနောဒွါရ၌ ဒိဋ္ဌ၊ သုတ စသော အကြောင်းတို့ကြောင့် အာရုံခြောက်ပါး ထင်လာကြ၏။

**ဒိဋ္ဌ**။ ရှေးအခါက ပဉ္စဒွါရ (ငါးဒွါရ) ဖြင့် ယူအပ်ခဲ့သော အာရုံသည် ဒိဋ္ဌ အာရုံမည်၏။ ရှေးအခါက ကိုယ်တိုင်တွေ့မြင်ခဲ့ဖူးသော ရူပါရုံ၊ ကိုယ်တိုင်ကြားခဲ့ဖူးသော သဒ္ဒါရုံ၊ ကိုယ်တိုင်နမ်းရှုခဲ့ဖူးသော ဂန္ဓာရုံ၊ ကိုယ်တိုင်စားသောက်ခဲ့ဖူးသော ရသာရုံ၊ ကိုယ်တိုင် တွေ့ထိခဲ့ဖူးသော ဖောဋ္ဌဗ္ဗာရုံများကို ဒိဋ္ဌအာရုံခေါ်၏။

ထိုသို့ မိမိကိုယ်တိုင် တွေ့ကြုံခဲ့ပြီးနောက် ယင်းအာရုံများကို ပြန်လည်၍ ဆင်ခြင်ကြည့်သောအခါ ယင်းအာရုံများသည် လူ၏မနောဒွါရ (ဘဝင်စိတ်) ၌ အာရုံသစ်အဖြစ်ဖြင့် ပြန်လည်ထင်လာကြ၏။

**သုတ**။ မိမိကိုယ်တိုင် မမြင်ဖူးဘဲ သူတစ်ပါးဟောပြောသံကို ကြားဖူးသော အာရုံသည် သုတအာရုံမည်၏။ သူတစ်ပါး တစ်ဆင့်ဟောပြောအပ်သော ရူပါရုံ၏ အကြောင်းအရာ၊ သဒ္ဒါရုံ၏အကြောင်းအရာ၊ ဂန္ဓာရုံ၏ အကြောင်းအရာ၊ ရသာရုံ၏အကြောင်းအရာ၊ ဖောဋ္ဌဗ္ဗာရုံ၏ အကြောင်းအရာ အားလုံးကို သုတအာရုံခေါ်၏။

သူတစ်ပါး ဟောပြောသံကို ကြားဖူးခြင်းကြောင့် ထိုအကြောင်းအရာကို ပြန်လည်ဆင်ခြင်သောအခါ ဟောပြောရာ၌ ပါဝင်ခဲ့သော အကြောင်းအရာ အားလုံးသည် မနောဒွါရ၌ အာရုံသစ်အဖြစ်ဖြင့် ထင်လာ၏။

**ဥဘယသမ္ဗန္ဓ**။ ဒိဋ္ဌ၊ သုတနှစ်မျိုးနှင့် ဆက်သွယ်နေသောအာရုံသည် ဥဘယသမ္ဗန္ဓအာရုံမည်၏။ အာရုံတစ်မျိုးမျိုးကို ကိုယ်တိုင်တွေ့မြင်ဖူး၏၊ သို့မဟုတ် သူတစ်ပါးထံမှတစ်ဆင့် ကြားဖူး၏။ ထိုတွေ့မြင်ဖူး၊ ကြားဖူး

သော အာရုံနှင့်အလားတူသော မတွေ့မြင်၊ မကြားဖူးသေးသော အာရုံများလည်း မနောဒွါရ၌ ထင်လာနိုင်၏။ တူသောအာရုံသာမက တွေ့မြင်ဖူးသော အာရုံနှင့်ဆန့်ကျင်ဘက်အာရုံများလည်း ဆက်သွယ်၍ထင်လာနိုင်၏။*

**သဒ္ဓါ**။ သူတစ်ပါးဟောပြောချက်ကို ကြားရသောအခါ မစဉ်းစား မစိစစ်ဘဲ ယုံကြည်ခြင်းမျိုးသည် သဒ္ဓါမည်၏။ ထိုသို့ ယုံကြည်ခြင်းကြောင့် သူတစ်ပါးဟောပြောချက်အာရုံများသည် နောင်အခါ မနောဒွါရ၌ ထင်လာ၏။

**ရုစိ**။ သူတစ်ပါး ဟောပြောချက်ကို ကြားရသောအခါ ထိုဟောပြောချက်ကို မိမိကိုယ်တိုင် စိစစ်ဝေဖန်ပြီးမှ နှစ်သက်၍ လက်ခံခြင်းသည် ရုစိမည်၏။ ထိုသို့ မိမိနှစ်သက်ရာအာရုံများလည်း မနောဒွါရ၌ ထင်လာနိုင်၏။

**အာကာရပရိဝိတက္က**။ ဤသို့လည်း ဖြစ်နိုင်မည်၊ ဤသို့လည်း ဖြစ်နိုင်မည် စသည်ဖြင့် ပရမတ္ထတရားများ၏ အခြင်းအရာသဘောကိုခြုံ၍ ထပ်ကာထပ်ကာ စဉ်းစားတွေးခေါ်ခြင်းမျိုးသည် အာကာရပရိဝိတက္ကမည်၏။

ထိုသို့ ထပ်ကာထပ်ကာ စဉ်းစားတွေးခေါ်ခြင်းကြောင့် ပရမတ္ထတရားများ၏ အခြင်းအရာသဘောတရားအာရုံသည် မနောဒွါရ၌ ထင်လာနိုင်၏

**ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ**။ မိမိအသိဉာဏ်ဖြင့် စူးစမ်းကြံဆလျက် နှစ်သက်သဘောကျခြင်းမျိုးသည် ဒိဋ္ဌိနိဇ္ဈာနက္ခန္တိမည်၏။ ထိုသို့ မိမိအသိဉာဏ်ဖြင့် စူးစမ်းကြံဆ၍ နှစ်သက်သဘောကျသောအာရုံများ လည်း မနောဒွါရ၌ ထင်လာနိုင်၏။**

**ကမ္မဗလ**။ **ကံတရား၏ စွမ်းအားသတ္တိကို** ကမ္မဗလခေါ်၏။ လူသား အသက်ရှင်နေစဉ် မိမိကိုယ်တိုင် ပြုလုပ်ခဲ့သော ကံတရား၏ စွမ်းအားသတ္တိကြောင့်လည်း လူသေခါနီးအချိန်၌ကဲ့သို့ မနောဒွါရ၌ အာရုံအမျိုးမျိုး ထင်လာနိုင်၏။

---

* အဋ္ဌသာလိနီအဋ္ဌကထာ ၁၁၄/၆ ** မဓုသင်္ဂဏီမူလဋီကာ ၇၀။

**ဣဒ္ဓိဗလ**။ ထက်မြက်သောတန်ခိုးရှိသော ပုဂ္ဂိုလ်၏ တန်ခိုးဖြင့် ဖန်ဆင်းဆောင်ပြမှုကို ဣဒ္ဓိဗလခေါ်၏။ ထိုတန်ခိုး၏ စွမ်းအားသတ္တိကြောင့်လည်း မနောဒွါရ၌ အာရုံအမျိုးမျိုး ထင်လာနိုင်၏။

**ဓာတုက္ခောဘ**။ သလိပ်၊ သည်းခြေ၊ သွေး၊ လေ စသော ဓါတ်တို့၏ ချောက်ချားမှုကို ဓါတုက္ခောဘခေါ်၏။ ထိုသို့ ဓါတ်ချောက်ချားမှုကြောင့် အိပ်မက်မက်ခြင်း၊ ရူးသွပ်လျက် အာရုံအမျိုးမျိုး ထင်မြင်နေခြင်း စသည်ဖြင့် မနောဒွါရ၌ အာရုံအမျိုးမျိုး ထင်လာနိုင်၏။

**ဒေဝတောပသံဟာရ**။ နတ်များ ဖန်ဆင်းဆောင်ပြမှုကို ဒေဝတော ပသံဟာရခေါ်၏။ ထိုသို့ နတ်များ ဖန်ဆင်းဆောင်ပြခြင်းကြောင့် အာရုံအမျိုးမျိုး မနောဒွါရ၌ ထင်လာနိုင်၏။

**အနုဗောဓ**။ သစ္စာလေးပါးကို ပိုင်နိုင်စွာ ထိုးထွင်းသိခြင်းမျိုးမဟုတ်ဘဲ အရိပ်အရောင်မျှလျော်အောင် သိခြင်းကို အနုဗောဓဟုခေါ်၏။ ထိုသို့ လျော်အောင်သိခြင်း အနုဗောဓကြောင့် သစ္စာလေးပါးတရားတော်များ မနောဒွါရ၌ ထင်လာနိုင်၏။

**ပဋိဝေဓ**။ သစ္စာလေးပါးကို ပိုင်နိုင်စွာ ထိုးထွင်း၍ သိခြင်းကို ပဋိဝေဓခေါ်၏။ ထိုသို့ ထိုးထွင်း၍ သိခြင်း ပဋိဝေဓကြောင့် သစ္စာလေးပါး တရားတော်များ မနောဒွါရ၌ ထင်လာနိုင်၏။

## ဝိဘူတာရုံ, အဝိဘူတာရုံ

မနောဒွါရ၌ဖြစ်သော စိတ်တို့၏အာရုံသည် ပစ္စုပ္ပန်အာရုံသာမဟုတ်၊ အတိတ်၊ အနာဂတ်အာရုံလည်းရှိသောကြောင့် ထိုမနောဒွါရိကစိတ်တို့၏ အာရုံကို အတိမဟန္တာရုံ စသည်တို့၏အစွမ်းဖြင့် ခွဲခြားသတ်မှတ်ခြင်းငှာ မဖြစ်နိုင်ပါ။ ထို့ကြောင့် မနောဒွါရိကစိတ်တို့၏ အာရုံကို ဝိဘူတာရုံ၊ အဝိဘူတာရုံဟု ခွဲခြားသတ်မှတ်ရခြင်းဖြစ်၏။

**ဝိဘူတာရုံ**။ မနောဒွါရ၌ ထင်ထင်ရှားရှား ထင်လာသော အာရုံကို ဝိဘူတာရုံခေါ်၏။

**အဝိဘူတာရုံ**။ မနောဒွါရ၌ မထင်မရှား မှုန်ဝါးဝါးထင်လာသော အာရုံကို အဝိဘူတာရုံခေါ်၏။

## အတီတဘဝင် ချသင့် မချသင့်

**စိတ်, စေတသိက်**။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်အာရုံနှင့် ပညတ်အာရုံဟူ၍ အာရုံအမျိုးမျိုးရှိရာတွင် စိတ်၊ စေတသိက်များသည် မူလကပင် စိတ္တက္ခဏတစ်ချက်ခန့်သာ အသက်ရှည်ကြ၏။ ထို့ကြောင့် စိတ်စေတသိက်တရားများ မနောဒွါရ၌ အာရုံအဖြစ်ဖြင့် ထင်လာသောအခါ အတီတဘဝင်မချသင့်ပေ။

**နိဗ္ဗာန်, ပညတ်**။ နိဗ္ဗာန်သည် ဥပါဒ်ခြင်းသဘောမရှိ၊ ထို့ကြောင့် နိဗ္ဗာန်အာရုံ၌ အတီတဘဝင် မချသင့်ပေ။ ပညတ်တရား၌လည်း ဥပါဒ်၊ ဌီ၊ ဘင်သဘော အထင်အရှားမရှိသောကြောင့် အတီတဘဝင်မချသင့်။

**ရုပ်တရား**။ ရုပ်တရားသည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်၊ အတိတ်ကာလ၌ဖြစ်သောရုပ်၊ အနာဂတ်ကာလ၌ဖြစ်သောရုပ်ဟု သုံးမျိုးပြား၏။ ထိုတွင် အတိတ်ရုပ်သည် ချုပ်ပျက်သွားခဲ့လေပြီ။ အနာဂတ်ရုပ်သည် မဖြစ်ပေါ်သေးပေ။ ထို့ကြောင့် အတိတ်ရုပ်၊ အနာဂတ်ရုပ်များ ထင်လာရာ၌ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်ပြီးမှ ထင်လာနိုင်သည်ဟု ဆိုဖွယ်ရာမရှိသဖြင့် အတီတဘဝင်မချသင့်။

ဥပါဒ်၊ ဌီ၊ ဘင် ရစကောင်းသော ပစ္စုပ္ပန်ကာလ၌ဖြစ်သော အချို့ရုပ်အာရုံများ ထင်လာသောအခါ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်ပြီးမှ ထင်လာသည်ဟု ဆိုသင့်သောကြောင့် အတီတဘဝင် ချသင့်၏။ အရှင်အနုရုဒ္ဓါဆရာသည် အာရုံများကို ဤသို့ခွဲခြားမပြဘဲ ဘဝင်စလနမှစ၍ အတီတဘဝင် မချရသော ဝီထိစိတ်အစဉ်ကိုသာပြခဲ့၏။

**အနိပ္ဖန္နရုပ် ၁၀။** ပစ္စုပ္ပန်ကာလမှာဖြစ်သော ရုပ်တရားများ၌ အတီတဘဝင် ချသင့်သော်လည်း အနိပ္ဖန္နရုပ် ၁၀ ပါး၌ မချသင့်။

အနိပ္ဖန္နရုပ် ၁၀ ပါးတွင် ဝိညတ်ရုပ် နှစ်ပါးသည် စိတ်နှင့်အတူတကွဖြစ်ရ ချုပ်ရသောကြောင့် စိတ္တက္ခဏတစ်ချက်သာ အသက်ရှည်၏။ ထို့ကြောင့် ဝိညတ်ဒွေကို စိတ္တာနုပရိဝတ္တိနောဓမ္မာအရ၌ ထည့်သွင်းထား၏။

လက္ခဏရုပ်လေးပါးတွင် ဥပစယနှင့် သန္တတိသည် စိတ်၏ ဥပါဒ်ခဏ ဟူသော ခဏငယ်တစ်ချက်ခန့် အသက်ရှည်၏။

အနိစ္စတာသည် စိတ်၏ဘင်ခဏဟူသော ခဏငယ်တစ်ချက်ခန့်သာ အသက်ရှည်၏။

ဇရတာသည် ရုပ်၏ ဌီခဏနှင့်ညီမျှသောကြောင့် ခဏငယ် ၄၉ ချက် အသက်ရှည်၏။ ထို့ကြောင့် ဝိညတ်ဒွေနှင့် လက္ခဏရုပ်လေးပါးတို့သည် စိတ္တက္ခဏ ၁၇ ချက် အသက်မရှည်ကြ။

ပရိစ္ဆေဒရုပ်သည် ဥပါဒ်၊ ဌီ၊ ဘင် အထင်အရှားရှိကောင်းသော ပရမတ်အစစ်မဟုတ်၊ ရုပ်ကလာပ်နှစ်ခု ပေါ်လာသည့်အခါ အလိုလို ပေါ်လာသော ပညတ်သဘောမျှသာဖြစ်၏။

လဟုတာ၊ မုဒုတာ၊ ကမ္မညတာတို့လည်း နိပ္ဖန္နရုပ်တရားတို့၏ ထူးခြားသော အမူအရာမျှသာဖြစ်၍ ပရမတ်အစစ်မဟုတ်ကြ၊ ပညတ်မျှသာဖြစ်၏။ ထို့ကြောင့် အနိပ္ဖန္နရုပ် ၁၀ ပါး ထင်လာသောအခါ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်မှ ထင်လာသည်ဟု မသတ်မှတ်နိုင်ခြင်းကြောင့် အတီတဘဝင် မချသင့်။

**ပစ္စုပ္ပန်နိပ္ဖန္နရုပ်။** ပစ္စုပ္ပန်နိပ္ဖန္နရုပ်များ ထင်လာရာ၌ကား စိတ်၏အစွမ်းသတ္တိကြောင့် အချို့ရုပ်များ ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်လာလိမ့်မည်။ ဌီခဏသို့ရောက်အောင်ပင် စောင့်ဆိုင်းနေမည်မဟုတ်။ အချို့ရုပ်များကား ဥပါဒ်ပြီးနောက် ဖြစ်သင့်သော စိတ္တက္ခဏအချို့ကို လွန်ပြီးမှ ထင်လာလိမ့်

မည်။ ထို့ကြောင့် စိတ္တက္ခဏ ၁၇ ချက် အသက်ရှည်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈ ပါးထင်လာရာ၌ အတီတဘဝင်ချသင့်၏။*

## အတီတဘဝင်မချသင့်သောတရားများ

၁။ စိတ်၊ စေတသိက်တရားများ၊

၂။ နိဗ္ဗာန်၊ ပညတ်တရားများ၊

၃။ အတိတ်၊ အနာဂတ်ကာလ၌ဖြစ်သော ရုပ်တရားများ၊

၄။ ပစ္စုပ္ပန်အနိပ္ဖန္နရုပ်တရားများ။

## မနောဒွါရဝီထိ ၂ မျိုး

မနောဒွါရဝီထိသည် -

၁။ ကာမဇောဝါရဝီထိ၊

၂။ အပ္ပနာဇောဝါရဝီထိ ဟု နှစ်မျိုးပြား၏။

ကာမဇောဝီထိသည် -

၁။ ဝိဘူတာရုံဝီထိ

၂။ အဝိဘူတာရုံဝီထိဟု နှစ်မျိုးပြား၏။

**အမှာ**။ အဘိဓမ္မာကို လေ့လာခါစပုဂ္ဂိုလ်များ လွယ်လွယ်ဖြင့် သဘောပေါက်အောင် သင်္ဂြိုဟ်ကျမ်း၌လာသော ဝီထိနှစ်မျိုးကိုသာ ရှေ့ဦးစွာ သင်ပြမည်ဖြစ်ပါသည်။ နောက်မှသာ အကျယ်ကို သင်ပြပါမည်။

## ဝိဘူတာရုံဝီထိဆိုရိုး

## ကျက်ရန်

ထင်ရှားသော အာရုံတစ်မျိုးမျိုးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ်၊ တဒါရုံ

---

* သမ္မောဟဝိနောဒနီအဋ္ဌကထာ ၁၅၀၊ ဝိဘင်းမူလဋီကာ ၂၂။

နှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

### ဝိဘူတာရုံဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

### အဝိဘူတာရုံဝီထိဆိုရိုး

မထင်ရှားသော အာရုံတစ်မျိုးမျိုးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း ဇော ခုနစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

### အဝိဘူတာရုံဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

**မှတ်ချက်**။ ဤဝိဘူတာရုံ၊ အဝိဘူတာရုံ ဝီထိနှစ်မျိုးသည် သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်လာ၏။ ဝိဘူတာရုံဝီထိကို တဒါရမ္မဏဝါရ၊ အဝိဘူတာရုံ ဝီထိကို ဇဝနဝါရဟုခေါ်၏။

### မနောဒွါရ၌ ဝီထိစိတ်အမျိုးအစားသုံးမျိုး

၁။ မနောဒွါရာဝဇ္ဇန်းစိတ်၊

၂။ ဇောစိတ်၊

၃။ တဒါရုံစိတ်။

### ဝီထိစိတ်အကြိမ်အားဖြင့် ၁၀ ကြိမ်

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ကြိမ် |
| ၂။ | ဇောစိတ် | ၇ – ကြိမ် |
| ၃။ | တဒါရုံစိတ် | ၂ – ကြိမ် |
| | ပေါင်း | ၁၀ – ကြိမ် |

## အကျယ်သရုပ်အားဖြင့်

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | ကာမဇော | ၂၉ – ပါး |
| ၃။ | တဒါရုံစိတ် | ၁၁ – ပါး |
| | ပေါင်း | ၄၁ – ပါး |

## ကာမဇော မနောဒွါရဝီထိအကျယ်

ကာမဇောဝါရသည် –

၁။ သုဒ္ဓမနောဒွါရဝီထိ၊

၂။ တဒနုဝတ္တိကာမနောဒွါရဝီထိဟု နှစ်မျိုးပြား၏။

ထိုတွင် သုဒ္ဓမနောဒွါရ ဝီထိသည်လည်း

၁။ တဒါရမ္မဏဝါရ

၂။ ဇဝနဝါရဟု နှစ်မျိုးပြား၏။

## တဒါရမ္မဏဝါရ

ထိုတွင် တဒါရမ္မဏဝါရသည် ဝိဘူတာရုံတစ်မျိုးသာရှိ၏။ ထိုဝိဘူတာရုံသည် –

၁။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံ၊

၂။ အတိတ်၊ အနာဂတ်နိပ္ဖန္နရုပ်နှင့် ကာလသုံးပါး၌ဖြစ်သော ကာမစိတ်၊ စေတသိက်အာရုံဟူ၍ နှစ်မျိုးအပြားရှိ၏။ ထိုတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံသည်လည်း အတီတဘဝင်တစ်ကြိမ်အလွန်၌ ထင်လာသောအာရုံ စသည်ဖြင့် ငါးမျိုးပြား၏။

## အတီတဘဝင်ကျသော ဝိဘူတာရုံ ၅ ဝီထိ

စိတ္တက္ခဏ ၁၇ ချက်ရှိသော ဝိဘူတာရုံဝီထိသည် –

၁။ အတီတဘဝင်တစ်ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၂။ အတီတဘဝင်နှစ်ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၃။ အတီတဘဝင်သုံးကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၄။ အတီတဘဝင်လေးကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၅။ အတီတဘဝင်ငါးကြိမ်လွန်သော ဝိဘူတာရုံဝီထိ

ဟူ၍ ငါးမျိုးပြား၏။

## အတီတဘဝင်ကျသော ဝိဘူတာရုံဝီထိဆိုရိုး ကျက်ရန်

ပစ္စုပ္ပန်နိပ္ဖန္နရုပ် ဥပါဒ်ပြီးနောက် အတီတဘဝင်တစ်ကြိမ်အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်လေးကြိမ် ကျပြီး၍ စတုတ္ထဘဝင်၏ ဘင်ခဏ၌ နိပ္ဖန္နရုပ် ၁၈ ပါးတို့ ၁၇ ချက် ရုပ်သက် စေ့သဖြင့် စတုတ္ထဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။

**အမှာ။** ကြွင်းသော လေးဝီထိကိုလည်း ဤဝီထိဆိုရိုးကိုနည်းမှီ၍ဆိုပါ။

## အတီတဘဝင်ကျသော ဝိဘူတာရုံ ၅ ဝီထိပုံ

၁။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ

၂။ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ

၃။ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ

၄။ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ

၅။ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

## အာရုံ စသည်ဖြင့် ဝေဖန်ပုံ

**အာရုံ**။ ဤဝီထိ၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်းစိတ်မှ တဒါရုံအဆုံးရှိသော ဝီထိစိတ် ၄၁ ပါးသည် စိတ္တက္ခဏ ၁၇ ချက် အသက်ရှိသော ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈ ပါးဟူသော အာရုံ ၆ ပါးတွင် တစ်ပါးပါးကို အာရုံပြုကြ၏။

**ဝတ္ထု**။ ဘဝင်စိတ်များနှင့် ဝီထိစိတ်အားလုံးသည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။

**ဘုံ**။ တဒါရုံကျသော ဤဝိဘူတာရုံ ငါးဝီထိသည် ကာမ ၁၁ ဘုံ၌သာဖြစ်၏။ ရူပဘုံ၊ အရူပဘုံတို့၌မဖြစ်။

**ပုဂ္ဂိုလ်**။ ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်တို့၌ဖြစ်၏။

**ဘဝင်စိတ်**။ ဤဝီထိ၌ ဘဝင်စိတ်သည် ကာမဘဝင်စိတ်ဆယ်ပါးသာဖြစ်၏။

## အတီတဘဝင်မကျသော ဝိဘူတာရုံ ၁ ဝီထိဆိုရိုး

အတိတ်၊ အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ်နှင့် ကာလသုံးပါးဖြစ်သော ကာမစိတ်၊ စေတသိက်အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်ရှားစွာ ထင်လာ သည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

## အတီတဘဝင်မကျသော ဝိဘူတာရုံဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

**အမှာ**။ အတီတဘဝင်မကျသော ဤဝိဘူတာရုံဝီထိသည် သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်လာသော ဝီထိဖြစ်၏။

**အာရုံဖြင့်ဝေဖန်ပုံ။** ဤဝီထိ၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း စိတ်မှ တဒါရုံအဆုံးရှိသော ဝီထိစိတ် ၄၁ ပါးသည် အတိတ်အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ်နှင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါး၌ဖြစ်သော ကာမစိတ် ၅၄ ပါး၊ စေတသိက် ၅၂ ပါးဟူသော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

**အမှာ။** ဝတ္ထုဖြင့် ဝေဖန်ပုံစသည်သည် အတီတဘဝင်ကျသော ဝီထိနှင့်တူ၏။ တဒါရမ္မဏဝါရဝိဘူတာရုံဝီထိသည် အတီတဘဝင်ကျသော ဝိဘူတာ ရုံဝီထိ ငါးဝီထိ၊ အတီတဘဝင်မကျသော ဝိဘူတာရုံတစ်ဝီထိ ပေါင်း ၆ ဝီထိရှိ၏။

## ဇဝနဝါရ

ဇဝနဝါရသည် –

၁။ ဝိဘူတာရုံဝီထိ၊

၂။ အဝိဘူတာရုံဝီထိဟု နှစ်မျိုးပြား၏။ ထိုတွင်

ဝိဘူတာရုံဝီထိသည် –

၁။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံ

၂။ ကြွင်းသောအာရုံဟု နှစ်မျိုးပြား၏။

ထိုတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံသည် အတီတဘဝင် တစ်ကြိမ်အလွန်၌ ထင်လာသောအာရုံ စသည်ဖြင့် ၇ ပါးပြား၏။

### အတီတဘဝင်ကျသော ဇဝနဝါရဝိဘူတာရုံဝီထိ ၇ မျိုး

ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရဝိဘူတာရုံဝီထိသည် –

၁။ အတီတဘဝင် ၁ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၂။ အတီတဘဝင် ၂ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၃။ အတီတဘဝင် ၃ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၄။ အတီတဘဝင် ၄ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၅။ အတီတဘဝင် ၅ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၆။ အတီတဘဝင် ၆ ကြိမ်လွန်သော ဝိဘူတာရုံဝီထိ၊

၇။ အတီတဘဝင် ၇ ကြိမ်လွန်သော ဝိဘူတာရုံဝီထိဟု ၇ မျိုးပြား၏။

## အတီတဘဝင်ကျသော ဇဝနဝါရပထမဝိဘူတာရုံဝီထိဆိုရိုးကျက်ရန်

ပစ္စုပ္ပန်နိပ္ဖန္နရုပ်များ ဥပါဒ်ပြီးနောက် အတီတဘဝင် တစ်ကြိမ်အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ခြောက်ကြိမ်မြောက်တွင် နိပ္ဖန္နရုပ် ၁၈ ပါးတို့ ၁၇ ချက် ရုပ်သက်စေ့သဖြင့် ဆဋ္ဌဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။

**အမှာ။** ကြွင်းသောခြောက်ဝီထိကိုလည်း ဤဝီထိဆိုရိုးကို နည်းမှီ၍ဆိုပါ။

## အတီတဘဝင်ကျသော ဇဝနဝါရဝိဘူတာရုံ ၇ ဝီထိပုံ

၁။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ ဘ

၂။ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ

၃။ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ

၄။ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ

၅။ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ

၆။ တီ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၇။ တီ တီ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

## အတီတဘဝင်ကျသော ဇဝနဝါရပထမအဝိဘူတာရုံဝီထိဆိုရိုး

ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရပထမ အဝိဘူတာရုံဝီထိ ဖြစ်ဟန်ကား –

ပစ္စုပ္ပန်နိပ္ဖန္နရုပ်များ ဥပါဒ်ပြီးနောက် အတီတဘဝင် တစ်ကြိမ်အလွန်တွင် မနောဒွါရ၌ မထင်မရှားထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ခြောက်ကြိမ်မြောက်တွင် နိပ္ဖန္နရုပ် ၁၈ ပါးတို့ ၁၇ ချက်ရုပ် သက်စေ့သဖြင့် ဆဋ္ဌဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။

**အမှာ**။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရအဝိဘူတာရုံဝီထိသည်လည်း ခုနစ်မျိုးပင်ပြား၏။ ကြွင်းသောခြောက်ဝီထိကိုလည်း ဤဝီထိဆိုရိုးကို နည်းမှီ၍ ဆိုပါ။

## အတီတဘဝင်ကျသော ဇဝနဝါရအဝိဘူတာရုံဝီထိပုံ

၁။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ ဘ

၂။ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ

၃။ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ

၄။ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ

၅။ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ

၆။ တီ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၇။ တီ တီ တီ တီ တီ တီ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

## အာရုံစသည်ဖြင့်ဝေဖန်ပုံ

**အာရုံ**။ ဤဝိဘူတာရုံ၊ အဝိဘူတာရုံဝီထိနှစ်မျိုးလုံး၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

မနောဒွါရာဝဇ္ဇန်းစိတ်မှ ဇောစိတ်တိုင်အောင် ဝီထိစိတ် သုံးဆယ်သည် စိတ္တက္ခဏ ၁၇ ချက် အသက်ရှိသော ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈ ပါးဟု ဆိုအပ်သော အာရုံခြောက်ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

**ဝတ္ထု**။ ဘဝင်စိတ်နှင့် ဝီထိစိတ်အားလုံးသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။ အရူပဘုံ၌ ဖြစ်သောအခါ မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီဘဲဖြစ်၏။

**ဘုံ**။ ဇဝနဝါရဝိဘူတာရုံ၊ အဝိဘူတာရုံနှစ်မျိုးလုံးသည် ကာမ ၁၁ ဘုံ၊ အသညသတ်ကြဉ်ရူပ ၁၅ ဘုံ၊ အရူပလေးဘုံတို့၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌ဖြစ်၏။

**ဘဝင်စိတ်**။ ဤဝီထိ၌ ဘဝင်စိတ် ၁၉ ပါးလုံးဖြစ်၏။

**ဇဝနဝါရပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံ၌ ဝိဘူတာရုံ အဝိဘူတာရုံနှစ်မျိုးရှိနိုင်**

ပစ္စုပ္ပန်ဂတိနိမိတ်ကို အာရုံပြုသော မနောဒွါရမရဏာသန္နဝီထိများ၌ ကာမဇော၊ ကာမသတ္တဝါ၊ အတိမဟန္တကာမအာရုံမှန်ပါလျက် တဒါရုံမကျဘဲ သေပြီးနောက် ယင်းပစ္စုပ္ပန်ဂတိနိမိတ်အာရုံကိုပင် ဘဝသစ် ပဋိသန္ဓေစိတ်နှင့် ဘဝင်ခြောက်ချက်ခန့်က အာရုံပြု၏။*

ထို့ပြင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံများ ဗြဟ္မာသန္တာန်၌ ထင်လာသောအခါ ဝိဘူတာရုံဝီထိပင်ဖြစ်သော်လည်း တဒါရုံစိတ် ဖြစ်ခွင့်မရှိ၊ ဗြဟ္မာများ၏ စိတ်ဓာတ်သည် ကာမသတ္တဝါများ စိတ်ဓါတ်ထက် လွန်စွာသန့်ရှင်းလှ၏။ စက္ခုပသာဒ၊ သောတပသာဒများလည်း များစွာ ကြည်လင်လှ၏။ သို့ပါ၍ ကာမသတ္တဝါများ ထက်ပင် ဝိဘူတာရုံ၊ အတိမဟန္တာရုံဝီထိများ ပို၍အဖြစ်များမည်သာတည်း။ သို့သော် ရူပဗြဟ္မာများဖြစ်သောကြောင့် တဒါရုံစိတ်ဖြစ်ခွင့်မရှိ။ ထို့ကြောင့် ဇဝနဝါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံ နှစ်မျိုးလုံးရှိနိုင်၏။

---

* ဓမ္မသင်္ဂဏီမူလဋီကာ ၁၉၃။

မနောဒွါရဝီထိ၌ အာရုံ၏ အစွမ်းသတ္တိက ပဓာနမဟုတ်၊ စိတ်၏ အစွမ်းသတ္တိကသာ ပဓာနဖြစ်၏။ စိတ်အစွမ်းသတ္တိက ထက်မြက်နေလျှင် အာရုံသည် ထင်ထင်ရှားရှား (ဝိဘူတာရုံအဖြစ်ဖြင့်) ထင်လာမည်သာဖြစ်၏။ အာရုံက မည်မျှပင်အားကောင်းနေစေကာမူ စိတ်၏အစွမ်းသတ္တိက မထက်မြက်လျှင် မနောဒွါရ၌ မထင်မရှား (အဝိဘူတာရုံအဖြစ်ဖြင့်) ထင်လာမည်သာဖြစ်၏။ ထို့ကြောင့် ဤဇဝနဝါရ၌ ဘူတာရုံ၊ အဝိဘူတာရုံနှစ်မျိုးလုံးကို ရနိုင်၏။

## အတီတဘဝင်တူညီခြင်း

ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံများ စိတ္တက္ခဏ ၁၇ ချက် အသက်ရှည်သောကြောင့် အတီတဘဝင်ချရာ၌ အတီတဘဝင်ခုနစ်ကြိမ်ထက် မပိုသင့်၊ ဇော ခုနစ်ကြိမ်စောရန် ကျန်နေသောကြောင့် အတီတဘဝင်ကို ခုနစ်ကြိမ်သာ ချရမည်။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရဝီထိများဝယ် အတီတဘဝင် ချရာ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံဝီထိနှစ်မျိုးလုံး၌ တူညီနေရမည်ဖြစ်၏။

### အတီတဘဝင်မကျသော ဇဝနဝါရဝိဘူတာရုံဝီထိဆိုရိုး

ပစ္စုပ္ပန်နိပ္ဖန္နရုပ်မှကြွင်းသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်ရှားစွာထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

### အတီတဘဝင်မကျသော ဇဝနဝါရဝိဘူတာရုံဝီထိ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

### အတီတဘဝင်မကျသော ဇဝနဝါရအဝိဘူတာရုံဝီထိဆိုရိုး

ပစ္စုပ္ပန်နိပ္ဖန္နရုပ်၊ နိဗ္ဗာန်မှတစ်ပါး စိတ်၊ စေတသိက်၊ ရုပ်၊ ပညတ်တို့တွင် တစ်ပါးပါးသော အာရုံသည် မနောဒွါရ၌ မထင်မရှား ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ခုနစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

## အတီတဘဝင်မကျသော ဇဝနဝါရအဝိဘူတာရုံဝီထိ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

**အမှာ။** အတီတဘဝင်မကျသော ဤအဝိဘူတာရုံဝီထိသည် သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်လာ၏။

**အာရုံ။** ဤဝိဘူတာရုံ၊ အဝိဘူတာရုံ နှစ်ဝီထိ၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

ဝိဘူတာရုံဝီထိ၌ မနောဒွါရာဝဇ္ဇန်းစိတ်၊ ဇောစိတ်ဟူသော ဝီထိစိတ် ၃၀ ပါးသည် အတိတ်၊ အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး၊ ကာလသုံးပါး၌ ဖြစ်သော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ အနိပ္ဖန္နရုပ် ၁၀ ပါး၊ ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

အဝိဘူတာရုံဝီထိ၌ ဝီထိစိတ် ၃၀ ပါးသည် အတိတ်၊ အနာဂတ် ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး၊ ကာလသုံးပါး၌ဖြစ်သော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ အနိပ္ဖန္နရုပ် ၁၀ ပါး၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

**မှတ်ချက်။** နိဗ္ဗာန်သည် ဝိဘူတာရုံဝီထိ၏ အာရုံသာဖြစ်၏။ ဝတ္ထုဖြင့် ဝေဖန် ပုံ စသည်တို့သည် အတီတဘဝင်ကျသော ဇဝနဝါရဝိဘူတာရုံ၊ အဝိဘူတာရုံဝီထိတို့နှင့်တူ၏။

**အိပ်မက်ဝီထိ။** အိပ်ပျော်နေစဉ် ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စိတ်ချည်းသာ ဖြစ်နေ၏။ အိပ်ပျော်နေစဉ် သွေးလေခြောက်ခြားမှု စသော အကြောင်းကြောင့် အာရုံသစ်ထင်လာသောအခါ အိပ်မက် မက်လေ့ရှိ၏။ ထိုသို့ အိပ်မက်မက်ရာ၌ လက်ခြေလှုပ်မှု၊ ယောင်ယမ်းပြောဆိုမှုတို့သည် ကာယဝိညတ် နှင့်တကွ ဖြစ်ကြသည်သာများ၏။ ယင်းဝိညတ်ကို ကာမဇော အဘိညာဉ်တို့ ကသာ ဖြစ်စေနိုင်၏။ ထို့ကြောင့် တဒါရမ္မဏဝါရ၊ ဇဝနဝါရ အိပ်မက်ဝီထိနှင့်

အဗျာကတတဝါရအိပ်မက်ဝီထိဟု နှစ်မျိုးရှိနိုင်၏။ တဒါရမ္မဏဝါရ ဇဝနဝါရ အိပ်မက်ဝီထိများသည် ရှေ့ကပြောခဲ့သော မနောဒွါရဝီထိများနှင့်တူ၏။ အဗျာကတဝါရဝီထိ၌ကား ဇောစိတ်မဖြစ်နိုင်ပေ။ အားလုံး အဗျာကတ (ဝိပါက်၊ ကြိယာ) စိတ်ချည်းသာဖြစ်၏။

## အဗျာကတဝါရအိပ်မက်ဝီထိဆိုရိုး

အိပ်မက်ထဲ၌ မြင်လိုက်သကဲ့သို့၊ ကြားလိုက်သကဲ့သို့ဖြစ်ဖို့ရာ အဝိဘူတာရုံတစ်ခုခုသည် မနောဒွါရ၌ မထင်မရှား ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

## အဗျာကတဝါရအိပ်မက်ဝီထိပုံ

န ဒ မ မ မ ဘ ဘ ဘ

**အာရုံ**။ ဤဝီထိ၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အိပ်မက်ထဲ၌ ထင်လာသော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

## သုဒ္ဓမနောဒွါရဝီထိအပြား

| | | |
|---|---|---|
| ၁။ | ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော တဒါရမ္မဏဝါရ ဝိဘူတာရုံဝီထိ | ၅ – ဝီထိ |
| ၂။ | အတိတ်၊ အနာဂတ်နိပ္ဖန္နရုပ်နှင့် ကာမစိတ် စေတသိက်ကို အာ႑ုံပြုသော တဒါရမ္မဏဝါရ ဝိဘူတာရုံဝီထိ | ၁ – ဝီထိ |
| ၃။ | ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရ ဝိဘူတာရုံဝီထိ | ၇ – ဝီထိ |

| | | |
|---|---|---|
| ၄။ | ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုသော ဇဝနဝါရ အဝိဘူတာရုံဝီထိ | ၇ – ဝီထိ |
| ၅။ | ကြွင်းအာရုံကို အာရုံပြုသော ဇဝနဝါရ ဝိဘူတာရုံဝီထိ | ၁ – ဝီထိ |
| ၆။ | ကြွင်းအာရုံကို အာရုံပြုသော ဇဝနဝါရ အဝိဘူတာရုံဝီထိ | ၁ – ဝီထိ |
| ၇။ | အိပ်မက်အဗျာကတဝါရဝီထိ | ၁ – ဝီထိ |
| | **ပေါင်း** | **၂၃ – ဝီထိ** |

**ကာမဇောသုဒ္ဓမနောဒွါရဝီထိပြီး၏။**

* * * * *

## အခန်း ( ၆ )

## တဒနုဝတ္တိကာမနောဒွါရဝီထိ

ပဉ္စဒွါရိကဝီထိနောက်၌ ဆက်လက်ဖြစ်ပေါ်လာသော ဝီထိကို တဒနုဝတ္တိကာမနောဒွါရဝီထိခေါ်၏။

ကြေးစည်၊ ခေါင်းလောင်း စသည်တို့ကို တီးခေါက်လိုက်သောအခါ ရှေးဦးစွာ အသံမြည်လာပြီးနောက် ကြေးညည်းသံခေါ်သော နောက်ထပ်အသံအဆင့်ဆင့် ကြာမြင့်အောင် မြည်နေသကဲ့သို့ သတ္တဝါများသန္တာန်၌ စက္ခုဒွါရ (မျက်စိအကြည်ဓါတ်)၊ သောတဒွါရ (နားအကြည်ဓါတ်)၊ ဃာနဒွါရ (နှာခေါင်းအကြည်ဓါတ်)၊ ဇိဝှာဒွါရ (လျှာအကြည်ဓါတ်)၊ ကာယဒွါရ (ကိုယ်အကြည်ဓါတ်) ဟူသော ပဉ္စဒွါရ (ငါးဒွါရ) ၌ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး ထင်လာသောအခါ စက္ခုဒွါရိက ဝီထိစသော ပဉ္စဒွါရိက ဝီထိစိတ်များ ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျက်သွားကြ၏။

ချုပ်ပျက်လေပြီးသော ယင်းအတိတ်အာရုံများကို အာရုံပြုလျက် သတ္တဝါများသန္တာန်၌ မနောဒွါရိကဝီထိစိတ်များ ဆက်လက်ဖြစ်ပေါ်လေ့ရှိကြ၏။

ယင်းသို့ ပဥ္စဒွါရိကဝီထိစိတ်နောက်၌ ဆက်လက်ဖြစ်ပေါ်လာသောဝီထိကို တဒနုဝတ္တိကာ မနောဒွါရဝီထိခေါ်၏။

ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသောအခါ စက္ခုဒွါရိကဝီထိစိတ်များ ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားကြ၏။ ဤစက္ခုဒွါရဝီထိဖြင့် ထင်လာသော ရူပါရုံကို အဖြူ၊ အနီ မည်သူမည်ဝါပဲ စသည်ဖြင့် ကွဲကွဲပြားပြား မသိနိုင်သေးပေ။ သာမန်အဆင်းလောက်ကိုသာ မြင်ရ၊ သိရသေး၏။ စက္ခုဒွါရဝီထိနောက်၌ ဘဝင်စိတ်များ ဖြစ်သင့်သလောက် ဖြစ်၏။ ထိုသို့ ဘဝင်ခြားပြီးနောက် တဒနုဝတ္တိကာမနောဒွါရဝီထိများ ဆက်လက်ဖြစ်ပေးပြီးမှ အဖြူ၊ အနီ မည်သူမည်ဝါ ခွဲခြားသိနိုင်၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူသည် တဒနုဝတ္တိကာ မနောဒွါရဝီထိကိုပါ ဆက်လက်လေ့လာရမည်။ ဆက်လက် မလေ့လာလျှင် ဗုဒ္ဓအဘိဓမ္မာတရား၏ အရသာကို ပြည့်ပြည့်ဝဝ မခံစားရပေ။

## တဒနုဝတ္တိကာမနောဒွါရဝီထိ ၅ မျိုး

တဒနုဝတ္တိကာမနောဒွါရဝီထိသည် –

၁။ စက္ခုဒွါရဝီထိနောက်သို့လိုက်သော ဝီထိ၊
၂။ သောတဒွါရဝီထိနောက်သို့လိုက်သော ဝီထိ၊
၃။ ဃာနဒွါရဝီထိနောက်သို့လိုက်သော ဝီထိ၊
၄။ ဇိဝှါဒွါရဝီထိနောက်သို့လိုက်သော ဝီထိ၊
၅။ ကာယဒွါရဝီထိနောက်သို့လိုက်သော ဝီထိ။

ဤသို့ ငါးမျိုးပြား၏။

## စက္ခုဒွါရဝီထိနောက်သို့လိုက်သော ဝီထိ ၄ မျိုး

၁။ **အတီတဂ္ဂဟဏဝီထိ** – ချုပ်ပျောက်လေပြီးသော အတိတ်ရူပါရုံကို အာရုံပြုသောဝီထိ၊
၂။ **သမူဟဂ္ဂဟဏဝီထိ** – အပေါင်းရူပါရုံကို အာရုံပြုသောဝီထိ၊

၃။ **အတ္တဂ္ဂဟဏဝီထိ** - အထည်ကိုယ်ဒြပ်ကို အာရုံပြုသောဝီထိ၊
၄။ **နာမဂ္ဂဟဏဝီထိ** - အမည်ပညတ်ကို အာရုံပြုသော ဝီထိ။

စက္ခုဒွါရဝီထိနောက်သို့လိုက်သော ဝီထိသည် ဤသို့ လေးမျိုးပြား၏။

## အတီတဂ္ဂဟဏဝီထိ

လူ၏မျက်စိဖြင့် ရူပါရုံတစ်ခုခုကို တွေ့မြင်ရသောအခါ လူသား၏ စိတ်အစဉ်၌ စက္ခုဒွါရိကဝီထိစိတ်များဖြစ်ပေါ်ခဲ့ပြီး ချုပ်သွား၏။ ထိုသို့ ချုပ်ပျက်သွားသော်လည်း စိတ်အစဉ် ပြတ်မသွားပေ။ ထိုချုပ်ပျောက်သွားသော ရူပါရုံကို အာရုံပြုလျက် လူသား၏စိတ်အစဉ်မှာ မနောဒွါရိကဝီထိစိတ်များ ဆက်လက်ဖြစ်ပေါ်လာပြန်၏။ ထိုချုပ်ပျောက်သွားလေပြီးသော ရူပါရုံကို အာရုံပြုလျက်ဖြစ်သော မနောဒွါရဝီထိကို အတီတဂ္ဂဟဏဝီထိခေါ်၏။

## သမူဟဂ္ဂဟဏဝီထိ

အရာဝတ္ထုတစ်ခုခုကို စတင်တွေ့မြင်ရသောအခါ ယင်းတွေ့မြင်ရသော အရာဝတ္ထု၏ အထည်ကိုယ်ဒြပ်တစ်ခုလုံးကို တွေ့မြင်နိုင်သည်မဟုတ်ပေ။ ဥပမာ- မိန်းကလေးတစ်ဦးကို စတွေ့သောအခါ မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးကို တွေ့မြင်ခြင်းမဟုတ်၊ မိန်းကလေး၏ဦးခေါင်းပိုင်းကို စတွေ့လျှင် စတင်တွေ့ရှိသော ဦးခေါင်း၌ရှိနေသော ရူပါရုံကို အာရုံပြုပြီး နောက်ဦးခေါင်းမှ အခြားသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို တစ်ခုပြီးတစ်ခု ဆက်လက်ပြောင်းရွှေ့ ကြည့်ရှုခြင်းကြောင့် နောက်ထပ် စက္ခုဒွါရိကဝီထိ၊ အတီတဂ္ဂဟဏဝီထိအစုံများစွာ ဖြစ်ပြီး ချုပ်ပျောက်သွားကြ၏။ ဦးခေါင်းတစ်ခုလုံး၏ ရူပါရုံအပေါင်းကိုဖြစ်စေ၊ ခန္ဓာကိုယ်တစ်ခုလုံး၏ ရူပါရုံအပေါင်းကိုဖြစ်စေ အာရုံပြုသောဝီထိကို သမူဟဂ္ဂဟဏဝီထိခေါ်၏။ ဤသမူဟဂ္ဂဟဏဝီထိသည် ချုပ်သွားလေပြီးသော အတိတ် ရူပါရုံအပေါင်းဟူသော ကာမတရားကို အာရုံပြုခြင်းကြောင့် ဝိဘူတာရုံဝီထိ ဖြစ်လျှင် တဒါရုံကျနိုင်၏။

## အတ္တဂ္ဂဟဏဝီထိ

ဘဝင်ခြားလျက် သမူဟဂ္ဂဟဏဝီထိများ ဆက်ကာဆက်ကာဖြစ်ပြီး နောက် ရူပါရုံအပေါင်း၏တည်ရာ ဦးခေါင်းဒြပ်ကိုသိသော သို့မဟုတ် ခန္ဓာကိုယ် ဒြပ်ကိုသိသော ဝီထိကို အတ္တဂ္ဂဟဏဝီထိခေါ်၏။ ဦးခေါင်းဒြပ် စသည်ကို အာရုံပြုရာ၌ ဦးခေါင်းဒြပ်က ပညတ်ဖြစ်ခြင်းကြောင့် ဝိဘူတာရုံပဲဖြစ်ဖြစ်၊ အဝိဘူတာရုံပဲဖြစ်ဖြစ် တဒါရုံကျခွင့်မရှိပေ။

## နာမဂ္ဂဟဏဝီထိ

လူအများ သတ်မှတ် မှည့်ခေါ်အပ်သော အမည်အမျိုးမျိုးကို နာမခေါ် ၏။ ထိုအမည်ကို အာရုံပြု၍ အမည်ကို သိရှိနားလည်သောဝီထိကို နာမဂ္ဂဟဏ ဝီထိခေါ်၏။ အမည်ကိုသိသော နာမဂ္ဂဟဏဝီထိများစွာဖြစ်၏။ လောက၌ လူ အများ ခေါ်ဝေါ်သုံးစွဲပြောဆိုအပ်သော အမည်အမျိုးကို ကျွမ်းကျင်သိရှိထားသူ များသန္တာန်၌သာ နာမဂ္ဂဟဏဝီထိဖြစ်နိုင်၏။ လောကအသုံးအနှုန်း ဝေါဟာရ များကို မသိသေးသော ကလေးများသန္တာန်၌ နာမဂ္ဂဟဏဝီထိ မဖြစ်နိုင်ပေ။ အမည်သည် ပညတ်ဖြစ်၍ နာမဂ္ဂဟဏဝီထိ၌လည်း ဝိဘူတာရုံပဲဖြစ်ဖြစ်၊ အဝိဘူတာရုံပဲဖြစ်ဖြစ် တဒါရုံမကျနိုင်ပေ။

နောက်ဆုံးဒြပ်တစ်ခုလုံးကို မြင်သိသော စက္ခုဒွါရိကဝီထိ၊ အတီတဂ္ဂ ဟဏဝီထိ၊ အတ္တဂ္ဂဟဏဝီထိ၊ နာမဂ္ဂဟဏဝီထိများ အစဉ်အတိုင်းဖြစ်ပြီးမှသာ ယင်းဒြပ်၏အမည်ကို သေချာစွာ သိရလေ၏။

### စက္ခုဒွါရဝီထိနောက်သို့လိုက်သော တဒနုဝတ္တိကာ မနောဒွါရဝိဘူတာရုံဝီထိဆိုရိုး

### ကျက်ရန်

စက္ခုဒွါရိကဝီထိ၏ အခြားမဲ့၌ ဖြစ်ထိုက်သမျှ ဘဝင်စိတ်များကျပြီး နောက် ထိုစက္ခုဒွါရဝီထိ၏ အာရုံဖြစ်သော အတိတ်ရူပါရုံသည် မနောဒွါရ၌

ထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

ထိုရူပါရုံအပေါင်းကို ပေါင်းရုံးလျက် အာရုံပြုသော သမူဟဂ္ဂဟဏဝီထိသည်လည်းကောင်း၊ ရူပါရုံအပေါင်း၏တည်ရာ အထည်ကိုယ်ဒြပ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိသည်လည်းကောင်း၊ လူအများသုံးစွဲခေါ်ဝေါ်အပ်သော အမည်ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိသည်လည်းကောင်း ထိုက်သည်အားလျော်စွာ ဖြစ်ကြ၏။

## စက္ခုဒွါရမှာ ရူပါရုံထင်လာရာ၌ ဖြစ်ပေါ်လာသော ဝီထိပုံများ

### ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသော စက္ခုဒွါရိကအတိမဟန္တာရုံဝီထိပုံ

| တိ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| … | … | … | … | … | … | … | … | … | … | … | … | … | … | … | … | … |

### တဒနုဝတ္တိကာမနောဒွါရဝီထိများ

### ၁။ အတီတဂ္ဂဟဏဝီထိပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
|---|---|---|---|---|---|---|---|---|---|---|---|
| … | … | … | … | … | … | … | … | … | … | … | … |

### ၂။ သမူဟဂ္ဂဟဏဝီထိပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ |
|---|---|---|---|---|---|---|---|---|---|---|---|
| … | … | … | … | … | … | … | … | … | … | … | … |

### ၃။ အတ္ထဂ္ဂဟဏဝီထိပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ |
|---|---|---|---|---|---|---|---|---|---|
| … | … | … | … | … | … | … | … | … | … |

### ၄။ နာမဂ္ဂဟဏဝီထိပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ |
|---|---|---|---|---|---|---|---|---|---|
| … | … | … | … | … | … | … | … | … | … |

**မှတ်ချက်။** စက္ခုဒွါရိက အတိမဟန္တာရုံဝီထိသည် တဒနုဝတ္တိကာဝီထိ မဟုတ်ခြင်းကြောင့် ယင်းဝီထိ၏ဆိုရိုးကို ဤနေရာ၌ ထည့်မပြခြင်းဖြစ်၏။ ပဉ္စဒွါရဝီထိ၌ပြခဲ့သော ဆိုရိုးအတိုင်းပင်ဆိုရမည်။

**ရှင်းလင်းချက်**

မျက်စိဖြင့် ရူပါရုံတစ်မျိုးမျိုးကိုတွေ့မြင်သောအခါ လူသား၏စိတ်အစဉ်၌ အထက်ပါအတိုင်း ဝီထိစိတ်များ ဖြစ်ပေါ်လာကြ၏။ ဥပမာ – ယောကျ်ား တစ်ယောက်သည် မိန်းကလေးတစ်ဦးကို စတင်တွေ့မြင်သည်ဆိုကြပါစို့၊ ထိုသို့ မိန်းကလေး၏ အဆင်းရူပါရုံကို တွေ့မြင်သောအခါ စက္ခုဒွါရိကဝီထိစိတ်ဖြစ်ပြီး ပျက်သွား၏။

ထိုချုပ်ပျောက်သွားလေသော မိန်းကလေး၏ရူပါရုံကို အာရုံပြု၍ဖြစ်သော အတီတဂ္ဂဟဏဝီထိတစ်ခုဖြစ်ပြီး ချုပ်ပြန်၏။ ဤစက္ခုဒွါရိကဝီထိ၊ အတီတဂ္ဂဟဏဝီထိနှစ်မျိုးဖြင့် မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးကို မြင်နိုင်သည်မဟုတ်သေးပေ။ အကယ်၍ မိန်းကလေး၏ဦးခေါင်းကို စတင်တွေ့မြင်ခဲ့ပါလျှင် စတင်တွေ့မြင်သော ဦးခေါင်း၏ အစိတ်အပိုင်း၌ရှိသော ရူပါရုံကို အာရုံပြုပြီးနောက် ဦးခေါင်း၏အခြားအစိတ်အပိုင်းများကို တစ်စတစ်စ ရွှေ့ပြောင်းကြည့်ရှုခြင်းကြောင့် နောက်ထပ်စက္ခုဒွါရိကဝီထိ၊ အတီတဂ္ဂဟဏဝီထိအာရုံများ အဆက်မပြတ် ဖြစ်ပေါ်ပြီးမှ တွေ့မြင်ရသမျှသော ဦးခေါင်းတစ်ခုလုံး၏ ရူပါရုံ အပေါင်းကို အာရုံပြုလျက် သမူဟဂ္ဂဟဏမနောဒွါရဝီထိဖြစ်၏။

ထို့နောက် ဘဝင်ခြားလျက် သမူဟဂ္ဂဟဏဝီထိများ ဆက်ကာဆက်ကာ ဖြစ်ပြီး ရူပါရုံ၏တည်ရာ ဦးခေါင်းဒြပ်ကိုသိသော အတ္ထဂ္ဂဟဏမနောဒွါရဝီထိများ ဆက်ကာဆက်ကာ ဖြစ်၏။

ထိုသို့ဖြစ်ပြီးနောက် ဦးခေါင်းဟူသောအမည်ကို သိသော နာမဂ္ဂဟဏ ဝီထိများစွာဖြစ်ပြန်၏။

ဤသို့လျှင် ဦးခေါင်းပိုင်းနှင့်သက်ဆိုင်သော နာမဂ္ဂဟဏဝီထိတိုင်

အောင် ဝီထိပေါင်းများစွာဖြစ်ပေါ်ကာ ချုပ်ပျောက်ပျက်စီးသွားကြ၏။ ထို့နောက် ဦးခေါင်းအောက်မှ လည်ပင်း၊ လက်၊ ရင်ဘတ် စသော မိန်းကလေး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တစ်ခုပြီးတစ်ခု ပြောင်းရွှေ့ကာ ကြည့်ရှုလျက် ဝီထိပေါင်းများစွာဖြင့် မိန်းကလေး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို သိရှိလေ၏။

ထိုသို့ သိရှိပြီးနောက်မှ မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးကို တွေ့မြင်သော စက္ခုဒွါရိကဝီထိ၊ အတီတဂ္ဂဟဏဝီထိ၊ သမူဟဂ္ဂဟဏဝီထိ၊ အတ္ထဂ္ဂဟဏဝီထိ၊ နာမဂ္ဂဟဏဝီထိများဖြင့် မိန်းကလေးခန္ဓာကိုယ်ဒြပ်၊ မိန်းကလေး ဟူသော အမည်ပညတ်ကို သေချာကျနစွာသိရှိရ၏။ ဤသို့ မိန်းကလေး တစ်ဦးကို တွေ့မြင်ရသောအချိန်အတွင်း၌ မရေတွက်နိုင်လောက်အောင် စိတ်ပေါင်းများစွာ ဖြစ်ပျက်ခြင်းကြောင့် **"စိတ်၏ဖြစ်မှုပျက်မှု အလွန်လျှင်မြန်ကြောင်း၊ စိတ်၏ လျှင်မြန်ပုံကို နှိုင်းယှဉ်စရာ ဥပမာမရှိကြောင်း"** ဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။*

**အမှာ။** အဝိဘူတာရုံဝီထိလွယ်၏။ တဒါရုံမဖြစ်ရုံသာထူး၏။ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိတို့၏နောက်သို့လိုက်သော တဒနုဝတ္တိကာဝီထိများလည်း တူကြ၏။ သောတဒွါရဝီထိနောက်သို့လိုက်သော တဒနုဝတ္တိကာ မနောဒွါရဝီထိများ ရှေ့နောက်စဉ်ပုံသာ အနည်းငယ်ထူး၏။

## သောတဒွါရဝီထိနောက်သို့လိုက်သော တဒနုဝတ္တိကာဝီထိများ

၁။ အတီတဂ္ဂဟဏဝီထိ၊
၂။ သမူဟဂ္ဂဟဏဝီထိ၊
၃။ နာမဂ္ဂဟဏဝီထိ၊
၄။ အတ္ထဂ္ဂဟဏဝီထိ။

ဤသို့ သောတဒွါရဝီထိနောက်သို့လိုက်သော ဝီထိလေးမျိုးပြား၏။

---

* အင်္ဂုတ္တရပါဠိ ပထမတွဲ ၉။

## တဒနုဝတ္တိကာမနောဒွါရဝိဘူတာရုံဝီထိဆိုရိုး

## ကျက်ရန်

သောတဒွါရဝီထိ၏ အခြားမဲ့၌ ဖြစ်ထိုက်သမျှ ဘဝင်ကျပြီးနောက် ထို သောတဒွါရ၏ အာရုံဖြစ်သော အတိတ်သဒ္ဒါရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

ထို့နောက် သဒ္ဒါရုံအများကိုပေါင်းရုံး၍ အာရုံပြုသော သမူဟဂ္ဂဟဏဝီထိသည်လည်းကောင်း၊ လူအများသုံးစွဲခေါ်ဝေါ်အပ်သော အမည်ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိသည်လည်းကောင်း၊ သဒ္ဒါရုံ၏ ဟောနက်ဖြစ်သော အနက်ဒြပ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိသည်လည်းကောင်း ထိုက်သည် အားလျော်စွာဖြစ်ကြ၏။

### သောတဒွါရမှာ သဒ္ဒါရုံထင်လာရာ၌ ဖြစ်ပေါ်လာသောဝီထိများ

### ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသော သောတဒွါရိကအတိမဟန္တာရုံဝီထိပုံ

တီ န ဒ ပ သော သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
… … … … … … … … … … … … … … … …

### တဒနုဝတ္တိကာမနောဒွါရဝီထိများ

### ၁။ အတီတဂ္ဂဟဏဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
… … … … … … … … … … …

### ၂။ သမူဟဂ္ဂဏဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
… … … … … … … … … … …

## ၃။ နာမဂ္ဂဟဏဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ
... ... ... ... ... ... ... ... ... ...

## ၄။ အတ္ထဂ္ဂဟဏဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ
... ... ... ... ... ... ... ... ... ...

**မှတ်ချက်** ။ နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိရေ့နောက်စဉ်ပုံသည် စက္ခုဒွါရဝီထိနောက်သို့လိုက်သော ဝီထိများစဉ်ပုံနှင့် မတူသည်ကို သတိပြုပါ။

### ရှင်းလင်းချက်

နားဖြင့် သဒ္ဒါရုံတစ်မျိုးမျိုးကို ကြားသိရသောအခါ လူသား၏ စိတ်အစဉ်၌ အထက်ပါအတိုင်း ဝီထိစိတ်များ ဖြစ်ပေါ်လာကြ၏။ ဥပမာ – လူတစ်ဦးက ''ပုရိသော'' ဟု ပြောဆိုလိုက်သောအခါ ယင်းအသံကိုကြားလိုက်သူ၏ သန္တာန်၌ ရှေးဦးစွာ ''ပု'' ဟူသောပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရိကဝီထိစိတ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပြီးချုပ်ပျောက်သွား၏။

ယင်းချုပ်သွားလေပြီးသော ''ပု'' ဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော အတီတဂ္ဂဟဏမနောဒွါရ ဝီထိဖြစ်၏။ ဤသောတဒွါရိကဝီထိနှင့် အတီတဂ္ဂဟဏဝီထိသည် အကြိမ်ပေါင်းများစွာဖြစ်နိုင်စရာရှိ၏။

အက္ခရာတစ်လုံးကို ရွတ်ဖတ်ရာ၌ ရဿ (သံတို) အက္ခရာဖြစ်လျှင် ယင်းရဿ (သံတို) အက္ခရာ၏အသံသည် လက်ဖျောက်တစ်ချက်တီးချိန်ခန့်ကြာ၏။ လက်ဖျောက်တစ်ချက်တီးချိန်ခန့် အချိန်ကာလအတွင်း၌ စိတ်ပေါင်းကုဋေတစ်သိန်းမျှဖြစ်နိုင်သည်ဟု ပိဋကတ်ကျမ်းစာများ၌ အဆိုရှိ၏။ ထို့ကြောင့် ''ပု'' ဟူသော အသံတစ်ခု၌ ထပ်ကာထပ်ကာဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံပေါင်း

များစွာကို အာရုံပြုသော သောတဒွါရိကဝီထိပေါင်းများစွာဖြစ်နိုင်၏။ ထို့နောက် ဘဝင်ခြားပြီးလျှင် ယင်းချုပ်သွားလေပြီးသော အတိသဒ္ဒါရုံများစွာကို အာရုံပြုလျက် အတီတဂ္ဂဟဏဝီထိပေါင်းများစွာဖြစ်နိုင်၏။

တစ်ဖန် ''ရိ'' အက္ခရာကို ရွတ်ဆိုရာ၌လည်း ထို ''ရိ''ဟူသောသဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရိက ဝီထိ၊ အတီတဂ္ဂဟဏဝီထိပေါင်းများစွာဖြစ်၏။ ထိုနည်းတူစွာ ''သော'' ဟူသော အက္ခရာကို ရွတ်ဆိုရာ၌လည်း သောတဒွါရိကဝီထိ၊ အတီတဂ္ဂဟဏဝီထိပေါင်းများစွာဖြစ်၏။

ထို့နောက်ချုပ်သွားလေပြီးသော ''ပုရိသော'' ဟူသော အက္ခရာသုံးလုံး၊ သဒ္ဒါရုံအပေါင်းကို အာရုံပြုသော သမူဟဂ္ဂဟဏဝီထိများစွာဖြစ်၏။ သမူဟဂ္ဂဟဏဝီထိချုပ်သွားပြီးနောက် ''ပုရိသော'' အမည်ပညတ်ကို သိလျက် အာရုံပြုသော နာမဂ္ဂဟဏဝီထိများစွာဖြစ်၏။ ထို့နောက် ပုရိသ သဒ္ဒါသည် ဟောအပ်သော ယောကျ်ားဒြပ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိဖြစ်၏။

**မှတ်ချက်** ။ အက္ခရာတစ်လုံးသာရှိသော အသံကို ကြားရာ၌ အပေါင်းသဒ္ဒါရုံကို အာရုံပြုသော သမူဟဂ္ဂဏဝီထိမဖြစ်နိုင်ပေ။ အမည်ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိဖြစ်ပြီးနောက် ပုရိသသဒ္ဒါသည် ယောကျ်ားအနက်ကို ဟောသည်ဟု ရှေးကမှတ်သားဖူးသော အမှတ်သညာတရှိပါမှ ယောကျ်ားဒြပ်အနက်ကို နားလည်သဘောပေါက်သော အတ္ထဂ္ဂဟဏဝီထိဖြစ်နိုင်၏။

ပါဠိဘာသာကို မကျွမ်းကျင်လျှင် ပါဠိသံအမည်ကို ကြားသိသော နာမဂ္ဂဟဏဝီထိများဖြစ်သော်လည်း ဆိုလိုသောအနက် ဒြပ်ကိုမသိခြင်းကြောင့် အတ္ထဂ္ဂဟဏဝီထိမဖြစ်နိုင်ပေ။

## ဝိညတ္တိဂ္ဂဟဏဝီထိ

အလိုဆန္ဒနှင့်တကွ လက်၊ ဦးခေါင်းစသော ကိုယ်အင်္ဂါများကို လှုပ်ပြရာ၌ လှုပ်သောလက်၊ ခြေ၊ ဦးခေါင်းစသည်တို့၌ တည်သော ပစ္စုပ္ပန်ရူပါရုံကို

အာရုံပြုသော စက္ခုဒွါရိကဝီထိဖြစ်၏။ ယင်းစက္ခုဒွါရိကဝီထိနောက်သို့ လိုက်သော ကာယဝိညတ္တိဂ္ဂဟဏဝီထိများဖြစ်ကြသေး၏။

စကားပြောဆိုသောအခါ စကားပြောသံကိုကြားရရာ၌ ကြားရသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရိကဝီထိဖြစ်၏။ ယင်းသောတဒွါရဝီထိ နောက်သို့လိုက်သော ဝစီဝိညတ္တိဂ္ဂဟဏဝီထိများဖြစ်ကြသေး၏။

## ကာယဝိညတ္တိဂ္ဂဟဏဝီထိ

ကာယဝိညတ္တိဂ္ဂဟဏဝီထိ၌

၁။ ပစ္စုပ္ပန်ရူပါရုံကို ရှေးဦးစွာသော စက္ခုဒွါရဝီထိဖြင့်သိ၏။

၂။ ချုပ်သွားပြီးသော အတိတ်ရူပါရုံကို ဒုတိယမနောဒွါရဝီထိဖြင့်သိ၏။

၃။ ကာယဝိညတ်ကို တတိယမနောဒွါရဝီထိဖြင့်သိ၏။

၄။ အလိုဆန္ဒကို စတုတ္ထမနောဒွါရဝီထိဖြင့်သိ၏။

ထို့ကြောင့် ကာယဝိညတ္တိဂ္ဂဟဏဝီထိ၌ အစဉ်အတိုင်းဖြစ်သော ဝီထိ တို့ကို အောက်ပါအတိုင်း မှတ်သားထားရမည်။

၁။ စက္ခုဒွါရိကဝီထိ = ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသောဝီထိ၊

၂။ အတီတဂ္ဂဟဏဝီထိ = ချုပ်လေပြီးသော အတိတ်ရူပါရုံကို အာရုံပြုသောဝီထိ။

၃။ ကာယဝိညတ္တိဂ္ဂဏဝီထိ = ကာယဝိညတ်ကို အာရုံပြုသောဝီထိ

၄။ အဓိပ္ပါယဂ္ဂဟဏဝီထိ = အလိုဆန္ဒကိုသိသောဝီထိ။

## ကာယဝိညတ္တိဂ္ဂဟဏဝီထိဖြစ်ပုံ

သူတစ်ပါးက လက်ကိုလှုပ်လျက် လက်ယပ်ခေါ်လိုက်သည်ရှိသော် ရှေးဦးစွာလှုပ်သောလက်၏ ရူပါရုံကို အာရုံပြုသော စက္ခုဒွါရဝီထိဖြစ်ပြီးချုပ်၏။

ထို့နောက်ချုပ်ပြီးသော အတိတ်ရုပါရုံကို အာရုံပြုသော အတီတဂ္ဂဟဏ ဝီထိသည်လည်းကောင်း၊ လာစေလိုသောအခြင်းအရာကို သိစေတတ်သော ကာယဝိညတ်ကို အာရုံပြုသော ကာယဝိညတ္တိဂ္ဂဟဏဝီထိသည်လည်းကောင်း၊ လာစေလိုသော အလိုဆန္ဒကို အာရုံပြုသော အဓိပ္ပါယဂ္ဂဟဏဝီထိသည် လည်းကောင်း ဖြစ်ကြ၏။

**မှတ်ချက်** ။ ဝီထိပုံလွယ်၏၊ မိမိကိုယ်တိုင် ဝီထိပုံကိုချကြည့်ပါလေ။

ဤကာယဝိညတ္တိဂ္ဂဟဏဝီထိကိုချရာ၌ အပေါင်းရုပါရုံကို အာရုံပြုသော သမူဟဂ္ဂဟဏဝီထိ၊ အတ္ထဂ္ဂဟဏဝီထိများ တိုက်ရိုက်မပါသော်လည်း လက်ကို အထက်မှအောက်သို့ချ၍ လှုပ်ယမ်းလိုက်သောအခါ အထက်ရုပါရုံကိုသာ မြင်ရရုံ ဖြင့် ဝိညတ်နှင့်အလိုဆန္ဒကို မသိနိုင်သေး။

အထက်ရုပါရုံနှင့် အနည်းငယ်အောက်ကျသော ရုပါရုံ၊ ထို့နောက် အဆင့်ဆင့်အောက်သို့ကျသွားသော ရုပါရုံတို့ကို စက္ခုဒွါရဝီထိ၊ အတီတဂ္ဂဟ ဏဝီထိတို့ဖြင့် အကြိမ်များစွာယူပြီးနောက် သမူဟဂ္ဂဟဏဝီထိစိတ်ဖြင့် အပေါင်း ရုပါရုံကိုလည်း အာရုံပြုရမည်သာဖြစ်၏။ ယင်းသမူဟဂ္ဂဟဏဝီထိ၏နောက်၌ လက်ယပ်ခေါ်ခြင်း အမှတ်သင်္ကေတဖြစ်သော လာခြင်းကြိယာဟူသောအတ္ထ ပညတ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိလည်းဖြစ်ရမည်သာဖြစ်၏။ ထို့နောက် မှသာ ဝိညတ်နှင့်အလိုဆန္ဒကိုသိသော ကာယဝိညတ္တိဂ္ဂဟဏဝီထိ၊ အဓိပ္ပါယဂ္ဂ ဟဏဝီထိများဖြစ်ကြလိမ့်မည်။

## ဝစီဝိညတ္တိဂ္ဂဟဏဝီထိ

ဝစီဝိညတ္တိဂ္ဂဟဏဝီထိ၌လည်း

၁။ ပစ္စုပ္ပန်သဒ္ဒါရုံကို ရှေးဦးစွာဖြစ်သော သောတဒွါရဝီထိဖြင့်သိ၏။

၂။ ချုပ်သွားပြီးသော အတိတ်သဒ္ဒါရုံကို ဒုတိယမနောဒွါရဝီထိဖြင့်သိ၏။

၃။ ဝစီဝိညတ်ကို တတိယမနောဒွါရဝီထိဖြင့်သိ၏။

၄။ အလိုဆန္ဒကို စတုတ္ထမနောဒွါရဝီထိဖြင့်သိ၏။

ထို့ကြောင့်ဝစီဝိညတ္တိဂ္ဂဟဏဝီထိ၌ အစဉ်အတိုင်းဖြစ်သော ဝီထိတို့ကို အောက်ပါအတိုင်း မှတ်သားထားရမည်။

၁။ သောတဒွါရိကဝီထိ–ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသောဝီထိ၊

၂။ အတီတဂ္ဂဟဏဝီထိ–အတိတ်သဒ္ဒါရုံကို အာရုံပြုသောဝီထိ၊

၃။ ဝစီဝိညတ္တိဂ္ဂဟဏဝီထိ–ဝစီဝိညတ်ကို အာရုံပြုသောဝီထိ၊

၄။ အဓိပ္ပါယဂ္ဂဟဏဝီထိ – အလိုဆန္ဒကို အာရုံပြုသောဝီထိ၊

## ဝစီဝိညတ္တိဂ္ဂဟဏ ဝီထိဖြစ်ပုံ

သောတဒွါရဝီထိနောက်သို့လိုက်ရာ၌ သူတစ်ပါးက ''လာ''ဟု ခေါ်လိုက်သည်ရှိသော် ''လာ''ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသော သောတဒွါရဝီထိဖြစ်၏။ ထို့နောက်ချုပ်သွားလေပြီးသော အတိတ်သဒ္ဒါရုံကို အာရုံပြုသော အတီတဂ္ဂဟဏဝီထိသည် လည်းကောင်း၊ လာစေလိုသောအခြင်းအရာကို သိစေတတ်သည့် ဝစီဝိညတ်ကို အာရုံပြုသော ဝစီဝိညတ္တိဂ္ဂဟဏဝီထိသည် လည်းကောင်း၊ လာစေလိုသောအလိုဆန္ဒကို အာရုံပြုသော အဓိပ္ပါယဂ္ဂဟဏဝီသည် လည်းကောင်းဖြစ်ကြ၏။

**မှတ်ချက်** ။ ဝီထိချုပ်ပုံလွယ်၏။ သောတဒွါရိကဝီထိနောက်သို့လိုက်ရာ၌ အသံက အက္ခရာတစ်လုံးဖြစ်လျှင် သမူဟဂ္ဂဟဏဝီထိမဖြစ်နိုင်ပေ။ အက္ခရာများလျှင်များသလောက် သမူဂ္ဂဟဏဝီထိများတိုး၍ဖြစ်နိုင်၏။ ထို့အပြင် ''လာ'' ဟူသော အမည်ပညတ်ကို အာရုံပြုသောနာမဂ္ဂဟဏဝီထိနှင့် ''လာ'' ခြင်း ကြိယာဟူသော အတ္တပညတ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိများ လည်းဖြစ်နိုင်သည်သာ။ ထို့နောက်မှ ဝိညတ္တိဂ္ဂဟဏဝီထိနှင့် အဓိပ္ပါယဂ္ဂဟဏဝီထိများဖြစ်ကြ၏။

**ကာမဇောမနောဒွါရဝီထိပြီး၏။**

* * * * *

## အခန်း (၇)

## အပ္ပနာဇောဝါရ

မဟဂ္ဂုတ်၊ လောကုတ္တရာဇော (၂၆) ပါးကို အပ္ပနာဇောခေါ်၏။ ထို အပ္ပနာဇောစောသောစိတ်တို့၏ ဖြစ်လှည့်အကြိမ်ကို အပ္ပနာဇောဝါရခေါ်၏။

### ဝိဘူတာရုံသာဖြစ်ခြင်း

အာရုံ၏ထင်ရှားရာ၌သာ အပ္ပနာဇောများဖြစ်သင့်၏။ စျာန်ကိုဖြစ်စေ၊ မဂ်ဖိုလ်ကိုဖြစ်စေရဖို့ရန် ကသိုဏ်းစသော အာရုံကိုမှန်းဆ၍ ကမ္မဋ္ဌာန်းတရားစီး ဖြန်းသောအခါ ထိုကသိုဏ်းစသော အာရုံများ အလွန်ထင်ရှားစွာ ထင်ပေါ်လာ မှသာ စျာန်စသည်ကိုရရှိနိုင်၏။ ထို့ကြောင့် အပ္ပနာဇောဝီထိ၏အာရုံမှန်လျှင် ထင်ရှားသော ဝိဘူတာရုံတစ်မျိုးသာဖြစ်ရ၏။

### တဒါရုံစိတ်ဖြစ်ခွင့်မရှိ

တဒါရုံစိတ်သည် ကာမဇောနောက်၌သာဖြစ်လေ့ရှိသောကြောင့် အပ္ပနာဇောဝီထိ၌ တဒါရုံဖြစ်ခွင့်မရှိပေ။

### ဥပစာရသမာဓိဇော

အပ္ပနာဇောဝီထိကိုချသောအခါ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရဝဇ္ဇန်းမှစ၍ ချရမည်။

ကမ္မဋ္ဌာန်းပေါက်လုခါနီး၌ မဟာကုသိုလ်၊ မဟာကြိယာစိတ်များသည် ဉာဏ်နှင့်ယှဉ်သောစိတ်များသာဖြစ်သင့်၏။ ထို့ကြောင့် မနောဒွါရဝဇ္ဇန်းစိတ်၏ နောက်၌ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် လေးပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးပါး၊ ပေါင်းရှစ်ပါးတွင် တစ်ပါးပါးသောဇောစိတ်ဖြစ်၏။

ထိုသို့ဖြစ်ရာ၌ ထိုမဟာကုသိုလ်၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ရှစ်ပါးသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသော အမည်ဖြင့်လေးကြိမ် ဖြစ်စေ၊ သုံးကြိမ်ဖြစ်စေဖြစ်၏။ မန္ဒပညာပုဂ္ဂိုလ်သန္တာန်၌ လေးကြိမ်ဖြစ်၏။ တိက္ခ

ပညပုဂ္ဂိုလ်သန္တာန်၌ ဥပစာ, အနုလုံ, ဂေါတြဘုသုံးကြိမ်သာဖြစ်၏။

စျာန်၊ မဂ်ဖိုလ်တို့၏ အနီးဥပစာ၌ဖြစ်သောကြောင့်လည်းကောင်း၊ သမာဓိအားကောင်းသောကြောင့်လည်းကောင်း ဤပရိကံစသော ကာမဇော များကို ''ဥပစာရသမာဓိဇော'' ခေါ်၏။

**ပရိကံ** ။ ပထမစိတ်သည် အပ္ပနာကို ပြုပြင်စီမံတတ်သောကြောင့် ပရိကံ မည်၏။

**ဥပစာ** ။ ဒုတိယစိတ်သည် အပ္ပနာ၏အနီး၌ဖြစ်သောကြောင့် ဥပစာ မည်၏။ တစ်နည်း အပ္ပနာသို့ကပ်ရောက်၍ဖြစ်သော ကြောင့် ဥပစာ ခေါ်၏။

**အနုလုံ** ။ တတိယစိတ်သည် ရှေးပရိကံဇောတို့အားလည်းကောင်း၊ နောက် အပ္ပနာဇောအားလည်းကောင်း လျော်သောကြောင့် အနုလုံ မည်၏။

**ဂေါတြဘု** ။ ကာမအနွယ် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးတတ်သောကြောင့် လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်၊ လောကုတ္တရာအနွယ်ကို ဖြစ်ပွားစေ တတ်သောကြောင့်လည်းကောင်း ဂေါတြဘု မည်၏။

**မန္ဒပညပုဂ္ဂိုလ်** ။ နုသော၊ ညံ့သောပညာရှိသူယောဂီပုဂ္ဂိုလ်ကို မန္ဒပညပုဂ္ဂိုလ် ခေါ်၏။ ထိုမန္ဒပညပုဂ္ဂိုလ် သန္တာန်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုလေးကြိမ်ဖြစ်၏။

**တိက္ခပညပုဂ္ဂိုလ်**။ ထက်မြက်သော ပညာရှိသူ ယောဂီပုဂ္ဂိုလ်ကို တိက္ခပည ပုဂ္ဂိုလ်ခေါ်၏။ ထိုတိက္ခပညပုဂ္ဂိုလ်သန္တာန်၌ ဥပစာ၊ အနုလုံ၊ ဂေါတြဘုသုံးကြိမ်ဖြစ်၏။

မန္ဒပညပုဂ္ဂိုလ်သန္တာန်၌ ငါးကြိမ်မြောက်၌ အပ္ပနာဇောစော၏။ တိက္ခပညပုဂ္ဂိုလ်သန္တာန်၌ လေးကြိမ်မြောက်မှာ အပ္ပနာဇောစော၏။

## မိမိစိတ်ကို ရွေးရှုဆောင်ခြင်း

ချာန်ရအောင် အားထုတ်သူသည် မိမိ၏ သမထဘာဝနာစိတ်ကို ဈာန်သို့ရောက်အောင် ရွေးရှုဆောင်၏။ မဂ်ရအောင် အားထုတ်သူသည် မိမိ၏ ဝိပဿနာ ဘာဝနာစိတ်ကို မဂ်ဖိုလ်သို့ရောက်အောင် ရွေးရှုဆောင်၏။ ဤသို့ ဆောင်ခြင်းကို မိမိစိတ်ကို ရွေးရှုဆောင်ခြင်း (ယထာဘိနီဟာရ) ခေါ်၏။

### နမူနာဈာနဝီထိပုံစံ

### မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ ဈ
... ... ... ... ... ... ... ...

### တိက္ခပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝီထိပုံ

န ဒ မ ဥ နု ဂေါ ဈ
... ... ... ... ... ... ...

### အပ္ပနာဇောကိုသတ်မှတ်ခြင်း

၁။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုစိတ်က မဟာကုသိုလ်၊ မဟာကြိယာ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်ဇောဖြစ်လျှင် အပ္ပနာဇော ကိုလည်း သောမနဿသဟဂုတ်ဇောကိုသာချရမည် (၄၀)။

၂။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုစိတ်က မဟာကုသိုလ်၊ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇောဖြစ်လျှင် အပ္ပနာဇောကိုလည်း ဥပေက္ခာသဟဂုတ်ဇောကိုသာ ချရမည် (၁၈)။

၃။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုစိတ်က မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဇောဖြစ်လျှင် အပ္ပနာဇောကို ကုသိုလ်ဇောနှင့် အောက်ဖိုလ် သုံးခု ဇောကိုချရမည် (၄၄)။

၄။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုစိတ်က မဟာကြိယာဉာဏသမ္ပယုတ်ဇောဖြစ်လျှင် အပ္ပနာဇောကို ကြိယာဇောနှင့် အရဟတ္တဖိုလ်ဇောကို ချရမည် (၁၄ ပါး)။

## အပ္ပနာဇောများစောပုံ

### မဟာကုသိုလ်၊ မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄ ပါး နောင်ဖြစ်နိုင်သော အပ္ပနာဇော

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | မဟဂ္ဂုတ်ကြိယာသောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၃။ | မဂ်သောမနဿသဟဂုတ်ဇော | ၁၆ – ပါး |
| ၄။ | ဖိုလ်သောမနဿသဟဂုတ်ဇော | ၁၆ – ပါး |
| | ပေါင်း | ၄၀ – ပါး |

### မဟာကုသိုလ်၊ မဟာကြိယာဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄ ပါးနောင်ဖြစ်နိုင်သောအပ္ပနာဇော

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | မဟဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၃။ | မဂ်ဥပေက္ခာသဟဂုတ်ဇော | ၄ – ပါး |
| ၄။ | ဖိုလ်ဥပေက္ခာသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၁၈ – ပါး |

## မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄ ပါး နှောင်ဖြစ်နိုင်သော အပ္ပနာဇော

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဇော | ၉ – ပါး |
| ၂။ | လောကုတ္တရာကုသိုလ်ဇော | ၂၀ – ပါး |
| ၃။ | အောက်ဖိုလ်ဇော | ၁၅ – ပါး |
| | ပေါင်း | ၄၄ – ပါး |

## မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄ ပါး နှောင်ဖြစ်နိုင်သောအပ္ပနာဇော

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကြိယာဇော | ၉ – ပါး |
| ၂။ | အရဟတ္တဖိုလ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၄ – ပါး |

## အပ္ပနာဇောကိုထပ်မံသတ်မှတ်ခြင်း

၁။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုကမဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဖြစ်လျှင် အပ္ပနာဇောကိုလည်း ကုသိုလ်ဇောနှင့် အောက်ဖိုလ်သုံးခု သောမနဿသဟဂုတ်ဇောကို ချရမည် (၃၂ ပါး)

၂။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုကမဟာကုသိုလ်ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဖြစ်လျှင် အပ္ပနာဇောကိုလည်း ကုသိုလ်နှင့် အောက်ဖိုလ်သုံးခု ဥပေက္ခာသဟဂုတ်ဇောကို ချရမည်။ (၁၂ ပါး)

၃။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုကမဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဖြစ်လျှင် အပ္ပနာဇောကိုလည်း ကြိယာနှင့် အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇောကိုချရမည် (၈ ပါး)

၄။ ပရိကံ၊ ဉပစာ၊ အနုလုံ၊ ဂေါတြဘုကမဟာကြိယာ ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဖြစ်လျှင် အပ္ပနာဇောကိုလည်း ကြိယာနှင့် အရဟတ္တဖိုလ်ဉပေက္ခာသဟဂုတ်ဇောကို ချရမည် (၆ ပါး)။

## မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါးနောင်ဖြစ်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | မဂ်သောမနဿသဟဂုတ် | ၁၆ – ပါး |
| ၃။ | အောက်ဖိုလ်သုံးခု သောမနဿသဟဂုတ်ဇော | ၁၂ – ပါး |
| | ပေါင်း | ၃၂ – ပါး |

## မဟာကုသိုလ်ဉပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဇော ၂ ပါးနောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဉပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | မဂ်ဉပေက္ခာသဟဂုတ်ဇော | ၄ – ပါး |
| ၃။ | အောက်ဖိုလ်သုံးခု ဉပေက္ခာသဟဂုတ်ဇော | ၃ – ပါး |
| | ပေါင်း | ၁၂ – ပါး |

## မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါးနောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကြိယာသောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | အရဟတ္တဖိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၈ – ပါး |

## မဟာကြိယာဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဇော
## ၂ ပါး နောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | အရဟတ္တဖိုလ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၆ – ပါး |

**ပုထုဇ္ဇန၊ သေက္ခအရပုဂ္ဂိုလ်များ**

ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်ရှိသော်လည်း ဈာန်၊ မဂ်၊ ဖိုလ်တို့ကို တိဟိတ်ပုထုဇဉ်တစ်ယောက်သာ ရနိုင်၏။ ထို့ကြောင့် ပုထုဇဉ်အရ တိဟိတ်ပုထုဇဉ်တစ်ယောက်ကိုသာ ယူရမည်။

သေက္ခပုဂ္ဂိုလ်အရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်ကိုသာ ယူရမည်။

## တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်
## ၄ ပါးနောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဇော | ၉ – ပါး |
| ၂။ | သောတာပတ္တိမဂ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၄ – ပါး |

**မှတ်ချက်။** တိဟိတ်ပုထုဇဉ်သည် တရားအားထုတ်၍ ဈာန်ရမည်ဆိုပါက လောကီစိတ်ထဲမှ မဟဂ္ဂုတ်ကုသိုလ် ၉ ပါးကို ရနိုင်၏။ အရိယာဖြစ်မည်ဆိုပါက လောကုတ္တရာစိတ်ထဲမှ သောတာပတ္တိမဂ်ငါးပါးကိုသာ ရှေဦးစွာ ရနိုင်၏။ အပ္ပနာဇောထဲတွင် တိဟိတ်ပုထုဇဉ်ဘဝ၌ ထိုထက်ပို၍ ရနိုင်သော တရားမရှိပေ။

## တိဟိတ်ပုထုဇဉ်၏ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါးနောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | သောတာပတ္တိမဂ် သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၈ – ပါး |

## တိဟိတ်ပုထုဇဉ်၏ မဟာကုသိုလ်ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါးနောင်ဖြစ်နိုင်သောအပ္ပနာ၏ဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | သောတာပတ္တိမဂ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၆ – ပါး |

## သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဇော | ၉ – ပါး |
| ၂။ | သောတာပတ္တိဖိုလ်ဇော | ၅ – ပါး |
| ၃။ | သကဒါဂါမိမဂ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၉ – ပါး |

**မှတ်ချက်။** သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ဈာန်ရမည်ဆိုပါက မဟဂ္ဂုတ်ကုသိုလ် ၉ ပါးကို ရနိုင်၏။ ဖလသမာပတ်ဝင်စားသောအခါ မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော သောတာပတ္တိဖိုလ်ငါးပါးစေနိုင်၏။ ဆက်လက် တရားအားထုတ်လျှင် သကဒါဂါမိမဂ်ဇောငါးပါးကို ရနိုင်၏။ သကဒါဂါမိဖိုလ်ဇောကို သောတာပန်ဘဝ၌ မရနိုင်ပေ။

သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌လည်း ဤနည်းအတိုင်းမှတ်ပါ။

သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | သောတာပတ္တိဖိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၃။ | သကဒါဂါမိမဂ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၁၂ – ပါး |

**သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ**

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | သောတာပတ္တိဖိုလ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| ၃။ | သကဒါဂါမိမဂ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၇ – ပါး |

သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄ ပါးနောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဇော | ၉ – ပါး |
| ၂။ | သကဒါဂါမိဖိုလ်ဇော | ၅ – ပါး |
| ၃။ | အနာဂါမိမဂ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၉ – ပါး |

သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | သကဒါဂါမိဖိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၃။ | အနာဂါမိမဂ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၁၂ – ပါး |

သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | သကဒါဂါမိဖိုလ် ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| ၃။ | အနာဂါမိမဂ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၇ – ပါး |

အနာဂါမိဖလဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄ ပါးနောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ်ဇော | ၉ – ပါး |
| ၂။ | အနာဂါမိဖိုလ်ဇော | ၅ – ပါး |
| ၃။ | အရဟတ္တမဂ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၉ – ပါး |

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနဿသဟဂုတ်
ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | အနာဂါမိဖိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၃။ | အရဟတ္တမဂ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၁၂ – ပါး |

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဥပေက္ခာသဟဂုတ်
ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | အနာဂါမိဖိုလ် ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| ၃။ | အရဟတ္တမဂ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၇ – ပါး |

အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ်ဇော
၄ ပါးနောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကြိယာဇော | ၉ – ပါး |
| ၂။ | အရဟတ္တဖိုလ်ဇော | ၅ – ပါး |
| | ပေါင်း | ၁၄ – ပါး |

အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကြိယာသောမနဿသဂုတ်
ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သောအပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | ရူပါဝစရကြိယာသောမနဿသဟဂုတ်ဇော | ၄ – ပါး |
| ၂။ | အရဟတ္တဖိုလ်သောမနဿသဟဂုတ်ဇော | ၄ – ပါး |
| | ပေါင်း | ၈ – ပါး |

အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကြိယာဥပေက္ခာသဟဂုတ်
ဉာဏသမ္ပယုတ်ဇော ၂ ပါး နောင်ဖြစ်နိုင်သော အပ္ပနာဇောများ

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ဇော | ၅ – ပါး |
| ၂။ | အရဟတ္တဖိုလ်ဥပေက္ခာသဟဂုတ်ဇော | ၁ – ပါး |
| | ပေါင်း | ၆ – ပါး |

## အပ္ပနာဇောဝီထိများ

အပ္ပနာဇောဝီထိသည် –

၁။ ဈာနဝီထိ၊
၂။ မဂ္ဂဝီထိ၊
၃။ ဖလသမာပတ္တိဝီထိ၊
၄။ အဘိညာဝီထိ၊
၅။ နိရောဓသမာပတ္တိဝီထိဟု ၅ မျိုးပြား၏။

## ဈာနဝီထိ ၂ မျိုး

ဈာနဝီထိသည် –

၁။ အာဒိကမ္မိကဝီထိ၊
၂။ သမာပဇ္ဇနဝီထိ (ဈာနသမာပတ္တိဝီထိ) ဟု နှစ်မျိုးပြား၏။

## မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိဆိုရိုး ကျက်ရန်

ပထဝီကသိုဏ်းစသော ကမ္မဋ္ဌာန်းကို စီးဖြန်းမှုများခြင်းကြောင့် ဈာန်ရချိန်နီးသောအခါ ပထဝီကသိုဏ်းပညတ်စသော ဆိုင်ရာအာရုံတစ်ခုခုသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မန္ဒပညာ၊ ဒန္ဓာဘိညပုဂ္ဂိုလ်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ဥပစာရသမာဓိဇောလေးကြိမ်၊ အပ္ပနာသမာဓိဇောဟု ဆိုအပ်သော ဈာန်တစ်ကြိမ် ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်ပြီးချုပ်၏။ ထို့နောက် ဝိတက်စသော ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ ထိုက်သည်အားလျော်စွာ ဆက်ဖြစ်၏။

**မှတ်ချက်။** အာဒိကမ္မိက ဈာနဝီထိ၌ ဈာန်ကိုတစ်ကြိမ်သာချရမည်။

### မန္ဒပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝီထိပုံ

| န | ဒ | မ | ပ | ဉ | နု | ဂေါ | ဈ |
|---|---|---|---|---|---|---|---|
| ... | ... | ... | ... | ... | ... | ... | ... |

### တိက္ခပညာပုဂ္ဂိုလ်၏ အာဒိကမ္မိကဈာနဝီထိပုံ

| န | ဒ | မ | ဉ | နု | ဂေါ | ဈ |
|---|---|---|---|---|---|---|
| ... | ... | ... | ... | ... | ... | ... |

**မှတ်ချက်။** ပစ္စဝေက္ခဏာဝီထိကို နောက်၌သီးခြားပြမည်။

### ပထမဈာနဝီထိစိတ်သရုပ်

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကုသိုလ်, မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောစိတ် | ၄ – ပါး |
| ၂။ | ရူပါဝစရကုသိုလ်, ကြိယာပထမဈာန်ဇောစိတ် | ၂ – ပါး |
| | **ပေါင်း** | **၇ – ပါး** |

ထိုခုနစ်ပါးတို့တွင် တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်သန္တာန်၌ –

၁။ မနောဒွါရာဝဇ္ဇန်းစိတ် ၁ – ပါး

၂။ မဟာကုသိုလ်, သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောစိတ် ၂ – ပါး

၃။ ရူပါဝစရ ပဌမဈာန်ကုသိုလ်ဇောစိတ် ၁ – ပါး

ပေါင်း ၄ – ပါး

ရဟန္တာ သန္တာန်၌ –

၁။ မနောဒွါရာဝဇ္ဇန်းစိတ် ၁ – ပါး

၂။ မဟာကြိယာ, သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ် ၂ – ပါး

၃။ ရူပါဝစရ ပဌမဈာန်ကြိယာစိတ် ၁ – ပါး

ပေါင်း ၄ – ပါး

## အာရုံစသည်ဖြင့် ဝေဖန်ပုံ

**အာရုံ**။ ဤဝီထိ၌ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုအမည်ရသော ဥပစာရသမာဓိဇောနှင့် ပဌမဈာန်ဇောစိတ်များသည် အောက်ပါ ၂၅ ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြု၏။

၁။ ကသိုဏ်းပညတ် ၁၀ – ပါး

၂။ အသုဘပညတ် ၁၀ – ပါး

၃။ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ် ၁ – ပါး

၄။ အာနာပါနဓာ၏အာရုံဖြစ်သောထွက်သက်ဝင်သက်ပညတ် ၁ – ပါး

၅။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မဝိဟာရတရား
သုံးပါး၏ အာရုံဖြစ်သောအတိုင်းမသိသော
သတ္တဝါပညတ် ၃ – ပါး

ပေါင်း ၂၅ – ပါး

**ဝတ္ထု ။** ဤစျာနဝီထိ၌ စိတ်အားလုံးသည် မိမိ၏ရှေး၌ဖြစ်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၏။

**ဘုံ ။** အာဒိကမ္မိကပထမဈာနဝီထိသည် ကာမသုဂတိခုနစ်ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်။** ၁။ ဈာန်ရတိဟိတ်ပုထုဇဉ် ၁
၂။ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄

ပေါင်း ၅ ယောက် ဖြစ်၏။

**မှတ်ချက်။** ဤစျာနဝီထိ၌ ရှေ့နောက်ဘဝင်စိတ်နေရာမှာ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးပါးတွင် တစ်ပါးပါးကိုချရမည်။

## အထက်အာဒိကမ္မိကစျာနဝီထိများ

ဒုတိယဈာန၊ တတိယဈာန၊ စတုတ္ထအာဒိကမ္မကစျာနဝီထိများ၌ စျာန်အားလျော်စွာ ဝီထိစိတ်များကို ပြောင်းလဲရမည်။ ရူပပဥ္စမဈာနဝီထိ၌ မဟာကုသိုလ်၊ မဟာကြိယာဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄ ပါးကို ပြောင်းလဲရမည်။ ရူပါဝစရကုသိုလ်၊ ကြိယာပဥ္စမဇောနှစ်ပါးကို ပြောင်းလဲရမည်။

အရူပဈာနဝီထိ၌ မဟာကုသိုလ်၊ မဟာကြိယာဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄ ပါးကို ပြောင်းလဲပြီး၊ အရူပကုသိုလ်၊ အရူပကြိယာ ဈာန်ဇောများကို ပြောင်းလဲရမည်။

ဒုတိယစျာန် စသည်တို့၏အာရုံကို ကမ္မဋ္ဌာန်းပိုင်းကျမှပြမည်။

## သမာပဇ္ဇနဝီထိ

သမာပဇ္ဇနဝီထိ၌ ဈာန်ကိုအကြိမ်များစွာ ချရမည်။

## မန္ဒပညပုဂ္ဂိုလ်၏ သမာပဇ္ဇနဝီထိဆိုရိုး ကျက်ရန်

သမာပဇ္ဇနဝီထိဖြစ်ဟန်ကား –

မိမိရရှိပြီးသော ဈာန်တစ်မျိုးမျိုးကို ဝင်စားလိုသည်ရှိသော် ပထဝီကသိုဏ်းပညတ်စသော ဆိုင်ရာအာရုံတစ်ခုခုသည် မနောဒွါရ၌ ထင်လာပြီးနောက် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မန္ဒပည၊ ဒန္ဓာဘိညပုဂ္ဂိုလ်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ဥပစာရသမာဓိဇော လေးကြိမ်၊ အပ္ပနာသမာဓိဇောဟုဆိုအပ်သော ဈာန်နှစ်ကြိမ်၊ သုံးကြိမ်မှစ၍ ထိုက်သည့်အားလျော်စွာ အကြိမ်များစွာဖြစ်၏။

ဈာန်မှထပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ ထို့နောက် ပစ္စဝေက္ခဏာဝီထိများ ဆက်လက်ဖြစ်ကြ၏။

## မန္ဒပညပုဂ္ဂိုလ်၏ သမာပဇ္ဇနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ ဈ ဈ ဈ (အကြိမ်များစွာ)

## တိက္ခပညပုဂ္ဂိုလ်၏ သမာပဇ္ဇနဝီထိပုံ

န ဒ မ ဥ နု ဂေါ ဈ ဈ ဈ

## ဈာနဝီထိအပြား

ရူပဈာန် ၅ ပါး၊ အရူပဈာန် ၄ ပါး၊ ဤ ၉ ပါးကို ကုသိုလ်၊ ကြိယာ ၂ ပါးဖြင့်မြှောက်လျှင် ၁၈ ဝီထိဖြစ်၏။

(ထို ၁၈ ဝီထိဟူသည် မဟဂ္ဂုတ်ကုသိုလ် ၉ ဝီထိ၊ မဟဂ္ဂုတ်ကြိယာ ၉ ဝီထိပင်ဖြစ်၏)

ယင်း ၁၈ ဝီထိကို အာဒိကမ္မိကဝီထိ၊ သမာပဇ္ဇနဝီထိ ၂ မျိုးဖြင့် မြှောက်လျှင် ၃၆ ဝီထိဖြစ်၏။

ယင်း ၃၆ ဝီထိကို မန္ဒပညာပုဂ္ဂိုလ်၊ တိက္ခပညာပုဂ္ဂိုလ် ၂ မျိုးဖြင့် မြှောက်လျှင် ဈာနဝီထိပေါင်း ၇၂ ဝီထိဖြစ်၏။

## ဈာနပစ္စဝေက္ခဏာဝီထိ

ပစ္စဝေက္ခဏာဝီထိ၌ ဇောစိတ်သည် ကာမဇောသာဖြစ်၏။ အပ္ပနာဇော မဟုတ်၊ ထို့ကြောင့် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသော ဥပစာရသမာဓိဇောများကို ပစ္စဝေက္ခဏာဝီထိ၌ မချရ။

ဈာနပစ္စဝေက္ခဏာဝီထိဟူသည် ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်၊ ဘုရားရဟန္တာပုဂ္ဂိုလ်များ တန်ခိုးပြာဋိဟာပြခြင်း စသော လျှင်မြန်စွာဖြစ်ခြင်းကို အလိုရှိအပ်သောအခါ၌ဖြစ်သော ဝီထိဖြစ်၏။ ထို့ကြောင့် ဈာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၌ ပစ္စဝေက္ခဏာဇော (ကာမဇော) ကို ငါးကြိမ်ချရမည်။

## ဈာနပစ္စဝေက္ခဏာဝီထိဆိုရိုး

ပစ္စဝေက္ခဏာဝီထိဖြစ်ဟန်ကား –

ရရှိပြီး ဝင်စားပြီးသော ဈာန်၌ရှိသော ဝိတက်စသော ဈာန်အင်္ဂါကို အာဝဇ္ဇနဝသီ၊ ပစ္စဝေက္ခဏာဝသီနှစ်ပါးတို့ဖြင့် အစိတ်အစိတ် ဆင်ခြင်လိုလသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာ (ကာမ) ဇော ငါးကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။

## ဈာနပစ္စဝေက္ခဏာဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ

## ဈာနပစ္စဝေက္ခဏာဝီထိစိတ်သရုပ်

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကုသိုလ်ဇော | ၈ – ပါး |
| ၃ | မဟာကြိယာဇော | ၈ – ပါး |
| | ပေါင်း | ၁၇ – ပါး |

## အာရုံဖြင့်ဝေဖန်ပုံ

ဘဝင်စိတ်များသည် အတိတ်ဖြစ်သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်းနှင့် ဇောစိတ်ဟူသော ဝီထိစိတ်များသည် ဝင်စားပြီးသော ဈာန်တို့၏ ဈာန်အင်္ဂါတစ်ပါးပါးစီကို အာရုံပြု၏။

ပထမဈာနဝီထိနောက်၌ဖြစ်သော ပစ္စဝေက္ခဏာဝီထိဖြစ်ပါက ပထမဈာန်၌ပါဝင်သော အတိတ်ဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးတွင် တစ်ပါးပါးစီကိုသာ အာရုံပြု၏။

**မှတ်ချက်**။ ဒုတိယဈာနဝီထိ စသည်တို့နောက်၌ဖြစ်သော ပစ္စဝေက္ခဏာဝီထိများ၌ ဤနည်းကိုမှီ၍ ရေးတတ်ကြပါစေ၊ ဘုံနှင့် ပုဂ္ဂိုလ်မှာ ဈာနဝီထိအတိုင်းဖြစ်၏။

## ဈာနပစ္စဝေက္ခဏာဝီထိအပြား

ပစ္စဝေက္ခဏာဝီထိသည် ဈာန်အင်္ဂါတစ်ပါးတစ်ပါး၌ တစ်ဝီထိ၊ တစ်ဝီထိစီ ရကောင်းသောကြောင့် –

| | | | | |
|---|---|---|---|---|
| ၁။ | ပထမဈာန် | ၈–ဝီထိနောင် | ၄၀ | (၈ × ၅ = ၄၀) |
| ၂။ | ဒုတိယဈာန် | ၈–ဝီထိနောင် | ၃၂ | (၈ × ၄ = ၃၂) |
| ၃။ | တတိယဈာန် | ၈–ဝီထိနောင် | ၂၄ | (၈ × ၃ = ၂၄) |

| | | | | |
|---|---|---|---|---|
| ၄။ | စတုတ္ထစျာန် | ၈–ဝီထိနောင် | ၁၆ | (၈ × ၂ = ၁၆) |
| ၅။ | ပဉ္စမစျာန် | ၄၀–ဝီထိနောင် | ၈၀ | (၄၀ × ၂ = ၈၀) |
| | | ပေါင်း | ၁၉၂ | |

**စျာနဝီထိပြီး၏။**

* * * * *

## မဂ္ဂဝီထိများ

မဂ္ဂဝီထိ၌ မဂ်ဇောကို တစ်ကြိမ်သာချရမည်။ မန္ဒပညာပုဂ္ဂိုလ်၌ မဂ်ဇောနောင်ဖိုလ်ဇောကို နှစ်ကြိမ်ချရမည်။ တိက္ခပညာပုဂ္ဂိုလ်၌ ဖိုလ်ဇောကို သုံးကြိမ်ချရမည်။ ဖိုလ်ဇောနောင်ဘဝင်ကျ၏။ မဂ္ဂဝီထိကို သာမန်အကျဉ်းအားဖြင့် ချလျှင် အောက်ပါအတိုင်းဖြစ်၏။

## မဂ္ဂဝီထိပုံ

န ဒ မ ပ ဉ နု ဂေါ မ ဖ ဖ
... ... ... ... ... ... ... ... ... ...

**အမှာ။** မဂ္ဂဝီထိကို ချပြခဲ့ပါဟု မေးလျှင် အထက်ပါအတိုင်းဖြေပါ။ အကျယ်ကို လေ့လာလိုလျှင် အောက်ပါအတိုင်းလေ့လာပါ။

## မဂ္ဂ ီဿိ ၄ မျိုး

မဂ္ဂဝီထိသည် –

၁။ သောတာပတ္တိမဂ္ဂဝီထိ

၂။ သကဒါဂါမိမဂ္ဂဝီထိ

၃။ အနာဂါမိမဂ္ဂဝီထိ

၄။ အရဟတ္တမဂ္ဂဝီထိဟု လေးမျိုးပြား၏။

## သောတာပတ္တိမဂ္ဂဝီထိ ၅ မျိုး

၁။ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိ၊

၂။ ဒုတိယဈာနသောတာပတ္တိမဂ္ဂဝီထိ၊

၃။ တတိယဈာနသောတာပတ္တိမဂ္ဂဝီထိ၊

၄။ စတုတ္ထဈာနသောတာပတ္တိမဂ္ဂဝီထိ၊

၅။ ပဥ္စမဈာနသောတာပတ္တိမဂ္ဂဝီထိ။

## မန္ဒပညပုဂ္ဂိုလ်၏ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိဆိုရိုး

## ကျက်ရန်

တေဘူမကသင်္ခါရတို့၏ အနိစ္စ စသော အခြင်းအရာသည် လွန်စွာ ထင်လာသဖြင့် မင်္ဂရခါနီးလသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ မန္ဒပည၊ ဒန္ဓာဘိညပုဂ္ဂိုလ်သန္တာန်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဟု ဥပစာရသမာဓိဇော လေးကြိမ်ဖြစ်ပြီးနောက် ပထမဈာန်သောတာပတ္တိမဂ် ဇော တစ်ကြိမ်၊ ပထမဈာန်သောတာပတ္တိဖိုလ်ဇောနှစ်ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

## မန္ဒပညပုဂ္ဂိုလ်၏ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ

## တိက္ခပညပုဂ္ဂိုလ်၏ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိပုံ

န ဒ မ ဥ နု ဂေါ မ ဖ ဖ ဖ

## မန္ဒပညပုဂ္ဂိုလ်၏အထက်မဂ္ဂဝီထိပုံ

န ဒ မ ပ ဥ နု ဝေါ မ ဖ ဖ

## တိက္ခပညာပုဂ္ဂိုလ်၏အထက်မဂ္ဂဝီထိပုံ

န ဒ မ ဥ နု ဝေါ မ ဖ ဖ ဖ

### မဂ္ဂဝီထိအပြား

၁။ မဂ် ၄ ပါးကို ဈာန် ၅ ပါးဖြင့်မြှောက် (၄ × ၅) = ၂၀ ဝီထိ

၂။ ယင်း ၂၀ ကို တိက္ခ၊ မန္ဒ ၂ ပါးဖြင့်မြှောက် (၂၀×၂) = ၄၀ ဝီထိ

၃။ ယင်း ၄၀ ကို ပါဒက၊ သမ္မသိတ၊ ပုဂ္ဂလဇ္ဈာသယဈာန် ၃ ပါးဖြင့်မြှောက် (၄၀ × ၃) = ၁၂၀ ဝီထိ

### မဂ္ဂဝီထိစိတ်သရုပ်

ပထမဈာန် သောတာပတ္တိမဂ္ဂဝီထိ၌ –

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကုသိုလ်သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်စိတ် | ၂ – ပါး |
| ၃။ | ပထမဈာန်သောတာပတ္တိမဂ်စိတ် | ၁ – ပါး |
| ၄။ | ပထမဈာန်သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၅ – ပါး** |

ဒုတိယဇ္ဈာနသောတာပတ္တိမဂ္ဂဝီထိ၌ –

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၂။ | မဟာကုသိုလ်သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်စိတ် | ၂ – ပါး |
| ၃။ | ဒုတိယဈာန်သောတာပတ္တိမဂ်စိတ် | ၁ – ပါး |
| ၄။ | ဒုတိယဈာန်သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၅ – ပါး** |

**မှတ်ချက်။** တတိယ၊ စတုတ္ထဈာနသောတာပတ္တိမဂ္ဂဝီထိတို့၌ ပထမဈာန၊ ဒုတိယဈာန သောတာပတ္တိမဂ္ဂဝီထိတို့ကို နည်းမှီကောက်ပါ။

ပဉ္စမဈာနသောတာပတ္တိမဂ္ဂဝီထိ၌ –

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၂။ | မဟာကုသိုလ်ဉပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်စိတ် | ၂ – ပါး |
| ၃။ | ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ် | ၁ – ပါး |
| ၄။ | ပဉ္စမဈာန်သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၅ – ပါး |

**မှတ်ချက်။** သကဒါဂါမိ၊ အနာဂါမိမဂ္ဂဝီထိတို့၌ သောတာပတ္တိမဂ္ဂဝီထိကို နည်းမှီကောက်ပါ။ သကဒါဂါမိမဂ္ဂဝီထိဖြစ်က သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ္ဂဝီထိဖြစ်က အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ဟု ကောက်ရုံသာထူး၏။ အရဟတ္တမဂ္ဂဝီထိ၌ ကာမဇောနေရာ၌ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောကို အစားထိုးရမည်။

## အာရုံစသည်ဖြင့်ဝေဖန်ပုံ

**အာရုံ။** ဘဝင်စိတ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဉပစာ၊ အနုလုံတို့သည် တေဘူမက သင်္ခါရတရားတို့ကို အာရုံပြု၏။

ဂေါတြဘု၊ ဝေါဒါန်၊ မဂ်ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏။

**ဝတ္ထု။** ဤဝီထိ၌ ပါဝင်သော ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဉပါဒ်သော ဟဒယဝတ္ထုကိုမှီကြ၏။

**ဘုံ။ သောတာပတ္တိမဂ္ဂဝီထိသည် –**

| | | |
|---|---|---|
| ၁။ | ကာမသုဂတိ | ၇ – ဘုံ |
| ၂။ | ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ | ၁၀ – ဘုံ |
| | **ပေါင်း** | **၁၇ – ဘုံ** ဠဖြစ်၏။ |

**သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂဝီထိတို့သည် –**

| | | |
|---|---|---|
| ၁။ | ကာမသုဂတိ | ၇ – ဘုံ |
| ၂။ | ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ | ၁၀ – ဘုံ |
| ၃။ | အရူပါဝစရ | ၄ – ဘုံ |
| | **ပေါင်း** | **၂၁ – ဘုံ** |

**အရဟတ္တမဂ္ဂဝီထိသည် –**

| | | |
|---|---|---|
| ၁။ | ကာမသုဂတိ | ၇ – ဘုံ |
| ၂။ | အသညသတ်ကြဉ်ရူပ | ၁၅ – ဘုံ |
| ၃။ | အရူပါဝစရ | ၄ – ဘုံ |
| | **ပေါင်း** | **၂၆ – ဘုံ** ဠဖြစ်၏။ |

**ပုဂ္ဂိုလ်**။ သောတာပတ္တိမဂ္ဂဝီထိသည် –

၁။ တိဟိတ်ပုထုဇဉ်

၂။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

၃။ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ဠဖြစ်၏။

**မှတ်ချက်**။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ အနုလုံ၊ ဂေါတြဘုစိတ်များ အခိုက်အတန့်မှာ ပုထုဇဉ်သန္တာန်ဠဖြစ်၏။ သောတာပတ္တိမဂ်စိတ်အခိုက်အတန့်မှာ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်ဠဖြစ်၏။ သောတာပတ္တိဖိုလ်ဇော

အခိုက်အတန့်မှာ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်၌ဖြစ်၏။

အထက်မဂ္ဂဝီထိများ၌ ဤနည်းကိုမှီ၍ သဘောပေါက်လောက်ပါပြီ။

## သကဒါဂါမိမဂ္ဂဝီထိ

**ဤသကဒါဂါမိမဂ္ဂဝီထိသည် -**

၁။ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

## အနာဂါမိမဂ္ဂဝီထိ

**ဤအနာဂါမိမဂ္ဂဝီထိသည် -**

၁။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

## အရဟတ္တမဂ္ဂဝီထိ

**ဤအရဟတ္တမဂ္ဂဝီထိသည် -**

၁။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

## မဂ္ဂပစ္စဝေက္ခဏာဝီထိ

မဂ္ဂဝီထိနောက်၌ ဘဝင်အပြတ်မှာ ပစ္စဝေက္ခဏာဝီထိများဖြစ်ကြ၏။ ထိုပစ္စဝေက္ခဏာဝီထိများ၌ပါရှိသော မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ် ဇောနှင့်ယှဉ်သောဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ခေါ်၏။

မဂ္ဂဝီထိနောင်ဖြစ်သော ပစ္စဝေက္ခဏာဝီထိများ၌ ပစ္စဝေက္ခဏာဇော များသည် လျှင်မြန်စွာ စောဖွယ်မလိုသောကြောင့် ပစ္စဝေက္ခဏာဇောကို ခုနစ်ကြိမ်ချရမည်။

## မဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိဖြစ်ပုံဆိုရိုး

## ကျက်ရန်

ရအပ်ပြီးသောမဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်အပ်ပြီးသော ပဟီနကိလေသာ၊ မပယ်အပ်သေးသော အပ္ပဟီနကိလေသာ ဤငါးမျိုးကို ဆင်ခြင်လိုလသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာ (ကာမ) ဇော ခုနစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။

## ပစ္စဝေက္ခဏာဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

## ပစ္စဝေက္ခဏာဝီထိငါးမျိုး

မဂ်၊ ဖိုလ်ကိုရပြီးသော ပညာရှိပုဂ္ဂိုလ်များသန္တာန်၌ –

၁။ မိမိရရှိပြီးသောမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

၂။ ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

၃။ နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

၄။ မဂ်ဖြင့်ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

၅။ ကြွင်းကျန်သောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ။

ဤသို့ အခြေခံအားဖြင့် ငါးဝီထိဖြစ်၏။ ထိုတွင် မဂ်ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်သန္တာန်၌ အပေါ်က ပစ္စဝေက္ခဏာဝီထိသုံးမျိုးသည် ကေန်ဖြစ်လေ့ရှိ၏။ နောက်ဆုံး ပစ္စဝေက္ခဏာဝီထိနှစ်မျိုးသည် အချို့ပုဂ္ဂိုလ်သန္တာန်၌ဖြစ်၍ အချို့

ပုဂ္ဂိုလ်သန္တာန်၌မဖြစ်၊ နောက်ဆုံး အမှတ်စဉ် ၅ ဝီထိကို ရဟန္တာသန္တာန်၌ မရနိုင်။ ထို့ကြောင့် ပစ္စဝေက္ခဏာဝီထိသည် အကျဉ်းအားဖြင့် အောက်ပါအတိုင်း ၁၉ ဝီထိဖြစ်၏။

## ပစ္စဝေက္ခဏာဝီထိအကျဉ်း ၁၉

| | | |
|---|---|---|
| ၁။ | သောတာပတ္တိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၅ |
| ၂။ | သကဒါဂါမိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၅ |
| ၃။ | အနာဂါမိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၅ |
| ၄။ | အရဟတ္တမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၄ |
| | ပေါင်း | ၁၉ |

## ပစ္စဝေက္ခဏာဝီထိအကျယ် ၅၇၀

သောတာပတ္တိမဂ္ဂဝီထိ နောင်ပစ္စဝေက္ခဏာဝီထိငါးဝီထိကို

စျာန်ငါးပါးဖြင့် မြှောက် ၅ × ၅ = ၂၅

ယင်း ၂၅ ဝီထိကို မန္ဒ၊ တိက္ခနှစ်ပါးဖြင့်မြှောက် ၂၅ × ၂ = ၅၀

ယင်းငါးဆယ်ကို ပါဒကစျာန်၊ သမ္မတိသစျာန်၊

ပုဂ္ဂလဇ္ဈာသယစျာန် သုံးပါးဖြင့်မြှောက် ၅၀ × ၃ = ၁၅၀

ဤသို့လျှင် ပစ္စဝေက္ခဏာဝီထိသည် အောက်ပါအတိုင်း ၅၇၀ ရှိ၏။

| | | |
|---|---|---|
| ၁။ | သောတာပတ္တိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၁၅၀ |
| ၂။ | သကဒါဂါမိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၁၅၀ |
| ၃။ | အနာဂါမိမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၁၅၀ |
| ၄။ | အရဟတ္တမဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ | ၁၂၀ |
| | ပေါင်း | ၅၇၀ |

## မဂ္ဂဝီထိနောင်ဖြစ်သော ပစ္စဝေက္ခဏာဝီထိစိတ်သရုပ်

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၂။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၃။ | မဟာကြိယာစိတ် | ၈ – ပါး |
| | ပေါင်း | ၁၇ – ပါး |

**မှတ်ချက်။** မဟာကုသိုလ်၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်များသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို အာရုံမပြုနိုင်သောကြောင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ၌ မဟာကုသိုလ်ဉာဏသမ္ပယုတ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောတို့ကို ချရမည်။

ပယ်အပ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ၌ မဟာကုသိုလ်ဇောရှစ်ပါး၊ မဟာကြိယာ ဇော ရှစ်ပါးတို့ကို ချရမည်။

အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ မဟာကုသိုလ်ဇောကိုချ၍ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌ မဟာကြိယာဇောကိုချရမည်။

### အာရုံဖြင့်ဝေဖန်ပုံ

ဘဝင်စိတ်သည် အတိတ်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာဇောစိတ်များသည် ဆင်ခြင်လိုသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်အပ်ပြီးသော ကိလေသာ၊ ကြွင်းကျန် နေသော ကိလေသာငါးမျိုးတွင် တစ်မျိုးမျိုးကို အာရုံပြုကြ၏။

### ပုဂ္ဂိုလ်ဖြင့်ဝေဖန်ပုံ

ပစ္စဝေက္ခဏာဝီထိသည် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်သန္တာန်၌ဖြစ်၏။

**မှတ်ချက်။** ဘုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပုံသည် မဂ္ဂဝီထိနှင့်တူ၏။

## ဖလသမာပတ္တိ

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့သည် မိမိတို့စည်းစိမ်ချမ်းသာကို ခံစားကြသကဲ့သို့ အရိယာသူတော်စင်များသည် မိမိတို့၏ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ဘဝ၌ပင် ခံစားစံစားလျက် ချမ်းချမ်းသာသာ နေထိုင်ကြ၏။ ထိုသို့နေထိုင်ရာ၌ နိဗ္ဗာန်ကို အာရုံပြုနိုင်သော ဖိုလ်ဇော အကြိမ်များစွာဖြစ်စေခြင်းကို ဖလသမာပတ်ခေါ်၏။

ထိုဖလသမာပတ္တိဝီထိ၌ မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဟူသော ဥပစာရသမာဓိဇောတို့ကို အနုလုံအမည်တစ်မျိုးဖြင့်သာ သုံးစွဲရမည်။ ဖိုလ်ဇောကို အကြိမ်များစွာချရမည်။

## ဖလသမာပတ္တိဝီထိလေးမျိုး

၁။ သောတာပတ္တိဖလသမာပတ္တိဝီထိ၊

၂။ သကဒါဂါမိဖလသမာပတ္တိဝီထိ၊

၃။ အနာဂါမိဖလသမာပတ္တိဝီထိ၊

၄။ အရဟတ္တဖလသမာပတ္တိဝီထိ

## သောတာပတ္တိဖလသမာပတ္တိဝီထိငါးမျိုး

၁။ ပထမဈာန သောတာပတ္တိဖလသမာပတ္တိဝီထိ၊

၂။ ဒုတိယဈာန သောတာပတ္တိဖလသမာပတ္တိဝီထိ၊

၃။ တတိယဈာန သောတာပတ္တိဖလသမာပတ္တိဝီထိ၊

၄။ စတုတ္ထဈာန သောတာပတ္တိဖလသမာပတ္တိဝီထိ၊

၅။ ပဉ္စမဈာန သောတာပတ္တိဖလသမာပတ္တိဝီထိ၊

## မန္ဒပညပုဂ္ဂိုလ်၏ ပထမဈာနသောတာပတ္တိဖလသမာပတ္တိဝီထိဆိုရိုး

ပထမဈာနသောတာပတ္တိဖလသမာပတ္တိဝီထိဖြစ်ပုံကား = သောတာပတ္တိဖိုလ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ယခုဘဝ၌ပင် ဖလသမာပတ်ချမ်းသာကို ခံစားလျက်နေထိုင်လိုသည်ရှိသော် တောဘူမက သင်္ခါရတို့၏ အနိစ္စစသော အခြင်းအရာသည် မနောဒွါရ၌ လွန်စွာထင်လာသဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မန္ဒပညပုဂ္ဂိုလ်၌ အနုလုံ လေးကြိမ်ဖြစ်ပြီးနောက် အလိုရှိတိုင်း ဖိုလ်အကြိမ်များစွာဖြစ်၏။ ဖလသမာပတ်မှထသောအခါ ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

### မန္ဒပညပုဂ္ဂိုလ်၏ဖလသမာပတ္တိဝီထိပုံ

န ဒ မ နု နု နု နု ဖ အကြိမ်များစွာ ဘ

### တိက္ခပညပုဂ္ဂိုလ်၏ဖလသမာပတ္တိဝီထိပုံ

န ဒ မ နု နု နု ဖ အကြိမ်များစွာ ဘ

### ဖလသမာပတ္တိဝီထိအပြား ၁၂၀

ဖလသမာပတ္တိဝီထိသည် မဂ္ဂဝီထိကဲ့သို့ ၁၂၀ ရှိ၏။ ဝီထိစိတ်သရုပ်သည်လည်း မဂ္ဂဝီထိစိတ်သရုပ်နှင့်တူ၏။

### အာရုံဖြင့်ဝေဖန်ပုံ

ဘဝင်စိတ်များသည် အတိတ်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ အနုလုံတို့သည် သင်္ခါရတရားကို အာရုံပြုကြ၏။ ဖိုလ်ဇောများသည် နိဗ္ဗာန်ကို အာရုံပြုကြ၏။

**မှတ်ချက်** ။ မဂ်၏ရှေ့၌ဖြစ်သော ဂေါတြဘု၊ ဝေါဒါန်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသကဲ့သို့ ဤဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောရှေ့က အနုလုံတို့သည် နိဗ္ဗာန်ကို အာရုံမပြုကြပါ၊ သင်္ခါရတရားကိုသာ အာရုံပြုကြ၏။

မဂ်တရားများသည် မိမိကိန်းရာသတ္တဝါကို ဝဋ္ဋဆင်းရဲ နယ်ပယ်မှ ကယ်တင်ထုတ်ဆောင်ခြင်းကိစ္စရှိသောကြောင့် မဂ်၏ရှေ့၌ဖြစ်သော ဂေါတြဘု၊ ဝေါဒါန်တို့သည် ဝဋ္ဋဒုက္ခသင်္ခါရတရားကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုမှသာ မဂ်၏ကိစ္စနှင့် သင့်လျော်မည်ဖြစ်၏။

ဖိုလ်တရားတို့ကား ဝဋ္ဋဆင်းရဲသင်္ခါရနယ်ပယ်မှ ကယ်ဆယ်ထုတ်ဆောင်သော တရားများမဟုတ်ကြ၊ ဒိဋ္ဌဓမ္မ သုခဝိဟာရ (မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်း) အကျိုးမျှသာရှိခြင်းကြောင့် ဖိုလ်၏ရှေ့သွား အနုလုံတရားသည် သင်္ခါရတရားကို စွန့်လွှတ်ရန်မလိုတော့ပြီ၊ ထို့ကြောင့် ဖလသမာပတ္တိဝီထိ၌ ဖိုလ်၏ရှေ့သွားအနုလုံတရားသည် မဂ်၏ရှေ့သွား ဂေါတြဘု၊ ဝေါဒါန်တို့ကဲ့သို့ နိဗ္ဗာန်ကို အာရုံမပြုဘဲ သင်္ခါရတရားကိုသာ အာရုံပြုကြ၏။

ဤပစ္စဝေက္ခဏာဝီထိသည် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်သန္တာန်၌ ဖြစ်၏။

## ဘုံဖြင့်ဝေဖန်ပုံ

သောတာပတ္တိဖလသမာပတ္တိဝီထိနှင့် သကဒါဂါမိ ဖလသမာပတ္တိဝီထိ သည် –

| | | |
|---|---|---|
| ၁။ | ကာမသုဂတိ | ၇ ဘုံ |
| ၂။ | ဝေဟပ္ဖိုလ်တိုင်အောင်သောရူပ | ၁၀ ဘုံ |
| ၃။ | အရူပ | ၄ ဘုံ |
| | **ပေါင်း** | ၂၁ ဘုံ တို့၌ဖြစ်၏။ |

## အနာဂါမိဖလသမာပတ္တိနှင့် အရဟတ္တဖလသမာပတ္တိဝီထိဖြစ်ရာဘုံ

| | | |
|---|---|---|
| ၁။ | ကာမသုဂတိ | ၇ ဘုံ |
| ၂။ | အသညသတ်ကြဉ်ရူပ | ၁၅ ဘုံ |
| ၃။ | အရူပ | ၄ ဘုံ |
| | **ပေါင်း** | ၂၆ ဘုံ တို့၌ဖြစ်၏။ |

## အဘိညာဝီထိ

ရူပါဝစရကုသိုလ်၊ ကြိယာပဉ္စမဈာန်စိတ်၌ ယှဉ်သော အလွန်အကြူး အထူးသိတတ်သောဉာဏ်သည် အဘိညာမည်၏။ ထိုဉာဏ်နှင့် ယှဉ်သောကြောင့် ရူပါဝစရပဉ္စမဈာန်ကိုလည်း အဘိညာဉ်ခေါ်၏။

အဘိညာဉ်ဝီထိ၌ အဘိညာဉ်ဇောကို တစ်ကြိမ်သာချရမည်။

## အဘိညာဝီထိ ၅ မျိုး

### ၁။ ဒိဗ္ဗစက္ခုအဘိညာဝီထိ

နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သေးငယ်သောအဆင်းကိုလည်း မြင်စွမ်းနိုင်သော ဝီထိသည် ဒိဗ္ဗစက္ခု အဘိညာဝီထိမည်၏။

### ၂။ ဒိဗ္ဗသောတအဘိညာဝီထိ

နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသောအသံ၊ တိုးတိုးအသံကိုလည်း ကြားနိုင်သော ဝီထိသည် ဒိဗ္ဗသောတာ အဘိညာဝီထိမည်၏။

### ၃။ ဣဒ္ဓိဝိဓအဘိညာဝီထိ

တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဝီထိသည် ဣဒ္ဓိဝိဓ အဘိညာဝီထိမည်၏။

### ၄။ ပရစိတ္တဝိဇာနအဘိညာဝီထိ

သူတစ်ပါးစိတ်ကို သိနိုင်သော ဝီထိသည် ပရစိတ္တဝိဇာနန အဘိညာဝီထိမည်၏။

### ၅။ ပုဗ္ဗေနိ ဝါသာနုဿတိအဘိညာဝီထိ

ရှေးရှေးဘဝ၌ ဖြစ်ခဲ့သမျှ အကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော ဝီထိသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဝီထိမည်၏။

၆။ **ယထာကမ္မူပဂအဘိညာဝီထိ**

ကံအားလျော်စွာ ထိုထိုဘုံဘဝ၌ဖြစ်နေရသူများကို မြင်နိုင်သော ဝီထိသည် ယထာကမ္မူ ပဂအဘိညာဝီထိမည်၏။

၇။ **အနာဂတံသအဘိညာဝီထိ**

နောင်အနာဂတ်၌ ဖြစ်လတ္တံ့အကြောင်းအရာများကို သိမြင်နိုင်သော ဝီထိသည် အနာဂတံသအဘိညာဝီထိမည်၏။

**မှတ်ချက်** ။ ပရစိတ္တဝိဇာနနအဘိညာဉ်ကို စေတောပရိယ အဘိညာဉ်ဟုလည်းခေါ်၏။ ယထာကမ္မူပဂ အဘိညာဉ်နှင့် အနာဂတံသအဘိညာဉ်တို့ကို ဒိဗ္ဗစက္ခု၌သွင်းလျှင် အဘိညာဉ်ငါးပါးသာရှိ၏။ ထိုအဘိညာဉ်ငါးပါး၌ အာသဝက္ခယ အဘိညာဉ်ကိုထည့်လျှင် အဘိညာဉ်ခြောက်ပါးဖြစ်၏။

## ဒိဗ္ဗစက္ခုအဘိညာဉ်ဝီထိဖြစ်ပုံဆိုရိုး
## ကျက်ရန်

ဒိဗ္ဗစက္ခုအဘိညာဉ်ဝီထိဖြစ်ပုံကား –

များသောအားဖြင့် သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဝေးသော၊ တိုက်နံရံစသည်ဖြင့် ဖုံးကွယ်အပ်သော၊ သိမ်မွေ့နူးညံ့သော ရူပါရုံကိုသော်လည်း မြင်လိုလသော် တေဇောကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာလောက ကသိုဏ်းသုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရပဉ္စမစျာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်၏။ ဤကားပရိကံဖြင့် အခြေခံသော ပါဒကစျာနဝီထိတည်း။

ထို့နောက် မမြင်ရသေးသော အနာဂတ်ရူပါရုံကို အာရုံပြု၍ တေသံ ရူပံပဿာမိ (ဤသူ၏အဆင်းကိုမြင်လို၏)။ တံရူပံ ပဿာမိ (ဤအဆင်းကို မြင်လို၏) ဟု ပရိကံပြုသောကာမဇော မနောဒွါရဝီထိများဖြစ်ကြ၏။ ဤကား ပရိကမ္မဝီထိတည်း။

ထို့နောက် ကသိုဏ်းသုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရ ပဥ္စမစျာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်ပြန်၏။ ဤကား အဘိညာဉ်၏ အခြေခံဖြစ်သော ပါဒကစျာနဝီထိတည်း။

ထို့နောက် အဓိဋ္ဌာန်အပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ အလွန် အကြူး အထူးသိတတ်သောစျာန် တစ်ကြိမ်ကျသော ရူပါဝစရပဥ္စမစျာန် အဘိညာဉ်ဝီထိဖြစ်၏။

## ပါဒကစျာနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ စျ အကြိမ်များစွာ

## ပရိကမ္မဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

## ပါဒကစျာနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ စျ အကြိမ်များစွာ

## ဒိဗ္ဗစက္ခုအဘိညာဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ ဘိံ

**မှတ်ချက်** ။ အဘိညာဝီထိတိုင်း၌ ဤအတူလေးဝီထိစီကျ၏။ ပါဒက စျာန ဝီထိ၊ အဘိညာဝီထိတို့၌ ထုံးစံအတိုင်း မန္ဒပညာပုဂ္ဂိုလ်၊ တိက္ခပညာပုဂ္ဂိုလ်ခွဲခြား ရမည်။

ပါဒကစျာနဝီထိများ၌ စျာန်အကြိမ်ပေါင်းမည်မျှ ချရမည်ဟု သတ်မှတ် ချက်မရှိ။ သမာပတ္တိဝီထိမျိုးဖြစ်၍ အကြိမ်လိုသလောက် ကျနိုင်၏။ အရေးကြီး သောအခါ၌မူ စျာန်များစွာကျမည်မဟုတ်။ ပါဒကစျာနဝီထိနောက်၌ စျာန်အင်္ဂါ ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများလည်း ထုံးစံအတိုင်းပင် ဖြစ်ရဦးမည်။

ပထမပါဒကစျာန်ကို ဝင်စားခြင်းသည် သမာဓိရသဖြင့် ပရိကံစိတ်ကို

ကောင်းစွာထားနိုင်ခြင်းအကျိုးရှိ၏။ နောက်ထပ်ပါဒကစျာန်ကို ဝင်စားခြင်းသည် အဘိညာဉ်ကို အားပေးခြင်းအကျိုးရှိ၏။

ပရိကမ္မကာမဇော မနောဒွါရဝီထိကို မိမိဖြစ်စေလိုရာကို စိတ်ဖြင့် အာရုံပြု၍ အဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဝီထိဟုလည်းခေါ်ကြ၏။

ဒိဗ္ဗစက္ခုအဘိညာဉ်ကို စုတေခါနီးပုဂ္ဂိုလ်၊ ပဋိသန္ဓေနေခါစပုဂ္ဂိုလ်တို့ကိုလည်း မြင်နိုင်သောကြောင့် စုတူပပါတဉာဏ်ဟုလည်းခေါ်၏။

စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄ ပါး၊ အရူပါဝစရဈာန် ၄ ပါး ကို သမာပတ်ရှစ်ပါးခေါ်၏။ အဘိညာဉ်တို့ကိုရလိုသော ပုဂ္ဂိုလ်သည်များသောအားဖြင့် သမာပတ်ရှစ်ပါးကို လေ့လာပြီးမှ အဘိညာဉ်ကို ပြည့်စုံစေနိုင်၏။ သို့ရာတွင် အချို့ထူးခြားသောပုဂ္ဂိုလ်မြတ်များသည် ရူပါဝစရပဉ္စမဈာန်ကို ရရုံဖြင့်လည်းကောင်း၊ မဂ်ကိုရသည်နှင့်တစ်ပြိုင်နက်လည်းကောင်း အဘိညာဉ်ကို ရရှိနိုင်ကြ၏။

## ကွဲသောအဘိညာဝီထိများ၌ အဓိဋ္ဌာန် (ပရိကံပြု) ပုံ

၁။ ဒိဗ္ဗသောတအဘိညာဉ်၌ ''တေသံသဒ္ဒံသုဏာမိ၊ ဤသူ၏အသံကို ကြားလို၏'' စသည်ဖြင့် အဓိဋ္ဌာန် (ပရိကံပြု)ရ၏။

၂။ ဣဒ္ဓိဝိဓအဘိညာဉ်၌ ''သတံဟောမိ၊ သဟဿံဟောမိ၊ မိမိနှင့်တူသော ခန္ဓာကိုယ်တစ်ရာဖြစ်လို၏။ တစ်ထောင်ဖြစ်လို၏'' စသည်ဖြင့် အဓိဋ္ဌာန် ပြုရ၏။

၃။ ပရစိတ္တဝိဇာနနအဘိညာဉ်၌ ''တေသံစိတ္တံဇာနာမိ'' ဤသူ၏စိတ်ကို သိလို၏။ စသည်ဖြင့်အဓိဋ္ဌာန်ရ၏။

၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၌ ''ပုဗ္ဗေနိဝုတ္ထံဇာနာမိ''၊ ''ရှေးဘဝ၌ နေဖူးသော ခန္ဓာအစဉ်ကိုသိမြင်လို''၏ စသည်ဖြင့် အဓိဋ္ဌာန်ပြုရ၏။

၅။ ယထာကမ္မုပဂအဘိညာဉ်၌ ''အတီတံကမ္မံ ဇာနာမိ'' ''ဤသူ၏ အတိတ်ကံကိုသိလို၏'' စသည်ဖြင့် အဓိဋ္ဌာန်ရ၏။

၆။ အနာဂတံသ အဘိညာဉ်၌ ''အနာဂတံအံသံဇာနာမိ''

''ဤသူ၏ အနာဂတ်အဖို့ကိုသိလို၏'' စသည်ဖြင့် အဝိဇ္ဇာန်ရ၏။

**မှတ်ချက်** ။ ဣဒ္ဓိဝိဓအဘိညာဝီထိဆိုရိုးသည် အနည်းငယ်ထူးခြား၏။ ထို့ကြောင့် ဣဒ္ဓိဝိဓအဘိညာဝီထိဆိုရိုးကိုပြပါမည်။

## ဣဒ္ဓိဝိဓအဘိညာဝီထိဖြစ်ပုံဆိုရိုး

ဣဒ္ဓိဝိဓအဘိညာသည်လည်း အဓိဋ္ဌာနိဒ္ဓိ၊ ဝိကုဗ္ဗနိဒ္ဓိ၊ မနောမယိဒ္ဓိအား ဖြင့် သုံးပါးပြား၏။ ထိုတွင်အဓိဋ္ဌာနိဒ္ဓိအဘိညာဝီထိ ဖြစ်ပုံကား –

များသောအားဖြင့် သမာပတ်ရှစ်ပါး၊ ပြည့်စုံသောပုဂ္ဂိုလ်သည် တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းလိုသည်ရှိသော် ကသိုဏ်းတစ်ပါးပါးကို အာရုံပြု၍ ရူပါ ဝစရပဥ္စမဈာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်၏။ ဤကားအဘိညာ၏ အခြေခံဖြစ်သော ပါဒကဈာနဝီထိဖြစ်ပုံတည်း။

ထို့နောက် မိမိကိုယ်ကို အများဖြစ်အောင်ဖန်ဆင်းလိုလျှင် ထိုအများကို မှန်းဆကာ အာရုံပြု၍ ''သတံဟောမိ၊ သဟဿံဟောမိ'' စသည်ဖြင့် ပရိကံ ပြုသော ကာမဇောမနောဒွါရဝီထိဖြစ်ကုန်၏။ ဤကားတန်ခိုးပေါ်ပေါက်ရန်ပြု စီမံသော ပရိကမ္မဝီထိတည်း။

ထို့နောက်ကသိုဏ်းတစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရပဥ္စမဈာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်၏။ ဤကားအဘိညာ၏အခြေခံပင်ဖြစ်သော ပါဒကဈာနဝီထိတည်း။

ထို့နောက် ပရိကံပြုအပ်ပြီးသော သတသဟဿနိမ္မိတရုပ်များကို အာရုံ ပြု၍ ပရိကံပြုခဲ့တိုင်းဖြစ်စေနိုင်သော အဘိညာဝီထိဖြစ်၏။ ဤဝီထိဖြစ်သည်နှင့် တစ်ပြိုင်နက် ဖန်ဆင်းနိုင်သော တန်ခိုးအမျိုးမျိုးပေါ်လာလေသည်။

**မှတ်ချက်** ။ ဒိဗ္ဗစက္ခုအဘိညာဝီထိအတိုင်း ဝီထိပုံစံလေးမျိုးကို ချလေ။ အဘိညာဉ်တို့၏ အာရုံကို ပကိဏ်းပိုင်း၌ပြခဲ့ပြီး၊ ပုဂ္ဂိုလ်အားဖြင့် အဘိညာဉ် တို့သည် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌ဖြစ်၏။

## အဘိညာဉ်ဝီထိ ၂၈ ပါး

၁။ အဘိညာဉ် ၇ ပါးကို ကုသိုလ်၊ ကြိယာနှစ်ပါးဖြင့် မြှောက် ၇ × ၂ = ၁၄

၂။ ထို ၁၄ ပါးကို တိက္ခ, မန္ဒပုဂ္ဂိုလ်နှစ်ပါးဖြင့်မြှောက် ၁၄ × ၂ = ၂၈

## နိရောဓသမာပတ္တိဝီထိ

နိရောဓသမာပတ်ကို အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်ကြ၏။ နိရောဓသမာပတ်ကို ဝင်စားခါနီး၌ စတုတ္ထာရုပ္ပဇောဟုဆိုအပ်သော နေဝသညာနာသညာယတနဇောကို နှစ်ကြိမ်ချရမည်။

အနာဂါမ်ဖြစ်လျှင် နေဝသညာနာသညာယတနကုသိုလ်ဇောကိုချ၍ ရဟန္တာဖြစ်လျှင် နေဝသညာနာသညာယတန ကြိယာဇောကိုချရမည်။ ထိုတွင် နေဝသညာနာသညာယတနစျာန်ဟူသော ဥပေက္ခာစျာန်၏ ရှေ့သွားဖြစ်၍ ပရိကံ စသည်တို့၌ မဟာကုသိုလ်၊ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ဇောကိုချရမည်။

နိရောဓသမာပတ်မှထသောအခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇောတစ်ကြိမ်ချရမည်။ ထို့နောက် ဘဝင်ကျ၏။

## နိရောဓသမာပတ္တိဝီထိဖြစ်ပုံဆိုရိုး

### ကျက်ရန်

နိရောဓသမာပတ္တိဝီထိဖြစ်ပုံကား –

သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမ၊ ရူပဘုံသား အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်သည် ''ဘာရာဟဝေ ပဉ္စက္ခန္ဓာ'' ဟူသောစကားရပ်နှင့်အညီ လေးလံသော ခန္ဓာဝန်ကို ရွက်ဆောင်ရသဖြင့် လွန်စွာငြီးငွေ့လှ၍ ဒိဋ္ဌဓမ္မနိဗ္ဗာန်ချမ်းသာကို ခံစားလိုသည်ရှိသော် လောကီပထမစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်၌ရှိသော စိတ်၊ စေတသိက် သင်္ခါရတရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ရှု၏။

ထိုနည်းတူစွာ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနစျာန်တိုင်အောင်ဝင်စား၍ စျာန်မှထတိုင်း ထတိုင်း စျာန်၌ရှိသော သင်္ခါရတရားကို ဝိပဿနာရှုပြီးနောက် အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီးလျှင် စျာန်မှအထတွင် ဝိပဿနာမရှုဘဲ နာနာဗဒ္ဓအဝိကောပန၊ သံဃပဋိမာနန၊ သတ္ထုပက္ကောသန၊ အဒ္ဓါန ပရိစ္ဆေဒဟူ၍ ဤပုဗ္ဗကိစ္စလေးပါးကိုပြုသော ကာမဇောမနောဒွါရဝီထိများဖြစ်ကြ၏။

ထိုနောက်နေဝသညာနာသညာယတနစျာန်ကို ဝင်စားသည့်အခါ စျာန်နှစ်ကြိမ်အဆုံး၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှုဟူသော နိရောဓသမာပတ်ဖြစ်၏။

သမာပတ်မှထသောအခါ အနာဂါမ်ပုဂ္ဂိုလ် သန္တာန်၌ အနာဂါမိဖိုလ်ဇောတစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။

## ရူပ ပထမဈာနသမာပဇ္ဇနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ ဈ အကြိမ်များစွာ

**ကာမဇောမနောဒွါရဝီထိ (ဝိပဿနာဝီထိ) ပုံ**

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

**မှတ်ချက်** ။ ဤနည်းအတိုင်း ရူပဒုတိယဈာနသမာပဇ္ဇနဝီထိ၊ ကာမဇောမနောဒွါရဝီထိ (ဝိပဿနာဝီထိ) စသည်ဖြင့် ဝိညာဏဉ္စာယတနစျာန်တိုင်အောင် ဝီထိနှစ်မျိုးစီချရမည်။

## အာကိဉ္စညာယတနသမာပဇ္ဇနဝီထိပုံ

န ဒ မ ပ ဥ နု ဂေါ ဈ ဈ အကြိမ်များစွာ

**ပုဗ္ဗကိစ္စလေးပါးကို အမိဋ္ဌာန်တင်သော ကာမဇောမနောဒွါရဝီထိပုံ**

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

**နိရောဓသမာပတ္တိဝီထိပုံ**

န ဒ မ ပ ဥ နု ဂေါ ဈ ဈ(နိ) ဖ

## ဝီထိစိတ်သရုပ်

အနာဂမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ၌ –

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၂။ | မဟာကုသိုလ်ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော | ၂ – ပါး |
| ၃။ | နေဝသညာနာသညာယတနကုသိုလ်ဇော | ၁ – ပါး |
| ၄။ | အနာဂါမိဖိုလ်ဇော | ၁ – ပါး |
| | **စုစုပေါင်း** | **၅ – ပါး** |

ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝီထိ၌ –

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၂။ | မဟာကြိယာဉပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဇော | ၂ – ပါး |
| ၃။ | နေဝသညာနာသညာယတနကြိယာဇော | ၁ – ပါး |
| ၄။ | အရဟတ္တဖိုလ်ဇော | ၁ – ပါး |
| | **စုစုပေါင်း** | **၅ – ပါး** |

**မှတ်ချက်** ။ အာရုံစသည်ဖြင့် ဝေဖန်ပုံလွယ်၏။

## နိရောဓသမာပတ္တိဝီထိအပြား

၁။ နိရောဓသမာပတ္တိဝီထိကို ကာမဘုံ၊ ရူပဘုံနှစ်ပါးဖြင့်မြှောက် ၁ × ၂ = ၂

၂။ ယင်းနှစ်ပါးကို အနာဂါမ်၊ ရဟန္တာနှစ်မျိုးဖြင့်မြှောက် ၂ × ၂ = ၄

၃။ ယင်းလေးပါးကို မန္ဒ၊ တိက္ခ နှစ်မျိုးဖြင့်မြှောက် ၄ × ၂ = ၈

## ပုဗ္ဗကိစ္စလေးပါး

၁။ **နာနာဗဒ္ဓအဝိကောပန**။ မိမိနှင့်ကင်းကွာ၍ အခြားနေရာ၌ရှိနေသော မိမိနှင့်သက်ဆိုင်သောကျောင်း၊ သင်္ကန်း စသော ပစ္စည်းများကို ရေ၊ မီး၊ မင်း၊ ခိုးသူစသော ရန်သူများ မဖျက်ဆီးနိုင်ပါစေသတည်းဟုအဓိဋ္ဌာန်ခြင်းကို နာနာဗဒ္ဓ အဝိကောပနခေါ်၏။

၂။ **သံဃပဋိမာနန**။ သံဃာတော်များ အလိုရှိသောအခါ နိရောဓ သမာပတ်မှ ထနိုင်ပါစေသတည်းဟု အဓိဋ္ဌာန်ခြင်း။
လုပ်ကိုင်ဆောင်ရွက်စရာ သံဃာ့ကိစ္စရှိ၍ သံဃာတော်များက လာစေလိုသဖြင့် စောင့်ဆိုင်းမျှော်လင့်နေခြင်းကို သံဃပဋိမာနနခေါ်၏။

ဤနေရာ၌ ထိုသို့ သံဃာတော်များ စောင့်ဆိုင်းမျှော်လင့်နေသည့်အခါ ခေါ်ရန် မလာမီ သမာပတ်မှ ထနိုင်ပါစေသတည်းဟု ကြိုတင်အဓိဋ္ဌာန်ထားခြင်းကို သံဃပဋိမာနနခေါ်၏။

ထိုသို့ ကြိုတင်အဓိဋ္ဌာန်လျက် နိရောဓသမာပတ်ဝင်စားသော ရဟန်းသည် သံဃာတော်များက လိုလားနေသဖြင့် စောင့်ဆိုင်းမျှော်လင့်နေသည်နှင့် တစ်ပြိုင်နက် သမာပတ်မှထပြီးသားဖြစ်၏။

၃။ **သတ္ထုပက္ကောသန**

ဘုရားရှင်အလိုရှိတော်မူ၍ ခေါ်တော်မူခြင်းကို သတ္ထုပက္ကောသနခေါ်၏။ ဤနေရာ၌ကား ထိုသို့ဘုရားရှင်ခေါ်တော်မူလိုသောအခါ အခေါ်မလွှတ်မီ သမာပတ်မှထနိုင်ပါစေသတည်းဟု အဓိဋ္ဌာန်ခြင်းကို သတ္ထုပက္ကောသနခေါ်၏။

၄။ **အဒ္ဓါနပရိစ္ဆေဒ**

နိရောဓသမာပတ်ဝင်စားနေစဉ် သေမည်၊ မသေမည်ဟူသော အသက်အပိုင်းအခြားကို ဆင်ခြင်ကြည့်ရှုခြင်းကို အဒ္ဓါနပရိစ္ဆေဒခေါ်၏။

နိရောဓသမာပတ်ဝင်စားလိုသူသည် ဤသို့ပုဗ္ဗကိစ္စလေးပါးကို ကြိုတင်၍ အဓိဋ္ဌာန်ထားလေ့ရှိ၏။

**နိရောဓသမာပတ်၊ ဖလသမာပတ်၊ အဘိညာအထူး**

နိရောဓသမာပတ်သည် မဂ်ဉာဏ်၏ အကျိုးဖြစ်၏။ ဖလသမာပတ်သည် ဝိပဿနာဉာဏ်၏အကျိုးဖြစ်၏။ အဘိညာသည် လောကီစျာန်သမာဓိ၏ အကျိုးဖြစ်၏။

## ကာမဘုံ၌ (၇) ရက်သာဝင်စားနိုင်ပုံ

ကာမဘုံသားများ တစ်နေ့စားအပ်သော အစာအဟာရသည် (၇) ရက်မျှသာ မျှတစေနိုင်သောကြောင့် ကာမဘုံ၌ နိရောဓသမာပတ်ကို (၇) ရက်မျှသာ ဝင်စားနိုင်၏။ ရူပဘုံ၌ အာဟာရကို မမှီဝဲသောကြောင့် အလိုရှိသလောက် ဝင်စားနိုင်၏။

**စိတ်ချင်းဆက်သွယ်ပုံ**

ဘဝင်စိတ်အကြောင်းနှင့် ဘဝင်စိတ်ခေါ်သော မနောဒွါရ၌ အာရုံများ ထင်လာပုံကို ရှင်းပြခဲ့ပြီးဖြစ်၏။ လူတစ်ဦး၏စိတ်နှင့် အခြားလူသားများ၏ စိတ်အချင်းချင်း ဆက်သွယ်ပုံကို နားလည်အောင် သံဃပဋ္ဌိမာနနအကြောင်းများကို ဆက်လက်ရှင်းပြလို၏။

လူတစ်ဦး၏ သန္တာန်၌ဖြစ်ပေါ်နေသောစိတ်၊ စေတသိက်များ အခြားလူတစ်ဦး၏ သန္တာန်၌ရှိနေသော ဘဝင်စိတ်ဟူသော မနောဒွါရ၌ အာရုံအာရမ္မဏိကအနေဖြင့် ရိုက်ခတ်ထိခိုက်ထင်လာကြ၏။ ထိုသို့လူတစ်ဦး၏ စိတ်စေတသိက်များ အခြားလူတစ်ယောက်၏ ဘဝင်စိတ်ဟူသော မနောဒွါရမှာ ထိခိုက်ထင်လာသောအခါ ထင်လာသောစိတ်၏စွမ်းအားကြောင့် ဘဝင်စိတ်မှာ ထိခိုက်ခံရသူ၏စိတ်သည် ထိခိုက်လာသောစိတ်၏ အလိုအတိုင်း လှုပ်ရှားလာရ၏။

**သံဃပဋ္ဌိမာနန**

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က သံဃာတော်များသည် အချင်းချင်း ရိုသေကြ၏။ ဘုရားရှင်အပေါ်၌လည်း လွန်စွာရိုသေလေးစားကြ၏။ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များသည် တာဝန်ကြီးလှသော ခန္ဓာဝန်ကိုထမ်းဆောင်

နေရသဖြင့် ငြီးငွေ့လှသဖြင့် မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခံစားလိုသော ကြောင့် နိရောဓသမာပတ်ကို ဝင်စားတော်မူကြ၏။ ထိုသို့ဝင်စားလိုသောအခါ ကြိုတင်၍ အဓိဋ္ဌာန်ထားရသောကိစ္စလေးမျိုးတွင် သံဃပဋိမာနန၊ သတ္ထုပက္ကောသနဟု ကိစ္စနှစ်မျိုးပါရှိ၏။ ထိုတွင် သံဃပဋိမာနနကို ရှင်းပြလို၏။

နိရောဓသမာပတ်ဝင်စားနေသူမှာ စိတ်စေတသိက် စိတ္တဇရုပ်များလုံးဝ မဖြစ်ဘဲ ချုပ်ငြိမ်းနေကြ၏။ ဥပမာ – ဦးဒတ္တသည် ဆိတ်ငြိမ်သောတောအရပ်သို့သွား၍ နိရောဓသမာပတ်ဝင်စားနေလျှင် ထိုသို့ဝင်စားနေချိန်တွင် ဦးဒတ္တသန္တာန်မှာ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ လုံးဝချုပ်ငြိမ်းနေ၏။ ထိုသို့ချုပ်ငြိမ်းနေချိန်မှာ သံဃာ့ကိစ္စရှိ၍ သံဃာကဦးဒတ္တကို အလိုရှိသောအခါ ဦးဒတ္တသန္တာန်၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များအားလုံး ချုပ်ငြိမ်းနေခြင်းကြောင့် ဦးဒတ္တကို အလိုရှိနေကြသော သံဃာတော်များ၏ စိတ်စေတနာသည် ဦးဒတ္တနှင့် ဆက်သွယ်ဖို့ရာ ဦးဒတ္တသန္တာန်၌ မနောဒွါရခေါ်သော ဘဝင်စိတ်မရှိသဖြင့် ဆက်သွယ်ရန် ခက်ခဲနေ၏။ အဆက်အသွယ်ပြတ်နေခြင်းကြောင့် ဦးဒတ္တသည် သံဃဆန္ဒကို သိခွင့်မရနိုင်ပေ။

သံဃာတော်များမှာ ဦးဒတ္တနှင့် အဆက်သွယ်ပြတ်နေ၍ ဦးဒတ္တမရှိသဖြင့် သံဃာ့ကိစ္စကို မဆောင်ရွက်နိုင်ပေ။ ထိုအကြောင်းကို ဦးဒတ္တက သိရသောကြောင့် နောင်နိရောဓသမာပတ်ဝင်စားလိုသောအခါ ''သံဃာတော်များက ငါ့ကိုအလိုရှိသောအခါခေါ်ရန် မလာမီ နိရောဓသမာပတ်ဝင်စားခြင်းမှ အမြန်ဆုံးထနိုင်ပါစေသတည်း''ဟု ကြိုတင်၍ အဓိဋ္ဌာန်ထားလေ့ရှိ၏။ ထိုသို့အဓိဋ္ဌာန်ဖြင့် နိရောဓသမာပတ်ဝင်စားနေစဉ် သံဃာတော်များက ကိစ္စရှိနေ၍ ဦးဒတ္တကို ခေါ်လိုသောဆန္ဒများဖြစ်လာသောအခါ ဦးဒတ္တသည် နိရောဓသမာပတ်ဝင်စားရာမှထပြီးဖြစ်၍ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ဦးဒတ္တသန္တာန်၌ ပြန်လည်ဖြစ်ပေါ်လာသဖြင့် သံဃာတော်များ၏ စိတ်စေတနာများ ဦးဒတ္တ၏ ဘဝင်စိတ်၌ ဆက်သွယ်လာခြင်းကြောင့် သံဃာတော်များရှိရာသို့ မိမိအလိုအလျောက်သွားခဲ့၏။ လူတစ်ဦး၏စိတ်နှင့် အခြားလူတစ်ဦး၏စိတ်သည် ဤသို့ဆက်သွယ်ကြ၏။

* * * * *

# အခန်း (၈)
## ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲစိတ်ဝေဖန်၍ ရထိုက်သောဝီထိစိတ်များကို ပြရာအခန်းကို ပုဂ္ဂလဘေဒခေါ်၏။

### ပုဂ္ဂိုလ် (၁၂) ယောက်

| | | |
|---|---|---|
| ၁။ | ပုထုဇဉ်ပုဂ္ဂိုလ် | ၄ – ယောက် |
| ၂။ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| ၃။ | ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| | ပေါင်း | ၁၂ – ယောက် |

### ပုထုဇဉ် ပုဂ္ဂိုလ် ၄

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်

၃။ ဒွိဟိတ်ပုဂ္ဂိုလ်

၄။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

### မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄

၁။ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

၂။ သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

၃။ အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

၄။ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

## ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄

၁။ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်

၂။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်

၃။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်

၄။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်

**ဆောင်** ။ ဒုံ၊ သု၊ ဒွိ၊ တိ၊ အရိယာရှစ်၊ တစ်ကျိပ်နှစ်ပြားလစ်ဝါကရာ။

## တိဟိတ်ပုဂ္ဂိုလ် ၉

| | | |
|---|---|---|
| ၁။ | တိဟိတ်ပုထုဇဉ် | ၁ – ယောက် |
| ၂။ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| ၃။ | ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| | **ပေါင်း** | **၉ – ယောက်** |

## အရိယာပုဂ္ဂိုလ် ၈

| | | |
|---|---|---|
| ၁။ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၄ – ယောက် | |
| ၂။ | ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| | **ပေါင်း** | **၈ – ယောက်** |

## သေက္ခပုဂ္ဂိုလ် ၇

| | | |
|---|---|---|
| ၁။ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| ၂။ | အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၃ – ယောက် |
| | **ပေါင်း** | **၇ – ယောက်** |

## အသေက္ခပုဂ္ဂိုလ် (၁)

### အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်

## ပုထုဇဉ်လေးယောက် အမိပ္ပါယ်

### ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ခေါ်၏။

### သုဂတိအဟိတ်ပုဂ္ဂိုလ်

အဟိတ်ကုသလဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူကို သုဂတိအဟိတ်ပုဂ္ဂိုလ်ခေါ်၏။

### ဒွိဟိတ်ပုဂ္ဂိုလ်

အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးရှိသော မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူကို ဒွိဟိတ်ပုဂ္ဂိုလ်ခေါ်၏။

### တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်

အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါရှိသော မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉ ပါးဖြင့် ပဋိသန္ဓေနေခဲ့သူကို တိဟိတ်ပုထုဇဉ်ခေါ်၏။

## တိဟိတ်ပုဂ္ဂိုလ် ၉ ယောက်၏ နယ်ပယ်သတ်မှတ်ပုံ

### တိဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်စိတ်၏ ရှေ့ဂေါတြဘူတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် တိဟိတ်ပုထုဇဉ်မည်၏။

### သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

သောတာပတ္တိမဂ်စိတ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မည်၏။

### သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်

သောတာပတ္တိမဂ်၏ အခြားမဲ့ဖိုလ်မှစ၍ သကဒါဂါမိမဂ်စိတ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။

### သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

သကဒါဂါမိမဂ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မည်၏။

### သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်

သကဒါဂါမိမဂ်၏ အခြားမဲ့ဖိုလ်မှစ၍ အနာဂါမိမဂ်စိတ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။

### အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

အနာဂါမိမဂ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မည်၏။

### အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်

အနာဂါမိမဂ်၏ အခြားမဲ့ဖိုလ်မှစ၍ အရဟတ္တမဂ်စိတ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။

## အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်

အရဟတ္တမဂ်စိတ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မည်၏။

## အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်

အရဟတ္တမဂ်၏ အခြားမဲ့ဖိုလ်မှစ၍ ပစ္စိမစိတ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်သည် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။

## ထိုထိုပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်သောဝီထိစိတ်များ

### ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သန္တာန်၌မဖြစ်သောဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ကာမကြိယာဇော | ၉ – ပါး |
| ၂။ | အပ္ပနာဇော | ၂၆ – ပါး |
| ၃။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| | **ပေါင်း** | **၄၃ – ပါး** |

### သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်သန္တာန်၌မဖြစ်သော ဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ကာမကြိယာဇော | ၉ – ပါး |
| ၂။ | အပ္ပနာဇော | ၂၆ – ပါး |
| ၃။ | မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် | ၄ – ပါး |
| | **ပေါင်း** | **၃၉ – ပါး** |

**မှတ်ချက်။** မဟဂ္ဂုတ် ဝိပါက် ၉ ပါးသည် ဝီထိမုတ်စိတ်ဖြစ်၍ ဝီထိပိုင်းနှင့် မသက်ဆိုင်ပေ၊ အပ္ပနာဇောဟူသည် စျာန်၊ မဂ်၊ ဖိုလ်တရားများပင်ဖြစ်၏။ ထို့ကြောင့် သုဂတိအဟိတ်၊ ဒွိဟိတ်လူသားများ တရားအားထုတ်သော်လည်း ယခုဘဝ၌ စျာန်၊ မဂ်၊ ဖိုလ်တရားများကို မရနိုင်။

တိဟိတ်ပုထုဇဉ်သန္တာန်၌ မဖြစ်သောဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ကြိယာဇော | ၁၈ – ပါး |
| ၂။ | လောကုတ္တရာစိတ် | ၈ – ပါး |
| | ပေါင်း | ၂၆ – ပါး |

## သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်များ သန္တာန်၌ မဖြစ်သောဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ကြိယာဇော | ၁၈ – ပါး |
| ၂။ | ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄ – ပါး |
| ၃။ | ဝိစိကိစ္ဆာသဟဂုတ်စိတ် | ၁ – ပါး |
| ၄။ | သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ် စိတ်ကြဉ်သော လောကုတ္တရာစိတ် | ၆ – ပါး |
| | ပေါင်း | ၂၉ – ပါး |

**မှတ်ချက်** ။ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌ သကဒါဂါမိဖိုလ်စိတ်ကို မရနိုင်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌ သောတာပတ္တိဖိုလ်စိတ်ကို မရနိုင်။

## အရိယာပုဂ္ဂိုလ်တိုင်း၌ မဖြစ်နိုင်သော အကုသိုလ်စိတ်

သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်ချိန်မှစ၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကိုပယ်ပြီး ဖြစ်ခြင်းကြောင့် ကုသိုလ်၊ အကုသိုလ်မရှိ၊ အတိတ်ဘဝ၊ အနာဂတ်ဘဝမရှိ၊ မိဘကျေးဇူးမရှိ၊ ငရဲမရှိ၊ နတ်ပြည်မရှိစသော အတွေးအခေါ်များ၊ ယုံမှားသံသယ စိတ်များ အရိယာပုဂ္ဂိုလ်သန္တာန်၌ မဖြစ်တော့ပေ။ ထို့ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ပါး၊ ဤငါးပါးကို အရိယာပုဂ္ဂိုလ်တိုင်း၌ မဖြစ်သော အကုသိုလ်စိတ်ဟုမှတ်ပါ။

## အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌မဖြစ်သောဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ကြိယာဇော | ၁၈ ပါး |
| ၂။ | ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄ ပါး |
| ၃။ | ဝိစိကိစ္ဆာသဟဂုတ်စိတ် | ၁ ပါး |
| ၄။ | ဒေါသမူစိတ် | ၂ ပါး |
| ၅။ | အနာဂါမိဖိုလ်စိတ်ကြဉ်လောကုတ္တရာစိတ် | ၇ ပါး |
| | ပေါင်း | ၃၂ ပါး |

## ရဟန္တာသန္တာန်၌မဖြစ်သော ဝီထိစိတ်များ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ ပါး |
| ၂။ | ကုသိုလ်စိတ် | ၂၁ ပါး |
| ၃။ | အောက်ဖိုလ်စိတ် | ၃ ပါး |
| | ပေါင်း | ၃၆ ပါး |

**မှတ်ချက်။** ရဟန္တာပုဂ္ဂိုလ်များ အကုသိုလ် ဒုစရိုက်ကို လုံးဝမပြုလုပ်ခြင်းကြောင့် အကုသိုလ်စိတ်များ ရဟန္တာသန္တာန်၌ လုံးဝမဖြစ်တော့ပေ။ စွန့်ကြဲလှူဒါန်းမှု ဝိနည်းဥပဒေတော်ဆိုင်ရာ သီလသိက္ခာကို လိုက်နာကျင့်သုံးမှု၊ ထေရ်ကြီးကို ရိုသေမှု၊ ဝေယျာဝစ္စပြုလုပ်မှုစသောလုပ်ငန်းများကို ပြုလုပ်ကြသော်လည်း ထိုပြုလုပ်ဆောင်ရွက်မှုအားလုံးကို ကြိယာစိတ်ဟုသာခေါ်၏။ ကုသိုလ်ဟု မခေါ်ရတော့ပါ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို စွန့်ကြဲလှူဒါန်းမှုစသည်ကို ပြုလုပ်သော်လည်း ကုသိုလ်မဖြစ်သော ပုဂ္ဂိုလ်ဟုမှတ်ပါ။

## လောကုတ္တရာစိတ် ၈ ပါးကို အရိယာပုဂ္ဂိုလ် ၈ ယောက်ဖြင့်ဝေဖန်ပုံ

၁။ သောတာပတ္တိမဂ်စိတ်သည် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်၌သာ ဖြစ်၏။

၂။ သကဒါဂါမိမဂ်စိတ်သည် သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်၏။

၃။ အနာဂါမိမဂ်စိတ်သည် အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်၏။

၄။ အရဟတ္တမဂ်စိတ်သည် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်၏။

၅။ သောတာပတ္တိဖိုလ်စိတ်သည် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌သာဖြစ်၏။

၆။ သကဒါဂါမိဖိုလ်စိတ်သည် သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်၏။

၇။ အနာဂါမိဖိုလ်စိတ်သည် အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်သာဖြစ်၏။

၈။ အရဟတ္တဖိုလ်စိတ်သည် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်သာဖြစ်၏။

**မှတ်ချက်** ။ လောကုတ္တရာစိတ်ရှစ်ပါးကို အရိယာပုဂ္ဂိုလ်ရှစ်ယောက်နှင့် ခွဲတမ်းချသောအခါ အထက်ပါအတိုင်း အရိယာပုဂ္ဂိုလ်များသည် မိမိဆိုင်ရာ စိတ်တစ်ပါးစီကိုသာရကြ၏။ ပုဂ္ဂိုလ်စိတ်ရကို ကောက်သောအခါ ဤခွဲတမ်းဖြင့်ရရှိထားသော မိမိဆိုင်ရာစိတ်တစ်ပါးစီကိုသာ ဆိုင်ရာပုဂ္ဂိုလ်အတွက် ထည့်သွင်းရေတွက်ရမည်ကို သတိပြုပါ။ လောကုတ္တရာ စိတ်ရှစ်ပါးသည် အရိယာပုဂ္ဂိုလ်များသန္တာန်၌သာဖြစ်သောကြောင့် လောကုတ္တရာစိတ်ရှစ်ပါးကို အရိယာပုဂ္ဂိုလ်များသာရနိုင်သောစိတ်ဟုမှတ်ပါ။

* * * * *

# အခန်း (၉)

## ဘူမိဝိဘာဂ

ဘုံအားဖြင့် ရသင့်သော ဝီထိစိတ်တို့ကို ခွဲခြမ်းဝေဖန်ပြဆိုရာ အခန်းကို ဘူမိဝိဘာဂခေါ်၏။

### ကာမဘုံ၌မဖြစ်သောစိတ်

မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးသည် ရူပ၊ အရူပ ဗြဟ္မာများနှင့်သာဆိုင်သော ဝီထိမုတ်စိတ်သောကြောင့် ကာမဘုံ၌မဖြစ်နိုင်။

### ကာမဘုံ၌ဖြစ်သောဝီထိစိတ်

ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉ ပါးကို ကြဉ် ဝီထိစိတ်ရှစ်ဆယ်ဖြစ်၏။

**ဆောင်** ။ မဟဂ်ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင်ရှစ်ဆယ်ရ။

### အသညသတ်ကြဉ်ရူပ ၁၅ ဘုံ

ရူပဘုံ၌ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒများ မရှိသောကြောင့် ဃာနဝိညာဏ် စိတ် ၂ပါး၊ ဇိဝှါဝိညာဏ်စိတ် ၂ ပါး၊ ကာယဝိညာဏ်စိတ် ၂ ပါး တို့ကိုမရနိုင်၊ ဒေါသမူစိတ် ၂ ပါး၊ တဒါရုံကိစ္စတပ်သော မဟာဝိပါက်စိတ် ၈ပါးတို့ကိုလည်းမရနိုင်၊ သန္တီရဏစိတ် ၃ ပါးသည် သန္တီရဏကိစ္စတပ်ခိုက် ရူပဘုံ၌ဖြစ်နိုင်၏။

### ရူပဘုံ၌မဖြစ်သောဝီထိစိတ် ၁၆ ပါး

| | | |
|---|---|---|
| ၁။ | ဒေါသမူစိတ် | ၂ – ပါး |
| ၂။ | ဃာဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ | ၆ – ပါး |
| ၃။ | တဒါရုံမဟာဝိပါက်စိတ် | ၈ – ပါး |
| | **ပေါင်း** | **၁၆ – ပါး** |

**မှတ်ချက်** ။ စိတ် ဟု သာမညမေးလျှင် အရူပဝိပါက် ၄ ပါးကို ထည့်ပေါင်း ရမည်။

## ရူပဘုံ၌ဖြစ်သော ဝီထိစိတ် ၆၄ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | စက္ခုဝိညာဏ်စိတ် | ၂ – ပါး |
| ၄။ | သောတဝိညာဏ်စိတ် | ၂ – ပါး |
| ၅။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ – ပါး |
| ၆။ | သန္တီရဏစိတ် | ၃ – ပါး |
| ၇။ | အဟိတ်ကြိယာစိတ် | ၃ – ပါး |
| ၈။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၉။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၁၀။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၁၁။ | မဟဂ္ဂုတ်ကြိယာစိတ် | ၉ – ပါး |
| ၁၂။ | လောကုတ္တရာစိတ် | ၈ – ပါး |
| | **ပေါင်း** | **၆၄ – ပါး** |

**မှတ်ချက်**။ ရူပဘုံ၌ဖြစ်သောစ်တ်ဟု သာမညမေးလျှင် ရူပဝိပါက်စိတ် ငါးပါးကို ထည့်ပေါင်းရမည်။

**ဆောင်**။ ဆဃာနာဒိ၊ မဟာဝိရှစ်၊ ဒေါနှစ်တမူ၊ အရူဝိလေး၊ ကြဉ်ရေးနှစ်ဆယ်၊ ဆ,နောကြွယ်၊ ခြောက်ဆယ်ကိုးရူပ။

## အရူပ ၄ ဘုံ

အရူပလေးဘုံ၌ သောတာပတ္တိမဂ်စိတ်၊ ရူပါဝစရစိတ်၊ ဟသိတုပ္ပါဒ်စိတ်၊ အထက်အထက်ဘုံသို့ရောက်သွားသောအခါ အောက်အောက် အရူပစိတ်များကို မရနိုင်။ ဥပမာ – ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနစိတ်ကို မရနိုင်။ အာကိဉ္စညာယတနဘုံ၌ အာကာသာနဉ္စယတနစိတ်၊ ဝိညာဏဉ္စာယတန စိတ်တို့ကို မရနိုင်။ နေဝသညာနာသညာယတနဘုံ၌ အာကာသာနဉ္စာယတန စိတ်၊ ဝိညာဏာဉ္စာယတနစိတ်၊ အာကိဉ္စညာယတနစိတ်တို့ကို မရနိုင်။ ဒေါသ မူစိတ်၊ မဟာဝိပါက်စိတ်တို့ကိုလည်း မရနိုင်။

အရူပဘုံ၌ ပသာဒရုပ်ငါးပါးလုံးမရှိသောကြောင့် ပဉ္စဒွါရ၌သာဖြစ်သော စိတ်တို့ကို မရနိုင်၊ အဟိတ်စိတ်ထဲက မနောဒွါရာဝဇ္ဇန်းစိတ်တစ်ပါးသာ ရနိုင်၏။

### အရူပဘုံ၌မဖြစ်သော ဝီထိစိတ်

| | | |
|---|---|---|
| ၁။ | ဒေါသမူစိတ် | ၂ – ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်းစိတ်ကို ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၃။ | တဒါရုံမဟာဝိပါက်စိတ် | ၈ – ပါး |
| ၄။ | ရူပကုသိုလ်စိတ် | ၅ – ပါး |
| ၅။ | ရူပကြိယာစိတ် | ၅ – ပါး |
| ၆။ | သောတာပတ္တိမဂ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၃၈ – ပါး** |

### အရူပဘုံ၌ဖြစ်သောဝီထိစိတ် ၄၂ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |

| | | |
|---|---|---|
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၆။ | အရူပကုသိုလ်စိတ် | ၄ – ပါး |
| ၇။ | အရူပကြိယာစိတ် | ၄ – ပါး |
| ၈။ | သောတာပတ္တိမဂ်စိတ်ကြဉ်လောကုတ္တရာစိတ် | ၇ – ပါး |
| | ပေါင်း | ၄၂ – ပါး |

**မှတ်ချက်**။ အရူပဘုံ၌ဖြစ်သောစိတ်ဟု သာမည မေးလျှင် အရူပဝိပါက်စိတ် လေးပါးကို ထည့်ပေါင်းရမည်။ အာကာသာနဉ္စာယတနဘုံ၌ဖြစ်သော ဝီထိစိတ်သည် အရူပဘုံ၌ဖြစ်သော ဝီထိစိတ် ၄၂ ပါးပင်ဖြစ်၏။

**ဆောင်**။ ဝတ္ထုရုပ်စီ၊ မှီမမှီလစ်၊ လေးဆယ်နှစ်ဟူ၊ အရူဝိလေး၊ ပေါင်းထွေး တုံနောက်၊ လေးဆယ့်ခြောက်၊ ရမြောက်အရူပ။

## ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော ဝီထိစိတ် ၄၀ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၆။ | အာကာသာနဉ္စာယတနကြဉ်အရူပကုသိုလ်စိတ် | ၃ – ပါး |
| ၇။ | အာကာသာနဉ္စာယတနကြဉ်အရူပကြိယာစိတ် | ၃ – ပါး |
| ၈။ | သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာစိတ် | ၇ – ပါး |
| | ပေါင်း | ၄၀ – ပါး |

**မှတ်ချက်။** ဝိညာဏဥ္စာယတနဘုံ၌ဖြစ်သောစိတ်ဟု သာမည‌မေးလျှင် ဝိညာဏဥ္စာယတနဝိပါက်စိတ်ကို ထည့်ပေါင်းရမည်။

**အာကိဉ္စညာယတနဘုံ၌ဖြစ်သော ဝီထိစိတ် ၃၈ ပါး**

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၆။ | အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနကုသိုလ်စိတ် | ၂ – ပါး |
| ၇။ | အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနကြိယာစိတ် | ၂ – ပါး |
| ၈။ | သောတာပတ္တိမဂ်စိတ်ကြဉ်လောကုတ္တရာစိတ် | ၇ – ပါး |
| | **ပေါင်း** | **၃၈ – ပါး** |

**နေဝသညာနာသညာယတနဘုံ၌ဖြစ်သော ဝီထိစိတ် ၃၆ ပါး**

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၆။ | နေဝသညာနာသညာယတနကုသိုလ်စိတ် | ၁ – ပါး |
| ၇။ | နေဝသညာနာသညာယတနကြိယာစိတ် | ၁ – ပါး |
| ၈။ | သောတာပတ္တိမဂ်စိတ်ကြဉ်လောကုတ္တရာစိတ် | ၇ – ပါး |
| | **ပေါင်း** | **၃၆ – ပါး** |

## စိတ်လုံးဝမဖြစ်သောသတ္တဝါ

အသညသတ်ပြဟ္မာများသန္တာန်၌ စိတ်ဖြစ်မှုမရှိ၊ ထို့ကြောင့် စိတ်ကို အခြေခံ၍ဖြစ်သော ချစ်ခြင်း၊ မုန်းခြင်း၊ စေတနာသဒ္ဓါတရားရှိခြင်း၊ မရှိခြင်း၊ ရက်စက်ခြင်း၊ သနားခြင်း စသော အပြုအမူများ လုံးဝမရှိပေ။

## သတ္တဝါများသန္တာန်၌ စိတ်အစဉ်ဖြစ်နေပုံ

သတ္တဝါများ အသက်ရှင်နေစဉ် နိရောဓသမာပတ်ဝင်ချိန်မှတစ်ပါး စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဟူသော ခြောက်ဒွါရ၌ဖြစ်သော ဝီထိစိတ်များသည် ဝီထိတစ်ခုနှင့်တစ်ခုအကြားအကြားမှာ ဘဝင်ခြားလျက် ဆက်ကာဆက်ကာ ဖြစ်ပေါ်နေကြ၏။

**မှတ်ချက်။** နိရောဓသမာပတ်ဝင်စားနေချိန်၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်နေခြင်းကြောင့် ဝီထိစိတ်များ လုံးဝမဖြစ်ကြပေ။ ထို့ကြောင့် ဝီထိစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်နေကြသည်ဟူသော စကားသည် ယေဘုယျစကားဖြစ်၏။

* * * * *

# အခန်း (၁၀)

## ပုဂ္ဂိုလ်စိတ်ရ

## ကာမဘုံသားပုဂ္ဂိုလ်စိတ်ရ

ပုဂ္ဂလဘေဒ၌ ဖော်ပြခဲ့သည့်အတိုင်း ကာမဘုံမှာ ပုဂ္ဂိုလ် ၁၂ ယောက်လုံးကိုရ၏။ ထိုတွင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်သန္တာန်၌ မိမိဆိုင်ရာ မဂ်စိတ်တစ်ပါးစီသာဖြစ်၏။ ထို့ကြောင့် ကာမဘုံ၌ ပုထုဇဉ်လေးယောက်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၏ ဝီထိစိတ်ကိုသာ ကောက်ပြမည်။

ကာမပုဂ္ဂိုလ်ဝီထိစိတ်ရကို ကောက်ရာ၌ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်တို့ကို ဈာန်မရ၊ ဈာန်ရ နှစ်မျိုးခွဲ ကောက်ရမည်။ ဈာန်မရကို ကောက်သောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဝီထိစိတ်ရတွင် ပါရှိသော မဟဂ္ဂုတ်စိတ်ကို ပယ်ထားရမည်။ ဈာန်ရ၌ မဟဂ္ဂုတ်စိတ်ကို ထည့်သွင်း ကောက်ရမည်။

**ဆောင်။** မဂ္ဂဋ္ဌာန်စု၊ မဂ်လေးခု၊ ရမှုကေသာ။

**ဆောင်။** မဟာဂ်ကုကြီ၊ လောင်းတုံဘိ၊ တိဟိတ်အကုန်ပါ။

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ**

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ – ပါး |
| ၂။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| | **ပေါင်း** | **၃၇ – ပါး** |

**ဆောင်။** ဇောကိုးကြိ၊ မဟာဝိရှစ်၊ ဆယ့်ခွန်ပစ်၊ ဒုဖြစ်တြိန်းသတ်။

**သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ဝီထိစိတ်ရ**

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ – ပါး |
| ၂။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၄။ | မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | ၄ – ပါး |
| | **ပေါင်း** | **၄၁ – ပါး** |

**ဆောင်။** ဝိပ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်သစ်၊ လေးဆယ့်တစ်၊ ဖြစ်လေ သု, ဒွိမှတ်။

ချာန်မရသောကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ – ပါး |
| ၂။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၄။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| | ပေါင်း | ၄၅ – ပါး |

ဆောင်။ သမ္ပယုတ်–ဝိပါက်၊ လောင်းစွက်ပြန်ကြား၊ လေးဆယ့်ငါး၊ မှတ်သား တိဟိတ်မှာ။

ချာန်ရကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ – ပါး |
| ၂။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၄။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၅။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| | ပေါင်း | ၅၄ – ပါး |

ချာန်မရကာမသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဒေါသမူစိတ် | ၂ – ပါး |
| ၃။ | ဥဒ္ဒစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၄။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၅။ | မဟာကုသိုလ်စိတ် | ၈ – ပါး |

| | | |
|---|---|---|
| ၆။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၇။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၄၁ – ပါး |

### ဈာန်ရကာမသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒွိဋ္ဌဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဒေါသမူစိတ် | ၂ – ပါး |
| ၃။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၄။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၅။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၆။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၇။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၈။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၅၀ – ပါး |

### ဈာန်မရကာမသကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဒေါသမူစိတ် | ၂ – ပါး |
| ၃။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၄။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၅။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၆။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၇။ | သကဒါဂါမိဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၄၁ – ပါး |

## ဈာန်ရကာမသကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒွိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဒေါသမူစိတ် | ၂ – ပါး |
| ၃။ | ဥဒ္ဓစ္စသမ္ပယုတ် | ၁ – ပါး |
| ၄။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၅။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၆။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၇။ | မဟာဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၈။ | သကဒါဂါမိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၅၀ – ပါး** |

**ဆောင်**။ ဒိဋ္ဌိသံဝိစိ၊ ကြဉ်တုံဘိ၊ အာဒိဒွေဖလာ။

## ဈာန်မရကာမအနာဂါမိဖလဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒွိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၆။ | အနာဂါမိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၃၉ – ပါး** |

## ဈာန်ရကာမအနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒွိဋ္ဌဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဒစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၆။ | မဟာဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၇။ | အနာဂါမိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၄၈ – ပါး** |

**ဆောင်**။ ဒေါကိုပယ်ပြန်၊ အနာဂါမ်၊ အကျန်သူတို့မှာ။

## ဈာန်မရကာမအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈ – ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၃။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၄။ | အရဟတ္တဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၃၅ – ပါး** |

**ဆောင်**။ အကုသိုလ်နှင့် ကုသိုလ်နှစ်သွယ်၊ အောက်ဖိုလ်ပယ်ဘိ၊ ဗျည်းတြိ သိလေရဟန္တာ။

**မှတ်ချက်**။ ဗျည်းတြိအရ ၃၅ ပါးကိုယူ၊ ဗျည်းက ကြာသပတေးဖြစ်၍ ၅ ဂဏန်းကိုယူ။ တြိအရ သုံးဂဏန်းဟူသော သင်္ချာကိုယူရ၏။

### ဈာန်ရကာမအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈ – ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈ – ပါး |
| ၃။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၄။ | မဟဂ္ဂုတ်ကြိယာစိတ် | ၉ – ပါး |
| ၅။ | အရဟတ္တဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၄၄ – ပါး |

### ကာမဘုံသားပုဂ္ဂိုလ်ဝီထိစိတ်ရ ပြီး၏။

* * * * *

## ရူပဘုံသားပုဂ္ဂိုလ်စိတ်ရ

ရူပဘုံ၌ ဈာန်ရသောပုဂ္ဂိုလ်များသာဖြစ်နိုင်၏။ ယခုဘဝ၌ ဈာန်မရနိုင်သော ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်များ ရူပဘုံ၌ ဖြစ်ခွင့်မရှိ၊ ထို့ကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်အတွက်သာ ကောက်ပြရမည်။

ရူပဘုံ၌ ဈာန်ရပုဂ္ဂိုလ်များသာဖြစ်နိုင်သောကြောင့် ဈာန်မရ၊ ဈာန်ရဟု ခွဲကောက်ရန်မလို။ ရူပဗြဟ္မာများသည် ရူပဝိပါက်စိတ်ငါးပါးဖြင့် ပဋိသန္ဓေနေခြင်းကြောင့် ရူပဝိပါက်စိတ်ငါးပါးကိုထည့်ကောက်ရမည်။ ရူပဝိပါက်စိတ်ငါးပါးသည် ဝီထိမုတ်စိတ်ဖြစ်၏။ ထို့ကြောင့် ရူပဘုံ၌ ဝီထိစိတ်ရ၊ စိတ်ရဟု နှစ်မျိုးခွဲကောက်ရမည်။ ဝီထိစိတ်ရ၌ ရူပဝိပါက်စိတ်ငါးပါးကို ထည့်မကောက်ရ၊ စိတ်ရဟု သာမညမေးလျှင် ရူပဝိပါက်စိတ်ငါးပါးကို ထည့်ကောက်ရမည်။

ရူပဘုံ၌ ဝီထိစိတ် ၆၄ ပါး ရနိုင်၏။ စိတ်ရဟု သာမညမေးလျှင် ရူပဝိပါက်စိတ် ငါးပါးကို ထည့်ကောက်ရမည်။ ထို့ကြောင့် ရူပဘုံ၌ဖြစ်သော စိတ်မှာ

၆၉ ပါးဖြစ်၏။ ရူပဘုံ၌ ပုဂ္ဂိုလ်စိတ်ရကို ရှာဖွေသောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်လည်း ရနိုင်၊ ရူပဘုံ၌လည်းရနိုင်သောစိတ်ကိုသာ ကောက်ရမည်။

ရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | စက္ခုဝိညာဏ်စိတ် | ၂ – ပါး |
| ၄။ | သောတဝိညာဏ်စိတ် | ၂ – ပါး |
| ၅။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ – ပါး |
| ၆။ | သန္တီရဏစိတ် | ၃ – ပါး |
| ၇။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၈။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၉။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၁၀။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| | ပေါင်း | ၃၈ – ပါး |

ရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏စိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | စက္ခုဝိညာဏ်စိတ် | ၂ – ပါး |
| ၄။ | သောတဝိညာဏ်စိတ် | ၂ – ပါး |
| ၅။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ – ပါး |
| ၆။ | သန္တီရဏစိတ် | ၃ – ပါး |

| | | |
|---|---|---|
| ၇။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၈။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၉။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၁၀။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၁၁။ | ရူပဝိပါက်စိတ် | ၅ – ပါး |
| | ပေါင်း | ၄၃ – ပါး |

**အမှာ။** ကြွင်းသောပုဂ္ဂိုလ်များအတွက်လည်း ဤနည်းအတိုင်း ဝီထိစိတ်ရ စိတ်ရဟု နှစ်မျိုးခွဲကောက်လေ။ နောက်ပုဂ္ဂိုလ်များအတွက် ဝီထိ စိတ်ရကိုသာ ကောက်ပြမည်။

### ရူပသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဒစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | စက္ခုဝိညာဏ်စိတ် | ၂ – ပါး |
| ၄။ | သောတာဝိညာဏ်စိတ် | ၂ – ပါး |
| ၅။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ – ပါး |
| ၆။ | သန္တီရဏစိတ် | ၃ – ပါး |
| ၇။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၈။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၉။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၁၀။ | မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ – ပါး |
| ၁၁။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | ပေါင်း | ၃၄ – ပါး |

**မှတ်ချက်**။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်နှင့် အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရသည် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရနှင့်တူ၏။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က သောတာပတ္တိဖိုလ်စိတ်နေရာ၌ သကဒါဂါမိဖိုလ်စိတ်ကို ပြောင်းထည့်ပါ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က အနာဂါမိဖိုလ်စိတ်ကို ပြောင်းထည့်ပါ။ ဤမျှသာထူး၏။

## ရူပအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ်စိတ် | ၂ – ပါး |
| ၂။ | သောတဝိညာဏ်စိတ် | ၂ – ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂ – ပါး |
| ၄။ | သန္တီရဏစိတ် | ၃ – ပါး |
| ၅။ | အဟိတ်ကြိယာစိတ် | ၃ – ပါး |
| ၆။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၇။ | မဟဂ္ဂုတ်ကြိယာစိတ် | ၉ – ပါး |
| ၈။ | အရဟတ္တဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၃၀ – ပါး** |

**ရူပဘုံသားပုဂ္ဂိုလ်စိတ်ရပြီး၏။**

* * * * *

## အရူပဘုံသားပုဂ္ဂိုလ်စိတ်ရ

အရူပဘုံ၌လည်း တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်သာရှိ၏။ ဤအရူပဘုံ၌လည်း ဝီထိစိတ်ရ၊ စိတ်ရဟု နှစ်မျိုးခွဲကောက်ရမည်။ အရူပဘုံ၌ဖြစ်သော ဝီထိစိတ် ၄၂ ပါးတွင် ဝီထိမုတ်စိတ်ဖြစ်

သော အရူပဝိပါက်စိတ်လေးပါးကို ပေါင်းထည့်လျှင် အရူပဘုံ၌ဖြစ်သော စိတ် ၄၆ ပါးရှိ၏။

ပုဂ္ဂိုလ်စိတ်ရကို ကောက်သောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဝီထိစိတ်ရ လည်းဖြစ်, အရူပဘုံ၌လည်း ရနိုင်သောစိတ်ကိုသာ ကောက်ရမည်။ စိတ်ရ ဟု သာမညမေးလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဝီထိစိတ်ရတွင် အရူပဝိပါက်စိတ် လေးပါးကို ထည့်သွင်းကောက်ရမည်။

### အရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အရူပကုသိုလ်စိတ် | ၄ – ပါး |
| | **ပေါင်း** | **၂၃ – ပါး** |

### အရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏စိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အရူပကုသိုလ်စိတ် | ၄ – ပါး |
| ၆။ | အရူပဝိပါက်စိတ် | ၄ – ပါး |
| | **ပေါင်း** | **၂၇ – ပါး** |

**အမှာ**။ ကြွင်းသောပုဂ္ဂိုလ်များအတွက်လည်း ဤနည်းအတိုင်း ဝီထိစိတ်ရ၊ စိတ်ရဟု နှစ်မျိုးခွဲကောက်ရမည်။ နောက်ပုဂ္ဂိုလ်များအတွက် ဝီထိစိတ်ရကိုသာ ကောက်ပြမည်။

## အရူပသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အရူပကုသိုလ်စိတ် | ၄ – ပါး |
| ၆။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၉ – ပါး** |

**အမှာ**။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်နှင့် အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ ဝီထိစိတ်ရသည် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရနှင့်တူ၏။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က သကဒါဂါမိဖိုလ်စိတ်ကို ပြောင်းထည့်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က အနာဂါမိဖိုလ်စိတ်ကို ပြောင်းထည့်၊ ဤမျှသာထူး၏။

## အရူပအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၃။ | အရူပကြိယာစိတ် | ၄ – ပါး |
| ၄။ | အရဟတ္တဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၄ – ပါး** |

## အရူပပုဂ္ဂိုလ်စိတ်ရဆောင်ပုဒ်များ

(၁) ဒေါ၊ ဒွေးကြဉ်မှု၊ အကုဒသာ၊ မနောဒွါနှင့်၊ မဟာကုရှစ်၊ လေးပြစ်နှစ်ခု၊ ကု–ဝိအရူ၊ သတ်ဝီဟူ၊ မှတ်ယူတိဟိတ်မှာ။

(၂) ယင်းတွင် ဒိဋ္ဌိ၊ ဝိစိပယ်ဖျောက်၊ သူဖိုလ်လျောက်က၊ သုံးယောက်အောက်ဖိုလ်၊ အရူဆို၊ သုံးပိုဝီသ,သာ။

(၃) မနောဒွါတစ်၊ ရှစ်မဟာကြိ၊ ကြိ–ဝိအရူ၊ သူဖိုလ်ကူက၊ ဌာရသ၊ စိတ်ရရဟန္တာ။

(၄) အရူပဝယ်၊ စိတ်ရချယ်၊ မှတ်ဖွယ်အပြီးသာ။

## အာကာသာနဉ္စာယတနဘုံသားပုဂ္ဂိုလ်စိတ်ရ

အာကာသာနဉ္စာယတနဘုံသားပုဂ္ဂိုလ်၏ ဝီထိစိတ်ရသည် အရူပဘုံသားပုဂ္ဂိုလ်၏ ဝီထိစိတ်ရနှင့် လုံးဝတူ၏။ စိတ်ရဉ်သာထူး၏။ အရူပပုဂ္ဂိုလ်၏ စိတ်ရတွင် အရူပဝိပါက်လေးပါးနေရာ၌ အာကာသာနဉ္စာယတနဝိပါက်စိတ်တစ်ပါးကို ပြောင်းထည့်ရုံသာထူး၏။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်ရကို နမူနာအားဖြင့် ကောက်ပြမည်။

### • အာကာသာနဉ္စာယတနဘုံသား တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏စိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်း | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အရူပကုသိုလ်စိတ် | ၄ – ပါး |
| ၆။ | အာကာသာနဉ္စာယတနဝိပါက်စိတ် | ၁ – ပါး |
| | ပေါင်း | ၂၄ – ပါး |

## ဝိညာဏဉ္စာယတနဘုံသားပုဂ္ဂိုလ်စိတ်ရ

ဝိညာဏဉ္စာယတနဘုံသားပုဂ္ဂိုလ်စိတ်ရကို ကောက်ရာ၌ အာကာသာနဉ္စာယတနစိတ်ကို ကြဉ်၍ကောက်ရမည်။

## ဝိညာဏဉ္စာယတနဘုံသားတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အာကာသာနဉ္စာယတနကြဉ်အရူပကုသိုလ်စိတ် | ၃ – ပါး |
| | ပေါင်း | ၂၂ – ပါး |

## ဝိညာဏဉ္စာယတနဘုံသားတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏စိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အာကာသာနဉ္စာယတနကြဉ်အရူပကုသိုလ်စိတ် | ၃ – ပါး |
| ၆။ | ဝိညာဏဉ္စာယတနဝိပါက်စိတ် | ၁ – ပါး |
| | ပေါင်း | ၂၃ – ပါး |

**အမှာ။** ကြွင်းသောပုဂ္ဂိုလ်တို့၏စိတ်ရကို ကောက်ရာ၌လည်း ဝိညာဏဉ္စာယတနဝိပါက်စိတ်ကို ထည့်သွင်းကောက်ရမည်။

## ဝိညာဏဉ္စာယတနဘုံသားသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ် | ၁ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အာကာသာနဉ္စာယတနကြဉ်အရူပကုသိုလ်စိတ် | ၃ – ပါး |
| ၆။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၈ – ပါး** |

## ဝိညာဏဉ္စာယတနဘုံသားသကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အာကာသာနဉ္စာယတနကြဉ်အရူပကုသိုလ်စိတ် | ၃ – ပါး |
| ၆။ | သကဒါဂါမိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၈ – ပါး** |

**အမှာ။** အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရလည်းတူ၏။ သကဒါဂါမိဖိုလ်စိတ်နေရာ၌ အနာဂါမိဖိုလ်စိတ်ကို ပြောင်းထည့်ရုံသာထူး၏။

### ဝိညာဏဉ္စာယတနဘုံသားအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၃။ | အာကာသာနဉ္စာယတနကြဉ်အရူပကြိယာစိတ် | ၃ – ပါး |
| ၄။ | အရဟတ္တဖိုလ်စိတ် | ၈ – ပါး |
| | **ပေါင်း** | **၁၃ – ပါး** |

### အာကိဉ္စညာယတနဘုံသားတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | အာကိဉ္စညာယတနကုသိုလ်စိတ် | ၁ – ပါး |
| ၆။ | နေဝသညာနာသညာယတနကုသိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၂၁ – ပါး** |

**အမှာ**။ စိတ်ရကိုကောက်ရာ၌ အာကိဉ္စညာယတနဝိပါတ်စိတ်ကို ထည့်ကောက်ပါ။

### အာကိဉ္စညာယတနဘုံသားသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |

| | | |
|---|---|---|
| ၅။ | အာကိဉ္စညာယတနကုသိုလ်စိတ် | ၁ – ပါး |
| ၆။ | နေဝသညာနာသညာယတနကုသိုလ်စိတ် | ၁ – ပါး |
| ၇။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၇ – ပါး** |

**အမှာ။** သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ ဝီထိစိတ်ရသည် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရနှင့်တူ၏။ သောတာပတ္တိဖိုလ်စိတ်နေရာ၌ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က သကဒါဂါမိဖိုလ်စိတ်ကို ပြောင်းထည့်၊ အနာဂါမိဖလဋ္ဌာန်ဖြစ်က အနာဂါမိဖိုလ်စိတ်ကို ပြောင်းထည့်၊ ဤမျှသာထူး၏။

## အာကိဉ္စညာယတနဘုံသားအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၃။ | အာကိဉ္စညာယတနကြိယာစိတ် | ၁ – ပါး |
| ၄။ | နေဝသညာ နာသညာယတနကြိယာစိတ် | ၁ – ပါး |
| ၅။ | အရဟတ္တဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၂ – ပါး** |

## နေဝသညာနာသညာယတနဘုံသားတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈ – ပါး |
| ၂။ | မောဟမူစိတ် | ၂ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |

| | | |
|---|---|---|
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | နေဝသညာနာသညာယတနကုသိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၂၀ – ပါး** |

**အမှာ**။ စိတ်ရကိုမေးလျှင် နေဝသညာနာသညာယတနဝိပါက်စိတ်ကို ထည့်ပေါင်းပါ။

## နေဝသညာနာသညာယတနဘုံသား
## သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ – ပါး |
| ၂။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁ – ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈ – ပါး |
| ၅။ | နေဝသညာနာသညာယတနကုသိုလ်စိတ် | ၁ – ပါး |
| ၆။ | သောတာပတ္တိဖိုလ်စိတ် | ၁ – ပါး |
| | **ပေါင်း** | **၁၆ – ပါး** |

**အမှာ**။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က သကဒါဂါမိဖိုလ်စိတ်ကို ပြောင်းထည့်ပါ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်က အနာဂါမိဖိုလ်စိတ်ကို ပြောင်းထည့်ပါ။ ကျန်စိတ်များ သောတာပတ္တိဖလဋ္ဌာန်အတိုင်းပင်ဖြစ်၏။

## နေဝသညာနာသညာယတဘုံသားအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ဝီထိစိတ်ရ

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ – ပါး |
| ၂။ | မဟာကြိယာစိတ် | ၈ – ပါး |
| ၃။ | နေဝသညာနာသညာယတနကြိယာစိတ် | ၁ – ပါး |

၄။ အရဟတ္တဖိုလ်စိတ် ၁ – ပါး
ပေါင်း ၁၁ – ပါး

ဝီထိပိုင်းပြီး၏။

* * * * *

## ''လေ့ကျင့်ခန်းမေးခွန်း''

၁။ အဘယ်အာရုံမျိုးကို ဣဋ္ဌမဇ္ဈတ္တာရုံခေါ်ပါသနည်း၊ လူသားများသန္တာန်၌ အဘယ်ကြောင့် ယင်းအာရုံများ ထင်လာရပါသနည်း ဖြေဆို၍ ယင်းအာရုံများ ထင်လာသောအခါ ဝီထိစိတ်အစဉ်၌ အဘယ်ဝိပါက်စိတ်များ ဖြစ်ကြပါသနည်း။

၂။ ဝိပါက်အမှန် ဇောအပြန်ဟူသောစကားကို ရှင်းပြ၍ ဒေါသဇော နောင်ဖြစ်နိုင်သော တဒါရုံစိတ်ကို ဖော်ပြခဲ့ပါ။

၃။ အာဂန္တုကဘဝင်စိတ်၏ အာရုံကိုဖော်ပြ၍ တဒါရုံအင်္ဂါကို ဖော်ပြပါ။

၄။ ကာမဇောများသည် အဘယ်အခါ၌ အဘယ်နှစ်ကြိမ်စောကြပါသနည်း ဖြေဆို၍ နိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်များ ဝင်စားကြပါသနည်း။

၅။ တစ်ကြိမ်စောသောဇောတို့ကိုဖော်ပြ၍ မနောဒွါရ၌ထင်နိုင်သော အာရုံတို့ကို ဖော်ပြခဲ့ပါ။

၆။ အတီတဘဝင်ချသင့်သောတရား၊ မချသင့်သောတရားတို့ကိုဖော်ပြ၍ ဝိဘူတာရုံဝီထိ၏ ဆိုရိုးကိုရေးပါ။

၇။ ဝိဘူတာရုံဝီထိ၌ပါဝင်သော ဝီထိစိတ်အမျိုးအစားကို ဖော်ပြ၍ အတီတဘဝင်ကျသော ဝိဘူတာရုံဝီထိအပြားကို ရေးခဲ့ပါ။

၈။ တဒနုဝတ္တိကာ မနောဒွါရဝီထိ၏အဓိပ္ပာယ်ကို ဥပမာသွင်းလျက် ရှင်းလင်းရေးခဲ့ပါ။

၉။ မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရသောအခါ စတင်တွေ့မြင်ချိန်မှစ၍ ''ဒါဟာ မိန်းကလေးပဲ'' ဟု မိန်းကလေးဟူသောအမည်ကို သိသည်အထိ မြင်သူ၏စိတ်အစဉ်၌ ဝီထိစိတ်အစဉ်ဖြစ်ပေါ်ခဲ့ပုံကို ရှင်းပြခဲ့ပါ။

၁၀။ အပ္ပနာဇောဝါရ၌ ထင်ရှားသော ဝိဘူတာရုံတစ်မျိုးသာဖြစ်ရပုံကို ရှင်းပြ၍၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူသော ဝေါဟာရတို့၏အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

၁၁။ ပရိကံစသည်တို့ကို အဘယ်ကြောင့် ဥပစာရသမာဓိခေါ်ပါသနည်း ဖြေဆို၍၊ မန္ဒပညာပုဂ္ဂိုလ်၊ တိက္ခပညာပုဂ္ဂိုလ်တို့၏အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

၁၂။ မဟာကြိယာဉာဏသမ္ပယုတ်ဇောလေးပါး နောင်ဖြစ်နိုင်သော အပ္ပနာဇောတို့ကိုရေး၍၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ သောမနဿသဟဂုတ်မဟာကုသိုလ်ဇောနှစ်ပါး နောင်ဖြစ်သော အပ္ပနာဇောတို့ကို ရေးခဲ့ပါ။

၁၃။ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိဆိုရိုးကိုရေး၍၊ ဝီထိပုံကိုလည်း ချပြီးလျှင် ယင်းဝီထိ၌ပါဝင်သော ဝီထိစိတ်သရုပ်ကိုလည်း ရေးခဲ့ပါ။

၁၄။ နိရောဓသမာပတ်ဝင်စားလိုသူမှာ ကြိုတင်၍ အဓိဋ္ဌာန်ထားရသော ပုဗ္ဗကိစ္စလေးပါးကိုဖော်ပြ၍ သတ္ထုပက္ကောသန၏အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

၁၅။ လူတစ်ဦးနှင့်တစ်ဦး စိတ်ချင်းဆက်သွယ်ပုံကို နားလည်သဘောပေါက်အောင် ရှင်းလင်းရေးသား၍ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ နောက်ဆုံးစိတ်ကို ရေးခဲ့ပါ။

၁၆။ လောကုတ္တရာစိတ်ရှစ်ပါးကို အရိယာပုဂ္ဂိုလ်ရှစ်ယောက်ဖြင့် ဝေဖန်ပြ၍၊ ဈာန်ရဟန္တာပုဂ္ဂိုလ်၏ ဝီထိစိတ်ရကို ကောက်ပြပါ။

၁၇။ ရူပဘုံ၌မဖြစ်သော ဝီထိစိတ်တို့ကိုဖော်ပြ၍ နေဝသညာ နာသညာယတနဘုံ၌ဖြစ်သော ဝီထိစိတ်ကိုရေးခဲ့ပါ။

# အပိုင်း (၅)

# ဝီထိမုတ်ပိုင်း

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော စိတ် (၁၉) ပါးတို့ကို ဝီထိမှအလွတ်ဖြစ်သောကြောင့် ဝီထိမုတ်စိတ်ခေါ်၏။ ယင်းဝီထိမုတ်စိတ်တို့ကို ပြရာအပိုင်းအခန်းကို ဝီထိမုတ်ပိုင်းခေါ်၏။

ယင်းဝီထိမုတ်ပိုင်း၌ ဘုံနှင့်စပ်၍လည်း ကျယ်ဝန်းစွာ ပြဆိုထားသောကြောင့် ဘုံပိုင်းဟုလည်းခေါ်ကြ၏။

## ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့၏ဖြစ်ပုံကိုပြ

ဤဝီထိမုတ်ပိုင်းသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိခဏတို့၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြ၏။ ထို့ကြောင့် ဝီထိမုတ်ပိုင်းကို ပဝတ္တိသင်္ဂဟခေါ်၏။

## စတုက္ကလေးမျိုး

| | | |
|---|---|---|
| ၁။ | ဘူမိစတုက္က | ဘုံလေးမျိုး၊ |
| ၂။ | ပဋိသန္ဓိစတုက္က | ပဋိသန္ဓေလေးမျိုး၊ |
| ၃။ | ကမ္မစတုက္က | ကံလေးမျိုး၊ |
| ၄။ | မရဏုပ္ပတ္တိစတုက္က | သေခြင်းလေးမျိုး။ |

## အခန်း (၁)

## ဘူမိစတုက္က

သတ္တဝါများဖြစ်ရာအရပ်ကို ဘုံခေါ်၏။ ထိုဘုံသည် အပါယ်ဘုံစသည်ဖြင့် လေးမျိုးပြား၏။ ထိုဘုံလေးမျိုးအပေါင်းကို ဘူမိစတုက္ကခေါ်၏။

### ဘုံလေးမျိုး

၁။ အပါယ်ဘုံ၊ ၂။ ကာမသုဂတိဘုံ။

၃။ ရူပါဝစရဘုံ၊ ၄။ အရူပါဝစရဘုံ။

### အပါယ်လေးဘုံ

ကုသိုလ်ကောင်းမှုပြုခွင့်မရ၍ များသောအားဖြင့် ကုသိုလ်ကောင်းမှုကင်းသောဘုံကို အပါယ်ဘုံခေါ်၏။ ထိုအပါယ်ဘုံသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

၁။ နိရယ = ချမ်းသာကင်းသောဘုံ (ငရဲဘုံ)၊

၂။ တိရစ္ဆာနယောနိ = တိရစ္ဆာန်အပေါင်းအစု၊

၃။ ပေတ္တိဝိသယ = ပြိတ္တာများနေရာ၊

၄။ အသုရကာယ = အသုရာအပေါင်း။

### ငရဲဘုံ

ကြီးပွားချမ်းသာခြင်းမရှိသောပုဂ္ဂိုလ်ကို ငရဲသားခေါ်၏။ ထိုသို့ ကြီးပွားချမ်းသာမရှိသူများဖြစ်ရာအရပ်ကို ငရဲဘုံခေါ်၏။ ထိုငရဲဘုံသည် အောက်ပါအတိုင်း ရှစ်မျိုးပြား၏။

၁။ သဉ္ဇိဝ်းငရဲ၊ ၅။ မဟာရောရုဝငရဲ၊

၂။ ကာဠသုတ်ငရဲ၊ ၆။ တာပနငရဲ၊

၃။ သံဃာတငရဲ၊ ၅။ မဟာတာပနငရဲ၊

၄။ ရောရုဝငရဲ၊ ၈။ အဝီစိငရဲ။

ဤကမ္ဘာမြေကြီးသည် ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိ၏။ ထိုတွင် အောက်တစ်သိန်းနှစ်သောင်းသည် ကျောက်မြေဖြစ်၏။ အပေါ်က တစ်သိန်းနှစ်သောင်းသည် ပကတိမြေသားဖြစ်၏၊ ထိုအပေါ်က ပကတိမြေသား အတွင်း၌ အထက်ကဖော်ပြခဲ့သော ငရဲကြီးရှစ်ထပ် တည်နေ၏။ ငရဲကြီး တစ်ထပ်နှင့်တစ်ထပ် ယူဇနာပေါင်း တစ်သောင်းငါးထောင်စီ ဝေးကွာလျက် တည်ရှိနေကြ၏။ ထို့ကြောင့် လူ့ပြည်မှ အောက်ယူဇနာ တစ်သောင်းငါးထောင် ဝေးသောအရပ်၌ သဉ္ဇိဝ်းငရဲ တည်ရှိ၏၊ စသည်ဖြင့် သိပါလေ။

ဤငရဲကြီးရှစ်ထပ်တွင် တစ်ထပ် တစ်ထပ်၌

၁။ ဘင်ပုပ်ငရဲ၊ ၄။ သန်လျက်ရွက်တောငရဲ၊

၂။ ပြာပူငရဲ၊ ၅။ ကြိမ်ပိုက်ချောင်ငရဲ။

၃။ လက်ပံတောငရဲ၊

ဤသို့ ဥဿဒခေါ် ငရဲငယ်ငါးထပ် တံတိုင်းခတ်သကဲ့သို့ ဝိုင်းကာ ပတ်ရံလျက်နေကြ၏။

**ဆောင်**။ သဉ္ဇိဝ်း ကာဠ၊ သံဃာဘနှင့်၊ ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ် အဝီစိ။ အထပ်တိုင်းမှာ၊ ဘင်ပြာလက်သန်၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒရှိ။

**တိရစ္ဆာန်ဘုံ**

လူနတ်များကဲ့သို့ အသက်မရှည် မတ်မတ်မသွားဘဲ အလျားလိုက် ရှည်၍ အလျားလိုက်သွားသော ခြေလေးချောင်းသတ္တဝါ၊ ခြေနှစ်ချောင်းသတ္တဝါ ခြေမရှိသောသတ္တဝါတို့ကို တိရစ္ဆာန်ခေါ်၏။ တိရစ္ဆာန်ဘုံဟူ၍ သီးခြားမရှိ၊ တိရစ္ဆာန်တစ်မျိုးစီ၏ စုပေါင်းနေထိုင်ရာအရပ်ကိုပင် ''တိရစ္ဆာန်ဘုံ'' ခေါ်၏။

**ပြိတ္တာဘုံ**

ချမ်းသာအပေါင်းမှ ကင်းဝေးသောသတ္တဝါကို ပြိတ္တာခေါ်၏။ ပြိတ္တာများမှာ ဘုံသီးခြားမရှိ၊ ပြိတ္တာများနေထိုင်ရာအရပ်ကိုပင် ပြိတ္တာဘုံခေါ်၏။

**ပြိတ္တာအမျိုးအစား**

ပြိတ္တာသည် သရဲ၊ ဘီလူး၊ တစ္ဆေ၊ မှင်စာ၊ အစိမ်း စသည်ဖြင့် အမျိုးမျိုးရှိ၏။

**ပြိတ္တာများနေရာ**

ပြိတ္တာများသည် တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန်စသောအရပ်များ၌နေကြ၏။

**ပြိတ္တာများ၏အစားအစာ**

အချို့ပြိတ္တာများမှာ နှစ်ပေါင်းများစွာ အစာမစားရဘဲ ငတ်နေကြ၏။ အချို့မှာ အိမ်ကြိုအိမ်ကြား၌ သလိပ်၊ နှပ်ချေး၊ ထမင်းလုံး၊ ဟင်းဖတ်၊ တံတွေး စသည်တို့ကို ကောက်စားကြရ၏။ အချို့မှာ မြစ်၊ ချောင်း၊ ကမ်းနား၌ သားငါးများကို ရှာဖွေစားသောက်ကြ၏။

**အသူရကာယ်ဘုံ**

အစိုးရမှု၊ မြူးတူးပျော်ပါးမှုစသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်သောကြောင့် အသုရာခေါ်၏။ အသုရာများမှာ ဘုံသီးခြားမရှိ၊ အသုရာအပေါင်း၏နေရာကိုပင် အသုရကာယ်ဘုံခေါ်၏။

ဤအပါယ်လေးဘုံ၌ ပါဝင်သော အသုရာဟူသည် ပြိတ္တာအကြီးစားပင်ဖြစ်၏။ ပြိတ္တာအကြီးစားကိုပင် အသုရာဟုခေါ်၏။

**အသုရာငါးမျိုး**

၁။ ဝေပစိတ္တိအသုရာ၊
၂။ ဝိနိပါတိကအသုရာ၊
၃။ ဝေမာနိကအသုရာ၊
၄။ လောကန္တရိကအသုရာ၊
၅။ ကာလကဉ္စိကအသုရာ၊

ဤသို့ အသုရာငါးမျိုးပြား၏။ ထိုငါးမျိုးတွင် ဤအပါယ်ဘုံ၌ အသုရာ အရ ကာလကဉ္စိကအသုရာပြိတ္တာကြီးတို့ကိုသာ ယူရမည်။

**နတ်အသုရာ**

အထက်တာဝတိံသာနတ်တို့နှင့်တူသောကြောင့်လည်းကောင်း၊ ထို အထက် တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ကာလကဉ္စိကာအသုရာမှ ကြွင်းသော အသုရာလေးမျိုးကို နတ်အသုရာခေါ်၏။

**အမှာ။** ဗဟုသုတဖြစ်စေရန် နတ်အသုရာလေးမျိုးကို ထည့်သွင်းပြခဲ့ရခြင်း ဖြစ်၏။ ထိုနတ်အသုရာတို့သည် အပါယ်ဘုံ၌ ပါဝင်သော အသုရာ များမဟုတ်ကြောင်း သတိပြုပါ။

**အသုရာများနေရာ**

အသုရာများသည် သမုဒ္ဒရာ၊ မြစ်ကမ်း စသောအရပ်များ၌ နေကြ၏

**အသုရာတို့အစာ**

အသုရာများသည် ရေနားမှာနေသော်လည်း ရေမသောက်ရ၊ ရေထဲ ဆင်းသွားသောအခါ ရေပျောက်သွားကာ သဲပူများကိုသာ တွေ့ရ၏။ အစာစားရ ဖို့ သာ၍ဝေးလှ၏။

## ကာမသုဂတိခုနစ်ဘုံ

ကာမဂုဏ်ကို လိုလားပြီး ငါးပါးသီလကို စောင့်ထိန်းနိုင်လောက်အောင် စိတ်ဓာတ် ယဉ်ကျေးသူများဖြစ်ရာ ကောင်းမြတ်သောဘုံကို ကာမသုဂတိဘုံ

ခေါ်၏။ ထိုကာမသုဂတိဘုံသည် အောက်ပါအတိုင်း ခုနစ်မျိုးပြား၏။

၁။ မနုဿ (လူ) ဘုံ၊ ၅။ တုသိတာဘုံ၊
၂။ စာတုမဟာရာဇ်ဘုံ၊ ၆။ နိမ္မာနရတိဘုံ၊
၃။ တာဝတိံသာဘုံ၊ ၇။ ပရနိမ္မိတဝသဝတ္တိဘုံ။
၄။ ယာမာဘုံ၊

## လူ့ဘုံ

သတိကောင်းခြင်း၊ ရဲရင့်ခြင်း၊ မြတ်သောအကျင့်ကိုကျင့်သုံးရန် သင့်လျော်ခြင်း စသော ဂုဏ်များကြောင့် မြင့်မြတ် ထက်မြက်သောစိတ်ရှိသော ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမဒေသ) ၌ နေသူတို့ကို မုချအားဖြင့် လူ (မနုဿ) ခေါ်၏။

ဇမ္ဗူဒိပ်ကျွန်းနေလူတို့နှင့် အသွင်အပြင် အဆင်းသဏ္ဍာန်တူသောကြောင့် ဇမ္ဗူဒိပ်ကျွန်းနေလူတို့မှ တစ်ပါးသော လူဟူသမျှကိုလည်း လူ (မနုဿ) ခေါ်၏။

လောကီသဒ္ဒါဆရာများအလိုအားဖြင့် ကမ္ဘာဦးက မနုမည်သော မဟာသမ္မတမင်း၏ သားသမီးအမျိုးအနွယ်ဖြစ်သောကြောင့် လူ (မနုဿ) ခေါ်၏။

ကုသိုလ်၊ အကုသိုလ်တို့ကို ခွဲခြားသိမြင်တတ်သောကြောင့်လည်း လူ (မနုဿ) ခေါ်၏။ ထိုလူတို့နေထိုင်ရာဘုံကို လူ့ဘုံခေါ်၏။

## စာတုမဟာရာဇ်ဘုံ

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟူသော နတ်မင်းကြီးလေးယောက်တို့ကို ဆည်းကပ်ခစားသော လက်အောက်ခံနတ်များကို စာတုမဟာရာဇ်နတ်ခေါ်၏။ ထိုနတ်များနေရာအရပ်ကို စတုမဟာရာဇ်နတ်ဘုံခေါ်၏။ စာတုမဟာရာဇ်နတ်ဘုံသည် မြင်းမိုရ်တောင်အလယ် ခါးပန်းသတ်မှစ၍ အောက်တစ်လျောက် မြေပြင်အထိတည်၏။ လူ့ဘုံမှ အထက်ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ကွာဝေး၏။

လူ့ပြည်၌ မြေကိုမှီနေကြသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်များကို (ဘုမ္မဒေဝ) ဘုမ္မစိုးနတ်ခေါ်၏။ ဥစ္စာ၊ ရေကန် စသည်ကို စောင့်ရှောက်လျက် လာရောက်သူတို့ကိုလည်း ဖမ်းစားတတ်သော နတ်မျိုးကို (ရက္ခသ) ရက္ခိုသ်ခေါ်၏။ ဥစ္စာစောင့်များသည် ရက္ခိုသ်နတ်မျိုးတွင် ပါဝင်၏။ ထိုရက္ခိုသ်နတ်မျိုးသည် ကုမ္ဘဏ်မျိုး၌ ပါဝင်၏။ မြေကြီးအတွင်း၌ မြေစောင့်နတ်များ ရှိကြ၏။ မြေစောင့်နတ်များသည် နဂါးမျိုး၌ ပါဝင်၏။

ဝိနိပါတိကအသုရာ၊ ဝေမာနိကပြိတ္တာများနှင့်တကွ ဖော်ပြခဲ့သော နတ်များသည် စာတုမဟာရာဇ်နတ်များ၌ အကျုံးဝင်၏။

**အမှာ။** လူ့ပြည်၌ နိုင်ငံတစ်နိုင်ငံမှာပင် လူမျိုးစုအများအပြား ကွဲပြားနေသကဲ့သို့ စာတုမဟာရာဇ်နတ်မျိုးတွင်လည်း နတ်အမျိုးအစား အမျိုးမျိုးကွဲပြားနေမည်သာဖြစ်၏။ ထို့ကြောင့် နတ်အကြောင်း ပြည့်စုံစွာ သိရှိနိုင်အောင် ပိဋကတ်စာပေကို ဆက်လက်လေ့လာကြပါလေ။ ဤ၌ သိသာရုံသာ ဖော်ပြလိုက်၏။

**တာဝတိံသာနတ်ဘုံ**

မာဃလုလင်အမှူးရှိသော အတူတကွကုသိုလ်ပြုဖက် သုံးကျိပ်သုံးယောက်သောသူတို့၏ ဖြစ်ရာ ဒုတိယနတ်ဘုံကို တာဝတိံသာနတ်ဘုံခေါ်၏။

မာဃလုလင်တို့မရောက်မီကပင် တာဝတိံသာနတ်ဘုံအမည်ရှိ၏။ အခြား စကြဝဠာတို့၌လည်း တာဝတိံသာနတ်ဘုံရှိ၏။ ထို့ကြောင့် တာဝတိံသာဟူသောအမည်သည် မူလကပင်ရှိနေသော ဒုတိယနတ်ဘုံ၏ အမည်ဖြစ်၏။

တာဝတိံသာနတ်ဘုံသည် စာတုမဟာရာဇ်ဘုံမှ အထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ကွာဝေးသော မြင်းမိုရ်တောင်ထိပ်မှစ၍ စကြာဝဠာတံတိုင်းအထိ ကောင်းကင်၌တည်၏။

**မှတ်ချက်။** စာတုမဟာရာဇ်၊ တာဝတိံသာနတ်ဘုံများသည် မြင်းမိုရ်တောင်မြေနှင့်ဆက်သွယ်၍ **တည်နေကြသော** ဘူမဋ္ဌကဗိမာန်များ ဖြစ်ကြ၏။ ထိုဗိမာန်များ၏ **ထက်ဝန်းကျင်၌** စကြာဝဠာတံတိုင်းရောက်အောင်

ပျံ့နှံ့လျက် တည်နေခြင်းကြောင့် မြေနှင့်မစပ်သော ကောင်းကင်၌တည်နေသော (အာကာသဋ္ဌ) ဗိမာန်များလည်း ရှိကြ၏။ ယာမာစသော အထက်နတ်ပြည်များ၌ ကောင်းကင်မှာတည်သော (အာကာသဋ္ဌ) ဗိမာန်များသာဖြစ်၏။

**ယာမာနတ်ဘုံ**

နတ်ချမ်းသာသို့ ကောင်းစွာရောက်ရှိပြီး ဆင်းရဲကင်းလျက် နတ်ချမ်းသာကို ခံစားရသောနတ်များဖြစ်ရာ တတိယနတ်ဘုံကို ယာမာနတ်ဘုံခေါ်၏။ တာဝတိံသာနတ်ဘုံမှ အထက်ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ဝေးကွာသော ကောင်းကင်ပြင်၌ ယာမာနတ်ဘုံတည်၏။

တာဝတိံသာနတ်ဘုံ၌ သိကြားမင်းရှိသကဲ့သို့ ယာမာနတ်ဘုံ၌လည်း ယာမ (သုယာမ) နတ်ဘုရင်ကြီးရှိ၏။ ထိုယာမနတ်ဘုရင်ကြီး၏ဖြစ်ရာ အုပ်ချုပ်ရာ တတိယနတ်ဘုံကို ယာမာနတ်ဘုံခေါ်၏။

**တုသိတာနတ်ဘုံ**

ဤနတ်ဘုံ၌ နတ်စည်းစိမ်ကျက်သရေ ကြီးကျယ်မြင့်မြတ်လှ၏။ ထို့ကြောင့် ဤနတ်ဘုံ၌ ဖြစ်ကြသော နတ်သား နတ်သမီးများ အမြဲနှစ်သက်ပျော်ရွှင်ကြသောကြောင့် ဤစတုတ္ထနတ်ဘုံကို တုသိတာနတ်ဘုံခေါ်၏။

တုသိတာနတ်ဘုံသည် ယာမာနတ်ဘုံမှ အထက်ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌တည်ရှိ၏။

**နိမ္မာနရတိနတ်ဘုံ**

ဤနတ်ဘုံ၌ နတ်တို့သည် မူလကရှိနေသော နတ်စည်းစိမ်ချမ်းသာထက် လွန်လွန်ကဲကဲ ခံစားလိုသောအခါ မိမိတို့စိတ်တိုင်းကျ ဖန်ဆင်းကာ မွေ့လျော်ပျော်ပါးကြ၏။ ထို့ကြောင့် ဤပဉ္စမနတ်ဘုံကို နိမ္မာနရတိနတ်ဘုံခေါ်၏။ နိမ္မာနရတိနတ်ဘုံသည် တုသိတာနတ်ပြည်မှအထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌တည်ရှိ၏။

## ပရနိမ္မိတဝသဝတ္တိနတ်ဘုံ

အမြဲခံစားနေကျအာရုံထက် ပိုလွန်မွန်မြတ်သောအာရုံကို ခံစားလိုသောအခါ ရှေးဘဝများက မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ၏စွမ်းအားကြောင့် မိမိကိုယ်တိုင် ဖန်ဆင်းရန်မလိုဘဲ အခြားနတ်များက မိမိစိတ်တိုင်းကျ ဖန်ဆင်းပေးအပ်သော နတ်ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို ခံစားကြရ၏။ ထို့ကြောင့် ဤခြောက်ခုမြောက်နတ်ဘုံကို ပရနိမ္မိတဝသဝတ္တိနတ်ဘုံခေါ်၏။

ပရနိမ္မိတဝသဝတ္တိနတ်ဘုံသည် နိမ္မာနရတိနတ်ဘုံမှအထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ဝေးကွာသော ကောင်းကင်ပြင်၌တည်ရှိ၏။

**ဆောင်**။ လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင်ဆင့်ဆင့်သိ။

## ဘဝကွာခြားပုံ

တိရစ္ဆာန်ဘဝနှင့် လူ့ဘဝသည် အစစအရာရာ ကွာခြား၏။ တိရစ္ဆာန်ကာမဂုဏ်နှင့် လူ့ကာမဂုဏ်လည်း လွန်စွာကွာခြား၏။ တိရစ္ဆာန်ဘဝနှင့် လူ့ဘဝကွာခြားသကဲ့သို့ လူချမ်းသာနှင့် နတ်ချမ်းသာလည်း နှိုင်းယှဉ်မရနိုင်အောင် ကွာခြားလှ၏။ မြက်ပင်ပေါ်၌ရှိနေသော ဆီးနှင်းပေါက်နှင့် သမုဒ္ဒရာရေများ ကွာခြားသကဲ့သို့ လူ့စည်းစိမ်ချမ်းသာနှင့် နတ်စည်းစိမ်ချမ်းသာ ကွာခြားလှ၏။

သတ္တဝါများသည် စိတ်ဓာတ်ချင်း၊ အသိဉာဏ်ချင်း ကွာခြားကြသဖြင့် ယင်း စိတ်ဓာတ် အသိဉာဏ်ကို အခြေခံလျက် မိမိတို့အသိဉာဏ်အားလျော်စွာ အလုပ် (ကံ) အမျိုးမျိုးကို ပြုလုပ်ကြ၏။ အသိဉာဏ် နိမ့်ကျနေသူများက နိမ့်ကျသော အလုပ်ကို ပြုလုပ်ကြပြီး အသိဉာဏ်မြင့်မြတ်သူက မြင့်မြတ်သော အလုပ်ကို ပြုလုပ်ကြ၏။ ယုတ်ညံ့နိမ့်ကျသောအလုပ်ကို ပြုလုပ်သူမှာ ယုတ်ညံ့နိမ့်ကျသော အကျိုးတရားကို ခံစားရ၏။ မြင့်မြတ်သောအလုပ်ကို ပြုလုပ်သူမှာ မြင့်မြတ်ကြီးကျယ်သော အကျိုးတရားကို ခံစားရ၏။ ထို့ကြောင့် သတ္တဝါများ ထိုသို့ ဘဝကွာကြခြင်းဖြစ်၏။ သို့ပါ၍ ဘုရားရှင်က ''လောကကို စိတ်ဦးဆောင်သည်၊ သဘာဝတရားအားလုံးသည် စိတ်၏အလိုအတိုင်း လိုက်ပါကြရသည်''

ဟု မိန့်ကြားတော်မူခဲ့၏။ ကုသိုလ်တရားက ဘဝကို ကြီးပွားချမ်းသာစေတတ်သော်လည်း ပုထုဇဉ်များသည် ကုသိုလ်ကို တန်ဖိုးထားတတ်သော အသိဉာဏ်မျိုး ဖြစ်ပေါ်လာအောင် ဗုဒ္ဓတရားတော်ကို မလေ့လာကြပေ။ မျက်မှောက်ဘဝ ချမ်းသာရေးနှင့် ကာမဂုဏ်ခံစား နိုင်ရေးကိုသာ အလေးထားကြ၏။ ကာမဂုဏ်ခံစားရေး ပျော်ရွှင်ရေးတို့ကို အလေးထားခြင်းကြောင့် ယခုဘဝ၌ပင် အေအိုင်ဒီအက်စ်ရောဂါစွဲကပ်ပြီး မသေသင့်ဘဲ သေရခြင်း၊ ပြည့်တန်ဆာဘဝ၊ မယားငယ်ဘဝများသို့ ကျရောက်ပြီး အထီးကျန်ဘဝဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေထိုင်ရခြင်း၊ ဘိန်းစွဲ၊ အရက်စွဲပြီး လမ်းဘေးသို့ ရောက်သွားရခြင်း စသည်ဖြင့် ဘဝပျက်စီးကြရ၏။

**နတ်များကာမဂုဏ်ခံစားပုံ**

နတ်သား နတ်သမီးများမှာ ရှေးဘဝများက မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် မိမိတို့ကိုယ်ပိုင်ရရှိထားသော ဗိမာန်များလည်း နတ်တစ်ဦးနှင့်တစ်ဦး မတူ၊ ထူးခြား ဆန်းပြားလှ၏။ နတ်သားများ အသက်နှစ်ဆယ်အရွယ်ဖြစ်ပြီး၊ နတ်သမီးများ တစ်ဆယ့်ခြောက်နှစ်အရွယ် ဖြစ်ကြ၏။ ဆံဖြူသွားကျိုးမရှိဘဲ တစ်သက်လုံး ထိုပကတိအရွယ်အတိုင်းပင်ဖြစ်၏။

အစာစားရာ၌လည်း နတ်သြဇာအဆီအနှစ်ကိုသာ စားသောက်ကြခြင်းကြောင့် ခန္ဓာကိုယ်အတွင်း၌ လူသားများကဲ့သို့ ကျင်ကြီးကျင်ငယ်မှစ၍ အညစ်အကြေးဟူသမျှ လုံးဝမရှိပေ။ နတ်သမီးများမှာ ဓမ္မတာသွေးလည်းကင်းရှင်းကြ၏။ နတ်ပြည်ခြောက်ထပ်လုံး၌ ကာမဂုဏ်ခံစားမှုသည် လူသားများနှင့်အတူတူပင်ဖြစ်၏။ သို့သော် သွေးသားအညစ်အကြေးဖြစ်ပေါ်မှုမရှိဘဲ သွေးသားလှုပ်ရှားရုံဖြင့် ကိစ္စပြီးကြ၏။

ကိုယ်ဝန်ဆောင်မှုကိစ္စများလည်း မရှိကြပေ။ သားသမီးဖြစ်မည့်နတ်သား နတ်သမီးများ ဘဝဟောင်းမှ ခုန်လွှားကျလာသကဲ့သို့ ရင်ခွင်ပေါ်၌သော်လည်းကောင်း၊ အိပ်ရာပေါ်၌သော်လည်းကောင်း အထက်ကဖော်ပြခဲ့သည့်အရွယ်အတိုင်း ခန္ဓာကိုယ် အထင်အရှားဖြစ်ပေါ်လာကြ၏။

## ပါရမီဖြည့်ရန်မလွယ်

ကိုယ်ဝန်မဆောင်ရခြင်း၊ သားသမီးမမွေးဖွားရခြင်း၊ မိသားစုစားဝတ်နေရေးအတွက် အလုပ်မလုပ်ရခြင်းစသော အကြောင်းများကြောင့် နတ်ဘဝသည် လူ့ဘဝထက် ချမ်းသာကြောင်း ထင်ရှားလှ၏။ တာဝတိံသာနတ်ပြည်၌ သုဒဿနနေပြည်တော်၏အရှေ့ဘက်၌ နတ်သား နတ်သမီးများပျော်မွေ့ရာ နန္ဒဝန်ဥယျာဉ်ခေါ်သော နန္ဒနဥယျာဉ်တော်ရှိ၏။ ထိုဥယျာဉ်တော်သည် စုတေခါနီး၍ အလွန်စိုးရိမ်ပူဆွေးနေသော နတ်သား နတ်သမီးများကိုပင် သေဘေးကိုသတိမရနိုင်လောက်အောင် ပျော်ရွှင်စေသည်အထိ ပျော်ရွှင်စရာကောင်းသည်ဟူ၏။

နတ်ပြည်၌ ထိုသို့ ကာမဂုဏ်ချမ်းသာဖြင့် အပျော်ကြီးပျော်ကြသဖြင့် သီလကို လုံခြုံအောင် စောင့်ထိန်းရန်မလွယ်လှသဖြင့် သိကြားမင်းသည် လူ့ပြည်သို့ဆင်း၍ ဥပုသ်စောင့်သည်ဟု ဝိဓုရဇာတ်တော်၌လာ၏။ ထိုအကြောင်းကိုထောက်လျှင် နတ်ပြည်၌ တရားနှလုံးသွင်းခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသော ပါရမီဖြည့်မှုလုပ်ငန်းကို ပြုလုပ်ရန်မလွယ်ကြောင်း ထင်ရှားလှ၏။ ထို့ကြောင့် ဘုရားရှင်များ ငြိမ်းချမ်းနယ်မြေတည်ထောင်ရန် နတ်ပြည်ကိုမရွေးဘဲ လူ့ပြည်ကိုသာ ရွေးချယ်တော်မူခဲ့၏။

**ကာမ ၁၁ ဘုံ**

| | | |
|---|---|---|
| ၁။ | အပါယ် | ၄ – ဘုံ |
| ၂။ | ကာမသုဂတိ | ၇ – ဘုံ |
| | **ပေါင်း** | **၁၁ – ဘုံ** |

အာရုံငါးပါး ကာမဂုဏ်တရား၌ လိုချင်တပ်မက်မှုကို ကာမတဏှာခေါ်၏။ ထိုကာမတဏှာ၏ ကျက်စားပျံ့နှံ့ရာနယ်မြေကို ကာမဘုံခေါ်၏။ ထိုကာမဘုံသည် အထက်ပါအတိုင်း တစ်ဆယ့်တစ်ဘုံပြား၏။ အပါယ်လေးဘုံသည် ငါးပါးသီလကို လုံခြုံအောင် မထိန်းသိမ်းနိုင်လောက်အောင် စိတ်ဓါတ်ရိုင်းစိုင်း

ကြမ်းတမ်းသူများဖြစ်ရာဘုံဖြစ်၏။

ကာမသုဂတိဘုံသည် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းနိုင်လောက်အောင် စိတ်ဓါတ်ယဉ်ကျေးနေသူများဖြစ်ရာဘုံဖြစ်၏။ လူ့ဘုံသည် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းနိုင်သူများဖြစ်ရာဘုံဖြစ်သောကြောင့် လူ့ဘုံ၌ ပတ်ဝန်းကျင်အာရုံတရားများနှင့် တွေ့ကြုံရသောအခါ စိတ်ကို မထိန်းသိမ်းနိုင်ဘဲ လောဘ၊ ဒေါသ၊ မောဟတရားများ ထူပြောလာလျက် ငါးပါးသီလကို ဖောက်ဖျက်လာတတ်ကြ၏။ ထိုသူများ လူ့ဘုံနှင့်မတန်သဖြင့် ယင်းလူသားများကို ရှင်းလင်းရန်အတွက် ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်ဟူ၍ ကပ်သုံးမျိုးတွင် တစ်မျိုးမျိုးဖြစ်ပေါ်လာခြင်းဖြစ်၏။ ကပ်သုံးမျိုး တစ်မျိုးမျိုးဖြင့် သေလွန်ရပြီးနောက် အပါယ်လေးဘုံ၌ဖြစ်ရ၏။

## ရူပါဝစရဘုံ

### ပထမစျာန်သုံးဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ၊

၂။ ဗြဟ္မပုရောဟိတာဘုံ၊

၃။ မဟာဗြဟ္မာဘုံ။

### ဒုတိယစျာန်သုံးဘုံ

၁။ ပရိတ္တာဘာဘုံ၊

၂။ အပ္ပမာဏာဘာဘုံ၊

၃။ အာဘဿရာဘုံ။

### တတိယစျာန်သုံးဘုံ

၁။ ပရိတ္တသုဘာဘုံ၊

၂။ အပ္ပမာဏသုဘာဘုံ၊

၃။ သုဘကိဏှာဘုံ။

## စတုတ္ထစျာန် (၇) ဘုံ

၁။ ဝေဟပ္ဖိုလ်ဘုံ၊

၂။ အသညသတ်ဘုံ၊

၃။ သုဒ္ဓါဝါသငါးဘုံ။

## သုဒ္ဓါဝါသငါးဘုံ

၁။ အဝိဟာဘုံ၊

၂။ အတပ္ပါဘုံ၊

၃။ သုဒဿာဘုံ၊

၄။ သုဒဿီဘုံ၊

၅။ အကနိဋ္ဌာဘုံ၊

## ရူပါဝစရ ၁၆ ဘုံ

| | |
|---|---|
| ၁။ ပထမစျာန် | ၃ – ဘုံ |
| ၂။ ဒုတိယစျာန် | ၃ – ဘုံ |
| ၃။ တတိယစျာန် | ၃ – ဘုံ |
| ၄။ စတုတ္ထစျာန် | ၇ – ဘုံ |
| ပေါင်း | ၁၆ – ဘုံ |

## အရူပါဝစရလေးဘုံ

၁။ အာကာသာနဉ္စာယတနဘုံ၊

၂။ ဝိညာဏဉ္စာယတနဘုံ၊

၃။ အာကိဉ္စညာယတနဘုံ၊

၄။ နေဝသညာနာသညာယတနဘုံ။

၃၁–ဘုံ

| | | |
|---|---|---|
| ၁။ | ကာမ | ၁၁ – ဘုံ |
| ၂။ | ရူပ | ၁၆ – ဘုံ |
| ၃။ | အရူပ | ၄ – ဘုံ |
| | ပေါင်း | ၃၁ – ဘုံ |

## ပဉ္စဝေါကာရ ၂၆ ဘုံ

ခန္ဓာငါးပါးရှိသောဘုံကို ပဉ္စဝေါကာရဘုံခေါ်၏။ ထိုပဉ္စဝေါကာရဘုံသည် အောက်ပါအတိုင်း ၂၆ ဘုံရှိ၏။

| | | |
|---|---|---|
| ၁။ | ကာမ | ၁၁ – ဘုံ |
| ၂။ | အသညသတ်ကြဉ်ရူပ | ၁၅ – ဘုံ |
| | ပေါင်း | ၂၆ – ဘုံ |

## စတုဝေါကာရလေးဘုံ

ခန္ဓာလေးပါးသာရှိသောဘုံကို စတုဝေါကာရဘုံခေါ်၏။ အရူပလေးဘုံသည် စတုဝေါကာရဘုံမည်၏။

## ဧကဝေါကာရဘုံ

ရူပက္ခန္ဓာတစ်ပါးသာရှိသောဘုံကို ဧကဝေါကာရဘုံခေါ်၏။ အသညသတ်ဘုံသည် ဧကဝေါကာရဘုံမည်၏။

# ဘုံနှင့်ပုဂ္ဂိုလ်ကိုတွဲပြပုံ

### အပါယ်လေးဘုံ၌ရသောပုဂ္ဂိုလ်

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်သာရ၏။

## လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ရသော ပုဂ္ဂိုလ် ၁၁ ယောက်

လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ် ပုဂ္ဂိုလ် ၁၁ ယောက်ရ၏။

## အထက်နတ်ပြည် (၅) ထပ်၌ရသော ပုဂ္ဂိုလ် ၁၀

တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဟူသော အထက်ကာမာဝစရနတ်ပြည်ငါးထပ်၌

| | | |
|---|---|---|
| ၁။ | ဒွိဟိတ်ပုထုဇဉ် | ၁ – ယောက် |
| ၂။ | တိဟိတ်ပုထုဇဉ် | ၁ – ယောက် |
| ၃။ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| ၄။ | ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၄ – ယောက် |
| | ပေါင်း | ၁၀ – ယောက် |

## ဝေဟပ္ဖိုလ်တိုင် ရူပါဝစရ (၁၀) ဘုံ၌ရနိုင်သော ပုဂ္ဂိုလ် ၉ ယောက်

| | | |
|---|---|---|
| ၁။ | တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် | ၁ – ယောက် |
| ၂။ | အရိယာပုဂ္ဂိုလ် | ၈ – ယောက် |
| | ပေါင်း | ၉ – ယောက် |

## အသညသတ်ဘုံ၌ရသောပုဂ္ဂိုလ် ၁ ယောက်

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်ရ၏။

## သုဒ္ဓါဝါသငါးဘုံ၌ရသောပုဂ္ဂိုလ်သုံးယောက်

၁။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

**အရူပလေးဘုံ၌ရသောပုဂ္ဂိုလ်ရှစ်ယောက်**

| | |
|---|---|
| ၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် | ၁ – ယောက် |
| ၂။ သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်အရိယာ | ၇ – ယောက် |
| **ပေါင်း** | **၈ – ယောက်** |

**ပုထုဇဉ်သာရသောဘုံ**

အသညသတ်ဘုံ၊ အပါယ်လေးဘုံ။

**အရိယာသာရသောဘုံ**

သုဒ္ဓါဝါသငါးဘုံ။

**ပုထုဇဉ်၊ အရိယာနှစ်မျိုးလုံးရသောဘုံ**

| | |
|---|---|
| ၁။ ကာမသုဂတိ | ၇ – ဘုံ |
| ၂။ အသညသတ်၊ သုဒ္ဓါဝါသကြဉ်ရူပ | ၁၀ – ဘုံ |
| ၃။ အရူပ | ၄ – ဘုံ |
| **ပေါင်း** | **၂၁ – ဘုံ** |

ဆောင်။ အပါယ်ဒု–ရ၊ လူ, နတ်စဉ်၊ ဒု–ပအက်ဒသ်၊ ထက်ငါးနတ်ဝယ်၊
အဟိတ်ပယ်လော၊ ဆယ်ဘုံရူပ တိဟိတ်ရ၏။

သညသု–သာ၊ ငါးသုဒ္ဓါမှာ၊ ရိယာခေါင်ဆုံး၊ သုံးယောက်စီရ၊
အရူပဝယ်၊ စ–မဂ်ပယ်သည်၊ ရှစ်သွယ်တိဟိတ်၊ မကြွင်းတည်း။

**ဘူမိစတုက္ကပြီး၏။**

* * * * *

# အခန်း (၂)
## ပဋိသန္ဓိစတုက္က

ဘဝဟောင်းအပြတ်တွင် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသည့်အနေဖြင့် အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရား၏ စွမ်းအားကြောင့် ဘဝသစ်၌ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ဟူသော တရားသုံးမျိုး စတင်ဖွဲ့စည်း ဖြစ်ပေါ်ရ၏။ ထိုသို့ တရားသုံးမျိုး စတင်ဖွဲ့စည်းဖြစ်ပေါ်ခြင်းကို လောက၌ ပဋိသန္ဓေနေသည်ခေါ်၏။

ထိုသို့ ဘဝပြတ်မသွားအောင် ဘဝသစ်တစ်ခုကို ဆက်စပ်ပေးသောကြောင့် ဘဝသစ်၌ ရှေ့ဦးစွာဖြစ်သောအကျိုးဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်ခေါ်၏။ ထိုပဋိသန္ဓေစိတ်သည် လေးမျိုးပြား၏။ ထိုပဋိသန္ဓေစိတ်လေးမျိုးအပေါင်းကို ပဋိသန္ဓေစတုက္ကခေါ်၏။

### ပဋိသန္ဓေလေးမျိုး

၁။ အပါယ်ပဋိသန္ဓေ၊

၂။ ကာမသုဂတိပဋိသန္ဓေ၊

၃။ ရူပါဝစရပဋိသန္ဓေ၊

၄။ အရူပါဝစရပဋိသန္ဓေ။

### အပါယ်ပဋိသန္ဓေစိတ် ၁ ပါး

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်၏။ ထိုအကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်ပင် ပဝတ္တိအခါ ဘဝင်အမည်ဖြင့်ဖြစ်၏။ ဘဝအဆုံးမှာ စုတိစိတ်အမည်ဖြင့်ဖြစ်၏။

## ကာမသုဂတိပဋိသန္ဓေစိတ် ၉ ပါး

၁။ အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁ – ပါး

၂။ မဟာဝိပါက်စိတ် ၈ – ပါး

ပေါင်း ၉ – ပါး

## အဟိတ်ကုသလဝိပါက်ပဋိသန္ဓေစိတ်

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ သန္ဓေကန်းစသော လူသားများနှင့် ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုနေကြသော ဝိနိပါတိကအသုရာတို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အမည်ဖြင့်ဖြစ်၏။

**ဇစ္စန္ဓ**။ သန္ဓေကန်းပုဂ္ဂိုလ်ကို ဇစ္စန္ဓပုဂ္ဂိုလ်ခေါ်၏။ မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ရုပ်ကိုဖြစ်စေနိုင်သော ကံတရားမရှိခြင်းကြောင့် မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ရုပ် ဖြစ်ပေါ်သင့်သောအချိန်၌ ဖြစ်ပေါ်မှုမရှိသူကို သန္ဓေကန်းခေါ်၏။ မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ရုပ်ဖြစ်ပေါ်ပြီးမှ တစ်စုံတစ်ခုသောဘေးရန်ကြောင့် မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) ရုပ် ပျက်စီးသွားသူကို သန္ဓေကန်းမခေါ်ပေ။

### လူစဉ်မမီ လူရာမဝင်သူများ

၁။ ဇစ္စန္ဓ = ပဋိသန္ဓေအားဖြင့် မျက်စိကန်းလာသူ၊

၂။ ဇစ္စဗဓိရ = ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊

၃။ ဇစ္စမူဂ = ပဋိသန္ဓေအားဖြင့် စကားမပီဘဲ ထစ်အသူ၊

၄။ ဇစ္စဇဠ = ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းဖျင်းအသူ၊

၅။ ဇစ္စုမ္မတ္တက = ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ

၆။ ပဏ္ဍက = ကိလေသာထူပြောပြီး ကာမပူပန်မှုမငြိမ်းအေးနိုင်သူ၊

၇။ ဥဘတောဗျဉ္ဇနက = ဥဘတောဗျည်း၊ မိန်းမတစ်လှည့်၊ ယောကျ်ား တစ်လှည့်ဖြစ်သူ၊

၈။ နပုံသက = မိန်းမအင်္ဂါလည်းမထင်ရှား၊ ယောကျ်ားအင်္ဂါလည်း မထင်ရှားသူ။

၉။ မမ္မ = မန်းစွဲသူ၊ စကားပြောသောအခါ အမှျင်မပြတ်ဘဲ ပြောသူ။

**မှတ်ချက်**။ ကုသိုလ်ပြုလုပ်စဉ်က အသိဉာဏ်မပါဘဲ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး ပါရှိသော ဒွိဟိတ်ဩမကကုသိုလ်ကို ပြုလုပ်ခဲ့သဖြင့် ထိုဒွိဟိတ်ဩမကကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် ထိုသို့ လူစဉ် မမီသော ဘဝကို ရရှိခဲ့ခြင်းဖြစ်၏။

## ဘုမ္မစိုးနတ်

မြေကြီးနှင့်စပ်နေသော သစ်ပင်၊ တော၊ တောင်ကိုစောင့်သော နတ်များ၊ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်နတ်များ၊ မြေစောင့်နတ်များ စသည်တို့ကို ဘုမ္မစိုးနတ်ခေါ်၏။ အတော်အတန် တန်ခိုးကြီးမားကြ၏။

## ဝိနိပါတိကအသုရာ

စည်းစိမ်ဉစ္စာ အိပ်ရာနေရာများ ကောင်းမွန်စွာမရှိဘဲ ဖောက်ပြန် ပျက်စီးနေသော နတ်သေးနတ်မွှား နတ်အငယ်စားတို့ကို ဝိနိပါတိကအသုရာခေါ်၏။ ဝိနိပါတိကအသုရာတို့သည် ဘုမ္မစိုးနတ်ကြီးများကို မှီခိုနေကြရ၏။

### ကာမပဋိသန္ဓေဆယ်ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် | ၁ – ပါး |
| ၂။ | ကာမသုဂတိပဋိသန္ဓေစိတ် | ၉ – ပါး |
| | **ပေါင်း** | **၁၀ – ပါး** |

## ကာမပဋိသန္ဓေစိတ် (၁၀) ပါးကို ဘုံနှင့်တွဲပြပုံ

| ပဋိသန္ဓေစိတ် | ဘုံ |
|---|---|
| ၁။ အကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | အပါယ်လေးဘုံ |
| ၂။ အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ |
| ၃။ မဟာဝိပါက်စိတ်ရှစ်ပါး | ကာမသုဂတိ (၇) ဘုံ |

## ကာမပုဂ္ဂိုလ်တို့၏အသက်တမ်း

**အသက်တမ်းမမြဲသောပုဂ္ဂိုလ်များ**

၁။ အပါယ်လေးဘုံသားသတ္တဝါများ

၂။ လူသားများ၊

၃။ ဝိနိပါတိကအသုရာများ။

## နတ်သက်ရှာဖွေနည်း

၁။ နတ်သက်ကို မိမိအောက်နတ်ဘုံသက်ဖြင့် ရှာဖွေနည်း၊

၂။ နတ်သက်ကို မိမိနတ်ဘုံသက်ဖြင့် ရှာဖွေနည်း၊

၃။ နတ်သက်ကို လူ့အရေအတွက်ဖြင့် ရှာဖွေနည်း။

ဤသို့ နတ်သက်ရှာဖွေနည်းသုံးမျိုးရှိ၏။ ထိုတွင် –

၁။ မိမိအောက်နတ်ဘုံသက်ဖြင့် ရှာဖွေရာ၌ မိမိအောက်နတ်ဘုံသက်ကိုတည်၊ ၄ ဖြင့်မြှောက်ပါ။

၂။ မိမိနတ်ဘုံသက်ဖြင့် ရှာဖွေရာ၌ မိမိအောက်နတ်ဘုံသက်ကိုတည် ၂ ဖြင့်မြှောက်ပါ။

၃။ လူ့အရေအတွက်ဖြင့်ရှာဖွေရာ၌ မိမိအောက်နတ်ဘုံ၌ လူ့အရေအတွက်ဖြင့် ရရှိသောအသက်တမ်းကိုတည် ၄ ဖြင့်မြှောက်ပါ။

## နတ်သက်မြှောက်ပုံ

| နတ်ဘုံ | (၁)<br>မိမိအောက်<br>နတ်ဘုံသက် | (၂)<br>မိမိနတ်ဘုံသက် | (၃)<br>လူ့အရေအတွက် |
|---|---|---|---|
| စာတုမဟာရာဇ် | + | ၅၀၀ | ၉၀၀၀၀၀၀ |
| တာဝတိံသာ | ၅၀၀<br>× ၄<br>၂၀၀၀ | ၅၀၀<br>× ၂<br>၁၀၀၀ | ၉၀၀၀၀၀၀<br>× ၄<br>၃၆၀၀၀၀၀၀ |
| ယာမာ | ၁၀၀၀<br>× ၄<br>၄၀၀၀ | ၁၀၀၀<br>× ၂<br>၂၀၀၀ | ၃၆၀၀၀၀၀၀<br>× ၄<br>၁၄၄၀၀၀၀၀၀ |
| တုသိတာ | ၂၀၀၀<br>× ၄<br>၈၀၀၀ | ၂၀၀၀<br>× ၂<br>၄၀၀၀ | ၁၄၄၀၀၀၀၀၀<br>× ၄<br>၅၇၆၀၀၀၀၀၀ |
| နိမ္မာနရတိ | ၄၀၀၀<br>× ၄<br>၁၆၀၀၀ | ၄၀၀၀<br>× ၂<br>၈၀၀၀ | ၅၇၆၀၀၀၀၀၀<br>× ၄<br>၂၃၀၄၀၀၀၀၀၀ |
| ပရနိမ္မိတ<br>ဝသဝတ္တီ | ၈၀၀၀<br>× ၄<br>၃၂၀၀၀ | ၈၀၀၀<br>× ၂<br>၁၆၀၀၀ | ၂၃၀၄၀၀၀၀၀၀<br>× ၄<br>၉၂၁၆၀၀၀၀၀၀ |

**ရှင်းလင်းချက်။** တာဝတိံသာနတ်သက်သည် စာတုမဟာရာဇ်နတ်သက်ထက် လေးဆတက်မျှရှည်သောကြောင့် တာဝတိံသာနတ်သက်ကို

စာတုမဟာရာဇ် နတ်တွက်ကိန်းဖြင့် ရေတွက်လိုပါက စာတုမဟာရာဇ်နတ်သက် ၅၀၀ ကိုတည်၊ ၄ ဖြင့်မြှောက်၊ ၅၀၀ × ၄ = ၂၀၀၀ ဖြစ်၏။ ယင်း (၂၀၀၀) သည် စာတုမဟာရာဇ်နတ်အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာ နတ်သက်ဖြစ်၏။

တာဝတိံသာနတ်သက်၏ နေ့တာညဥ့်တာသည် စာတုမဟာရာဇ် နတ်တို့၏ နေ့တာ ညဥ့်တာထက် နှစ်ဆပိုရှည်၏။ ထို့ကြောင့် စာတုမဟာရာဇ် နတ်သက် ၅၀၀ ကိုတည်၊ နှစ်ဖြင့်မြှောက်ပါ။ ၅၀၀ × ၂ = ၁၀၀၀ ဖြစ်၏။ ယင်း ၁၀၀၀ သည် တာဝတိံသာနတ်အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက်ဖြစ်၏။ လူ့အရေအတွက်ကားလွယ်၏။ ၄ ဖြင့်မြှောက် ရုံသာဖြစ်၏။

ယာမာနတ်သက်သည် တာဝတိံသာနတ်သက်ထက် လေးဆတက်မျှ ရှည်၏။ ထို့ကြောင့် ယာမာနတ်သက်ကို တာဝတိံသာနတ်တွက်ကိန်းဖြင့် တွက် လိုပါက တာဝတိံသာနတ်သက် ၁၀၀၀ ကိုတည်၊ ၄ ဖြင့်မြှောက်ပါ။ ၁၀၀၀ × ၄ = ၄၀၀၀ ဖြစ်၏။ ယင်း ၄၀၀၀ သည် တာဝတိံသာနတ်အရေအတွက်ဖြင့် ရေတွက်ထားသော ယာမာနတ်သက်ဖြစ်၏။

ယာမာနတ်တို့၏ နေ့တာညဥ့်တာသည် တာဝတိံသာနတ်တို့၏ နေ့တာ ညဥ့်တာထက် နှစ်ဆသာရှည်သောကြောင့် တာဝတိံသာနတ်သက် ၁၀၀၀ ကို တည်၊ နှစ်ဖြင့်မြှောက်ပါ။ ၁၀၀၀ × ၂ = ၂၀၀၀ ဖြစ်၏။ ယင်း ၂၀၀၀ သည် ယာမာနတ်အရေအတွက်ဖြင့် ရေတွက်ထားသော ယာမာနတ်သက်ဖြစ်၏။

**အမှာ။** ဤနည်းကိုမှီ၍ အထက်နတ်ဘုံ၏ အသက်တမ်းတို့ကို ရှာဖွေပါလေ၊ အမှတ် (၁) စည်းမျဥ်းအရ လေးဖြင့်မြှောက်၍ရရှိသော ဂဏန်းကို တည်လျက် အခြားအထက်နတ်ဘုံသက်ကို မရှာရပါ။ အမှတ် (၂) စည်းမျဥ်းအရ နှစ်ဖြင့် မြှောက်၍ ရရှိသောအဖြေဂဏန်းကိုတည်လျက် လေးဖြင့်မြှောက်ရမည်။ ဤနည်းကို မမှားရအောင် အထူးသတိပြုရမည်။

စာမေးပွဲ၌ တာဝတိံသာနတ်ကို နဘ်အရေအတွက်ဖြင့် ဖော်ပြပါဟု သာမညမေးလျှင် အမှတ် (၂) စည်းမျဉ်းအရ ဖော်ပြထားသောအသက်တမ်းတို့ကိုသာဖြေပါ။ အမှတ် (၁) စည်းမျဉ်းအရကို မဖြေရပါ။

**ရူပပဋိသန္ဓေ ၆ ပါး**

| | | |
|---|---|---|
| ၁။ | ရူပဝိပါက် (နာမ်) ပဋိသန္ဓေ | ၅ – ပါး |
| ၂။ | ဇီဝိတနဝကကလာပ် (ရုပ်) ပဋိသန္ဓေ | ၁ – ပါး |
| | **ပေါင်း** | ၆ – ပါး |

## ပထမစျာန်သုံးဘုံပဋိသန္ဓေစိတ်

ရူပပထမစျာန်ဝိပါက်စိတ်သည် ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာဟူသော ပထမစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်၍ဖြစ်၏။

## ဒုတိယစျာန်သုံးဘုံပဋိသန္ဓေစိတ်

ရူပဒုတိယစျာန်ဝိပါက်၊ တတိယစျာန်ဝိပါက်စိတ်သည် ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာဟူသော ဒုတိယစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်၍ဖြစ်၏။

## တတိယစျာန်သုံးဘုံပဋိသန္ဓေစိတ်

ရူပစတုတ္ထစျာန် ဝိပါက်စိတ်သည် ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာဟူသော တတိယစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်၍ဖြစ်၏။

## စတုတ္ထစျာန်ဘုံပဋိသန္ဓေစိတ်

ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံဟူသော စတုတ္ထစျာန်ခြောက်ဘုံ၌ ရူပပဉ္စမစျာန်ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ **စုတိကိစ္စတပ်၍ဖြစ်၏။**

## အသညသတ်ဘုံပဋိသန္ဓေစိတ်

ဇီဝိတနဝကကလာပ်ရုပ်သည် အသညသတ်ဘုံ၌ ပဋိသန္ဓေဘဝင်၊ စုတိအမည်ဖြင့်ဖြစ်၏။

## ရူပဗြဟ္မာများအသက်တမ်း

| ဘုံ | အသက်တမ်း |
|---|---|
| ဗြဟ္မပါရိသဇ္ဇာ | အသင်္ချေယျကပ်သုံးပုံတစ်ပုံ |
| ဗြဟ္မပုရောဟိတာ | အသင်္ချေယျကပ်တစ်ဝက် |
| မဟာဗြဟ္မာ | အသင်္ချေယျကပ်တစ်ကပ် |
| ပရိတ္တာဘာ | မဟာကပ် ၂ ကပ် |
| အပ္ပမာဏာဘာ | မဟာကပ် ၄ ကပ် |
| အာဘဿရာ | မဟာကပ် ၈ ကပ် |
| ပရိတ္တသုဘာ | မဟာကပ် ၁၆ ကပ် |
| အပ္ပမာဏသုဘာ | မဟာကပ် ၃၂ ကပ် |
| သုဘကိဏှာ | မဟာကပ် ၆၄ ကပ် |
| ဝေဟပ္ဖိုလ် | မဟာကပ် ၅၀၀ ကပ် |
| အသညသတ် | မဟာကပ် ၅၀၀ ကပ် |
| အဝိဟာ | မဟာကပ် ၁၀၀၀ ကပ် |
| အတပ္ပါ | မဟာကပ် ၂၀၀၀ ကပ် |
| သုဒဿာ | မဟာကပ် ၄၀၀၀ ကပ် |
| သုဒဿီ | မဟာကပ် ၈၀၀၀ ကပ် |
| အကနိဋ္ဌာ | မဟာကပ် ၁၆၀၀၀ ကပ် |

## အရူပဘုံနှင့် အရူပ ပဋိသန္ဓေလေးပါး

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်၍ဖြစ်၏။

၂။ ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်၍ဖြစ်၏။

၃။ အာကိဉ္စညာယနဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်၍ဖြစ်၏။

၄။ နေဝသညာ နာသညာယတနဝိပါက်စိတ်သည် နေဝသညာ နာသညာယတနဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်၍ဖြစ်၏။

## အရူပပုဂ္ဂိုလ်များအသက်တမ်း

| ဘုံ | အသက်တမ်း |
|---|---|
| ၁။ အာကာသာနဉ္စာယတနဘုံ | မဟာကပ်နှစ်သောင်း |
| ၂။ ဝိညာဏဉ္စာယတနဘုံ | မဟာကပ်လေးသောင်း |
| ၃။ အာကိဉ္စညာယတနဘုံ | မဟာကပ်ခြောက်သောင်း |
| ၄။ နေဝသညာနာသညာယတနဘုံ | မဟာကပ်ရှစ်သောင်းလေးထောင် |

## ပဋိသန္ဓေ ၂၀ ပါး

| | |
|---|---|
| ၁။ ကာမပဋိသန္ဓေ | ၁၀ – ပါး |
| ၂။ ရူပပဋိသန္ဓေ | ၆ – ပါး |
| ၃။ အရူပပဋိသန္ဓေ | ၄ – ပါး |
| ပေါင်း | ၂၀ – ပါး |

## တစ်ဘဝ၌ တူမြဲတရားသုံးမျိုး

ပဋိသန္ဓေ၊ ဘဝင်၊ စုတိသုံးပါးလုံးသည် တစ်ဘဝ၌ တစ်မျိုးတည်းသာ ဖြစ်ရ၏။ အာရုံလည်းတူကြရ၏။

**ဥပမာ**။ ပဋိသန္ဓေစိတ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ကံကို အာရုံပြုပါက ပဝတ္တိအခါ ဘဝင်စိတ်နှင့် စုတိစိတ်သည်လည်း အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်များသာဖြစ်၍ ကံအာရုံကိုပင် အာရုံပြုကြ၏။

## ''လေ့ကျင့်ခန်းမေးခွန်း''

၁။ အပါယ်ဘုံ၏ အဓိပ္ပါယ်ကို ရေး၍ ယင်းအပါယ်ဘုံအပြားကို ဖော်ပြခဲ့ပါ။

၂။ ငရဲကြီး ရှစ်ထပ်ကို ဖော်ပြ၍ ယင်းငရဲကြီးရှစ်ထပ်တည်ရှိနေသော နေရာကို ညွှန်ပြခဲ့ပါ။

၃။ သဉ္ဇိဝ်းငရဲ၏ တည်နေရာကို အတိအကျဖော်ပြ၍ ဥဿဒငရဲခေါ် ငရဲငယ် ငါးထပ်ကို ဖော်ပြခဲ့ပါ။

၄။ အသုရာအပြားကို ဖော်ပြ၍ အပါယ်ဘုံ၌ ပါဝင်သော အသုရာအရယူရမည့် အသုရာကို ဖော်ပြပါ။

၅။ လူ (မနဿ) အဓိပ္ပါယ်ကို ရှင်းပြ၍ တတိယစျာန်သုံးပုံကို ဖော်ပြပါ။

၆။ လူ့ဘုံ, တုသိတာဘုံတို့၌ ရနိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍ အရိယာသာရသောဘုံတို့ကို ဖော်ပြခဲ့ပါ။

၇။ လူသားများ ကိုယ်ကျင့်တရား ပျက်ပြားလာခြင်းကြောင့် လူ့ဘုံ၌ လူဖြစ်ရမည်ကို ကြောက်သဖြင့် တုသိတာနတ်ပြည်ကနေလျက် အရိမေတ္တေယျဘုရားရှင်ကို စောင့်မျှော်၍ ဘုရားရှင်၏ တရားတော်ကို နာယူပြီး နတ်သားဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမည်ဟူသော

မျှော်လင့်ချက်ဖြင့် နတ်ပြည်ကို ဆုတောင်းသူများ ရှိနေကြ၏။ ဆုတောင်းသည့်အတိုင်း နတ်ပြည်၌ ၎င်းတို့၏ဆန္ဒ ပြည့်ဝမှုရှိနိုင်၊ မရှိနိုင် ရှင်းပြခဲ့ပါ။

၈။ လောက၌ ပဋိသန္ဓေနေသည်ဟူသော စကားကို အဘိဓမ္မာအမြင်ဖြင့် ရှင်းပြ၍ အပါယ်ပဋိသန္ဓေစိတ်နှင့် အပါယ်ဘုံ၌ ရနိုင်သော ပုဂ္ဂိုလ်ကို ဖော်ပြခဲ့ပါ။

၉။ လူဖြစ်ပါလျက် လူစဉ်မမီ လူရာမဝင်သူများကို ဖော်ပြ၍ အဘယ်ကံတရားကို ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းလူစဉ်မမီသူဘဝကို ရရှိခဲ့ပါသနည်း။

၁၀။ အောက်ပါသတ္တဝါများသည် အဘယ်ဘုံသားများ ဖြစ်ကြပါသနည်း။

(က) တစ္ဆေ (ခ) ဝေမာနိကအသုရာ

(ဂ) အိမ်စောင့်နတ် (ဃ) သိကြားမင်း

* * * * *

# အခန်း (၃)

## ကမ္မစတုက္က

ကမ္မဟူသော ပါဠိစကားကို အလုပ်ဟု မြန်မာပြန်ရ၏။ အလုပ်ကို ကမ္မ=ကံ ဟုခေါ်၏။ လူသည် စေတနာက စေ့ဆော်လှုံ့ဆော်ခြင်းကြောင့် နေ့စဉ်အမြဲ လက်ခြေအစရှိသော ကိုယ်ဖြင့် အလုပ်အမျိုးမျိုးကို ပြုလုပ်၏။ ထိုကိုယ်ဖြင့် ပြုလုပ်အပ်သော အလုပ်ကို ကာယကံခေါ်၏။

လူသည် စေတနာက စေ့ဆော်လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ နှုတ်ဖြင့် စကားအမျိုးမျိုးကို ပြောဆိုနေ၏။ ယင်းနှုတ်ဖြင့် ပြောဆိုအပ်သော စကားကို ဝစီကံခေါ်၏။ လူသည် စေတနာက စေ့ဆော်လှုံ့ဆော်မှုကြောင့် စိတ်ဖြင့် အကြံအမျိုးမျိုးကို ကြံစည်တွေးခေါ်နေ၏။ လူ၏ ယင်းကိုယ်မှု, နှုတ်မှု, စိတ်မှုကို

ဖြစ်ပေါ်စေသော စေ့ဆော်မှု၊ လှုံ့ဆော်မှုစေတနာကို ကံခေါ်၏။

ထိုကံသည် ကိစ္စနှင့်စပ်၍လည်းကောင်း၊ အကျိုးပေးလှည့်အစဉ်အားဖြင့်လည်းကောင်း၊ အကျိုးပေးရာကာလနှင့် စပ်သဖြင့်လည်းကောင်း၊ အကျိုးပေးရာဌာနနှင့် စပ်သဖြင့်လည်းကောင်း လေးမျိုးစီပြား၏။

## ကိစ္စနှင့်စပ်သော ကံလေးမျိုး

၁။ ဇနကကံ

၂။ ဥပတ္ထမ္ဘကကံ

၃။ ဥပပီဠကကံ

၄။ ဥပဃာတကကံ

ဤသို့ ကိစ္စနှင့်စပ်၍ ကံလေးမျိုးပြား၏။

**ဇနကကံ**။ ပဋိသန္ဓေအခါ၌ဖြစ်စေ၊ ပဝတ္တိအခါ၌ဖြစ်စေ၊ အကျိုးပေးခွင့်ရသော အခါ၌ ဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်, ကမ္မပစ္စယဥတုဇရုပ်တို့ကို မိမိကိုယ်တိုင်ဖြစ်စေနိုင်သော ကုသိုလ်၊ အကုသိုလ်စေတနာကို ဇနကကံခေါ်၏။

ဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်, စေတသိက်, ကမ္မဇရုပ်များကိုလည်းကောင်း, နတ်ဘုံဗိမာန်, ငရဲ၌ သင်ဝုန်းစက်စသော ကမ္မပစ္စယဥတုဇရုပ်များကိုလည်းကောင်း ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌ ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆန်း, သန္တီရဏ, တဒါရုံ မဟာဝိပါက်စသော နာမ်ဝိပါက်တရားများကိုလည်းကောင်း၊ ခဏတိုင်း ခဏတိုင်း၌ ကမ္မဇရုပ်များကိုလည်းကောင်း ဖြစ်စေနိုင်၏။

**ဆောင်**။ ဝိပါက်စိတ်စေ၊ ရုပ်ထွေထွေကို သန္ဓေပဝတ္တိ, ခွင့်ခါရှိသော်၊
မိမိကိုယ်တိုင်၊ ဖြစ်စေနိုင်၊ ခေါ်ပိုင်ဇနကကံ။

**ဥပတ္ထမ္ဘကကံ။** မိမိကိုယ်တိုင် အကျိုးမပေးနိုင်ဘဲ တစ်ပါးသောကံ အကျိုးပေးခွင့်ရအောင်၊ အကျိုးပေးခွင့်ရနေပြန်လျှင်လည်း အကျိုးပေးသန်မာကြီးထွားလာအောင်၊ အကျိုးပေးပြီးသောအခါ၌လည်း အကျိုးတရားများ ကြာရှည်အောင် သင့်လျော်လျောက်ပတ်စွာ ကူညီထောက်ပံ့တတ်သောကံကို ဥပတ္ထမ္ဘကကံခေါ်၏။

**ဆောင်။** အကျိုးပေးဖို့ အခွင့်သင့်ပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ပြီးခါ၊ ရှည်မြင့်ကြာဖို့၊ လျော်စွာထောက်မ၊ ကူညီက၊ ဥပတ္ထမ္ဘကကံ။

**ဥပပီဠကကံ။** တစ်ပါးသောကံကို အကျိုးပေးခွင့်မရအောင်၊ အကျိုးပေးခွင့်ရပြန်လျှင်လည်း အကျိုးပေးမထက်သန်အောင်၊ သိမ်ဖျင်းအောင်၊ ပေးပြီးသော အကျိုးကိုလည်း မဖွံ့ဖြိုး မတိုးပွားအောင် ကပ်၍ နှိပ်စက်တတ်သောကံကို ဥပပီဠကကံခေါ်၏။

**ဆောင်။** အကျိုးပေးခွင့်၊ မရလင့်ဖို့၊ ရသင့်လေပြန်၊ ကျိုးမသန်အောင်၊
ရပြန်အကျိုး၊ မဖွံ့ဖြိုးဖို့၊ အမျိုးမျိုးက၊ နှိပ်စက်လှ၊ ဥပပီဠကကံ။

**ဥပဃာတကကံ။** ကပ်၍နှိပ်စက်ရုံသာမက တစ်ပါးသောကံကို လုံးဝ အကျိုးမပေးနိုင်အောင်၊ ကံတစ်ပါးက ပေးပြီးသောအကျိုးများဖြစ်သောခန္ဓာအစဉ်ကိုလည်း ပြတ်စဲသွားအောင် သတ်ဖြတ်တတ်သောကံကို ဥပဃာတကကံခေါ်၏။

**ဆောင်။** နှိပ်စက်ရုံတွင်၊ မကချင်ဘဲ၊ ယခင်ထက်တိုး၊ ကံအကျိုးကို၊ ပယ်ချိုး
နှိပ်ချ၊ သတ်ဖြတ်က၊ ဥပဃာတကကံ။

**ကိစ္စလေးမျိုး။** ဖြစ်စေခြင်းကိစ္စ, ထောက်ပံ့ခြင်းကိစ္စ, နှိပ်စက်ခြင်းကိစ္စ, သတ်ဖြတ်ခြင်းကိစ္စများသည် ကံတရားများ၏ လုပ်ငန်းကိစ္စများပင်ဖြစ်၏။ ဤသို့ ကိစ္စနှင့်စပ်၍ ကံလေးမျိုးပြား၏။

## အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုး

၁။ ဂရုကကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ

ဤသို့ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုးပြား၏။

**ဂရုကကံ။** အခြားကံများက မတားမြစ်နိုင်အောင် ကြီးလေးသောကံကို ဂရုကကံခေါ်၏။

ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံနှင့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံကို ဂရုကကံ အရယူရမည်။

**အမှာ။** နိယတမိစ္ဆာဒိဋ္ဌိကံကိုလည်း ဂရုကကံ၌ သွင်းယူကြသေး၏။

**ဆောင်။** ကံတစ်ပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။

**ပဉ္စာနန္တရိယကံ။** အခြားမဲ့ ဒုတိယဘဝ၌ မကောင်းကျိုးကို မုချပေးလတ္တံ့သော ကံငါးပါးကို ပဉ္စာနန္တရိကကံခေါ်၏။ ထိုကံငါးပါးသည် အောက်ပါအတိုင်းဖြစ်၏။

| | | | |
|---|---|---|---|
| ၁။ | **မာတုဃာတက** | – | အမိကိုသတ်မှု၊ |
| ၂။ | **ပိတုဃာတက** | – | အဖကိုသတ်မှု၊ |
| ၃။ | **အရဟန္တဃာတက** | – | ရဟန္တာကိုသတ်မှု၊ |
| ၄။ | **လောဟိတုပ္ပါဒက** | – | ဘုရားရှင်၌ သွေးခြည်ဥအောင်ပြုမှု၊ |
| ၅။ | **သံဃာဘေဒက** | – | သံဃာသင်းခွဲမှု၊ |

**မှတ်ချက်။** သိမ်တစ်ခုတည်း၌ တစ်ပြိုင်နက် သံဃကံကိုခွဲ၍ သီးခြားကံပြုပါမှ သံဃဘေဒကကံထိုက်၏။

**ဆောင်။** မိ,ဘ,ရဟန်း၊ လောဟိတံ၊ ဘေဒံ, နန္တရိ။

**အာသန္နကံ။** ရှေးက ပြုလုပ်ခဲ့ဖူးပြီး သေခါနီးအချိန်၌ သတိရ အောက်မေ့ အပ်သောကံနှင့် သေခါနီးအချိန်၌ ပြုလုပ်အပ်သောကံကို အာသန္နကံခေါ်၏။

**ဆောင်။** သေဆုံးလုမှု၊ ပြုသော်လည်းကောင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

**အာစိဏ္ဏကံ။** စရိုက်ဝါသနာအားလျော်စွာ ဝတ်ထား၍ နေ့စဉ်အမြဲမပြတ် လေ့ကျက်ပြုလုပ်အပ်သောကံနှင့် တစ်ကြိမ်တစ်ခါပြုလုပ်အပ် သော်လည်း ယင်းသို့ ပြုလုပ်အပ်သည်ကို ထပ်ကာထပ်ကာ သတိရအောက်မေ့ အပ်သောကံကို အာစိဏ္ဏကံခေါ်၏။

**ဆောင်။** နေ့စဉ်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲအာစိဏ္ဏ။

**ကဋတ္တာကံ။** ဂရုက, အာသန္န, အာစိဏ္ဏကံအဖြစ်သို့ မရောက်ဘဲ ယခုဘဝမှာ အမှတ်မဲ့သာမန်ပြုလုပ်အပ်သော ကံများနှင့် ရှေးရှေးဘဝက ပြုလုပ်ခဲ့သော ကံများကို ကဋတ္တာကံခေါ်၏။

**ဆောင်။** သုံးပါးမှလျှင်၊ အထွတ်တင်၊ သညာ–ကဋတ္တာ

## အကျိုးပေးလှည့်အကြိမ်

သတ္တဝါတစ်ဦးမှာ ဂရုကကံစသော ကံလေးမျိုးလုံးကို ပြုလုပ်ထားပါက နောက်ဘဝ၌ ဂရုကကံက အကျိုးပေး၏။ ဂရုကကံကို ပြုလုပ်ထားမှုမရှိပါလျှင် အာသန္နကံက နောက်ဘဝ၌ အကျိုးပေး၏။ အာသန္နကံကို ပြုလုပ်ထားမှုမရှိလျှင် အာစိဏ္ဏကံက နောက်ဘဝ၌ အကျိုးပေး၏၊ အာစိဏ္ဏကံကို ပြုလုပ်ထားမှု မရှိလျှင် ကဋတ္တာကံက နောက်ဘဝ၌ အကျိုးပေး၏။ ဤသို့ အကျိုးပေးလှည့် အကြိမ်အားဖြင့် ကံလေးမျိုးပြား၏။

## အကျိုးပေးရာကာလနှင့်စပ်သော ကံလေးမျိုး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ။

၂။ ဥပပဇ္ဇဝေဒနီယကံ။

၃။ အပရာပရိယဝေဒနီယကံ။

၄။ အဟောသိကံ။

ဤသို့ အကျိုးပေးရာကာလနှင့်စပ်၍ ကံလေးမျိုးပြား၏။

**ဆောင်။** ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည် ကံလေးဖြာ။

**ဒိဋ္ဌဓမ္မဝေဒနီယကံ။** မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော ပထမဇော စေတနာကို ဒိဋ္ဌဓမ္မ ဝေဒနီယကံခေါ်၏။

**ဆောင်။** မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။

**ဥပပဇ္ဇဝေဒနီယကံ။** သေလွန်ပြီးနောက် ဒုတိယဘဝ၌အကျိုးပေးသော သတ္တမဇောစေတနာကို ဥပပဇ္ဇဝေဒနီယကံခေါ်၏။

**ဆောင်။** ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဇောဆုံးသာ။

**အပရာပရိယဝေဒနီယကံ။** တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း ဘဝ တစ်ခုခု၌ အကျိုးပေးသော အလယ်ဇောငါးကြိမ်စေတနာကို အပရာပရိယ ဝေဒနီယကံခေါ်၏။

**ဆောင်။** ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇော ငါးဖြာ။

**အဟောသိကံ။** လုံးဝအကျိုးမပေးသောကံကို အဟောသိကံ ခေါ်၏။

ပထမဇောစေတနာသည် အကြောင်းမညီညွတ်၍ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့်မရလျှင် အဟောသိကံ ဖြစ်သွား၏။ သတ္တမဇောစေတနာသည် အကြောင်းမညီညွတ်၍ သေလွန်ပြီးနောက် ဒုတိယ

ဘဝ၌ အကျိုးပေးခွင့်မရခဲ့လျှင် အဟောသိကံဖြစ်သွား၏။ အလယ်ဇော ငါးကြိမ် သည့် အကြောင်းမညီညွတ်သဖြင့် တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ ဘဝတစ်ခုခု၌ အကျိုးပေးခွင့်မရခဲ့လျှင် အဟောသိကံ ဖြစ်သွား၏။

**ဆောင်**။ ကံ အဟောသိ၊ ကျိုးမရှိ၊ တြိ–စေတနာ။

## အကျိုးပေးရာကာလ

ပထမဇောစေတနာ၏ အကျိုးပေးရာကာလသည် ပစ္စုပ္ပန်ကာလဖြစ်၏။

သတ္တမဇောစေတနာ၏ အကျိုးပေးရာကာလသည် သေလွန်ပြီးနောက် ဒုတိယဘဝကာလဖြစ်၏။

အလယ်ဇောငါးချက်စေတနာ၏ အကျိုးပေးရာကာလသည် တတိယဘဝ မှစ၍ နိဗ္ဗာန်မရမီကာလဖြစ်၏။

ဤသို့ ပေးရာကာလနှင့်စပ်၍ ကံလေးမျိုးပြား၏။

## အကျိုးပေးရာဌာနနှင့် စပ်သောကံလေးမျိုး

၁။ အကုသိုလ်ကံ၊

၂။ ကာမာဝစရကုသိုလ်ကံ၊

၃။ ရူပါဝစရကုသိုလ်ကံ၊

၄။ အရူပါဝစရကုသိုလ်ကံ၊

ဤသို့ အကျိုးပေးရာဘုံဌာနနှင့်စပ်၍ ကံလေးမျိုးပြား၏။

**မှတ်ချက်**။ အကျိုးပေးရာဌာနနှင့်စပ်သော ဤကံလေးမျိုးသာ အဘိဓမ္မာနည်း ဖြစ်၏။ အဘိဓမ္မာနည်းဖြစ်၍ ဤကံလေးမျိုးကိုသာ အကျယ်ပြ ၏။ ကိစ္စနှင့်စပ်သော ကံလေးမျိုး၊ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုး၊ အကျိုးပေးရာ ကာလနှင့် စပ်သော ကံလေးမျိုးတို့သည် သုတ္တန်နည်းများ ဖြစ်ကြ၏။

## ကမ္မဒွါရနှင့်စပ်၍ အကုသိုလ်ကံသုံးမျိုး

ကံ၏ဖြစ်ရာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရကို ''ကမ္မဒွါရ'' ခေါ်၏။ ဤကမ္မဒွါရသုံးပါးနှင့်စပ်၍ အကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံ ဟု သုံးမျိုးပြား၏။

## ကာယကံသုံးပါး

လက်ခြေစသော ကိုယ်အင်္ဂါဖြင့် ပြုလုပ်အပ်သောအလုပ်ကို ကာယကံ ခေါ်၏။ ထိုကာယကံသည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

၁။ **ပါဏာတိပါတ** = အသက်သတ်မှု၊

၂။ **အဒိန္နာဒါန** = သူတစ်ပါးဥစ္စာကို ခိုးဝှက်၊ တိုက်ခိုက် လုယ့်ပတ်ယူမှု၊

၃။ **ကာမေသုမိစ္ဆာစာရ** = ကာမဂုဏ်၌ ယုတ်ယုတ်မာမာ မှားယွင်း ဖောက်ပြန်စွာ ပြုကျင့်မှု။

ဤသုံးပါးသည် ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ အဖြစ် များသောကြောင့် ကာယကံမည်၏။ ကာယဒုစရိုက်လည်းခေါ်၏။

**ဆောင်**။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

**အထူး**။ ဤနေရာ၌ ကာယဝိညတ်ကို ကာယဒွါရခေါ်၏။ ပကိဏ်းပိုင်း ဒွါရ သင်္ဂဟ၌ ''ကာယပသာဒ'' ကို ကာယဒွါရခေါ်၏။ ကာယဒွါရနှစ်မျိုး ဤသို့ထူး၏။

## ဝစီကံလေးပါး

နှုတ်ဖြင့် ပြောဆိုအပ်သောစကားကို ဝစီကံခေါ်၏။ ထိုဝစီကံသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

၁။ **မုသာဝါဒ** = မဟုတ်မမှန် လိမ်ညာပြောဆိုမှု၊

၂။ **ပိသုဏာဝါစာ** = သူတစ်ပါးတို့ ကွဲပြားအောင် ရန်တိုက်ပေးမှု၊

၃။ **ဖရုသဝါစာ** = ကြမ်းတမ်းသောစကားကို ပြောဆိုမှု၊ ဆဲရေးတိုင်းထွာမှု၊

၄။ **သမ္ဖပ္ပလာပ** = အနှစ်မဲ့သောစကားကို ပြောဆိုမှု၊

ဤလေးပါးသည် ဝစီဝိညတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များသောကြောင့် ဝစီကံခေါ်၏။ ဝစီဒုစရိုက်လေးပါးဟုလည်းခေါ်၏။

**ဆောင်**။ မုသားမိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပါယ်မျဉ်း၊ လေးသင်းဝစီကံ။

## မနောကံသုံးပါး

စိတ်၌ ကြံစည်တွေးခေါ်မှုကို မနောကံခေါ်၏။ ထိုမနောကံသည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

၁။ **အဘိဇ္ဈာ** = သူတစ်ပါးစည်းစိမ်ကို မတရားရယူရန်ကြံစည်မှု၊

၂။ **ဗျာပါဒ** = သူတစ်ပါးသေကျေပျက်စီးရန် ကြံစည်မှု၊

၃။ **မိစ္ဆာဒိဋ္ဌိ** = အယူမှားမှု၊

ဤသုံးပါးသည် ကိုယ်လည်းမလှုပ်၊ နှုတ်လည်းမပါ (အတူတကွ ဖြစ်ရာ အကုသိုလ်ဇောစိတ်ဟုဆိုအပ်သော) မနောဒွါရ၌သာ အဖြစ်များသောကြောင့် မနောကံမည်၏ (မနောဒုစရိုက်လည်းခေါ်၏)။

**ဆောင်**။ သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ တြိ–မနောကံ။

## အကုသလကမ္မပထတရား

အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သောကြောင့် အကုသလကမ္မ ပထတရားခေါ်၏။ ထိုအကုသိုလ်ကမ္မပထတရားသည် အောက်ပါအတိုင်း ဆယ်ပါးပြား၏။

| | | |
|---|---|---|
| ၁။ | ကာယကံ | ၃ – ပါး |
| ၂။ | ဝစီကံ | ၄ – ပါး |
| ၃။ | မနောကံ | ၃ – ပါး |
| | ပေါင်း | ၁၀ – ပါး |

မှတ်ချက်။ မကောင်းမှုပြုလုပ်သူနှင့် ပတ်ဝန်းကျင်ကို ဆင်းရဲစေတတ်သော ကြောင့် ဤဆယ်ပါးသည် မကောင်းသောအကျင့်စရိုက်ဖြစ်၏။ ထို့ကြောင့် ဤဆယ်ပါးကို ဒုစရိုက်ဆယ်ပါးဟုလည်းခေါ်၏။

## ကံဖြစ်ကြောင်းတရားသုံးပါး

၁။ လောဘမူလ၊

၂။ ဒေါသမူလ၊

၃။ မောဟမူလ။

ဤလောဘ၊ ဒေါသ၊ မောဟ တရားသုံးမျိုးကြောင့် သတ္တဝါများ သန္တာန်၌ အကုသလကမ္မ ပထ (ဒုစရိုက်) တရားများဖြစ်ပေါ်နေကြခြင်းဖြစ်၏။ အကုသလကမ္မ ပထတရား ဆယ်ပါးလုံးဖြစ်တိုင်း မောဟအမြဲပါရှိ၏။ မောဟ ကြောင့် မဖြစ်သော အကုသလဓမ္မပထတရားဟူ၍ မရှိ၊ ထို့ကြောင့် မောဟ ကြောင့်ဖြစ်သော အကုသလဓမ္မတရားကို သီးခြားမပြခဲ့၊ လောဘ၊ ဒေါသကြောင့် ဖြစ်သော အကုသလကမ္မပထတရားတို့ကိုသာ ပြခဲ့၏။

## ဒေါသမူလကြောင့်ဖြစ်သော အကုသလကမ္မပထတရားသုံးပါး

၁။ ပါဏာတိပါတ၊

၂။ ဖရုသဝါစာ၊

၃။ ဗျာပါဒ။

**မှတ်ချက်**။ ဤသုံးမျိုးတွင် ပါဏာတိပါတနှင့် ဖရုသဝါစာတို့သည် ဒေါသမူလကြောင့်လည်းဖြစ်၏။ ဒေါသမူလရှိသောစိတ်ကြောင့်လည်းဖြစ်၏။ ဗျာပါဒသည် ဒေါသမူလရှိသောစိတ်ကြောင့်သာဖြစ်၏။

## လောဘမူလကြောင့်ဖြစ်သော အကုသလကမ္မပထတရားသုံးပါး

၁။ ကာမေသုမိစ္ဆာစာရ၊

၂။ အဘိဇ္ဈာ၊

၃။ မိစ္ဆာဒိဋ္ဌိ။

**မှတ်ချက်**။ ကာမေသုမိစ္ဆာစာရနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလကြောင့်လည်းဖြစ်၏။ လောဘမူလရှိသောစိတ်ကြောင့်လည်းဖြစ်၏။ အဘိဇ္ဈာသည် လောဘမူလရှိသောစိတ်ကြောင့်သာဖြစ်၏။

## လောဘ၊ ဒေါသမူလနှစ်ပါးကြောင့်ဖြစ်သော အကုသလကမ္မပထတရားလေးပါး

၁။ အဒိန္နာဒါန၊

၂။ မုသာဝါဒ၊

၃။ ပိသုဏာဝါစာ၊

၄။ သမ္ဖပ္ပလာပ။

**မှတ်ချက်**။ အကုသလကမ္မပထတရားဆယ်ပါးသည် တရားကိုယ်အားဖြင့် အကုသိုလ်စိတ် (၁၂) ပါးပင်ဖြစ်၏။

## ကမ္မဒွါရနှင့်စပ်၍ကာမာဝစရကုသိုလ်ကံသုံးပါး

ကာမာဝစရကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးမျိုးပြား၏။

## ကာယကံသုံးပါး

၁။ **ပါဏာတိပါတဝိရတိ** = အသက်သတ်မှုမှ ရှောင်ကြဉ်မှု၊
၂။ **အဒိန္နာဒါနဝိရတိ** = သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်မှု၊
၃။ **ကာမေသုမိစ္ဆာစာရဝိရတိ** = ကာမဂုဏ်တို့၌ မှားယွင်းဖောက်ပြန်စွာ ပြုကျင့်မှုမှ ရှောင်ကြဉ်မှု။

**ဆောင်**။ ကာ–ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါးကာယကံ။

## ဝစီကံသုံးပါး

၁။ **မုသာဝါဒဝိရတိ** = မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၂။ **ပိသုဏာဝါစာဝိရတိ** = သူတစ်ပါးတို့ ကွဲပြားအောင် ရန်တိုက်ခြင်းမှ ရှောင်ကြဉ်မှု၊
၃။ **ဖရုသဝါစာဝိရတိ** = ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၄။ **သမ္ဖပ္ပလာပဝိရတိ** = အနှစ်မဲ့သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

**ဆောင်**။ နှုတ်ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါးဝစီကံ။

## မနောကံသုံးပါး

၁။ **အနဘိဇ္ဈာ** = အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းမှု၊
၂။ **အဗျာပါဒ** = ဗျာပါဒမဖြစ်အောင် စောင့်စည်းမှု၊
၃။ **သမ္မာဒိဋ္ဌိ** = အယူမှန်မှု။

**ဆောင်**။ အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိမနောကံ။

## ကုသလကမ္မပထတရားဆယ်ပါး

| | | |
|---|---|---|
| ၁။ | ကာယကံ | ၃ – ပါး |
| ၂။ | ဝစီကံ | ၄ – ပါး |
| ၃။ | မနောကံ | ၃ – ပါး |
| | ပေါင်း | ၁၀ – ပါး |

သုဂတိဘုံသို့ရောက်ကြောင်း ကောင်းသောလမ်းကြောင်း ဖြစ်သောကြောင့် ဤဆယ်ပါးကို ကုသလကမ္မပထတရားခေါ်၏။

အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသော တရားများသည် ရှောင်ကြဉ်သူနှင့် ပတ်ဝန်းကျင်ကို ချမ်းသာစေတတ်သောကြောင့် ကောင်းသောအမူအကျင့်ဖြစ်၏။ ထို့ကြောင့် သုစရိုက်တရားဟုလည်းခေါ်၏။

## ဒါန၊ သီလ၊ ဘာဝနာကုသိုလ်သုံးမျိုး

ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်သည် ဒါန၊ သီလ၊ ဘာဝနာအားဖြင့် သုံးပါးစီပြားပြန်၏။ ထို့ကြောင့် ကုသလကမ္မပထတရားဆယ်ပါးကို ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးဖြင့် မြှောက်လျှင် (၁၀ × ၃ = ၃၀) ဖြစ်၏။

**မှတ်ချက်**။ ကာမာဝစရကုသိုလ်ကံသည် တရားကိုယ်အားဖြင့် မဟာကုသိုလ်စိတ် ရှစ်ပါးပင်ဖြစ်၏။ မဟာကုသိုလ်စိတ်ရှစ်ပါးသည် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့်လည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာအားဖြင့်လည်းကောင်းဖြစ်၏။ ထို့ကြောင့် ပါဏာတိပါတ ဝိရတိ စသည်နှင့် ဒါနစသည်ကို စိတ်အားဖြင့် တရားကိုယ်ကောက်ပြပါမေးလျှင် မဟာကုသိုလ်စိတ် ရှစ်ပါးပင်ဖြစ်သည်ဟု ဖြေဆိုရမည်။

## ပုညကြိယာဝတ္ထုဆယ်ပါး

ပြုလုပ်ကျင့်သုံးနေသူမှာ ယခုဘဝ၌ ဖြစ်စေ၊ နောင်သံသရာ၌ဖြစ်စေ ကောင်းသောအကျိုးတရားများတည်ရာအကြောင်းတရားဖြစ်ခြင်းကြောင့်လည်း ကောင်း၊ ပြုလုပ်သူ၏စိတ်ဓာတ်ကို သန့်ရှင်းဖြူစင်စေတတ်သောကြောင့် လည်းကောင်း မိမိဘဝကြီးပွားချမ်းသာရေးအတွက် ပြုလုပ်ကျင့်သုံးသင့်သော ကောင်းမှုကုသိုလ် လုပ်ငန်းများကို ပုညကြိယာဝတ္ထုခေါ်၏။ ထိုပုညကြိယာ ဝတ္ထုသည် အောက်ပါအတိုင်း ဆယ်ပါးပြား၏။

၁။ **ဒါန** = မိမိပစ္စည်းဥစ္စာကို ပေးကမ်းစွန့်ကြဲ လှူဒါန်း မှု၊

၂။ **သီလ** = ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော ကိုယ်ကျင့်သီလကို စောင့်ထိန်းမှု၊

၃။ **ဘာဝနာ** = သမထဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှု၊

၄။ **အပစာယန** = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ အသက် သိက္ခာ ဂုဏ်ကြီးသူတို့အား အရိုအသေပြုမှု၊

၅။ **ဝေယျာဝစ္စ** = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ သူတစ်ပါး ကုသိုလ်ရေးကိစ္စ၌ ကူညီဆောင်ရွက်ပေးမှု၊

၆။ **ပတ္တိဒါန** = မိမိပြုလုပ်ရရှိသော ကုသိုလ်အဖို့ကို အမျှ ပေးဝေမှု၊

၇။ **ပတ္တာနုမောဒန** = သူတစ်ပါးအမျှပေးဝေသောကုသိုလ်အဖို့ ကိုဖြစ်စေ၊ အမျှမပေးဝေသော ကုသိုလ်ကို ဖြစ်စေ ဝန်တိုခြင်းကင်းလျက် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု၊

၈။ **ဓမ္မဿဝန** = တရားနာမှု၊

၉။ **ဓမ္မဒေသနာ** = ပစ္စည်းလာဘ်ကို မမျှော်လင့်ဘဲ တရားဟောမှု၊
၁၀။ **ဒိဋ္ဌိဇုကမ္မ** = အယူကို ဖြောင့်မတ်စွာပြုမှု။

**ဆောင်**။ ဒါ၊ သီဘာပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေငှ၊ အမျှသာခု၊ သူ့တရားနာ၊ သိရာပြောလို၊ ကံကိုကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွားများရန်။

## ပုညကြိယဝတ္ထု ၁၀ ပါးကို ဒါန၊ သီလ၊ ဘာဝနာသို့သွင်းပုံ

| **မူတည်** | **မူလီတရား** |
|---|---|
| ဒါန | ပတ္တိဒါန၊ ပတ္တာနုမောဒန၊ |
| သီလ | အပစာယန၊ ဝေယျာဝစ္စ၊ |
| ဘာဝနာ | ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။ |

**ရှင်းလင်းချက်**

၁။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနကို ဒါနသဘောရှိသောကြောင့် ဒါန၌ ထည့်သွင်းရေတွက်ရမည်။

၂။ စာရိတ္တသီလဖြစ်သောကြောင့် အပစာယနနှင့် ဝေယျာဝစ္စကို သီလ၌ ထည့်သွင်း ရေတွက်ရမည်။

၃။ ကုသိုလ်တရားကို အဖန်ဖန်အထပ်ထပ် တိုးပွားစေတတ်သောကြောင့် ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာ၌ ထည့်သွင်းရမည်။

**ဆောင်**။ ဒါန၊ သီလ၊ ဘာဝနာ၊ သုံးဖြာစဉ်၍ခြင်း
စ,နှစ်ကိုလယ်၊ လယ်နှစ်ကိုစ၊ နောက်မှနောက်ချင်းသွင်း။

## ရူပါဝစရကုသိုလ်ကံငါးပါး

ရူပါဝစရကုသိုလ်ကံသည်

၁။ မနောကံတစ်မျိုးသာရှိ၏၊

၂။ ဘာဝနာတစ်မျိုးသာရှိ၏၊

၃။ ထိုမနောကံဘာဝနာသည် အပ္ပနာစျာန်သို့ရောက်သော မနောကံ၊ ဘာဝနာမယဖြစ်၏။

၄။ စျာန်အင်္ဂါတို့ယှဉ်ပုံငါးမျိုးပြားသောကြောင့် ရူပါဝစရကုသိုလ်ကံသည် ငါးမျိုးပြားရ၏။

## အရူပါဝစရကုသိုလ်ကံလေးပါး

အရူပါဝစရကုသိုလ်ကံသည်လည်း

၁။ မနောကံတစ်မျိုးသာရှိ၏။

၂။ ဘာဝနာမယသာဖြစ်၏။

၃။ အပ္ပနာသို့ရောက်၏။

၄။ အာရုံလေးမျိုးပြားသောကြောင့် အရူပါဝစရကုသိုလ်ကံသည် လေးမျိုးပြား၏။

## ကာမကံ၏အကျိုးပေးရာဘုံ

**အကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန**

အကုသိုလ်ကံသည်

| | | |
|---|---|---|
| ၁။ | ပဋိသန္ဓေအခါ၌အပါယ် | ၄ – ဘုံ |
| ၂။ | ပဝတ္တိအခါ၌ ကာမ | ၁၁ – ဘုံ |
| | အသညသတ်ကြဉ်ရူပ | ၁၅ – ဘုံ တို့၌ အကျိုးပေး၏။ |

**ရှင်းလင်းချက်**။ ဥဒ္ဓစ္စသဟဂုတ်မှ တစ်ပါးသောအကုသိုလ်ကံ တစ်ဆယ့်တစ်ပါးသည် အပါယ်လေးဘုံ၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟူသော ပဋိသန္ဓေအကျိုးကိုပေး၏။

အကုသိုလ်ကံတစ်ဆယ့်နှစ်ပါးလုံးသည် ကာမတစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ်ရူပ တစ်ဆယ့်ငါးဘုံတို့၌ အကုသလဝိပါက်ခုနစ်ပါးဟူသော ပဝတ္တိအကျိုးကိုပေး၏။

**ဆောင်**။ ဥစ်–စေကြဉ်လစ်၊ ကံဆယ့်တစ်၊ ဖြစ်စေပါယ်သန္ဓိ၊
ဥဒ္ဓစ္စပါ၊ ဆယ့်နှစ်ဖြာမူ၊ ကာမေရူပေ၊ ပဝတ္တေ၊ ဖြစ်စေအကုဝိ။

## ကာမကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန

ကာမာဝစရကုသိုလ်ကံသည် –

| | | |
|---|---|---|
| ၁။ | ပဋိသန္ဓေအခါ၌ကာမသုဂတိ | ၇ – ဘုံ |
| ၂။ | ပဝတ္တိအခါ၌ ကာမ | ၁၁ – ဘုံ |
| | အသညသတ်ကြဉ်ရူပ | ၁၅ – ဘုံ တို့၌ အကျိုးပေး၏။ |

**ရှင်းလင်းချက်**။ ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိခုနစ်ဘုံ၌သာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ မဟာဝိပါက်စိတ်ရှစ်ပါးဟူ၍ ဤကာမသုဂတိပဋိသန္ဓေ (၉) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၏။

ကာမသုဂတိခုနစ်ဘုံ၌ မဟာဝိပါက်စိတ်ရှစ်ပါးဟူသော ပဝတ္တိအကျိုး၊ ကာမတစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံတို့၌ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါးဟူသော ပဝတ္တိအကျိုးကိုပေး၏။

**ဆောင်**။ ကာကုရှစ်သာ၊ ကာသုမှာ၊ ကိုးဖြာသုသန္ဓိ။
ဝိပါက်မဟာ၊ ကာသုမှာ၊ ကာ–ရူ ရှစ်–ကုဝိ။

## ကာမာဝစရကုသိုလ်ကံအပြား

ကာမာဝစရကုသိုလ်ကံသည် တိဟိတ်ကုသိုလ်ကံ၊ ဒွိဟိတ်ကုသိုလ်ကံဟု နှစ်မျိုးပြား၏။

**တိဟိတ်ကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ မက်မောတွယ်တာမှုမရှိဘဲ အရာရာကို စွန့်လွှတ်နိုင်မှု အလောဘ၊ သတ္တဝါများ အပေါ်၌ ချစ်ခင်ပြီး အကျိုးလိုလားမှု အဒေါသ၊ ကံ၊ ကံ၏အကျိုးကို သိမြင်တတ်သော ကမ္မဿကတာဉာဏ်နှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် ဆင်ခြင်တတ်သော ဝိပဿနာဉာဏ် (အမောဟ) ဟူသော ဟိတ်သုံးပါး ယှဉ်တွဲပါဝင်သော ကုသိုလ်ကို တိဟိတ်ကုသိုလ်ခေါ်၏။ ထိုတိဟိတ်ကုသိုလ်ဟူသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးပါးပင်ဖြစ်၏။

**ဒွိဟိတ်ကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ ကံ၊ ကံ၏အကျိုးကို သိမြင်နားလည်သော ကမ္မဿကတာဉာဏ် ယှဉ်တွဲလျက် ပါဝင်မှုမရှိသော ကုသိုလ်ကို အလောဘ၊ အဒေါသ ဟိတ်နှစ်ပါး ပါဝင်သောကြောင့် ဒွိဟိတ်ကုသိုလ်ခေါ်၏။ ထိုဒွိဟိတ်ကုသိုလ်ဟူသည် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးပါးပင်ဖြစ်၏။

## တိဟိတ်ကုသိုလ်နှစ်မျိုး

တိဟိတ်ကုသိုလ်သည် တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ တိဟိတ်ဩမကကုသိုလ်ဟု နှစ်မျိုးပြား၏။

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ ကုသိုလ်များ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသောကုသိုလ်ကို သတိရတိုင်း အဖန်ဖန် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော်လည်းကောင်း၊ ထိုကုသိုလ်မျိုးကို မြင့်မြတ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ခေါ်၏။

**တိဟိတ်ဩမကကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ အကုသိုလ်ဟာရေးများ ခြံရံ

နေသော်လည်းကောင်း၊ ပြုလုပ်ပြီးသောကုသိုလ်ကို သတိရတိုင်း စိတ်နှလုံး မသာမယာဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်မျိုးကို အညံ့စား တိဟိတ် ဩမကကုသိုလ်ခေါ်၏။

**ဆောင်**။ ဟိတ်ဥက္ကဋ္ဌ၊ ဩမကံ၊ နှစ်တန်ခွဲဝေသိ။
သုကုသလံ၊ ရှေ့နောက်ရံ၊ ထက်သန်ဥက္ကဋ္ဌ။
အကုသလံ၊ ရှေ့နောက်ရံ၊ ယုတ်ပြန်ဩမကာ။

## ဒွိဟိတ်ကုသိုလ်နှစ်မျိုး

ဒွိဟိတ်ကုသိုလ်ကံသည်လည်း ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ဒွိဟိတ်ဩမက ကုသိုလ်ဟု နှစ်မျိုးပြား၏။

**ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ အမောဟဟိတ်မပါဘဲ အလောဘ၊ အဒေါသဟိတ်နှစ်ပါးသာ ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ ကုသိုလ်များ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသော ကုသိုလ်ကို သတိရတိုင်း အဖန်ဖန် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ခေါ်၏။

**ဒွိဟိတ်ဩမကကုသိုလ်**။ ကုသိုလ်ပြုလုပ်သောအခါ အမောဟဟိတ်မပါဘဲ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးသာ ပါဝင်ပြီး ကုသိုလ်မပြုလုပ်မီမှာဖြစ်စေ၊ ပြုလုပ်ပြီးနောက်မှာဖြစ်စေ အကုသိုလ်တရားများ ခြံရံနေသော်လည်းကောင်း၊ ပြုလုပ်ပြီးသောကုသိုလ်ကို သတိရတိုင်း စိတ်နှလုံး မသာမယာဖြစ်နေသော်လည်းကောင်း ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဩမက ကုသိုလ် ခေါ်၏။

## ကာမာဝစရကုသိုလ်ကံလေးမျိုး

အချုပ်အားဖြင့် ကာမာဝစရကုသိုလ်ကံသည် -

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊

၂။ တိဟိတ်ဩမကကုသိုလ်ကံ၊
၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊
၄။ ဒွိဟိတ်ဩမကကုသိုလ်ကံဟု လေးမျိုးပြား၏။

## ကာမကုသိုလ်ကံလေးမျိုးအကျိုးပေးပုံ

| ကုသိုလ်ကံ၄မျိုး | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး | သင်္ချာ |
|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | မဟာဝိပါက်ဉာဏသမ် ၄ | မဟာဝိပါက် ၈ အဟိတ်ကုသလဝိပါက် ၈ | ၁၆ |
| တိဟိဩမက ဒွိဟိတ်ဥက္ကဋ္ဌ | မဟာဝိပါက်ဉာဏဝိပ် ၄ | မဟာဝိပါက်ဉာဏဝိပ် ၄ အဟိတ်ကုသလဝိပါက် ၈ | ၁၂ |
| ဒွိဟိတ်ဩမက | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ | အဟိတ်ကုလဝိပါက် ၈ | ၈ |

## ရှင်းလင်းချက်

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်လေးပါးဟူသော တိဟိတ်ပဋိသန္ဓေအကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးသောအကျိုးကို ပေး၏။

၂။ တိဟိတ်ဩမကကုသိုလ်ကံနှင့် ဒွိဟိဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်လေးပါးဟူသော ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ပေါင်း ၁၂ ပါးသော အကျိုးကို ပေး၏။

၃။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဟူသော သုဂတိ အဟိတ်

ပဋ္ဌိသန္ဓေအကျိုးကိုပေး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးဟူသော အကျိုးကိုပေး၏။

**မှတ်ချက်။** ဤဆိုခဲ့ပြီးသော ဝါဒသည် (အများသဘောတူ လက်ခံအတည်ပြု ထားသော တိပိဋကစူဠနာဂထေရ်၏အယူအဆ) သမာနဝါဒဖြစ်၏။

**ဆောင်။** တိဥက်–တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ၊ ဆယ့်ခြောက်သာ။
တိသြ–ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ၊ ဆယ့်နှစ်သာ။
ဒွိဥက်–ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ၊ ဆယ့်နှစ်သာ။
ဒွိသြ–ကုဝိ၊ သန်–သန္ဓိ၊ ပဝတ္တိ၊ ကုရှစ်သာ။

**ကေစိဝါဒ။** အသင်္ခါရိကကုသိုလ်ကံသည် သသင်္ခါရိက အကျိုးကို မပေးနိုင်။ သသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကအကျိုးပေး မပေးနိုင်။

ဟု ကေစိ (အချို့) ဆရာက မိန့်ဆို၏။

### ကေစိဝါဒအရ ကာမကုသိုလ်ကံလေးမျိုးအကျိုးပေးပုံ

| ကာမကုသိုလ်ကံ | သင်္ခါရ | ပဝတ္တိအကျိုး | သင်္ချာ |
|---|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | အသင်္ခါရိက | အဟိတ်ကုသလဝိပါက် ၈<br>မဟာဝိပါက်အသင်္ခါရိက ၄ | ၁၂ |
| | သသင်္ခါရိက | အဟိတ်ကုသလဝိပါက် ၈<br>မဟာဝိပါက်သသင်္ခါရိက ၄ | ၁၂ |
| တိဟိတ်သြမက<br>ဒွိဟိတ်ဥက္ကဋ္ဌ | အသင်္ခါရိက | အဟိတ်ကုသလဝိပါက် ၈<br>မဟာဝိပါက်ဉာဏဝိပ်အသင်္ခါရိက ၂ | ၁၀ |
| | သသင်္ခါရိက | အဟိတ်ကုသလဝိပါက် ၈<br>မဟာဝိပါက်ဉာဏဝိပ်သသင်္ခါရိက ၂ | ၁၀ |
| ဒွိဟိတ်သြမက | အသင်္ခါရိက<br>သသင်္ခါရိက | အဟိတ်ကုသလဝိပါက် ၈ | ၈ |

## ရှင်းလင်းချက်

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကနှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက် အသင်္ခါရိကစိတ်လေးပါး၊ ပေါင်း တစ်ဆယ့်နှစ်ပါးသောအကျိုးကို ပေး၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်နှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်သသင်္ခါရိကစိတ်လေးပါး၊ ပေါင်း တစ်ဆယ့်နှစ်ပါး။

၂။ တိဟိတ်ဩမကကုသိုလ်ကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် အသင်္ခါရိက ကုသိုလ်ကံနှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်နှစ်ပါး ပေါင်း ဆယ်ပါး။

သသင်္ခါရိကကုသိုလ်ကံနှစ်ပါးဖြစ်အံ့၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်နှစ်ပါး ပေါင်း ဆယ်ပါး။

၃။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် အသင်္ခါရိက၊ သသင်္ခါရိက နှစ်မျိုးလုံးပင် အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါးဟူသော အကျိုးကိုပေး၏။

**မှတ်ချက်**။ မောရဝါပီအရပ်၌ သီတင်းသုံးနေတော်မူသော မဟာဒတ္တ ထေရ်၏ အယူဝါဒကို ကေစိဝါဒခေါ်၏။

## ရူပါဝစရကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာန

ရူပါဝစရ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်တို့တွင် ရူပါဝစရကုသိုလ်စျာန်တစ်ခုခုသည် ပရိတ္တစျာန်၊ မဇ္ဈိမစျာန်၊ ပဏီတစျာန်ဟု သုံးပါးစီပြား၏။

**ဆောင်** ။ ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတ၊ သုံးစျာန်ကိုယ်စီပြ။

**ပရိတ္တစျာန်** ။ ပြုလုပ်အားထုတ်စဉ် ပျော့ညံ့သောဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ တို့နှင့်ယှဉ်တွဲဖြစ်သောစျာန်သည် ပရိတ္တစျာန်မည်၏။

**မဇ္ဈိမစျာန်** ။ ပြုလုပ်အားထုတ်စဉ် အလယ်အလတ်ဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့နှင့် ယှဉ်တွဲဖြစ်သောစျာန်သည် မဇ္ဈိမစျာန် မည်၏။

**ပဏီတစျာန်**။ ပြုလုပ်အားထုတ်စဉ် မြင့်မြတ်ထက်သန်သောဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့နှင့် ယှဉ်တွဲဖြစ်သော စျာန်သည် ပဏီတစျာန်မည်၏။

**ဆောင်** ။ ဆန်၊ ဝီ၊ စိတ်၊ မံ သုံးမျိုးတန်၊ သုံးစျာန်ကွဲပြားမှု။

**ရူပါဝစရစျာန်၏အကျိုးပေးရာဘုံ**

| စျာန်စိတ် | အမျိုးအစား | ဘုံ | ဝိပါက်စိတ် |
|---|---|---|---|
| ပထမစျာန် | ပရိတ္တ | ဗြဟ္မပါရိသဇ္ဇာ | ရူပါဝစရပထမစျာန်ဝိပါက်စိတ် |
| | မဇ္ဈိမ | ဗြဟ္မပုရောဟိတာ | ။ |
| | ပဏီတ | မဟာဗြဟ္မာ | ။ |
| ဒုတိယ တတိယစျာန် | ပရိတ္တ | ပရိတ္တာဘာ | ရူပါဝစရဒု,တတိယစျာန်ဝိပါက်စိတ် |
| | မဇ္ဈိမ | အပ္ပမာဏာဘာ | ။ |
| | ပဏီတ | အာဘဿရာ | ။ |
| စတုတ္ထစျာန် | ပရိတ္တ | ပရိတ္တသုဘာ | ရူပါဝစရစတုတ္ထစျာန်ဝိပါက်စိတ် |
| | မဇ္ဈိမ | အပ္ပမာဏသုဘာ | ။ |
| | ပဏီတ | သုဘကိဏှာ | ။ |
| ပဉ္စမစျာန် | | ဝေဟပ္ဖိုလ်ဘုံ | ရူပါဝစရပဉ္စမစျာန်ဝိပါက် |
| | | အသညသတ်ဘုံ | ဇီဝိတနဝကကလာပ် |
| | | သုဒ္ဓါဝါသငါးဘုံ | ရူပါဝစရပဉ္စမစျာန်ဝိပါက် |

## ရှင်းလင်းချက်

### ပထမစျာန်၏အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရပထမစျာန် ကုသိုလ်စိတ်သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ရူပါဝစရပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရပထမစျာန် ကုသိုလ်စိတ်သည် ဗြဟ္မပုရောဟိတာဘုံ၌ ရူပါဝစရပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရပထမစျာန်ကုသိုလ်စိတ်သည် မဟာဗြဟ္မာဘုံ၌ ရူပါဝစရပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

### ဒုတိယစျာန်၊ တတိယစျာန်၏ အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ကုသိုလ်သည် ပရိတ္တာဘာဘုံ၌ ရူပါဝစရဒုတိယ၊ တတိယစျာန် ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ကုသိုလ်သည် အပ္ပမာဏာဘာဘုံ၌ ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရဒုတိယစျာန်၊ တတိယစျာန်ကုသိုလ်သည် အာဘဿရာဘုံ၌ ရူပါဝစရဒုတိယစျာန်၊ တတိယစျာန် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

### စတုတ္ထစျာန်၏အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ပရိတ္တစျာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထစျာန်ကုသိုလ်

သည် ပရိတ္တသုဘာဘုံ၌ ရူပါဝစရစတုတ္ထဈာန်ဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ မဇ္ဈိမဈာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထဈာန်ကုသိုလ်သည် အပ္ပမာဏသုဘာဘုံ၌ ရူပါဝစရစတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၃။ ပဏီတဈာန်ဖြစ်အောင် ပွားများအပ်သော ရူပါဝစရစတုတ္ထဈာန်ကုသိုလ်သည် သုဘကိဏှာဘုံ၌ ရူပါဝစရစတုတ္ထဈာန်ဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

## ရူပါဝစရပဉ္စမဈာန်ကုသိုလ်၏ အကျိုးပေးရာဘုံနှင့် ပဋိသန္ဓေစိတ်

၁။ ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဝေဟပ္ဖိုလ်ဘုံ၌ ရူပါဝစရ ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

၂။ သညာဝိရာဂဘာဝနာဖြစ်အောင် ပွားများအပ်သော ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်သည် အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ်ဟူသော ရုပ်ပဋိသန္ဓေကို ဖြစ်စေပါသည်။

၃။ ရူပါဝစရပဉ္စမဈာန်ကုသိုလ်သည် သုဒ္ဓါဝါသငါးဘုံ၌ ရူပါဝစရ ပဉ္စမဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

**မှတ်ချက်**။ ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာနကို ဖော်ပြပါဟုမေးလျှင် ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံဟုဖြေပါ။

**သညာဝိရာဂဘာဝနာ**။ သညာကို စက်ဆုပ်သော ဘာဝနာကို သညာဝိရာဂဘာဝနာခေါ်၏။ ပဉ္စမဈာန်ကိုရပြီးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အမှတ်သညာရှိနေခြင်းကြောင့် အရာရာကို လိုချင်တောင့်တမှု၊ စိုးရိမ်ကြောင့်ကြမှု စသော ဆင်းရဲတရားများဖြစ်ကြရ၏။ အမှတ်သညာသည်

အိုင်းအမာနှင့်တူ၏၊ ရောဂါဆိုးနှင့်တူ၏၊ ရုပ်ခန္ဓာချည်းသာရှိနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ ငြိမ်းချမ်းအေးမြနေမည်သာဖြစ်၏။ ဤသို့ စသည်ဖြင့် သညာနှင့်တကွ စိတ်စေတသိက်ဟူသော နာမ်တရားများအပေါ်၌ အပြစ်မြင်လျက် ရူပါဝစရ ပဉ္စမစျာန်ကို ထပ်ကာထပ်ကာဝင်စား၏။

ထို့နောက် စျာန်မှထပြီးသောအခါ ''သညာဂဏ္ဍော၊ သညာရောဂေါ၊ ဓိစိတ္တံ၊ ဓိဗ္ဗတံ စိတ္တံ'' ဟု သညာကို စက်ဆုပ်သော ဘာဝနာကို ပွားများ၏။ ဤသို့ ပွားများအပ်သော ဘာဝနာကို သညာဝိရာဂဘာဝနာခေါ်၏။ ထိုသညာဝိရာဂဘာဝနာဖြစ်အောင် ပွားများအပ်သော ပဉ္စမစျာန်သည် အသညသတ်ဘုံ၌ အကျိုးပေး၏။

**ဆောင်**။ နာမ်ပျောက်ကင်းစေ၊ ဆုပန်တွေ၊ သညေရုပ်အစု။

## သုဒ္ဓါဝါသဘုံ၌ပဋိသန္ဓေနေခွင့်ရှိသူ

ပဉ္စမစျာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များသာ သုဒ္ဓါဝါသငါးဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်ခွင့်ရှိကြ၏။

**မှတ်ချက်**။ သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ဟူ၍ ပုဂ္ဂိုလ်သုံးယောက်သာ ရနိုင်၏။ သို့သော် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ ပဋိသန္ဓေနေခွင့်မရှိသောကြောင့် သုဒ္ဓါ ဝါသငါးဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်တစ်ဦးသာ ပဋိသန္ဓေနေခွင့်ရှိ၏။

## သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်များဖြစ်ပုံ

ပဉ္စမစျာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များ သုဒ္ဓဝါသငါးဘုံ၌ ဖြစ်ကြသော အခါ ဣန္ဒြေငါးပါး ထက်မြက်ပုံအစဉ်အားဖြင့် ဖြစ်ကြ၏။

၁။ သဒ္ဓိန္ဒြေ ထက်မြက်လျှင် အဝိဟာဘုံ၌ ဖြစ်ရ၏။

၂။ ဝီရိယိန္ဒြေ ထက်မြက်လျှင် အတပ္ပါဘုံ၌ ဖြစ်ရ၏။

၃။ သတိန္ဒြေ ထက်မြက်လျှင် သုဒဿာဘုံ၌ ဖြစ်ရ၏။

၄။ သမာဓိန္ဒြေ ထက်မြက်လျှင် သုဒဿီဘုံ၌ ဖြစ်ရ၏။

၅။ ပညိန္ဒြေ ထက်မြက်လျှင် အကနိဋ္ဌာဘုံ၌ ဖြစ်ရ၏။

**ဆောင်**။ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ဓိပညာ၊ ငါးဖြာဣန္ဒြေခင်း။
သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစားစဉ်တိုင်းသွင်း။

**အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာန**

၁။ အာကာသာနဉ္စာယတနကုသိုလ်ကံသည် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။

၂။ ဝိညာဏဉ္စာယတနကုသိုလ်ကံသည် ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။

၃။ အာကိဉ္စညာယတနကုသိုလ်ကံသည် အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတနဝိပါက်ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။

၄။ နေဝသညာ နာသညာယတနကုသိုလ်ကံသည် နေဝသညာ နာသညာယတနဘုံ၌ နေဝသညာ နာသညာ ယတနဝိပါက် ပဋိသန္ဓေစိတ်ကို ဖြစ်စေ၏။

**တူသောအကျိုးကိုပေးခြင်း**

မဟဂ္ဂုတ်ကုသိုလ်ကံသည် ပိုင်းခြားသတ်မှတ်ထားသောဘုံ၌ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ တူသောအကျိုးကိုပေး၏။

**မဟဂ္ဂုတ်ကုသိုလ်ကံ၏တူသောအကျိုးပေးပုံ**

ပထမဈာန်ကုသိုလ်သည် ပထမဈာန်ဘုံ၌ ပထမဈာန် ဝိပါက်အကျိုးကိုပေး၏။

ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်သည် ဒုတိယဈာန်ဘုံ၌ ဒုတိယ၊ တတိယဈာန်ဝိပါက်အကျိုးကိုပေး၏။

စတုတ္ထဈာန်ကုသိုလ်သည် တတိယဈာန်ဘုံ၌ စတုတ္ထဈာန်ဝိပါက် အကျိုးကိုပေး၏။

ပဉ္စမဈာန်ကုသိုလ်သည် စတုတ္ထဈာန်ဘုံ၌ ပဉ္စမဈာန်ဝိပါက်အကျိုးကို ပေး၏။

**အမှာ**။ အရူပကုသိုလ်ကံ၏ တူသောအကျိုးပေးပုံကို ''အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာ ဘုံဌာန'' ဟူသော ခေါင်းစဉ်ဖြင့် အထက်က ရေးခဲ့ပြီ၊ ပြန်ကြည့်၍ ယင်းအတိုင်း ဆက်ရေးပါ။

### ကာမာဝစရကံနှင့် မဟဂ္ဂုတ်ကံတို့၏ အကျိုးပေးထူးခြားပုံ

၁။ အကုသိုလ်ကံသည် မတူသောအကျိုးတစ်မျိုးကိုသာ ပေးနိုင်၏။

၂။ ကာမာဝစရကုသိုလ်ကံသည် တူသောအကျိုး၊ မတူသောအကျိုး နှစ်မျိုးလုံးကိုပေး၏။

၃။ မဟဂ္ဂုတ်ကုသိုလ်ကံသည် တူသောအကျိုးကိုသာ ပေးနိုင်၏။

ဤသို့ အကျိုးပေးပုံ ထူးခြား၏။

### __''လေ့ကျင့်ခန်းမေးခွန်း''__

၁။ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ဝေါဟာရတို့၏ အဓိပ္ပါယ်ရှင်းပြ၍ အဘာယ်ကို ကံခေါ်ပါသနည်း။

၂။ ဇနကကံ ဥပတ္ထမ္ဘကကံတို့၏ အဓိပ္ပာယ်ကိုရေး၍ အကျိုးပေးလှည့်အစဉ်အားဖြင့် ပြားသောကံလေးမျိုးကို ဖော်ပြခဲ့ပါ။

၃။ ပဋ္ဌာနန္တရိယကံအဓိပ္ပာယ်နှင့် အပြားကိုဖော်ပြ၍ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အဓိပ္ပာယ်ကိုရှင်းပြပါ။

၄။ ပကိဏ်းပိုင်း ဒွါရသင်္ဂဟလာ ကာယဒွါရအရနှင့် ကမ္မစတုက္ကလာ ကာယဒွါရအရတို့၏ ထူးခြားပုံကို ရေးခဲ့ပါ။

၅။ မျက်မှောက်ခေတ်၌ သန္ဓေဖျက်မှု၊ ခိုးဝှက်လုယူမှု၊ တရားဝင်လင်ယောကျ်ားမရှိဘဲ သန္ဓေတည်မှု စသော ဒုစရိုက်မှုများ တစ်နေ့တခြား တိုးပွားလာနေသည်ကို တွေ့ရ၏။ လူသားများသန္တာန်၌ အဘယ်ဒုစရိုက်တရားများသည် ဘယ်တရားများကြောင့် ထိုသို့ တိုးပွားလာရပါသနည်း။ ဖြေဆိုခဲ့ပါ။

၆။ ပိသုဏာဝါစာဒုစရိုက်၊ ပိသုဏာဝါစာဝိရတိသုစရိုက်၊ ဝေယျာဝစ္စတို့သည် စိတ်အားဖြင့် အဘယ်စိတ်များဖြစ်ကြပါသနည်း။

၇။ လောဘ၊ ဒေါသဟူသော မူလနှစ်ပါးကြောင့်ဖြစ်သော အကုသလကမ္မပထတရားတို့ကို ဖော်ပြ၍၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း တက်ရောက်ထားသော ကျောင်းသား၊ ကျောင်းသူလေးများသည် အဘွားကို မုန့်ဝယ်ကျွေးပြီး အဘွား၏ အဝတ်ကို ဖွပ်လျှော်ပေး၏၊ အဘွားကို ရိုရိုသေသေ ရှိခိုးကန်တော့၏။ ယင်းကျောင်းသား၊ ကျောင်းသူလေးများ သန္တာန်၌ အဘယ်ပုညကြိယဝတ္ထုများဖြစ်ပေါ်နေပါသနည်း။

၈။ ပတ္တိဒါန၊ ဓမ္မဒေသနာတို့၏အဓိပ္ပာယ်ကိုရေး၍၊ ပုညကြိယဝတ္ထု ဆယ်ပါးက သုံးပါးဖြစ်လာပုံကိုရေးပါ။

၉။ အကုသိုလ်ကံ၏ အကျိုးပေးရာဘုံတို့ကိုရေး၍ အဘယ်ကုသိုလ်မျိုးကို တိဟိတ်ကုသိုလ်ခေါ်ပါသနည်း။

၁၀။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်၏ အဓိပ္ပာယ်ကိုရေး၍ ထိုတိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဝတ္တိအကျိုးကို သမာနဝါဒ၊ ကေစိဝါဒအရ ခွဲခြားဖော်ပြခဲ့ပါ။

၁၁။ အဘယ်ပုဂ္ဂိုလ်၏ အယူအဆကို သမာနဝါဒ၊ ကေစိဝါဒဟု ခေါ်ပါသနည်း။

## အခန်း (၄)

## မရဏုပ္ပတ္တိစတုက္က

သေခြင်းဖြစ်ပုံလေးမျိုးအပေါင်းကို မရဏုပ္ပတ္တိစတုက္កခေါ်၏။

လောက၌ သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု အချင်းချင်း အကြောင်းအကျိုး ဆက်သွယ်လျက်ဖြစ်ပေါ်နေကြသော နိယာမတရားများသာ ဖြစ်ကြ၏။ အကြောင်းအကျိုးဆက်သွယ်လျက် ဖြစ်ပေါ်ပုံကို ဗုဒ္ဓက ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ သစ္စာလေးပါးနည်းဟု နည်းသုံးမျိုးဖြင့် ဟောပြတော်မူခဲ့၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားများ ပြုပြင်စီမံမှုကြောင့် ဖြစ်ပေါ်နေကြသော တရားများကို သင်္ခတ တရားခေါ်၏။ ထိုသင်္ခတ တရားတို့မှာ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အတ္တမဟုတ်ခြင်းဟု အမှတ်အသားလက္ခဏာသုံးမျိုးရှိကြ၏။ အကြောင်းတရားလည်း မမြဲခြင်းလက္ခဏာရှိ၏၊ အကျိုးတရားလည်း မမြဲခြင်းလက္ခဏာရှိ၏၊ သဘာဝနာမ်ရုပ်တရားတိုင်း၌ သက်တမ်းများရှိကြ၏။ ထိုသတ်မှတ်သက်တမ်းကုန်ဆုံးသွားသောအခါ အကြောင်းတရား ပျက်စီးသွား၏။ အကြောင်းတရား ပျက်စီးခြင်းကြောင့် ယင်းအကြောင်းတရားကို အခြေခံ၍ ဖြစ်ပေါ်နေသော အကျိုးတရားလည်း ပျက်စီးသွားရ၏။

သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ဖွဲ့စည်းဖြစ်ပေါ်နေကြသော နာမ်ရုပ်တရားများသည် စက္ကန့်တိုင်း၊ မိနစ်တိုင်း၌ အမြဲချုပ်ပျောက်ပျက်စီးနေကြ၏။ ယင်းပျက်စီးခြင်းကို ခဏိကမရဏ (ပရမတ္ထမရဏ) ခေါ်၏။

လောကမျက်မြင်အားဖြင့် သတ္တဝါများသည် တစ်ဘဝတွင်တစ်ကြိမ် သေရမြဲဖြစ်၏။ မသေသူမရှိ၊ ထိုသို့ တစ်ဘဝတွင် တစ်ကြိမ် သေပျောက်ပျက်စီးမှုကို သမ္မုတိမရဏခေါ်၏။

ထိုသို့ သတ္တဝါတိုင်း သေရမည်ဖြစ်၍ လူတို့ အသက်တမ်းတိုတောင်းပုံကို သိရှိပြီး နောင်ဘဝ၌ ဘဝကောင်းကို တည်ထောင်နိုင်ရန် ကုသိုလ်တရား

ကို ကြိုတင်ပြုလုပ်ထားဖို့ ဗုဒ္ဓက အောက်ပါအတိုင်း သတိပေး မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ လူတို့၏အသက်သည် တိုတောင်းလှ၏၊ တမလွန်ဘဝသို့ သွားရောက်ရမည်၊ စွန့်ကြဲလှူဒါန်းမှုဒါန၊ ကိုယ်ကျင့်သီလကို စောင့်ထိန်းမှု သီလ စသော ကုသိုလ်တရားကို ပြုလုပ်ရမည်၊ မွေးဖွားသူမှာ မသေသူမရှိ''။

## သေခြင်းလေးမျိုး

၁။ **အာယုက္ခယမရဏ** = အသက်တမ်းကုန်မှုကြောင့် သေရခြင်း၊

၂။ **ကမ္မက္ခယမရဏ** = ကံစွမ်းအားကုန်မှုကြောင့် သေရခြင်း၊

၃။ **ဥဘယက္ခယမရဏ** = အသက်တမ်း၊ ကံစွမ်းအား နှစ်ပါးစုံကုန်မှုကြောင့် သေရခြင်း၊

၄။ **ဥပစ္ဆေဒကမရဏ** = အခြားကံတစ်မျိုးမျိုး ဝင်ရောက်သတ်ဖြတ်မှုကြောင့် သေရခြင်း။

ဤသို့ သေခြင်းတရားလေးမျိုးပြား၏။

**ဆောင်**။ အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ချွေ၊ သေမြဲပေ၊ လေးထွေမရဏ။

## ဥပစ္ဆေဒကကံကြောင့် မသေနိုင်သောသတ္တဝါများ

၁။ ငရဲသူ ငရဲသား၊

၂။ မြောက်ကျွန်းသူ မြောက်ကျွန်းသား၊

၃။ အချို့နတ်များ။

## သေခါနီး၌ အာရုံများထင်လာပုံ

သတ္တဝါများသေခါနီးအချိန် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံသုံးမျိုးတွင် တစ်မျိုးမျိုး ထင်လာတတ်၏။

## ရှင်းလင်းချက်

၁။ သေခြင်းအကြောင်းတရား လေးပါးတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် သေကြေရသော သတ္တဝါများ သေခါနီးအချိန်၌ ဘဝသစ်မှာ ပဋိသန္ဓေကို ဖြစ်ပေါ်စေနိုင်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်မျိုးမျိုးသည်သော်လည်း မိမိပြုလုပ်ခဲ့သောကံအများထဲမှ ရွေးရှုပြု ထွက်လာသကဲ့သို့ မနောဒွါရ၌ ထင်လာတတ်၏။

၂။ ထိုကံကို ပြုလုပ်စဉ်အခါက တွေ့ကြုံခဲ့ရသော ရူပါရုံစသော ကမ္မနိမိတ်အာရုံသော်လည်း ဒွါရခြောက်ပါး၌ ထိုက်သည်အားလျော်စွာ ထင်လာတတ်၏။

၃။ လားရောက်ရမည့်ဘဝသစ်၌ တွေ့ကြုံခံစားရလတ္တံ့သော ဂတိနိမိတ်အာရုံသော်လည်း မနောဒွါရ၌ထင်လာတတ်၏။

**ဆောင်**။ ၁။ အကုသိုလ်နှင့်၊ ကုသိုလ်ကမ္မ၊ ဇနက၊ ခွင့်ရရွေးရှုကံ။

၂။ ကံပြောက်ကြောင်းဟူ၊ ဆောက်အဦ၊ မှတ်ယူနိမိတ္တံ။

၃။ လားရာဂတိ၊ ထိုမှာမှီ၊ ဂတိနိမိတ္တံ။

၄။ ထိုသုံးပါးတွင် တစ်အင်အင်၊ ထင်မြဲထုံးအမှန်။

## ကံစွမ်းအားကြောင့်ထင်လာ

ထိုသို့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံများ ထင်လာခြင်းသည် ပဋိသန္ဓေအကျိုးကိုပေးမည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ စွမ်းအား ကြောင့် ထင်လာခြင်းသာဖြစ်၏။

**ကံအာရုံ**။ မိမိသန္တာန်၌ ပါရှိပြီး ယခုအခါတွင် အကျိုးပေးခွင့်ရသဖြင့် အသင့်ရွေးရှုတည်ရှိနေသော အကုသိုလ်ဇနကကံနှင့် ကုသိုလ်ဇနက ကံများသည် ကံအာရုံမည်၏။

**ကမ္မနိမိတ်။** ကံကိုပြုလုပ်စဉ်အခါက တွေ့ကြုံခဲ့သမျှသော အာရုံများကို ကမ္မနိမိတ်ခေါ်၏။ ထိုကမ္မနိမိတ်များသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်၊ ဥပကရဏဘူတ ကမ္မနိမိတ်ဟု နှစ်မျိုးပြား၏။

**ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်**

ကံနှင့်ဆက်သွယ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံကို ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်ခေါ်၏။

**ဥပကရဏဘူတကမ္မနိမိတ်**

ကံပြီးမြောက်ဖို့ရာ အခြံအရံမျှဖြစ်သော အပဓာနအာရုံကို ဥပကရဏဘူတကမ္မနိမိတ်ခေါ်၏။

ဥပမာ ကျောင်းဆောက်လုပ်လှူဒါန်းရာ၌ –

၁။ ကျောင်းသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်မည်၏။

၂။ သင်္ကန်းစသော လှူဖွယ်အခြံအရံပစ္စည်းများသည် ဥပကရဏဘူတကမ္မနိမိတ်မည်၏။

ဘုရားကို ပန်းလှူရာ၌ –

၁။ ဘုရားသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်မည်၏။

၂။ ပန်းသည် ဥပကရဏဘူတကမ္မနိမိတ်မည်၏။

သား၊ ငါးကို သတ်ဖြတ်ရာ၌ –

၁။ သားငါးသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်မည်၏။

၂။ ပိုက်ကွန်စသော လက်နက်များသည် ဥပကရဏဘူတကမ္မနိမိတ်မည်၏။

**ဆောင်။** ၁။ ကျောင်းကန်ဘုရား၊ စေတီများနှင့်၊ သားငါးဥစ္စာ၊ သူ့အိမ်ရာ၊ များစွာဥပလဒ်။

၂။ ကျောင်းဆောက်လှူခန်း၊ ဆွမ်းသင်္ကန်းတည့်၊ ပန်းနှင့်ဘုရား၊ သားငါးတို့တွက်၊ လက်နက်လှံကံ၊ ခြံရံဟူသမျှ၊ အဝဝ၊ ဥပကရဏာမှတ်။

**ဂတိနိမိတ်**။ လားရောက်ရမည့်ဘဝ၌ တွေ့ကြုံရမည့် အာရုံဟူသမျှကို ဂတိနိမိတ်ခေါ်၏။ ထိုဂတိနိမိတ်သည် ဥပလဘိတဗ္ဗဂတိနိမိတ်၊ ဥပဘောဂ ဂတိနိမိတ်ဟု နှစ်မျိုးပြား၏။

## ဥပလဘိတဗ္ဗဂတိနိမိတ်

တိုက်ရိုက်ရောက်ထိုက်သောအရပ်ကို ဥပလဘိတဗ္ဗဂတိနိမိတ်ခေါ်၏။ လူ့ဘုံသို့သွားမည့်သူဖြစ်လျှင် အမိဝမ်းရေ၊ ငရဲသို့ရောက်မည့်သူဖြစ်လျှင် ငရဲဘုံ၊ ပြိတ္တာဖြစ်မည့်သူဖြစ်လျှင် တောတောင် စသည်၊ နတ်ပြည်သို့ရောက်မည့်သူဖြစ်လျှင် နတ်ဘုံ၊ ဗိမာန် စသည်များဖြစ်၏။

## ဥပဘောဂ ဂတိနိမိတ်

ထိုထိုဘုံဘဝ၌ တွေ့ကြုံခံစားရမည့်အတွင်းအပ အသုံးအဆောင် အခြွေအရံများကို ဥပဘောဂ ဂတိနိမိတ်ခေါ်၏။ ခွေး၊ ကျီး၊ လင်းတ၊ ငရဲမီးလျှံ၊ နတ်သမီး၊ နတ်သား၊ ပဒေသာပင် စသည်များဖြစ်၏။

**ဆောင်**။ ၁။ တိုက်ရိုက်ကပ်၍၊ ရအပ်လေမည့်၊ အမိဝမ်းရေ၊ ငရဲပြည်နှင့်၊ တောင်ခြေမြစ်ကမ်း၊ နတ်ဘုံနန်းဟု၊ အစုစု၊ ဥပလဘိတဗ်။

၂။ တွင်းပသုံးဆောင်၊ များမြောင်စွာလှ၊ ခွေးလင်းတ၊ ကျီး၊ ငရဲမီးနှင့်၊ နတ်သမီးဝေဆာ၊ ပဒေသာဟု၊ အစုစု၊ ဥပဘောဂ မှတ်။

## သေခါနီးစိတ်အစဉ်ဖြစ်နေပုံ

ထိုသို့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံများထင်လာပြီးနောက် ထင်လာသောအာရုံကို အာရုံပြုလျက် ဘဝသစ်၌ အကျိုးပေးသောကံအားလျော်စွာ

ကုသိုလ်ကံက အကျိုးပေးမည်ဆိုလျှင် သန့်ရှင်းကြည်လင်သော ကုသိုလ်စိတ် အစဉ်သည်လည်းကောင်း၊ အကုသိုလ်ကံက အကျိုးပေးမည်ဆိုလျှင် ညစ်နွမ်း သော အကုသိုလ်စိတ်အစဉ်သည်လည်းကောင်း မပြတ်မလပ် များသောအား ဖြင့် ဖြစ်ပေါ်နေ၏။

ထိုစိတ်အစဉ်သည် ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်ရ မည့် ဘဝသစ်၌ ညွတ်ကိုင်းနေသကဲ့သို့ဖြစ်၏။ အရပ်တစ်ပါးသို့ ခရီးသွားမည့် သူသည် ပြင်ဆင်မှုကိစ္စကို ပြုလုပ်နေစဉ်ကပင် သွားရမည့်အရပ်ကို စိတ်ညွတ် နေသကဲ့သို့တည်း။

**မှတ်ချက်**။ အဆောတလျင်သေသောပုဂ္ဂိုလ်တို့မှာ ဖြည်းဖြည်းသေသူ ကဲ့သို့ ကုသိုလ်စိတ်အစဉ်ဖြစ်စေ၊ အကုသိုလ်စိတ်အစဉ်ဖြစ်စေ အဆက် မပြတ် ဖြစ်နေသည်မဟုတ်ဟု သိစေလိုသောကြောင့် ''**များသောအားဖြင့် ဖြစ်နေသည်**'' ဟု ပြောရခြင်းဖြစ်၏။

## ကံအာရုံထင်လာပုံတစ်နည်း

ပဋိသန္ဓေအကျိုးကို ဖြစ်ပေါ်စေမည့်ကံသည်ပင်လျှင် မိမိကို ယခု လတ်တလော အသစ်ပြုလုပ်ခြင်းသဘောမျိုးဖြင့် မနောဒွါရ၌ ထင်လာ၏။

### မရဏာသန္နဝီထိ

သေခါနီးအချိန်၌ လူ၏စိတ်အစဉ်မှာ ဖြစ်ပေါ်နေသော စိတ်အစဉ်ကို မရဏာသန္နဝီထိခေါ်၏။

## စုတိစိတ်ဖြစ်ပုံ

သေရန် အလွန်နီးကပ်နေသောသတ္တဝါ၏ သန္တာန်မှာ ဝီထိစိတ်အဆုံး ၌ဖြစ်စေ၊ ဘဝင်စိတ်အကုန်၌ဖြစ်စေ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးစိတ်ဖြစ်သော စုတိစိတ်ဖြစ်ပြီး ချုပ်၏။

**သေရန်အလွန်နီးကပ်နေသောသတ္တဝါ**

မရဏာသန္န တစ်ဝီထိကျပြီးနောက် ကွယ်လွန်မည့် သတ္တဝါ၊ သို့မဟုတ် မရဏာသန္နဝီထိနောင်ဘဝင်အနည်းငယ်ကျပြီးနောက် ကွယ်လွန်မည့်သတ္တဝါတို့ကို "**သေရန်အလွန်နီးကပ်နေသောသတ္တဝါ**" ခေါ်၏။

**ဝီထိစိတ်အဆုံး၌**

၁။ ဇောနောင်စုတိကျသောဝီထိ၊

၂။ တဒါရုံနောင်စုတိကျသောဝီထိ၊

ဤနှစ်ဝီထိတို့ကို စုတိစိတ်ဖြစ်ပုံပြစကားရပ်တွင် "**ဝီထိစိတ်အဆုံး၌**" (ဝီထိစိတ္တာဝသာနေ) ဟူသော စကားရပ်ဖြင့် ပြ၏။

**ဘဝင်စိတ်အကုန်၌**

၁။ ဇောဘဝင်နောင်စုတိကျသောဝီထိ၊

၂။ တဒါရုံဘဝင်နောင်စုတိကျသောဝီထိ၊

ဤနှစ်ဝီထိတို့ကို "**ဘဝင်အကုန်၌**" (ဘဝင်္ဂက္ခယေ) ဟူသော စကားရပ်ဖြင့်ပြ၏။

**မှတ်ချက်**။ ဇောစိတ်၊ တဒါရုံစိတ်၊ ဘဝင်စိတ်များနောင် စုတိစိတ်ဖြစ်သည်ဟုမှတ်ပါ။ (ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေဝါ) ဝီထိစိတ်အဆုံး၌ ဖြစ်စေ၊ ဘဝင်စိတ်အကုန်၌ဖြစ်စေ ဟူသော စကားကို ထောက်ပါ။

**မရဏာသန္နဝီထိအပြား**

၁။ ဇောနောင်စုတိကျသောဝီထိ၊

၂။ တဒါရုံနောင်စုတိကျသောဝီထိ၊

၃။ ဇောဘဝင်နောင်စုတိကျသောဝီထိ၊

၄။ တဒါရုံဘဝင်နောင်စုတိကျသောဝီထိ၊

ဤသို့ အချုပ်အားဖြင့် မရဏာသန္နဝီထိသည် အချုပ်အားဖြင့် လေးဝီထိ ရှိ၏။

**အမှာ**။ မရဏာသန္နဝီထိသည် ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိဟု နှစ်မျိုးလုံးရှိ၏။

**စုတိစိတ်**။ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောကျခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ နောက်ဆုံးစိတ်ကို စုတိစိတ်ခေါ်၏။ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောကျခြင်းကို ပါဠိလို ''စုတိ'' ခေါ်၍၊ မြန်မာလို ''စုတေသည်၊ သေသည်၊ ကွယ်လွန်သည်'' ဟုခေါ်၏။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

စုတိစိတ်ချုပ်ပြီးနောက် ယင်းစုတိစိတ်၏အခြားမဲ့၌ပင် သေခါနီးအချိန်က မရဏာသန္နဇောသည် ယူအပ်ခဲ့သောအာရုံကို အာရုံပြုလျက် ကာမဘုံ ရူပဘုံတို့၌ မှီရာဝတ္ထုရှိပြီး အရူပဘုံ၌မှီရာဝတ္ထုရုပ်မရှိဘဲ မသိမှုအဝိဇ္ဇာနုသယနှင့် လိုချင်မှု တဏှာနုသယကို အခြေခံ၍ မိမိကိုယ်တိုင် ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်ကံက ဖြစ်ပေါ်စေသဖြင့် ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်ပေါ်လာ၏။

ထိုပဋိသန္ဓေစိတ်ဖြစ်သောအခါ ယှဉ်ဖက်စေတသိက်များလည်း ခြံရံလျက် ယှဉ်တွဲပါရှိကြ၏။ ပဋိသန္ဓေစိတ်သည် အတူတကွဖြစ်ကြသော တရားများ၏ တည်ရာမှီရာဖြစ်၍ ရှေ့သွားခေါင်းဆောင်ဖြစ်၏။ ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်ပေးသောကြောင့် ပဋိသန္ဓေစိတ်ဟုခေါ်၏။ ယင်း ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌တည်၏။

**ယာယီဘဝမရှိ**။ ဘဝဟောင်းနှင့် ဘဝသစ်အကြား၌ ယာယီဘဝတစ်ခု ရှိနေ၏။ အချို့သတ္တဝါများသေလျှင် အတည်တကျဖြစ်မည့်ဘဝ၌ ပဋိသန္ဓေ မနေသေးဘဲ ခုနစ်ရက်ဖြစ်စေ၊ သို့မဟုတ် ထိုထက်အလွန်၊ အလျော့ဖြစ်စေ ယာယီဘဝမှာ ခေတ္တစောင့်ဆိုင်းနေသည်ဟု (အန္တရာဘဝဝါဒီ) အချို့ပုဂ္ဂိုလ်များ ယူဆကြ၏။

စုတိစိတ်ချုပ်လျှင် ယင်းစုတိစိတ်အခြားမဲ့၌ပင် ပဋိသန္ဓေစိတ်ဖြစ်၏။ ထို့ကြောင့် (တသ္မိံနိရုဒ္ဓေ တဿာနန္တရမေဝ) ဟူသောစကားကို ထောက်၍ ထိုအယူအဆ မမှန်ကန်ပေ။

**ပဋိသန္ဓေစိတ်အာရုံ**။ ပဋိသန္ဓေစိတ်သည် မသေမီဘဝဟောင်းက မရဏာသန္နဇောများ ယူအပ်ခဲ့သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

**ပဋိသန္ဓေစိတ်၏မှီရာဝတ္ထု**

ကာမဘုံ၊ ရူပဘုံ၌ဖြစ်လျှင် ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၏။ အရူပဘုံ၌ဖြစ်လျှင် ပဋိသန္ဓေစိတ်သည် ဝတ္ထုရုပ်ကို မမှီပေ။

**ပဋိသန္ဓေစိတ်သည် သင်္ခါရကြောင့်ဖြစ်**

ပဋိသန္ဓေစိတ်သည် ရှေးရှေးဘဝက လူသားကိုယ်တိုင် ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော သင်္ခါရကြောင့်သာ ဖြစ်ပေါ်ခဲ့ရ၏။

အချို့က ''လူသည် အကြောင်းမရှိဘဲ မိဘသုက်သွေးက အလိုအလျောက် လူဖြစ်လာသည်'' ဟု ဆိုကြ၏။

အချို့ကမူ ''သတ္တဝါကို ဖန်ဆင်းရှင်က ဖန်ဆင်းထားသည်'' ဟု ဆိုကြ၏။ ပဋိသန္ဓေစိတ်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော သင်္ခါရကြောင့် ဖြစ်ပေါ်လာသည်။ (သင်္ခါရနေဇနီယမာနံ) ဟူသော စကားရပ်ကိုထောက်၍ ထိုအယူအဆနှစ်မျိုးလုံး မမှန်ကန်ပေ။

**ပဋိသန္ဓေစိတ်**။ ဘဝဟောင်းအပြတ်တွင် ဘဝသစ်တစ်မျိုးကို ဆက်စပ်ပေးတတ်သောကြောင့် ''ပဋိသန္ဓေစိတ်'' ခေါ်၏။ ထို့ကြောင့် လူသေလျှင် ဘဝပြတ်သည်၊ လူ့ဘဝသည် ပုခက်ကြားနှင့် ခေါင်းကြားသာဖြစ်သည်'' ဟူသော တွေးခေါ်ယူဆချက် မမှန်ကန်ပေ။

## ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌တည်၏

ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌တည်၏။ အချို့က "ပဋိသန္ဓေစိတ်သည် ဘဝဟောင်းက ဥပါဒ်ခဲ့၍ ဌီကျမှ ဘဝသစ်၌တည်သည်" ဟု ဆိုကြ၏။

ဥပမာ – လောက်လန်းသတ္တဝါသည် အမြီးဖြင့် တစ်နေရာ၌ ထောက်တည်လျက် ခေါင်းဖြင့် အခြားတစ်နေရာကို ရှာဖွေ၏၊ ရှာဖွေတွေ့သောအခါ ထိုနေရာကို ခေါင်းဖြင့်ထောက်ပြီး နောက်ပိုင်း အမြီးပါ ပြောင်းရွှေ့သွား၏။ ထို့အတူ ပဋိသန္ဓေဝိညာဉ်သည်လည်း ဥပါဒ်၊ ဌီ၊ ဘင် သုံးပိုင်းတွင် ဥပါဒ်ပိုင်းကာလဖြင့် ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီးနောက် ဌီအပိုင်းကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာ၏ဟု အယူရှိကြ၏။ "ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌တည်၏" (ဉပ္ပဇ္ဇမာနမေဝပတိဋ္ဌာတိ ဘဝန္တရေ) ဟူသော စကားရပ်ကိုထောက်၍ "ထိုလောက်လန်းသဖွယ်၊ ဝိညာဉ်တွယ်" ဟူသော အယူအဆ မမှန်ကန်ပေ။

## ဘဝဖြစ်ပေါ်ပုံ

လူသားများသည် ဘဝဖြစ်ပေါ်ပုံနှင့်စပ်လျဉ်း၍ အမျိုးမျိုး တွေးခေါ်ကြ၏။ အချို့က လူ့ခန္ဓာကိုယ်ထဲ၌ အတ္တကောင်ရှိ၏၊ ထိုအတ္တကောင်သည် လူသေသော်လည်း မသေသေးဘဲ ခန္ဓာကိုယ်အဟောင်းမှထွက်၍ ဘဝသစ်သို့ ပြောင်းရွှေ့သွားသည်ဟု တွေးခေါ်ကြ၏၊ ယင်းအတွေးအခေါ်ကို ဗုဒ္ဓက သဿတဒိဋ္ဌိဟု မိန့်တော်မူ၏။

အချို့ကမူ "လူသေလျှင် အတ္တကောင်လည်း လူ့ခန္ဓာကိုယ်နှင့်အတူ ပျက်စီးသွား၏၊ ဘဝသစ်သို့ ကူးပြောင်းသွားခြင်းမရှိ၊ လူသေလျှင် ဘဝပြတ်စဲသွား၏၊ လူသည် ဘဝဟောင်းက အဆက်အသွယ်အကြောင်းမပါဘဲ ဘဝသစ်၌ မိဘသုက်သွေးက လူဖြစ်လာသည်" ဟု တွေးခေါ်ကြ၏။ ယင်းအတွေးအခေါ်ကို ဥစ္ဆေဒဒိဋ္ဌိခေါ်၏။ ယင်းသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးသည်

အတ္တဝါဒကို အခြေခံ၍ ဖြစ်ပေါ်ခဲ့၏။ လူသားသည် ဘဝဖြစ်ပေါ်ပုံနှင့် စပ်လျဉ်း၍ ထိုသို့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမဖြစ်ရအောင် သတိထားရမည်သာဖြစ်၏။

လောက၌ အတ္တကောင်မရှိ၊ သဘာဝနာမ်ရုပ်တရားများသာရှိ၏။ အကြောင်းအကျိုးဟူသော ကြောင်းကျိုးနိယာမတရားသာရှိ၏။ နာမ်ရုပ်တရားများ တစ်ခုနှင့်တစ်ခု အကြောင်းအကျိုးအဖြစ် ဆက်သွယ်လျက် ဖြစ်ပေါ်နေကြ၏။ အကြောင်းတရားက ပံ့ပိုးကျေးဇူးပြုမှုကြောင့် အကျိုးတရားတစ်ခု ဖြစ်ပေါ်လာခဲ့၏။ အကြောင်းတရား ချုပ်ပျက်သွားသောအခါ ထိုအကြောင်းကြောင့် ဖြစ်ပေါ်နေသော သက်ဆိုင်ရာ အကျိုးတရားလည်း ချုပ်ငြိမ်းပျက်စီးသွားကြ၏။

ဘက်ထရီဖြင့် မီးထွန်းရာ၌ ဘက်ထရီအားပြည့်နေသောအခါ မီးသီးမီးလုံးထဲ၌ အလင်းရောင်ဖြစ်ထွန်းနေ၏။ ဘက်ထရီအားပြည့်နေခြင်းသည် အကြောင်း၊ မီးသီးမီးလုံးထဲ၌ အလင်းရောင်ဖြစ်ပေါ်နေခြင်းသည် အကျိုးဖြစ်၏။ အလင်းရောင်သည် မီးသီးမီးလုံးမဟုတ်သကဲ့သို့ မီးသီးမီးလုံးသည် အလင်းရောင်မဟုတ်ပေ။ ဘက်ထရီအားကုန်သွားသောအခါ မီးလုံးထဲမှ အလင်းရောင်သည် ချုပ်ငြိမ်းပျောက်ကွယ်သွား၏။ အလင်းရောင်ချုပ်ပျောက်သွားသောအခါ မီးလုံးသာ ကျန်နေခဲ့၏။

## လူသားများသေခါနီးအချိန်၌ အာရုံသုံးမျိုးထင်လာခြင်း

လူသားများ သေခါနီးအချိန်၌ ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံဟူ၍ အာရုံသုံးမျိုးတွင် တစ်မျိုးထင်လာ၏။ ဝီထိပိုင်း၌ ဘဝင်စိတ်အကြောင်းကို ရေးစဉ်ကလည်း ရေးခဲ့ပြီဖြစ်၏။ ဤနေရာ၌ မရေးမဖြစ်၍ ထပ်ရေးရခြင်းဖြစ်၏။

**ကံအာရုံ**။ လူသည် အသက်ရှင်နေစဉ် လက်ခြေစသော ကိုယ်အင်္ဂါဖြင့် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်တစ်မျိုးမျိုးကို ပြုလုပ်နေ၏။ ယင်းကို ကာယကံခေါ်၏။ နှုတ်ဖြင့်ကောင်းသောစကား၊ မကောင်း

သော စကား အမျိုးမျိုးကို ပြောဆိုနေ၏။ ယင်းကို ဝစီကံခေါ်၏။ စိတ်ဖြင့် ကောင်းသောအကြံ၊ မကောင်းသောအကြံ အမျိုးမျိုးကို ကြံစည် စဉ်းစား တွေး ခေါ်နေ၏။ ယင်းကို မနောကံခေါ်၏။ ထိုသို့ အလုပ်သုံးမျိုးကို နေ့စဉ် ပြုလုပ် နေရာ၌ ယင်းအလုပ်သုံးမျိုးကို ဖြစ်ပေါ်စေသော လှုံ့ဆော်မှု၊ စေ့ဆော်မှု စေတနာသည် လူ၏စိတ်ထဲ၌ ဖြစ်ပေါ်ခဲ့၏။ ယင်းစေတနာကို ကံခေါ်၏။

ယင်းစေတနာသည် ဖြစ်ပျက်နိယာမအတိုင်း ဖြစ်ပြီးလျှင်ပျက်သွား၏။ ထိုသို့ပျက်သွားသော်လည်း စေတနာ၏ သတ္တိသည် နာမ်ရုပ်ခန္ဓာအစဉ်မှာ ကြွင်းကျန်နေခဲ့၏။ ယင်းစေတနာ၏သတ္တိကို ကမ္မသတ္တိခေါ်၏။ မီးဖိုထဲက မီးကို ရေဖြင့်ငြိမ်းသတ်၍ မီးငြိမ်းသွားသော်လည်း မီးအပူရှိန်ကျန်နေသကဲ့သို့လည်း ကောင်း၊ အိမ်သာခွက်ထဲ၌ရှိနေသော မစင်ကို ရေဖြင့်ဆေးချသောအခါ အောက်သို့ကျသွားသော်လည်း အိမ်သာခွက်၌ မစင်၏အနံ့များ စွဲကျန်နေခဲ့ သကဲ့သို့လည်း ကောင်းတည်း။

ထိုသို့ ကျန်းမာ၍ အသက်ရှင်နေစဉ် လူသားများကိုယ်တိုင် နေ့စဉ် ပြုလုပ်ထားခဲ့သော ကံ (အလုပ်) များထဲမှ နောက်ဘဝ၌ ပဋိသန္ဓေ (ဘဝသစ်) ကို ဖြစ်ပေါ်စေမည့် အင်အားကောင်းသော ကံတရားတစ်မျိုးမျိုးသည် သေခါ နီးအချိန်၌ လူ၏စိတ်အစဉ်မှာ အာရုံသစ်အဖြစ်ဖြင့် ထင်ထင်ရှားရှား ပေါ်လာ တတ်၏။ ထိုသို့ထင်လာသည်ကို ကံအာရုံထင်လာသည်ဟုခေါ်၏။

ဥပမာ – ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့သော ကုသိုလ်ကံက အလှူရှင်အား ဘဝသစ်၌ လူအဖြစ်ကို အကျိုးပေးမည်ဆိုပါက ထိုကထိန် သင်္ကန်းလှူဒါန်းခဲ့သော ကုသိုလ်ကံတရားသည် ကထိန်အလှူရှင်များ သေခါနီး အချိန်၌ ၎င်းတို့၏စိတ်ထဲမှာ အာရုံသစ်အဖြစ်ဖြင့် ထင်လာပေါ်လာ၏။

နွားသတ်၊ ဝက်သတ်၊ ကြက်သတ်၍ အသက်မွေးသူမှာ ထိုနွားသတ်၊ ဝက်သတ်၊ ကြက်သတ်မှု အကုသိုလ်ကံသည် နောက်ဘဝ၌ ပဋိသန္ဓေ (ဘဝသစ်) ကို ဖြစ်ပေါ်စေမည်ဆိုပါက ယင်းနွားသတ်၊ ဝက်သတ်၊ ကြက်

သတ်မှု ပါဏာတိပါတကံသည် သေခါနီးအချိန်၌ ထိုနွားသတ်၊ ဝက်သတ်၊ ကြက်သတ်သူ၏ စိတ်အစဉ်၌ အာရုံသစ်အဖြစ်ဖြင့် ထင်လာ၏။ ထိုသို့ထင်လာသည်ကို ကံအာရုံထင်လာသည်ဟုခေါ်၏။

**ကမ္မနိမိတ်**။ ကံကို ပြုလုပ်စဉ်က တွေ့ကြုံခဲ့ရသော အာရုံဟူသမျှကို ကမ္မနိမိတ်အာရုံခေါ်၏။ ဘဝသစ်၌ လူအဖြစ်ကို ဖြစ်ပေါ်စေမည့် ကထိန်သင်္ကန်းလှူဒါန်းခဲ့သော ကုသိုလ်ကံတရားသည် မိမိက ဘဝသစ်ကို ဖြစ်ပေါ်စေမည်ဟု ကထိန်အလှူရှင်၏စိတ်ထဲ၌ သိသာထင်ရှားလာအောင် ကထိန်သင်္ကန်းလှူဒါန်းစဉ်က တွေ့ကြုံခဲ့ရသော ကထိန်အလှူပွဲ အခမ်းအနားကျင်းပနေပုံဟူသော ကမ္မနိမိတ်အာရုံများသည် ကထိန်အလှူရှင်များ သေခါနီးအချိန်၌ အလှူရှင်များစိတ်ထဲမှာ အာရုံသစ်အဖြစ်ဖြင့် ပေါ်လာထင်လာ၏။ ယင်းကို ကမ္မနိမိတ်အာရုံထင်လာသည်ဟုခေါ်၏။

နွားသတ်၊ ဝက်သတ်၊ ကြက်သတ်မှု အကုသိုလ်ကံက ဘဝသစ်၌ အကျိုးပေးမည်ဆိုလျှင် နွားသတ်၊ ဝက်သတ်၊ ကြက်သတ်စဉ်က တွေ့ကြုံခဲ့သော နွားကောင်၊ ဝက်ကောင်၊ ကြက်ကောင်များနှင့် သတ်ဖြတ်စဉ်က အသုံးပြုခဲ့သော တုတ်၊ ဓါး စသော လက်နက်များ (ပတ်ဝန်းကျင်ကမ္မနိမိတ်အာရုံ) များ အာရုံသစ်အဖြစ်ဖြင့် ထင်လာ၏။

**ဂတိနိမိတ်**။ လားရောက်ရမည့်ဘဝသစ်နှင့် ယင်းဘဝသစ်၌ တွေ့ကြုံခံစားရမည့် အာရုံများကို ဂတိနိမိတ်အာရုံခေါ်၏။ ကထိန်သင်္ကန်းလှူဒါန်းခဲ့သော ကုသိုလ်ကံက နောက်ဘဝ၌ လူအဖြစ်ကို အကျိုးပေးမည်ဖြစ်၍ မိမိဖြစ်ရမည့် အမိဝမ်းဗိုက်ရေဟူသော ဂတိနိမိတ်အာရုံများသည် ကထိန်အလှူရှင် သေခါနီးအချိန်၌ သူ၏စိတ်ထဲမှာ ပေါ်လာထင်လာ၏။ ထိုထင်လာသောအာရုံကို ဂတိနိမိတ်အာရုံထင်လာသည်ဟုခေါ်၏။ ကုသိုလ်ကံတရားသည် ထိုကံတရားကို ပြုလုပ်သူ၏စိတ်ထဲ၌ သိသာထင်ရှားလာအောင် ဤသို့ မီးမောင်းထိုးပြသွား၏။ လူသားများ သေခါနီးအချိန်၌ ဘဝသစ်မှာ ကုသိုလ်ကံက အကျိုးပေးမည်ဖြစ်၍ ကောင်းသောအာရုံများ ထင်လာသောအခါ ထိုထင်လာသော

အာရုံကောင်းကို အာရုံပြုလျက် လူနာ၏စိတ်သည် သန့်ရှင်းကြည်လင်နေ၏။ စိတ်ကြည်လင်နေခြင်းကြောင့် လူနာ၏မျက်နှာသည်လည်း ကြည်လင်နေတတ်၏။ လူနာလည်း လှုပ်လှုပ်ရှားရှား မနေဘဲ ငြိမ်သက်နေတတ်၏။ ထိုသို့ မီးမောင်းထိုးပြပြီး အာရုံများထင်နေစဉ် လူသည် ငြိမ်သက်စွာ ကွယ်လွန်သွား၏။

နွားသတ်၊ ဝက်သတ်၊ ကြက်သတ်မှုအကုသိုလ်ကံသည် နောက်ဘဝတွင် ငရဲဘုံ၌ အကျိုးပေးမည်ဆိုပါက မိမိသွားရောက်ရမည့် ငရဲဘုံနှင့် ထိုငရဲဘုံ၌ တွေ့ကြုံခံစားရမည့် ငရဲမီးလျှံ၊ ငရဲထိန်း၊ ခွေး၊ ကျီး၊ လင်းတ စသော ဂတိနိမိတ်အာရုံများ နွားသတ်၊ ဝက်သတ်၊ ကြက်သတ်သူသေခါနီးအချိန်မှာ သူ၏စိတ်အစဉ်၌ အာရုံသစ်အဖြစ်ဖြင့် ထင်လာ၏။ အကုသိုလ်ကံတရားသည် ထိုကံတရားကို ပြုလုပ်သူ၏စိတ်ထဲ၌ သိသာထင်ရှားလာအောင် ဤသို့ မီးမောင်းထိုးပြသွား၏။

လူသားများ သေခါနီးအချိန်၌ နောက်ဘဝသစ်မှာ အကုသိုလ်ကံတရားက အကျိုးပေးမည်ဖြစ်၍ ထိုသို့ မကောင်းသောအာရုံများ ထင်လာသောအခါ ထိုထင်လာသော မကောင်းသောအာရုံများကို အာရုံပြုလျက် လူနာမှာ ညစ်နွမ်းကြောက်လန့်စိတ်များ ဖြစ်ပေါ်နေတတ်၏။ ထိုသို့ ညစ်နွမ်းကြောက် လန့်စိတ်များ ဖြစ်ပေါ်နေခြင်းကြောင့် လူနာ၏မျက်နှာသည် မကြည်မလင် ဖြစ်လာ၏။ မျက်ရည်များလည်း စီးကျနေတတ်၏။ ကြောက်လန့်နေခြင်းကြောင့် လူနာသည် မငြိမ်မသက်ဖြစ်နေတတ်၏။ လူနာ၏အနားသို့ လူမကပ်ရဲအောင် အချို့လူနာ ရုန်းကန်လှုပ်ရှားနေတတ်၏။ အချို့ နွားလို၊ ဝက်လို အော်မြည်လျက် လှုပ်လှုပ်ရှားရှားဖြစ်နေတတ်၏။ ထိုသို့ မကောင်းသောအာရုံများ လူနာ၏စိတ်အစဉ်၌ ထင်နေစဉ် လူနာသည် မကြာမီ ကွယ်လွန်သွား၏။

**ပစ္စုပ္ပန်အာရုံမနောဒွါရိကမရဏာသန္နဝီထိပုံ**

ပဋိသ --တီ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ | (ပဋိ ၃ ၃၃) ဘ ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

└ ◦ ◦ ◦ ──→ ဘဝဟောင်း ←──┴──→ ဘဝသစ်

## ရှင်းလင်းချက်

### ဘဝင်ဟောင်း


အထက်ပါ ဝီထိပုံစံတွင် ဘဝင်ဟောင်း၊ ဘဝသစ်နှစ်ခုကို တွဲပြထား၏။ ဘဝင်ဟောင်းတွင်း လူသေခါနီးအချိန်၌ ထင်လာသောအာရုံကို အာရုံပြု လျက် လူ၏စိတ်ထဲမှာ ဖြစ်ပေါ်နေသောစိတ်အစဉ်ကို မရဏာသန္နဝီထိခေါ်၏။ ထိုသို့ စိတ်အစဉ် ဖြစ်ပေါ်နေချိန်တွင် လူသေလွန်သွားခြင်းကို ပါဠိဘာသာဖြင့် စုတိစိတ်ကျသည်ဟုခေါ်၏။ ဘဝတစ်ခု၌ အတိတ်ကံတရားကြောင့်ဖြစ်သော အကျိုးဝိပါက်စိတ်တွင် ရှေ့ဦးစွာဖြစ်သောစိတ်ကို ဘဝပြတ်မသွားအောင် ဘဝသစ်တစ်ခုကို ဆက်စပ်ပေးသောကြောင့် ပဋိသန္ဓေစိတ်ခေါ်၏။ ထိုပဋိသန္ဓေ စိတ်သည် တစ်ကြိမ်ဖြစ်ပြီး ချုပ်သွား၏။ ပဋိသန္ဓေစိတ်ပျက်သွားပြီးနောက် ထိုအကျိုးဝိပါက်စိတ်သည် ဘဝင်ဟူသောအမည်ဖြင့် အဆက်မပြတ် ဆက်လက် ဖြစ်ပေါ်နေ၏။ လူသေခါနီးတွင် အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးကြိမ်၊ စုတိဟု မရဏာသန္နဝီထိစိတ်အစဉ် ဖြစ်၏။

အကျိုးဝိပါက်စိတ်ကို ဖြစ်ပေါ်စေခဲ့သော ကံတရား ပျက်စီးသွားသော အခါ ထိုကံကြောင့် ဖြစ်ပေါ်နေသော အကျိုးဝိပါက်စိတ်နှင့် စေတသိက်တရား များ မျက်စိအကြည်ဓါတ်စသော ကမ္မဇရုပ်များလည်း ချုပ်ပျက်သွား၏။ ယင်းသို့ ချုပ်ပျက်သွားသည်ကို စုတိစိတ်ကျသည်ဟုခေါ်ကြ၏။ ပဋိသန္ဓေစိတ်၊ ဘဝင် စိတ်၊ စုတိစိတ်သည် အတိတ်ကံကြောင့် ဖြစ်ပေါ်ခဲ့သော အကျိုးဝိပါက်စိတ် တစ်မျိုးတည်းသာဖြစ်၏။ ဆောင်ရွက်ရသော တာဝန်အားလျော်စွာ အမည်သုံးမျိုး ကွဲပြားနေခြင်းသာဖြစ်၏။ ထိုပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဖြင့် သတ်မှတ် ထားသော စိတ်ဖြစ်စဉ်တစ်ခုကို တစ်ဘဝဟုခေါ်၏။

## ဘဝသစ်

လူသား ကွယ်လွန်၍ စုတိစိတ်ချုပ်ပြီးနောက် ဘဝဟောင်းက မသိမှု အဝိဇ္ဇာ၊ လိုချင်မှုတဏှာကို အခြေခံ၍ လူသားကိုယ်တိုင် ပြုလုပ်ခဲ့သော ကထိန်သင်္ကန်းလှူဒါန်းမှု ကုသိုလ်ကံဟူသော သင်္ခါရတရားသည် ဘဝသစ်၌ ပဋိသန္ဓေစိတ်၊ ထိုပဋိသန္ဓေစိတ်နှင့်အတူ ယှဉ်တွဲဖြစ်သော စေတသိတ်တရားများ၊ ရုပ်ခန္ဓာကိုယ်အဖြစ် တည်ဆောက်မည့်ကာယဒသက၊ ဖို၊မ အဖြစ် ခွဲခြားမည့် ဘာဝဒသက၊ ပဋိသန္ဓေစိတ်နှင့် စေတသိတ်ဟူသော နာမ်တရားများမှီရာ ဝတ္ထုဒသကဟူသော ကမ္မဇရုပ်ကလာပ် စည်းသုံးမျိုးကို ဖြစ်ပေါ်စေခဲ့၏။ ထိုသို့ အတိတ်ကံကြောင့် ဘဝသစ်၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇကလာပ် စည်းများ စတင်ဖြစ်ပေါ်မှုကို ပဋိသန္ဓေ နေသည်ဟု ဆိုကြ၏။ ထိုသို့ နာမ်သစ် ရုပ်သစ်ဖြစ်ပေါ်မှုကို ဘဝသစ်ဟုခေါ်၏။

## ဘဝဟောင်းကတစ်စုံတစ်ရာပြောင်းရွှေ့လာခြင်းမဟုတ်

မရဏာသန္န ဝိတိပုံစံ၌ ပဋိသန္ဓေစိတ်ကို ဝိုင်းပြထားသော  ဟူသော အမှတ်သင်္ကေတသည် မိခင်၏သားအိမ်ကို ရည်ညွှန်းခြင်းဖြစ်၏။ ထိုအဝိုင်းထဲ၌ ဂဏန်း (၃၃) သည် ပဋိသန္ဓေစိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိတ်ကို ရည်ညွှန်း၏။ ဂဏန်း (၃)သည် ကမ္မဇကလာပ် သုံးစည်းကို ရည်ညွှန်း၏။ ထိုသို့ဘဝသစ်၌ နာမ်ရုပ်တရားများ ဖြစ်ပေါ်ခြင်းသည် ဘဝဟောင်းမှ အတ္တ၊ သို့မဟုတ် နာမ်ရုပ်တရားတစ်ခုခု ဘဝသစ်သို့ ပြောင်းရွှေ့သွားခြင်းမဟုတ်၊ ဘဝဟောင်းကပြုလုပ်ခဲ့သော အတိတ်ကံကြောင့် နာမ်ရုပ်အသစ် ဖြစ်ပေါ်ခြင်းသာဖြစ်၏။

ရွာအလယ်က ချောင်းခြားနေသော ကျေးရွာတစ်ရွာတွင် ချောင်း၏ ဤဘက်ကမ်းမှအိမ်ကို မီးစွဲလောင်သောအခါ မီးအပူရှိန်ပြင်းမှုကြောင့် ချောင်းဟိုဘက်ကမ်းမှာရှိနေသောအိမ်ကို မီးစွဲလောင်သည်ကို တွေ့ဖူးကြပေလိမ့်မည်။ ယင်းသို့ မီးလောင်ရာ၌ ချောင်းဤဘက်ကမ်းမှမီးသည် ချောင်းဟိုဘက်ကမ်း

သို့ ပြောင်းရွှေ့သွားခြင်းမဟုတ်၊ ဤဘက်ကမ်းမှမီးသည် ဤဘက်ကမ်းမှာပင်ရှိနေ၏။ သို့သော် ချောင်းဤဘက်ကမ်းမှ မီးနှင့်ကင်းကွာ၍ သီးခြားဖြစ်ပေါ်ခြင်းလည်း မဟုတ်ပေ။ ချောင်းဤဘက်ကမ်းမှ မီးအပူရှိန်ပြင်းလွန်းခြင်းကြောင့် ချောင်းဟိုဘက်ကမ်းက အိမ်ကိုမီးစွဲလောင်းခြင်းသာဖြစ်၏။

ထိုနည်းအတူ ဘဝသစ်၌ ပဋိသန္ဓေ စိတ်စေတသိက်၊ ကမ္မဇရုပ်များဖြစ်ပေါ်ရာ၌ ဘဝဟောင်းမှ တစ်စုံတစ်ရာ ရွှေ့ပြောင်းလာခြင်းမဟုတ်ဘဲ ဘဝသစ်၌ နာမ်သစ် ရုပ်သစ်ဖြစ်ပေါ်လာခြင်းသာဖြစ်၏။ ဘဝသစ်မှာ ထိုသို့ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇ ကလာပ်စည်းဟူသော နာမ်သစ်ရုပ်သစ်ဖြစ်ခြင်းသည်လည်း အကြောင်းမရှိဘဲ အလိုအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်၊ ဘဝဟောင်းက လူသားကိုယ်တိုင် ပြုလုပ်ခဲ့သော ကံတရားကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းသာဖြစ်၏။ ထို့ကြောင့် ''**နာနာက္ခဏိကာ ကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေနပစ္စယော** = အသီးအသီးသော ခဏ၌ ဖြစ်ပေါ်ခဲ့သော အတိတ်ကုသိုလ်စေတနာသည် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်ဟူသော အကျိုးတရားများအား ဘဝသစ်၌ ဖြစ်ပေါ်စေရန် ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏'' ဟု ပဋ္ဌာန်းဒေသနာတော်၌ ဗုဒ္ဓဟောတော်မူခဲ့၏။

ဤသို့ ဘဝဟောင်းက လူသားကိုယ်တိုင် ပြုလုပ်ခဲ့သော ကံတရားနှင့် ဆက်နွယ်၍ ဘဝသစ်မှာ နာမ်သစ်ရုပ်သစ် ဖြစ်ပေါ်ခြင်းကြောင့် ''လူသေလျှင် ဘဝပြတ်သည်၊ အကြောင်းတရားမရှိဘဲ မိဘသုက်သွေးက လူဖြစ်လာသည်'' ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူအဆသည်လည်း အရှိကို အရှိအတိုင်း တွေးခေါ်သိမြင်တတ်သော အသိအမြင်မျိုးမဟုတ်ဘဲ မသိမှုအဝိဇ္ဇာ အမှောင်ထုနယ်ပယ်ထဲက ပုထုဇဉ်လူသား၏ စိတ်ကူးစိတ်သန်းမှုဖြစ်ပေါ်လာသော အသိမှား အတွေးမှားသာဖြစ်၏။

## မိဘသွေးက လူဖြစ်လာခြင်းမဟုတ်

ဘဝသစ်၌ နာမ်ရုပ်အသစ်ဖြစ်ပေါ်လာသော်လည်း မိဘသုက်သွေးက ဖြစ်ပေါ်လာခြင်းမဟုတ်၊ အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားကြောင့် မိဘသွေးကိုမှီလျက် နာမ်ရုပ်အသစ် ဖြစ်ပေါ်လာခြင်းသာဖြစ်၏။ စပါးမျိုးစေ့ကို လယ်မြေ၌ စိုက်ပျိုးသောအခါ မျိုးစေ့မှ စပါးပင်ထွက်လာရာ၌ မျိုးစေ့စပါးသည် မြေနှင့်ရေ (အစိုဓါတ်) ကို အမှီရခြင်းကြောင့် စပါးပင်ထွက်လာခြင်းသာဖြစ်၏။ မြေနှင့်ရေသည် စပါးပင်မဟုတ်ပေ။ မျိုးစေ့၏ မှီရာသာဖြစ်၏။ သို့သော် မျိုးစေ့စပါးသည် မြေနှင့်ရေကို အမှီမရဘဲ အပင်မထွက်နိုင်ပေ။

တောင်းမှာထည့်လျက် မိုးလုံလေလုံနေရာ၌ထားလျှင် အပင်မထွက်နိုင်ပေ၊ ဤနည်းအတူ ဘဝသစ်၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇကလာပ်စည်းများလည်း အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် ဘဝသစ်၌ မိဘသွေးကိုမှီလျက် နာမ်သစ်၊ ရုပ်သစ် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းသာဖြစ်၏။

## ဘဝနိကန္တိကလောဘဇော၏သတ္တိ

ဘဝသစ်၌ ပဋိသန္ဓေစိတ် တစ်ကြိမ်၊ ဘဝင် ၁၆ ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ မိမိဘဝကို နှစ်သက်တွယ်တာသော ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်သင့်သမျှ ဆက်ဖြစ်၏။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်အကြောင်းကို ဝီထိပိုင်း၌ ရေးခဲ့ပြီ၊ ပြန်ကြည့်ပါ။

ဘဝတစ်ခုဖြစ်ပေါ်ရန် နာမ်၊ ရုပ်တရားများ စတင်ဖွဲ့စည်းချိန်တွင် မိမိဘဝကို ချစ်ခင်မြတ်နိုးသော လောဘ (တဏှာ) စိတ်ဖြင့် ဖွဲ့စည်းရ၏။ ထို့ကြောင့် ဆင်းရဲသူ၊ ချမ်းသာသူ၊ ပညာမဲ့သူ၊ ပညာရှိသူ၊ ဘဝနိမ့်ကျသူ၊ ဘဝမြင့်မြတ်သူ စသည်ဖြင့် ယက်ရှိ ပုထုဇဉ်သတ္တဝါတိုင်း မိမိဘဝကို ချစ်ခင်မြတ်နိုးကြ၏။ မိမိဘဝ မည်သည့်အခြေအနေမျိုးသို့ ရောက်နေသည်ဖြစ်စေ ဘဝကို မစွန့်ရဲ၊ မသေရဲသူချည်းသာဖြစ်၏။ ယင်းသို့ မသေရဲလောက်အောင် ဘဝကို တွယ်တာနေခြင်းသည် ဘဝနိကန္တိက လောဘဇော၏ သတ္တိပင်ဖြစ်၏။

သံသရာ

အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကံအကြောင်းတရားကို အခြေခံ၍ ပဋိသန္ဓေ၊ ဘဝင်စသော စိတ်အစဉ်များ လူ၏နှလုံးသွေး၌ ပျံ့နှံ့တည်နေသော ဟဒယဝတ္ထုရုပ်ကိုမှီလျက် ဖြစ်ပေါ်နေ၏။ ထိုသို့ ဖြစ်ပေါ်နေသော ပရမတ်နာမ်ရုပ်တရား ဖြစ်စဉ်တစ်ခုကို သမ္မုတိသစ္စာနယ်ပယ်တွင် လောကလူသားများကတစ်ဘဝဟု သတ်မှတ်ကြ၏။ အကြောင်းကံတရား ပျက်စီးသွားသောအခါ ယင်းအကြောင်းကံတရားကြောင့် လူ၏နှလုံးသွေး၌ ဟဒယဝတ္ထုရုပ်ကို မှီလျက် ဖြစ်ပေါ်နေသော အကျိုးဝိပါက်တရားစိတ်အစဉ်နှင့် ကမ္မဇရုပ်များလည်း ချုပ်ပျောက်ပျက်စီးကြရ၏။ ထိုသို့ ပျက်စီး သွားသည်ကို သေသည်ဟု သတ်မှတ်ခေါ်ဝေါ်ကြ၏။ လူသေသွားသောအခါ လူ့ခန္ဓာကိုယ်တွင် အပူအအေးဟူသော ဥတုကြောင့်ဖြစ်သော ရုပ်ခန္ဓာကိုယ်ဒြပ်သာ ကြွင်းကျန်ခဲ့၏။ မီးသီးမီးလုံးထဲ၌ မီးအလင်းရောင်ပျက်သွားသောအခါ မီးသီးမီးလုံးသာ ကျန်ခဲ့သကဲ့သို့ဖြစ်၏။ ထိုသို့ စိတ်ဖြစ်စဉ်တစ်ခု ချုပ်ပျက်သွားပြီးနောက် အခြားအကြောင်းကံတစ်ခုက အခြားပဋိသန္ဓေစသော အကျိုးဝိပါက်စိတ်အစဉ်တစ်ခုကို ဆက်လက် ဖြစ်ပေါ်စေပြန်ရာ ယင်းကိုဘဝသစ်ဟုခေါ်၏။

ဤသို့ တဏှာကုန်၍ ရဟန္တာမဖြစ်မချင်း တစ်ဘဝပြီးတစ်ဘဝ နာမ်ရုပ်များ အဆက်မပြတ် ဖြစ်ပေါ်နေခြင်းကို သံသရာဟုခေါ်၏။

## မရဏာသန္နဇောငါးကြိမ်သာစောခြင်း

သေခါနီးအချိန်၌ မှီရာဝတ္ထုရုပ် အားနည်းနေခြင်းကြောင်း ဇောစိတ်အဟုန်သည် လျော့ရဲရဲဖြစ်နေ၏။ ထို့ကြောင့်မရဏာသန္နဇောသည် ငါးကြိမ်သာစော၏။

## ပစ္စုပ္ပန်ကို အာရုံပြုနိုင်

မရဏာသန္နဇော ငါးကြိမ်သာစောခြင်းကြောင့် မရဏာသန္နဝီထိ၌ ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်ဖြစ်စေ၊ ဂတိနိမိတ်ဖြစ်စေ) ထင်လာ၍ မချုပ်သေးဘဲ

ထင်ရှားရှိနေစဉ်မှာပင် ကွယ်လွန်ခဲ့ပါလျှင် ပဋိသန္ဓေနှင့် ဘဝင်စိတ်များလည်း မချုပ်သေးသော ပစ္စုပ္ပန်အာရုံကိုပင် အာရုံပြုကြ၏။

**ကာမပဋိသန္ဓေစိတ်၏အာရုံ**

ကာမာဝစရပဋိသန္ဓေစိတ်သည် ခြောက်ဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်၊ အတိတ်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုလည်းကောင်း၊ မနောဒွါရဖြင့် ယူအပ်သော အတိတ်ဖြစ်သော ကံအာရုံကိုလည်းကောင်း အာရုံပြု၏။

**ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံ**

ကာမပဋိသန္ဓေစိတ်၏အာရုံသည် ကမ္မနိမိတ်၊ ဂတိနိမိတ်ဖြစ်အံ့၊ မရဏာသန္နဇောက ခြောက်ဒွါရဖြင့်ထိုက်သည်အားလျော်စွာ ယူပေးအပ်သောအာရုံဖြစ်၏။

အာရုံမချုပ်သေးလျှင် ကာလအားဖြင့် ပစ္စုပ္ပန်ကာလလည်းဖြစ်နိုင်၏။ ချုပ်ပြီးလျှင် အတိတ်ကာလလည်းဖြစ်နိုင်၏။ အနာဂတ်ကာလကားမရှိနိုင်ပါ။

**ကံအာရုံ** ။ ကံအာရုံသည် ကားအတိတ်တစ်မျိုးတည်းသာဖြစ်၏။ ထိုအတိတ်ကံအာရုံကို မနောဒွါရဖြင့်သာယူအပ်၏။

**အမှာ** ။ ဝီထိပုံစံဖြင့် လေ့လာပါက ပို၍သဘောပေါက်နိုင်သဖြင့် ဝီထိပုံစံဖြင့် ရှင်းပြပါမည်။

**ပစ္စုပ္ပန်- ရူပါ၊ မရဏာသန္နဝီထိများ**

၁။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စုတိ ပဋိ ဘ ၁၆

└──→ ဘဝဟောင်း ←──┘ ဘဝသစ်

၂။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ ပဋိ ဘ ၁၆

၃။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိ ဘ ၁၆

၄။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ ပဋိ ဘ ၁၆
၅။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ဘ စုတိ ပဋိ ဘ ၁၆
၆။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ စုတိ ပဋိ ဘ ၁၆

**ရှင်းလင်းချက်** ။ ဇောအဆုံးရှိသော ပဉ္စဒွါရဝီထိဖြစ်က အတီတဘဝင်မှစ၍ စုတိတိုင်အောင်အာရုံအသက်စိတ္တက္ခဏ(၁၄) ချက်သာရှိသေး၏။ ပစ္စုပ္ပန်အာရုံမချုပ်သေး၍ ဘဝသစ်ပဋိသန္ဓေစိတ်နှင့် ဘဝင်နှစ်ကြိမ်သည် ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုကြ၏။ တတိယဘဝင်မှစ၍ နောက်နောက်ဘဝင်များသည် အတိတ်ကိုသာ အာရုံပြုကြ၏။

တဒါရုံအဆုံးရှိသော ပဉ္စဒွါရဝီထိဖြစ်က စုတိတိုင်အောင် အာရုံအသက်စိတ္တက္ခဏ (၁၆)ချက်ရှိနေပြီဖြစ်၍ ဘဝသစ်ပဋိသန္ဓေသည်သာ ပစ္စုပ္ပန်အာရုံကိုအာရုံပြုနိုင်၏။ ဘဝင်စိတ်များသည် အတိတ်ကိုသာ အာရုံပြုကြ၏။

ဇောအဆုံးရှိသော မနောဒွါရဝီထိဖြစ်က စုတိတိုင်အောင် အာရုံအသက်စိတ္တက္ခဏ (၁၀)ချက်သာရှိသေး၏။ ဘဝသစ် ပဋိသန္ဓေနှင့် ဘဝင်ခြောက်ကြိမ်တို့သည် ပစ္စုပ္ပန်အာရုံကို အာရုံပြုကြ၏။ သတ္တမဘဝင်မှစ၍ နောက်နောက်ဘဝင်များသည် အတိတ်ကိုသာအာရုံပြုကြ၏။

တဒါရုံအဆုံးရှိသော မနောဒွါရဝီထိဖြစ်က ဘဝသစ်ပဋိသန္ဓေစိတ်နှင့် ဘဝင်လေးကြိမ်တို့သည် ပစ္စုပ္ပန်ကို အာရုံပြုကြ၏။ ပဉ္စမဘဝင်မှစ၍ နောက်နောက်ဘဝင်များသည် အတိတ်ကိုသာအာရုံပြုကြ၏။

**အမှာ** ။ ဇောဘဝင် နောင်စုတိကျသော ဝီထိ၊ တဒါရုံဘဝင် နောင်စုတိကျသော ဝီထိတို့ကို နားလည်လောက်ပြီး ဆက်လက်စီစစ်ကြည့်လေ။

### ကာမပဋိသန္ဓေစိတ်၏အာရုံကို ကာလဒွါရဖြင့် ဝေဖန်ပုံ

၁။ ကာမပဋိသန္ဓေစိတ်၏အာရုံသည် ကံအာရုံဖြစ်အံ့၊ ကာလအားဖြင့် အတိတ်ကာလ၊ ဒွါရအားဖြင့် မနောဒွါရ၌ဖြစ်၏။

၂။ ကမ္မနိမိတ်၊ ဂတိနိမိတ်ဖြစ်အံ့၊ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလတို့၌ဖြစ်၏။ ဒွါရအားဖြင့် ခြောက်ဒွါရ၌ဖြစ်၏။

## ကာမပဋိသန္ဓေအာရုံ၏တရားကိုယ်

ကာမပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံအားလုံးသည် တရားကိုယ်အားဖြင့် ကာမစိတ် ၅၄ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမတရားများသာဖြစ်၏။

## ရူပပဋိသန္ဓေစိတ်၏ အာရုံ

ရူပါဝစရ ပဋိသန္ဓေစိတ်သည် ပညတ်ကမ္မနိမိတ်အာရုံကိုသာ အာရုံပြု၏။

## အရူပ ပဋိသန္ဓေစိတ်၏အာရုံ

အရူပါဝစရပဋိသန္ဓေစိတ်သည် မဟဂ္ဂုတ်၊ ပညတ် ကမ္မနိမိတ်အာရုံကိုသာထိုက်သည်အားလျော်စွာ အာရုံပြု၏။

## ထိုက်သည်အားလျော်စွာအာရုံပြုပုံ

၁။ ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်သည် ပထမာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြု၏။

၂။ နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်သည် တတိယာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ် ကမ္မနိမိတ်ကိုအာရုံပြု၏။

၃။ အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြု၏။

၄။ အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် နတ္ထိဘောပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြု၏။

## ရုပ် နာမ်ပဋိသန္ဓေခွဲပုံ

၁။ အသညသတ်ဘုံသား ပြဟ္မာများသည် ဇီဝိတနဝကရုပ်ကလာပ်ဖြင့် ပဋိသန္ဓေနေခြင်းကြောင့် ရုပ်ပဋိသန္ဓေနေသူများဖြစ်၏။

၂။ အရူပဘုံသား ပြဟ္မာများသည် နာမ်ပဋိသန္ဓေနေသူများဖြစ်၏။

၃။ ကာမတစ်ဆယ့်တစ်ဘုံသားသည်လည်းကောင်း၊ အသညသတ်ကြဉ် ရူပ (၁၅) ဘုံသား ပြဟ္မာများသည်လည်းကောင်း၊ နာမ်ရုပ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသူများဖြစ်၏။

## စုတိစိတ်နောင် ပဋိသန္ဓေစိတ်ဖြစ်ပုံ

### အရူပစုတိလေးပါး နောင်ဖြစ်နိုင်သောပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | အရူပပဋိသန္ဓေစိတ် | ၄ ပါး |
| ၂။ | ကာမတိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၈ ပါး** |

အရူပစုတိ နောင်ပဋိသန္ဓေစိတ် ရှစ်ပါးဖြစ်နိုင်သောကြောင့် အရူပဘုံမှ စုတေလျှင် အရူပလေးဘုံနှင့် ကာမသုဂတိ ခုနှစ်ဘုံသို့ရောက်နိုင်၏။

**အမှာ** ။ အာကာသာနဉ္စာယတန စုတိနောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်ကို ဖော်ပြပါဟုမေးလျှင် အထက်ပါ ပဋိသန္ဓေစိတ် ရှစ်ပါးကိုဖြေပါ။

**ဆောင်** ။ အရူပဝိ၊ စုတိမှနောက်၊ အောက် အရူ–ရူ၊ ဒု၊ သူ၊ ဒွိပစ်၊ ရှစ်၊ ခွန်၊ ခြောက်၊ ငါး၊ အစဉ်အား နှောင်းငြားသန္ဓိသော။

### ဝိညာဏဉ္စာယတနစုတိ နောင်ဖြစ်နိုင်သောပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | အာကာသာနဉ္စာယတနပဋိသန္ဓေကြဉ်သော အရူပပဋိသန္ဓေစိတ် | ၃ ပါး |
| ၂။ | ကာမတိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၇ ပါး** |

ပဋိသန္ဓေစိတ် ခုနှစ်ပါးဖြစ်နိုင်သောကြောင့် ဝိညာဏဉ္စာယတနဘုံမှ စုတေလျှင် အာကာသာနဉ္စာယတနဘုံကြဉ် အရူပသုံးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံသို့ ရောက်နိုင်၏။

## အာကိဉ္စညာယတနစုတိ နောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန ပဋိသန္ဓေစိတ် | ၂ ပါး |
| ၂။ | ကာမတိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၆ ပါး** |

ပဋိသန္ဓေစိတ် ခြောက်ပါးဖြစ်နိုင်သောကြောင့် အာကိဉ္စညာယတနဘုံမှ စုတေလျှင် အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ၊ ကာမသုဂတိခုနှစ်ဘုံသို့ ရောက်နိုင်၏။

## နေဝသညာနာသညာယတစုတိ နောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | နေဝသညာနာသညာယတန ပဋိသန္ဓေစိတ် | ၁ ပါး |
| ၂။ | ကာမတိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၅ ပါး** |

ပဋိသန္ဓေစိတ်ငါးပါးဖြစ်နိုင်သောကြောင့် နေဝသညာ နာသညာယတန ဘုံက စုတေလျှင် နေဝသညာနာသညာယတနဘုံ၊ ကာမသုဂတိ ခုနှစ်ဘုံသို့ ရောက်နိုင်၏။

**မှတ်ချက်** ။ အထက် အထက်အရူပဘုံက စုတိနောင် အောက် အောက် အရူပဘုံက ပဋိသန္ဓေစိတ်တို့ကိုကြဉ်ရမည်။ အထက်အထက် အရူပဘုံသို့ရောက်ပြီး သူသည် အောက်အောက်အရူပဈာန်ကို အားမထုတ်သောကြောင့် အောက်အောက် အရူပဘုံတို့၌ ပြန်မဖြစ်နိုင်တော့ပါ။ မိမိဖြစ်ဆဲဘုံ၌ကား ထပ်ဖြစ်နိုင်၏။

## ရူပစုတိငါးပါး နောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | မဟာဝိပါက် ပဋိသန္ဓေစိတ် | ၈ ပါး |
| ၂။ | ရူပါဝစရ ပဋိသန္ဓေစိတ် | ၅ ပါး |
| ၃။ | အရူပါဝစရ ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၁၇ ပါး** |

ရူပါစုတိငါးပါး နောင်ပဋိသန္ဓေစိတ် (၁၇) ပါးဖြစ်နိုင်သောကြောင့် အသညသတ်ကြဉ်ရူပ (၁၅)ဘုံမှ စုတေလျှင် ကာမသုဂတိ ခုနှစ်ဘုံ၊ အသညသတ်ကြဉ်ရူပ တစ်ဆယ့်ငါးဘုံ၊ အရူပလေးဘုံသို့ရောက်နိုင်၏။

**ဆောင်** ။ ငါး ရူပဝိ၊ စုတိနောက်ဝယ်၊ သန္ဓေချယ်၊ ဆယ့်ခွန်ဟေတုကော။

## အသညသတ်စုတိနောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | မဟာဝိပါက်ဒွိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| ၂။ | မဟာဝိပါက်တိဟိတ် ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၈ ပါး** |

အသညသတ်စုတိ နောင်မဟာဝိပါက်ပဋိသန္ဓေစိတ် ရှစ်ပါးဖြစ်သောကြောင့် အသညသတ်ဘုံမှစုတေလျှင် ကာမသုဂတိ ခုနှစ်ဘုံသို့ရောက်နိုင်၏။

## ကာမတိဟိတ်စုတိလေးပါး နောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

| | | |
|---|---|---|
| ၁။ | ကာမ ပဋိသန္ဓေစိတ် | ၁၀ ပါး |
| ၂။ | ရူပါဝစရ ပဋိသန္ဓေ | ၆ ပါး |
| ၃။ | အရူပါဝစရ ပဋိသန္ဓေစိတ် | ၄ ပါး |
| | **ပေါင်း** | **၂၀ ပါး** |

ပဋိသန္ဓေ နှစ်ဆယ်လုံးဖြစ်သောကြောင့် ကာမဘုံက တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်စုတေလျှင် (၃၁) ဘုံလုံးသို့ ရောက်နိုင်၏။

**ဆောင် ။** တိဟိတ်ဝိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ နှစ်ဆယ်အကုန်ဟော။

## ကာမအဟိတ်၊ ဒွိဟိတ်စုတိနောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်

ကာမပဋိသန္ဓေစိတ် ဆယ်ပါး။

ကာမပဋိသန္ဓေစိတ် ဆယ်ပါးဖြစ်နိုင်သောကြောင့် ကာမဘုံမှ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်များ စုတေလျှင် ကာမတစ်ဆယ့်တစ်ဘုံသို့သာရောက်နိုင်၏။

**ဆောင် ။** ဒု၊ သု၊ ဒွိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ တစ်ဆယ်ကာမသော။

## ဖြဟ္မာ့ပြည်မှာတဝင်းဝင်း၊ ဝက်စားကျင်းမှာ တချွတ်ချွတ်

ဖြဟ္မာသည် ရူပဖြဟ္မာ၊ အသညသတ် ဖြဟ္မာ၊ အရူပဖြဟ္မာဟု သုံးမျိုးရှိ၏။ ရူပစုတိ၊ အရူပစုတိ နောင်မဟာဝိပါက် ပဋိသန္ဓေစိတ် ရှစ်ပါးသာဖြစ်နိုင်၏။ အဟိတ်ပဋိသန္ဓေ (အပါယ်ပဋိသန္ဓေ) စိတ် မဖြစ်နိုင်ပေ၊ ထို့ကြောင့် ရူပအရူပဖြဟ္မာများ စုတေလျှင် ကာမသုဂတိခုနှစ်သို့သာရောက်နိုင်၏။ အပါယ်ဘုံသား ဝက်ဘဝသို့တိုက်ရိုက် မရောက်နိုင်ပေ။

ကာမသုဂတိဘုံတွင် လူဘုံ၌လူဖြစ်ပြီးနောက် လူ့ဘဝမှာ ဒုစရိုက်မှုများကို ပြုလုပ်၍ သေလွန်သောအခါမှသာ အပါယ်ဘုံသား ဝက်သတ္တဝါဖြစ်နိုင်၏။ ထိုသို့ဖြဟ္မာပြည်မှ စုတေပြီးနောက် လူ့ဘုံသို့ရောက်ရှိကာ လူ့ဘုံမှတစ်ဆင့် အပါယ်ဘုံ၌ ဝက်ဖြစ်ခြင်းကို ရည်ရွယ်၍ ဖြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တချွတ်ချွတ် ဟု ပြောဆိုကြခြင်းဖြစ်၏။

**မရဏာပ္ပတ္တိစတုက္ကပြီး၏။**

* * * * *

## ဘဝင်စိတ်ဖြစ်ပုံ

ဘဝသစ်၌ ပဋိသန္ဓေနေပြီးသော သတ္တဝါတို့၏ သန္တာန်၌ ပဋိသန္ဓေစိတ် တစ်ကြိမ်ဖြစ်ပြီး ချုပ်ပြီးသည်မှစ၍ ယင်းပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု လျက် ထိုပဋိသန္ဓေစိတ်သည်ပင် စုတိစိတ်ဖြစ်ရာကာလတိုင်အောင် ဝီထိစိတ် မဖြစ်လျှင် ဘဝ၏အကြောင်းဖြစ်သောကြောင့် ဘဝင်ဟူသောအမည်ဖြင့် မြစ်ရေ အလျဉ်ပမာ အဆက်မပြတ်ဖြစ်နေ၏။

## စုတိစိတ်ဖြစ်ပုံ

ဘဝဆုံးသောအခါ၌လည်း ထိုပဋိသန္ဓေစိတ်နှင့် အလားတူသော အကျိုး ဝိပါက်စိတ်သည်ပင် စုတိစိတ်အမည်ဖြင့်ဖြစ်၍ချုပ်၏။

## သံသရာစက်ပြတ်စဲနိုင်သောလမ်းစဉ်ငါးမျိုး

၁။ ပဋိသန္ဓေနေစဉ်က တိဟိတ်ပဋိသန္ဓေနေခဲ့သော တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း။

၂။ ကြာရှည်လေးမြင့်သီလကို စောင့်ထိန်းလျက် ဓုတင်ကိုဆောက်တည် ကာ သမထလုပ်ငန်းကို လုပ်နေသူဖြစ်ခြင်း။

၃။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟုအဆက်မပြတ် လည်ပတ်နေသော စိတ် စေတသိက်တို့ကို ဖြစ်ချည်း၊ ပျက်ချည်း အမြဲတည်တံ့မှုမရှိသော အနိစ္စ တရားပါတကား ဟု ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာထင်အောင် ရှုနေရခြင်း။

၄။ ထိုသို့ဆင်ခြင်သည်ရှိသော် လက္ခဏာများထင်လျက် ရွေ့လျောပျက်စီး ခြင်းမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ခြင်း။

၅။ ထိုသို့မဂ်စိတ်၊ ဖိုလ်စိတ်များဖြစ်ပေါ်လာသည့်အတွက် တဏှာကုန်ခမ်း ၍ အနုပါဒိသေသနိဗ္ဗာနဓါတ်သို့ ကေန်ရောက်ရခြင်း၊ နောက်ဖြစ်စရာ ပဋိသန္ဓေလည်းမရှိတော့၊ ထိုသို့ ပဋိသန္ဓေ နေစရာမရှိတော့သည့် အတွက် သံသရာစက်အလည်ရပ်လေတော့၏။

## ''လေ့ကျင့်ခန်း''

၁။ အဘယ်တရားမျိုးကို သင်္ခတ တရားခေါ်ပါသနည်း၊ ယင်းသင်္ခတ တရား၏ အမှတ်အသားသုံးမျိုးကို ရှင်းပြခဲ့ပါ။

၂။ လူသားအားလုံး အဘယ်သေခြင်းမျိုးဖြင့် သေကြရပါသနည်း၊ ရေး၍ လူသားများ သေခါနီးအချိန်၌ လူ၏စိတ်ထဲမှာ အဘယ်အာရုံများ ထင်လာပါသနည်း။

၃။ လူတစ်ယောက်သည် နွားကိုဓါးဖြင့်ခုတ်သတ်ရာ ယင်းနွားသတ်မှုအာရုံသည် သေခါနီးအချိန်၌ လူ၏စိတ်ထဲမှာထင်လာတတ်၏၊ ယင်းနွားသတ်ပွဲ ထင်မြင်လာရာတွင် အဘယ်ကို ဥပလဒ္ဓ ပုဗ္ဗကမ္မနိမိတ်၊ ဥပကရဏဘူတကမ္မနိမိတ်ခေါ်သည်ဟု ရှင်းပြခဲ့ပါ။

၄။ လူသားများသေခါနီးအချိန်၌ စိတ်အစဉ်ဖြစ်တတ်ပုံကိုရေးပါ။

၅။ ဝီထိစိတ်အဆုံး၌ စုတိကျသော မရဏာသန္နဝီထိအပြားနှင့် ပဋိသန္ဓေစိတ်ဖြစ်ပုံကိုရေး၍၊ ဘဝဟောင်းနှင့် ဘဝသစ်အကြား၌ ယာယီဘဝတစ်ခုရှိသည်ဟူသော အယူအဆမှန် မမှန်ရှင်းပြပါ။

၆။ အချို့က လူသည်အကြောင်းမရှိဘဲ ''မိဘသုက်သွေး ဖြစ်လာသည်'' ဟုဆိုကြ၏။ အချို့က ''လူနှင့်သက်ရှိသတ္တဝါကို ဖန်ဆင်းရှင်က ဖန်ဆင်းထားသည်''ဟု ဆိုကြပြန်၏။ ထိုအဆိုများ မှန်မမှန်ရှင်းပြခဲ့ပါ။

၇။ သတ္တဝါတိုင်း မိမိဘဝကို ချစ်ခင်တွယ်တာရခြင်းအကြောင်းကိုရှင်းပြ၍ ပဋိသန္ဓေစိတ်၏ ပစ္စုပ္ပန်ကို အာရုံပြုနိုင်ပုံကိုလည်း ရှင်းပြပါ။

၈။ ကာမပဋိသန္ဓေသည် အဘယ်ကိုအာရုံပြုပါသနည်း ရေး၍ ကာမပဋိသန္ဓေ၏ အာရုံကို တရားကိုယ်ကောက်ပြပါ။

၉။ (၃၁) ဘုံသား သတ္တဝါများကို ရုပ်နာမ် ပဋိသန္ဓေနေသူများအဖြစ် ခွဲခြားပြ၍ အရူပစုတိ နောင်ဖြစ်နိုင်သော ပဋိသန္ဓေစိတ်တို့ကို ဖော်ပြခဲ့ပါ။

၁၀။ ခွေးတစ်ကောင်သေပြီးနောက် ရောက်ရှိနိုင်သော ဘုံတို့ကို ဖော်ပြ၍ အသညသတ်ပြဟ္မာဘုံမှ စုတေသော ပြဟ္မာသည် ကာမဘုံ၌ မျက်ကန်း လူသားတစ်ဦးဖြစ်နိုင်၊ မဖြစ်နိုင်ရှင်းပြခဲ့ပါ။

၁၁။ လူ့ဘုံက ဈာန်ရ ရဟန်းတော်တစ်ပါး ပျံလွန်တော်မူလျှင် ခွေးဖြစ်နိုင်၊ မဖြစ်နိုင်ရှင်းပြခဲ့ပါ။

* * * * *

## အခန်း (၅)

## မရဏာသန္နဝီထိ

ဝီထိအဆုံးမှာ ဘဝင်အနည်းငယ်ခြား၍ဖြစ်စေ၊ မခြားဘဲဖြစ်စေ အမှန် မုချ စုတိစိတ်ဖြစ်သော ဝီထိကို မရဏာသန္နဝီထိဟုခေါ်၏။ မရဏာသန္နဝီထိ၌ အောက်ပါ ၅ ကြိမ်သာချရမည်။

ရှေးဆရာမြတ်များသည် ပဋိသန္ဓေဝီထိကို သီးခြားမပြဘဲ စုတိနောက် ၌ ပဋိသန္ဓေဝီထိကို တစ်ဆက်တည်းပြတော်မူကြပါသည်။ ထို့ကြောင့် မရဏာ သန္နဝီထိဆိုလျှင် ပဋိသန္ဓေဝီထိလည်းပါဝင်ပြီဟုမှတ်။

မရဏာသန္နဝီထိ၌ ကာမသတ္တဝါ၊ ရူပသတ္တဝါ၊ အရူပသတ္တဝါဟု သတ္တဝါသုံးမျိုးရှိ၏။ ထိုတွင် ကာမသတ္တဝါသည် –

၁။ ကာမဘုံမှသေ၍ ကာမဘုံ၌ပြန်ဖြစ်မည့်သတ္တဝါ

၂။ ကာမဘုံမှသေ၍ ရူပဘုံ၌ဖြစ်မည့်သတ္တဝါ

၃။ ကာမဘုံမှသေ၍ အရူပဘုံ၌ဖြစ်မည့် သတ္တဝါဟုသုံးမျိုးပြ၏။

ရူပသတ္တဝါသည် –

၁။ ရူပဘုံမှသေ၍ ရူပဘုံ၌ပြန်ဖြစ်မည့် သတ္တဝါ

၂။ ရူပဘုံမှသေ၍ ကာမဘုံ၌ပြန်ဖြစ်မည့် သတ္တဝါ

၃။ ရူပဘုံမှသေ၍ အရူပဘုံ၌ဖြစ်မည့် သတ္တဝါဟုသုံးမျိုးပြား၏။

အာရုပ္ပသတ္တဝါသည် –

၁။ အရူပဘုံမှသေ၍ အရူပဘုံ၌ ပြန်ဖြစ်မည့်သတ္တဝါ

၂။ အရူပဘုံမှသေ၍ ကာမဘုံ၌ ဖြစ်မည့်သတ္တဝါဟူ၍ နှစ်မျိုးပြား၏။

**မှတ်ချက်** ။ မည်သည့်ဘုံမှ စုတေလျှင် မည်သည့်ဘုံကို မည်သည့်ပုဂ္ဂိုလ်များ သွားရောက်ဖြစ်နိုင်ကြောင်းကို စုတိစိတ်၊ နောင် ပဋိသန္ဓေစိတ် ဖြစ်ပုံကိုပြသော အာရုပ္ပစုတိယာဟောန္တိစသော ဂါထာဖွင့်၌ပြခဲ့ပြီးဖြစ်၏။ ပြန်ကြည့်ပါ။

## မရဏာသန္နဝီထိ (၂) မျိုး

မရဏာသန္နဝီထိသည်

၁။ ပဉ္စဒွါရ မရဏာသန္နဝီထိ

၂။ မနောဒွါရမရဏာသန္နဝီထိ (၂) မျိုးပြား၏။

## ပဉ္စဒွါရမရဏာသန္နဝီထိ (၅) မျိုး

ပဉ္စဒွါရ မရဏာသန္နဝီထိသည် –

၁။ စက္ခုဒွါရ မရဏာသန္နဝီထိ

၂။ သောတဒွါရ မရဏာသန္နဝီထိ

၃။ ဃာနဒွါရ မရဏာသန္နဝီထိ

၄။ ဇိဝှါဒွါရ မရဏာသန္နဝီထိ

၅။ ကာယဒွါရ မရဏာသန္နဝီထိဟု (၅) မျိုးပြား၏။

## စက္ခုဒွါရ မရဏာသန္နဝီထိ (၄) မျိုး

ကာမဘုံမှသေ၍ ကာမဘုံ၌ပြန်ဖြစ်သော ပုဂ္ဂိုလ်သန္တာန်၌ စက္ခုဒွါရ မရဏာသန္နဝီထိသည် –

၁။ ဇောနောင်စုတိကျသောဝီထိ

၂။ ဇောဘဝင်နောင် စုတိကျသောဝီထိ
၃။ တဒါရုံနောင် စုတိကျသောဝီထိ
၄။ တဒါရုံဘဝင်နောင် စုတိကျသောဝီထိဟု (၄) မျိုးပြား၏။

**မှတ်ချက်** ။ ကာမဘုံမှသေ၍ ကာမဘုံ၌ ပြန်ဖြစ်မည့် သတ္တဝါ သန္တာန်၌သာ ဝီထိလေးမျိုးလုံးကိုရနိုင်၏။ ရူပဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန် ၌ ဇောနောင်စုတိကျသောဝီထိနှင့် ဇောဘဝင်နောင်စုတိကျသော ဝီထိနှစ်မျိုး ကိုသာရနိုင်ပါသည်။ ကြွင်းသော သတ္တဝါများ သန္တာန်၌ ပဉ္စဒွါရဝီထိ များဖြစ်ခွင့်မရှိ။

## ဇောနောင်စုတိကျသော စက္ခုဒွါရမရဏာသန္နဝီထိဖြစ်ပုံ (ကျက်ရန်)

ဇောနောင်စုတိကျသော စက္ခုဒွါရ မရဏာသန္နဝီထိဖြစ်ဟန်ကား ဆွေမျိုး စသည်တို့က ယူဆောင်ပြ၍ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ၊ ရူပါရုံသည် ဥပါဒ်သည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော (၅) ကြိမ် စုတိပဋိသန္ဓေ ဘဝင် (၁၅) ကြိမ် သို့မဟုတ် (၁၆) ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်၊ ထို့နောက်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။

**မှတ်ချက်** ။ ဤဝီထိ၊ ပဋိသန္ဓေ၊ ဘဝင်စုတိစိတ်အားလုံးသည် ကာမပဋိသန္ဓေ ဘဝင် စုတိစိတ် (၁၀) ပါးသာဖြစ်၏။

## စက္ခုဒွါရမရဏာသန္န (၄) ဝီထိ ဇောနောင်စုတိကျသောဝီထိပုံ

၁။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု တိ ပဋိ ဘင်၁၆ မ ဇဇဇဇဇဇဇော

→ ဘဝဟောင်း ← → ဘဝသစ်

## ဇောဘဝင်နှောင် စုတိကျသောဝီထိပုံ

၂။ တီနဒပစသံဏဝုဇဇဇဇဇဘစုတိ ပဋိ ဘဘဘဘဘ
ဘဘဘဘဘဘဘဘဘဘဘဘ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

## တဒါရုံနှောင် စုတိကျသော ဝီထိပုံ

၃။ တီနဒပစသံဏဝုဇဇဇဇဇရုံရုံစုတိ ပဋိ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ
ဘ ဘ ဘ ဘ ဘ ဘ ဘ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

## တဒါရုံဘဝင်နှောင်စုတိကျသောဝီထိပုံ

၄။ တီနဒပစသံဏဝု ဇဇဇဇဇ ရုံရုံ ဘ စုတိ ပဋိ ဘ ဘ ဘ ဘ
ဘဘဘဘဘဘဘဘဘဘဘဘဘ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

## ပဥ္စဒွါရမရဏာသန္နဝီထိ (၂၀)

| | | |
|---|---|---|
| ၁။ | စက္ခုဒွါရ မရဏာသန္နဝီထိ | ၄ ပါး |
| ၂။ | သောတဒွါရ မရဏာသန္နဝီထိ | ၄ ပါး |
| ၃။ | ဃာနဒွါရ မရဏာသန္နဝီထိ | ၄ ပါး |
| ၄။ | ဇိဝှါဒွါရ မရဏာသန္နဝီထိ | ၄ ပါး |
| ၅။ | ကာယဒွါရ မရဏာသန္နဝီထိ | ၄ ပါး |
| | ပေါင်း | ၂၀ ပါး |

**မှတ်ချက်** ။ ဝီထိပုံစံတွင် ရှေ့ကဇော (၅) ကြိမ်သည် မရဏာသန္နဇောဖြစ်၏။
နောက်ကဇော (၇)ကြိမ်သည် ဘဝနိကန္တိက လောဘဇောဖြစ်၏။
ကြွင်းသော သောတဒွါရဝီထိ ဃာနဒွါရဝီထိ ဇိဝှါဒွါရဝီထိ ကာယဒွါရဝီထိတို့ကိုလည်း စက္ခုဒွါရဝီထိအတိုင်းချပါ။ စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်စသည်ကိုပြောင်းထည့်ရုံသာထူး၏။ နောက်မှာ ပဥ္စမရဏာသန္နဝီထိစိတ်များကို အာရုံစသည်ဖြင့် ဝေဖန်ရာ၌ ဒွေပဥ္စဝိညာဏ် (၁၀)အတွက် စုပေါင်းဝေဖန်ပြ

ထားပါသည်။ စက္ခုဒွါရဝီထိစသည်ဖြစ်ပါက ပစ္စုပ္ပန်ပဉ္စာရုံနေရာတွင် ပစ္စုပ္ပန်ရူပါရုံစသည်ကိုပြောင်းဆိုရုံသာထူးပါသည်။

## ပဉ္စဒွါရမရဏာသန္နဝီထိစိတ်သရုပ်

| | | | |
|---|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ | ပါး |
| ၂။ | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ | ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ | ပါး |
| ၄။ | မဟာဝိပါက်စိတ် | ၈ | ပါး |
| | **ပေါင်း ကာမစိတ်** | **၄၅** | **ပါး** |

## မနောဒွါရ၊ မရဏာသန္နဝီထိနှစ်မျိုး

မနောဒွါရ မရဏာသန္နဝီထိသည် -

၁။ ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိ။

၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိဟု နှစ်မျိုးပြား၏။

## ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိလေးမျိုး

ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိသည်လည်း

၁။ ဇောနောင်စုတိကျသောဝီထိ၊

၂။ ဇောဘဝင်နောင်စုတိကျသောဝီထိ၊

၃။ တဒါရုံနောင်စုတိကျသောဝီထိ၊

၄။ တဒါရုံဘဝင်နောင်စုတိကျသောဝီထိဟု လေးမျိုးပြား၏။

**မှတ်ချက်။** ဤလေးဝီထိကို ကာမဘုံမှ စုတေ၍ ကာမဘုံ၌ပင် ပြန်ဖြစ်မည့် သတ္တဝါသန္တာန်၌သာ ရနိုင်၏။ ကာမဘုံမှ စုတေ၍ အခြားဘုံ၌ ဖြစ်လတ္တံ့၊ အခြားဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်လတ္တံ့ပုဂ္ဂိုလ်များသန္တာန်၌ ကား ဇောနောင်စုတိ၊ ဇောဘဝင်နောင်စုတိကျသော နှစ်ဝီထိကိုသာ ရနိုင်၏။

ပဉ္စဒွါရဝီထိတွင် ဇောနောင်စုတိကျသော ဝီထိဖြစ်ပုံကို ပြခဲ့ပြီးဖြစ်၏။ ဤမနောဒွါရဝီထိ၌ တဒါရုံ နောင်စုတိကျသော ဝီထိဖြစ်ပုံကိုပြမည်၊ ဝီထိရှေ့နောက်အစဉ်ကား မကျပေ။

## မနောဒွါရမရဏာသန္နလေးဝီထိ

## တဒါရုံနောင်စုတိကျသော မနောဒွါရမရဏာသန္နဝီထိဖြစ်ပုံ

တဒါရုံနောင်စုတိကျသော မနောဒွါရ မရဏာသန္နဝီထိဖြစ်ပုံကား ပစ္စုပ္ပန်ကမ္မနိမိတ်၊ ဂတိနိမိတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသည် ဥပါဒ်ပြီးနောက် အတီတဘဝင်တစ်ကြိမ်အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးကြိမ်၊ တဒါရုံနှစ်ကြိမ်၊ စုတိ ပဋိသန္ဓေဘဝင်တစ်ဆယ့်ငါးကြိမ် သို့မဟုတ် တစ်ဆယ့်ခြောက်ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ် ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။

**မှတ်ချက်** ။ မရဏာသန္နဝီထိ၏ အာရုံသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးဖြစ်သော်လည်း ကံအာရုံသည် အတိတ်ကာလ၌သာဖြစ်၏။ အတီတဘဝင်ကျသော ပစ္စုပ္ပန်အာရုံ၌ ကံအာရုံကိုမရနိုင်။ ရှေးကဝီထိဆိုရိုး အချို့စာအုပ်၌ ကံအာရုံကိုပါ ထည့်သွင်းယူထားသည်ကိုတွေ့ရ၏။ ဂတိနိမိတ်အတွက် ပစ္စုပ္ပန်ရူပါရုံတစ်မျိုးကိုသာရနိုင်၏ဟု ဋီကာကျော်ဖွင့်ပြ၏။

## ပစ္စုပ္ပန်အာရုံမနောဒွါရမရဏာသန္နဝီထိလေးဝီထိ

## ဇောနောင်စုတိကျသောဝီထိပုံ

၁။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ
ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

## ဇောဘဝင်နှောင်စုတိကျသောဝီထိပုံ

၂။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ စုတိ ပဋိ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

## တဒါရုံနှောင်စုတိကျသောဝီထိပုံ

၃။ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု တိ ပ ဋိဘဘဘဘဘဘဘဘဘဘ ဘဘဘဘဘမဇဇဇဇဇဇဇဘ

## တဒါရုံဘဝင်နှောင်စုတိကျသောဝီထိပုံ

၄။ တီနဒမဇဇဇဇဇရုံရုံဘစုတိပဋိဘဘဘဘဘဘဘဘဘဘဘ ဘဘဘ ဘမဇဇဇဇဇဇဇဘ

## ဝီထိစိတ်သရုပ်

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ ပါး |
| ၄။ | တဒါရုံစိတ် | ၁၁ ပါး |
| | **ပေါင်းကာမစိတ်** | **၃၂ ပါး** |

**မှတ်ချက်** ။ ဤဝီထိ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အားလုံးသည် ကာမပဋိသန္ဓေစိတ်၊ ဘဝင် စုတိစိတ် ဆယ်ပါးသာဖြစ်၏။

## အာရုံစသည်ဖြင့်ဝေဖန်ပုံ

**အာရုံ** ။ ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် လွန်ခဲ့သော ဘဝဟောင်းမှ မရဏာသန္နဇောသည် ယူပေးအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံတိုင်အောင် ဝီထိစိတ်များသည် ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ်ဟုသမုတ်အပ်သော ကာမတရားအာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

တဒါရုံအဆုံးရှိသော မနောဒွါရဝီထိဖြစ်ပါက အတီတဘဝင်မှစ၍ စုတိတိုင်အောင်အာရုံအသက်တစ်ဆယ့်နှစ်ချက်သာရှိသေး၏၊ ပစ္စုပ္ပန်အာရုံမချုပ်သေး၍ ပဋိသန္ဓေအသစ်နှင့် ဘဝင်လေးကြိမ်တို့သည် ပစ္စုပ္ပန်ကမ္မနိမိတ်ဂတိနိမိတ်ဟု သမုတ်အပ်သော ကာမတရားအာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနှစ်ကြိမ်တို့သည် ဘဝသစ် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်ကိုအာရုံပြုကြ၏။ အဆုံးဘဝင်သည် အတိတ်ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော ကာမတရားအာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၏။

ဝတ္ထု ။ စုတိအဆုံးရှိသော အလုံးဂုံသောစိတ်တို့သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တစ်ဆယ့်ခုနှစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီကြ၏။

ဘုံ ။ မနောဒွါရ မရဏာသန္နဝီထိသည် အသညသတ်ကြဉ်ဘုံ (၃၀)၌ ဖြစ်၏။

အမှာ ။ ပုဂ္ဂိုလ်ဖြင့် ဝေဖန်ပုံသည် ပဉ္စဒွါရမရဏာသန္နဝီထိနှင့်တူ၏။ ကြွင်းသော ဇောနောင်စုတိ၊ ဇောဘဝင်နောင်စုတိ၊ တဒါရုံဘဝင်နောင်စုတိကျသော ဝီထိတို့ကိုလည်း တဒါရုံနောင်စုတိကျသောဝီထိကို နည်းမှီ၍ သိလောက်ပါပြီ၊ သို့သော် ဇောနောင်စုတိကျသောဝီထိ၌ ဝီထိစိတ်သရုပ်တွင် တဒါရုံစိတ်ကိုချန်၍ ကောက်ရမည်။

ပစ္စုပ္ပန်ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုအာရုံပြုရာ၌ ဤဇောနောင်စုတိကျသောဝီထိမှာ အတီတဘဝင်မှစ၍ရေတွက်လျှင် စုတိတိုင်အောင် စိတ္တက္ခဏာ (၁၀)ချက်

သာရှိသေး၏။ ဘဝသစ်ပဋိသန္ဓေနှင့် ဘဝင်ခြောက်ချက်တို့ ပစ္စုပ္ပန်အာရုံ (ရူပါရုံ) ကိုပင် ဆက်လက်အာရုံပြုကြ၏။ ဤဝီထိလာ ဘဝင်စိတ်များထက်ပို၍ ပစ္စုပ္ပန်ကို အာရုံပြုနိုင်သော ဘဝင်စိတ်များမရှိ။

## ကာမဘုံမှစုတေ၍ ရူပဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ ဖြစ်သော နှစ်ဝီထိ

ဇောနောင်စုတိကျသော ဝီထိဖြစ်ပုံကား –

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးကြိမ်၊ စုတိပဋိသန္ဓေ ဘဝင်တစ်ဆယ့်ငါးကြိမ် (သို့မဟုတ်) တစ်ဆယ့်ခြောက်ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ခုနှစ်ကြိမ်ဖြစ်ပြီး နောက်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။

## ဇောနောင်စုတိ၊ ဇောဘဝင်နောင်စုတိကျသောဝီထိပုံ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိပဋိဘ ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘစုတိ ပဋိဘ ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်။** ဤဝီထိများ၌ ဘဝဟောင်းမှ ဘဝင်စိတ်စုတိစိတ်များသည် ကာမတိဟိတ် ဘဝင်စိတ်လေးခုတို့သာတည်း၊ ဘဝသစ်ပဋိသန္ဓေဘဝင်စိတ်များသည် ရူပပဋိသန္ဓေစိတ်၊ ဘဝင်စိတ်ငါးပါးတို့သာတည်း၊ ဤဝီထိ၌ အာရုံကပစ္စုပ္ပန် ကာမအာရုံမဟုတ်ခြင်းကြောင့် အတီတဘဝင်မချရ။

## ဝီထိစိတ်သရုပ်

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂ ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁ ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈ ပါး |
| | **ပေါင်း** | **၂၁ ပါး** |

**မှတ်ချက်**။ ဤဝီထိ၌ ဘဝဟောင်းမှ ဘဝင်၊ စုတိစိတ်များသည် ကာမတိဟိတ်ဘဝင်၊ စုတိစိတ်လေးခုတို့သာတည်း။ ဘဝသစ်ပဋိသန္ဓေဘဝင်တို့သည် ရူပပဋိသန္ဓေဘဝင်စိတ် ငါးပါးတို့တည်း။

## အာရုံစသည်ဖြင့် ဝေဖန်ပုံ

**အာရုံ** ။ ဘဝဟောင်းမှ ဘဝင်စုတိစိတ်တို့သည် လွန်ခဲ့သော ဘဝဟောင်းမှ မရဏာသန္နဇောသည်ယူပေးအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ ဇောနှင့် ပဋိသန္ဓေဘဝင်စိတ်များသည် ကသိုဏ်း၊ ပညတ်စသော ကမ္မနိမိတ်ကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇောတို့သည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု** ။ ဝတ္ထုဖြင့် ဝေဖန်ပုံသည် တဒါရုံနောင် စုတိကျသော မနောဒွါရ မရဏာသန္နဝီထိနှင့်တူ၏။

**ဘုံ** ။ ဤဝီထိစိတ်သည် ဘဝဟောင်းအတွက် ကာမသုဂတိ ၇ ဘုံ၌ဖြစ်၍ ဘဝသစ်အတွက် အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ဤဇောနောင် စုတိကျသော မနောဒွါရ မရဏာသန္နဝီထိသည်

| | |
|---|---|
| ၁။ တိဟိတ်ပုထုဇဉ် | ၁ ယောက် |
| ၂။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၃ ယောက် |
| **ပေါင်း** | **၄ ယောက်** |

တို့၌ ဖြစ်၏။

**အမှာ** ။ ဇော ဘဝင်နောင် စုတိကျသော ဝီထိကိုလည်း ဤပြခဲ့ပြီးသော ဝီထိကို နည်းမှီ၍ချပါလေ။

## ကာမဘုံမှ အသညသတ်ဘုံ၌ဖြစ်မည့် သတ္တဝါ၏ ၂ ဝီထိ ဇောနောင် စုတိကျသော ဝီထိဖြစ်ဟန်ကား –

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅ ကြိမ်၊ စုတိ၊ ဇီဝိတနဝက ကလာပ်ရုပ်ပဋိသန္ဓေ။

## ဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ စု တိ (ရုပ်) ပဋိသန္ဓေ

**မှတ်ချက်။** ဤဝီထိ၌ ဘဝဟောင်းကဘဝင်၊ စုတိစိတ်များသည် ကာမတိဟိတ် ဘဝင်စုတိ ၄ ခုတို့တည်း၊ အသညသတ်ဘုံ၌ ဂန္ဓ၊ရသ၊ ဩဇာကြဉ်ဇီဝိတ ဆက္ကရုပ်ဖြင့် ပဋိသန္ဓေနေ၏ဟု မူလဋီကာဆို၏။

**အာရုံ ။** ဘဝဟောင်းက ဘဝင်စုတိစိတ်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောများသည် ဝါယောကသိုဏ်းပညတ်ကို အာရုံပြုကြ၏။ ကေစိဝါဒအားဖြင့် အာကာသ ကသိုဏ်းပညတ်ကို အာရုံပြုကြ၏။ အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေဘဝင်စုတိတို့သည် အနာရမ္မဏာတရားဖြစ်၍ မည်သည့် အာရုံကိုမျှ မပြုကြ။

**ဝတ္ထု ။** စုတိအဆုံးရှိသော အလုံးစုံသောစိတ်တို့သည် စုတိစိတ်မှပြန်၍ ရေသော် ၁၇ ချက်မြောက်သောစိတ် နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီကြ၏။

**ဘုံ ။** ဤဝီထိသည် ဘဝဟောင်းအတွက် ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်၍ ဘဝသစ်အတွက် အသညသတ်ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်။** ဤဝီထိသည် ဘဝဟောင်းအတွက် တိဟိတ်ပုထုဇဉ် ဘဝသစ်အတွက် သုဂတိအဟိတ် ပုထုဇဉ်သတ္တာန်တို့၌ဖြစ်၏။

**မှတ်ချက်။** ဇော ဘဝင်နောင်စုတိကျသော ဝီထိကိုလည်း ဤဝီထိကို နည်းမှီ၍ ချပါလေ။

## အသညသတ်ဘုံ၌ဖြစ်ပုံ

### အဝိဇ္ဇာတရားဆိုများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ

လူ့ခန္ဓာကိုယ်သည် အမှန်တရားကိုမသိအောင်စိတ်ကို အမှောင်ချထားသော အဝိဇ္ဇာ၊ ခန္ဓာကိုယ်၌ဖြစ်ပေါ်နေသော သဘာဝနာမ်ရုပ်တရားအပေါ်၌ငါ၊ သူတစ်ပါးယောကျ်ား၊ မိန်းမစသည်ဖြင့် အမြင်မှား အသိမှားမှုဒိဋ္ဌိ၊ အာရုံငါးပါးကို လိုလားမှုကာမတဏှာ၊ လိုလားသည့်အတိုင်း ဖြစ်မလာသောအခါ သို့မဟုတ် မိမိမနှစ်သက်သော အနိဋ္ဌာရုံနှင့်တွေ့ကြုံရသောအခါ စိတ်ဆိုးမှုဒေါသ၊ မိမိကိုယ်ကို အထင်ကြီး ဘဝင်မြင့်မှု မာနစသော အဝိဇ္ဇာတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ၏။

### အပျော်ကြူးခြင်း

ထိုသို့အဝိဇ္ဇာတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေခြင်းကြောင့် ''ဘဝကိုရရှိခြင်းသည် ဆင်းရဲကိုရရှိခြင်းပင်ဖြစ်သည်''ဟု လူသားများ အမှန်အတိုင်းသဘောမပေါက်နိုင်ကြပေ။ သဘောမပေါက်ရုံသာမက ကာမတဏှာ၏ လှုံ့ဆော်မှုကြောင့် အာရုံလိုက်စားနေရသည်ကို ''လူ့သဘာဝ၊ လူ့အခွင့်အရေး'' ဟုယူဆကာ အသက်ရှင်နေစဉ် တိုတောင်းလှသော အချိန်ကာလမှာ တစ်လင်တစ်မယားစနစ်ဖြင့်ပင် မရောင့်ရဲနိုင်လောက်အောင် အာရုံတရားများကို လွန်လွန်ကဲကဲ ခံစားကြလျက် အပျော်ကြူးနေကြ၏။

### သတ္တိပြလာ

ထိုသို့အပျော်ကြူးနေကြစဉ် သဘာဝနာမ်ရုပ်တရားများမှာ မူလကရှိသော မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ မိမိအလိုဆန္ဒအတိုင်း ဖြစ်မလာဘဲ သူ့သဘောကိုသူဆောင်လျက် သူ့လမ်းကြောင်းအတိုင်းသာ ဖြစ်ပျက်နေသော အနတ္တသဘောတို့ကို ထင်ထင်ရှားရှားပေါ်လွင်လာအောင် သတ္တိပြလာတတ်၏။

စားဝတ်နေရေး၊ ကျန်းမာရေးအတွက် နေ့စဉ်သက်စွန့်ကြိုးပမ်းအလုပ်လုပ်ရသော ပရိယေသနဒုက္ခ၊ လင်ဆိုး၊ မယားဆိုး၊ သားဆိုး၊ သမီးဆိုးများ နှိပ်စက်ခြင်းကြောင့် မျက်ရည်ကျလျက် နေ့စဉ်ငိုနေရသော ပရိဒေဝဒုက္ခ၊ လင်သေ၊ မယားသေ၊ သားသမီးများ သေခြင်းကြောင့် ရင်ထဲမှာ တအုံနွေးနွေးဖြင့် ပူလောင်စွာ ခံစားနေရသော ဉာတိဗျသနဒုက္ခ၊ မင်းဘေးမင်းဒဏ်နှင့် မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ လျှပ်လွှပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသော သဘာဝဘေးအန္တရာယ်ကျရောက် ဖျက်ဆီးခြင်းကြောင့် သက်စွန့်ကြိုးပမ်းရှာဖွေစုဆောင်းထားသော လူ့အသက်အိုးအိမ်နှင့် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခြင်းကြောင့် ပူပန်သောကရောက်ရသော ဒုက္ခ၊ ဤသို့စသော မရေတွက်နိုင်သော ဆင်းရဲဒုက္ခများကို ခံစားရဖန်များလာသောအခါ ယင်းဘဝဆင်းရဲမှ လွတ်မြောက်နိုင်သောနည်းလမ်းများကို ရှာဖွေလာကြ၏။

## နာမ်တရားအပေါ်စွဲချက်တင်လာ

ထိုအချိန်သည် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်နေသော သာသနာပအချိန်ဖြစ်၍ ဆင်းရဲမှလွတ်မြောက်နိုင်သော မဇ္ဈိမပဋိပဒါကျင့်စဉ်ကို မတွေ့ရှိနိုင်ကြပေ။ စိတ်အလိုသို့လိုက်လျက် စိတ်ကိုအကြောင်းပြု၍ အာရုံခံစားခြင်းကြောင့် ဤသို့ဆင်းရဲအမျိုးမျိုးကိုခံစားရသည်ဟု အသိမှားကာ စိတ်ကိုတရားခံအဖြစ် စွဲချက်တင်လာကြ၏။ ''စိတ်ရှိနေခြင်းကြောင့် အာရုံအမျိုးမျိုးကို ခံစားနေကြခြင်းဖြစ်သည်၊ စိတ်မရှိဘဲ ရုပ်ချည်းသက်သက်သာဆိုလျှင် လွန်စွာချမ်းသာနေမှာပဲ''စသည်ဖြင့် စိတ်၊ စေတသိက် (နာမ်တရား)အပေါ်၌ အပြစ်မြင်လျက် ရူပါဝစရပဉ္စမဈာန်ကို ''သညာဝိရာဂဘာဝနာ'' ဖြစ်အောင်ပွားများ၏။

ထိုသို့ပွားများ၍ သေလွန်သောအခါ ကမ္မဇကြိယဝါဒီတိတ္ထိများ အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေယူ၍ဖြစ်ရ၏။ ထိုသို့ဖြစ်ရာ၌ လူ့ပြည်ကစုတေခဲ့ရသော ဣရိယာပုတ်အတိုင်း အသညသတ်ဘုံ၌ဖြစ်ရ၏။ ဇီဝိတနဝကရုပ်ကလာပ်သည် ဆယ့်ခုနှစ်ချက် ရုပ်သက်ပြည့်၍ ချုပ်လိုက်၊ ဖြစ်လိုက်နှင့် မြစ်ရေအလျဉ်ကဲ့သို့

အဆက်မပြတ်ဖြစ်ကာ မဟာကပ်ငါးရာတို့ပတ်လုံး အသည့်သတ်ဘုံ၌တည်ရှိနေကြရ၏။

## မဆိုင်သလိုသဘောထားနေကြခြင်း

မွေ့ပွေး မွေ့ဟောက်ကိုအဆိပ်ရှိသော သတ္တဝါမှန်းမသိ၍ ယင်းမွေ့ပွေး မွေ့ဟောက်ကို ကိုင်တွယ်ကစားနေခြင်းကြောင့် မွေ့ပွေး၊ မွေ့ဟောက်ကိုက်ခံရပြီး အသက်ဆုံးရှုံးရသော ကလေးငယ်ကဲ့သို့ လူသားများသည် အာရုံခံစားမှုကို လူ့အခွင့်အရေးအဖြစ် သဘောထားကာ အာရုံကိုပျော်ရွှင်စွာခံစားနေကြ၏။ ဗုဒ္ဓတရားတော်ကို သင်ယူလေ့လာလျက် ဗုဒ္ဓတရားတော်ကို ကျင့်သုံးနေထိုင်သူများကို တွေ့မြင်နေရသော်လည်း မိသားစုအတွင်း၌ အစစအရာရာ အဆင်ပြေနေစဉ် ''ဒီအလုပ်ဟာ ငါ့အလုပ်မဟုတ်'' ဟု သဘောထားကာ ဗုဒ္ဓတရားတော်ကို မကျင့်သုံးဘဲ နေကြ၏။

ဗုဒ္ဓသည် အာရုံခံစားလျက် လောကထဲ၌ မျက်စိလည်နေကြသော သတ္တဝါများကို သနားတော်မူသဖြင့် လူသားနှင့်တကွ သတ္တဝါအားလုံးအတွက် တရားတော်ကို ဟောကြားတော်မူကာ သာသနာတော်ကို တည်ထောင်တော်မူခဲ့သော်လည်း လူသားများသည် အာရုံတရားများဖြင့် ပျော်ရွှင်ကာ ဗုဒ္ဓတရားတော်ကို မိမိတို့နှင့်မဆိုင်သလိုသဘောထားနေကြ၏။ ထို့ကြောင့် လောက၌ ဗုဒ္ဓတရားတော်ကို လိုက်နာကျင့်သုံးလျက် ထိန်းသိမ်းထားနိုင်သူများမရှိသော အခါ ဗုဒ္ဓတရားတော်သည် ကွယ်ပျောက်သွားရ၏။

အထက်ကဖော်ပြခဲ့သည့်အတိုင်း သာသနာပအချိန်မှာ လူသားများသည် ဘဝကပေးလာသော ဆင်းရဲအမျိုးမျိုးကို ခံစားကြရမှသာဘဝကို ဒုက္ခအဖြစ်ရှုမြင်လာကြ၏။ ဒုက္ခမှန်းသိလာ၍ဘဝမှလွတ်မြောက်နိုင်သောနည်းလမ်းများကို ရှာဖွေလာကြသော်လည်း ထိုအချိန်သည် ဗုဒ္ဓသာသနာတော်ကွယ်ပျောက်နေချိန်ဖြစ်၍ စစ်မှန်သော ကျင့်စဉ်တရားတော်များကို မတွေ့ရှိနိုင်ကြပေ။ မသိမှု အဝိဇ္ဇာနယ်ပယ်ထဲက လူသား၏စိတ်ကူးဖြင့်ကြံစည်တွေးခေါ် မြော်မြင်မှုအားလုံးသည် လူသားကိုမှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်အောင်ပို့မပေးနိုင်ပေ။

## ကံဆိုးမိုးမှောင်ကျခြင်း

ဘဝသည်လူသား၏စိတ်စွမ်းရည်နှင့် ဆက်သွယ်နေသော ကံတရားကြောင့်ဖြစ်ပေါ်ရသဖြင့် အသညသတ်ဘုံသားသတ္တဝါသည်လည်း နာမ်တရားကို စက်ဆုပ်သောစိတ်ဖြင့် ရူပါဝစရပဉ္စမစျာန်ကို သညာဝိရာဂဘာဝနာဖြစ်အောင် ကြိုးစားအားထုတ်ခဲ့မှုကြောင့် ထိုသို့သစ်တုံး ကျောက်တုံးပမာ မလှုပ်မရှားဘဲ မဟာကပ်ငါးရာတိတိနေထိုင်ရခြင်းဖြစ်၏။ လူသားများသည် ငြိမ်းချမ်းသာယာမှုကို အမှန်တကယ်ပေးစွမ်းနိုင်သော ဗုဒ္ဓတရားတော်ကို လူ့အလွှာအားလုံးသို့ ပြန့်ပွားအောင်ကြိုးစားကြပြီး ဗုဒ္ဓတရားတော်မကွယ်ပျောက်အောင် ထိန်းသိမ်းထားနိုင်ကြပါမူ မည်မျှကောင်းမည်နည်း၊ သို့သော် လူ့ဘဝသည် အဓမ္မတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေခြင်းကြောင့် လူသားများ ဗုဒ္ဓတရားတော်တန်ဖိုးကြီးမားပုံကို မသိမြင်နိုင်ကြပေ။

ထိုသို့ မိမိကိုယ်တိုင်မသိမြင်နိုင်ရုံသာမက တန်ဖိုးကြီးမားပုံကို သိမြင်တော်မူကြသော ဗုဒ္ဓစသောသူတော်ကောင်းကြီးများက ဟောပြောပြသော်လည်း ယင်းဟောပြောချက်ကို အမှန်ဟုမယုံကြည်နိုင်ကြပေ။ ထိုသို့မယုံကြည်ခြင်းကြောင့် အနှစ်သာရကင်းမဲ့သော အာရုံငါးပါး၊ ကာမဂုဏ်တရားကိုခံစားနိုင်ရေးအတွက်သာ ဘဝကိုအသုံးချနေကြ၏။ ထိုသို့ ဗုဒ္ဓဟောပြောတော်မူချက်ကို မယုံကြည်ဘဲ ကာမဂုဏ်တရားကို ခံစားနိုင်ရေးအတွက်သာ ဘဝကိုအသုံးချနေခြင်းသည် လူသားများအတွက် ကံဆိုးမိုးမှောင်ကျခြင်းပင်ဖြစ်၏။

## ကာမဘုံမှစုတေ၍ အရူပဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သောဝီထိ

ကာမဘုံမှစုတေ၍ အရူပဘုံ၌ဖြစ်လတ္တံ့သော သတ္တဝါသန္တာန်၌ ဇောနောင်စုတိကျသော ဝီထိဖြစ်ပုံကား –

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးကြိမ်စုတိ ပဋိသန္ဓေဘဝင် တစ်ဆယ့်ငါးကြိမ် (သို့မဟုတ်) တစ်ဆယ့်ခြောက်ကြိမ် မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ပေါ်လာသမျှဖြစ်၍ ချုပ်၏။

E.19.B

## ဇောနောင်စုတိကျသောဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓေ ဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်။** ဤဝီထိ၌ ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် ကာမတိဟိတ်ဘဝင်စိတ်၊ စုတိစိတ် လေးခုတို့သာတည်း။ ဘဝသစ်မှ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်အားလုံးသည် အရူပ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ် လေးခုသာတည်း။

**အာရုံ ။** ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ ဘဝသစ်ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် ပညတ်ကမ္မနိမိတ်နှင့် မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇောတို့သည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု။** စုတိအဆုံးရှိသော စိတ်အားလုံးသည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။ ပဋိသန္ဓေအစရှိသော နောက်နောက်သော စိတ်များသည် မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီကြ။

**ဘုံ။** ဤဝီထိသည် ဘဝဟောင်းအတွက် ကာမသုဂတိခုနစ်ဘုံ၌ဖြစ်၍ ဘဝသစ်အတွက် အရူပ လေးဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်။** ဤဝီထိသည် –

| | | |
|---|---|---|
| ၁။ | တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် | ၁–ယောက် |
| ၂။ | အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၁–ယောက် |
| | ပေါင်း | ၄–ယောက် |

တို့၌ဖြစ်၏။

**မှတ်ချက်။** ဇောဘဝင်နောင် စုတိကျသော ဝီထိကိုလည်း ဤဝီထိကို နည်းမှီ၍ချပါ။

## ရူပဘုံမှစုတေ၍ ရူပဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သောဝီထိ

ရူပဘုံမှစုတေ၍ ရူပဘုံ၌ဖြစ်လတ္တံ့သော သတ္တဝါသန္တာန်၌ ဇောနောင် စုတိကျသော ဝီထိဖြစ်ပုံကား –

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောငါးကြိမ်၊ စုတိပဋိသန္ဓေ၊ ဘဝင် တစ်ဆယ့်ငါးကြိမ်၊ တစ်ဆယ့်ခြောက်ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

### ဇောနောင်စုတိကျသောဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်။** ဤဝီထိ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အားလုံးသည် ရူပပဋိသန္ဓေစိတ်၊ ဘဝင်၊ စုတိစိတ် ငါးပါးသာတည်း။

**အာရုံ ။** ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် ပညတ် ကမ္မနိမိတ်ကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် ပညတ်ကမ္မနိမိတ်ကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇောတို့သည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု။** စုတိအဆုံးရှိသော ဘဝဟောင်းမှ စိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏။ ပထမ ဘဝင်အစရှိသော နောက်နောက်သော စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

**ဘုံ**။ ဤဝီထိသည် ဘဝဟောင်းအတွက် အသညသတ်ဘုံ၊ အကနိဋ္ဌဘုံကြဉ် ရူပတစ်ဆယ့်လေးဘုံတို့၌ဖြစ်၏။ ဘဝသစ်အတွက် အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံတို့၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ဤဝီထိသည် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့၌ဖြစ်၏။

**မှတ်ချက်**။ ဇောဘဝင် နောင်စုတိကျသော ဝီထိကိုလည်း ဤဝီထိကို နည်းမှီ၍ ချပါ။

## ရူပဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သော ၂ ဝီထိပုံ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ စုတိ ပဋိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်**။ ဤဝီထိများ၌ ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် ရူပ ဘဝင်၊ စုတိစိတ်ငါးပါးတည်း။ ဘဝသစ် ပဋိသန္ဓေ၊ ဘဝင်စိတ်များသည် ကာမဒွိဟိတ်၊ တိဟိတ်ဘဝင်စိတ်ရှစ်ပါးတို့တည်း။

**အာရုံ**။ ဘဝဟောင်းက ဘဝင်စိတ်၊ စုတိစိတ်များသည် ပညတ်ကမ္မနိမိတ်ကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ ပဋိသန္ဓေ၊ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိကလောဘဇောတို့သည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု**။ စုတိအဆုံးရှိသော ဘဝဟောင်းမှ စိတ်အားလုံးသည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။

ပထမဘဝင် အစရှိသော နောက်နောက်သော စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

**ဘုံ**။ ဤဝီထိသည် ဘဝဟောင်းအတွက် သုဒ္ဓါဝါသကြဉ်ရူပ တစ်ဆယ့်တစ်ဘုံ၌ ဖြစ်၏။ ဘဝသစ်အတွက် ကာမသုဂတိခုနစ်ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ဤဝီထိသည် ဘဝဟောင်းအတွက် သုဂတိအဟိတ် ပုထုဇဉ် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်၏။ ဘဝသစ်အတွက် ဒွိဟိတ်ပုထုဇဉ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်၏။

## ရူပဘုံမှစုတေ၍ အရူပဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သော ၂ ဝီထိပုံ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓေ ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓေ ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်**။ ဤဝီထိ၌ ဘဝဟောင်းမှ ဘဝင်စုတိစိတ်များသည် ရူပဘဝင်စိတ်၊ စုတိစိတ်ငါးပါးသာတည်း။ ဘဝသစ် ပဋိသန္ဓေ၊ ဘဝင်စိတ်များသည် အရူပ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ် လေးပါးသာတည်း။

**အာရုံ**။ ဘဝဟောင်းက ဘဝင်စိတ်၊ စုတိစိတ်များသည် ပညတ်ကမ္မနိမိတ်ကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် ပညတ်ကမ္မနိမိတ်၊ မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇောတို့သည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု**။ စုတိအဆုံးရှိသော ဘဝဟောင်းမှ စိတ်အားလုံးတို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။ ပဋိသန္ဓေအစရှိသော နောက်နောက်သော စိတ်တို့သည် မည်သည့်ဝတ္ထုကိုမျှ မမှီကြ။

ဘုံ။ ဤဝီထိသည် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၊ အရူပ လေးဘုံတို့၌ဖြစ်၏။

ပုဂ္ဂိုလ်။ ဤဝီထိသည် တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက် တို့၌ဖြစ်၏။

## အသညသတ်ဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သော ဝီထိပုံ

ရုပ် ပဋိသန္ဓေ ။ ။ ။ ။ ။ စုတိ | ပဋိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

ဘဝဟောင်း ←——→ ဘဝသစ်

မှတ်ချက်။ ဗိုလ်တနဝကကလာပ်ရုပ်သည် အသညသတ်ဘုံ၌ ပဋိသန္ဓေဘဝင်၊ စုတိကိစ္စတပ်၍ဖြစ်၏။ အသညသတ်သတ္တဝါသည် ပဋိသန္ဓေနှင့် စုတိအကြား၌ မဟာကပ်ငါးရာတိုင်အောင် အသက်ရှည်နေ၏။ အသညသတ် ဘုံ၌ ရုပ်ချည်းသာဖြစ်၍ မရဏာသန္နဇော မရနိုင်ပေ။ ရုပ်သည် မည်သည့်အာရုံ ကိုမျှ အာရုံမပြုနိုင်။

ဘဝသစ် ပဋိသန္ဓေ ဘဝင်စိတ်များသည် ကာမဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေဘဝင်စိတ် ရှစ်ပါးသာတည်း။ ထိုဘဝသစ် ပဋိသန္ဓေဘဝင်စိတ်၏ အာရုံသည် အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝက ပြုလုပ်ခဲ့ပြီး ယခု ပဋိသန္ဓေကျိုးကို ပေးခွင့်ကြုံသော အပရာပရိယဝေဒနီယကံသည် ထင်စေ အပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးဖြစ်၏။

အာရုံ။ ဘဝသစ် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

မနောဒွါရဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇောများသည် ဘဝသစ်ကို အာရုံပြုကြ၏။

**ဝတ္ထု**။ ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏။ ပထမဘဝင် အစရှိသော နောက်နောက်သော စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီကြ၏။

**ဘုံ**။ ဤဝီထိသည် ဘဝဟောင်းအတွက် အသညသတ်ဘုံ၌ဖြစ်၏။ ဘဝသစ်အတွက် ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ဤဝီထိသည် ဘဝဟောင်းအတွက် သုဂတိ အဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သန္တာန်၌ဖြစ်၏။ ဘဝသစ်အတွက် ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်သန္တာန်၌ဖြစ်၏။

## အရူပဘုံမှစုတေ၍ အရူပဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သော ၂ ဝီထိပုံ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ပဋိဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်**။ ဤဝီထိ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်အားလုံးသည် အရူပပဋိသန္ဓေဘဝင်၊ စုတိစိတ် လေးပါးသာတည်း။

**အာရုံ**။ ဤဝီထိ၌ ဘဝဟောင်းက ဘဝင် စုတိစိတ်များသည် ပညတ် ကမ္မနိမိတ်၊ မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုကြရ၏။ မနောဒွါရာဝဇ္ဇန်းမရဏာသန္နဇော၊ ဘဝသစ်ပဋိသန္ဓေ၊ ဘဝင်စိတ်များသည် ပညတ် ကမ္မနိမိတ်၊ မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုကြ၏။

**ဝတ္ထု**။ ဤဝီထိ၌ စိတ်အားလုံးသည် မည်သည့်ဝတ္ထုကိုမျှ မမှီ။

**ဘုံ**။ ဤဝီထိသည် အရူပလေးဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်**။ ဤဝီထိသည် တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့၌ ဖြစ်၏။

## အရူပဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်မည့် သတ္တဝါသန္တာန်၌ဖြစ်သော ၂ ဝီထိပုံ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိသန္ဓေ ဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ပဋိသန္ဓေ ဘဝင် ၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**မှတ်ချက်။** ဤဝီထိ၌ ဘဝဟောင်းမှ ဘဝင်စိတ်၊ စုတိစိတ်များသည် အရူပ ဘဝင်၊ စုတိစိတ် လေးပါးသာတည်း။ ဘဝသစ် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များသည် ကာမတိဟိတ်ဘဝင်၊ စုတိစိတ် လေးပါးတည်း။

**အာရုံ။** ဘဝဟောင်းမှ ဘဝင်၊ စုတိစိတ်များသည် ပညတ်ကမ္မနိမိတ်၊ မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော၊ ဘဝသစ် ပဋိသန္ဓေဘဝင်စိတ်များ သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇောတို့သည် ဘဝသစ်ကို အာရုံပြု ကြ၏။

**ဝတ္ထု။** ဘဝဟောင်း ဘဝင်မှစ၍ စုတိအဆုံးရှိသော စိတ်အားလုံးသည် မည်သည့် ဝတ္ထုရုပ်ကိုမျှ မမှီကြ။ ဘဝသစ် ပဋိသန္ဓေစိတ်သည် မိမိ နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏။

**ဘုံ။** ဤဝီထိသည် ဘဝဟော င်းအတွက် အရူပ လေးဘုံ၌ဖြစ်၏။ ဘဝသစ် အတွက် ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်၏။

**ပုဂ္ဂိုလ်။** ဤဝီထိသည် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သန္တာန်၌ဖြစ်၏။

**ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏**
**မနောဒွါရ မရဏာသန္နဝီထိပြီးပါပြီ။**

* * * * *

## ပရိနိဗ္ဗာနဝီထိ

ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်သန္တာန်၌လည်းကောင်း၊ ဈာန လာဘီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ဈာန်မဝင်စားသော ပုဂ္ဂိုလ်သန္တာန်၌လည်း ကောင်း၊ မနောဒွါရ ကာမဇောဝီထိအဆုံး၌ ပရိနိဗ္ဗာနစုတိကျ၏။ ထို့ကြောင့် ပရိနိဗ္ဗာနဝီထိသည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။

ပရိနိဗ္ဗာနဝီထိသည် –

၁။ ကာမဇော မနောဒွါရဝီထိအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိ၊

၂။ အပ္ပနာ ဇောအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိဟု နှစ်မျိုးပြား၏။

**မှတ်ချက်**။ ကာမဇော မနောဒွါရ ပရိနိဗ္ဗာနဝီထိ စသည်ဖြင့် လေးမျိုးပင် ပြား၏။ ဝီထိပုံမှာလည်း ရှေးကပြခဲ့ပြီးသော မနောဒွါရမရဏာ သန္နဝီထိအတိုင်းပင်ဖြစ်၏။ သို့သော် နမူနာအဖြစ် ဝီထိပုံတစ်ခုကို ချပြပါမည်။

### ဇောနှောင်စုတိကျသော ကာမဇော မနောဒွါရ ပရိနိဗ္ဗာနဝီထိပုံ

န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ

**မှတ်ချက်**။ ဤဝီထိ၌ ဘဝင်စိတ်၊ စုတိစတ်များသည် ကာမတိဟိတ်ဘဝင်၊ စုတိစိတ် လေးပါးတည်း။

**အာရုံ**။ ဘဝင်စိတ်၊ စုတိစိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န ဇောတို့သည် ထင်နေကျဖြစ်သော တေဘူမကာသင်္ခါရနာမ်ရုပ်တရားနှင့် ပညတ် တရားတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

**ဝတ္ထု**။ စုတိအဆုံးရှိသော စိတ်အားလုံးသည် စုတိစိတ်မှ ပြန်၍ရေသည်ရှိ သော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၏။

ဘုံ။ ဤဝီထိသည် ကာမသုဂတိခုနစ်ဘုံ၌ဖြစ်၏။

ပုဂ္ဂိုလ်။ ဤဝီထိသည် သုက္ခဝိပဿကဖြစ်သော ကာမဘုံသား ရဟန္တာ သန္တာန်၌ဖြစ်၏။

**မှတ်ချက်။** တဒါရုံ နောင်စုတိကျသော ဝီထိ၌ ဝီထိစိတ်များသည် ကာမတရားကို အာရုံပြုကြ၏။ ပရိနိဗ္ဗာနစုတိသည် ကာမစုတိ၊ ရူပစုတိ၊ အရူပစုတိအားလျော်စွာ ထုံးစံအတိုင်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကိုသာ ထိုက်သလို အာရုံပြုကြ၏ဟုမှတ်ပါ။

## အပ္ပနာဇောအဆုံး၌ စုတိကျသော ပရိနိဗ္ဗာနဝီထိလေးမျိုး

| | | |
|---|---|---|
| ၁။ | ဈာနသမနန္တရဝီထိ | = ဈာန်ဝင်စားပြီးနောက် စုတိကျသော ဝီထိ။ |
| ၂။ | ပစ္စဝေက္ခဏာသမနန္တရဝီထိ | = ဈာန်ဝင်စားပြီးနောက် ပစ္စဝေက္ခဏာ ဝီထိဖြစ်ပြီးမှ စုတိကျသောဝီထိ။ |
| ၃။ | အဘိညာသမနန္တရဝီထိ | = အဘိညာဉ်ဝင်စားပြီးနောက် စုတိကျသော ဝီထိ၊ |
| ၄။ | ဇီဝိတသမသီသီဝီထိ | = ဇီဝိတိန္ဒြေချုပ်ခါနီးမှ အရဟတ္တဖိုလ်ကို ရသဖြင့် အရဟတ္တမဂ္ဂဝီထိဖြစ်ပြီး |

နောက် ဘဝင်ခြား၍ မဂ်ဖိုလ်စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ အဆုံး၌ စုတိကျသောဝီထိ။

**မှတ်ချက်။** ဤဝီထိများ၌ အကျယ်မရေးဘဲ အကျဉ်းသာ ရေးပါမည်။

ဈာနသမနန္တရဝီထိ၌ ဈာန်ကို ထိုက်သည့်အားလျော်စွာ အကြိမ်များစွာ ချရမည်။ ပရနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်မှာ ရဟန္တာဖြစ်၍ ရှေးနောက်ဇောများကို ကြိယာဇောကိုသာ ချရမည်။ အာရုံအားဖြင့် ထိုထိုဈာန်အားလျော်စွာ ကသိုဏ်းပညတ် စသည်ကို အာရုံပြု၏။ ရှေးဘဝင်နှင့် စုတိကား ထုံးစံအတိုင်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၏။ ဘုံအား

ဖြင့် ကာမသုဂတိခုနစ်ဘုံ၊ အသညသတ်ကြဉ်ရူပတစ်ဆယ့်ငါးဘုံ၊ အရူပလေးဘုံ တို့၌ဖြစ်၏။ ဤဝီထိသည် ဈာန်နောင်စုတိ၊ ဈာန်ဘဝင်နောင်စုတိဟု နှစ်ဝီထိ ရှိနိုင်၏။

ပစ္စဝေက္ခဏာ သမနန္တရဝီထိ၌ မရဏာသန္နအခါဖြစ်၍ ကာမဇောကို ငါးကြိမ်ချရမည်။ အာရုံအားဖြင့် ဝင်စားအပ်သော ဈာန်၏အင်္ဂါကို အာရုံပြု၏။ ဘုံမှာ ဈာနသမနန္တရဝီထိနှင့်တူ၏။ ဤဝီထိသည်လည်း ဇောနောင်စုတိ၊ ဇော ဘဝင်နောင်စုတိဟု နှစ်ဝီထိပင်ရှိနိုင်၏။

အဘိညာဉ်အမျိုးမျိုးရှိသည့်အနက် မရဏာသန္နအရာမှာ အဘိညာသမ နန္တရဝီထိအတွက် ဣဒ္ဓိဝိဓ အဘိညာဉ်ကိုသာ ယူကြ၏။ ဤဝီထိ၌ ထုံးစံအတိုင်း ပါဒကဈာနဝီထိ၊ ပရိကမ္မဝီထိ၊ ပါဒကဈာနဝီထိများကျပြီးမှ ပရိနိဗ္ဗာနဝီထိ ကျရမည်။ ဤအဘိညာဉ်ဝီထိသည် ကာမသုဂတိခုနစ်ဘုံ၊ အသညသတ်ကြဉ် ရူပတစ်ဆယ့်ငါးဘုံတို့၌ ဖြစ်၏။ ဤဝီထိသည် အဘိညာဉ်နောင်စုတိ၊ အဘိညာဉ် ဘဝင်နောင်စုတိဟု နှစ်မျိုးရှိနိုင်သည်။

ယောဂီပုဂ္ဂိုလ်သည် ရောဂါဝေဒနာဒဏ်ကို လွန်စွာခံစားနေရခြင်းကြောင့် ဘဝသံသရာကို စက်ဆုပ်ကာ ဘဝမှ လွတ်မြောက်လိုသောဆန္ဒဖြင့် ခိုင်မြဲသော ဇွဲလုံ့လဖြင့် တရားကို အားထုတ်ရာ အစဉ်အတိုင်း မဂ်ဖိုလ်များကို ရရှိပြီး နောက် အရဟတ္တမဂ္ဂဝီထိဖြင့် အဝိဇ္ဇာချုပ်ငြိမ်း၏။ ယင်းသို့ အဝိဇ္ဇာချုပ်ငြိမ်း သည်နှင့်တစ်ပြိုင်နက် ဇီဝိတိန္ဒြေ (အသက်) လည်း ချုပ်ခြင်းကြောင့် ကိလေသ သီသနှင့် ဝဋ္ဋသီသများ ပြိုင်တူချုပ်ကြ၏။ ယင်းသို့ ပြိုင်တူချုပ်သော ပုဂ္ဂိုလ် မျိုးကို ဇီဝိတသမသီသီပုဂ္ဂိုလ်ဟုခေါ်၏။

အဝိဇ္ဇာသည် ကိလေသာ၏ ဦးခေါင်းပမာ အချုပ်အခြာ ''သီသ'' ဖြစ်၏။ ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခ (ဘဝ) ၏ ဦးခေါင်းပမာ အချုပ်အခြာ ''သီသ'' ဖြစ်၏။

ကိလေသာသီသ (အဝိဇ္ဇာ) နှင့် ဝဋ္ဋသီသ (ဇီဝိတိန္ဒြေ) တို့ ပြိုင်တူချုပ်သည်ဟု ဆိုသော်လည်း ချုပ်ရာခဏချင်း တူကြသည်မဟုတ်၊ အလှည့်အကြိမ် (ဝါရ) ချင်းသာ တူကြ၏။ ယင်းသို့ ဝါရချင်းတူညီသည်ကို ''သမသီသီ'' ဟု ဆိုရခြင်းသာဖြစ်၏။ အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာချုပ်၏။ အရဟတ္တမဂ် နောင် ဖိုလ်စိတ်နှစ်ကြိမ် သုံးကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ခြားလျက် မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများဖြစ်ပြီးနောက် ပရိနိဗ္ဗာနစုတိကျ၏။ ပရိနိဗ္ဗာနစုတိကျသောခဏ၌ ဇီဝိတိန္ဒြေချုပ်၏။ ထို့ကြောင့် အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေချုပ်ရာခဏသည် ပြိုင်တူမဟုတ်။ ဝါရတူရာ၌ သက်ဆိုင်ရာ ဝီထိအားလုံးကို စိတ်တစ်ကြိမ်ဟု ဆိုရ၏။ ထို့ကြောင့် အရဟတ္တမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဝီထိအားလုံး ပြီးဆုံးပါမှ စိတ်တစ်ဝါရပြီးဆုံး၏။ ဤသို့ အဝိဇ္ဇာချုပ်ရာ ဝါရ၌ပင် ဇီဝိတိန္ဒြေချုပ်သည်ကို ရည်ရွယ်၍ ကိလေသာသီသနှင့် ဝဋ္ဋသီသ ပြိုင်တူချုပ်သည်ဟု ဆိုရခြင်းသာဖြစ်၏။

ဤဇီဝိတသမသီသီ ဝီထိ၌ ဇောသည် ပစ္စဝေက္ခဏာဇောဖြစ်၏။ ဤဝီထိကို ကာမဘုံ၌သာ ဖြစ်ဖွယ်ရှိသည်ဟု ဆိုကြ၏။ ဇောနောင်စုတိ၊ ဇော ဘဝင်နောင်စုတိဟု နှစ်ဝီထိရှိနိုင်၏။

**ပရိနိဗ္ဗာနဝီထိပြီး၏။**

* * * * *

# အပိုင်း ( ၆ )
# ရုပ်ပိုင်း

အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းတရားများကြောင့် ဖောက်ပြန်တတ်သောသဘောကို ''ရုပ်'' ခေါ်၏။ ထိုရုပ်တရားတို့ကိုပြရာအခန်းကို ရုပ်ပိုင်းခေါ်၏။

အအေးစသော ဆန့်ကျင်ဘက် အကြောင်းတရားများ အညီအမျှ ဖြစ်ပေါ်လာသောအခါ ရှေ့ရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်တစ်မျိုး ဖြစ်ပေါ်လာခြင်းကို ''ဖောက်ပြန်'' ခြင်းဟုခေါ်၏။

## သင်္ဂဟငါးမျိုးမာတိကာ

ရုပ်ပိုင်း၌ အကျယ်ပြမည့်တရားတို့ကို အကျဉ်းချုပ်လျက် ဖော်ပြသော စကားရပ်ကို သင်္ဂဟခေါ်၏။ ထိုသင်္ဂဟသည် ငါးမျိုးရှိ၏။ ယင်းငါးမျိုးအစဉ်ကို ပြသောစကားရပ်ကို သင်္ဂဟငါးမျိုးမာတိကာခေါ်၏။ ထိုသင်္ဂဟငါးမျိုးအစဉ်သည် အောက်ပါအတိုင်းဖြစ်၏။

၁။ **ရူပသမုဒ္ဒေသ** = ရုပ် ၂၈ ပါးကို အကျဉ်းချုပ် ထုတ်ပြရာ စကားရပ်။

၂။ **ရူပဝိဘာဂ** = ကေဝိဓ စသောနည်းဖြင့် ရုပ်တို့ကို ခွဲခြမ်းဝေဖန်ရာ စကားရပ်။

၃။ **ရူပသမုဋ္ဌာန** = ရုပ်ဖြစ်ကြောင်းတရားနှင့် ယင်းအကြောင်းတရားများကြောင့် ဖြစ်သော ရုပ်တို့ကို ပြဆိုရာ စကားရပ်။

၄။ **ရူပကလာပ** = အတူတကွဖြစ်ဖက်ရုပ်တို့ကို ပေါင်းစပ်ဖွဲ့စည်းပြရာ စကားရပ်။

၅။ **ရူပပဝတ္တိက္ကမ** = ဘဝ၊ ကာလ၊ သတ္တဝါအပြားဖြင့် ရုပ်တို့၏ ဖြစ်ပျက်ပုံအစဉ်ကို ပြဆိုရာစကားရပ်။

## အခန်း ( ၁ )

## ရူပသမုဒ္ဒေသ

### အခြေခံအားဖြင့် ရုပ် ၂၈ ပါး

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄–ပါး |
| ၂။ | ဥပါဒါရုပ် | ၂၄–ပါး |
| | ပေါင်း | ၂၈–ပါး |

### ရုပ် ၁၁ မျိုး

ရုပ် ၂၈ ပါးကို သဘောတူရာ ပေါင်း၍ ရေတွက်လျှင် အောက်ပါအတိုင်း ၁၁ မျိုး ပြား၏။

၁။ မဟာဘုတ်၊
၂။ ပသာဒရုပ်၊
၃။ ဂေါစရရုပ်၊
၄။ ဘာဝရုပ်၊
၅။ ဟဒယရုပ်၊
၆။ ဇီဝိတရုပ်
၇။ အာဟာရရုပ်၊
၈။ ပရိစ္ဆေဒရုပ်၊
၉။ ဝိညတ်ရုပ်၊
၁၀။ ဝိကာရရုပ်၊
၁၁။ လက္ခဏာရုပ်

### ၁၊ မဟာဘုတ်လေးပါး

ကြီးကျယ်ထင်ရှားသောရုပ်ကို မဟာဘုတ်ခေါ်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောရုပ်များသည် အခြားရုပ်များထက် အထည်ကိုယ်ဒြပ်အားဖြင့်လည်း ကြီးကျယ်၏။ သဘောလက္ခဏာအားဖြင့်လည်း ထင်ရှား၏။ ထို့ကြောင့် ယင်းရုပ်လေးမျိုးကို မဟာဘုတ်ခေါ်၏။ ထိုမဟာဘုတ်သည် အောက်ပါအတိုင်း

လေးမျိုးပြား၏။

၁။ **ပထဝီဓါတု** = မြေဓါတ် (နူးညံ့မှု၊ ခက်မာမှုသဘော)

၂။ **အာပေါဓါတု** = ရေဓါတ် (ဖွဲ့စည်းမှု၊ ယိုစီးမှုသဘော)

၃။ **တေဇောဓါတု**= အငွေ့ဓါတ် (ပူမှု၊ အေးမှုသဘော)

၄။ **ဝါယောဓါတု** = လေဓါတ် (ထောက်ကန်မှု၊ လှုပ်ရှားမှုသဘော)

ဆောင်။ ၁။ ပ, အာ, ဝါ,တေ၊ မြေ, ရေ, လေမီး၊ လွန်ပွားစီး၊ ဘုတ်ကြီး စတုက္က။

၂။ ခက်, မာ, ဖွဲ့စည်း၊ ပူ, အေး, ထောက်ကန်၊ ဤလေးတန်၊ မှတ်ရန်လက္ခဏာ။

## ပထဝီဓါတု

အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်ကလာပ်တို့၏ တည်ရာမှီရာ မြေအဖြစ် ထင်ရှားသောကြောင့် ပထဝီမည်၏။

တစ်နည်း တောင်ကြီး၊ မြင်းမိုရ်တောင်ကြီး စသည်ဖြင့် ကြီးကျယ်စွာ ဖြစ်တတ်သောတရားသည် ပထဝီမည်၏။

မိမိ၏ ခက်မာခြင်း (ကက္ခဠ) သဘောကို ဆောင်ထားသောကြောင့် ယင်းပထဝီကို ဓါတ် (ဓါတု) ခေါ်၏။

**လက္ခဏာ** = ပထဝီဓါတ်သည် ခိုင် (ခက်) မာခြင်း လက္ခဏာရှိ၏။

**ရသ** = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်ကလာပ်များ၏ တည်ရာ ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားတို့ကို ခံထားသော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = မိမိမှကြွင်းသော မဟာဘုတ်သုံးပါးဟူသော နီးသော အကြောင်းရှိ၏။

## အာပေါဓါတု

ပကတိရေသည် ထိမိရာအရာဝတ္ထုများသို့ စိမ့်ဝင်ပျံ့နှံ့သကဲ့သို့ အတူတကွဖြစ်ဖက်ရုပ်များသို့ ပျံ့နှံ့တတ်သော ရေဓါတ်သည် အာပေါဓါတ်မည်၏။

မိမိ၏ ယိုစီးခြင်းသဘောကို ဆောင်ထားသောကြောင့် ယင်းအာပေါကိုပင် ဓါတ် (ဓါတု) ခေါ်၏။

လက္ခဏာ = အာပေါဓါတ်သည် ယိုစီးခြင်းလက္ခဏာရှိ၏။

ရသ = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားတို့ကို တိုးပွားစေခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားတို့ကို ပေါင်းစုဖွဲ့စည်းပေးတတ်သောတရားဟု ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = မိမိမှကြွင်းသော မဟာဘုတ်သုံးပါးဟူသော နီးသောအကြောင်းရှိ၏။

## တေဇောဓါတု

ပကတိမီးသည် ထိုထိုအရာဝတ္ထုများကို ကျက်စေသကဲ့သို့ အတူတကွဖြစ်ဖက်ရုပ်တရားတို့ကို ကျက်စေနိုင်သော အငွေ့ဓါတ်သည် တေဇောမည်၏။

လက္ခဏာ = တေဇောဓါတ်သည် အငွေ့ဖြစ်ခြင်းလက္ခဏာရှိ၏။

ရသ = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားကို ကျက်စေခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တို့ကို နူးညံ့ပျော့ပျောင်းအောင် ပြုနိုင်သောတရားဟု ယောဂီဉာဏ်၌ထင်လာ၏။

မှတ်ချက်။ ဤတေဇောဓါတ်၏ သတ္တိကြောင့်ပင် တေဇောဓါတ် ကောင်းသူများ၏ အသားအရေသည် နူးညံ့ပျော့ပျောင်းလှ၏။

ပဒဋ္ဌာန် = မိမိမှကြွင်းသော မဟာဘုတ်သုံးပါးဟူသော နီးသောအကြောင်းရှိ၏။

## ဝါယောဓါတု

ပကတိလေသည် သစ်ရွက်စသော အရာဝတ္ထုများကို မူလတည်ရှိနေသော အရပ်မှ အခြားအရပ်သို့ ရွေ့လျားရောက်ရှိသွားအောင် တိုက်လွင့်တတ်သကဲ့သို့ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ဉပါဒ်ခြင်း၏ အကြောင်းအဖြစ်ဖြင့် မိမိနှင့်အတူတကွဖြစ်သော မဟာဘုတ်အပေါင်းကို အရပ်တစ်ပါးသို့ ရွေ့လျားရောက်စေတတ်သောကြောင့် ဝါယောမည်၏။

အတူတကွဖြစ်သော သဟဇာတ်ရုပ်တရားတို့ကို ထောက်ထားပင့်မြှောက်ခြင်းဟူသော မိမိ၏သဘောကို ဆောင်ထားသောကြောင့် ယင်းဝါယောကိုပင် ဓါတ် (ဓါတု) ခေါ်၏။

လက္ခဏာ = ဝါယောဓါတ်သည် အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားတို့ကို ထောက်ထားပင့်မြှောက်ခြင်းလက္ခဏာရှိ၏။

ရသ = အတူတကွဖြစ်ဖက် ရုပ်တရားတို့ကို ရွေ့လျားစေခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = အတူတကွဖြစ်ဖက် သဟဇာတ်ရုပ်တရားတို့ကို အရပ်တစ်ပါးသို့ ရှေးရှုဆောင်တတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = မိမိမှကြွင်းသော မဟာဘုတ်သုံးပါးဟူသော နီးသောအကြောင်းရှိ၏။

## ရုပ်ဒြပ်ဖွဲ့စည်းပုံ

ရုပ်ဒြပ်တစ်ခု ဖွဲ့စည်းဖြစ်ပေါ်ရန် မဟာဘုတ်လေးပါးသည် အကြောင်းအကျိုးအဖြစ် အချင်းချင်းဆက်သွယ်လျက် ပဋ္ဌာန်းသဟဇာတပစ္စည်းဖြင့် ကျေးဇူး

ပြုပေးကြ၏။ မဟာဘုတ်တစ်ပါးက အကြောင်းတရားအဖြစ်ဖြင့် ကျေးဇူးပြုနေစဉ် ကြွင်းသုံးပါးက အကျိုးတရားဖြစ်လာ၏။ မဟာဘုတ်သုံးပါက အကြောင်းတရားအဖြစ်ဖြင့် ကျေးဇူးပြုနေစဉ် ကြွင်းမဟာဘုတ်တစ်ပါးက အကျိုးတရားဖြစ်လာ၏။ မဟာဘုတ်နှစ်ပါးက အကြောင်းတရားအဖြစ်ဖြင့် ကျေးဇူးပြုနေစဉ် ကြွင်းမဟာဘုတ်နှစ်ပါးက အကျိုးတရားဖြစ်လာ၏။

ဒြပ်တစ်ခုဖွဲ့စည်းရန် ရှေးဦးစွာ ရုပ်မှုန့်များစွာလိုအပ်၏။ ထိုရုပ်မှုန့်များကို ပထဝီဓါတ်ခေါ်၏။ ဥပမာ ဆန်ကို အမှုန့်ထောင်းပြီးသောအခါ ယင်းဆန်မှုန့်များ လွင့်မသွားရအောင် ရေဖြင့်ဆွတ်ဖြန်းပေးရ၏။ ယင်းရေဓါတ်ကို အာပေါဓါတ်ခေါ်၏။ ရေဆွတ်ထားသော ဆန်မှုန့်များလုံးထွေးလာအောင် လေဖြင့်ပေါင်းစုပေးရ၏။ ယင်းလေကိုဝါယောဓါတ်ခေါ်၏။ ပေါင်းစုလုံးမိသောအခါ ယင်းမုန့်လုံးကို ဆူပွက်နေသော ရေနွေးအိုးထဲသို့ထည့်လျက် မီးအပူငွေ့ပေး ချက်ပြုတ်ပေးရ၏။ ယင်းမီးအပူငွေ့ကို တေဇောဓာတ်ခေါ်၏။ ဤသို့မီးအပူပေးပြီးသောအခါ ခိုင်မာကျစ်လျစ်နေသော မုန့်လုံးဒြပ်တစ်ခုဖြစ်ပေါ်လာ၏။

ထိုသို့ မဟာဘုတ်လေးပါးပေါင်းစုလျက် ရုပ်ဒြပ်တစ်ခု ဖွဲ့စည်းမိသောအခါ ထိုဒြပ်တွင် အဖြူအနီစသော အဆင်းရုပ်၊ အနံ့ရုပ်၊ ချိုချဉ်စသောရသရုပ်။ အဆီအနှစ်သြဇာရုပ်စသော ဥပါဒါရုပ်များ ဖွဲ့စည်းပါလာ၏။ ထို့ကြောင့် "**မဟာဘူတေပဋိစ္စဥပါဒါရူပံ**" မဟာဘုတ်ကိုအခြေခံ၍ ဥပါဒါရုပ်များဖြစ်ပေါ်လာရ၏ ဟူ၍ ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

**မှတ်ချက်**။ ဤပထဝီစသော ရုပ်လေးပါးကို မဟာဘုတ်ဟုလည်းကောင်း၊ ဘူတရုပ်ဟု လည်းကောင်း၊ ဓါတ်ကြီးလေးပါးဟုလည်းကောင်း ခေါ်ကြ၏။

မိမိသဘောကိုဆောင်ထားသောကြောင့် ထိုပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ကို ဓါတု (ဓါတ်)ဟုခေါ်၏။ မဟာဘုတ်လေးပါးသည် ဘီလူးမ၊ မျက်လှည့်ဆရာများနှင့်တူ၏။

## ဥပါဒါရုပ် ၂၄ ပါး

မဟာဘုတ်လေးပါးကိုမှီ၍ဖြစ်သောရုပ်ကို ဥပါဒါရုပ်ခေါ်၏။ ရုပ်တရားများ စတင် ဖွဲ့စည်းဖြစ်ပေါ်ရာ၌ ရုပ်ဒြပ်ဝတ္ထုတစ်ခုဖြစ်အောင် ပထဝီစသော မဟာဘုတ်လေးပါးကစတင်ဖွဲ့စည်းဖြစ်ပေါ်ပြီးမှ ထိုမဟာဘုတ်တို့ကိုမှီ၍ ဥပါဒါရုပ်များဖြစ်ပေါ်ကြ၏။ ဥပါဒါရုပ်သည် မဟာဘုတ်ကိုခြယ်လှယ်အမွှမ်းတင်သော ရုပ်များဖြစ်၏။ ထိုဥပါဒါရုပ်သည် ပသာဒရုပ်စသည်ဖြင့် နှစ်ဆယ့်လေးပါးပြား၏။

**မှတ်ချက်။** မဟာဘုတ်ကိုမှီ၍ မဟာဘုတ်ကိုခြယ်လှယ်သော ဥပါဒါရုပ်နှင့် စိတ်မှာမှီလျက် စိတ်ကိုခြယ်လှယ်သော စေတသိက်တရားတို့ကို သတိပြုပါ။

## ၂။ ပသာဒရုပ် ၅ ပါး

ဆိုင်ရာအာရုံများ ထင်လာ ဆက်သွယ်လာဖို့ရာ အချို့ရုပ်ကလာပ်စည်း၌ အကြည်ဓါတ်ပါရှိ၏။ ထိုအကြည်ဓါတ်ရုပ်ကို ပသာဒရုပ်ခေါ်၏။ မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် စက္ခုရုပ်စသည်တို့ကို ပသာဒရုပ်ခေါ်၏။ ထိုပသာဒရုပ်သည် အောက်ပါအတိုင်း ငါးပါးပြား၏။

၁။ စက္ခုပသာဒ
၂။ သောတပသာဒ
၃။ ဃာနပသာဒ
၄။ ဇိဝှာပသာဒ
၅။ ကာယပသာဒ

**ဆောင်။** စက်၊ သော၊ ဃာ၊ ဇိ ကာ၊ ငါးလီ အကြည်ပသာဒ။

### ပသာဒရုပ်၏တည်ရာဌာန

၁။ စက္ခုပသာဒ (မျက်စိအကြည်ဓါတ်)သည် မျက်လုံးအတွင်း မျက်ဖြူဖြင့် ကာရံထားသော မျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာအရပ်၌ ပျံ့နှံ့လျက် တည်၏။

၂။ သောတပသာဒ (နားအကြည်ဓါတ်) သည် နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့တည်၏။

၃။ ဃာနပသာဒ (နှာခေါင်းအကြည်ဓါတ်) သည် နှာခေါင်းပေါက်အတွင်း ဆိတ်ခွာသဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့တည်၏။

၄။ ဇိဝှာပသာဒ (လျှာအကြည်ဓါတ်)သည် လျှာ၏အလယ်ကြာပွင့်ဖတ်အဖျား နှင့်တူသောအရပ်၌ ပျံ့နှံ့တည်၏။

၅။ ကာယပသာဒ (ကိုယ်အကြည်ဓါတ်)သည် အသားမာ၊ ခြောက်သွေ့နေသော အရေ၊ ခြေသည်းလက်သည်းဖျား၊ ဆံပင်ဖျား၊ အမွေးတို့မှ တစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်၏။

## စက္ခုပသာဒရုပ်

စက္ခုဝိညာဏ်၏ တည်ရာဖြစ်၍ ကုန်း၊ ကျင်း၊ မြေပြင်စသော အာရုံတို့၏ ညီညွတ်သောသဘော၊ မညီညွတ်သောသဘောကို ပြောပြသကဲ့သို့ဖြစ်သော ကြောင့် စက္ခုခေါ်၏။ မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် စက္ခုရုပ်ကို ပသာဒရုပ်ခေါ်၏။

**လက္ခဏာ** = စက္ခုပသာဒသည် ရူပါရုံကို ကြည့်ရှုလိုသော ရူပတဏှာ အကြောင်းရင်းရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။

**မှတ်ချက်။** လူတို့သည် ရူပါရုံစသော အာရုံငါးပါးကို လိုလားသောတဏှာကို အခြေခံ၍ ကာမကုသိုလ်၊ အကုသိုလ်တို့ကိုပြုလုပ်ကြ၏။ ထို့ကြောင့် ထိုကာမကုသိုလ်၊ အကုသိုလ်ကံများသည် ရူပတဏှာစသော တဏှာငါးမျိုးကိုအခြေခံ၍ ဖြစ်ပေါ်ကြ၏။

**ရသ** = မိမိတည်ရာသတ္တဝါကို ရူပါရုံသို့ဆွဲဆောင်ခြင်းကိစ္စရှိ၏။

မှတ်ချက်။ ကာမဘုံသား သတ္တဝါများသည် စက္ခုပသာဒ၏ ဆွဲဆောင်မှုကြောင့် ရူပါရုံကိုကြည့်မိကြခြင်းဖြစ်၏။

ပစ္စုပဋ္ဌာန် = စက္ခုဝိညာဏ်စိတ်၏ တည်ရာအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = ရူပါရုံကို ကြည့်လိုသော ရူပတဏှာအကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သောမဟာဘုတ်ဟူသော နီးသောအကြောင်း ရှိ၏။

## သောတပသာဒရုပ်

သောတဝိညာဏ်၏ မှီရာဖြစ်၍ အသံ (သဒ္ဒါရုံ) ကို ကြားနာတတ်သောကြောင့် သောတခေါ်၏။ မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် သောတရုပ်ကို ပသာဒခေါ်၏။

လက္ခဏာ = သောတပသာဒသည် သဒ္ဒါရုံကို နားထောင်လိုသော သဒ္ဒတဏှာအကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။

ရသ = မိမိတည်ရာသတ္တဝါတို့ကို သဒ္ဒါရုံသို့ ဆွဲဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = သောတဝိညာဏ်စိတ်၏ တည်ရာအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = သဒ္ဒါရုံကို နားထောင်လိုသော သဒ္ဒတဏှာအကြောင်းရင်းရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောနီးသော အကြောင်းရှိ၏။

## ဃာနပသာဒရုပ်

ဃာနဝိညာဏ်စိတ်၏ မှီရာဖြစ်၍ အနံ့ (ဂန္ဓာရုံ)ကို ယူတတ်သောကြောင့် ဃာနခေါ်၏။

လက္ခဏာ = ဃာနပသာဒသည် အနံ့ကို နမ်းရှုလိုသောဂန္ဓတဏှာ အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။

ရသ = မိမိတည်ရာ သတ္တဝါကို ဂန္ဓာရုံသို့ဆွဲဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ဃာနဝိညာဏ်စိတ်၏တည်ရာအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = အနံ့ကို နမ်းရှုလိုသော ဂန္ဓတဏှာအကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောနီးသောအကြောင်း ရှိ၏။

## ဇိဝှါပသာဒရုပ်

ဇိဝှါဝိညာဏ်စိတ်၏ မှီရာဖြစ်၍ အရသာကို သာယာတတ်သော ကြောင့် ဇိဝှါခေါ်၏။

လက္ခဏာ = ဇိဝှါပသာဒသည် အရသာကို သာယာလိုသော ရသတဏှာ အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။

ရသ = မိမိတည်ရာသတ္တဝါကို ရသာရုံသို့ ဆွဲဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ဇိဝှါဝိညာဏ်စိတ်၏ တည်ရာအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = အရသာကို သာယာလိုသော ရသတဏှာအကြောင်းရင်း ရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောနီးသော အကြောင်းရှိ၏။

## ကာယပသာဒရုပ်

ဆံပင်စသော စက်ဆုပ်ဖွယ်ရာ (ကောဋ္ဌာသ)တို့၏ တည်ရာဖြစ်သော ကြောင့်လည်းကောင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိစသော ယုတ်မာသောအကုသိုလ်တရားတို့၏ဖြစ်ရာတည်ရာဖြစ်သောကြောင့် လည်းကောင်း ခန္ဓာကိုယ်တစ်ခုလုံးကို ကာယခေါ်၏။

အပေါင်းခန္ဓာကိုယ်တစ်ခုလုံး၏ ကာယဟူသောအမည်ကို အစိတ်ဖြစ်သော ကာယပသာဒအပေါ်၌ တင်စား၍ ကာယပသာဒရုပ်ကိုလည်း ကာယဟုခေါ်၏။

| | | |
|---|---|---|
| လက္ခဏာ | = | ကာယပသာဒသည် အတွေ့အထိ (ဖေါဋ္ဌဗ္ဗာရုံ)ကို တွေ့ထိလိုသော ဖောဋ္ဌဗ္ဗတဏှာအကြောင်းရင်းရှိသောကံကြောင့် ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။ |
| ရသ | = | မိမိတည်ရာသတ္တဝါကို ဖေါဋ္ဌဗ္ဗာရုံသို့ ဆွဲဆောင်ခြင်းကိစ္စရှိ၏။ |
| ပစ္စုပဋ္ဌာန် | = | ကာယဝိညာဏ်စိတ်၏တည်ရာအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။ |
| ပဒဋ္ဌာန် | = | ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသော ဖေါဋ္ဌဗ္ဗတဏှာအကြောင်းရင်းရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောနီးသော အကြောင်းရှိ၏။ |

## ၃။ ဂေါစရရုပ် ၇ ပါး

ပဉ္စဝိညာဏ်စိတ်၏ အာရုံဖြစ်သောကြောင့် ဂေါစရရုပ်ခေါ်၏။ မှန်၏။ စက္ခုစသော ဣန္ဒြေတို့၏ဖြစ်ရာ အာရုံပြုရာဖြစ်သော ရူပသဒ္ဒစသည်ကို ''ဂေါစရရုပ်''ခေါ်၏။ ထိုဂေါစရရုပ်သည် အောက်ပါအတိုင်းခုနှစ်ပါးပြား၏။

၁။ ရူပါရုံ

၂။ သဒ္ဒါရုံ

၃။ ဂန္ဓာရုံ

၄။ ရသာရုံ

၅။ ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ။

**မှတ်ချက်။** ဖေါဋ္ဌဗ္ဗာရုံဟု ရုပ်သီးခြားမရှိပါ၊ တွေ့ထိ၍ရနိုင်သော ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သောဓါတ်ကြီး သုံးပါးကိုပင် ဖေါဋ္ဌဗ္ဗာရုံ ခေါ်၏။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီ၊ တေဇော၊ ဝါယောတို့ကို ဂေါစရ ရုပ်ခုနှစ်ပါးခေါ်၏။

အာပေါဓါတ်သည် အလွန်သိမ်မွေ့သည်ဖြစ်၍ တွေ့ထိမရကောင်းသောကြောင့် ဖေါဋ္ဌဗ္ဗာရုံမခေါ်နိုင်။ ထို့ကြောင့် ''အာပေါဓါတုဝိဝဇ္ဇိတံ'' ဟု အရှင်အနုရုဒ္ဓါဆရာမိန့်ကြားခဲ့၏။

**ဆောင်** = ရူ၊ သဒ်၊ ဂန်၊ ရံ၊ ဖေါဋ္ဌဗ်၊ ငါးတန်ဂေါစရ။

## ရူပရုပ်

စိတ်ထဲ၌ဖြစ်ပေါ်နေသောသဘောကို ထင်ရှားပြတတ်သောကြောင့် အဆင်းရုပ်ကို ရူပခေါ်၏။

မိမိလိုလားနေသော ဣဋ္ဌာရုံနှင့် တွေ့ကြုံရသောအခါ ဝမ်းမြောက်မှုသောမနဿစိတ်ဖြစ်နေပြီး အဆင်းကြည်လင်နေ၏။ မိမိအလိုမရှိသော အနိဋ္ဌာရုံနှင့် တွေ့ကြုံရသောအခါ စိတ်ဆင်းရဲမှု ဒေါမနဿစိတ်ဖြစ်နေပြီး အဆင်းနီမြန်းညှိုးနွမ်းနေ၏။ ဤသို့စသည်ဖြင့် စိတ်ထဲ၌ဖြစ်ပေါ်နေသောသဘောကို အပြင်ဘက်ကအဆင်းအရောင်ရုပ်က ထင်ရှားပြနေ၏။ ဤအဓိပ္ပါယ်သည် သက်ရှိသတ္တဝါများနှင့်သာသင့်လျော်၏။

သက်မဲ့ အဆင်းအားလုံးနှင့်သင့်လျော်၏။

လက္ခဏာ = ရူပါရုံသည် စက္ခုပသာဒ၌ထိခိုက်ထင်လာခြင်းလက္ခဏာရှိ၏။

ရသ = စက္ခုဝိညာဏ်စိတ်၏ အာရုံအဖြစ်ဆောင်ရွက်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = စက္ခုဝိညာဏ်စိတ်၏အာရုံအဖြစ်ဖြင့် ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = လေးပါးသောမဟာဘုတ်ဟူသောနီးသောအကြောင်းရှိ၏။

## သဒ္ဒရုပ်

သောတဝိညာဏ်စိတ်၏ သိအပ်သော အာရုံအဖြစ်သို့ရောက်၏။ ရွတ်လည်း ရွတ်ဆိုအပ်၏။ သက်မဲ့အသံဖြစ်လျှင် မြည်စေအပ်၏။ ရုတ်တရက်တစ်ခဏချင်းပင်လျှင် ထိုထိုအရပ်များသို့ ပျံ့နှံ့ရွေ့ရှားတတ်၏။ ထို့ကြောင့် သဒ္ဒခေါ်၏။

လက္ခဏာ = သဒ္ဒါရုံသည် သောတပသာဒ၌ ထိခိုက်ထင်လာခြင်းလက္ခဏာရှိ၏။

ရသ = သောတဝိညာဏ်စိတ်၏ အာရုံအဖြစ်ဆောင်ရွက်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = သောတဝိညာဏ်စိတ်၏ အာရုံအဖြစ်ဖြင့် ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = လေးပါးသော မဟာဘုတ်ဟူသော နီးသောအကြောင်းရှိ၏။

## ဂန္ဓရုပ်

မိမိတည်ရာဝတ္ထုဒြပ်ကို ထင်ရှားပြတတ်သောကြောင့် အနံ့ရုပ်ကို ''ဂန္ဓ'' ခေါ်၏။ ပန်းကိုဖုံးထားဝှက်ထားသော်လည်း ရနံ့သင်းလာသောအခါ ဖုံးထားဝှက်ထား၍မရဘဲ ထိုပန်းရနံ့က မိမိတည်ရာပန်းဒြပ်ကိုထင်ရှားအောင် ဖော်ထုတ်

ပြလာ၏။ ထို့ကြောင့်ပန်း၏အနံ့ကို ဂန္ဓခေါ်၏။

လက္ခဏာ = ဂန္ဓာရုံသည် ဃာနပသာဒ၌ ထိခိုက်ထင်လာခြင်း လက္ခဏာ ရှိ၏။

ရသ = ဃာနဝိညာဏ်စိတ်၏ အာရုံအဖြစ်ဆောင်ရွက်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ဃာနဝိညာဏ်စိတ်၏ အာရုံအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = လေးပါးသောမှီရာ မဟာဘုတ်ဟူသော နီးသောအကြောင်း ရှိ၏။

## ရသရုပ်

သာယာအပ်သောကြောင့် ရသခေါ်၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ၊ ဇိဝှါဝိညာဏ်ဖြင့် သာယာအပ်သောအရသာခြောက်ပါးကို ရသခေါ်၏။

## အရသာခြောက်ပါး

အချို၊ အချဉ်၊ အစပ်၊ အဖန်၊ အငန်၊ အခါးဟု အရသာခြောက်ပါးရှိ၏။

အမှာ ။ အဆိမ့်သည် အချို၌ ပါဝင်၏။

ဆောင် ။ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန်၊ မှတ်ရန် ရသာခြောက်။

လက္ခဏာ = ရသာရုံသည် ဇိဝှါပသာဒ၌ ထိခိုက်ထင်လာခြင်း လက္ခဏာ ရှိ၏။

ရသ = ဇိဝှါဝိညာဏ်စိတ်၏ အာရုံအဖြစ်ဆောင်ရွက်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ဇိဝှါဝိညာဏ်စိတ်၏ အာရုံအဖြစ် ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = လေးပါးသော မှီရာမဟာဘုတ်ဟူသော နီးသောအကြောင်း ရှိ၏။

## ဖောဋ္ဌဗ္ဗရုပ်

တွေ့ထိအပ်သောရုပ်ကို ဖောဋ္ဌဗ္ဗခေါ်၏။ တွေ့ထိအပ်သော ရုပ်ဟူသည် တရားကိုယ်အားဖြင့် ပထဝီ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်သုံးပါး ပင်ဖြစ်၏။

ကြမ်းတမ်းသော အတွေ့အထိ၊ နူးညံ့သောအတွေ့အထိသည် ပထဝီ ဖောဋ္ဌဗ္ဗဖြစ်၏။ အေးသောအတွေ့အထိ၊ ပူသောအတွေ့အထိသည် တေဇော ဖောဋ္ဌဗ္ဗဖြစ်၏။ ကြွရွလှုပ်ရှားသော အတွေ့အထိ၊ ပျော့အိအိအတွေ့အထိသည် ဝါယောဖောဋ္ဌဗ္ဗဖြစ်၏။

**လက္ခဏာ** = ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထိခိုက်ထင်လာခြင်း လက္ခဏာရှိ၏။

**ရသ** = ကာယဝိညာဏ်စိတ်၏ အာရုံအဖြစ် ဆောင်ရွက်ခြင်းကိစ္စ ရှိ၏။

**ပစ္စုပဋ္ဌာန်** = ကာယဝိညာဏ်စိတ်၏ အာရုံအဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = လေးပါးသော မှီရာ မဟာဘုတ်ဟူသော နီးသောအကြောင်း ရှိ၏။

## ၄ – ဘာဝရုပ် ၂ ပါး

အထီးအမဖြစ်ရန် အကြောင်းခံရုပ်ကို ဘာဝရုပ်ခေါ်၏။ ဘာဝရုပ် သည် လူဖြစ်ရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းချိန်မှစ၍ ပါလာ၏။

ထိုဘာဝရုပ်သည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။

၁။ **ဣတ္ထိဘာဝရုပ်** = အမ၏ ပုံသဏ္ဌာန်အမူအရာကို ဖြစ်စေသောရုပ်။

၂။ **ပုရိသဘာဝရုပ်** = အထီး၏ ပုံသဏ္ဌာန်အမူအရာကို ဖြစ်စေသောရုပ်။

**တည်ရာဌာန**။ ဣတ္ထိဘာဝရုပ်သည် ကာယပသာဒကဲ့သို့ အမသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏။ ပုရိသဘာဝရုပ်သည် ကာယပသာဒကဲ့သို့ အထီး သတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏။ အထီး၊ အမတို့၏ အင်္ဂါဇာတ်သည် ဘာဝရုပ်မဟုတ်။ ဘာဝရုပ်၏ ထူးခြားသောအကျိုးဆက်သာဖြစ်၏။

သစ်ပင်၌ အကိုင်းအခက် အရွက်များသည် မျိုးစေ့နှင့်လျော်အောင် ထူးခြားစွာ ဖြစ်ပေါ်လာရသကဲ့သို့ လူဖြစ်ရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းချိန် (ပဋိသန္ဓေတည်စ) ကပင် ပါလာသော ဘာဝရုပ်ကြောင့် ယောကျ်ား၊ မိန်းမ ခန္ဓာကိုယ်မှာ လက်စသော ပုံသဏ္ဌာန်များ ထူးခြားစွာ ဖြစ်ပေါ်လာကြ၏။

## ဣတ္ထိဘာဝရုပ်

**လက္ခဏာ** = ဣတ္ထိဘာဝရုပ်သည် မိန်းမအဖြစ် သိမှတ်ကြောင်း လက္ခဏာရှိ၏။

**ရသ** = မိန်းမဟူ၍ ထင်ရှားပြခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = ဣတ္ထိလိင်၊ ဣတ္ထိနိမိတ္တ၊ ဣတ္ထိကုတ္တ၊ ဣတ္ထာကပ္ပတို့ကို ပြုတတ်သည်၏အဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = လေးပါးသော မဟာဘုတ်ဟူသော နီးသောအကြောင်းရှိ၏။

## ပုရိသဘာဝရုပ်

**လက္ခဏာ** = ပုရိသဘာဝရုပ်သည် ယောကျ်ားအဖြစ် သိမှတ်ကြောင်း လက္ခဏာရှိ၏။

**ရသ** = ယောကျ်ားဟူ၍ ထင်ရှားပြခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = ပုရိသလိင်၊ ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ ပုရိသာကပ္ပတို့ကို ပြုတတ်သည်၏အဖြစ်ဖြင့် ယောဂီဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** = လေးပါးသော မိုရာမဟာဘုတ်ဟူသော နီးသောအကြောင်း ရှိ၏။

**ဣတ္ထိလိင်**။ မိန်းမ၏ လက်၊ ခြေ၊ လည်ပင်း၊ ရင်ဘတ် စသည်တို့၏ ပုံသဏ္ဌာန်သည် ယောကျ်ား၏ပုံသဏ္ဌာန်နှင့်မတူပေ။ ထို့ကြောင့် မိန်းမ၏ လက်၊ ခြေ စသော ပုံသဏ္ဌာန်သည် ကြည့်ရှုသူတို့အား မိန်းမဟု သိစေတတ်သောကြောင့် ဣတ္ထိလိင်မည်၏။ မိန်းမဟု သိစေတတ်သောကြောင့် မိန်းမ အင်္ဂါဇာတ်သည်လည်း ဣတ္ထိလိင်မည်၏။

**ဣတ္ထိနိမိတ္တ**။ မိန်းမဟုသိနိုင်သော အမှတ်အသားသည် ဣတ္ထိနိမိတ္တမည်၏။ မိန်းမ၏ရင်သားသည် မသန့်ရှင်း၊ မရှင်းလင်းပေ။ မိန်းမ၏ မျက်နှာမှာ မုတ်ဆိတ်၊ ပါးမြိုင်းမွေးကျင်စွယ်မရှိ။ ဆံပင်ထုံးဖွဲ့ပုံ၊ အဝတ်ကိုင်ပုံသည်လည်း ယောကျ်ားနှင့် မတူပေ။ ထိုသို့ မတူသောအမှတ်အသားသည် ဣတ္ထိနိမိတ္တမည်၏။

**ဣတ္ထိကုတ္တ**။ မိန်းမ၏ အပြုအမူသည် ဣတ္ထိကုတ္တမည်၏။ မိန်းမများသည် ငယ်ရွယ်စဉ်အခါ ဗန်းငယ်၊ စကောငယ်ဖြင့် ဈေးရောင်းတမ်း ကစားကြ၏။ ရက်ကန်းရက်တမ်း ကစားကြ၏။ ထိုသို့ကစားခြင်းသည် မိန်းမတို့၏ အပြုအမူဖြစ်၏။

**ဣတ္ထာကပ္ပ**။ မိန်းမတို့၏ သွားပုံလာပုံ စသော အသွင်အပြင် ဟန်ပန် အမူအရာကို ''ဣတ္ထာကပ္ပ'' ခေါ်၏။ မိန်းမများ သွားသောအခါ မရှင်းမလင်း သွားကြ၏။ ရပ်သောအခါ၌လည်း မရှင်းမလင်းရပ်ကြ၏။ လျောင်းသောအခါ၌လည်း မရှင်းမလင်း လျောင်းကြ၏။ ထိုင်သောအခါ၌လည်း မရှင်းမလင်းထိုင်ကြ၏။ စားသောအခါ၌လည်း မရှင်းမလင်းစားကြ၏။

မှန်၏။ ယောကျ်ားကိုလည်း မရှင်းမလင်းသွားလာနေသည်ကို တွေ့မြင်ရသောအခါ ''မိန်းမသွား သွား၏၊ မိန်းမရပ် ရပ်၏၊ မိန်းမအိပ် အိပ်၏၊ မိန်းမထိုင် ထိုင်၏၊ မိန်းမစား စား၏'' စသည်ဖြင့် ပြောဆိုကြ၏။

**ပုရိသလိင်္ဂ။** ယောကျ်ား၏ လက်၊ ခြေ၊ မျက်နှာ စသော ပုံသဏ္ဌာန်သည် ကြည့်ရှုသူတို့အား ယောကျ်ားဟု သိစေတတ်သောကြောင့် ပုရိသလိင်္ဂမည်၏။ ယောကျ်ားအင်္ဂါဇာတ်သည်လည်း ''ယောကျ်ား'' ဟု သိစေတတ်သောကြောင့် ပုရိသလိင်္ဂပင်ဖြစ်၏။

**ပုရိသနိမိတ္တ။** ယောကျ်ားဟု သိနိုင်သော အမှတ်အသားသည် ပုရိသနိမိတ္တမည်၏။ မုတ်ဆိတ်ကျင်စွယ်ရှိခြင်း စသည်သည် ပုရိသနိမိတ္တမည်၏။

**ပုရိသကုတ္တ။** ယောကျ်ား၏ အပြုအမူသည် ပုရိသကုတ္တမည်၏။ ယောကျ်ားများသည် ငယ်စဉ်က စစ်တိုက်တမ်း ကစားကြ၏။ ရထားငယ်ထွန်ငယ်ဖြင့် လယ်ထွန်တမ်း ကစားကြ၏။ ကူးသန်းရောင်းဝယ်တမ်း ကစားကြ၏။ ထိုစစ်တိုက်ခြင်း စသော ယောကျ်ားတို့၏ အပြုအမူသည် ပုရိသကုတ္တမည်၏။

**ပုရိသာကပ္ပ။** ယောကျ်ားတို့၏ သွားပုံလာပုံ စသော အသွင်အပြင် ဟန်ပန်အမူအရာကို ''ပုရိသာကပ္ပ'' ခေါ်၏။ ယောကျ်ားများသွားသောအခါ ရှင်းရှင်းလင်းလင်းသွားကြ၏။ ရပ်သောအခါ၊ လျောင်းသောအခါ၊ ထိုင်သောအခါ၊ စားသောအခါတို့၌လည်း ရှင်းရှင်းလင်းလင်း ရပ်ကြ၏၊ ရှင်းရှင်းလင်းလင်း လျောင်းကြ၏၊ ရှင်းလင်းလင်း ထိုင်ကြ၏၊ ရှင်းရှင်းလင်းလင်း စားကြ၏။

## ၅ — ဟဒယဝတ္ထုရုပ်

ထိုထို ကောင်းကျိုးဆိုးကျိုးကို ပြည့်စုံစေနိုင်သောကြောင့် နှလုံးသားကို ''ဟဒယ'' ခေါ်၏။ လူသားတိုင်းမှာ နှလုံးသားပါရှိခြင်းကြောင့် ယင်းနှလုံးသားသည် ကောင်းကျိုးဆိုးကျိုးများကို ပြည့်စုံစေနိုင်၏။ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့၏ မှီရာဖြစ်သောကြောင့် ထိုနှလုံးသားကို ဟဒယဝတ္ထုခေါ်၏။

**တည်ရာဌာန**။ သားမြတ်နှစ်ခု၏အလယ် ရင်တွင်း၌ နှလုံးအိမ်ရှိ၏။ ထိုနှလုံး အိမ်အတွင်း၌ ပုန်းညက်စေ့ခန့်ပမာဏရှိသော တွင်းငယ်ထဲဝယ် သွေးများ စုဝေးတည်နေရာ ယင်းသွေးများကို ပုံ့နှံ့လျက် ဟဒယဝတ္ထုရုပ် များစွာတည်ရှိနေ၏။

**ဟဒယဝတ္ထုရုပ်**

ဓမ္မသင်္ဂဏီ ရူပကဏ္ဍပါဠိတော်၌ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့၏ မှီရာဝတ္ထုရုပ်ကို တိုက်ရိုက် ဟောတော်မမူခဲ့ပါ။ သို့သော် ''**ယံ ရူပံ နိဿာယ မနော ဓါတုစ မနောဝိညာဏ ဓါတုစ ဝတ္တန္တိ။ တံရူပံ မနောဓါတုယာစ မနောဝိညာဏဓါတုယာစ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော**'' ဟူသော ပဋ္ဌာန်းပါဠိတော်ကိုထောက်၍ မနောဓါတ်၊ မနောဝိညာဏ ဓာတ်တို့နှင့် ယှဉ်ဖက် စေတသိက်တရားတို့၏ မှီရာရုပ်တစ်မျိုးကား ကေန်ရှိရပါ မည်။

ထိုရုပ်ကို ဟဒယရုပ်ဝတ္ထုရုပ်ဟု အဋ္ဌကထာဆရာက ဖွင့်ပြ၏။ ထိုဟဒယ ဝတ္ထုရုပ်သည် လူ၏ ရင်ချိုင့်အတွင်း၌ တည်ရှိ၏။ သို့သော် ဆရာဝန်များ စမ်းသပ်လေ့ရှိသော လက်ဝဲဘက်ရင်အုံအောက်ရှိ နှလုံးကို ဟဒယဝတ္ထုဟု မခေါ်ပါ။ ရင်ချိုင့်အတွင်းရှိ စိတ်၏မှီရာရုပ်တစ်မျိုးကို ဟဒယဝတ္ထုရုပ်ခေါ်၏။

အချို့က စိတ်သည် ဦးနှောက်ကို မှီ၍ဖြစ်သည်ဟု ဆိုကြ၏။ ဗုဒ္ဓ အဘိဓမ္မာအမြင်ဖြင့် စိတ်နှင့် စိတ်၏မှီရာဝတ္ထုရုပ်သည် လူဖြစ်ရန် နာမ်ရုပ် တရားများ စတင်ဖွဲ့စည်းစဉ် ကလလရေကြည်တည်ခါစ အချိန်ကပင် စတင် ဖြစ်ပေါ်ခဲ့၏။

ထိုသို့ နာမ်ရုပ်များ စတင်ဖွဲ့စည်းချိန်၌ ပဋိသန္ဓေစိတ်နှင့် စေတသိက် တရားများသည် ဟဒယဝတ္ထုရုပ်ကိုမှီလျက် ဖြစ်၏။ စိတ်နှင့် စိတ်၏ မှီရာဝတ္ထု ရုပ်များ စတင်ဖြစ်ပေါ်ချိန်၌ လူ၏ဦးခေါင်းပိုင်းဆိုင်ရာ ဦးနှောက်နှင့် စက္ခုပသာဒ စသော ရုပ်များ မဖြစ်ပေါ်ကြသေးပါ။ ထို့ကြောင့် လူ့ခန္ဓာကိုယ် စတင်ဖွဲ့စည်း

ဖြစ်ပေါ်ရာ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ပဋိသန္ဓေစိတ်နှင့်အတူ ဖြစ်ပေါ်ခဲ့သော ဝတ္ထုရုပ်သည်သာ စိတ်၏မှီရာ ဟဒယဝတ္ထုရုပ် ဖြစ်သင့်ပါသည်။

| | | |
|---|---|---|
| **လက္ခဏာ** | = | ဟဒယဝတ္ထုရုပ်သည် မနောဓါတ်၊ မနောဝိညာဏဓါတ်တို့၏ မှီရာဟူသော လက္ခဏာရှိ၏။ |
| **ရသ** | = | မနောဓါတ်၊ မနောဝိညာဏဓါတ်တို့၏ တည်ဖြစ်ခြင်းကိစ္စရှိ၏။ |
| **ပစ္စုပဋ္ဌာန်** | = | မနောဓါတ်၊ မနောဝိညာဏဓါတ်တို့ကို ဆောင်ထားသော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။ |
| **ပဒဋ္ဌာန်** | = | လေးပါးသော မဟာဘုတ်ဟူသော နီးသောအကြောင်းရှိ၏။ |

## ၆ – ဇီဝိတရုပ်

အတူတကွဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ကို ဇီဝိတရုပ်ခေါ်၏။ ထိုဇီဝိတရုပ်သည် အတူတကွဖြစ်ဖက် ကမ္မဇရုပ်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်မှု၌ အစိုးတရဖြစ်သောကြောင့် ဣန္ဒြေမည်၏။

**တည်ရာဌာန**။ ဇီဝိတရုပ်သည် ကာယပသာဒရုပ်ကဲ့သို့ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏။

### တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေသောတရားများ

| | |
|---|---|
| ၁။ ဘာဝရုပ်၊ | ၄။ သုက်ရည်၊ |
| ၂။ ကာယပသာဒရုပ်၊ | ၅။ သွေး၊ |
| ၃။ ဇီဝိတရုပ်၊ | ၆။ သည်းခြေ။ |

ထိုတွင် သုက်၊ သွေး၊ သည်းခြေများသည် သီးခြားရုပ်များ မဟုတ်ကြ။ အာပေါဓါတ်လွန်ကဲသော ရုပ်အစုအဝေးများသာဖြစ်၏။ ထို့ကြောင့် တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေသော ရုပ်များမှာ –

၁။ ကာယပသာဒရုပ်၊
၂။ ဘာဝရုပ်၊
၃။ ဇီဝိတရုပ်ဟူ၍ သုံးမျိုးသာရှိ၏။

ဆောင်။ ဘော, ပသာဒ၊ ဇီဝိတ၊ သုက္က၊ သွေးသည်းခြေ၊ အစိုကာယ၊ ရှိသမျှ၊ မုချအနှံ့နေ။

လက္ခဏာ = ဇီဝိတရုပ်သည် တကွဖြစ်ဖက်ရုပ်တို့ကို အစဉ်စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။

ရသ = တကွဖြစ်ဖက်ရုပ်တို့ကို ဖြစ်တည်စေခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = တကွဖြစ်ဖက်ရုပ်တို့ကို ဥပါဒ်မှစ၍ ဘင်မတိုင်မီ ဖြစ်တည်အောင် ထားတတ်သော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = ဥပါဒ်မှ ဘင်တိုင်အောင် ရောက်စေထိုက်သော မဟာဘုတ်ဟူသော နီးသောအကြောင်းရှိ၏။

## ၇ – အာဟာရရုပ်

အလုပ်အလွေ့ပြုလျက် စားမျိုအပ်သော အစာအာဟာရသည် အာဟာရရုပ်မည်၏။ အဖတ်ဖြစ်စေ၊ အရည်ဖြစ်စေ အစားအစာဟူသမျှကို ကဗဠီကာရခေါ်၏။ အစားအစာအတွင်း၌ အဆီအနှစ်အစေးကို အာဟာရရုပ်ဟုလည်းကောင်း၊ ဩဇာဟုလည်းကောင်း ခေါ်၏။

### ရသာရုံနှင့်ဩဇာ

ရသာရုံနှင့် ဩဇာကို ထင်ယောင်ထင်မှားဖြစ်တတ်၏။ အမှန်မှာ အချို၊ အချဉ်၊ အစပ်၊ အဖန်၊ အငန်၊ အခါးဟူသော အရသာခြောက်မျိုးကို ရသာ (ရသာရုံ) ခေါ်၏။ ထိုထိုအစားအစာ၌ ပါရှိသော အဆီ၊ အနှစ်၊ အစေးကို ဩဇာခေါ်၏။

လက္ခဏာ = အာဟာရရုပ်သည် အဆီဩဇာရုပ်အဖြစ် မှတ်သားအပ်သော လက္ခဏာရှိ၏။

ရသ = အာဟာရဇရုပ်ကို ဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ခန္ဓာကိုယ်ကို ထောက်ပံ့တတ်သော တရားအဖြစ် ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = စားမျိုအပ်သော အာဟာရဟူသော နီးသောအကြောင်းရှိ၏။

**ဆောင်။** ကွတ္တိပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တစ်တန်ဇီဝိတာ။ ကဗဠီကာ၊ ရုပ်ဩဇာ၊ သချှာဆယ့်ရှစ်ရ။

## နိပ္ဖန္နရုပ် ၁၈ ပါး

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄–ပါး |
| ၂။ | ပသာဒရုပ် | ၅–ပါး |
| ၃။ | ဖောဋ္ဌဗ္ဗာရုံကြဉ်ဂေါစရရုပ် | ၄–ပါး |
| ၄။ | ဘာဝရုပ် | ၂–ပါး |
| ၅။ | ဟဒယရုပ် | ၁–ပါး |
| ၆။ | ဇီဝိတရုပ် | ၁–ပါး |
| ၇။ | အာဟာရရုပ် | ၁–ပါး |
| | **ပေါင်း** | **၁၈–ပါး** |

**မှတ်ချက်။** ဖောဋ္ဌဗ္ဗာရုံသည် သီးခြားရုပ်မဟုတ်သောကြောင့် ဂေါစရရုပ်လေးပါးဟု ရေတွက်ရခြင်းဖြစ်၏။ ပထဝီ၊ တေဇော၊ ဝါယောဟူသော ဖောဋ္ဌဗ္ဗာရုံသည် မဟာဘုတ်လေးပါး၌ ပါဝင်ခဲ့ပြီးဖြစ်၏။

ဤရုပ်တစ်ဆယ့်ရှစ်ပါးကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်ဟု အမည်အမျိုးမျိုးဖြင့်ခေါ်ကြ၏။

**သဘာဝရုပ်**။ ခက်မာခြင်းစသော မိမိဆိုင်ရာ သဘောလက္ခဏာရှိသောကြောင့် ဤရုပ်တစ်ဆယ့်ရှစ်ပါးကို ''သဘာဝရုပ်'' ခေါ်၏။

**သလက္ခဏရုပ်**။ ဖြစ်ပေါ်လာခြင်း ဥပ္ပါဒစသော အနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာ စသော အများဆိုင်ရာ အမှတ်အသား လက္ခဏာရှိသောကြောင့် ''သလက္ခဏရုပ်'' ခေါ်၏။

**နိပ္ဖန္နရုပ်**။ အာကာသဓါတ် စသည်တို့ကဲ့သို့ ပရိစ္ဆေဒစသော သဘောမဟုတ်ဘဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားလေးပါးတို့က ဖြစ်စေအပ်သောကြောင့် ''နိပ္ဖန္နရုပ်'' ခေါ်၏။

**မှတ်ချက်**။ ရုပ်ကလာပ်တစ်ခုနှင့် တစ်ခုရောနှောမသွားရအောင် အာကာသဓါတ်၏ နယ်မြေပိုင်းခြားမှု သဘောသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့က ဖြစ်စေအပ်သော သဘောမဟုတ်ပေ။ ကံ၊ စိတ်၊ ဥတု အာဟာရဟူသော အကြောင်းတရားများက နိပ္ဖန္နရုပ်ကို ဖြစ်စေသောအခါ အလိုလို ပါလာသောသဘောမျှသာဖြစ်၏။

**ရူပရုပ်**။ အအေး၊ အပူစသော ဆန့်ကျင်ဘက်အကြောင်းတရားများနှင့် ပေါင်းဆုံမိသော် ရှေ့ရုပ်အစဉ်မှ တစ်မျိုးတစ်ဖုံ ဖောက်ပြန်တတ်သောကြောင့် ''ရူပရုပ်'' ခေါ်၏။

**သမ္မသနရုပ်**။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာယာဉ်သုံးပါးသို့တင်၍ သုံးသပ်ကောင်းသောကြောင့် ''သမ္မသနရုပ်'' ခေါ်၏။

## ၈ – ပရိစ္ဆေဒရုပ်

ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောနှောရအောင် နယ်မြေပိုင်းခြားပေးတတ်သော အပေါက်အကြား အာကာသဓါတ်ကို ပရိစ္ဆေဒရုပ် ခေါ်၏။

**မှတ်ချက်။** ဤအာကာသဓါတ်သည် ပရမတ်အစစ်မဟုတ်။ ရုပ်ကလာပ်နှစ်ခု ဖြစ်ပေါ်လာသောအခါ အလိုအလျောက်ဖြစ်ပေါ်လာသော အကြားအရပ် ပညတ်မျှသာဖြစ်၏။ လက်နှစ်ချောင်းကို ပူးကပ်ကြည့်သောအခါ အလိုလို ပေါ်လာသော အကြားအရပ်တစ်ခုကဲ့သို့ပင်ဖြစ်၏။ နောက်၌လာလတ္တံ့သော ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ်များလည်း ပရမတ်အစစ်မဟုတ်ကြ။

**လက္ခဏာ** = အာကာသဓါတ်သည် ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်း လက္ခဏာရှိ၏။

**ရသ** = ရုပ်ကလာပ်တို့၏အဆုံးကို ထင်ရှားပြခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = ရုပ်ကလာပ်တို့၏ အပိုင်းအခြားဖြစ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = ပိုင်းခြားအပ်သော ရုပ်ကလာပ်ဟူသော နီးသောအကြောင်း ရှိ၏။

## ၉ – ဝိညတ်ရုပ် ၂ ပါး

မိမိ၏ အလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော၊ မိမိကိုယ်တိုင်လည်း သိအပ်သော အမူအရာအထူးကို ဝိညတ်ရုပ်ခေါ်၏။ ထိုဝိညတ်ရုပ်သည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။

၁။ ကာယဝိညတ်၊

၂။ ဝစီဝိညတ်၊

**ကာယဝိညတ္တိ။** သတ္တဝါ၏ အတွင်းသဘောအလိုဆန္ဒကို လှုပ်ရှားသော လက်စသော ကိုယ်အင်္ဂါဖြင့် သိစေတတ်သော အမူအရာထူးသည် ကာယဝိညတ်မည်၏။ လူတစ်ယောက်ကို လက်ယပ်ပြရာ၌ ''လာစေလိုသည်'' ဟု လက်ယပ်ပြခံရသူက သိနိုင်ခြင်းသည် ကာယဝိညတ်၏ အစွမ်းသတ္တိပင်ဖြစ်၏။

**ဝစီဝိညတ္တိ**။ သတ္တဝါ၏ အတွင်းသဘော အလိုဆန္ဒကို စကားသံဖြင့် သိစေသော အမူအရာအထူးသည် ဝစီဝိညတ်မည်၏။ လူတစ်ယောက်ကို ''လာခဲ့ပါ'' ဟု အသံပေးသောအခါ ''လာစေလိုသည်'' ဟု အသံပေးခံရသူ (အခေါ်ခံရသူ) က သိရှိနိုင်ခြင်းသည် ယင်းအသံ၌ ပါဝင်သော ဝစီဝိညတ်ရုပ်၏ အစွမ်းသတ္တိပင်ဖြစ်၏။

**လက္ခဏာ** = ဝိညတ်ရုပ်နှစ်ပါးသည် အလိုဆန္ဒကို သိစေတတ်၊ သိအပ်သော လက္ခဏာရှိ၏။

**ရသ** = အတွင်းသဘော အလိုဆန္ဒကို ဖော်ပြခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = ကိုယ်လှုပ်ရှားခြင်း၊ စကားသံဖြစ်ခြင်း၏အကြောင်းဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = စိတ္တဇမဟာဘုတ်ဟူသော နီးသောအကြောင်းရှိ၏။

## ၁၀ – ဝိကာရရုပ် ၅ ပါး

နိပ္ဖန္နရုပ်တို့၏ ပကတိအနေအထားထက် ထူးခြားသော အမူအရာကို ''ဝိကာရရုပ်'' ခေါ်၏။

ခန္ဓာကိုယ် ပေါ့ပါးသွက်လက်မှု၊ နူးညံ့မှု၊ အမှု၌ကောင်းမှု၊ ကိုယ်ဖြင့် သိစေမှု၊ နှုတ်ဖြင့်သိစေမှုတို့သည် နိပ္ဖန္နရုပ်တို့၏ ပကတိအနေအထားထက် ထူးခြားသော အမူအရာများဖြစ်၏။

**ရူပဿ**။ ဤထူးခြားသော အမူအရာများသည် ရှေးအတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ကမ္မဇရုပ်များ၌ မရှိနိုင်။ စိတ်ဥတု အာဟာရဟူသော ပစ္စက္ခ အကြောင်းသုံးပါးကြောင့်ဖြစ်သော တိဇရုပ်များ၌သာ ရှိနိုင်၏။ ထိုတိဇရုပ်များတွင်လည်း အနိပ္ဖန္နရုပ်များသည် ပရမတ်အစစ်မဟုတ်ဘဲ ပညတ်သဘော မျှသာဖြစ်ကြ၏။ ထို့ကြောင့် ရူပဿအရ တိဇနိပ္ဖန္နရုပ်များကိုသာ ယူရ၏။

## ရူပသလဟုတာ

စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတု သာယာသောအခါတို့၌ ရုပ်ခန္ဓာ၏ ပေါ့ပါးမှုသည် ထူးခြားသော အမူအရာဖြစ်၏။ ထိုအမူအရာကို ''ရူပလဟုတာ'' ခေါ်၏။

လက္ခဏာ = ရူပသလဟုတာသည် ပေါ့ပါးခြင်းလက္ခဏာရှိ၏။

ရသ = အာပေါဓါတ်ဖောက်ပြန်သဖြင့် လေးလံခြင်းကို ပယ်ရှားခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = လျင်မြန်သော ဖြစ်ခြင်းရှိသော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = လျင်မြန်သော နိပ္ဖန္နရုပ်ဟူသော နီးသောအကြောင်းရှိ၏။

## ရူပသမုဒုတာ

စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတု သာယာသောအခါတို့၌ ရုပ်ခန္ဓာကိုယ်၏ နူးညံ့မှုသည် ထူးခြားသော အမူအရာ ဖြစ်၏။ ထိုထူးခြားသော အမူအရာ ကို ''ရူပသမုဒုတာ'' ခေါ်၏။

လက္ခဏာ = ရူပသမုဒုတာသည် နူးညံ့ခြင်း လက္ခဏာရှိ၏။

ရသ = ပထဝီဓါတ် ဖောက်ပြန်သဖြင့် ခက်ထန်တောင့်တမှုကို ပယ်ရှားခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ကိုယ်မှုကိစ္စ၌ မဆန့်ကျင်သော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = နူးညံ့သော နိပ္ဖန္နရုပ်ဟူသော နီးသောအကြောင်းရှိ၏။

## ရူပသကမ္မညတာ

စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတု

သာယာသောအခါများ၌ ရုပ်ခန္ဓာကိုယ်၏ အမူ၌ ခန့်ညားမှု၊ ဖျတ်လတ်မှုများသည် ထူးခြားသော အမူအရာဖြစ်၏။ ထိုထူးခြားသော အမူအရာကို ''ရူပဿကမ္မညတာ'' ခေါ်၏။

**လက္ခဏာ** = ရူပဿကမ္မညတာသည် ကိုယ်မှုကိစ္စ၌ ကောင်းသော လက္ခဏာရှိ၏။

**ရသ** = ဝါယောဓါတ် ပျက်ပြားသဖြင့် ကိုယ်မှုကိစ္စ၌ မခန့်ညားခြင်း မကောင်းခြင်းကို ပယ်ရှားခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** = အားမနည်းသောတရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** = ကိုယ်မှုကိစ္စ၌ ကောင်းမွန်သော နိပ္ဖန္နရုပ်ဟူသော နီးသော အကြောင်းရှိ၏။

## ၁၁ - လက္ခဏာရုပ် ၄ ပါး

ဆိုင်ရာအကြောင်းတရားများ စီမံမှုကြောင့် နိပ္ဖန္နရုပ်များ ဖြစ်ပေါ်လာရ၏။ ဖြစ်လျှင် ရင့်ရ၏၊ ရင့်ပြီး ပျက်စီးရ၏။ ဤသို့ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း အမှတ်အသားကို တွေ့မြင်ရခြင်းကြောင့် နိပ္ဖန္နရုပ်များ၏ သင်္ခတတရားဖြစ်ကြောင်းကို သိရ မှတ်သားရ၏။ ထို့ကြောင့် ဥပစယ စသော ရုပ်လေးပါးကို ''လက္ခဏာရုပ်'' ခေါ်၏။ ထိုလက္ခဏာရုပ်သည် အောက်ပါအတိုင်း လေးပါး ပြား၏။

၁။ ဥပစယ၊
၂။ သန္တတိ၊
၃။ ဇရတာ၊
၄။ အနိစ္စတာ။

### ဥပစယ

ပဋိသန္ဓေတည်ခါစ၌ ပထမဖြစ်ခြင်း၊ ထို့နောက် တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်းကို ''ဥပစယ'' ခေါ်၏။

လက္ခဏာ = ဥပစယသည် ရုပ်တို့၏ ဖြစ်ခြင်းလက္ခဏာရှိ၏။

ရသ = မဖြစ်ပေါ်မီ ရှေ့အစွန်းမှ ရုပ်တို့ကို ပေါ်လာစေခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = အပ်နှံတတ်သောတရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

တနည်း ။ ရုပ်တို့၏ ပြည့်စုံသည်၏အဖြစ်ဖြင့် ယောဂီဉာဏ်၌ ထင်လာ၏။

မှတ်ချက်။ ဥပစယသဒ္ဒါ၏ အာဒိစယအနက်နှင့် ဥပရိအနက်များအတွက် ပစ္စုပဋ္ဌာန်နှစ်မျိုး ကွဲပြားရခြင်းဖြစ်၏။

ပဒဋ္ဌာန် = ရှေ့ဦးစွာ ဖြစ်ဆဲရုပ်၊ အထက်၌ဖြစ်ပွားဆဲ ရုပ်ဟူသော နီးသောအကြောင်းရှိ၏။

## သန္တတိ

တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်မှစ၍ အစဉ်မပြတ် ထပ်ကာထပ်ကာဖြစ်ခြင်း၊ ဥပါဒ်ခြင်းကို ''သန္တတိ'' ခေါ်၏။

လက္ခဏာ = သန္တတိသည် ရုပ်တို့၏ အဆက်ဆက်ဖြစ်နေခြင်းလက္ခဏာရှိ၏။

ရသ = အစဉ်မပြတ် ဖွဲ့စပ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ရုပ်တရားများ အဆက်မပြတ် ဖြစ်နေသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = အစဉ်မပြတ် ဖွဲ့စပ်အပ်သော ရုပ်ဟူသော နီးသောအကြောင်းရှိ၏။

## ဇရတာ

နိပ္ဖန္နရုပ်တို့၏ ရင့်ရော်မှုဒြပ်ကို ဇရတာခေါ်၏။ နိပ္ဖန္နရုပ်များ ဥပါဒ်ဖြစ်ပေါ်ပြီးနောက် မချုပ်ခင် ခဏငယ် ၄၉ ချက်ခန့် တည်နေခြင်းဒြပ်ကိုပင် ရင့်နေမှု သဘောဖြစ်၍ ''ဇရတာ'' ခေါ်၏။

လက္ခဏာ = ဇရတာသည် ရုပ်များရင့်ရော်ခြင်းလက္ခဏာရှိ၏။

ရသ = ဘင်သို့ရောက်အောင် ပို့ဆောင်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ပင်ကိုသဘော မပြောင်းသော်လည်း အသစ်သဘော ရွေ့လျောပြောင်းသွားသောတရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

ပဒဋ္ဌာန် = ရင့်ရော်သော ရုပ်ဟူသော နီးသောအကြောင်းရှိ၏။

## အနိစ္စတာ

ရုပ်တို့၏ မမြဲမှု၊ ပျက်စီးမှု (ရုပ်တို့၏ဘင်) ကို ''အနိစ္စတာ'' ခေါ်၏။

လက္ခဏာ = အနိစ္စတာသည် ပျက်စီးခြင်းလက္ခဏာရှိ၏။

ရသ = သင်္ခတတရားများ ဆုတ်နစ်ခြင်းကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် = ကုန်ဆုံးပြုန်းတီးခြင်းတရားအဖြစ် ယောဂီဉာဏ်၌ထင်လာ၏။

ပဒဋ္ဌာန် = ပျက်သောရုပ်ဟူသော နီးသောအကြောင်းရှိ၏။

**ဆောင်။** ဖြစ်ပေါ်ပွားမှု၊ ဥပစယ၊ တည်ထ သန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာ အနိစ္စ၊ သိကြောင်းမှု၊ လက္ခဏရုပ်ခေါ်သတည်း။

## ဇာတိရုပ်တစ်ခုတည်းကို ဥပစယသန္တတိနှစ်မျိုးခွဲဟော

ပဌမဖြစ်ခြင်း၊ အထက်အထက် (နောက်) ဖြစ်ခြင်း ဟု ဆိုအပ်သော ဖြစ်ပုံ အခြင်းအရာအားဖြင့် ကွဲပြားရကား ဝေနေယျဇ္ဈာသယအားဖြင့် ဥပစယ၊ သန္တတိဟု ခွဲခြားဝေဖန်ကာ ဟောတော်မူသောကြောင့် ဇာတိရုပ်တစ်ခုတည်းကို ဥပစယ၊ သန္တတိဟု နှစ်မျိုးခွဲ၍ဆိုရ၏။

## အနိပ္ဖန္နရုပ် ၁၀ ပါး

၁။ ပရိစ္ဆေဒရုပ် ၁–ပါး

၂။ ဝိညတ်ရုပ် ၂–ပါး

| | | |
|---|---|---|
| ၃။ | ဝိညတ်ဒွေကြဉ်ဝိကာရရုပ် | ၃–ပါး |
| ၄။ | လက္ခဏာရုပ် | ၄–ပါး |
| | ပေါင်း | ၁၀–ပါး |

**မှတ်ချက်။** ဤရုပ် ၁၀ ပါးကို အသဘာဝရုပ်၊ အလက္ခဏာရုပ်၊ အနိပ္ဖန္နရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်ဟု အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။ ဤသို့လျှင် ရုပ်သည် အကျဉ်းချုပ်အားဖြင့် မဟာဘုတ်၊ ဥပါဒါရုပ်ဟူ၍ နှစ်မျိုးပြား၏။ သဘောတူရာ ပေါင်းစုကာ မဟာဘုတ်၊ ပသာဒရုပ် စသော အမည်အားဖြင့် တစ်ဆယ့်တစ်မျိုးပြား၏။ သရုပ်အားဖြင့် ၂၈ ပါး ပြား၏။

## ရုပ် ၂၈ ပါး ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄–ပါး |
| ၂။ | ပသာဒရုပ် | ၅–ပါး |
| ၃။ | ဖောဋ္ဌဗ္ဗာရုံကြဉ်ဂေါစရရုပ် | ၄–ပါး |
| ၄။ | ဘာဝရုပ် | ၂–ပါး |
| ၅။ | ဟဒယရုပ် | ၁–ပါး |
| ၆။ | ဇီဝိတရုပ် | ၁–ပါး |
| ၇။ | အာဟာရရုပ် | ၁–ပါး |
| ၈။ | ပရိစ္ဆေဒရုပ် | ၁–ပါး |
| ၉။ | ဝိညတ်ရုပ် | ၂–ပါး |
| ၁၀။ | ဝိညတ်ဒွေကြဉ်ဝိကာရရုပ် | ၃–ပါး |
| ၁၁။ | လက္ခဏာရုပ် | ၄–ပါး |
| | ပေါင်း | ၂၈–ပါး |

## ''လေ့ကျင့်ခန်း''

၁။ ရုပ် ၂၈ ပါးကို အခြေခံအားဖြင့်ခွဲလျှင် အဘယ်နှစ်မျိုးသာ ကွဲပြားပါသနည်း ဖော်ပြ၍၊ ရုပ်အမည် ၁၁ မျိုးကို ဖော်ပြပါ။

၂။ မဟာဘုတ်အဓိပ္ပာယ်ကိုရေး၍ ပထဝီဓါတ်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရေးခဲ့ပါ။

၃။ လူ့ခန္ဓာကိုယ်၌ ပတ်ဝန်းကျင်အာရုံများကို ထောက်လှမ်းဖမ်းယူနိုင်သော ရုပ်များကို ဖော်ပြ၍၊ ဂေါစရရုပ်တို့ကို အစဉ်မပျက် ဖော်ပြခဲ့ပါ။

၄။ ဘာဝရုပ်၏ တည်ရာဌာနကို ဖော်ပြ၍၊ ဣတ္ထိဘာဝရုပ်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ဖော်ပြပါ။

၅။ ဟဒယဝတ္ထုရုပ်အဓိပ္ပာယ်ကို ရေး၍ ဟဒယဝတ္ထုရုပ်၏ တည်ရာဌာနကိုလည်း ဖော်ပြခဲ့ပါ။

၆။ နိပ္ဖန္နရုပ်တို့ကို အစဉ်မပျက် ရေတွက်ပြ၍ ရုပ် ၂၈ ပါးကိုလည်း ရေတွက်ပြခဲ့ပါ။

၇။ အောက်ပါရုပ်တို့ကို ဖော်ပြခဲ့ပါ။

(က) အတူတကွဖြစ်သောရုပ်တို့၏ တည်ရာမှီရာရုပ်၊

(ခ) ဆံပင်စသော ကောဋ္ဌာသတို့၏ တည်ရာရုပ်၊

(ဂ) လူ၏အသိစိတ်တည်ရာရုပ်၊

(ဃ) ရုပ်တရားများ အသက်ရှည်အောင် စောင့်ရှောက်နေသောရုပ်၊

(င) ရုပ်ကလာပ်စည်းများ မရောနှောရအောင် နယ်မြေခွဲခြားသောရုပ်။

# အခန်း (၂)
## ရူပဝိဘာဂ

ရုပ် ၂၈ ပါးလုံးသည် –

၁။ အဟေတုကတစ်မျိုးသာရှိ၏။ သဟေတုကမရှိ။

၂။ သပ္ပစ္စယတစ်မျိုးသာရှိ၏။ အပ္ပစ္စယမရှိ။

၃။ သာသဝတစ်မျိုးသာရှိ၏။ အနာသဝမရှိ။

၄။ သင်္ခတတစ်မျိုးသာရှိ၏။ အသင်္ခတမရှိ။

၅။ လောကိယတစ်မျိုးသာရှိ၏။ လောကုတ္တရာမရှိ။

၆။ ကာမဝစရတစ်မျိုးသာရှိ၏။ ရူပါဝစရစသည်မရှိ။

၇။ အနာရမ္မဏတစ်မျိုးသာရှိ၏။ သာရမ္မဏမရှိ။

၈။ အပ္ပဟာတဗ္ဗတစ်မျိုးသာရှိ၏။ ပဟာတဗ္ဗမရှိ။

ရုပ် ၂၈ ပါးလုံးသည် –

၁။ ယှဉ်ဖက်သမ္ပယုတ်မရှိသောကြောင့် အဟေတုကချည်းသာတည်း။

၂။ ကံစိတ်ဥတုအာဟာရဟူသောအကြောင်းတရားရှိသောကြောင့် သပ္ပစ္စယချည်းသာတည်း။

၃။ အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝချည်းသာတည်း။

၄။ ကံစိတ်ဥတုအာဟာရဟူသောအကြောင်းတရားများပြုပြင် စီမံအပ်သောကြောင့် သင်္ခတချည်းသာတည်း။

၅။ သင်္ခါရလောကဌ ပါဝင်သောကြောင့် လောကိယချည်းသာတည်း။

၆။ ကာမတဏှာ၏ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရချည်းသာတည်း။

၇။ အာရုံကိုမယူနိုင်သောကြောင့် အနာရမ္မဏချည်းသာတည်း။

၈။ တဒင်္ဂစသည်တို့၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗ ချည်းသာတည်း။

**အပ္ပဟာတဗ္ဗမေဝ** ။ ရုပ်အားလုံးသည် တဒင်္ဂစသည်တို့၏ အစွမ်းဖြင့် မပယ် အပ်သော တရားဟူသောစကားရပ်သည် **ရူပံဘိက္ခဝေ နတုမှာကံ၊ တံပဇဟထ** = ရဟန်းတို့၊ ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြလော့ဟူသော ပါဠိတော်စကားရပ်နှင့်ဆန့်ကျင်သကဲ့သို့ဖြစ်၏။

**သဗ္ဗဥ္စပနေတံ ရူပံအပ္ပဟာတဗ္ဗမေဝ** ဟူသော သင်္ဂြိုဟ်လာစကားရပ်သည် မုချစကားဖြစ်ပါသည်။ **ရူပံဘိက္ခဝေ နတုမှာကံ၊ တံပဇဟထ** ဟူသော စကားရပ်သည် ဥာနူပစာစကားဖြစ်ပါသည်။ **ရူပံဘိက္ခဝေနတုမှာကံ၊ တံပဇ ဟထ** ဟူသောစကားရပ်ဖြင့် ဗုဒ္ဓရှင်တော်မြတ်သည် ရုပ်တရားကို ပယ်ခိုင်းတော် မူခြင်းမဟုတ်ပါ။ ရုပ်တရား၌တပ်မက်တွယ်တာသော တဏှာကိုသာ ပယ်ခိုင်း တော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့်စကားနှစ်ရပ်မဆန့်ကျင်ပါ။

## အဇ္ဈတ္တိကစသည်ခွဲပြပုံ

| ရုပ် | အမည် | ရုပ် | အမည် |
|---|---|---|---|
| ပသာဒရုပ် ၅ | အဇ္ဈတ္တိကရုပ် | ကြွင်း၂၃ | ဗာဟိရရုပ် |
| ပသာဒရုပ် ၅၊ ဟဒယရုပ် ၁ | ဝတ္ထုရုပ် | ကြွင်း၂၂ | အဝတ္ထုရုပ် |
| ပသာဒရုပ် ၅၊ ဝိညတ်ရုပ် ၂ | ဒွါရရုပ် | ကြွင်း၂၁ | အဒွါရရုပ် |
| ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဇီဝိတရုပ် ၁ | ဣန္ဒြိယရုပ် | ကြွင်း၂၀ | အနိန္ဒြိယရုပ် |
| ပသာဒရုပ် ၅၊ ဝိသယရုပ် ၇ | ဩဠာရိကရုပ် | ကြွင်း ၁၆ | သုခုမရုပ် |
| ကမ္မဇရုပ် ၁၈ | ဥပါဒိန္နရုပ် | ကြွင်းတိဇ | အနုပါဒိန္နရုပ် |
| ရူပါရုံ | သနိဒဿနရုပ် | ကြွင်း၂၇ | အနိဒဿနရုပ် |
| ပသာဒရုပ် ၅ | ဂေါစရဂ္ဂါဟကရုပ် | ကြွင်း၂၃ | အဂေါစရဂ္ဂါဟက |
| ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ၊မဟာဘုတ်၄ | အဝိနိဗ္ဘောဂရုပ် | ကြွင်း၂၀ | ဝိနိဗ္ဘောဂရုပ် |

### ကျက်ရန်

၁။ အဇ္ဈတ္တိကေ၊ ပသာဒေ၊ ကြွင်းလေ ဗာဟိရ။
၂။ ပသာ, ဟ, မူ၊ ဝတ္ထု ယူ၊ ကြွင်းမူအဝတ္ထု။
၃။ ပသာ ဝိညတ်၊ ဒွါရမှတ်၊ ကြွင်းလတ်၊ အဒွါရ။
၄။ ပ ဘာ ဇီ ဝေ၊ ဣန္ဒြေ၊ ကြွင်းလေ အနိန္ဒြိယ။
၅။ ပသာ ဂေါစရ၊ ရုပ်ဒွါရ၊ သြဠာရိကခေါ်။
၆။ သပ္ပဋိဃ၊ သန္တိက၊ နာမသုံးမည်ပေါ်။
ကြွင်းသောဋ္ဌသ၊ သုခုမ၊ အပ္ပဋိဃ၊ ဒူရေ။
၆။ ရုပ်ကမ္မဇ၊ ဌာရသ၊ ဥပါဒိန္န – ပေ။
၇။ အသမ္ပတ္တဂါဟက၊ သောတ–စက္ခု တူ။
၈။ ရုပ်သမ္ပတ္တ၊ ဂါဟက၊ ဃာန၊ ဇိ ကာ ယူ။
၉။ မဟာဘူတ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသော ဇာ၊ ရှစ်ဖြာဝိနိဗ္ဘော။

### အဇ္ဈတ္တိက၊ ဗာဟိရရုပ်

ပသာဒရုပ် ၅ ပါးသည် အဇ္ဈတ္တိကရုပ်မည်၏။ ကြွင်းသောရုပ် ၂၃ပါးသည် ဗာဟိရရုပ်မည်၏။

### အဇ္ဈတ္တိက၊ ဗာဟိရ

ခန္ဓာကိုယ်အား ကျေးဇူးအများဆုံးဖြစ်သောကြောင့် ပသာဒရုပ်ငါးပါးကို အဇ္ဈတ္တိက (အတွင်း) ရုပ်ခေါ်၏။ ခန္ဓာကိုယ်အား အဇ္ဈတ္တိကရုပ်လောက် ကျေးဇူးမများသောကြောင့်ကြွင်းသောရုပ် ၂၃ပါးကို ဗာဟိရ (အပြင်) ရုပ်ခေါ်၏။

အတွင်းအပြင်ဆိုရာ၌ ခန္ဓာကိုယ်၏အတွင်းအပြင်မဟုတ်၊ ခန္ဓာကိုယ်၌ အတူဖြစ်ကြသော်လည်း ခန္ဓာကိုယ်အား ကျေးဇူးအများဆုံးရုပ်ကိုရည်ရွယ်၍ အတွင်းရုပ်ဟုခေါ်ခြင်းသာဖြစ်၏။ အိမ်တစ်အိမ်တွင် မိသားစုကိစ္စ၌ ကျေးဇူးအများဆုံးလူကို ''အတွင်းလူ'' ခေါ်သကဲ့သို့ပင်ဖြစ်၏။ ပသာဒရုပ်ငါးပါးလောက် ကျေးဇူးမများသည်ကို ရည်ရွယ်၍ အပြင်ရုပ်ဟုခေါ်ခြင်းသာဖြစ်၏။

## ဝတ္ထုရုပ်၊ အဝတ္ထုရုပ်

ပသာဒရုပ် ၅ ပါး၊ ဟဒယရုပ် ၁ ပါး၊ ပေါင်း ၆ ပါးသောရုပ်သည် ဝတ္ထုရုပ်မည်၏။

ကြွင်းသော ၂၂ ပါးသောရုပ်သည် အဝတ္ထုရုပ်မည်၏။

**ဝတ္ထု၊ အဝတ္ထု**

စိတ်၊ စေတသိက်တို့၏မှီရာဖြစ်သောကြောင့် စက္ခုပသာဒရုပ်စသည်တို့ကို ဝတ္ထုရုပ်ခေါ်၏။

စိတ်၊ စေတသိက်တို့၏ မှီရာမဟုတ်သောကြောင့် ကြွင်းသောရုပ် ၂၂ပါးကို အဝတ္ထုရုပ်ခေါ်၏။

## ဒွါရရုပ်၊ အဒွါရရုပ်

ပသာဒရုပ် ၅ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ ပေါင်း ၇ ပါးသောရုပ်သည် ဒွါရရုပ်မည်၏။

ကြွင်းသောရုပ် ( ၂၁ ) ပါးသည် အဒွါရရုပ်မည်၏။

## ဒွါရရုပ်

ဝီထိစိတ်၏ဖြစ်ကြောင်း၊ ကာယကံ၊ ဝစီကံ၏အထမြောက်ကြောင်း ဖြစ်သော စက္ခုပသာဒ စသော ရုပ်ခုနစ်ပါးကို ဒွါရရုပ်ခေါ်၏။ ထိုတွင် –

၁။ ပသာဒရုပ်ငါးပါးသည် ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်၏။ ထို့ကြောင့် ဥပ ပတ္တိဒွါရခေါ်၏။

၂။ ဝိညတ်ဒွေသည် ကာယကံ၊ ဝစီကံတို့၏ ထမြောက်အောင်မြင်ကြောင်း ဖြစ်၏။ ထို့ကြောင့် ကမ္မဒွါရခေါ်၏။

## အဒွါရရုပ်

ဝီထိစိတ်တို့၏ဖြစ်ကြောင်း၊ ကာယကံ၊ ဝစီကံတို့၏ ထမြောက်အောင် မြင်မဟုတ်သောကြောင့် ကြွင်းသောရုပ် ၂၁ ပါးကို အဒွါရရုပ်ခေါ်၏။

## ဣန္ဒြိယရုပ် ၈ ပါး

| | | |
|---|---|---|
| ၁။ | ပသာဒရုပ် | ၅ ပါး |
| ၂။ | ဘာဝရုပ် | ၂ ပါး |
| ၃။ | ဇီဝိတရုပ် | ၁ ပါး |
| | **ပေါင်း** | ၈ ပါး |

ဣန္ဒြိယရုပ် ၈ ပါးမှ ကြွင်းသော ၂၀သောရုပ်သည် အနိန္ဒြိယရုပ်မည်၏။

## ဣန္ဒြိယ၊ အနိန္ဒြိယ

မြင်ခြင်းစသော မိမိတို့၏ဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့် စက္ခုပသာဒစသော ရုပ်ရှစ်ပါးကို ဣန္ဒြိယရုပ်ခေါ်၏။ ထိုသို့အစိုးရခြင်းမရှိသောကြောင့် ကြွင်းသော ရုပ် ၂၀ ပါးကို အနိန္ဒြိယရုပ်ခေါ်၏။

## သြဠာရိကရုပ်၊ သုခုမရုပ်

ပသာဒရုပ် ၅ ပါး၊ ဝိသယရုပ် ၇ ပါး၊ ပေါင်း ၁၂ ပါးသောရုပ်သည် သြဠာရိကရုပ်မည်၏။ သန္တိကေရုပ်လည်းမည်၏။ သပ္ပဋိဃရုပ်လည်းမည်၏။

ကြွင်းသောရုပ် ၁၆ ပါးသည် သုခုမရုပ်လည်းမည်၏။ ဒူရေရုပ်လည်းမည်၏။ အပ္ပဋိဃရုပ်လည်းမည်၏။

**သြဠာရိက** ။ ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သောအခါ ပေါ်လွင်ထင်ရှားသော ရုပ်ကို သြဠာရိက (အကြမ်း) ရုပ်ခေါ်၏။ ရူပါရုံ၏ စက္ခုပသာဒ၌ ထိခိုက်ထင်လာပုံကို ဉာဏ်မျက်စိဖြင့် ဆင်ခြင်သောအခါ ထိုရူပါရုံနှင့် စက္ခု ပသာဒရုပ်နှစ်ခုတို့၏ သဘောသည် ဆင်ခြင်သူဉာဏ်မျက်စိ၌ သိသာထင်ရှား၏။ သဒ္ဒါရုံစသည်တို့၏ သောတပသာဒစသည်တို့၌ ထိခိုက်ထင်လာပုံကို ဆင်ခြင်သောအခါ၌လည်း သိသာထင်ရှား၏။ ထိုသို့သိသာထင်ရှားသောကြောင့် သြဠာရိကရုပ်ခေါ်၏။

**သုခုမရုပ်** ။ ဉာဏ်မျက်စိဖြင့် ကြည့်ရှုသောအခါ ပေါ်လွင်ထင်ရှားစွာ မသိရသောရုပ်ကို သုခုမ (အနု) ရုပ်ခေါ်၏။ အာပေါဓါတ်ကို ဆင်ခြင်သောအခါ ပသာဒရုပ်များကဲ့သို့ မထင်ရှား။ အခြား ဘာဝရုပ်စသော ရုပ်တရားများလည်း မထင်ရှား။ ထိုသို့ မထင်ရှားသောကြောင့် အာပေါဓါတ်စသည်ကို သုခုမရုပ်ခေါ်၏။

**သန္တိကေရုပ်**။ ဉာဏ်ဖြင့်လှမ်းယူသောအခါ လွယ်ကူစွာရနိုင် သိနိုင်သောကြောင့် ဩဠာရိကရုပ်ကိုပင်သန္တိကေ (အနီး) ရုပ်ဟုလည်းခေါ်၏။

**မှတ်ချက်** ။ လောကဥ္စရလွယ်သော အရာဝတ္ထုကို မခက်ပါဘူး၊ အလွယ်လေး၊ အနီးလေးပါ စသည်ဖြင့် ပြောရိုးဆိုစဉ်ရှိသည်ကိုထောက်၍ သန္တိကေရုပ်၏ သဘောအဓိပ္ပါယ်ကို နားလည်လိမ့်မည်ဟုယုံကြည်ပါသည်။

**ဒူရေရုပ်** ။ ဉာဏ်ဖြင့်လှမ်းယူ၍ သိဖို့ရန်မလွယ်ကူသောကြောင့် သုခုမရုပ်ကိုပင် ဒူရေ (အဝေး)ရုပ်ဟုလည်းခေါ်၏။

**သပ္ပဋိဃရုပ်** ။ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်၏။ ဤသို့စသည်ဖြင့် ဓါတ်သဘာဝအလိုက် ထိခိုက်တတ်သောကြောင့် ဩဠာရိကရုပ်ကို သပ္ပဋိဃရုပ်ဟုလည်းခေါ်၏။

**အပ္ပဋိဃရုပ်** ။ ဓါတ်သဘာဝအလိုက် မထိခိုက်တတ်သောကြောင့် သုခုမရုပ်ကို အပ္ပဋိဃရုပ်ဟုလည်းခေါ်၏။

**မှတ်ချက်** ။ မာတိကာဓါတုကထာကို သင်ယူရာ၌ ဩဠာရိကရုပ်၊ သုခုမရုပ်သည် အရေးပါလှ၏။ ထို့ကြောင့် ထိုရုပ်နှစ်မျိုးကို သွက်သွက်လက်လက်ရရှိထားဖို့လိုအပ်လှ၏။ သုခုမရုပ်ကို အောက်ပါအတိုင်းကျက်ထားပါ။

## သုခုမရုပ် ၁၆ ပါး

| | |
|---|---|
| ၁။ အာပေါ | ၉။ ဝစီဝိညတ် |
| ၂။ ဣတ္ထိန္ဒြေ | ၁၀။ ရူပဿဿလဟုတာ |
| ၃။ ပုရိသိန္ဒြေ | ၁၁။ မုဒုတာ |
| ၄။ ဟဒယရုပ် | ၁၂။ ကမ္မညတာ |
| ၅။ ဇီဝိတရုပ် | ၁၃။ ဥပစယ |
| ၆။ အာဟာရရုပ် | ၁၄။ သန္တတိ |
| ၇။ ပရိစ္ဆေဒရုပ် | ၁၅။ ဇရတာ |
| ၈။ ကာယဝိညတ် | ၁၆။ အနိစ္စတာ |

## ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်

ကမ္မဇရုပ် ၁၈ ပါးသည် ဥပါဒိန္နရုပ်မည်၏။ ကြွင်းသော တိဇရုပ်သည် အနုပါဒိန္နရုပ်မည်၏။

**ဥပါဒိန္နရုပ်** ။ တဏှာဒိဋ္ဌိတို့ ကပ်ရောက်အပ်သော ကံတရားက ''ငါတို့၏ အကျိုးတရားများ''ဟု ပြင်းပြစွာသိမ်းယူအပ် စွဲလမ်းအပ်သော ကြောင့် ကံ၏အကျိုးဖြစ်သောရုပ်ကို ဥပါဒိန္နရုပ်ခေါ်၏။

**အနုပါဒိန္နရုပ်**။ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းသုံးပါးကြောင့်ဖြစ်သော တိဇရုပ်ကို အနုပါဒိန္နရုပ်ခေါ်၏။

## သနိဒဿနရုပ်၊ အနိဒဿနရုပ်

ရူပါရုံသည် သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် ၂၇ ပါးသည် အနိဒဿနရုပ်မည်၏။

**သနိဒဿနရုပ်** ။ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသောရုပ်ကို သနိဒဿနရုပ် ခေါ်၏။

**အနိဒဿနရုပ်** ။ စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်းသောရုပ်ကို အနိဒဿနရုပ် ခေါ်၏။

## ဂေါစရဂ္ဂါဟကရုပ်၊ အဂေါစရဂ္ဂါဟကရုပ်

| | | |
|---|---|---|
| ၁။ | အသမ္ပတ္တဂ္ဂါဟကမည်သော စက္ခုသောတ | ၂ ပါး |
| ၂။ | သမ္ပတ္တဂ္ဂါဟကမည်သောဃာန၊ ဇိဝှါ၊ကာယ | ၃ ပါး |
| | **ပေါင်း** | ၅ ပါး |

ဤပသာဒရုပ် ၅ ပါးသည် ဂေါစရဂ္ဂါဟကရုပ်မည်၏။ ကြွင်းသောရုပ် ၂၃ ပါးသည် အဂေါစရဂ္ဂါဟကရုပ်မည်၏။

**ဂေါစရဂ္ဂါဟက** ။ အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါဟကရုပ်ခေါ်၏။

**မှတ်ချက်** ။ ဤပသာဒရုပ်ငါးပါးသည် ပတ်ဝန်းကျင်အာရုံများကို ထောက်လှမ်းဖမ်းယူနိုင်သောရုပ်တည်း။ လေယာဉ်ပျံ၊ ဂြိုလ်တုစသည်တို့ကို ထောက်လှမ်းဖမ်းယူသော ယခုခေတ်ရေဒါနှင့်တူ၏။

**အသမ္ပတ္တဂ္ဂါဟက** ။ စက္ခုပသာဒ၊ သောတပသာဒရုပ် နှစ်ပါးသည် မိမိထံမှောက် မရောက်မထိ မကပ်ငြိသော ရူပါရုံ၊ သဒ္ဒါရုံတို့ကို ယူ၏။ ထို့ကြောင့်စက္ခုသောတပသာဒရုပ် နှစ်ပါးကို အသမ္ပတ္တဂ္ဂါဟကရုပ်ခေါ်၏။

**သမ္ပတ္တဂ္ဂါဟက** ။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့သည် မိမိထံမှောက်ထိခိုက်ကပ်ငြိလာသော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို အစဉ်အတိုင်းယူကြ၏။ ထို့ကြောင့် ဃာန၊ ဇိဝှါ၊ ကာယပသာဒရုပ်သုံးပါးကို သမ္ပတ္တဂ္ဂါဟကရုပ်ခေါ်၏။

## ဂေါစရဂ္ဂါဟကနှင့် အနာရမ္မဏ

သဗ္ဗဥ္စပနေတံ ရူပံ အနာရမ္မဏံ ဟူသော စကားရပ်သည် မုချအားဖြင့် ဆိုအပ်သော စကားရပ်ဖြစ်ပါသည်။ ဂေါစရဂ္ဂါဟကဟူသော အမည်သည် မုချ

အားဖြင့် ခေါ်ဝေါ်နိုင်သောအမည်မဟုတ်၊ ဌာနျူပစာအားဖြင့်သာ ခေါ်ဝေါ်သုံးစွဲနိုင်သော အမည်ဖြစ်ပါသည်။

စက္ခုပသာဒစသည်တို့သည် မုချအားဖြင့် အာရုံကို မယူနိုင်ကြပါ၊ စက္ခုဝိညာဏ်စိတ်စသည်ကသာ အာရုံကို ယူနိုင်ကြပါသည်။ ထိုစက္ခုဝိညာဏ်စိတ်စသည်တို့သည် စက္ခုပသာဒစသည်တို့ကိုမှီ၍ ဖြစ်ကြပါသည်။ ထို့ကြောင့် ဌာနီဖြစ်သော စက္ခုဝိညာဏ်စိတ် စသည်တို့၏ ဂေါစရဂ္ဂါဟကဟူသောအမည်ကို ဌာနဖြစ်သော စက္ခုပသာဒစသည်တို့၌ တင်စား၍ ဌာနျူပစာအားဖြင့် ဌာနဖြစ်သော စက္ခုပသာဒစသည်တို့ကို ဂေါစရဂ္ဂါဟကဟု ခေါ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဂေါစရဂ္ဂါဟကဟူသော စကားနှင့်အနာရမ္မဏဟူသော စကားနှစ်ရပ်မဆန့်ကျင်ပါ။

**အဂေါစရဂ္ဂါဟက**။ အာရုံကိုမယူတတ်သောကြောင့် ပသာဒရုပ်ငါးပါးမှ ကြွင်းသော ရုပ် ၂၃ ပါးကို အဂေါစရဂ္ဂါဟကရုပ်ခေါ်၏။

## အဝိနိဗ္ဘောဂရုပ်၊ ဝိနိဗ္ဘောဂရုပ်

| | | |
|---|---|---|
| ၁။ | ရူပါရုံ | ၁ ပါး |
| ၂။ | ဂန္ဓာရုံ | ၁ ပါး |
| ၃။ | ရသာရုံ | ၁ ပါး |
| ၄။ | ဩဇာ | ၁ ပါး |
| ၅။ | မဟာဘုတ် | ၄ ပါး |
| | **ပေါင်း** | **၈ ပါး** |

ဤရုပ် ၈ ပါးသည် အဝိနိဗ္ဘောဂရုပ်မည်၏။ ကြွင်းသော ရုပ် ၂၀ ပါးသည် ဝိနိဗ္ဘောဂရုပ်မည်၏။

**အဝိနိဗ္ဘောဂရုပ်**။ တစ်ခုစီခွဲယူ၍ မရဘဲ တစ်ပေါင်းတည်းသာဖြစ်သောကြောင့် ဝဏ္ဏစသော ရုပ်ရှစ်ပါးကို အဝိနိဗ္ဘောဂ

မှတ်ချက် ။ ဤရုပ်ရှစ်ပါးသည် မည်သည့်အရာ၌မဆို အမြဲရှိ၏။ တစ်ခုစီ ခွဲထုတ်ယူ၍ မရစကောင်း၊ သက်ရှိသဘာဝတရား၌ ဖြစ်စေ၊ သက်မဲ့သဘာဝတရား၌ဖြစ်စေ၊ ဤရုပ်ရှစ်ပါးထက် အရေအတွက်မယုတ်လျော့နိုင်တော့ပါ။

နေရောင်ခြည်နှင့် လရောင်များ၌လည်း ဤရုပ်ရှစ်ပါးရှိနေ၏။ ဥပမာ နေရောင်ခြည်၌ အဆင်းအရောင်ခေါ်သော ဝဏ္ဏရုပ်ထင်ရှား၏။ အပူတေဇော ဓါတ်လည်းထင်ရှား၏။ အရောင်ဝဏ္ဏရုပ်နှင့် အပူတေဇောဓါတ်များထင်ရှားသော် လည်း အနံ့ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ ဝါယောဓါတ်များလည်း ပါဝင်နေကြ၏။ မြေကြီး၊ ရေ၊ လေ၊ မီးတို့၌လည်း ဓါတ်ကြီးလေးပါး ထင်ရှားသော် လည်း အခြားဝဏ္ဏစသောရုပ်များလည်း မထင်မရှားပါဝင်နေကြသည်ဟု မှတ်ပါ။

## ''လေ့ကျင့်ခန်း''

၁။ ရုပ်တရားကို ပယ်၍မရကောင်းသော အပ္ပတာတဗ္ဗတရားဟု ဆိုရာ ယင်း စကားရပ်သည် ''ရူပံဘိက္ခဝေနေတုမှာကံ၊ တံပဇဟ''ဟူသော ပါဠိတော် စကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော၊ ရှင်းလင်းရေးသားခဲ့ပါ။

၂။ ဘာဝရုပ်၊ ဇီဝိတရုပ်များသည် လူ့ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့တည်ရှိနေ ရာ ယင်းရုပ်တရားတို့ကို အဘယ်ကြောင့် အဇ္ဈတ္တိကရုပ်ဟု မခေါ်ပါ သနည်း ဖြေဆို၍၊ ဝတ္ထုရုပ်၊ ဒွါရရုပ်၊ ဣန္ဒြိယရုပ်၊ ဩဠာရိကရုပ်ဟု လေးမည်ရရုပ်တို့ကိုဖော်ပြခဲ့ပါ။

၃။ ဩဠာရိကရုပ်၊ သန္တိကေရုပ်တို့၏ အဓိပ္ပါယ်ကိုရေး၍၊ ရန်သူ၏လေယာဉ် ပြိုလ်တုစသည်ကို ထောက်လှမ်းဖမ်းယူနိုင်သော ရေဒါနှင့်တူသော ရုပ် တရားတို့ကို ဖော်ပြခဲ့ပါ။

၄။ စက္ခုသောတတို့ ပတ်ဝန်းကျင်အာရုံကို ဖမ်းယူရာ၌ အသမ္ပတ္တဂါဟက ဖြစ်ပုံကိုရှင်းပြ၍ ရုပ်ဒြပ်တစ်ခု၌ တစ်ခုစီ ခွဲထုတ်မရနိုင်သောရုပ်တို့ကို ဖော်ပြခဲ့ပါ။

# အခန်း ( ၃ )

## ရူပသမုဋ္ဌာန

လောက၌သက်ရှိသက်မဲ့ သဘာဝတရားများသည် ကြောင်းကျိုးနိယာမ တရားများသာဖြစ်၏။ သက်ဆိုင်ရာ အကြောင်းတရားများ၏ စီမံမှုကြောင့် ဖြစ်ပေါ်နေသော သင်္ခတတရားများသာဖြစ်၏။ သဘာဝတရားများသည် လောက အတွင်း၌ တစ်ခုနှင့်တစ်ခု မှီတွယ်ဆက်စပ်လျက်ဖြစ်ပေါ်နေကြ၏။ သဘာဝ တရားများ၏ဖြစ်စဉ်ကို မြင်အောင်ကြည့်နိုင်သော ဉာဏ်မျက်စိမရှိသူများက တန်ခိုးရှင်ဖန်ဆင်းရှင်ကို စိတ်ကူးဖြင့်မွေးထုတ်ယူလျက် လောကကို ဖန်ဆင်း ရှင်က ဖန်ဆင်းထားသည်ဟု အသိမှား အယူမှား၏။

သစ်ပင်တစ်ပင်ပေါက်ရောက်ရှင်သန်နိုင်ဖို့ ရှေးဦးစွာမြေကွက်လို၏။ မြေ ကွက်ရရှိ၍ မြေကွက်၌မျိုးစေ့ကျရောက်ပြီး သစ်ပင်ပေါက်ရောက်လျက် ရှင်သန် နေနိုင်ရေးအတွက် ရေလို၏။ ရေရရှိရုံဖြင့် မလုံလောက်သေးပေ။ လေဓါတ်နှင့် နေရောင်ခြည် အပူငွေ့နှင့်အအေးငွေ့ တေဇောဓါတ်များရရှိဖို့လိုအပ်ပြန်၏။ သစ်ပင်ဖြစ်ထွန်းပြီးနောက် ရေ၊ လေ၊ အပူအအေး အငွေ့ဓါတ်များတွင် တစ်ခုခု ကို မရရှိနိုင်လျှင် သစ်ပင်ခြောက်သွေ့လျက် သေသွားမည်သာဖြစ်၏။ စိမ်းစိမ်း စိုစိုဖြင့် သစ်ပင်ရှင်သန်နေခြင်းသည် မြေ၊ ရေ၊ လေ၊ မီးဟူသော ဓါတ်ကြီး လေးပါး ကျေးဇူးပြုထောက်ပံ့ထားခြင်းကြောင့်ပင်ဖြစ်၏။ ဓါတ်ကြီးလေးပါး ထောက်ပံ့မှုသည် အကြောင်းတရားဖြစ်၍ သစ်ပင်ရှင်သန်နေခြင်းသည် အကျိုး တရားဖြစ်၏။

ဤသို့လျှင် သစ်ပင်ခြောက်သွေ့မှု၊ စိမ်းစိမ်းစိုစိုဖြင့် ရှင်သန်နေမှုကိစ္စမှာ ဖန်ဆင်းရှင်နှင့် မည်သို့မျှမသက်ဆိုင်ကြောင်း ထင်ရှား၏။ ဗုဒ္ဓသည် သဘာဝ တရားများအကြောင်းအကျိုးဆက်သွယ်လျက် ဖြစ်ကြပျက်ကြပုံကို အဘိဓမ္မာ ပိဋကတ်၌ ကျယ်ကျယ်ဝန်းဝန်းဟောပြတော်မူခဲ့၏။ သက်ရှိသက်မဲ့ရုပ်တရားကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများကိုလည်း ဟောပြတော်မူခဲ့၏။

ရုပ်တရားကို ဖြစ်ပေါ်စေတတ်သောအကြောင်းတရားများနှင့် ထိုအကြောင်းတရားများကြောင့် ရုပ်တရားများဖြစ်ပေါ်ပုံကို ဖော်ပြသောစကားရပ်ကို ရူပသမုဋ္ဌာနခေါ်၏။ ထို ရူပသမုဋ္ဌာန၌ရုပ်ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများကိုပြမည်ဖြစ်၏။ ရုပ်ကိုဖြစ်ပေါ်စေနိုင်သောအကြောင်းတရားများနှင့် ရုပ်တရားများဖြစ်ပေါ်ပုံကို သဘောပေါက်လာသောအခါ တန်ခိုးရှင် ဖန်ဆင်းရှင်ဝါဒကို ပစ်ပယ်လျက်အကြောင်းကြောင့်အကျိုးဖြစ်သည် ဟူသော ဗုဒ္ဓ၏ကြောင်းကျိုး နိယာမကို ယုံကြည်လက်ခံလာမည်သာဖြစ်၏။ ထို့ကြောင့် သဘာဝတရားများ၏ ဖြစ်စဉ်ကို မိမိဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်တတ်ဖို့ ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ ဆက်လက်လေ့လာရန် တိုက်တွန်းပါသည်။

## ရုပ်ဖြစ်ကြောင်းတရားလေးပါး

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား လေးပါးရှိ၏။

**ဆောင်** ။ ကံ စိတ် ဥ အာ၊ ဤလေးပြား မှတ်ပါသမုဋ္ဌာန်။

**မှတ်ချက်** ။ ကံနှင့်စိတ်သည် ရုပ်ကိုဖြစ်စေနိုင်သော နာမ်တရားများဖြစ်၏။ ဥတုနှင့်အာဟာရသည် ရုပ်ကိုဖြစ်စေနိုင်သော ရုပ်တရားများဖြစ်၏။

**ကမ္မံ စိတ္တံ ဥတုအာဟာရောစေတိစတ္တာရိ ရူပသမုဋ္ဌာနာနိနာမ** ဟူသော ပါဠိကိုထောက်၍ စိတ်လည်းရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားတစ်မျိုးဖြစ်ခြင်းကြောင့် စိတ်ပျိုကိုယ်နု၊ စိတ်ထောင်းကိုယ်ကြေဟု ဆိုရိုးစကားပြုကြ၏။

## ရုပ်ကိုဖြစ်စေနိုင်သောကံတရား

| | | |
|---|---|---|
| ၁။ | အကုသိုလ်စေတနာ | ၁၂ ပါး |
| ၂။ | မဟာကုသိုလ်စေတနာ | ၈ ပါး |
| ၃။ | ရူပါဝစရကုသိုလ်စေတနာ | ၅ ပါး |
| | **ပေါင်းရုပ်ကိုဖြစ်စေတတ်သောစေတနာကံ** | **၂၅ ပါး** |

**ဆောင်** ။ ကာ၊ ရူ၊ ကု၊ ကု၊ တိတ် စေ စု ကံဟု မှတ်ယူလေ။

အဘိသင်္ခတံဟူသော ပါဠိကိုထောက်၍ ထိုစေတနာ ၂၅ ပါးသည် မိမိသန္တာန်၌ပြု စီမံအပ်ပြီးသော အတိတ်စေတနာများဖြစ်၏။

## ကံတရားကရုပ်ကိုဖြစ်စေပုံ

အတိတ်ဘဝက မိမိကိုယ်တိုင် ပြုလုပ်စီမံအပ်ပြီးဖြစ်သော ထိုကုသိုလ် အကုသိုလ်ကံ ၂၅ ပါးသည် မိမိအဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍ စိတ်၏ခဏာတိုင်း ခဏာတိုင်းမှာ ကံကြောင့်ဖြစ်သော (ကမ္မဇ) ရုပ်ကို ဖြစ်စေ၏။

**ဆောင်** ။ သန္ဓိ၊ ဉမှ၊ ခဏာမစဲ၊ တစ်စပ်ထဲ၊ အမြဲရုပ်ဖြစ်စေ။

**မှတ်ချက်** ။ ကံကြောင့်ဖြစ်သောရုပ်ကို ကမ္မဇရုပ်ခေါ်၏။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍ စိတ်၏ဥပါဒ်ခဏာ၊ ဌီခဏာ၊ ဘင်ခဏာဟုဆိုအပ်သော ခဏာတိုင်း ခဏာတိုင်း၌ဖြစ်ကြ၏ဟု မှတ်ထားပါ။

အရူပကုသိုလ် စေတနာလေးပါးသည် ရုပ်ကိုမဖြစ်စေနိုင်သော ကံတရားဟု မှတ်ပါ။

**အဇ္ဈတ္တိကသန္တာနေ** ။ ဤအဇ္ဈတ္တိက သန္တာနေဟူသော ပါဠိကိုထောက်၍ မိမိပြုလုပ်စီမံအပ်ပြီးသော စေတနာသည် သူတစ်ပါးသန္တာန်မှာသွား၍ အကျိုးပေးသည်မဟုတ်၊ မိမိသန္တာန်၌သာအကျိုးပေး၏။

## ရုပ်ကိုဖြစ်စေနိုင်သောစိတ်

အရူပဝိပါက် ၄ ပါး၊ ဒွေပဥ္စ ဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ၇၅ ပါးသောစိတ်တို့သည် ရုပ်ကိုဖြစ်စေနိုင်ပါသည်။

**ဆောင်** ။ အရူဘုံရှိ စိတ်သန္ဓိနှင့် ဒွိဝိညာဏ်၊ နိဗ္ဗာန်ဆုံးစု၊ ကြဉ်မှုကြွင်းထ၊ သတ်ပဥ္စ၊ တကွစိတ်နှင့်စေ။

**မှတ်ချက်** ။ ၇၅ ပါးသောစိတ်တွင် ပဋိသန္ဓေကိစ္စတပ်သောအခါ၊ ရဟန္တာတို့၏စုတိကိစ္စတပ်သောအခါတို့၌ အချို့စိတ်များ ရုပ်ကိုမဖြစ်စေနိုင်၊ ရဟန္တာတို့၏ စုတိစိတ်သည် ဘဝင်ကိစ္စတပ်ခိုက်ရုပ်ကို ဖြစ်စေနိုင်သောကြောင့် ရဟန္တာတို့၏ စုတိစိတ်ကိုကြဉ်သော်လည်း စိတ် ၇၅ ပါးမှ အရေအတွက် မလျော့ပါ။

## စိတ်ကရုပ်ကိုဖြစ်စေပုံ

အရူပဝိပါက်စိတ်လေးပါး၊ ဒွေပဥ္စဝိညာဏ် ၁၀ ကြဉ်သော ၇၅ ပါးသောစိတ်သည် ပဋိသန္ဓေ နောင်ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ဥပါဒ်ခဏတိုင်းမှာ စိတ္တဇရုပ်ကို ဖြစ်စေပါသည်။

**မှတ်ချက်** ။ စိတ်ကြောင့်ဖြစ်သောရုပ်ကို စိတ္တဇရုပ်ခေါ်၏။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေ နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ ရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့၏ဥပါဒ်ခဏတိုင်းမှာဖြစ်ကြ၏ဟု မှတ်ပါ။

**ဆောင်** ။ ပထမဘဝင်၊ အစတင်လျက်၊ အစဉ်မစဲ၊ ဥပါဆဲ၊ အမြဲရုပ်ဖြစ်စေ။

## ဥပါဒ်ခဏ၌သာ ရုပ်ကိုဖြစ်စေနိုင်

စိတ်သည် အသက်တိုလွန်းသဖြင့် ဥပါဒ်ခဏ၌သာ အားရှိ၏။ ထို့ကြောင့် ရုပ်ကိုဖြစ်စေရာ၌ စိတ်၏ဥပါဒ်ခဏ၌သာ ဖြစ်စေနိုင်၏။ စိတ်၏ဋ္ဌီခဏ၊ ဘင်ခဏတို့၌ ရုပ်ကိုမဖြစ်စေနိုင်။

## က္လရိယာပုတ်ကို ထောက်ပံ့နိုင်သောစိတ်

အပ္ပနာဇော ၂၆ ပါးသည် က္လရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။ ရုပ်သာမညကိုလည်းဖြစ်စေနိုင်၏။ (ရုပ်သာမညအပြင် က္လရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။)

**ဆောင်** ။ ဇောအပ္ပနာ၊ က္လရိယာ ကောင်းစွာတည်ခိုင်စေ။

**မှတ်ချက်** ။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုကို က္လရိယာပုတ်ခေါ်၏။ က္လရိယာပုတ်နှင့် ဝိညတ်မပါသောရုပ်များကို ရုပ်သာမည ခေါ်၏။

## ဝိညတ်ကိုဖြစ်စေနိုင်သောစိတ်

| | | |
|---|---|---|
| ၁။ | ဝုဋ္ဌောစိတ် | ၁ ပါး |
| ၂။ | ကာမဇော | ၂၉ ပါး |
| ၃။ | အဘိညာဉ်စိတ် | ၂ ပါး |
| | ပေါင်း | ၃၂ ပါး |

ဤ ၃၂ ပါးသောစိတ်သည် ကာယဝိညတ်၊ ဝစီဝိညတ်ကိုလည်း ဖြစ်စေနိုင်၏။ ရုပ်သာမညကိုလည်းဖြစ်စေနိုင်၏။ က္လရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။ (ရုပ်သာမည၊ က္လရိယာပုတ်၊ ဝိညတ်သုံးပါးလုံးကို ဖြစ်စေနိုင်၏ဟု မှတ်ပါ။ ဝိညတ်ကိုသာဖြစ်စေနိုင်သော စိတ်မရှိ။)

**ဆောင်** ။ မနောဒွါရာ၊ ဇောကာမာ၊ ဘိညာသုံးဆယ့်နှစ်၊ ကာယ၊ ဝါစာ၊ မူအရာ၊ နှစ်ဖြာဝိညတ်ဖြစ်။

## ပြုံးရယ်ခြင်းကိုဖြစ်စေနိုင်သောစိတ်

| | | |
|---|---|---|
| ၁။ | လောဘမူ သောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| ၂။ | ဟသိတုပ္ပါဒ်စိတ် | ၁ ပါး |
| ၃။ | မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| ၄။ | မဟာကြိယာသောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| | ပေါင်း | ၁၃ ပါး |

ဤ ၁၃ ပါးသော ကာမာဝစရသောမနဿ သဟဂုတ်ဇောတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေနိုင်၏။ ဝိညတ်ကိုလည်း ဖြစ်စေနိုင်၏။ (ရုပ်သာမည၊ ဣရိယာပုတ်၊ ဝိညတ်၊ ပြုံးရယ်ခြင်း လေးမျိုးလုံးကိုဖြစ်စေ၏ဟု ဆိုလိုသည်) ဒေါသဇောသည်ငိုခြင်းကိုဖြစ်စေ၏။

ဆောင် ။ ဆယ့်သုံးသောမနဿ်၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါသဇောနှစ်။

## ပုထုဇဉ်များ ပြုံးရယ်သောစိတ်

| | | |
|---|---|---|
| ၁။ | လောဘမူသောမနဿသဟဂုတ်စိတ် | ၄ ပါး |
| ၂။ | မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| | ပေါင်း | ၈ ပါး |

## သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်စိတ်

| | | |
|---|---|---|
| ၁။ | သောနမဿ သဟဂုတ်ဒိဋ္ဌိဂုတ ဝိပ္ပယုတ်စိတ် | ၂ ပါး |
| ၂။ | မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| | ပေါင်း | ၆ ပါး |

## ရဟန္တာပုဂ္ဂိုလ်တို့ ပြုံးရယ်စိတ်

| | | |
|---|---|---|
| ၁။ | ဟသိတုပ္ပါဒ်စိတ် | ၁ ပါး |
| ၂။ | မဟာကြိယာသောမနဿ သဟဂုတ်စိတ် | ၄ ပါး |
| | ပေါင်း | ၅ ပါး |

**ဆောင်** ။ ရှစ်ပုထုဇဉ်၊ ခြောက်သေက္ခနှ်၊ ငါးတန်ရဟန္တာ၊ ဟာသ အကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်းတေရသာ။

**ဆောင်** ။ မနောဓါတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ ရုပ်ကို သာတည်း။ အပ္ပနာဇဝန၊ ဆဗ္ဗိသကား၊ ယာပထလည်း၊ ဖွဲ့တည်း နိုင်စေ၊ တစ်တွေဝုဋ္ဌော၊ ကာဇောဘိညာ၊ ဒွတ္တိံသာကား၊ နှစ်ဖြာဝိညတ်ကိုလည်း တတ်၏။ သောမနဿဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏။ ကြွင်းအာရုပ္ပ၊ ဝိပါကနှင့် ပဉ္စဝိညာ၊ ဆယ့်လေးဖြာသည်။ ဘယ်ဟာဖြစ်စေနိုင် ဘူးတည်း။

## ရုပ်သာမညကိုသာဖြစ်စေနိုင်သောစိတ်

| | | |
|---|---|---|
| ၁။ | မနောဓါတ် | ၃ ပါး |
| ၂။ | တဒါရုံစိတ် | ၁၁ ပါး |
| ၃။ | ရူပဝိပါက်စိတ် | ၅ ပါး |
| | ပေါင်း | ၁၉ ပါး |

## ရုပ်ကိုမဖြစ်စေနိုင်သောစိတ်

| | | |
|---|---|---|
| ၁။ | အရူပဝိပါက်စိတ် | ၄ ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ် | ၁၀ ပါး |
| | ပေါင်း | ၁၄ ပါး |

**မှတ်ချက်** ။ ဆောင်ပုဒ်၏ အဓိပ္ပါယ်ကို ဣရိယာပုတ်ကို ထောက်ပံ့နိုင်သောစိတ်စသော ခေါင်းစဉ်ဖြင့်ပြခဲ့ပြီ။

## ဥတုကရုပ်ကိုဖြစ်စေပုံ

သီတဥတု၊ ဥဏှဥတုဟုဆိုအပ်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီသို့ရောက်မှသာ ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်၌ ထိုက်သည့်အားလျော်စွာဖြစ်စေ၏။

**မှတ်ချက်** ။ ဥတုကြောင့်ဖြစ်သော ရုပ်ကိုဥတုဇရုပ်ခေါ်၏။ ဥတုဇရုပ်များသည် အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စိတ်၏ခဏတိုင်း၌ဖြစ်ကြ၏။ ဤကားသက်ရှိသတ္တဝါအတွက် သတ်မှတ်ချက်ဖြစ်၏။

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်၌ကဲ့သို့ သတ်မှတ်၍ မရနိုင်၊ သက်ရှိသတ္တဝါတို့၏ ရုပ်ခန္ဓာအစဉ်ကို အဇ္ဈတ္တသန္တာန်ခေါ်၏။ အသက်ဝိညာဏ်မရှိသော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာစသည်တို့၏ ရုပ်ခန္ဓာအစဉ်ကို ဗဟိဒ္ဓသန္တာန်ခေါ်၏။ ထိုဗဟိဒ္ဓသန္တာန်၌မူ သတ်မှတ်ရန် ပမာဏမရှိ။

**ဥတု** ။ သီတုဏှောတုသမညာတာ တေဇောဓါတုဟူသောပါဠိကို ထောက်၍ သီတဥတု၊ ဥဏှဥတုဟုဆိုအပ်သော တေဇောဓါတ်ကို ဥတုအရယူရမည်။

အအေးငွေ့ကို သီတဥတုခေါ်၏။ အပူငွေ့ကို ဥဏှဥတုခေါ်၏။ အေးသောအရာဝတ္ထုမှန်သမျှ၌ သီတဥတုပါရှိ၏။ ပူနွေးသောအရာဝတ္ထုမှန်သမျှ၌ ဥဏှဥတုပါရှိ၏။ မဟာဘုတ်လေးပါးတွင် ပါဝင်သော တေဇောဓါတ်နှင့် ဥတုသည် အခေါ်သာကွဲသည်၊ သဘောအဓိပ္ပါယ်ချင်းတူ၏။

**ဆောင်** ။ ၁။ အချမ်းအပူနှစ်ဆူအဂ္ဂိ၊ တေဇောဒွိ၊ မှတ်ဘိဥတုပေ။

၂။ သန္တိဌီမှစ၍ စဉ်စီ၊ မိမိဌီတိုင်း၊ ခဏတိုင်းလျှင် အစဉ်မပြတ် အဇ္ဈတ်–ဗဟိဒ်၊ မဆိတ်မစဲ၊ တသဲသဲ၊ ဒွၤပြုရုပ်ဖြစ်စေ။

**ဥတုဇရုပ်ကိုဖြစ်စေရာ၌**

ဥတုက ဥတုဇရုပ်ကိုဖြစ်စေရာ၌ အဇ္ဈတ္တဥတုက အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်ကလာပ်လေး စည်းလုံးကိုဖြစ်စေ၏။ ဗဟိဒ္ဓဥတုက ဗဟိဒ္ဓသန္တာန်၌ ဥတုဇကလာပ်နှစ်စည်းကိုဖြစ်စေ၏။

## အာဟာရဇရုပ်ကိုဖြစ်စေပုံ

ဩဇာဟုဆိုအပ်သော အာဟာရသည် မျိုအပ်သောအခါ ဌီခဏသို့ရောက်မှသာ အာဟာရဇရုပ်ကိုဖြစ်စေ၏။

**မှတ်ချက်။** အာဟာရကြောင့်ဖြစ်သောရုပ်ကို အာဟာရဇရုပ်ခေါ်၏။ အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ရာအခါမှစ၍ စိတ်၏ခဏတိုင်း၌ဖြစ်၏ဟုမှတ်ပါ။

အဇ္ဈတ္တသန္တာန်၌ စတုသမုဋ္ဌာနိက ဩဇာရှိနေ၏။ စားသောက်ဖွယ်အစာကို စားသောက်ရာ၌ ထိုစားသောက်ဖွယ်အစာအတွင်း၌ ဩဇာဓါတ်ပါဝင်နေ၏။ ယင်းဩဇာကို ဥတုသမုဋ္ဌာနိက ဗဟိဒ္ဓဩဇာခေါ်၏။ ထိုဩဇာနှစ်မျိုးသည် အချင်းချင်းပေါင်းဆုံမိကြပြီး ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အစဉ်မပြတ်ဖြစ်ပျက်နေရာ ဥပါဒ်ပြီးနောက် ဌီခဏသို့ရောက်မှသာ ရုပ်သစ်တစ်မျိုးကို ဖြစ်ပွားစေ၏။

**ဆောင် ။** ဗဟိဒ်၊ အဇ္ဈတ်၊ နှစ်ရပ်ဩဇာ၊ ရောက်မိခါ၌၊ ဌီသို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

**အာဟာရ။** ဩဇာသဋ္ဌမကတော အာဟာရရောဟူသောပါဠိကိုထောက်၍ အဆီအနှစ် အစေးဟူသော ဩဇာကို အာဟာရအရ ယူရမည်။

**စကားနှစ်ရပ်မဆန့်ကျင်**

ကဗဠီကာရော အာဟာရောဟူသော စကားရပ်နှင့် ဩဇာသဋ္ဌမကတော အာဟာရောဟူသော စကားနှစ်ရပ်သည် ဆန့်ကျင်သကဲ့သို့ ဖြစ်နေ၏။ ကဗဠီကာရော အာဟာရောဟူသော စကားရပ်သည် စားသောက်ဖွယ်ရာ အစား

အစာတည်းဟူသော တည်ရာဝတ္ထုနှင့်တကွ ပရမတ္ထအာဟာရ (အဆီအနှစ်၊ သြဇာဟူသော အာဟာရအစစ်ကိုပြခြင်းငှာ ဆိုအပ်သောဌာ န္ျုပစာစကားရပ် ဖြစ်၏။

သြဇာသင်္ခါတော အာဟာရောဟူသော စကားရပ်သည် မုချအားဖြင့် ဆိုအပ်သော စကားရပ်ဖြစ်၏။ ထို့ကြောင့် အဆိုပါစကားနှစ်ရပ် မဆန့်ကျင်ပါ။

## ကမ္မဇရုပ်စသည်ခွဲပြပုံ

### ကမ္မဇရုပ်ကေန် ၉ ပါး

| | | |
|---|---|---|
| ၁။ | ဟဒယရုပ် | ၁-ပါး |
| ၂။ | ဣန္ဒြိယရုပ် | ၈-ပါး |
| | **ပေါင်း** | **၉-ပါး** |

ဤရုပ် ၉ ပါးသည် ကံဟူသော အကြောင်းတစ်ပါးကြောင့်သာဖြစ်၏။ ထို့ကြောင့် ဤရုပ် ၉ ပါးကို ကမ္မဇရုပ် ကေန်ခေါ်၏။

**ဆောင်**။ ပသာ, ဘာဝ၊ ဇီနှင့်ဟ၊ နဝကမ္မဇာ။

### စိတ္တဇရုပ်ကေန် ၂-ပါး

ဝိညတ်ရုပ်နှစ်ပါးသည် စိတ္တဇရုပ် ကေန်ဖြစ်၏။ ဝိညတ်ရုပ်နှစ်ပါး သည် စိတ်ဟူသောအကြောင်းတစ်ပါးကြောင့်သာဖြစ်၏။ ထို့ကြောင့် ဝိညတ်ရုပ်နှစ်ပါးသည် စိတ္တဇရုပ်ကေန်ဖြစ်၏။

### ကေဇရုပ် ၁၁-ပါး

| | | |
|---|---|---|
| ၁။ | ဟဒယရုပ် ၁ ပါး၊ ဣန္ဒြိယရုပ် ၈-ပါးဟူသော ကမ္မဇရုပ်ကေန် | ၉ - ပါး |
| ၂။ | ဝိညတ်ရုပ် ၂ ပါးဟူသော စိတ္တဇကေန် | ၂ - ပါး |
| | **ပေါင်းကေဇရုပ်** | **၁၁ - ပါး** |

ဤရုပ်တစ်ဆယ့်တစ်ပါးသည် ကံဟူသောအကြောင်းတစ်ပါး၊ စိတ်ဟူသော အကြောင်းတစ်ပါးစီကြောင့်သာ ဖြစ်သောကြောင့် ဧကဇရုပ်များဖြစ်၏။

## စိတ္တဇ, ဥတုဇ (ဒွိဇ) ရုပ် ၁–ပါး

သဒ္ဒရုပ်သည် စိတ်, ဥတုဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်၏။ ထို့ကြောင့် သဒ္ဒရုပ်သည် ဒွိဇရုပ်ဖြစ်၏။

**ဆောင်**။ ဝိညတ်ဒွယ၊ စိတ္တဇ။ သဒ္ဒစိတ်, ဥဇာ။

## အသံနှစ်မျိုးခွဲပုံ

စကားပြောသံ၊ ငိုကြွေးသံ၊ အသက်ရှူသံ စသည်တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒဖြစ်၏။

အပြင်အပ၌ မိုးသံ၊ လေသံ၊ ဓါတ်စက်သံ၊ ဝမ်းတွင်း၌ဖြစ်ပေါ်လာသော လေသံ စသည်တို့သည် ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒဖြစ်၏။

## စိတ္တဇ ဥတုဇ အာဟာရဇ (တိဇ) ရုပ် ၃–ပါး

ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာသုံးပါးသည် စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းသုံးပါးကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုရုပ်သုံးပါးသည် စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်မည်၏။ တိဇရုပ်လည်းမည်၏။

**ဆောင်**။ လဟုတာရ၊ ရုပ်သုံးခု၊ စိတ်, ဥ, သြဇ, ဇာ။

## တိဇရုပ်ဖြစ်ပုံရှင်းပြချက်

စိတ်ချမ်းသာသောအခါ၊ ရာသီဥတုသာယာသောအခါ၊ အာစာအာဟာရမျှတသောအခါများ၌ ရုပ်ခန္ဓာကိုယ်၏ ပေါ့ပါးမှု ရူပဿလဟုတာ၊ နူးညံ့မှု မုဒုတာ၊ ထိုထိုအလုပ်ကိစ္စတို့၌ ကောင်းမွန်ခံ့ညားမှု ကမ္မညတာရုပ်များ ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့် ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ရုပ်သုံးပါးသည် စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သော တိဇရုပ်ဖြစ်၏။

ဤရုပ်သုံးပါးသည် ကံကြောင့်ဖြစ်လျှင် စက္ခုပသာဒ စသော ကမ္မဇရုပ်များကဲ့သို့ သတ္တဝါ၏ခန္ဓာကိုယ်၌ အမြဲရှိနေရမည်။ မကျန်းမာသောအခါ၊ စိတ်ဆင်းရဲသောအခါ၊ အစားအသောက်ပျက်နေသောအခါများ၌ လဟုတာစသော ရုပ်သုံးပါးသည် ခန္ဓာကိုယ်၌ မဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်၌ အမြဲရှိနေသော ရုပ်မဟုတ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ဤရုပ်သုံးပါးသည် ကမ္မဇရုပ် မဖြစ်နိုင်။

**မှတ်ချက်။** ကိုယ်လက်ပေါ့ပါးမှု စသော ကျန်းမာရေးသည် ကံကြောင့်သာ ဖြစ်သလော၊ သင်္ဂဟပါဠိကိုးကားဖြေဆိုပါဟု စာရေးသူ ပထမကြီးတန်းကို ဖြေဆိုသော ၁၃၂၅ ခုနှစ်၊ အစိုးရစာမေးပွဲ၌ မေးဖူး၏။

## စတုဇရုပ် ၉–ပါး

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၂။ | အာကာသဓါတ် | ၁ – ပါး |
| | **ပေါင်း** | ၉ – ပါး |

ဤရုပ် ၉ ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သောကြောင့် စတုဇရုပ်မည်၏။ (ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဟု ဆိုလို၏)

**ဆောင်။** အဝိနိဗ္ဘုံ အာကာသံ၊ ကံ, စိတ်, ဥ, သြဇာ။

## နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ် ၄–ပါး

လက္ခဏာရုပ်လေးပါးတို့သည် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြ။ ထို့ကြောင့် နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ်မည်၏။

**ဆောင်။** လက္ခဏာစု၊ ရုပ်လေးခု၊ စတုဝိမုတ်သာ။

## ကမ္မဇရုပ် ၁၈–ပါး

| | | |
|---|---|---|
| ၁။ | ဟဒယရုပ် | ၁ – ပါး |
| ၂။ | ဣန္ဒြိယရုပ် | ၈ – ပါး |
| ၃။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၄။ | အာကာသဓါတ် | ၁ – ပါး |
| | **ပေါင်း** | **၁၈ – ပါး** |

**မှတ်ချက်။** ဟဒယရုပ်နှင့် ဣန္ဒြိယရုပ် ၈ ပါးသည် ကမ္မဇရုပ် ကေန် ၉ ပါးပင်ဖြစ်၏။ အဝိနိဗ္ဘောဂရုပ် ၈ ပါးနှင့် အာကာသဓါတ်သည် ကမ္မဇအနေကန်ရုပ်ပင်ဖြစ်၏။

**ဆောင်။** ကေန်, နေကန်၊ ကိုးနှစ်တန်၊ ကံဇံ–ဌာရသ။

## စိတ္တဇရုပ် ၁၅–ပါး

| | | |
|---|---|---|
| ၁။ | ဝိညတ်ရုပ် | ၂ – ပါး |
| ၂။ | သဒ္ဒရုပ် | ၁ – ပါး |
| ၃။ | ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ | ၃ – ပါး |
| ၄။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၅။ | အာကာသဓါတ် | ၁ – ပါး |
| | **ပေါင်း** | **၁၅ – ပါး** |

**မှတ်ချက်။** ဝိညတ်ရုပ်နှစ်ပါးသည် စိတ္တဇကေန်ဖြစ်၍၊ ကြွင်းသော သဒ္ဒစသောရုပ် ၁၃ ပါးသည် စိတ္တဇအနေကန်ရုပ်ဖြစ်၏။

**ဆောင်။** နှစ်ခုကေန်၊ အနေကန်–တေရ၊ ဆယ့်ငါးမျှ၊ စိတ္တသမုဋ္ဌာန်။

## ဥတုဇရုပ် ၁၃–ပါး

| | | |
|---|---|---|
| ၁။ | သဒ္ဒရုပ် | ၁ – ပါး |
| ၂။ | ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ | ၃ – ပါး |
| ၃။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၄။ | အာကာသဓါတ် | ၁ – ပါး |
| | **ပေါင်း** | **၁၃ – ပါး** |

**ဆောင်**။ ယင်းနေကန်စု၊ ဆယ့်သုံးခု၊ ဥတုသမုဋ္ဌာန်။

## အာဟာရဇရုပ် ၁၂–ပါး

| | | |
|---|---|---|
| ၁။ | ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ | ၃ – ပါး |
| ၂။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၃။ | အာကာသဓါတ် | ၁ – ပါး |
| | **ပေါင်း** | **၁၂ – ပါး** |

**ဆောင်**။ တိ,စတုဇ ဆယ့်နှစ်မျိုး ဩဇသမုဋ္ဌာန်။

## လက္ခဏာရုပ်များနကုတောစိသမုဋ္ဌာန်ဖြစ်ပုံ

လက္ခဏာရုပ်လေးပါးတို့သည် ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏ သဘောတံတွာ ဓမ္မတာမျှသာဖြစ်သောကြောင့် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်လေ့မရှိကြ။ ထို့ကြောင့် နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ်မည်၏။ ချဲ့ပါဦးမည်။

ဥပစယ, သန္တတိတို့သည် ဖြစ်ဆဲရုပ်ကလာပ်တို့၏ သဘော တံထွာ ဓမ္မတာမျှသာဖြစ်၏။ ဇရတာသည် ရင့်ဆဲရုပ်ကလာပ်တို့၏ သဘောတံထွာ ဓမ္မတာမျှသာဖြစ်၏။ အနိစ္စတာသည် ပျက်ဆဲရုပ်ကလာပ်တို့၏ သဘောတံထွာ ဓမ္မတာမျှသာဖြစ်၏။ ထို့ကြောင့် လက္ခဏာရုပ်လေးပါးကို နကုတောစိ သမုဋ္ဌာန် (မည်သည့်အကြောင်းကြောင့်မျှမဖြစ်သော) ရုပ်ခေါ်၏။

**မှတ်ချက်။** လက္ခဏာရူပါနို နကုတောစိ ဇာယန္တိ ဟူသော သင်္ဂဟပါဠိကို ထောက်၍ "သဗ္ဗဥ္စပနေတံ ရူပံ သပ္ပစ္စယံ သခ်တံ" အရတွင် လက္ခဏာရုပ် လေးပါးမပါဝင်ကြောင်း သတိပြုပါ။

အဋ္ဌကထာများ၌မူ ဥပစယ၊ သန္တတိတို့ကို ပရိယာယ်အားဖြင့် အကြောင်း လေးပါးကြောင့်ဖြစ်သည်ဟု မိန့်ဆိုကြ၏။ ထို့ကြောင့် တိကမာတိကာ၌ ဥပစယ၊ သန္တတိတို့ကိုထည့်၍ ကမ္မဇရုပ်နှစ်ဆယ်၊ စိတ္တဇရုပ် တစ်ဆယ့်ခုနစ်ပါး၊ ဥတုဇ ရုပ် တစ်ဆယ့်ငါးပါး၊ အာဟာရဇရုပ် တစ်ဆယ့်လေးပါးဟု ဆိုထား၏။

## "လေ့ကျင့်ခန်း"

၁။ လောက၌ သက်ရှိသက်မဲ့ တရားများကို တန်ခိုးရှင် ဖန်ဆင်းရှင်က ဖန်ဆင်းထားသည်ဟု လူသားအချို့ ယုံကြည်နေကြရာ ယင်း ယုံကြည်ချက် မှန်မမှန် သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းလာပုံကို စံထား၍ ရှင်းလင်းရေးသားခဲ့ပါ။

၂။ ရူပသမုဋ္ဌာနဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကိုရှင်းပြ၍ ရုပ်တရားကို ဖြစ်ပေါ်စေတတ်သောအကြောင်းတရားတို့ကို ဖော်ပြပါ။

၃။ ရုပ်ကိုဖြစ်စေနိုင်သော ကံတရားနှင့် ယင်းကံတရားက ရုပ်ကိုဖြစ်စေပုံကိုလည်း ရေးခဲ့ပါ။

၄။ မိမိကိုယ်တိုင်ပြုလုပ်ထားခဲ့သော အတိတ်ကံတရားသည် ဇနီးနှင့် သားသမီး စသော ပတ်ဝန်းကျင်လူသားများသန္တာန်၌ အကျိုးပေးနိုင် မပေးနိုင် သင်္ဂဟပါဠိထောက်၍ ဖြေဆိုခဲ့ပါ။

၅။ ဥတုတရားက ရုပ်ကိုဖြစ်စေရာ ယင်းဥတုအရ အဘယ်ကို ယူရပါမည်နည်း ဖြေဆို၍ အောက်ပါတရားတို့ကို ဖော်ပြခဲ့ပါ။

(က) ရုပ်သာမညကိုသာ ဖြစ်စေ၍ ဣရိယာပုတ်ကို မထောက်ပံ့နိုင်သောစိတ်၊

(ခ) ကြိယာပုတ်ကိုသာ ထောက်ပံ့နိုင်၍ ရုပ်သာမညကို မဖြစ်စေနိုင်သောစိတ်။

(ဂ) ရုပ်သာမည၊ ကြိယာပုတ်နှစ်မျိုးစုံကို ဖြစ်စေနိုင်သောစိတ်။

၆။ ကမ္မဇရုပ်၊ စေတဇရုပ်၊ ဥတုဇရုပ်၊ ဓာတုဇရုပ်တို့ကို ဖော်ပြခဲ့ပါ။

* * * * *

# အခန်း (၄)

## ရူပကလာပ

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား လေးပါးကြောင့် ရုပ်တရားများ ဖြစ်ပေါ်လာကြရာ၌ ရုပ်တရားတစ်ခုစီ တစ်ခုစီ သီးခြား ဖြစ်ပေါ်ကြသည်မဟုတ်၊ စက္ခုဒသကကလာပ် သောတဒသကကလာပ် စသည်ဖြင့် ရုပ်တရားများ အစုအစု ပေါင်းစပ်ဖွဲ့စည်းလျက် ဖြစ်ပေါ်လာကြ၏။ ထိုသို့ အတူတကွ ဖြစ်ပေါ်လေ့ရှိကြသော ရုပ်တရားများ ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်ပုံကို ပြဆိုသောအခန်းကို ''ရူပကလာပ'' ခေါ်၏။

ပုသိမ်မြို့သို့ သင်္ဘောဖြင့်ဖြစ်စေ၊ မီးရထားဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ လာရောက်သောအခါ ပုသိမ်မြို့ကို အဝေးက လှမ်းပြီးမြင်နေရ၏။ ထိုသို့ လှမ်းမြင်နေရစဉ် ''ပုသိမ်မြို့ဟာ မြို့ကြီးပဲ'' ဟူသော အတွေးဝင်လာတတ်၏။ မြို့ထဲရောက်လာသောအခါ ပုသိမ်မြို့ကို ကုန်းပိုင်းရပ်ကွက်၊ တလိုင်းချောင်း ရပ်ကွက်၊ အသည်ကြီးရပ်ကွက်ဟု ရပ်ကွက်သုံးမျိုးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရ၏။ ရပ်ကွက်အသီးသီး၌လည်း ရှင်ပင်ဘုန်းပွင့်လမ်း၊ ဈေးရပ်တန်းလမ်း၊ မရမ်းချိုလမ်း စသည်ဖြင့် လမ်းအသီးသီးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရပြန်၏။ လမ်းအသီးအသီး၌လည်း အိမ်ထောင်စုအသီးအသီးဖြင့် ဖွဲ့စည်းနေထိုင်ကြသည်ကို တွေ့ရ၏။

ရုပ်ကွက်တိုင်း၊ လမ်းတိုင်း၊ အိမ်တိုင်း၌လည်း သီးခြား နယ်နိမိတ် သတ်မှတ်လျက် နေထိုင်ကြသည်ကို တွေ့ရ၏။ အဝေးမှ လှမ်းမြင်နေရစဉ်က ရုပ်ကွက်အသီးသီး၊ လမ်းအသီးသီး၊ အိမ်ထောင်စုအသီးသီး ဖွဲ့စည်းနေထိုင်ကြပုံကို မမြင်ရဘဲ ပုသိမ်မြို့ကြီးကိုသာ တွေ့မြင်ခဲ့ရ၏။ မြို့ထဲသို့ ဝင်ကြည့်မှသာ အသေးစိတ် သိမြင်ရ၏။

ထိုနည်းအတူ လူ့ခန္ဓာကိုယ်ကို တွေ့မြင်ရသော သာမန်လူသားများအနေဖြင့် တစ်ခုတည်းသော ယောကျ်ားကောင်၊ မိန်းမကောင်ဒြပ်အဖြစ် တွေ့မြင်ကြ၏။ ဗုဒ္ဓအဘိဓမ္မာကို ကျွမ်းကျင်သူများအနေဖြင့်မူ အပေါ်ယံ ရုပ်ခန္ဓာကိုယ်ဒြပ်ကို အဘိဓမ္မာပညာမျက်စိဖြင့် လေ့လာကြည့်ရှုသောအခါ တစ်ခုတည်းသော ယောကျ်ားကောင်၊ မိန်းမကောင်ဒြပ်အဖြစ် မမြင်တော့ဘဲ လူ့ခန္ဓာကိုယ်၌ စက္ခုဒသကကလာပ်စည်း၊ သောတဒသကကလာပ်စည်း၊ ဃာနဒသကကလာပ်စည်း စသည်ဖြင့် ရုပ်ကလာပ်စည်းများ အသီးအသီး ဖွဲ့စည်းဖြစ်ပေါ်နေကြသည်ကို တွေ့မြင်လာရ၏။ ထိုသို့ ရုပ်ကလာပ်စည်းများဖြင့် ဖွဲ့စည်းဖြစ်ပေါ်ရာ၌ ကလာပ်စည်းတစ်ခုနှင့်တစ်ခု ရောနှောမသွားရအောင် ပရိစ္ဆေဒရုပ်က နယ်မြေသီးခြားစီ ခွဲပေးထားသည်ကို တွေ့ရပြန်၏။ ထိုကလာပ်စည်းများတွင် အချို့က ကံကြောင့်ဖြစ်ပြီး အချို့က စိတ်ကြောင့်ဖြစ်၏။ အချို့က ဥတုကြောင့်ဖြစ်ပြီး အချို့က အာဟာရကြောင့်ဖြစ်သည်ဟု သက်ဆိုင်ရာ အကြောင်းတရားများကိုလည်း တွေ့မြင်လာရသောအခါ ဖန်ဆင်းရှင်ကို ရှာမတွေ့ဘဲဖြစ်လာ၏။ ရုပ်ကလာပ်စည်းတိုင်းမှာလည်း သူ့ကလာပ်စည်းအားလျော်စွာ ပထဝီ, အာပေါ စသည်ဖြင့် ရုပ်တစ်မျိုးစီ စုပေါင်းဖွဲ့စည်း ဖြစ်ပေါ်နေပုံကို အသေးစိတ် သိမြင်လာ၏။

ရုပ်ကလာပ်စည်းတိုင်းသည် စိတ္တက္ခဏာ ၁၇ ချက်ပြည့်တိုင်း မြစ်ရေပမာ အဆက်မပြတ် တရစပ် အဟောင်းပျက် အသစ်ဖြစ်ပေါ်နေကြသည်ကို တွေ့မြင်လာရ၏။ ထိုသို့ ဖြစ်ပျက်အစဉ်ကို တွေ့မြင်လာရသောအခါ ''လူ့ခန္ဓာ

ကိုယ်ဆိုသည်မှာ ဖြစ်ပျက်အစဉ်ပါပဲလား'' ဟု အသိအတွေး တစ်မျိုး ပြောင်းလဲလာခဲ့၏။ ဗုဒ္ဓအဘိဓမ္မာကို သင်ယူလေ့လာ၍ ရရှိလာသော ယင်းအသိဉာဏ်ကို ''သုတမယဉာဏ်'' ခေါ်၏။ သုတမယဉာဏ်ဖြင့် ကျေနပ်မနေဘဲ ဗုဒ္ဓ၏ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်နည်းအတိုင်း ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်လာသောအခါ သုတမယဉာဏ်အဆင့်ကို ကျော်လွန်၍ ''ဘာဝနာမယဉာဏ်'' အဆင့်သို့ ရောက်ရှိလာပေလိမ့်မည်။

ဘာဝနာမယဉာဏ်အဆင့်သို့ ရောက်ရှိလာသောအခါ စိတ်ထဲ၌ အသိဉာဏ် အလင်းရောင်များ ဖြစ်ထွန်းလျက် ''လောကဟာ အမှောင်ထု လွှမ်းမိုးနေသော လောကပါတကား၊ လောကသားများအပေါ်၌ **ပုထုဇ္ဇနော ဥမ္မတ္တကော** = ပုထုဇဉ်များဆိုတာ အရူးတွေပါပဲလား'' ဟု အရိယာသူတော်ကောင်းများ အမြင်ဟာ တကယ့်အမြင်မှန်ပါပဲတကား၊ ပုထုဇဉ်အရူးများဟာ အချင်းချင်း လိမ်နေကြပြီး လိမ်ရဲသူများ လောက၌ တွင်ကျယ်လျက် အမှန်ပြော အမှန်လုပ်သူများ လူများစုထဲသို့ မတိုးနိုင်ကြပါတကား'' ဟု အတွေးမှန်များ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာလိမ့်မည်။ ထို့ကြောင့် ထိုသို့ အသိမှန်များ ဖြစ်ပေါ်လာပြီး သူတစ်ပါးအလိမ်မခံရရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာအောင် မဖြစ်မနေ ဆက်လက်လေ့လာရန် တိုက်တွန်းပါသည်။

### ကလာပ်စည်းအင်္ဂါသုံးပါး

၁။ **ဧကုပ္ပါဒ** = ရုပ်တရားများအတူတကွဖြစ်ခြင်း၊

၂။ **ဧကနိရောဓ** = အတူတကွချုပ်ခြင်း၊

၃။ **ဧကနိဿယ** = မှီရာမဟာဘုတ်တူခြင်း။

ဤလက္ခဏာသုံးပါးနှင့်ပြည့်စုံ၍ အတူတကွဖြစ်ပေါ်နေသော ရုပ်တရားအပေါင်းကို ''ရုပ်ကလာပ်စည်း'' ခေါ်၏။

**မှတ်ချက်။** အချို့က ''သဟဝုတ္တိ'' ကို ကလာပ်အင်္ဂါတစ်ပါးဟုဆိုကာ

ကလာပ်အင်္ဂါလေးပါး ပြကြ၏။ အင်္ဂါသုံးပါးနှင့်အညီ ရုပ်တရားများ အတူတကွဖြစ်ပေါ်မှုကို ''သဟဝုတ္တိ'' ဟု ဆိုလိုခြင်းသာဖြစ်၍ သဟဝုတ္တိကို အင်္ဂါတစ်ပါးအဖြစ် မထည့်သွင်းသင့်။

## ကလာပ်အင်္ဂါသုံးပါးရသောရုပ်

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄ – ပါး |
| ၂။ | ပသာဒရုပ် | ၅ – ပါး |
| ၃။ | ဖောဋ္ဌဗ္ဗာရုံကြဉ်သောဂေါစရရုပ် | ၄ – ပါး |
| ၄။ | ဘာဝရုပ် | ၂ – ပါး |
| ၅။ | ဟဒယရုပ် | ၁ – ပါး |
| ၆။ | ဇီဝိတရုပ် | ၁ – ပါး |
| ၇။ | အာဟာရရုပ် | ၁ – ပါး |
| ၈။ | ဝိညတ်ဒွေကြဉ်သောဝိကာရရုပ် | ၃ – ပါး |
| | **ပေါင်း** | **၂၁ – ပါး** |

**မှတ်ချက်။** အချို့က မဟာဘုတ်လေးပါး၌ ဧကနိဿယလက္ခဏာကို မရနိုင်ဟုဆိုကြ၏။ ဉပါဒါရုပ်များသည် မဟာဘုတ်လေးပါးကို မှီကြ၏။ မဟာဘုတ်လေးပါးသည် အချင်းချင်း အပြန်အလှန် မှီကြ၏၊ ထို့ကြောင့် မဟာဘုတ်လေးပါး၌ ဧကနိဿယလက္ခဏာကို ရနိုင်ပါသည်။

ဧကုပ္ပါဒ စသော ကလာပ်လက္ခဏာများကို ဉပါဒ်၊ ဌီ၊ ဘင် ရစကောင်းသော ပရမတ်အစစ် နိပ္ဖန္နရုပ်များ၌သာ ရနိုင်၏။ သို့သော် ကလာပ်ဖွဲ့ရာ၌ ဝိကာရရုပ်ငါးပါးကို ထည့်သွင်းဖွဲ့ထားခြင်းကြောင့် ကလာပ်အင်္ဂါသုံးပါးလုံး ရသောရုပ်၌ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာသုံးပါးကို ထည့်သွင်း ဖော်ပြထားရပါသည်။ ကလာပ်အင်္ဂါနှစ်ပါးရသော ရုပ်အဖြစ် ဝိညတ်ရုပ်နှစ်ပါးကို ဖော်ပြရပါသည်။

## ကလာပ်အင်္ဂါနှစ်ပါးရသောရုပ်

ဝိညတ်ရုပ်နှစ်ပါးသည် ကလာပ်အင်္ဂါနှစ်ပါးရသောရုပ်ဖြစ်၏။

**မှတ်ချက်။** ဝိညတ်ဒွေ (ကာယဝိညတ္တိနဝက ကလာပ်စည်း၊ ဝစီဝိညတ္တိဒသက ကလာပ်စည်း စသည်) သည် စိတ္တာနုပရိဝတ္တိဓမ္မ ဖြစ်သဖြင့် စိတ်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းကြောင့် ဌီကိုမနိရောဓလက္ခဏာကို မရနိုင်။

## ရုပ်တရား၌ ဂေါရမ္မဏလက္ခဏာမရှိ

''သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံသာသဝံ သင်္ခတံ လောကိယံ ကာမာဝစရံ အနာရမ္မဏံ အပ္ပဟာတဗ္ဗမေဝါ'' တိ ဟူသော သင်္ဂဟပါဠိကိုထောက်၍ ရုပ်တရားသည် အာရုံကို မယူနိုင်သောကြောင့် ဂေါရမ္မဏလက္ခဏာကို ရုပ်ကလာပ်၏ လက္ခဏာအဖြစ် မရနိုင်။ ထို့ကြောင့် စေတသိက်တရား၌ ကိုယ်ပိုင်လက္ခဏာလေးပါးရှိသော်လည်း ရုပ်တရား၌ ကိုယ်ပိုင်လက္ခဏာသုံးပါးသာရှိ၏။

## ရုပ်ကလာပ် ၂၁ စည်း

| | | |
|---|---|---|
| ၁။ | ကမ္မဇကလာပ် | ၉ – စည်း |
| ၂။ | စိတ္တဇကလာပ် | ၆ – စည်း |
| ၃။ | ဥတုဇကလာပ် | ၄ – စည်း |
| ၄။ | အာဟာရဇကလာပ် | ၂ – စည်း |
| | **ပေါင်း** | **၂၁ – စည်း** |

**မူလအခြေခံရုပ်။** ကလာပ် ၂၁ စည်းကို ဖွဲ့စည်းရာ၌ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးကို မူလအခြေခံရုပ်အဖြစ် တည်ထားပါ။ ကမ္မဇကလာပ်ကို ဖွဲ့ရာ၌ အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးနှင့် ဇီဝိတရုပ်ကို မူလအခြေခံရုပ်အဖြစ် တည်ထားပါ။

## ကမ္မဇကလာပ် ၉ စည်း

၁။ စက္ခုဒသက
၂။ သောတဒသက
၃။ ဃာနဒသက
၄။ ဇိဝှါဒသက
၅။ ကာယဒသက
၆။ ဣတ္ထိဘာဝဒသက
၇။ ပုမ္ဘာဝဒသက
၈။ ဝတ္ထုဒသက
၉။ ဇီဝိတနဝက

## ကမ္မဇကလာပ် ၉ စည်း ဖွဲ့စည်းပုံ

| | ပါဝင်သောရုပ်များ | ကလာပ်စည်းအမည် |
|---|---|---|
| ၁။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ စက္ခုပသာဒ–၁။ | စက္ခုဒသက |
| ၂။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ သောတပသာဒ–၁။ | သောတဒသက |
| ၃။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ဃာနပသာဒ–၁။ | ဃာနဒသက |
| ၄။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ဇိဝှါပသာဒ–၁။ | ဇိဝှါဒသက |
| ၅။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ကာယပသာဒ–၁။ | ကာယဒသက၊ |
| ၆။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ဣတ္ထိဘာဝ–၁။ | ဣတ္ထိဘာဝဒသက |
| ၇။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ပုမ္ဘာဝ–၁။ | ပုမ္ဘာဝဒသက |
| ၈။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ ဟဒယဝတ္ထု–၁။ | ဝတ္ထုဒသက |
| ၉။ | ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ–၈၊ | ဇီဝိတနဝက |

**ကျက်ရန်။** ဇီဝိတရုပ် ၁ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ စက္ခုပသာဒရုပ် ၁ ပါး၊ ပေါင်း ၁၀ ပါးသည် စက္ခုဒသက ကလာပ်မည်၏။

**အမှာ။** ကြွင်းသောရုပ်ကလာပ်တို့ကိုလည်း ဤနည်းအတိုင်း ကလာပ်ဖွဲ့ပါ။ ကမ္မဇကလာပ်စည်းတိုင်း၌ အသက်ခေါ်သော ဇီဝိတရုပ် ပါဝင်နေသည်ကို သတိပြုပါ။

ဆောင်။ ဝိနိပ်အဋ္ဌ၊ ဇီဝိတ၊ ဇီဝနဝကာ။
ကျန်, ဟဒယ၊ လောင်းပြန်က၊ အဋ္ဌဒသကာ။

## စိတ္တဇကလာပ် ၆ စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်၊

၂။ ကာယဝိညတ္တိနဝက ကလာပ်၊

၃။ ဝစီဝိညတ္တိဒသက ကလာပ်၊

၄။ လဟုတာဒိကောဒသက ကလာပ်၊

၅။ ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်၊

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်။

## စိတ္တဇကလာပ်ဖွဲ့စည်းပုံ

၁။ အဝိနိဗ္ဘောဂရုပ် ၈ ပါးသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ကာယဝိညတ် ၁ ပါး၊ ပေါင်း ၉ ပါးသည် ကာယဝိညတ္တိနဝက ကလာပ်မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဝစီဝိညတ် ၁ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ပေါင်း ၁၀ ပါးသည် ဝစီဝိညတ္တိဒသက ကလာပ်မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၁ ပါးသည် လဟုတာဒိ ကောဒသက ကလာပ်မည်၏။

၅။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ကာယဝိညတ် ၁ ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၂ ပါးသည် ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်မည်၏။

၆။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဝစီဝိညတ် ၁ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၃ ပါးသည် ဝစီ ဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်မည်၏။

**မှတ်ချက်။** သဒ္ဒနဝက ကလာပ်၊ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်ကို ထည့်၍ စိတ္တဇကလာပ် ရှစ်စည်းဖြစ်သင့်၏။ ဝစီဝိညတ်သည် စိတ္တဇသဒ္ဒနှင့်ကင်း၍ မဖြစ်နိုင်။ စိတ္တဇသဒ္ဒမူကား ဝစီဝိညတ်နှင့်ကင်း၍ ဖြစ်နိုင်၏။ ထွက်သက် ဝင်သက်၊ ချေဆတ်သံ၊ ချောင်းဆိုးသံ၊ အိပ်ပျော်နေစဉ် ဟောက်သံ၊ ကြို့ထိုးသံ၊ လေထိုးသံ၊ ဝမ်းရုတ်သံ စသည်တို့သည် ဝိညတ်မပါသော စိတ္တဇသဒ္ဒများဖြစ်၏။ ထို့ကြောင့် ဝိညတ်မပါသော သဒ္ဒနဝက ကလာပ် စည်းတစ်ပါးလည်း ရှိသင့်၏။

ထိုသို့ သဒ္ဒနဝက ကလာပ်ကို ရသောအခါ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ကိုလည်း ရသင့်၏။ ဤသို့ စိတ္တဇကလာပ် ရှစ်စည်းဖြစ်သင့်၏။

**ဆောင်။** အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုးသုဒ္ဓတာ။
ယင်းတွင်သဒ်ကာ၊ စီသုံးဖြာ၊ လောင်းပါလေးမူလ။
မူလလေးမှာ၊ တာလောင်းခါ၊ ရှစ်ဖြာစိတ္တဇ။

## စိတ္တဇကလာပ် ၆ စည်း ခွဲပြပုံ

၁။ စိတ္တဇကလာပ် ၆ စည်းတွင် သုဒ္ဓဋ္ဌကလာပ်သည် တွေဝေမိန်းမောသော အခါ၊ အိပ်ပျော်နေသောအခါ၊ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းနေသော အခါ စသည်တို့၌ဖြစ်၏။

၂။ ကာယဝိညတ္တိနဝက ကလာပ်သည် ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း စသည်ကိုပြုသောအခါ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်း သောအခါ စသည်တို့၌ဖြစ်၏။

၃။ ဝစီဝိညတ္တိဒသက ကလာပ်သည် စိတ်သောကရောက်၍ ရုပ်ညှိုးနွမ်း နေသောအခါ စကားပြောသံ၊ ငိုကြွေးသံ၊ ဆဲဆိုသံ၊ ညည်းညူသံ စသည် တို့၌ဖြစ်၏။

၄။ လဟုတာဒိ ကောဒသက ကလာပ်သည် စိတ်ကြည်လင် ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါးမှု၊ နူးညံ့မှု၊ အလုပ်ကိစ္စ၌ ခန့်ညားဖျတ်လတ်မှုဖြစ်သော အခါ၌ ဖြစ်၏။

၅။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်သည် စိတ်ကြည်လင် ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါး နူးညံ့ ဖျတ်လတ်စွာဖြင့် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသည်ကိုပြုလုပ်သောအခါ၌ဖြစ်၏။

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်သည် စိတ်ကြည်လင် ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါး၊ နူးညံ့၊ ဖျတ်လတ်စွာဖြင့် စကားပြောဆိုရာ၊ တရားဟောရာ၊ ရယ်မောရာ၊ လေချွန်ရာ စသည်တို့၌ဖြစ်၏။

## ဥတုဇကလာပ်လေးစည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်၊

၂။ သဒ္ဒနဝက ကလာပ်၊

၃။ လဟုတာဒိကောဒသက ကလာပ်၊

၄။ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်။

## ဥတုဇကလာပ်လေးစည်းဖွဲ့စည်းပုံ

၁။ အဝိနိဗ္ဘောဂရုပ် ၈ ပါးသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ပေါင်း ၉ ပါးသည် သဒ္ဒနဝက ကလာပ်မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၁ ပါးသည် လဟုတာဒိ ကောဒသက ကလာပ်မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၂ ပါးသည် သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်မည်၏။

ဆောင်။ သုဒ္ဓ သဒ္ဒ၊ တာယုဉ်က၊ လေးဝဥတုဇာ။

## ဥတုဇကလာပ်လေးစည်းခွဲပြပုံ

၁။ သုဒ္ဓဋ္ဌကလာပ်သည် သက်မဲ့ဖြစ်သော သစ်ပင်၊ တော၊ တောင်၊ ရေ မြေတို့၌သာ ဖြစ်၏။ သက်ရှိ အဇ္ဈတ္တသန္တာန်မှာကား ရာသီဥတု ဖောက်ပြန်၍ ဓါတ်လေးပါး မညီမျှသောအခါ၌ဖြစ်၏။

၂။ သဒ္ဒနဝက ကလာပ်သည် လေတိုက်သံ၊ ရေစီးသံ၊ မိုးခြိမ်းသံ၊ လျှော် လှုပ်သံ၊ တော်လဲသံ စသည်တို့၌ဖြစ်၏။

၃။ လဟုတာဒိ ကောဒသက ကလာပ်သည် သက်ရှိသတ္တဝါတို့၏ အဇ္ဈတ္တ သန္တာန်၌သာ ဖြစ်၏။ ရာသီဥတု သာယာသောအခါ ရုပ်ခန္ဓာကိုယ် ပေါ့ပါး၊ နူးညံ့၊ ဖျတ်လတ်မှုရှိသောအခါ၌ဖြစ်၏။

၄။ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်သည် ရာသီဥတုသာယာ၍ သက်ရှိ သတ္တဝါတို့၏သန္တာန်၌ ကိုယ်လက်ပေါ့ပါးမှု၊ နူးညံ့မှု၊ ဖျတ်လတ်မှုရှိသော အခါ ကြို့ထိုးသံ၊ လေတက်သံ၊ လေကျသံ၊ လေလည်သံ စသည်တို့ ၌ဖြစ်၏။

## အာဟာရဇကလာပ်နှစ်စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်၊

၂။ လဟုတာဒိကောဒသက ကလာပ်။

## အာဟာရဇကလာပ်နှစ်စည်းဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ် ၈ ပါးသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃ ပါး၊ ပေါင်း ၁၁ ပါးသည် လဟုတာဒိကောဒသက ကလာပ်မည်၏။

ဆောင်။ သုဒ္ဓနှင့်တာ၊ ဤနှစ်ဖြာ၊ အာဟာရဇတည်း။

## အာဟာရဇကလာပ်နှစ်စည်းခွဲပြပုံ

၁။ သုဒ္ဓဋ္ဌက ကလာပ်သည် မသင့်သောအစာအာဟာရများကို စားမိသော အခါ၌ဖြစ်၏။

၂။ လဟုတာဒိကောဒသက ကလာပ်သည် အစာအာဟာရ မျှတသော အခါ၊ မွန်မြတ်သောအစားအစာများကို စားသောအခါ၊ ခန္ဓာကိုယ် ပေါ့ပါးမှု၊ နူးညံ့၊ ဖျတ်လတ်မှုဖြစ်ရာ အခါ၌ဖြစ်၏။

## ကလာပ် ၂၁ စည်းလုံး၌ပါဝင်သောရုပ်

အဝိနိဗ္ဘောဂရုပ် ရှစ်ပါးသည် ကလာပ် ၂၁ စည်းလုံး၌ ပါဝင်သော ရုပ်ဖြစ်၏။

## ကလာပ်ဖွဲ့ရာ၌မပါဝင်သောရုပ်

အာကာသဓါတ် ၁ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပေါင်း ရုပ် ၅ ပါးသည် ကလာပ် ၂၁ စည်းလုံးဖွဲ့ရာ၌ မပါဝင်သောရုပ်ဖြစ်၏။

အာကာသဓါတ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာဖြစ်သော ကြောင့် ကလာပ်ဖွဲ့ရာ၌ မပါဝင်ပါ။

လက္ခဏာရုပ်လေးပါးသည် ရုပ်ကလာပ်တို့၏ အမှတ်အသားမျှသာ ဖြစ် သောကြောင့် ကလာပ်ဖွဲ့ရာ၌ မပါဝင်ပါ။

## အဇ္ဈတ္တဗဟိဒ္ဓခွဲပုံ

သက်ရှိသတ္တဝါများ၏သန္တာန်ကို အဇ္ဈတ္တသန္တာန်ခေါ်၏။ သက်ရှိသတ္တဝါ တို့၏ ခန္ဓာကိုယ်မှ ပြင်ပဖြစ်သော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး စသည်တို့ကို ဗဟိဒ္ဓသန္တာန်ခေါ်၏။

## အဇ္ဈတ္တသန္တာန်၌သာဖြစ်သော ကလာပ် ၁၉ စည်း

၁။ ကမ္မဇကလာပ် ၉ – စည်း

၂။ စိတ္တဇကလာပ် ၆ – စည်း

၃။ လဟုတာဒိကောဒသက၊ သဒ္ဒလဟုတာဒိ ဒွါဒသက ဟူသော ဥတုဇကလာပ် ၂ – စည်း

၄။ အာဟာရဇကလာပ် ၂ – စည်း

ပေါင်း ၁၉ – စည်း

## ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ကလာပ်နှစ်စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်၊

၂။ သဒ္ဒနဝက ကလာပ်ဟူသော ဥတုဇကလာပ်နှစ်စည်း။

**ဆောင်**။ ဥတုမူလ၊ နှစ်စည်းမျှ၊ ရသည့်ဗဟိဒ္ဓ။

**မှတ်ချက်**။ ဗဟိဒ္ဓသန္တာန်၌သာဖြစ်သော ကလာပ်ဟူ၍ မရှိ။ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝကဟူသော ဥတုဇကလာပ်နှစ်စည်းသည် အဇ္ဈတ္တသန္တာန်၌ လည်းဖြစ်၏။ ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်၏။ ထို့ကြောင့် အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၁ စည်းလုံးကို ရနိုင်၏။ အနုရုဒ္ဓါဆရာက ကလာပ်နှစ်ဆယ့်တစ်စည်းသာပြခဲ့၍ ကလာပ်နှစ်ဆယ့်တစ်စည်းလုံးကို ရနိုင်သည်ဟု ဆိုရခြင်းဖြစ်၏။ စိတ္တဇကလာပ်ကို ဖွဲ့စည်းစဉ်က ပြခဲ့သည့်အတိုင်း စိတ္တဇကလာပ်ရှစ်စည်းသာဖြစ်လျှင် အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၃ စည်းလုံးကို ရနိုင်၏။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားက "**နှစ်ဆယ့်သုံးပင်၊ အဇ္ဈတ်တွင်၊ ကုန်စင်ရထိုက်စွာ**" ဟု ကဗျာစပ်ခဲ့ပါသည်။

## လူ၏ခန္ဓာကိုယ်၌ရနိုင်သော ရုပ်ကလာပ်

အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၁ စည်းလုံးကို ရနိုင်သည်ဟုဆိုသဖြင့် လူ့ခန္ဓာကိုယ်၌ ကလာပ် ၂၁ စည်းလုံးကို ရနိုင်သည်ဟု မှတ်ပါ။ သို့သော် ယောကျ်ားသန္တာန်၌ ဣတ္ထိဘာဝ ဒသက ကလာပ်ကို မရနိုင်။ မိန်းမသန္တာန်၌

ပုမ္ဘာဝဒသက ကလာပ်ကို မရနိုင်၊ နပုန်းပဏ္ဍုက်သန္တာန်၌ ကာယဒသက၊ ပုမ္ဘာဝဒသက ကလာပ်တို့ကို မရနိုင်။ ထို့ကြောင့် –

၁။ ယောကျ်ားသန္တာန်၌ ဣတ္ထိဘာဝဒသကမှ တစ်ကြွင်းသော ကလပ် ၂၀ စည်းကို ရနိုင်၏။

၂။ မိန်းမသန္တာန်၌ ပုမ္ဘာဝဒသကမှတစ်ပါး ကြွင်းသော ကလာပ် ၂၀ စည်းကိုရနိုင်၏။

၃။ နပုန်းပဏ္ဍုက်သန္တာန်၌ ဣတ္ထိဘာဝ ဒသက၊ ပုမ္ဘာဝဒသကတို့မှ တစ်ပါး ကြွင်းကလာပ် ၁၉ စည်းကို ရနိုင်၏။

## သစ်ပင်တောတောင်၌ရသောကလာပ်

ဗဟိဒ္ဓသန္တာန်၌ သက်မဲ့ဖြစ်သော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ မီး စသည်တို့၌ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝကဟူသော ဥတုဇကလာပ်နှစ်စည်းကိုသာ ရနိုင်၏။

## သက်မဲ့ပစ္စည်းများ၏ပေါ့ပါးမှု၊ နူးညံ့မှု

ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝကဟူသော ဥတုဇကလာပ်နှစ်မျိုးကို ရနိုင်ပြီး၊ လဟုတာဒိကောဒသက ကလာပ်စည်းကို မရနိုင်ခြင်းကြောင့်လဲ၊ ဝါဂွမ်း၊ ပိုးဖဲကတ္တီပါ စသော ပစ္စည်းများ၏ ပေါ့ပါးမှုနှင့် နူးညံ့မှုကို လဟုတာ၊ မုဒုတာရုပ်ဟု မခေါ်နိုင်။

သက်မဲ့ပစ္စည်းများ၏ ပေါ့ပါးမှုသည် တေဇော၊ ဝါယောဓာတ်များ၏ လွန်ကဲသော သဘောလက္ခဏာများသာဖြစ်၏။ သက်မဲ့ပစ္စည်းတို့၏ နူးညံ့မှုသည်လည်း နူးညံ့ပထဝီသဘောသာဖြစ်၏။

## သစ်ပင်၌အသက်မရှိ

အသက်ဟုဆိုအပ်သော ဇီဝိတရုပ်သည် သက်ရှိသတ္တဝါတို့၏ အဇ္ဈတ္တ သန္တာန်၌သာဖြစ်၏။ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက၊ **သဒ္ဒနဝကဟူ**သော ဥတုဇ

ကလာပ်နှစ်စည်းကိုသာ ရနိုင်၏။ ဇီဝိတရုပ်ကို မရနိုင်။ ထို့ကြောင့် သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်ပြင်ပဖြစ်သော သစ်ပင်၌ အသက်မရှိ။

## အသက်သည် သွေး၊ သွေးသည်အသက်

အသက်သည် သွေး၊ သွေးသည် အသက်ဟု ဆိုရာ၌ အသက်ဟုဆိုအပ်သော ဇီဝိတရုပ်ကို အဇ္ဈတ္တသန္တာန်၌သာ ရနိုင်၏။ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝကဟူသော ဥတုဇကလာပ်နှစ်စည်းကိုသာ ရနိုင်၏။ အသက်ဟု ဆိုအပ်သော ဇီဝိတရုပ်ကို မရနိုင်။ ထို့ကြောင့် သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်ပြင်ပဖြစ်သော ပုလင်းထဲ၊ သွေးဘဏ်ထဲသို့ ရောက်နေသော သွေးများ၌ အသက်မရှိနိုင်။

**အမှာ။** လဲ၊ ဝါဂွမ်းစိုင်များနှင့် လဟုတာ၊ မုဒုတာရုပ်များ ရှိ၊ မရှိ၊ သွေးဘဏ်ထဲက သွေး၌ အသက်ရှိ မရှိ ဟူသော ပြဿနာများနှင့် စပ်လျဉ်း၍ အစိုးရ စာမေးပွဲ၌ မေးဖူး၏။

ရုပ်ကလာပ် ၂၁ စည်းကို အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်နှစ်မျိုးဖြင့် ခွဲပြပုံကို သဘောပေါက်အောင် လေ့လာထားလျှင် မည်သည့်မေးခွန်းကိုမဆို ဖြေဆိုနိုင်လိမ့်မည်။

## ''လေ့ကျင့်ခန်း''

၁။ လူ့ခန္ဓာကိုယ်၌ ရုပ်ကလာပ်စည်းများ ဖွဲ့စည်းဖြစ်ပေါ်နေပုံကို ဥပမာသွင်းလျက် ရှင်းလင်းရေးသားခဲ့ပါ။

၂။ ကလာပ်အင်္ဂါကိုဖော်ပြ၍ ကလာပ်ဖွဲ့ရာ၌ မူလအခြေခံရုပ်တို့ကို ဖော်ပြခဲ့ပါ။

၃။ စေတသိက်၌ ကိုယ်ပိုင်လက္ခဏာလေးပါးရှိသကဲ့သို့ ရုပ်တို့ကို ကလာပ်ဖွဲ့ရာ၌ ကလာပ်အင်္ဂါလေးပါး မရှိနိုင်ပုံကို ရှင်းပြပါ။

၄။ ရုပ်ကလာပ်တို့ကို အဖွဲ့တွဲ၊ ဗဟိဒ္ဓသန္တာန်ဖြင့် ဝေဖန်ပြ၍ အောက်ပါတို့၌ ဖြစ်သင့်သော ရုပ်ကလပ်တို့ကို ဖော်ပြခဲ့ပါ။

(က) ငိုကြွေးသံ (ခ) မိုးကြိုးပစ်သံ (ဂ) ထွက်သက်ဝင်သက်

* * * * *

## အခန်း (၅)

## ရူပ ပဝတ္တိက္ကမ

ရုပ်တရားများဖြစ်ပျက်ပုံအစဉ်ကို ပြဆိုရာစကားရပ်ကို ''ရူပ ပဝတ္တိက္ကမ'' ခေါ်၏။

အမှာ။ လူ့ခန္ဓာကိုယ်၌ စိတ်, စေတသိက်တရား (နာမ်တရား) များ ဖြစ်ပျက်ပုံကို တိတိကျကျ သိလိုလျှင် ဝီထိပိုင်းကို သဘောပေါက်အောင် လေ့လာပါ။ လူ့ခန္ဓာကိုယ်၌ ရုပ်တရားများ ဖြစ်ပျက်ပုံကို တိတိကျကျ သိလိုလျှင် မရဏာသန္နဝီထိခန်း၊ ရူပသမုဋ္ဌာနခန်း၊ ရူပကလာပခန်း၊ ရူပ ပဝတ္တိက္ကမ ခန်းတို့ကို အထူးဦးစားပေး လေ့လာပါ။

### ပဋိသန္ဓေအခါ, ပဝတ္တိအခါသတ်မှတ်ပုံ

တစ်ဘဝ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ပထမဆုံးဖြစ်ရာ ဥပါဒ်ခဏကို ပဋိသန္ဓေအခါခေါ်၏။

ပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဌီခဏ မှစ၍ စုတိစိတ်အတွင်းကို ပဝတ္တိအခါခေါ်၏။

### ဘုံလေးပါး

ဘုံသည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ အသညသတ်ဘုံဟု လေးမျိုး ပြား၏။

**မှတ်ချက်။** အရူပဘုံ၌ ရုပ်မရှိသောကြောင့် အရူပဘုံ၌ ရုပ်ဖြစ်ပုံကို လေ့လာရန် မလို။

## သတ္တဝါသုံးမျိုး

၁။ သံသေဒဇ သတ္တဝါ၊

၂။ ဩပပါတိက သတ္တဝါ၊

၃။ ဂဗ္ဘသေယျက သတ္တဝါ

ဤကား သင်္ဂြိုဟ်ကျမ်းလာ သတ္တဝါသုံးမျိုးဖြစ်၏။

## သတ္တဝါ (ယောနိ) လေးမျိုး

၁။ သံသေဒဇ သတ္တဝါ၊

၂။ ဩပပါတိက သတ္တဝါ၊

၃။ ဇလာဗုဇ သတ္တဝါ၊

၄။ အဏ္ဍဇ သတ္တဝါ။

ဤသို့ တစ်နည်းအားဖြင့် သတ္တဝါလေးမျိုးပြား၏။

**မှတ်ချက်။** ဂဗ္ဘသေယျကသတ္တဝါသည် ဇလာဗုဇ၊ အဏ္ဍဇသတ္တဝါဟု နှစ်မျိုးပြားသောကြောင့် သတ္တဝါလေးမျိုး ပြားရခြင်းဖြစ်၏။ ဤသတ္တဝါလေးမျိုးကို ယောနိလေးမျိုးဟုလည်း ခေါ်၏။ ယောနိသဒ္ဒါသည် အမျိုးဇာတ်ဟူသော အနက်ကိုဟော၏။

### ၁။ သံသေဒဇသတ္တဝါ

စိုစွတ်ငြိတွယ်ရာအရပ်၌ ဖြစ်သော သတ္တဝါကို သံသေဒဇသတ္တဝါ ခေါ်၏။ ပဒုမ္မာကြာတိုက်၊ ဝါးပင်၊ ကိုယ်ဝန်အညစ်အကြေး၊ ပန်းမှိုက်၊ ရေပုပ်၊ ငါးပုပ်၊ မစင်ပုပ် စသော အရပ်များ၌ သန္ဓေတည်သော သတ္တဝါများဖြစ်၏။

ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၊ ပေါက္ခရသာတိ ပုဏ္ဏား၊ ဝါးပင်၌ ပဋိသန္ဓေနေသော ဝေဠုဝတီမိဖုရား၊ ရေပုပ်၊ ငါးပုပ် စသည် တို့၌ ပဋိသန္ဓေနေသော ပိုးလောက် စသော သတ္တဝါများသည် သံသေဒဇ သတ္တဝါများဖြစ်၏။

## ၂။ ဩပပါတိကသတ္တဝါ

အမိဝမ်း၌ ကိန်းအောင်းလျက် သန္ဓေမယူရဘဲ ဘဝဟောင်းမှ ခုန်လွှား ကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ်သော သတ္တဝါကို ''ဩပ ပါတိကသတ္တဝါ'' ခေါ်၏။ ကမ္ဘာဦးက လူများ၊ ငရဲ၊ ပြိတ္တာ၊ နတ်၊ ဗြဟ္မာများ ဖြစ်၏။

## ဂဗ္ဘသေယျသတ္တဝါ

အမိဝမ်း၌ ကိန်းအောင်းလျက် သန္ဓေယူရသော သတ္တဝါကို ဂဗ္ဘသေယျက သတ္တဝါခေါ်၏။

## ၃။ ဇလာဗုဇသတ္တဝါ

သားအိမ်၌ သန္ဓေယူရသော သတ္တဝါကို ''ဇလာဗုဇ'' သတ္တဝါခေါ်။ လူ၊ နွား၊ ဆင်၊ မြင်း၊ ခွေး စသော သတ္တဝါမျိုးဖြစ်၏။

## ၄။ အဏ္ဍဇသတ္တဝါ

ဥခွံအတွင်း၌ဖြစ်သော သတ္တဝါကို အဏ္ဍဇသတ္တဝါခေါ်၏။ ကြက်၊ ငှက်၊ မြွေ၊ လိပ်၊ ငါး စသော သတ္တဝါများဖြစ်၏။

၃၁ ဘုံ၌ ဖြစ်သော သတ္တဝါတို့တွင် ဘုမ္မစိုးနတ်မှတစ်ပါးသော နတ်၊ ဗြဟ္မာများ၊ နိဇ္ဈာမ တဏှိကဟုခေါ်သော ပြိတ္တာမျိုး၊ ငရဲဘုံများ၌ ဥပပါတ် ပဋိသန္ဓေတစ်မျိုးသာရ၏။

ကြွင်းသောဂတိများ၌ ယောနိလေးမျိုးလုံးကို ရနိုင်၏။

**ဆောင်**။ ဘုမ္မစိုးဖြတ်၊ ကြွင်းနတ်, နိဗ္ဗာ၊ ငရဲရွာ၊ တစ်သာဥပပါတ်၊
အကြွင်းဂတိ၊ လေးယောနိ၊ ရဘိပုံသေမှတ်။

## ပဋိသန္ဓေအခါမရနိုင်သောရုပ်များ

| | | |
|---|---|---|
| ၁။ | သဒ္ဒရုပ် | ၁ – ပါး |
| ၂။ | ဝိကာရရုပ် | ၅ – ပါး |
| ၃။ | ဇရတာ, အနိစ္စတာ | ၂ – ပါး |
| | **ပေါင်း** | ၈ – ပါး |

**မှတ်ချက်**။ ဤရုပ်ရှစ်ပါးကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ မဖြစ်နိုင်သော ရုပ်များဟုမှတ်ပါ။

## အိုမှုသေမှုမရှိသောအခါ

ရုပ်တို့၏ ရင့်ရော်မှုဇရတာ၊ ရုပ်တို့၏ မမြဲမှု အနိစ္စတာရုပ်များ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ မဖြစ်ဟု ဆိုသောကြောင့် ထိုပဋိသန္ဓေတည်နေခါစအချိန် (ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ) ၌ အိုမှု သေမှု မဖြစ်နိုင်သေး။

## ကာမဘုံ

## သံသေဒဇ, ဩပပါတိကသတ္တဝါများသန္တာန်၌

## ပဋိသန္ဓေအခါအများဆုံးရနိုင်သောကလာပ်များ

၁။ စက္ခုဒသက ကလာပ်၊

၂။ သောတဒသက ကလာပ်၊

၃။ ဃာနဒသက ကလာပ်၊

၄။ ဇိဝှါဒသက ကလာပ်၊

၅။ ကာယဒသက ကလာပ်၊

၆။ ဘာဝဒသက ကလာပ်၊

၇။ ဝတ္ထုဒသက ကလာပ်။

**ဆောင်**။ ဇီဝိကြည့်ထွေ၊ ကမ္မဇေ၊ သံသေဩပပါ။

**မှတ်ချက်**။ ရုံခါစက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဘာဝဒသက ကလာပ်တို့ကို မရနိုင်။

**ဆောင်**။ စက်, သော, ဃာ၊ ဘာ၊ ဤလေးဖြာ၊ ရုံခါချို့ကောင်းစွာ။

## သံသေဒဇ, ဩပပါတိကသတ္တဝါများသန္တာန်၌ ပဋိသန္ဓေအခါ အနည်းဆုံးရနိုင်သောကလာပ်များ

၁။ ဇီဝိတဒသက ကလာပ်၊

၂။ ကာယဒသက ကလာပ်၊

၃။ ဝတ္ထုဒသက ကလာပ်။

## သံသေဒဇ, ဩပပါတိကသတ္တဝါများသန္တာန်၌ ပဋိသန္ဓေအခါရနိုင်သောရုပ်များ

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၂။ | ဇီဝိတရုပ် | ၁ – ပါး |
| ၃။ | ပသာဒရုပ် | ၅ – ပါး |
| ၄။ | ဘာဝရုပ် | ၂ – ပါး |
| ၅။ | ဟဒယရုပ် | ၁ – ပါး |
| ၆။ | အာကာသဓါတ် | ၁ – ပါး |
| ၇။ | ဥပစယ, သန္တတိဟူသော လက္ခဏာရုပ် | ၂ – ပါး |
| | **ပေါင်း** | ၂၀ – ပါး |

**မှတ်ချက်**။ ရုပ် ၂၈ ပါးတွင် ပဋိသန္ဓေအခါ မရနိုင်သော ရုပ်ရှစ်ပါးမှ ကြွင်းသောရုပ်နှစ်ဆယ်ပင်ဖြစ်၏။ ရုပ်နှစ်ဆယ်ကို အခြား တစ်နည်းဖြင့်လည်း ရှာဖွေနိုင်၏။

သံသေဒဇ, ဩပပါတိကသတ္တဝါများသန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်ခုနစ်စည်းတွင် ဘာဝဒသကကို ဣတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသကဟု နှစ်မျိုးခွဲပါ။ ထို့ကြောင့် ကမ္မဇကလာပ် ၉ စည်းတွင် ဇီဝိတနဝက ကလာပ်မှ တစ်ပါး ကျန်ရှစ်စည်းကို ရနိုင်၏။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇကလာပ်စည်းများ ဖြစ်ပေါ်လာသော အခါ ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုကို ပိုင်းခြားသော ပရိစ္ဆေဒရုပ်လည်း ဖြစ်ပေါ် လာရ၏။ ရုပ်ကလာပ်တို့၏ အမှတ်အသားဖြစ်သော ဥပစယ၊ သန္တတိတို့လည်း ဖြစ်ပေါ်လာရ၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဇရတာ၊ အနိစ္စတာရုပ်များ မဖြစ်ပေါ်နိုင်သေး။ ထို့ကြောင့် ရရှိထားသော ကမ္မဇကလာပ်ရှစ်စည်းကို ရုပ် တစ်ခုစီအနေအားဖြင့် ခွဲထုတ်လျက် ပရိစ္ဆေဒရုပ်၊ ဥပစယ၊ သန္တတိတို့နှင့် ပေါင်းလျှင် ပဋိသန္ဓေအခါ ရနိုင်သော ရုပ်နှစ်ဆယ်ဖြစ်လာ၏။

## ဂဗ္ဘသေယျကသတ္တဝါ၏သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်များ

၁။ ကာယဒသက ကလာပ်၊

၂။ ဘာဝဒသက ကလာပ်၊

၃။ ဝတ္ထုဒသက ကလာပ်။

**ဆောင်**။ ကာယ,ဘာဝ၊ ဟဒယ၊ ဂဗ္ဘသန္ဓိမှာ။

**မှတ်ချက်**။ တစ်ခါတစ်ရံ ဘာဝဒသကကို မရနိုင်။ ပဋိသန္ဓေအခါ၌ ရနိုင်သော ဤကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်စည်း သုံးမျိုးကို ကလလရေကြည် (ကလလရုပ်) ခေါ်၏။

## ဂဗ္ဘသေယျကသတ္တဝါ၏သန္တာန်၌
## ပဋိသန္ဓေအခါရနိုင်သောရုပ် ၁၆ ပါး

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ – ပါး |
| ၂။ | ဇီဝိတရုပ် | ၁ – ပါး |
| ၃။ | ကာယပသာဒရုပ် | ၁ – ပါး |
| ၄။ | ဘာဝရုပ် | ၂ – ပါး |
| ၅။ | ဟဒယရုပ် | ၁ – ပါး |
| ၆။ | အာကာသဓါတ် | ၁ – ပါး |
| ၇။ | ဥပစယ၊ သန္တတိ | ၂ – ပါး |
| | **ပေါင်း** | **၁၆ – ပါး** |

**မှတ်ချက်။** ရုပ် ၁၆ ပါး ရနိုင်သော်လည်း အထီး, အမ သတ္တဝါတစ်ဦးစီ သန္တာန်၌ ရုပ် ၁၅ ပါးသာ ရနိုင်၏။ ကလာပ်သုံးစည်းမှ ရုပ် ၁၆ ပါး ဖြစ်လာပုံကို နားလည်လောက်ပါပြီ။ အဘိဓမ္မာ၌ နာမ်ရုပ်တရားကိုသာ ဟောတော်မူ၏။ လူဖြစ်စဉ်ကို မဟောခဲ့ပေ၊ သို့သော် လူ့ခန္ဓာဖွဲ့စည်း ဖြစ်ပေါ် ပုံကို နားလည်စေလိုသဖြင့် သုတ္တန်ပိဋကတ်အဆိုအရ လူ့ခန္ဓာကိုယ် ဖွဲ့စည်း ဖြစ်ပေါ်လာပုံကို အောက်ပါအတိုင်း ထည့်သွင်းပြလိုက်ရ၏။

## သန္ဓေတည်ရန်အင်္ဂါသုံးပါး

လူဖြစ်ဖို့ နာမ်ရုပ်တရားများ အမိဝမ်း၌ စတင်ဖွဲ့စည်း (ပဋိသန္ဓေတည်နေ) ရန် အကြောင်းသုံးပါးပြည့်စုံရ၏။

၁။ မိခင်မှာ ရာသီပန်းပွင့်ပြီးစ ဖြစ်ခြင်း၊

၂။ မိဘနှစ်ပါး ပေါင်းသင်းဆက်ဆံခြင်း၊

၃။ လူဖြစ်လာမည့်သတ္တဝါက ဘဝဟောင်းမှစုတေကာ အသင့်ရှေးရှု တည်နေခြင်း။[၁]

၁။ မူလပဏ္ဏာသပါဠိ ၃၃၂။

ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် လူဖြစ်ရန် မိခင်ဝမ်း၌ သန္ဓေတည်နိုင်၏။ မိခင်မှာ ရာသီပန်းပွင့်ပြီးစအချိန်၌ သားအိမ်သန့်ရှင်းနေ၏။ ထိုသို့ သန့်ရှင်းနေချိန်၌ မိဘနှစ်ပါး တစ်ကြိမ်ပေါင်းသင်းထားလျှင် ခုနစ်ရက်အတွင်း သန္ဓေတည်နိုင်၏။[၂]

**ပစ္စုပ္ပန်အာရုံမနောဒွါရမရဏာသန္ဓေဝီထိပုံ**

ပဋိ-တိ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိဘ ၁၅ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

└──→ ဘဝဟောင်း ←──┴──→ ဘဝသစ်

**ရှင်းလင်းချက်**

**ဘဝသစ်**

ဘဝသစ်တွင် ရှေ့ဦးစွာဖြစ်သောစိတ်သည် ပဋိသန္ဓေစိတ်ဖြစ်၏။ ယင်းပဋိသန္ဓေစိတ်ကို ရည်ညွှန်း၍ ''ပဋိ'' ဟု အတိုကောက်သုံးထား၏။ ပဋိသန္ဓေနောင်ဘဝင်စိတ်ဖြစ်၏။ ယင်းဘဝင်စိတ်ကို ''ဘ'' ဟု အတိုကောက်သုံးထား၏။ ယင်းပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်အောက်တွင် ... ဟူသော အစက်သုံးစက်ပြထား၏။ စိတ်၏အသက် ဖြစ်၊ တည်၊ ပျက်ဟူသော ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ်သုံးချက်ကို ရည်ညွှန်း၍ ယင်းအစက်သုံးချက် အမှတ်အသားကို ပြထားခြင်းဖြစ်၏။

**လူ့ခန္ဓာကိုယ်ဖွဲ့စည်းဖြစ်ပေါ်လာခြင်း**

၁။ လူသည် ကွယ်လွန်ပြီးနောက် အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ ထောက်ပံ့ကျေးဇူးပြုမှုကြောင့် ဘဝသစ်တွင် အမိဝမ်း၌ မိဘသွေးကိုမှီလျက် -

(က) ပဋိသန္ဓေစိတ်၊

(ခ) ယှဉ်ဖက်စေတသိက်တရားများ၊

---

၂။ မူလပဏ္ဏာသအဋ္ဌကထာဒုတိယတွဲ ၂၁၀

(ဂ) ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကမ္မဇ ကလာပ်သုံးစည်း။

ဤတရားသုံးမျိုး တစ်ပြိုင်နက် စတင်ဖွဲ့စည်းဖြစ်ပေါ်လာ၏။ ပဋိသန္ဓေ တည်ခါစ ပထမခုနစ်ရက်အတွင်း၌ ယင်းတရားသုံးမျိုး ဖွဲ့စည်းဖြစ်ပေါ်နေခြင်း ကို ''ကလလရေကြည်'' ခေါ်၏။ ကလလရေကြည်ဘဝတွင် ပဋိသန္ဓေစိတ် နှင့် စေတသိက်သည် ဝတ္ထုဒသက ကလာပ်စည်းကိုမှီနေ၏။

၂။ ဒုတိယမြောက် ခုနစ်ရက်အတွင်း၌ ကလလရေကြည်အဖြစ်မှ အမြှုပ် အဖြစ်သို့ ပြောင်းလဲလာ၏။

၃။ တတိယမြောက် ခုနှစ်ရက်အတွင်း၌ အမြှုပ်ပွက်အဖြစ်မှ နီနီထွေးထွေး သားတစ်အဖြစ်သို့ ပြောင်းလဲလာ၏။

၄။ စတုတ္ထမြောက် ခုနှစ်ရက်အတွင်း၌ သားတစ်အဖြစ်မှ အစိုင်အခဲ မာမာ ခက်ခက်ဒြပ်အဖြစ်သို့ပြောင်းလဲလာ၏။

၅။ ပဥ္စမမြောက် ခုနှစ်ရက်အတွင်း၌ ခက်မာနေသော အစိုင်အခဲဒြပ်အဖြစ်မှ ခေါင်း၊ လက်၊ ခြေ ဟူသော အဖုအထစ် ခက်မငါးမျိုးဖြစ်ပေါ်လာ၏။ ခက်မ ငါးဖြာပေါ်လာချိန်၌ ကလေးအသက်သည် (၃၅) ရက်ရှိနေပြီဖြစ်၏။

၆။ ဤသို့ တစ်စတစ်စ ကြီးပွားရင့်သန်လာပြီးနောက် (၇၇) ရက် (၁၁ သတ္တာဟ) လောက်ကြာသောအခါ မျက်စိ (စက္ခု)၊ နား (သောတ)၊ နှာခေါင်း (ဃာန)၊ လျှာ (ဇိဝှါဒသက)ဟူသော ကလာပ်စည်းများ ခုနှစ်ရက်စီခြားလျက် အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။

၇။ ထို့နောက် ကလေးအသက် ၂၉၀ ရက် (၄၂ သတ္တာဟမြောက်) ၉ လကျော်၊ ၁၀ လအတွင်းရောက်လာသောအခါ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းများ ဖြစ်ပေါ်လာကြ၏။ *

ဤသို့ အစဉ်အတိုင်းရင့်သန်ကြီးထွားလာပြီးနောက် အမိဝမ်းမှ မွေးဖွား

---

* သံယုတ်ပါဠိပထမတွဲ ၂၀၈

လာ၏။

လူသားတစ်ဦးနှင့်တစ်ဦး မွေးဖွားသောရက်လများ ကွဲပြားနိုင်သဖြင့် အထက်က ဖော်ပြခဲ့သောနေ့ရက် သတ်မှတ်ချက်များလည်း တစ်ဦးတစ်ဦး ကွဲလွဲမှုရှိနေမည်သာဖြစ်၏။ ဘုရားဟောပါဠိတော်၌ ရက်သတ်မှတ်ချက်မပါဘဲ အဋ္ဌကထာ၌သာပါ၏။

## ချို့ကောင်းသောကလာပ်စည်းများ

၁။ သံသေဒဇ ဂဗ္ဘသေယျကသတ္တဝါများ၊ သန္တာန်၌စက္ခုဒသက၊ သောတ ဒသက၊ ဃာနဒသက၊ ဘာဝဒသကဟူ၍ ကလာပ်စည်းလေးမျိုးချို့နိုင်၏။

၂။ အပါယ်ဩပပါတိက သတ္တဝါများ သန္တာန်၌ စက္ခုဒသက၊ သောတ ဒသက၊ ဘာဝဒသကဟူ၍ ကလာပ်စည်းသုံးမျိုးချို့နိုင်၏။

၃။ သုဂတိဘုံသား ဩပပါတိကသတ္တဝါတို့တွင် ကမ္ဘာဦးက လူသားများ သန္တာန်၌ သာဘာဝဒသကချို့နိုင်၏။ အခြားသုဂတိဘုံသား ဩပပါတိက သတ္တဝါ များ သန္တာန်၌ မည်သည့် ရုပ်ကလာပ်မျှ မချို့နိုင်။

**ဆောင်**။ စက္ခု သောတ၊ ဃာနဘာဝ၊ ချို့ကောင်းရာကား၊ နှစ်ဖြာ ဂဗ္ဘ သံသေဒမှတ်၊ ဥပပါတ်မှာ၊ ပါယ်၌ သာလျှင်၊ စက္ခု သောတ၊ ဘာဝချို့ဘိ၊ သုဂတိကား ကပ်ဦးသား၊ ချို့ခြားဘောတစ်ခု။

## လူစဉ်မမှီသူများ

ဂဗ္ဘသေယျက သတ္တဝါများသန္တာန်၌ ပဋိသန္ဓေတည်ပြီးနောက် အထက်က ဖော်ပြခဲ့သည့်အတိုင်း (၇၇) ရက်မြောက်သောနေ့သည် စက္ခုဒသက ကလာပ် စည်းဖြစ်ပေါ်ချိန်ဖြစ်၏။ ပဋိသန္ဓေအကျိုးကိုပေးသော ကံတရားသည် ထိုစက္ခု ဒသကကလာပ်စည်း ဖြစ်ပေါ်ချိန်၌ စက္ခုဒသက ကလာပ်စည်းကို မဖြစ်ပေါ်စေ နိုင်ခြင်းကြောင့် စက္ခုဒသက ကလာပ်စည်းမဖြစ်လျှင် ထိုပုဂ္ဂိုလ်ကို သန္ဓေကန်းသူ ''ဇစ္စန္ဓ'' ခေါ်၏။ ထိုပုဂ္ဂိုလ်မှာ စက္ခုဒသက ကလာပ်စည်းချို့တဲ့ခြင်းကြောင့်

လူစဉ်မမီသူဖြစ်လာ၏။ ကြွင်းသော ဇစ္စပဝိရ၊ ဇစ္စယာနဖြစ်ပုံစသည်တို့ကိုလည်း ဤနည်းအတိုင်းမှတ်ပါ။

## ရုပ်လေးပါးတို့ဖြစ်ပေါ်လာစဉ်

၁။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များဖြစ်ကြ၏။ ကလလ ရေကြည်ဘဝတွင် ပဋိသန္ဓေစိတ်နှင့်အတူ ကမ္မဇကလာပ်စည်းသုံးမျိုးဖြစ်ပေါ်ခဲ့၏။ ဝီထိပုံနှင့် လူဖြစ်စဉ်ကို ပြန်ကြည့်ပါ။ ထို့ကြောင့် ကမ္မဇရုပ်၏ ရှေးဦးစွာစတင် ဖြစ်ပေါ်ချိန်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏဟု သတ်မှတ်ရ၏။ ကမ္မဇ ကလာပ်သုံးစည်းသည် ပဋိသန္ဓေစိတ်၏ ဌီခဏ၊ ဘင်ခဏတို့၌လည်း ဆက်လက်ဖြစ်၏။ ထိုနည်းအတူ ပထမဘဝင်စိတ်မှစ၍ နောက်နောက်စိတ်များ၏ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏတိုင်းမှာ ကမ္မဇကလာပ်သုံးစည်း ဆက်လက်ဖြစ်နေကြ၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇကလာပ်သုံးစည်းသည် (၁၆) ကြိမ်မြောက် ဘဝင်စိတ်၏ ဘင်ခဏ၌ စိတ္တက္ခဏ (၁၇) ချက်ပြည့်ခြင်းကြောင့် ချုပ်သွားကြ၏။ ဤသို့စသည်ဖြင့် ကမ္မဇရုပ်၏ ဖြစ်ပျက်ပုံအစဉ်ကို သဘောပေါက်အောင် လေ့လာပါ။

၂။ ပဋိသန္ဓေ နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်များဖြစ်ကြ၏။ ထို့ကြောင့် စိတ္တဇရုပ်၏ ရှေးဦးစွာစတင်ဖြစ်ပေါ်ချိန်ကို ပထမဘဝင်စိတ်၏ ဥပါဒ်ခဏဟု သတ်မှတ်ရ၏။ ဘဝတစ်ခုတွင် ပဋိသန္ဓေစိတ်သည် ပထမစိတ်ဖြစ်၏။ ယင်းပဋိသန္ဓေစိတ်ကိုထောက်လျှင် ပထမဘဝင်စိတ်ကို ဒုတိယစိတ် ခေါ်၏။

၃။ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်များဖြစ်ကြ၏။ ထို့ကြောင့် ဥတုဇရုပ်၏ ရှေးဦးစွာစတင်ဖြစ်ပေါ်ချိန်ကို ပဋိသန္ဓေစိတ်၏ ဌီခဏဟု သတ်မှတ်ရ၏။

၄။ သြဇာပျံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ပေါ်ကြ၏။ ဂဗ္ဘသေယျက သတ္တဝါသန္တာန်၌ ပဋိသန္ဓေတည်နေပြီးနောက် ( ၇ ) ရက်၊ (၁၄) ရက်လောက် အကြာတွင် မိခင်စားသောက်အပ်သောအစာမှစ၍ သြဇာပျံ့နှံ့၏။ သံသေဒဇ

ဩပပါတိကသတ္တဝါများ သန္တာန်၌ ပဋိသန္ဓေနေပြီးနောက် တစ်စုံတစ်ခုသော အစာကို စားသောက်သောအခါ အယုတ်ဆုံးအားဖြင့် မိမိတံထွေးကို မျိုချရာအခါမှစ၍ ဩဇာပျံ့နှံ့၏။

## ရုပ်လေးမျိုးတို့ဖြစ်ပေါ်ပုံ

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့် ကာမဘုံသား သတ္တဝါ၏သန္တာန်၌ ဖြစ်ပေါ်နေသော ရုပ်ကလာပ်အစဉ်သည် ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း အဟောင်းပျက်၊ အသစ်ဖြစ်ပျက် အသက်ရှည်နေသမျှ ကာလပတ်လုံး မပြတ်မစဲဖြစ်ပေါ်နေ၏။

**အမှာ ။** သတ္တဝါများ သန္တာန်၌ ရုပ်တရားဖြစ်နေပုံကို ဥပမာသွင်းလျက် ရှင်းလင်းရေးသားခဲ့ပါဟုမေးလျှင် အထက်ပါအတိုင်း ဖြေဆိုပါ။

## ရုပ်လေးမျိုးဖြစ်ပေါ်နေပုံ၏ ဆီမီးလျှံနှင့်တူပုံ

မီးစာနှင့်ဆီကို အခြေခံလျက် တောက်လောင်နေသော မီးတောက်မီးလျှံသည် အမြင်အားဖြင့် တစ်ခုတည်းထင်ရသော်လည်း အမှန်မှာ တစ်ခုတည်းမဟုတ်ပါ။ ပထမတောက်လောင်နေသော မီးတောက်မီးလျှံသည် ပထမမီးစာနှင့် ပထမဆီကြောင့် တောက်လောင်နေခြင်းဖြစ်ပါသည်။ ပထမ မီးစာနှင့်ဆီကုန်သွားသောအခါ ယင်းမီးစာနှင့်ဆီကြောင့် တောက်လောင်နေသော ပထမမီးတောက်မီးလျှံ ချုပ်ငြိမ်းသွားခြင်းဖြစ်ပါသည်။

တစ်ဖန် ဒုတိယမီးစာနှင့်တက်လာသောဆီကြောင့် ဒုတိယမီးတောက်မီးလျှံများ အသစ်ဖြစ်ပေါ်လာပြန်ပါသည်။ ယင်းဒုတိယမီးစာနှင့် ဆီ ကုန်သွားသောအခါ ယင်းကြောင့် ဖြစ်ပေါ်နေသော ဒုတိယမီးတောက်မီးလျှံလည်း ချုပ်ငြိမ်းသွားပြန်ပါသည်။

ဤသို့စသည်ဖြင့် ရှေးရှေးမီးစာနှင့် ဆီကုန်သွားတိုင်း ရှေးရှေးမီးတောက်မီးလျှံများလည်း ချုပ်ငြိမ်းသွားကြရ၏။ နောက်နောက် မီးစာနှင့်ဆီကြောင့်

နောက်နောက် မီးတောက်မီးလျှံများ အဆက်မပြတ် ဆက်လက်ဖြစ်ပေါ်လာကြ ခြင်းဖြစ်ပါသည်။

ထိုနည်းအတူ သတ္တဝါများ၏ သန္တာန်၌ ရုပ်ခန္ဓာကိုယ်သည်လည်း အမြင်အားဖြင့် တစ်ခုတည်းထင်ရသော်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ရှေးရှေးအကြောင်းကြောင့်ဖြစ်သော ရုပ်ခန္ဓာအစဉ်သည် ချုပ်၍ချုပ်၍သွားသော အခါ နောက်နောက်ကံ၊ စိတ်၊ ဥတု၊ အာဟာရများကြောင့်ဖြစ်သော ရုပ်ခန္ဓာသည် အစဉ်အဆက်မပြတ် အသစ်အသစ်အမြဲဖြစ်ပေါ်လာကြပါသည်။ ရုပ်လေးပါး၏ ဖြစ်ပုံသည် ဤသို့ဆီမီးလျှံနှင့်တူကြပါသည်။

## မြစ်ရေအလျဉ်နှင့်တူပုံ

မြစ်ရေအလျဉ်ကိုကြည့်ရှုရသောအခါ တစ်ခုတည်းထင်ရသော်လည်း တစ်ခုတည်းမဟုတ်ပါ။ ရှေးဦးစွာမြင်ရသော မြစ်ရေသည် အောက်သို့စီးဆင်းသွားပြီးနောက် ဒုတိယမြစ်ရေရောက်လာပါသည်။ ဤသို့စသည်ဖြင့် ရှေးရှေးမြစ်ရေက စီးဆင်းသွားပြီးနောက် နောက်မြစ်ရေက ရောက်လာကာ အဆက်မပြတ် တရစပ်စီးဆင်းနေရပါသည်။

ထို့အတူ သတ္တဝါများ၏ ရုပ်ခန္ဓာကိုယ်သည်လည်း တစ်ခုတည်းထင်ရသော်လည်း တစ်ခုတည်းမဟုတ်ပါ။ ရှေးရှေးရုပ်အစဉ်ချုပ်ပျောက် ပျက်စီးပြီး နောက်နောက်ရုပ်အစဉ် ဖြစ်ပေါ်လာကာ အဆက်မပြတ်ဖြစ်နေပါသည်။ ရုပ်လေးပါး၏ ဖြစ်နေပုံသည် ဤသို့မြစ်ရေအလျဉ်နှင့် တူနေပါသည်။

## ကာမဘုံ၌ ပဝတ္တိအခါရသောရုပ်များ

ကာမဘုံ၌ ပဝတ္တိအခါ ရုပ် ၂၈ ပါးလုံးကိုရ၏။

**မှတ်ချက်။** ကာမဘုံ၌ ပဝတ္တိအခါ ရုပ် ၂၈ ပါးလုံးကို ရနိုင်သော်လည်း အထီးသတ္တဝါသန္တာန်၌ ဣတ္ထိဘာဝရုပ်ကို မရနိုင်၊ အမသတ္တဝါ သန္တာန်၌ ပုရိသဘာဝရုပ်ကိုမရနိုင်။ နပုန်းပဏ္ဍုက်၌ ဘာဝရုပ်နှစ်ပါးလုံးကို မရ

နိုင်၊ စက္ခု၊ သောတစသည်ချို့တဲ့သူတို့မှာ စက္ခု၊ သောတစသည်တို့ကိုမရနိုင်၊ ထို့ကြောင့်ပဝတ္တိအခါ ယောကျ်ားသန္တာန်၌ ရုပ် ၂၇ ပါး မိန်းမသန္တာန်၌ ရုပ် ၂၇ ပါး၊ နပုန်းပဏ္ဍုက်သန္တာန်၌ ရုပ် ၂၆ ပါးစီသာရနိုင်၏။

ဤသို့ပုဂ္ဂိုလ်အားလျော်စွာ ရသင့်သလိုရရှိခြင်းကို ရည်ရွယ်၍ သင်္ဂဟပါဠိ၌ ''ယထာရဟံ'' ဟုဆိုထားရခြင်းဖြစ်၏။

## ရုပ်လေးပါးတို့ချုပ် (ပျက်) စဉ်

၁။ စုတေခါနီးအခါ၌ စုတိစိတ်မှ နောက်ပြန်ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သောစိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပါ။ ထို (၁၇) ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်များသည်လည်း စုတိစိတ်၏ ဘင်ခဏ၌ (၁၇) ချက် ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့်ပြိုင်၍ ချုပ် ကြပါသည်။

၂။ စုတိစိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်သော စိတ္တဇရုပ်များသည် ကမ္မဇရုပ် ချုပ်ပြီးနောက် ခဏငယ် (၄၈) ချက်ခန့်ကြာမှ ချုပ်ပါသည်။

၃။ အာဟာရဇရုပ်များသည် စုတေပြီးနောက် ခဏငယ် ၅၀ ချက်ကြာမှ ချုပ်ကြပါသည်။

၄။ ဥတုဇရုပ်များသည် စုတေပြီး နောင်အလောင်းကောင်ဟုခေါ်ဆိုအပ်သည့် တိုင်အောင် ဝါ-ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်နေကြပါသည်။ ကမ္ဘာပျက်မှ ဥတုဇရုပ်များ ချုပ်ကြပါသည်။

### ပဉ္စဒွါရမရဏာသန္နဝီထိပုံ

ဘ ဘ ဘ ဘ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု

∘∘∘ ↑ ... ↑ ∘∘∘

နောက်ဆုံးဥပါဒ်သောကမ္မဇရုပ်

**မှတ်ချက်။** ဝီထိပုံမှာ ပြထားသည့်အတိုင်း စုတိစိတ် (သေစိတ်) သို့ မရောက်မီ ( ၁၇ ) ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏအထိသာ ကမ္မဇရုပ်များဖြစ်ကြ၏။ ဋီခဏမှစ၍နောက်ပိုင်း၌ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပါ။ အကြောင်းကား နောက်၌ ကမ္မဇရုပ်သစ်များ ဆက်လက်ဖြစ်ပေါ်နေသည်ရှိသော် စုတေမှု၊ အသက်ကုန်မှုမဖြစ်နိုင်သောကြောင့်တည်း။

ဘဝတစ်ခုအတွက် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတို့ တစ်ပြိုင်နက် အပြီးသတ်ချုပ်သည်ကိုပင် ''စုတေသည်၊ အသက်ကုန်သည်'' ဟု ဆိုကြ၏။ ထို့ကြောင့် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတများ တစ်ပြိုင်နက် ချုပ်သောအချိန်ကို သတ္တဝါများ စုတေသောအချိန်ဟုမှတ်ပါ။

## ကမ္မဇရုပ်၏ ရှေးဦးစွာဖြစ်ရာအခါ

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်၏ ရှေးဦးစွာဖြစ်ရာအခါဖြစ်ပါသည်။

## ကမ္မဇရုပ် နောက်ဆုံးဖြစ်ရာအခါ

စုတိစိတ်မှ နောက်ပြန်ရေတွက်သည်ရှိသော် ( ၁၇ ) ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်၏ နောက်ဆုံးဖြစ်ရာအခါ ဖြစ်ပါသည်။

**စိတ္တဇရုပ် ။** ရဟန္တာတို့၏ စုတိစိတ်မှတစ်ပါးသော စုတိစိတ်များသည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြ၏။ ထို့ကြောင့် စိတ္တဇရုပ်များသည် စုတိစိတ်၏ ဥပါဒ်ခဏ၌ အဆုံးသတ်ဖြစ်ကြ၏။

**အာဟာရဇရုပ်။** အာဟာရဇရုပ်များသည် စုတိစိတ်၏ ဘင်ခဏတိုင်အောင်ဖြစ်နိုင်ကြ၏။

**ဥတုဇရုပ်။** ဥတုဇရုပ်များသည် ရုပ်ကလာပ်ဆက်ကာ ဆက်ကာဖြင့် ကမ္ဘာပျက်သည်အထိဖြစ်နေကြ၏။ သို့သော်တစ်ဘဝအတွက်ပုံသဏ္ဌာန်မပျက်သေးခင် ဖြစ်နေပုံကိုပြလိုသောကြောင့် ''ယာဝမတကဠေဝရ သဉ္စိတာ

ပဝတ္တန္တိ’’ အလောင်းကောင်ဟုခေါ်ဆိုရသည့်တိုင်အောင် ဖြစ်နေကြသည်ဟု ဆိုခြင်းဖြစ်၏။

အထက်ပါ ပါဠိကိုထောက်၍ လူသေကောင်၌ ဥတုဇသုဒ္ဓဋ္ဌက ကလာပ် တစ်စည်းကိုသာ ရ၏ဟုမှတ်။

## ရူပဘုံ

## ရူပဘုံ၌ ပဋိသန္ဓေအခါရနိုင်သောရုပ်ကလာပ်

၁။ စက္ခုဒသကကလာပ်၊

၂။ သောတဒသကကလာပ်၊

၃။ ဝတ္ထုဒသကကလာပ်၊

၄။ ဇီဝိတနဝကကလာပ်၊

ဤကမ္မဇကလာပ်လေးစည်းကို ရူပဘုံ၌ ပဋိသန္ဓေအခါရနိုင်၏။

**ဆောင်**။ စက်၊ သော၊ ဟ၊ ဇီ ဤလေးလီ ဖြစ်ညီသန္ဓိမှာ။

**မှတ်ချက်**။ ရူပဘုံ၌ ဇိဝှါဒသက ကလာပ်၊ အာဟာရဇကလာပ်တို့ကို မရနိုင်သောကြောင့် ရူပပြဟ္မာများ သြဇာထမင်းစသော အစာများကို မစားကြဟုမှတ်ပါ။

ရူပဘုံ၌ ကာယဒသက ကလာပ်ကို မရခြင်းကြောင်း ရူပပြဟ္မာများ သန္တာန်၌ ကာယိကဒုက္ခ (ကိုယ်ဆင်းရဲမှု) မရှိ၊ ရူပဘုံ၌ဘာဝဒသကကလာပ်ကို မရသောကြောင့် ရူပဘုံ၌ ပြဟ္မာအမျိုးသား၊ ပြဟ္မာအမျိုးသမီးဟု ကွဲပြားမှုမရှိ။

## ရူပဘုံ၌ ပဋိသန္ဓေအခါရနိုင်သော ရုပ် ၁၅ ပါး

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ ပါး |
| ၂။ | ဇီဝိတရုပ် | ၁ ပါး |
| ၃။ | စက္ခုပသာဒ၊ သောတပသာဒ | ၂ ပါး |
| ၄။ | ဟဒယဝတ္ထုရုပ် | ၁ ပါး |

| | | |
|---|---|---|
| ၅။ | အာကာသဓါတ် | ၁ ပါး |
| ၆။ | ဥပစယ သန္တတိ | ၂ ပါး |
| | **စုစုပေါင်း** | ၁၅ ပါး |

**မှတ်ချက်။** ပဋိသန္ဓေအခါ ရသော ကမ္မဇကလာပ်လေးစည်း၌ ပါဝင်သော ရုပ် ၁၂ ပါးနှင့် အာကာသဓါတ် ဥပစယ၊ သန္တတိတို့ကို ပေါင်းထား ခြင်းဖြစ်၏။

## ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောကလာပ်

| | | |
|---|---|---|
| ၁။ | ပဋိသန္ဓေအခါ ရနိုင်သောကမ္မဇကလာပ် | ၄ စည်း |
| ၂။ | စိတ္တဇကလာပ် | ၆ စည်း |
| ၃။ | ဥတုဇကလာပ် | ၄ စည်း |
| | **ပေါင်း** | ၁၄ စည်း |

## ရူပဘုံ၌ ပဝတ္တိအခါရနိုင်သော ရုပ် ၂၃ ပါး

| | | |
|---|---|---|
| ၁။ | မဟာဘုတ် | ၄ ပါး |
| ၂။ | စက္ခုပသာဒ၊ သောတပသာဒ | ၂ ပါး |
| ၃။ | ဖောဋ္ဌဗ္ဗာရုံကြဉ်ဂေါစရရုပ် | ၄ ပါး |
| ၄။ | ဟဒယရုပ် | ၁ ပါး |
| ၅။ | ဇီဝိတရုပ် | ၁ ပါး |
| ၆။ | အာဟာရရုပ် | ၁ ပါး |
| ၇။ | ပရိစ္ဆေဒရုပ် | ၁ ပါး |
| ၈။ | ဝိကာရရုပ် | ၅ ပါး |
| ၉။ | လက္ခဏာရုပ် | ၄ ပါး |
| | **ပေါင်း** | ၂၃ ပါး |

မှတ်ချက်။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ် နှစ်ပါးတို့ကို ကြဉ်ကြွင်းသောရုပ်၂၃ ပါးဟု အကျဉ်းကောက်လိုက ကောက်ပါ။

## အသညသတ်ဘုံ

### အသညသတ်ဘုံ၌ ပဋိသန္ဓေအခါရနိုင်သောကလာပ်

ဇီဝိတနဝက ကလာပ်တစ်စည်းကိုသာရ၏။

### အသညသတ်ဘုံ၌ ပဋိသန္ဓေအခါရနိုင်သောရုပ်

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ ပါး |
| ၂။ | ဇီဝိတရုပ် | ၁ ပါး |
| ၃။ | အာကာသဓါတ် | ၁ ပါး |
| ၄။ | ဥပစယ၊ သန္တတိ | ၂ ပါး |
| | **ပေါင်း** | **၁၂ ပါး** |

### ဥတုဇသဒ္ဒကိုသာယူ

တထာသမ္ဘာနိပိစိတ္တဇရုပါနိ၌ စိတ္တဇသဒ္ဒကို သီးခြားယူလဘ်ဖြစ်သောကြောင့် အသညသတ်ပြဟ္မာများ သန္တာန်၌ မရနိုင်သော ကလာပ်တို့ကို ပြဆိုရာ၊ ''အသညသတ္တာနံ ပနစက္ခု သောတဝတ္ထု သဒ္ဒါပိနလဗ္ဘန္တိ'' ဟူသော စကားရပ်တွင် သဒ္ဒါပိ၌ သဒ္ဒအရ ဥတုဇသဒ္ဒကိုသာယူရမည်။

### အသညသတ်ဘုံ၌ ပဝတ္တိအခါရသောကလာပ်

| | | |
|---|---|---|
| ၁။ | ဇီဝိတနဝက ကလာပ် | ၁ စည်း |
| ၂။ | သုဒ္ဓဋ္ဌက ကလာပ် | ၁ စည်း |
| ၃။ | လဟုတာဒိကောဒသက | ၁ စည်း |
| | **ပေါင်း** | **၃ စည်း** |

**မှတ်ချက်။** အမှတ်စဉ် ၂၊ ၃၊ ကလာပ်စည်းတို့သည် ဥတုဇကလာပ်စည်းတို့ဖြစ်၏။

### အသညသတ်ဘုံ၌ ပဝတ္တိအခါရသောရုပ်

| | | |
|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ် | ၈ ပါး |
| ၂။ | ဇီဝိတရုပ် | ၁ ပါး |
| ၃။ | ပရိစ္ဆေဒရုပ် | ၁ ပါး |
| ၄။ | ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ | ၃ ပါး |
| ၅။ | လက္ခဏာရုပ် | ၄ ပါး |
| | **ပေါင်း** | ၁၇ ပါး |

* * * * *

## အခန်း ( ၆ )

## နိဗ္ဗာန်

လောကုတ္တရာဟု ဆိုအပ်သော မဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုထိုက်သော မဂ်, ဖိုလ်တရားများ၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါနဟုဆိုအပ်သော တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ခေါ်၏။

### နိဗ္ဗာန်သည်လောကုတ္တရာ

နိဗ္ဗာနံ ပနလောကုတ္တရ သင်္ခါတံဟူသော သင်္ဂဟပါဠိကိုထောက်၍ နိဗ္ဗာန်သည် လောကုတ္တရာတရားသာဖြစ်၏။ ထို့ကြောင့် လောကနိဗ္ဗာန်ဟူ၍မရှိ။

## နိဗ္ဗာန်ကို အရိယာများသာမျက်မှောက်ပြုနိုင်

စတုမဂ္ဂဉာဏေနသစ္ဆိ ကာတဗ္ဗံဟူသော သင်္ဂဟပါဠိကိုထောက်၍ နိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးကိုရပြီးသော အရိယာပုဂ္ဂိုလ်များသာ မျက်မှောက်ပြုနိုင်၊ မြင်နိုင်၏။ ပုထုဇဉ်လူသားများမမြင်နိုင်၊ ကလျာဏပုထုဇဉ်များအနေဖြင့် အနုမာနနည်းဖြင့် မှန်းဆ၍သာသိနိုင်၏။

မဂ္ဂဖလာနမာရမ္မဏဘူတံဟူသော သင်္ဂဟပါဠိကိုထောက်၍ နိဗ္ဗာန်သည် မဂ်ဖိုလ်တရားများ၏ အာရုံဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို မဂ်ဖိုလ်တရားများသာ ကေန်အာရုံပြုနိုင်၏။

## တဏှာကိုဝါနခေါ်ရခြင်းအကြောင်း

အပ်ချုပ်သမားသည် အဝတ်တစ်စနှင့်တစ်စကို ဆက်သွယ်စပ်ချုပ်ပေးသကဲ့သို့ တဏှာသည် ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်စပ်ပေးတတ်သောကြောင့် တဏှာကိုဝါနခေါ်၏။

## တဏှာမှလွတ်မြောက်

တဏှာ၏ အာရုံအပြုမခံရခြင်းကို ''တဏှာမှ လွတ်မြောက်သည်''ဟု ဆို၏။

## နိဗ္ဗာန်အပြား

နိဗ္ဗာန်သည် ငြိမ်းအေးခြင်း (သန္တိ) လက္ခဏာအားဖြင့် တစ်မျိုးသာရှိ၏။

ကာရဏပရိယာယ (မှတ်သားကြောင်း ပရိယာယ်)အားဖြင့် နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်မျိုးပြား၏။

အာကာရဘေဒအားဖြင့် သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟု သုံးမျိုးပြား၏။

**ဆောင်**။ သုညနိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ်သုံးနိဗ္ဗာန် ။

## သဉပါဒိသေသနိဗ္ဗာန်

ဝိပဿနာတရားအားထုတ်ခြင်းကြောင့် ယောဂီသန္တာန်၌ အရဟတ္တမဂ်စိတ် ဖြစ်ပေါ်လာရာ ယင်းအရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးကိုပယ်ပြီးသောအခါ လူ့ခန္ဓာအစဉ်၌ ကိလေသာအားလုံးချုပ်ငြိမ်းသွား၏။ သို့သော် လူဖြစ်ရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းချိန်မှစ၍ အဆက်မပြတ် အမြဲဖြစ်ပေါ်နေသော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်ဟူသော လူ့ခန္ဓာကိုယ် ဒြပ်ကြွင်းကျန်ခဲ့၏။ ထိုသို့ကိလေသာတို့ ချုပ်ငြိမ်းပြီးနောက် ကြွင်းကျန်ခဲ့သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဖြင့် မှတ်သားအပ်သော နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ခေါ်၏။

**မှတ်ချက်** ။ ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန်မစံမီ အာရုံပြုအပ်သော နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ခေါ်၏။

**ဆောင်** ။ သဉပါဒိ၊ သေသ–နိ၊ ကြွင်းရှိငါးရုပ်ခန်။

## အနုပါဒိသေသနိဗ္ဗာန်

ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံပြီးနောက် ကိလေသာတို့မှ ကြွင်းကျန်ခဲ့သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်များမရှိသော နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်ခေါ်၏။

**မှတ်ချက်** ။ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ရအပ်သော နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်ခေါ်၏။

**ဆောင်** ။ အနုပါဒိ၊ သေသနိ၊ မရှိ ငါးရုပ်ခန်။

## သုညတနိဗ္ဗာန်

နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟ၏ အာရုံပြုမှုကိုလည်း မခံရ၊ ရာဂ၊ ဒေါသ၊ မောဟတို့နှင့်လည်းမယှဉ်၊ ထို့ကြောင့် နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟနှင့်တကွ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာဟူသော သင်္ခါရအားလုံး ကင်းဆိတ်၏၊ ဆိတ်သုဉ်း၏။ ထိုသို့ကင်းဆိတ်သောကြောင့် သုညတနိဗ္ဗာန်ခေါ်၏။

## အနိမိတ္တနိဗ္ဗာန်

နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟ အမှတ်အသားမရှိ၊ အလုံးစုံသော သင်္ခါရ အမှတ်အသားမရှိ၊ ထို့ကြောင့် အနိမိတ္တနိဗ္ဗာန်ခေါ်၏။ နာမ်ခန္ဓာသည် ပုံသဏ္ဍာန်မဟုတ်သော်လည်း အတူတကွ ယှဉ်တွဲဖြစ်၏။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်စည်း အချင်းချင်းပေါင်းစုတွယ်ကပ်လျက် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖြစ်ပေါ်ရ၏။ နိဗ္ဗာန်မှာ ထိုကဲ့သို့အတူတကွ ယှဉ်တွဲဖြစ်ခြင်းနှင့် ပုံသဏ္ဍာန်မျိုး မရှိ။ ထို့ကြောင့် အနိမိတ္တနိဗ္ဗာန်ခေါ်၏။

## အပ္ပဏိဟိတနိဗ္ဗာန်

ပဏိဓိနှင့် ပဏိဟိတသဒ္ဒါသည် ပ၊ နိပုဗ္ဗဓါ ဓါတ်ချည်းဖြစ်၍ အာရုံတစ်ခုခု၌ ရှေးရှုထားခြင်းအနက် တောင့်တခြင်းအနက်ကိုဟော၏။ နိဗ္ဗာန်မှာ ထိုသို့အာရုံ တစ်ခုခု၌ ရှေးရှုထားတတ်သော ရာဂ၊ ဒေါသ၊ မောဟတရားလည်း မရှိ၊ အာရုံ၌ တောင့်တတတ်သော တဏှာလည်းမရှိ၊ ထို့ကြောင့် အပ္ပဏိဟိတ နိဗ္ဗာန်ခေါ်၏။

## နိဗ္ဗာန်ဂုဏ်အရည်အသွေးများ

နိဗ္ဗာန်မှာ –

၁။ အစ္စုတ = စုတေရွေ့လျောသေရခြင်းမရှိခြင်း။

၂။ အစ္စန္တ = စုတိဟုဆိုအပ်သော အဆုံးအပိုင်းအခြားကို လွန်ပြီးဖြစ်ခြင်း။

၃။ အသင်္ခတ = နိဗ္ဗာန်ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးတို့ ပေါင်းစု၍ မပြုပြင်အပ်၊ မပြုပြင်နိုင်ခြင်း။

၄။ အနုတ္တရ = မိမိထက်သာလွန် မြင့်မြတ်သောတရားမရှိခြင်း။

၅။ ပဒ = နိဗ္ဗာန်သည် ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ်ထင်ရှားရှိသော ဓါတ်တစ်မျိုးဖြစ်ခြင်း။

## ''လေ့ကျင့်ခန်း''

၁။ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့ကို အဘိဓမ္မာအမြင်ဖြင့် တိတိကျကျ ခွဲခြားသတ်မှတ်ပြ၍ ယောနိလေးမျိုးကိုလည်း ဖော်ပြခဲ့ပါ။

၂။ ချွေးသေကောင်၌ ဖြစ်ပေါ်နေသော လောက်ကောင်၊ လိပ်သတ္တဝါများသည် အဘယ်ယောနိ၌ ပါဝင်ပါသနည်း။

၃။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ မဖြစ်နိုင်သော ရုပ်တို့ကိုဖော်ပြ၍ လိပ်သတ္တဝါ၏ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကိုရေးခဲ့ပါ။

၄။ လူ၏သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်တို့ကို ဖော်ပြ၍ အဘယ်ကို ကလလရေကြည်ခေါ်ပါသနည်း။

၅။ ကမ္မဇရုပ် စတင်ဖြစ်ပေါ်ချိန်နှင့် နောက်ဆုံးဖြစ်ချိန်ကို တိကျစွာရေး၍ လူ့ခန္ဓာကိုယ်၌ ရုပ်တရားများဖြစ်နေပုံကို ဥပမာသွင်းလျက် ရှင်းလင်းရေးသားခဲ့ပါ။

၆။ ပဝတ္တိအခါ နပုန်းပဏ္ဍုက်သန္တာန်၌ ရနိုင်သောရုပ်တို့ကို အပေါင်းမျှသာ သိသာရုံဖော်ပြ၍ ကမ္မဇရုပ်သစ်များ အဘယ်အချိန်ကစပြီး မဖြစ်တော့ပါသနည်း။

၇။ ရူပဗြဟ္မာများသန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်စည်း တို့ကို ဖော်ပြ၍ အသညသတ်ဗြဟ္မာများသန္တာန်၌ ပဝတ္တိအခါရသောရုပ်တို့ကို ရေးခဲ့ပါ။

၈။ နိဗ္ဗာန်၏ အဓိပ္ပါယ်ကိုရေး၍ သဉပါဒိသေသနိဗ္ဗာန်နှင့် သုညတနိဗ္ဗာန် တို့၏ အဓိပ္ပါယ်ကိုရေးခဲ့ပါ။

# အစိုးရအဘိဓမ္မာစာမေးပွဲ

## မေးခွန်းများ

## ၁၃၆၂ ခုနှစ် မေးခွန်း

၁။ မေးခွန်းလွှာကို ကြည့်ရှုနေသော စာဖြေသူ၏သန္တာန်၌ဖြစ်သော စိတ်အစဉ်ကိုဖော်ပြ၍ ပဥ္စဒွါရ၌ဖြစ်ခွင့်ရှိသော ဝီထိလေးမျိုးကိုလည်း ဆိုင်ရာဝါရနှင့်တွဲစပ်ဖော်ပြပါ။

၂။ ရဟန္တာအရှင်မြတ်များ၌ဖြစ်ခွင့်ရှိသော ဥပစာရသမာဓိဇော၊ အပ္ပနာသမာဓိဇောများကိုဖော်ပြ၍၊ မဟာကြိယာဉာဏသမ္ပယုတ်ဇော လေးခုနောင်ဖြစ်ခွင့်ရှိသော တဒါရုံစိတ်ကိုလည်း ဝေဒနာအားလျော်စွာဖော်ပြပါ။

၃။ အပ္ပနာဇောနောင်တဒါရုံဖြစ်ခွင့်ရှိ/မရှိ အကြောင်းပြဆုံးဖြတ်ပြီးလျှင် နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သော ဇော၊ ထိုသမာပတ်မှထရာအခါ၌ဖြစ်သောဇောများကို ဖြစ်ရာအကြိမ်နှင့်တကွ ဖော်ပြပါ။

၄။ ကြောင်တစ်ကောင်၏ သန္တာန်၌ရနိုင်သော ဝီထိစိတ်တို့ကို ဖော်ပြ၍ အရူပပြဟ္မာ၌ ရယ်ရွှင်မှုရှိ/မရှိကိုလည်း ရှင်းပြပါ။

၅။(က) အရိယာသာရသော ဘုံ(ခ) ပုထုဇဉ်သာရသောဘုံ (ဂ) နှစ်ပါးစုံရသောဘုံတို့ကို ဖော်ပြ၍၊ သက်တမ်းမပြည့်သူများကိုလည်း မပြည့်ရခြင်းအကြောင်းရင်းနှင့်ဖြေပါ။

၆။(က) လောဘကြောင့်ဖြစ်သော ဒုစရိုက် (ခ) ဒေါသကြောင့်ဖြစ်သော ဒုစရိုက် (ဂ) နှစ်ပါးစုံကြောင့်ဖြစ်သော ဒုစရိုက်တို့ကို ဖော်ပြ၍ ''ထာဝရဘုရားဖန်ဆင်းမှုကြောင့် သတ္တဝါများဖြစ်လာရသည်'' ဟူသောဝါဒကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေဆိုပါ။

၇။ လူသေလူသာဖြစ်ဟူသော ဝါဒမှန်မမှန် ခိုင်လုံသောအကြောင်းပြဖြင့် ဆုံးဖြတ်ဖြေဆိုပါ။

၈။ ရုပ်အတုနှင့် ရုပ်အစစ်ကိုခွဲခြားဖော်ပြပြီးလျှင်၊ ခွဲခြား၍မရကောင်းသော ရုပ်တို့ကိုလည်း ဖော်ပြပါ။

၉။ မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သော ရုပ်တို့ကို အကြောင်းပြ ဖော်ပြပြီးလျှင် ရုပ်သံသရာစက်လှည့်နေပုံကိုလည်း ဖော်ပြပါ။

၁၀။ အသညသတ်ဘုံ၌ (က) ပဋိသန္ဓေအခါရသောရုပ်၊ (ခ) ပဝတ္တိအခါ ရသောရုပ်တို့ကို ဖော်ပြခဲ့ပါ။

* * * * *

## ၁၃၅၉ ခုနှစ်မေးခွန်း

၁။ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုတိုက်ဆိုင်မိကြရာ၌

(က) မည်သည့်အခါ၌ ထင်ခြင်းသို့ရောက်ပါသနည်း။

(ခ) မည်မျှအသက်ရှည်ကြပါသနည်း။

(ဂ) မည်သည့်အခါ ချုပ်ပါသနည်း၊ သင်္ဂဟနှင့်အညီဖြေပါ။

၂။ ဓမ္မကထိကတရားဟော ဆရာတော်၏ တရားသံကိုကြားနာနေသော ဗုဒ္ဓဘာသာတစ်ဦး၏ သန္တာန်၌ဖြစ်ပေါ်နေသောစိတ်တို့၏ ဖြစ်စဉ်ကို ဖော်ပြပါ။

၃။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုအမည်ရသော စိတ်တို့ကိုဖော်ပြ၍ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇော နောင် –

(က) ဖြစ်သင့်သောစိတ်

(ခ) ထိုစိတ်အမည်

(ဂ) ထိုစိတ်အာရုံတို့ကို ဖော်ပြပါ။

၄။ တဒါရုံကျနိုင်သောအင်္ဂါတို့ကို ဖော်ပြပြီး ဘုရားရှင်၏ တန်ခိုးပြာဋိဟာကိုပြရာအခါ၌ အဘယ်ဇောများ အကြိမ်မည်မျှစောကြသည်ကိုလည်း ရေးခဲ့ပါ။

၅။ သတ္တဝါတို့၏ ကံတရားအရ အမှန်တကယ်တည်ရှိနေသော (၃၁) ဘုံကို အကျဉ်းချုပ်ရေတွက်ပြ၍ (က) ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်များ မရနိုင်သောဘုံ (ခ) အရိယာပုဂ္ဂိုလ်များမရနိုင်သောဘုံ (ဂ) အရိယာပုထုဇဉ်နှစ်မျိုးလုံး မရနိုင်သောဘုံတို့ကို ခွဲခြားဖြေဆိုပါ။

၆။ ကမ္မဒွါရ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံသုံးမျိုးကို ရေးသား၍ ထိုကံတို့၏အကြောင်းတရားနှင့် အကျိုးပေးရာဘုံတို့ကို ပဋိသန္ဓေ ပဝတ္တိအားဖြင့် ပြည့်စုံစွာဖော်ပြပါ။

၇။ ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြုရဟန်းခံစသည်ကို ပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံသည် မည်သည့်ဘဝ၌ မည်သည့်အကျိုးဝိပါက်ကို ရရှိစေနိုင်ပါသနည်း။

၈။ အနိပ္ဖန္နရုပ်တို့၏ အခြားရနိုင်သောအမည်တို့ကို ရေး၍၊
(က) ဇာတိရုပ် (ခ) အကြောင်းတရားလေးပါးကြောင့်ဖြစ်သောရုပ် (ဂ) အကြောင်းတရားလေးပါးကြောင့် မဖြစ်သောရုပ်တို့ကို ဖော်ပြပါ။

၉။ ဂဗ္ဘသေယျကလူသတ္တဝါများ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ရနိုင်သောရုပ်ကလာပ်တို့ကိုရေး၍ အသည်းသတ်ကြဉ် ရူပ (၁၅) ဘုံ၌ ရုပ်ဖြစ်ကြောင်းတရားများနှင့် ရုပ်တရားတို့ကို သင်္ဂဟနှင့်အညီဖြေပါ။

၁၀။ ပဋိသန္ဓေအခါ မရနိုင်သောရုပ်တို့ကိုရေး၍ အဘယ်တရားကို အဘယ်ကြောင့် နိဗ္ဗာန်ခေါ်သနည်း။ သင်္ဂဟအလိုကျဖြေပါ။

# တန်ဖိုးထားရမှန်း သိကြရဲ့လား?

- ချစ်သား, ချစ်သမီးတို့ - အချစ်ကြောင့် လူမှာ စိုးရိမ်ပူဆွေးရမှု သောကဖြစ်ရ၏။ အချစ်ကြောင့်ပင်ဘေးရန်အန္တရာယ်များလည်း ဖြစ်ပေါ်ကျရောက်ရ၏။
- ဗုဒ္ဓက "မနုဿတ္တဘာဝေါ ဒုလ္လဘော - လူ့ဘဝဟာရခဲတဲ့ဘဝ, တန်ဖိုးရှိတဲ့ဘဝဖြစ်တယ်" လို့ ဟောပြောတော်မူခဲ့ပါတယ်။
- နတ်ချမ်းသာဟာ လူ့ချမ်းသာထက် အဆင့်မြင့်ပါတယ်၊ သို့သော် နတ်ဘဝကို လူ့ဘဝကိုလောက်တန်ဖိုးထားပြီး မဟောခဲ့ပါဘူး။
- လူ့ဘဝကို တန်ဖိုးထားခြင်းကြောင့် လူ့ဘဝလုံခြုံရေးအတွက် လူတိုင်းငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲအောင်ကျင့်သုံးရန် ဟောပြောတော်မူခဲ့ပါတယ်။
- လောကီပညာရှင်များကလည်း လူ့ဂုဏ်သိက္ခာကျဆင်းအောင် တမင်ကြံဆလျက် ပြောဆိုရေးသားရင်အသရေဖျက်မှုဖြင့် တရားစွဲဆိုနိုင်စေရန် ဥပဒေပုဒ်မ "၅၀၀" ကို ပြဋ္ဌာန်းလျက် လူ့ဘဝ, လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားကာကွယ်ခဲ့ကြပါတယ်။
- ဗုဒ္ဓနဲ့ လောကီပညာရှင်များက လူ့ဘဝကို ဒီလိုတန်ဖိုးထား ကာကွယ်ခဲ့ကြသော်လည်း ခေတ်ကမ္ဘာလူသားများဟာ မိမိဘဝ, မိမိဂုဏ်သိက္ခာကို တန်ဖိုးထားရမှန်း သိကြပါရဲ့လား။
- မိမိကိုယ်ကို တန်ဖိုးမထားရင် သူတစ်ပါးကလည်း တန်ဖိုးထားမှာမဟုတ်ဘူး။
- ခေတ်လူသားများဟာ အချစ်ရေးကိုဦးစားပေးလျက် ပတ်ဝန်းကျင်ကိုဂရုမစိုက်ဘဲ တိရစ္ဆာန်များလို အချစ်ကိစ္စမှာပွင့်လင်းစွာ ပြုမူဆက်ဆံ လာကြတာတွေ့ရပါတယ်။

  တိရစ္ဆာန်အပြုအမူကို အားကျလာရင် လူ့ဘဝဟာလည်း တိရစ္ဆာန်ဘဝလိုပဲ လုံခြုံမှု ကင်းမဲ့လာပြီး လူ့တန်ဖိုး ကျလာမယ်ဆိုတာသတိပြုမိကြရဲ့လား။
- သန္ဓေတားဆေးသုံးစွဲမှု၊ ကလေးများ လမ်းဘေးမှာ စွန့်ပစ်ခံရမှု၊ မိဘမေတ္တာရိပ်အောက်မှာ နွေးနွေးထွေးထွေးမနေရဘဲ လေလွင့်လူငယ်ဘဝသို့ ကျရောက်ရမှု၊ မိန်းကလေးများ မရောက်သင့်တဲ့နေရာသို့ရောက်လျက် ဘဝပျက်စီးနေရမှု၊ ကမ္ဘာမှာ အေအိုင်ဒီအက်စ်ရောဂါကြောင့် လူအများအပြား သေဆုံးနေရမှု စသည်များဟာ လူ့တန်ဖိုးကျလာပုံကို ဖော်ပြနေတဲ့ကိစ္စရပ် များဖြစ်ပါတယ်။ ယင်းကမ္ဘာ့ဖြစ်ရပ်ဆိုးများဟာ "အချစ်ကြောင့် စိုးရိမ်ပူဆွေးမှု သောကဖြစ်ရတယ်၊ အချစ်ကြောင့် ဘေးအန္တရာယ်များဖြစ်ပေါ်ကျရောက်ရတယ်" ဆိုတဲ့ ဗုဒ္ဓစကားတော်မှန်ကန်ကြောင်း သက်သေထူပြနေခြင်းဖြစ်ပါတယ်။
- အချစ်ရေးကိစ္စဟာ လူ့ဘဝအတွက် အရေးပါတဲ့ကိစ္စမဟုတ်ပါဘူး ၊ ကိုယ်ကျင့်တရား ၊ ကိုယ်ချင်းစာ တရား ၊ သစ္စာတရား ၊ မေတ္တာတရား၊ ကရုဏာတရားစတဲ့ တရားများသာ လူ့ဘဝအတွက် မရှိမဖြစ်လွန်စွာအရေးပါလှတဲ့ တရားတော်များဖြစ်ပါတယ်။
- မြန်မာလူမျိုးများဟာ ကလေးဘဝမှစ၍ ဗုဒ္ဓဘာသာစာကိုသင်ယူခဲ့ကြပြီး ဆရာဘုန်းတော်ကြီးရဲ့ ဆုံးမသြဝါဒအောက်မှာကြီးပြင်းလာခဲ့ကြတဲ့အတွက် စိတ်ဓာတ်ယဉ်ကျေးခြင်းကြောင့် အချစ်ကိစ္စကို ယုတ်ညံ့တဲ့ကိစ္စအဖြစ် သဘောထားနိုင်ခဲ့ကြပါတယ်။ ဒါ့ကြောင့် မြန်မာလူမျိုးများဟာ အချစ်ရေးကိုဦးစားပေးတဲ့ လူမျိုးမဟုတ်ပါဘူး၊ သိုသိုသိပ်သိပ် နေတတ်တဲ့လူမျိုးပါ။
- မြန်မာနိုင်ငံလူမျိုးခြားလက်ထဲကျရောက်၍ ဗုဒ္ဓတရားတော်ကို သင်ယူခွင့်မရချိန်မှစပြီး မြန်မာများ အသိတရားပြောင်းလဲလာခြင်းကြောင့် လူမျိုးခြားအပြုအမူများ ကူးစက်လာသဖြင့် အချစ်ရေးကို ဦးစားပေးလာခဲ့ကြပါတယ်။ ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာတရား၊ သစ္စာတရား၊ မေတ္တာ၊ ကရုဏာတရား ထားရှိနိုင်ဖို့အတွက် လူမှာအသိဉာဏ်ရှိဖို့လိုအပ်ပါတယ်၊ ယင်းမှန်ကန်တဲ့အသိဉာဏ်မျိုးကို ဗုဒ္ဓအဘိဓမ္မာ၌သာ ရနိုင်တဲ့အတွက် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင့်ကြပါတယ်။

Printer - KaungMon (☎ 286816)